ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဗြဟ္မဝိဟာရ
# တရားတော်

သာသနာ-၂၅၂၁ ကောဇာ-၁၃၃၉

၁၁၂၉

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဗြဟ္မဝိဟာရတရားတော်

မော်လမြိုင်မြို့၊ သာသနာ့ရိပ်သာ
သတိပဋ္ဌာန်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့
သာသနာပြုရံပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်

သာသနာ-၂၅၂၁ ကောဇာ-၁၃၃၉ ခရစ်-၁၉၇၇

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၀၀၉၅)

ပဉ္စမ အကြိမ်

အုပ်ရေ-၂၀၀၀

၁၉၇၇-ခု၊ စက်တဘ်ာလ၊

မျက်နှာဖုံး-ချင်းတွင်း

ဓမ္မဒါန

ထုတ်ဝေသူ။ ။ဦးသန်းမြင့် ကင်းလွတ်ခွင့်အမှတ် (၀၄၀၂၈) တိုက်အမှတ် ၇၊ အခန်းအမှတ် ၁၅။ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ-ဘီ၊ ဝေဇယန္တာ လမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။



ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

၁၃၃၈-ခု၊ ဝါခေါင်လတွင် ရိုက်ကူးသည်။

# လက်ဦးရှုဖွယ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**အားလုံးချမ်းသာရေး**

မည်သူမဆို ချမ်းသာချင်ကြသည်ချည်းမဟုတ်ပါလော။

မည်သူမဆို ချမ်းသာရေးအလုပ်ကို လုပ်သင့်သည်ချည်း မဟုတ်ပါလော။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားသည့် ယင်းချမ်းသာရေး အလုပ်ကို ညွှန်ပြပါဟုဆိုလျှင် မေတ္တာဘာဝနာအလုပ်စသည်ကို ပင် ညွှန်ပြရပေမည်၊ အဘယ်ကြောင့်ဆိုသော် ယင်းမေတ္တာဘာ ဝနာအလုပ် စသည်နှင့်အညီ လူတွေအားလုံး နှလုံးသွင်း အား ထုတ်နေကြပါမူ လူ့လောကကြီးတခုလုံး ညီညွတ်လျက် ချမ်း သာနေကြမည် ဖြစ်သောကြောင့်ပင်။

သို့ဖြစ်၍ မေတ္တာစသော ဗြဟ္မဝိဟာရ တရားတော်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက မြတ်စွာဘုရား ရှင်၏ အလိုတော်ကျ ဖွင့်ပြဟောကြားလျက် ဖြန့်ချိစေတော်မူ သည်မှာ လူအားလုံး သတ္တဝါအားလုံးအတွက် ချမ်းသာရေး ဖြစ်သည်ဟု ဆိုလျှင် မှားယွင်းဖွယ်မရှိပေ။

## ဤတရားတော်၏ ဂုဏ်ပုဒ်များ

ဤတရားတော်မှ ဂုဏ်ပုဒ်အချို့ကို ဖော်ပြရမည်ဆိုလျှင် ဤတရားတော်စာအုပ်(နှာ ၆)၌ မေတ္တာစသည်ကို ဣရိယာပုထ် ၄-ပါးလုံး၌ပင် ပွားများနိုင်ကြောင်း မေတ္တသုတ်ပါဠိဂါထာနှင့်တကွ ဖော်ပြထားသည်မှာ အားရနှစ်သက်ဖွယ်ကောင်းလှပါပေသည်။ ထို့ပြင် ဝိပဿနာကိုလည်း ဣရိယာပုထ် ၄-ပါးလုံး၌ပင် ပွားများနိုင်ကြောင်း မဟာသတိပဋ္ဌာနသုတ်ပါဠိတော်အရ ဖော်ပြ ထားသည်မှာလည်း အလွန်ပင် အားရနှစ်သက်ဖွယ်ကောင်းလှပါပေသည်။ (နှာ ၆-၇)

## ဤစာရေးသူ၏ ကိုယ်တွေ့

၁၃၁၆-ခုနှစ်လောက်က ဤစာရေးသူသည် မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ မစိုးရိမ်ကျောင်းတိုက်တွင် ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနဓဇသိရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဋ္ဌမကျော် အရှင်နာရဒါဘိဝံသဆရာတော် အုပ်ချုပ်စောင့်ရှောက်နေသည့် မာဂဓနေယျပဒေသကျောင်း၌ ပညာသင်ယူနေသော စာသင်သားအဖြစ်ဖြင့် ရှိနေခဲ့ပါသည်၊ ထိုစဉ်အခါက တရားအားထုတ်တော်မူကြသည့် ဆရာတော်ဘုရားကြီးများ၏အကြောင်းကို ကြားရသောကြောင့် မိမိမှာ တရားအားထုတ်လိုသည့် စိတ်ဆန္ဒများဖြစ်ပွားခဲ့ပါသည်၊ ထိုစဉ်က စာသင်သားဘဝမှာ အညောင်းအကိုက်များလှသောကြောင့် ကြာရှည်စွာထိုင်လျက် တရားအားထုတ်နိုင်မည် မထင်

ခဲ့ပါ၊ ထို့ကြောင့် အာနာပါနကို ထိုင်ယင်းပင် နိုင်နင်းအောင် အားထုတ်ပြီးလျှင် ယင်းအာနာပါနကိုပင် စကြံသွားယင်းလဲ အားထုတ်မည်ဟု ကြံစည်စိတ်ကူးခဲ့ဖူးပါသည်။

၁၃၁၈-ခုနှစ် သီတင်းကျွတ်လ၌ မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရိပ်သာခေါ် ရတနာပုံသာသနာ့ရိပ်သာမှာ ဝိပဿနာ တရားအလုပ်ကို အားထုတ်ခွင့်ရခဲ့ပါသည်၊ ထိုစဉ်အခါက ယင်း ရိပ်သာတွင် နာယကဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားကြီးဖြစ်ပါသည်၊တရားပြသည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များမှာ (ယခုအခါ ဇာတိအရပ် တောင်တွင်းမြို့နယ် ကုက္ကိုခွရွာ၌ သီတင်းသုံးလျက်ရှိသော) ဦးဣန္ဒြိယနှင့် (ယခု ချင်းတွင်းမြစ်နှုးမောင်းခမ်းရိပ်သာ၌ သီတင်းသုံးလျက်ရှိသော) မောင်းခမ်းဆရာတော် ဦးပုညဝရ အရှင်မြတ်များ ဖြစ်ကြပါ သည်။

ထိုစဉ်အခါက ကမ္မဋ္ဌာနာစရိယ ဆရာတော်များက လျောင်း ထိုင် ရပ် သွား ဣရိယာပုထ် လေးပါးလုံးမှာပင် ရှုမှတ်အားထုတ် ရန် ညွှန်ကြားတော်မူကြသည့်အတွက် တရားအားထုတ် ရသည် မှာ ညောင်းညာပင်ပန်းခြင်းမရှိပဲ အလွန်ပင် အဆင်ပြေလျက် ရှိခဲ့ပါသည်၊ ထို့ကြောင့် "အာနာပါနကိုပင် စင်္ကြံသွားယင်းလဲ အားထုတ်မည်" ဟု ကြံစည်ရည်ရွယ်ချက်ကိုလည်း တခါတည်း ပယ်ဖျက်ပြီးလျှင် "အခြားနည်းသို့ ပြောင်းလဲစရာမလို၊ ဤ သတိပဋ္ဌာန် နည်းအတိုင်းသာ အားထုတ်သွားတော့မည်" ဟု ဆုံးဖြတ်ချက်ချမိပါတော့သည်။

ထို့နောက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဘုရားကြီး၏ ခြေတော်ရင်း၌ ၁၃၂၃-ခုနှစ်က ၆-လ၊ ၁၃၂၇-ခုနှစ်က ၃-လ အားထုတ်ခွင့် ရခဲ့ပါသည်။

ရဟန်းတော်တိုင်းပင် နှုတ်တက်ရနေပြီး နေ့စဉ် ရွတ်ဆိုနေရသည့် ဘုရားစကားတော်ကို သတိမမူမိကြသည်က များလှချေသည်၊ ယင်း သတိမမူမိသူများထဲတွင် ဤစာရေးသူလည်း အပါအဝင်တဦး ဖြစ်ပါသည်။ဗြဟ္မဝိဟာရတရားတော်(နှာ ၁၇၄)၌ "တိဋ္ဌံ စရံ နိသိန္နော ဝ" စသော ဗုဒ္ဓမြတ်စွာဘုရား၏ ဩဝါဒစကားတော်ကို တွေ့ရသဖြင့် ယင်း ဩဝါဒစကားတော်နှင့်အညီ တရားအားထုတ်ကြသော ယောဂီများ၏ အဆင်ပြေပုံ အကျိုးများပုံကို ကိုယ်တွေ့အားဖြင့် ထင်ရှားသိမြင်ရပါတော့သည်။

## ပါဠိရွတ်ပုံစသည်ကို ရှင်းပြချက်

ဗြဟ္မဝိဟာရ-ပုဒ်၌ ဗြဟ္မသဒ္ဒါကို အက္ခရာတိုင်း အသံပေါ်အောင် ရွတ်ဆိုပုံနှင့် မြန်မာအများ နားလည်အောင် ရွတ်ဆိုပုံများကို ရှင်းပြပြီးလျှင် ကိုယ်တော်တိုင်ကမူ အများနားလည်အောင် ရွတ်ဖတ်လေ့ရှိကြောင်း ပြဆိုထားသည်ကို အများကနှစ်သက်သဘောကျမည်မှာ သေချာပါသည်။ (နှာ ၁-၂)

တင်ပလ္လင်ခွေ ထိုင်ပုံများကို ခွဲခြားရှင်းလင်းပြထားသည်မှာလည်း မှတ်သားဖွယ် ကောင်းလှပါပေသည်။ (နှာ ၅)

ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားနေတဲ့ သူဟာ ကိုယ်ဖြင့် နှုတ်ဖြင့်လဲ သူတပါးအား ချမ်းသာအောင် ပြုလုပ်ဆောင်ရွက်သင့်ကြောင်း စသည်ကို ပြဆိုချက်များဟာလဲ နှစ်သက်ဖွယ်ကောင်းလှပါပေသည်။ (နှာ ၁၉)

"သုခီ အတ္တာနံ ပရိဟရန္တု=ချမ်းသာနှင့် ပြည့်စုံလျက် (ဝါ ချမ်းသာစွာ) မိမိခန္ဓာကိုယ်ကိုရွက်ဆောင်နိုင်ကြပါစေ" စသော မြန်မာဘာသာပြန်နှင့် ရှင်းလင်းချက်ကို ဖတ်ရသောအခါ နိုင်ငံကျော်စာရေးဆရာကြီးဦးသုခ၏ဆောင်းပါးအဆုံး၌တွေ့ရသော "သုခီ အတ္တာနံ ပရိဟရန္တု" ဟူသော မေတ္တာပို့ ပါဠိ ဝါကျကလေးကို ပြေး၍ သတိရမိပါတော့သည်။ (၂၂)

နှာ(၃၀) တွင် အမှတ် (၉) နှင့် (၁၀)တို့အရ မေတ္တာပွါးရာဝယ် အောက်အရပ်၌ အရိယာ ပုဂ္ဂိုလ်များ နတ်များ လူများ အထက်အရပ်၌ လူများ အပါယ်သတ္တဝါများ ဘယ်လို ရှိသင့်သနည်း စသည်ဖြင့် ဖြစ်နိုင်သော သံသယအချက်အလက်များကို ရှင်းလင်းပြထားချက်မှာလည်း အားရ ကျေနပ်ဖွယ် ရှိပါပေသည်။ (၃၀)မှတ်ချက်။

## မေတ္တာအကျိုး ဖော်ပြချက်

အလှူခံရဟန်းတော်များက မေတ္တာပွားလျှင် ယင်း ရဟန်းတော်များရော အလှူ့ရှင် ဒကာ ဒကာမများရော အကျိုးများပုံကို ထုတ်ဖော်ပြထားသည်မှာ အလှူခံ ရဟန်းတော်များရော၊ အလှူ့ရှင် ဒကာ ဒကာမများပါ အားရစရာ ကောင်းလှပါပေ

သည်၊ ယင်း အချက်ကို ဟောပြောမှု နည်းပါးသောကြောင့် အများအားဖြင့် ကြားနာခွင့် မရပဲ ရှိနေကြပါသည်။ ထိုပြင် အရှင်သုဘူတိစတ္ထုဖြင့် ထပ်လောင်းရှုပြထားသောကြောင့် သာ၍ပင် ကြည်ညိုဘွယ် ကောင်းလှပါပေသည်။ (၃၁-၄)

သေခါနီးဆဲဆဲ၌ မနုဿနိ ဈာန်ရသွားပုံတို့ကို ဖော်ပြထားသည်မှာ မေတ္တာစသည်ကို ပွားများအားထုတ်ကြရန် အလွန်ပင် စိတ်အားတက်ကြွစေနိုင်ဘွယ် ရှိပါပေသည်။ (၃၅-၉)

## သဒ္ဒါတရားဖြစ်ဖွယ်

မောင်ပုဏ္ဏ ထွန်ထားသည့် မြေကွက်ဘခုလုံး ရွှေတွေ ဖြစ်နေပုံကို ယခုခေတ်လူများ ယုံနိုင်ရန် အတွက် ရှေးခေတ်က မမြှော်လင့်ခဲ့သော ယခုခေတ် စက်ပစ္စည်း ဓါတ်ပစ္စည်းများနှင့် နှိုင်းယှဉ်၍ကြည့်သင့်ကြောင့် ပြထားသည်မှာ သင့်လျော် လှပါပေသည်။ (၅၀-၅၁)

## မေတ္တာနှင့် ဝိပဿနာ ယှဉ်တွဲ ပွားပုံ

ဈာန်ရသူ ဖြစ်စေ၊ မရသူဖြစ်စေ၊ မေတ္တာနှင့် ဝိပဿနာကို ယှဉ်တွဲ၍ ပွားနိုင်ကြောင်း ရှင်းလင်း ဖော်ပြထားသည်မှာလည်း ဈာန်မရသူတို့အတွက် အားတက်ဖွယ် ကောင်းလှ ပါပေသည်။ (၅၉)

သမာဓိ၏ အန္တရာယ်ကို မဖြစ်စေတတ်သော အခြားယောဂီများ အနီး၌ရှိနေသော်လည်း ထိုသို့သောဌာနကို သုညာဂါရ၌ အတွင်းသွင်း၍ ပြဆိုထားသည်မှာလည်း သီးသန့်နေရာ မရနိုင်သော ယခုခေတ် ယောဂီများအတွက် အားရ ကျေနပ်ဖွယ် ကောင်းလှပါပေသည်။ (၆၄)

မေတ္တာ လုံးဝမပွားသင့်သည့် လိင်ကွဲသူ၌သော်လည်းကုသိုလ်ဖြစ်ရုံ အကြိမ်အနည်းငယ်မျှ မေတ္တာပို့ခြင်းကိုတော့ တားမြစ်ဖွယ်မရှိကြောင်း ပြဆိုချက်မှာ ရသင့်သည့်အခွင့်အရေးကို ထုတ်ပြခြင်းဖြစ်၍ ချီးကျူးဖွယ် ကောင်းလှပါပေသည်။(၆၇)

### ကရဏီယ - စသော မေတ္တာသုတ် ဖွင့်ပြချက်များ

ကရဏီယ မတ္ထကုသလေန။ပ။ သက္ကော- ဟူသော ပါဠိ၌ အနက်အဓိပ္ပါယ် ဖွင့်ပြထားသည်မှာ ရှင်းလင်း ပေါ်လွင်လှပါပေသည်။ ထိုတွင် သိက္ခာသုံးပါးကို ကျင့်နိုင်ရန်အတွက် သဒ္ဓါနှင့် ဝီရိယပြည့်စုံဖို့လိုကြောင်း ခွဲပြထားသည်မှာလည်း အလွန်ပင် အားရကျေနပ်ဖွယ် ကောင်းလှပါပေသည်။(၁၁၁-၅)

ဥဇုနှင့် သုဟုဇု အရကို ရှင်းပြယင်းသြဝါဒပေးပုံမှာ အခြားအရသာနှင့် မရောပဲ ကောင်းနေသည့် သကြား ကဲ့သို့ပင် ကောင်းလှပါပေသည်၊ ဥဇု သုဟုဇု ဖြစ်ခြင်း၏ အကျိုးကို ဆက်လက် ပြထားပုံမှာလည်း တရားအားထုတ်ဆဲ ယောဂီများရော၊ အားထုတ်ရန် ကြံစည်နေသည့် ယောဂီ လောင်းလျာများပါ ကြည်ညိုစရာ၊ လိုက်နာ၍ ကျင့်သုံးစရာ ကောင်းလှပါပေသည်။ (၁၁၆-၇)

သန္တုသကော အရ ဆွမ်းပစ္စည်း၌ ရောင့်ရဲလွယ်ပုံနှင့် စပ်၍ ပိဏ္ဍိယာလောပဘောဇဉ် ဆိုတဲ့ ဆွမ်းခံ၍ရသောဆွမ်းဖြင့် ရောင့်ရဲသင့်ပုံကိုဖော်ပြယင်း ထိုသို့မရောင့်ရဲသဖြင့် ခွက်လက်ဆွဲကာ ငွေအလှူခံနေသူများကို တွေ့ရကြောင်း ထုတ်ဖော် ပြထားသည်မှာ ဗုဒ္ဓသာသနာတော်၌ ကြည်ညိုဖွယ် ဂုဏ်မပျက်ရအောင် စွမ်းဆောင်နိုင်သော သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ထိုသို့သော သာသနာ့ဂုဏ် ဖျက်သူများကို ပယ်ရှား၍ ဗုဒ္ဓ သာသနာတော်ကို စောင့်ရှောက်ရန် အထူးသတိပြုဖွယ် ဖြစ်ပါပေသည်။ (၁၂၄)

ပုတိမုတ္တ-သဒ္ဒါဖြင့် ရသင့်သောအနက်ကို ဖွင့်ပြထားရာတွင် ပါဠိ ပညာရှင်များအတွက် စိစစ်ဝေဖန် ပြထားသည်မှာလည်း အထူးသတိပြုဖွယ် ဖြစ်ပါပေသည်။ (၁၂၆)

ခရီးရှည်သွားလျှင် အပ်နှင့်အပ်ချည် ယူဆောင်သွားသင့်ပုံကို ကိုယ်တွေ့ အကြောင်းအရာနှင့်တကွ ဖော်ပြထား၏၊ ယင်းသို့ ဖော်ပြချက်ကို ဖတ်ရှုရသဖြင့် ဆရာတော်ဘုရားကြီး၏ ကိုယ့်ဝန် ကိုယ်ထမ်းစိတ်ဓာတ်ကို လေးစားကြည်ညိုကာ အတုယူစရာ ကောင်းသည်ဟု ထင်မြင်မိပါသည်။ (၁၃၁-၂)

ထို့ပြင် ယူဇနာဝက် ခရီးရှည်သွားလျှင် ရေစစ် ပါစေရမည် ဟူသော ဝိနည်းသိက္ခာပုဒ်အရ ယခုနေအခါ ၆-မိုင်ခွဲခန့်၊ သို့မဟုတ် ၄-မိုင်ခွဲခန့်ခရီးကို သွားလျှင် ရေစစ်ကို ယူဆောင်သွားသင့်ကြောင်း ဖော်ပြထားသည်မှာလည်း မှတ်သားဖွယ် သတိပြုဖွယ် ကောင်းလှပါပေသည်။ (၁၃၃)

ထို့ပြင် ကိုယ်တော်တိုင်တရားရှာထွက်စဉ်က ထီး ဘိနပ်တောင် မပါပဲ အလွန် ပေါ့ပါးစွာသွားခဲ့ပုံကို ဖော်ပြ ထားသည်မှာ လည်း ကြည်ညိုဖွယ် အတုယူဖွယ် ကောင်းလှပါပေသည်။ (၁၃၄)

နိပကော-ပုဒ်မှ ရင့်ကျက်သော ပညာအရကို ဝိသုဒ္ဓိမဂ်မှ ယူ၍ပြထားသည်မှာလည်း သဘာဝကျ၍ မှတ်သားဖွယ်ကောင်း လှပါပေသည်။ (၁၃၆)

ကုလေသွနနုဂိဒ္ဓေါ - ပုဒ်၏ အနက်ကို ဖွင့်ပြ ထားသည်မှာ ရှင်းလင်းလှပါပေသည်၊ ရဟန်းတော်များရော, ဒကာ ဒကာမ များပါ ထိုဖွင့်ပြချက်အတိုင်း လိုက်နာ၍ ကျင့်သုံးသင့်ပါသည်။ ထိုဖွင့်ပြချက် ကောင်းလှသောကြောင့် သာ၍ ပေါ်လွင်စေရန် ဤစာရေးသူက အောက်ပါအတိုင်း သီတံ ဆောင်ပုဒ်များဖြင့် ထပ်မံ၍ တန်ဆာဆင်လိုက်ရပေသည်။

၁။ (ဂါဟ-ဂါဟက) ဒကာ ဆရာ၊ ညီညာညာ၊ ပြိုင်ကာ ဖမ်းကြသည်။

၂။ (ဂါဟ-မုတ္တက) ဒကာကသာ၊ ဖမ်းယူပါ၊ ဆရာလွှတ် လေသည်။

၃။ (မုတ္တ-ဂါဟက) ဆရာကသာ၊ ဖမ်းယူပါ၊ ဒကာ လွှတ်ပေသည်။

၄။ (မုတ္တ-မုတ္တက) ဒကာ ဆရာ၊ ညီညာညာ၊ ပြိုင်ကာ လွှတ်ကြသည်။

(မ-ဋ္ဌ ၂၊ ၅၂၊ အရဖြစ်သည်) (၁၄၂-၆)

နနိကုဗ္ဗေထ-အရ ဘာသာရေးဖြင့် လှည့်စားသည်လည်း ရှိကြောင်း ဖော်ပြပြီးလျှင် ယင်းဘာသာရေးဖြင့် အလှည့်စား မခံရစေရန် အထူးသတိပေးထားပေသည်၊ ထိုသတိပေးချက်ကို ထောက်ဆကြည့်လျှင် ဆရာတော်ဘုရားကြီး၏ မေတ္တာကရုဏာကို ထင်ရှားသိရပေသည်။ (၁၆၀-၄)

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ-အရ အတ္တဒိဋ္ဌိမဝယ်ပုံကို သုတမယ ဉာဏ်ဖြင့်ရင်း၊ မေတ္တာစျာန်ကို ရှုသိသော ဝိပဿနာဖြင့်ရင်း၊ သာမန် မေတ္တာစိတ်ကို ရှုသိသော ဝိပဿနာစိတ်ဖြင့်ရင်း၊ အရိယမဂ်ဖြင့်ရင်း ခွဲခြားဝေဖန်၍ ဖော်ပြထားသည်မှာ အလွန်ပင် အားရနှစ်သက်ဖွယ် ကောင်းလှပါပေသည်။ (၁၇၀-၁၀၃)

အရိယမဂ်ဉာဏ်ဖြစ်ပုံအထိ ဝိပဿနာဉာဏ်များ အဆင့်ဆင့်ဖြစ်ပုံကို ဖော်ပြထားသည်မှာ တရားအားထုတ်ဖူးသူတိုင်း မိမိမှာ ဖြစ်ဖူး သိဖူးသော ဉာဏ်ဖြစ်ပုံများနှင့် တိုက်ဆိုင်ကြည့်ရန် ကောင်းလှပါပေသည်။ (၁၀၁—၃)

မေတ္တာစေတောဝိမုတ္တိခေါ် အပ္ပနာစျာန်အဆင့်သို့ မရောက်သေးသော်လည်း သာမန်မေတ္တာဖြင့် ရနိုင်သော အကျိုးအာနိသင်များကို ဖော်ပြထားသည်မှာ မေတ္တာပွါးနေသူတို့အတွက် အားတက်ဖွယ် ဖြစ်ပါပေသည်။ (၁၉၄၊ ကြောင်း ၉)

ဦးဘထူး၏ မေတ္တာဓာတ်ကြောင့် ခွေးဆိုးတွေကတောင် မေတ္တာအတုန့်ပြန်ကြကြောင်းကို ဖော်ပြထားခြင်းဖြင့် ဤတရားတော်ကို နာသူ ရှုကြည့်သူတို့မှာ မေတ္တာပွါးရန် စိတ်အားသန်ကြဖွယ် ရှိပါပေသည်။ (၁၉၉)

## အရေးမကြီးသော အကြောင်းဖြင့် အချိန်မကုန်စေ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် မေတ္တာ၏ အကျိုးအာနိသင်ကို ပြရာတွင် လိုရင်းမဟုတ်သော မာဂဏ္ဍီ၏ ဂုံးတိုက်ပုံ အကြောင်းအရာ တခုကို ချန်ထားခဲ့ပေသည်။ ၎င်းမှာ အောက်ပါအတိုင်းပင်။

မာဂဏ္ဍီမိဖုရား၏ ကောက်ကျစ်သော စီမံချက်အရ ဖြင့် ကြက်ရှစ်ကောင်ကို ကိုယ်တိုင်သတ်ပြီး ချက်ပေးရန် ဥတေနဘုရင်က သာမာဝတီတို့ထံ ပို့စေလိုက်၏၊ သာမာဝတီတို့က "ငါတို့ဟာ သူ့အသက် မသတ်ကြပါ"ဟု ငြင်းပယ်လိုက်သောအခါ ထိုကြက်အရှင် ရှစ်ကောင်ကို ဥတေနဘုရင့်ထံသို့ ပြန်ယူသွား၏၊ ယင်းကြက်အရှင်များကိုပင် ဂေါတမဘုရားအတွက် သတ်ပြီး ချက်ပေးရန် သာမာဝတီတို့ထံသို့ ပြန်ပို့စေလိုက်ပြန်၏၊ ထိုအခါ မာဂဏ္ဍီက ယင်းကြက်အရှင်များကို ဖယ်ရှားပြီး ကြက်သေရှစ်ကောင်ကို ပို့စေလိုက်၏၊ သာမာဝတီတို့က ကြက်သေများဖြစ်သောကြောင့် "ယူခဲ့ပါ၊ ဒါဟာ ငါတို့ရဲ့ အလုပ်ပဲ"ဟု ကြိုဆိုကာ လက်ခံကြ၏၊ ထိုအကြောင်းအရာကို ပြ၍ မာဂဏ္ဍီက ဥတေနဘုရင်အား ဂုံးတိုက်စကား ပြောကြားလေသည်။ သို့သော် ဥတေနဘုရင်ကမူ အမျက်မထွက်ပဲ သည်းခံလျက် ဆိတ်ဆိတ်သာ နေပါသတဲ့။ (ဓမ္မပဒ-ဋ္ဌ ၁၊ ၁၃၇)

အထက်ပါ အကြောင်းအရာထဲ၌ သာမာဝတီတို့က ကြက်ကို မသတ်ခြင်းနှင့် စပ်၍ သောတာပန်၏ဂုဏ်ကို ဖော်ပြနိုင်ပါသည်၊ သို့သော် မေတ္တာ၏ အကျိုးအာနိသင် မဟုတ်သောကြောင့် ရှည်လျားသော ယင်းအကြောင်းအရာကို အချိန်မကုန်စေရန် ဆရာတော်ဘုရားကြီးက ချန်ထားခဲ့သည်ဟု ဆိုပါသည်။

သောတာပန် သကဒါဂါမ်များ သုဒ္ဓါဝါသ၌ မဖြစ်နိုင်ကြောင်းကို မပြပဲရှိရာ၌ စောဒနာသွင်း၍ ရှင်းလင်းပြဆိုထားသည်မှာ ကြည်ညိုဖွယ် အံ့သြဖွယ် ဖြစ်ပါပေသည်။ (၂၃၃)

တပည့် သာဝကတို့နှင့် မဆိုင်ပဲ ဘုရားရှင်တို့နှင့်သာ ဆိုင်သော အသာဓာရဏဉာဏ်တော် ၆-ပါးကို သရုပ်အားဖြင့် ဖော်ပြထားသည်မှာ သုတအလိုရှိသူတို့အတွက် မှတ်သားဖွယ် ဖြစ်ပါပေသည်။ (၂၆၃)

ကိုရင်ဘဝတုန်းက အသတ်ခံရမည့် နွားများအပေါ်၌ ကရုဏာသက်၍ အမဲသားမစားတော့ပဲ ကြဉ်ရှောင်ခဲ့ပုံကို ဖော်ပြထားသည်မှာလည်း အတုယူ၍ ကျင့်ဖွယ်ကောင်းလှပါပေသည်။ (၂၇၂)

ကိုယ်ပိုင်ဥစ္စာမရှိပုံကို အသောကမင်းကြီးဝတ္ထုဖြင့် ပြရာ၌ မြန်မာတို့ အသိများသည့် ဝိသုဒ္ဓိမဂ်မျှဖြင့်သာ မဟုတ်ပဲ မြန်မာတို့ အလွန်အသိနည်းသည့် ဒိဗျာဝဒါနကျမ်းမှလည်းထုတ်ဆောင်၍ ပြထားသည်ကိုဖတ်ရှုရသောသူများမှာ ချက်ခြင်းပင် သံဝေဂဖြစ်ပွား၍ တရားအားထုတ်လိုသော စိတ်အကြံဖြစ်လောက်ပါပေသည်။ (၂၀၂-၄)

ဖြပ္ပဝိဟာရ တရားတော်ကို မူလဟောစဉ်က ဝိသာခမထေရ်၏ ဝတ္ထုကို ဟောပြီးနောက် အရှင် အဿဂုတ္တမထေရ်ဝတ္ထုကိုလည်း ဆက်လက်ဟောတော်မူခဲ့ပေသည်၊ သို့သော် စာမူချော၊ စိစစ်ပြုစုသောအခါ ကျမ်းမကျယ်စေလိုသောကြောင့်ယင်းဝတ္ထုကိုချန်ထားသည်ဟုသိရပါသည်။ ၎င်းမှာအောက်ပါအတိုင်းပင်။

## အရှင်အဿဂုတ္တမထေရ်ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက သကုလုဒါယီခေါ် ပရိဗိုဇ် (ပရဗိုက်) ရသေ့ဆရာကြီးတဦး ထင်ရှားရှိခဲ့၏၊ ယင်းရသေ့ကြီးသည်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ် နှစ်ရာလောက်ဆီက ပါဋလိပုတ်ပြည်မှာ အမျိုးသားတဦးဖြစ်လာ၏၊ ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုပြီး တရားကျင့်၍ ရဟန္တာဖြစ်တော်မူသည်၊ အရှင် အဿဂုတ္တဟု ခေါ်ကြသည်။ ယင်းမထေရ်သည် မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းတို့ထဲမှာ အထူးမြတ်ဆုံးဖြစ်ပေသည်၊ ယင်းမထေရ်၏ မေတ္တာစွမ်းရည်ကြောင့် တိရစ္ဆာန်များပင် မေတ္တာစိတ်ကို ရကြပါသတဲ့။ (အချင်းချင်း မြတ်နိုးကြသည်ဟု ဆိုလိုပါသည်)

ထိုအရှင် အဿဂုတ္တမထေရ်သည် ဇမ္ဗူဒိပ် တကျွန်းလုံး၌ရှိသော ရဟန်း သံဃာတော်များ၏ ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့် ဝိဋ္ဋ၂ တောင်တောအရပ်တွင် ဝတ္တနိကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏၊ ယူဇနာ ၃၀ (မိုင် ၂၄၀-ခန့်)ရှိသော ဝိဋ္ဋ၂ တောအုပ်သည် ယောဂီတို့၏ တရားအားထုတ်ရာ ကမ္မဋ္ဌာန်း

ကျောင်းချင်း ဆက်စပ်လျက် ပြည့်နေသည်၊ အရှင် အဿဂုတ္တ မထေရ်သည် စမ္မခဏ်ခေါ် သားရေအခင်းကို ကောင်းကင်၌ ခင်းတော်မူပြီး ထိုအခင်းပေါ်တွင် ထိုင်တော်မူလျက် ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူသည်။ (အားတက်ပြီး အတုယူကျင့်စေလိုသောကြောင့် ယင်းသို့ တန်ခိုးပြလျက် ဟောတော်မူဟန်တူပါသည်)။

ကာလရှည်ကြာ နောင်အခါ၌မူ ဆွမ်းခံတောင် မကြွတော့ပဲ ကျောင်းတိုက်အတွင်း၌သာ သီတင်းသုံးတော်မူလျက် ကမ္မဋ္ဌာန်းပြနေတော်မူလေသည်၊ စေတနာရှင် လူအများကလည်း ကျောင်းသို့သာလျှင် သွား၍ လှူဒါန်းကြသည်၊ ဓမ္မာသောကမင်းကြီးကယင်း မထေရ်၏ ဂုဏ်သတင်းကိုကြားရ၍ ဖူးမြင်လိုသောကြောင့် သုံးကြိမ်တိုင်တိုင် (တမန်တော်ဖြင့်) ပင့်လျှောက်လေသည်၊ သို့သော် အရှင် အဿဂုတ္တ မထေရ်သည်ကား တပည့်တို့အား ဩဝါဒပေးနေရ၍ မအားလပ်ကြောင်း မိန့်ကြားတော်မူကာ တကြိမ်တခါမျှ ကြွတော်မူခြင်း မရှိခဲ့ပါချေ။ (မ-ဋ္ဌ ၃၊ ၁၃၀) (တပည့်တို့ကိုင်ငဲ့သော ကမ္မဋ္ဌာန်း ဆရာများ အတုယူဖွယ်ပင်)

## စိစစ်ပြဆိုပုံ အထူးများ

မာ ဝိဂစ္ဆန္တုံ-ဟူသော မုဒိတာ ပွါးပုံကို ဝိသုဒ္ဓိမဂ်၌ တိုက်ရိုက် ပြမထားသော်လည်း အခြားနေရာ၌ ပြထားသော နပရိဟာယိဿန္တိ- ဟူသောပါဠိနှင့် နှိုးနှော၍ သင့်မြတ်ကြောင်း စိစစ်ရှင်းလင်းပြထားသည်မှာ ပါဠိပညာရှင်များ အားရနှစ်သက်ဖွယ် ကောင်းလှပါပေသည်။ (၃၂၅)

အယူမှားကို ကြောက်စရာ ကောင်းကြောင်း ပြထားသည်မှာလည်း သံဝေဂဖြစ်ဖွယ် ကောင်းလှပါပေသည်။ (၃၅၃)

ဥပေက္ခာပွားစေရာ၌ ကမ္မဿကာဟု နှလုံးသွင်းပုံ ပေါ်လွင်စေရန် စူဠကမ္မဝိဘင်္ဂသုတ် ထုတ်ဆောင် ပြထားသည်မှာလည်း အဆင်ပြေလှပါပေသည်။ (၃၅၈-စသည်)

ကုသိုလ်ကို မေးမြန်း လေ့လာ သင့်ရာ၌ ဘာဝနာကုသိုလ်ကို မေးမြန်းလေ့လာသင့်ကြောင်း၊ ထိုတွင်လည်း ဝိပဿနာကုသိုလ်ကို မေးမြန်းလေ့လာရန် သာ၍ အရေးကြီးကြောင်း စသည်ကို ဝေဖန် ဖော်ပြထားသည်မှာလည်း အလွန်ပင် လေးနက်လှပါပေသည်။ (၃၉၉)

ဗြဟ္မဝိဟာရတရားတော် ကျမ်းစာ၏ဂုဏ်တွေကို ဆက်လက် ဖော်ပြနေလျှင် ဤ လက်ဦးရှုဖွယ်သည် အလွန် ကျယ်သွားပေလိမ့်မည်၊ သို့ဖြစ်၍ ဤမျှဖြင့်ရပ်တန့်ပြီး ဤကျမ်းစာဖြစ်လာပုံကို ဖော်ပြယင်း နိဂုံးချုပ်ပါတော့မည်။

## ဤတရားတော်ကျမ်းစာ ဖြစ်ပေါ်လာပုံ

ဤ ဗြဟ္မဝိဟာရတရားတော်ကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး၌ ၁၃၂၇-ခုနှစ် ဝါဆိုလပြည့်နေ့မှ စ၍ သီတင်းနေ့များတွင် ၁၆-ကြိမ်တိုင်တိုင် ဟောကြားတော်မူခဲ့ပေ

သည်၊ တန်ဆောင်မုန်းလကွယ်နေ့မှာ နိဂုံးအရောက် ပြီးမြောက်ခဲ့ပေသည်။

ထိုသို့ဟောစဉ်မှာ တခါန်က ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ အတွင်းရေးမှူး ဖြစ်ခဲ့၍၊ ယခုအခါ အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်သော ဦးသိန်းအောင်က တိပ်ရကော်ဒါဖြင့် အသံဖမ်းယူထားခဲ့၏၊ ယင်းတရားသံကို တိပ်ခွေမှထုတ်၍ လက်ရေးဖြင့်ရင်း၊ လက်နှိပ်စက်ဖြင့်ရင်း ရေးကူးရိုက်နှိပ်၍ ကျမ်းစာမူကြမ်းအဖြစ် ပြုစုခဲ့ပြီးနောက်၊ ယင်းစာမူကြမ်းကို အခွင့်သာသောအခါ စိစစ်၍ မူချောအဖြစ် ပြုပြင်ပေးရန် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးထံ၌ အပ်နှံထားခဲ့၏။

သို့သော်လည်း ထိုအချိန်အခါကာလများက ဓမ္မစကြာတရားတော်ကြီးစသည်တို့ကို စိစစ်ပြုပြင်နေရဆဲဖြစ်၍ အခွင့်မသာသောကြောင့် ယင်းစာမူကြမ်းကို မစိစစ်မပြုပြင်နိုင်ပဲ ရှိနေခဲ့ပါသည်။ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် ၁၃၃၈-ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၂-ရက်နေ့ကမှစ၍ အခွင့်သာသောအခါတိုင်း ယင်းစာမူကြမ်းကို စိစစ်ပြုပြင်တော်မူခဲ့ပါသည်၊ တပို့တွဲလဆန်း ၆-ရက်နေ့မှာ စိစစ်ပြုပြင်၍ပြီးကြောင်း သိရပါသည်။

၁၃၃၈-ခုနှစ် ပြာသို လပြည့်ကျော် ၇-ရက်နေ့၌ ဤစာရေးသူအား လက်ဦးရှုဖွယ်=နိဒါန်းရေးရန် မိန့်ကြားတော်မူပြီးလျှင် စိစစ်ပြီးသမျှ စာမူချောကို အပ်နှင်းတော်မူလိုက်ပါသည်။

လက်နှိပ်စက်ဖြင့် ၇-မျက်နှာခန့်သာ ရိုက်နှိပ်ရန် လိုတော့သည် ဟူ၍လည်း မိန့်ကြားတော်မူလိုက်ပါသေးသည်။ ယင်း မိန့်ကြား တော်မူချက်အရ လက်ဦးရှုဖွယ်မခေါ် ဤနိဒါန်းကို ရေးသား၍ ဆရာတော်ဘုရားကြီးထံ ဆက်သလိုက်ရပါသည်။ ဤဗြဟ္မဝိဟာရ တရားတော်ကိုဖတ်ရှုကြပြီးလျှင် သူတော်စင်အများ ဝမ်းမြောက် ကြမည့်အရေးကို မြှော်တွေးကာကြည်နူးလျက် လက်ဦးရှုဖွယ်= နိဒါန်းကို နိဂုံးချုပ်လိုက်ပါသည်။

ကျန်းမာ-ချမ်းသာကြပါစေ

ဦးကုဏ္ဍလ
အဘိဓမ္မ ပါဠိပါရဂူ
နာယက, ကမ္မဋ္ဌာနာစရိယ
မဟာစည် သာသနာ့ရိပ်သာ
တာငါးဆယ်ရပ်
ဟင်္သာတမြို့။

၁၃၃၈-ခုနှစ်
တပေါင်းလဆန်း ၂-ရက်။
၁၈-၂-၁၉၇၇။

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# မာလုကျပုတ္တသုတ်တရားတော်

မကြာမီ ထွက်ပါမည်

# မာတိကာ

အကြောင်းအရာ ... စာမျက်နှာ

ပဌမပိုင်း ၁-မှ ၆၂


တရားပလ္လင်ခံ .... ၁
မေတ္တာစသည်၏အနက်ကို စိစစ်ပြချက် .... ၃
ရှေးဦးစွာ အသင့်ပြစ်ပုံ ပရိကမ် .... ၄
တင်ပလ္လင်ခွေထိုင်ပုံ .... ၅
ဣရိယာပုထ် ၄-ပါးလုံး အားထုတ်နိုင်ကြောင်း .... ၆
အကျိုးအဖြစ်ဆင်ခြင်ရမယ် .... ၇
ဒေါသ၏ အပြစ် .... ၈
သည်းခံခြင်း၏အကျိုး .... ၁၂
မေတ္တာပွားပုံ .... ၁၇
၅၂၈-သွယ်မေတ္တာပွားပုံ .... ၂၀
အချင်သုဘူတိ၏ မေတ္တာပွားပုံ .... ၃၄
မနုဿာနိန္နင့် မေတ္တာစျာန် .... ၃၅
မေတ္တာ၏အကျိုး ၁၁-ပါး .... ၄၀
ဝိသာခမထေရ်ဝတ္ထု .... ၄၄
ဥတ္တရာဝတ္ထု .... ၅၀
မေတ္တာနှင့် ဝိပဿနာတွဲ၍ ပွားပုံ .... ၅၈
နိဂုံးချုပ် တရားသိမ်းပတ္တနာ .... ၆၂

အကြောင်းအရာ　　　စာမျက်နှာ

## ဒုတိယပိုင်း ၆၃-မှ ၁၀၂


တရားအနုသန္ဓေ .... ၆၃
ချမ်းသာစွာ ထိုင်ပုံ .... ၆၃
မေတ္တာစ၍ မပွားသင့်တဲ့ ပုဂ္ဂိုလ်များ .... ၆၅
မေတ္တာလုံးလုံး မပွားသင့်တဲ့ပုဂ္ဂိုလ်များ .... ၆၆
ရှေးဦးစွာ စ၍ မေတ္တာပွားသင့်တဲ့ပုဂ္ဂိုလ် .... ၆၈
အချစ်ဆုံးပုဂ္ဂိုလ်ပြသည့်ဂါထာ .... ၆၉
ဈာန်ရပုံ .... ၇၁
အမျက်ဒေါသ ပြေငြိမ်းအောင် ဆင်ခြင်ပုံများ .... ၇၄
ဂါထာ ၁၀-ပုဒ်အရ ဆင်ခြင်ပုံ .... ၇၇
ကံသာကိုယ်ပိုင်ဥစ္စာရှိကြောင်းဆင်ခြင်၍ ငြိမ်းစေပုံ .... ၈၁
ဘုရားအလောင်း အကျင့်ဂုဏ်ဆင်ခြင်၍ ငြိမ်းစေပုံ.... ၈၂
ခန္တိဝါဒီရသေ့ကြီး သည်းခံပုံ .... ၈၃
ဓမ္မပါလသူငယ်ဝတ္ထု .... ၈၈
ဆင် မျောက် နဂါးတို့၏ သည်းခံပုံ .... ၉၁
အရှင်ပုဏ္ဏ၏ နှလုံးသွင်း သည်းခံပုံ .... ၉၂
ဓာတ်ခွဲဆင်ခြင်၍ ဒေါသငြိမ်းစေပုံ .... ၉၅
အပေးအယူဖြင့် ငြိမ်းစေပုံ .... ၉၇
အဒန္တဒမန်-ဂါထာ .... ၉၈
သီမာသမ္ဘေဒဖြစ်ပုံ .... ၉၈
မေတ္တာဈာန်သို့ ရောက်ပုံ .... ၁၀၀
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ .... ၁၀၂

အကြောင်းအရာ စာမျက်နှာ

## တတိယပိုင်း ၁၀၃-မှ ၁၈၉


| | |
|---|---|
| တရားအနုသန္ဓေ .... | ၁၀၃ |
| အလှူဒါနကိုလဲ အကျိုးကြီးစေတယ် .... | ၁၀၃ |
| မေတ္တာသုတ်၏ အချီးဂါထာ .... | ၁၀၄ |
| ရဟန်းငါးရာအား နတ်တွေက ချောက်သည် .... | ၁၀၆ |
| နတ်တွေမချောက်နိုင်အောင် မေတ္တာသုတ် ဟောတော်မူသည် .... | ၁၀၈ |
| ရွှတ်ရုံမျှဖြင့် မပြည့်စုံ၊ အားထုတ်ဘို့လဲ လိုသည် .... | ၁၁၀ |
| မေတ္တာသုတ်ပရိတ်တော် .... | ၁၁၁ |
| (၁) ကျင့်ရန် စွမ်းနိုင်ရမယ် .... | ၁၁၂ |
| (၂-၃) ဖြောင့်မတ်ရမယ် .... | ၁၁၆ |
| (၄) ဆုံးမလွယ်ရမယ် .... | ၁၁၈ |
| (၅) နူးညံ့ရမယ် .... | ၁၂၀ |
| (၆) မာန်မထောင်လွှားရ .... | ၁၂၀ |
| (၇) ရောင့်ရဲလွယ်ရမယ် .... | ၁၂၃ |
| (၈) မွေးမြူပြုစုလွယ်ရမယ် .... | ၁၂၉ |
| (၉) ကိစ္စနည်းရမယ် .... | ၁၃၀ |
| (၁၀) နေထိုင်သွားလာ ပေါ့ပါးရမယ် .... | ၁၃၁ |
| သပိတ်နှင့် ရေစစ်လဲ ပါသင့်ကြောင်း .... | ၁၃၂ |
| ကိုယ်တိုင်ပေါ့ပါးခဲ့ပုံ .... | ၁၃၄ |
| (၁၁) ဣန္ဒြေငြိမ်သက်ရမယ် .... | ၁၃၅ |
| (၁၂) ဆင်ခြင်ဉာဏ် ရင့်ကျက်ရမယ် .... | ၁၃၆ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သပ္ပါယ (၇) ပါး | .... | ၁၃၇ |
| သာတ္ထကသမ္ပဇဉ် | .... | ၁၃၇ |
| သပ္ပါယသမ္ပဇဉ် | .... | ၁၃၉ |
| (၁၃) ကြမ်းတမ်းရိုင်းပြခြင်း ကင်းရမယ် | .... | ၁၃၉ |
| (၁၄) ဒကာ ဒကာမတို့၌ တွယ်တာမှုကင်းရမယ် | .... | ၁၄၂ |
| (၁၅) အခြေခံ နောက်ဆုံးကျင့်ဝတ် | .... | ၁၄၆ |
| သာမန်မေတ္တာပွါးပုံ | .... | ၁၄၈ |
| ၂-ပိုင်း ၃-ပိုင်းခွဲ၍ မေတ္တာပွါးပုံ | .... | ၁၅၀ |
| ၂-ပိုင်းခွဲ၍ မေတ္တာပွါးပုံ | .... | ၁၅၂ |
| ၃-ပိုင်းခွဲ၍ မေတ္တာပွါးပုံ | .... | ၁၅၂ |
| တဖန် ၂-ပိုင်း ခွဲခြား၍ မေတ္တာပွါးပုံ ၃-နည်း | .... | ၁၅၆ |
| အကျိုးမဲ့ဆင်းရဲများကင်းစေရန် မေတ္တာပွါးပုံများ | .... | ၁၆၀ |
| ဘာသာရေးဆိုင်ရာ လှည့်စားမှုတွေ | .... | ၁၆၁ |
| မေတ္တာအစစ်ပွါးပုံ ဥပမာ | .... | ၁၆၇ |
| အတိုင်းမသိ ကျယ်ပြန့်စွာပွါးပုံ | .... | ၁၇၀ |
| ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ-ဂါထာ | .... | ၁၇၂ |
| မေတ္တာပွားရမည့် အနေအထိုင်နှင့် အချိန်ကာလ | .... | ၁၇၄ |
| ဝိဟာရ-နေခြင်း ၄-မျိုး | .... | ၁၇၅ |
| အပ္ပမညာနှင့် ဗြဟ္မစိုရ် | .... | ၁၇၆ |
| ဒိဋ္ဌိပယ်၍ ဂဗ္ဘသေယျကင်းအောင် ကျင့်ရန် | .... | ၁၇၇ |
| အတ္တဒိဋ္ဌိပယ်နိုင်အောင် အားထုတ်ပုံ | .... | ၁၈၁ |
| ဂဗ္ဘသေယျကင်းအောင် ကျင့်ပုံ | .... | ၁၈၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဂုံးချုပ် တရားသိမ်း ပတ္ထနာ | .... | ၁၇၉ |

**စတုတ္ထပိုင်း ၁၈၀-မှ ၂၄၂**

| | | |
|---|---|---|
| တရားအနုသန္ဓေ | .... | ၁၈၀ |
| ဒုတိယ မေတ္တာသုတ် | .... | ၁၈၀ |
| ရောဇမလ္လဝတ္ထု | .... | ၁၈၆ |
| ဦးဘထူး၏ မေတ္တာ | .... | ၁၈၉ |
| မြှားမမှန်တဲ့ သာမာဝတီဝတ္ထု | .... | ၂၀၀ |
| သီဟဗာဟု ဝတ္ထု | .... | ၂၁၅ |
| သုဝဏ္ဏသာမ ဝတ္ထု | .... | ၂၁၇ |
| ဒုတိယ မေတ္တာသုတ် ဝိပဿနာရှုပုံ စသည် | .... | ၂၂၀ |
| အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာ | .... | ၂၂၂ |
| ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာ | .... | ၂၂၇ |
| အနတ္တ, အနတ္တလက္ခဏာ, အနတ္တာနုပဿနာ | .... | ၂၂၉ |
| ဒုတိယ မေတ္တာသုတ်အဆက် | .... | ၂၃၂ |
| ပဉ္စမ မေတ္တာသုတ်(အံ-ပ၊၄၄၃) | .... | ၂၃၄ |
| မေတ္တာပွားယင်း ဝိပဿနာရှုရန် | .... | ၂၄၁ |
| နိဂုံးချုပ်တရားသိမ်း ပတ္ထနာ | .... | ၂၄၂ |

**ပဉ္စမပိုင်း ၂၄၃-မှ ၂၈၂**

| | | |
|---|---|---|
| တရားအနုသန္ဓေ | .... | ၂၄၃ |
| ကရုဏာဆိုတာ ဘာလဲ | .... | ၂၄၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘုရားအလောင်းတော်၏ ကရုဏာ | .... | ၂၄၆ |
| မြတ်စွာဘုရား၏ မဟာကရုဏာတော် | .... | ၂၄၉ |
| ကရုဏာ စပြီး ပွားသင့်တဲ့ပုဂ္ဂိုလ် | .... | ၂၅၁ |
| သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု-အရ ကရုဏာပွားပုံ | .... | ၂၅၇ |
| ကရုဏာ ၁၃၂-ပါး ပွားပုံ | .... | ၂၅၈ |
| မဟာကရုဏာ သမာပတ္တိဉာဏ်တော်ဖြစ်ပုံ | .... | ၂၆၃ |
| မပြတ်ကြောင့်ကြ စိုက်နေကြရတာလဲ သနားစရာပဲ | .... | ၂၆၅ |
| အို-နာ-သေသို့ ဆောင်ပို့ခံနေကြရတာလဲ သနားစရာပဲ | .... | ၂၇၀ |
| ရှင်သာမဏေဘ၀က ဖြစ်ခဲ့တဲ့ ကရုဏာ | .... | ၂၇၂ |
| တကယ် အားကိုးစရာ မရှိကြတာလဲ သနားစရာပဲ | .... | ၂၇၆ |
| ဗုဒ္ဓဘုရားကလဲ ဟောရုံသာ စွမ်းနိုင်တယ် | .... | ၂၇၉ |
| အားလုံး စွန့်သွားကြရတာလဲ သနားစရာပဲ | .... | ၂၈၁ |
| သိရိဓမ္မာသောကမင်းကြီး ၀တ္ထု | .... | ၂၈၂ |
| တဏှာ၏ ကျွန်ခံနေကြရတာလဲ သနားစရာပဲ | .... | ၂၈၆ |
| နိဂုံးချုပ် တရားသိမ်း ပတ္ထနာ | .... | ၂၉၂ |


## ဆဋ္ဌမပိုင်း ၂၉၃-မှ ၃၃၈


| | | |
|---|---|---|
| တရားအနုသန္ဓေ | .... | ၂၉၃ |
| သတ္တ၀ါတွေ မြှားစူးနေတယ် | .... | ၂၉၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တရားရှုမှတ်၍ မြှားဖြောင့်ကင်းပုံ | .... | ၂၉၈ |
| တဏှာပိုက်ထဲ မိနေတယ်၊ တဏှာရေကြော မျောနေတယ် | .... | ၃၀၇ |
| ဒိဋ္ဌိပိုက်ထဲ မိနေတယ်၊ ဒိဋ္ဌိရေကြော မျောနေတယ် | .... | ၃၀၉ |
| မီးလောင်ခံနေကြရသည် | .... | ၃၁၄ |
| မုဒိတာပွားစေပုံ | .... | ၃၂၃ |
| နိဂုံးချုပ် တရားသိမ်း ပတ္ထနာ | .... | ၃၃၈ |

သတ္တမပိုင်း ၃၃၉-မှ ၄၁၄

| | | |
|---|---|---|
| တရားအနုသန္ဓေ | .... | ၃၃၉ |
| ဥပေက္ခာဆိုတာ ဘာလဲ | .... | ၃၃၉ |
| သူများအကျိုး လျစ်လျူရှုတာ မကောင်းတဲ့ သဘော မဟုတ်လား | .... | ၃၄၀ |
| အပြစ်နှင့်အကျိုး ဆင်ခြင်ပုံ | .... | ၃၄၂ |
| ဥပေက္ခာ၏ နီးသောအကြောင်း | .... | ၃၄၃ |
| စူဠကမ္မဝိဘင်္ဂသုတ် | .... | ၃၄၆ |
| သုဘလုလင်၏ မေးလျှောက်ချက်များ | .... | ၃၅၈ |
| မြတ်စွာဘုရားရှင်၏ အဖြေဘော် | .... | ၃၅၉ |
| အသက်တိုခြင်း,အသက်ရှည်ခြင်း၏ အကြောင်းကံ | .... | ၃၆၅ |
| အနာများခြင်း, ကျန်းမာခြင်း၏ အကြောင်းကံ | .... | ၃၇၁ |
| ပူတိဂတ္တတိဿမထေရ် ဝတ္ထု | .... | ၃၇၂ |

# မာတိကာ

**အကြောင်းအရာ** — **စာမျက်နှာ**


အရုပ်ဆိုးခြင်း, အဆင်းလှခြင်း၏ အကြောင်းကံ .... ၃၇၇
အခြွေအရံ နဲခြင်း, များခြင်း၏ အကြောင်းကံ .... ၃၇၈
ဆင်းရဲနွမ်းပါးခြင်း, ပေါများကြွယ်ဝခြင်း၏
အကြောင်းကံ .... ၃၇၉
အာနန္ဒသေဋ္ဌေးကြီး ဝတ္ထု .... ၃၈၁
အမျိုးယုတ်, အမျိုးမြတ်ဖြစ်ခြင်း၏ အကြောင်းကံ .... ၃၈၆
ဥပေက္ခာ ၁၃၂-ပါး ပွားပုံ .... ၃၈၉
အသိဉာဏ်နည်းခြင်းနှင့် ကြီးခြင်းအကြောင်းကံ .... ၃၉၃
မမှီဝဲသင့်-မပွားသင့်တဲ့ အကုသိုလ် .... ၃၉၈
မှီဝဲသင့်-ပွားသင့်တဲ့ကုသိုလ် .... ၃၉၃
ဝိပဿနာကုသိုလ်ဖြစ်အောင် အားထုတ်ပုံ .... ၄၀၁
မြင်ဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ .... ၄၀၃
ကြားဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ .... ၄၀၆
နံဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ .... ၄၀၇
စားဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ .... ၄၀၈
ထိဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ .... ၄၀၉
ကြံသိဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ .... ၄၁၄
မှီဝဲသင့် ပွားသင့်တဲ့ ကုသိုလ်အဆက် .... ၄၁၇
ယခုမျက်မှောက်ကံအရ ဖော်ပြချက် .... ၄၁၈
ကံနှင့် ကံ၏အကျိုး ဝေဖန်ချက်နိဂုံးချုပ် .... ၄၂၀
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ .... ၄၂၄

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
## ဟောကြား ပြုစုတော်မူသော ကျမ်းစာများ


| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၁။ | ဝိပဿနာလမ်းညွှန်ကျမ်း | (၁၃၀၀) |
| ၂။ | ဝိပဿနာရှုနည်းကျမ်း(ပဌမ) | (၁၃၀၆) |
| ၃။ | ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်း | (၁၃၀၈) |
| ၄။ | ဝိပဿနာရှုနည်းကျမ်း(ဒုတိယ) | (၁၃၀၉) |
| ၅။ | မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယ | (၁၃၁၃) |
| ၆။ | မဟာသတိပဋ္ဌာန်တရားတော် (အကျဉ်း ၄-ပိုင်း) | (၁၃၁၃) |
| ၇။ | မဟာသတိပဋ္ဌာန်တရားတော် အကျယ် (ကာယာနုပဿနာပိုင်း) | (၁၃၁၃) |
| ၈။ | ဝေဒနာနုပဿနာ တရားတော် | (၁၃၁၃) |
| ၉။ | နှုတ်ခွန်းဆက် မိန့်ခွန်းတရားတော် | (၁၃၁၄) |
| ၁၀။ | မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များ | (၁၃၁၅) |
| ၁၁။ | ဝိပဿနာ အလုပ်ပေး တရားတော်ကြီး | (၁၃၁၆) |
| ၁၂။ | ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး | (၁၃၁၆) |
| ၁၃။ | ဝိသုဒ္ဓိဉာဏကထာ(ပါဠိ) | (၁၃၁၈) |
| ၁၄။ | ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း | (၁၃၁၈) |
| ၁၅။ | ဓမ္မစကြာ အသံလွှင့်တရားတော် | (၁၃၁၉) |
| ၁၆။ | အနတ္တလက္ခဏသုတ် အသံလွှင့်တရားတော် | (၁၃၁၉) |
| ၁၇။ | ဘဝပြဿနာ | (၁၃၂၀) |
| ၁၈။ | အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း | (၁၃၂၁) |
| ၁၉။ | ဝိပဿနာ အခြေခံတရားတော် | (၁၃၂၃) |

| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၂၀။ | ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ | (၁၃၂၄) |
| ၂၁။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) | (၁၃၂၄) |
| ၂၂။ | အရိယာဝါသ တရားတော် | (၁၃၂၅) |
| ၂၃။ | မဟာစည် ဝတ်ရွတ်စဉ် | (၁၃၂၆) |
| ၂၄။ | ဝမ္မိကသုတ်တရားတော် | (၁၃၂၇) |
| ၂၅။ | ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ (ပဌမ) | (၁၃၂၈) |
| ၂၆။ | ။ (ဒုတိယ) | (၁၃၂၉) |
| ၂၇။ | ။ (တတိယ) | (၁၃၂၉) |
| ၂၈။ | ဝိပဿနာရှုနည်း အကျဉ်းချုပ် | (၁၃၂၉) |
| ၂၉။ | ပုရာဘေဒသုတ် တရားတော် | (၁၃၂၉) |
| ၃၀။ | ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ (စတုတ္ထ) | (၁၃၃၀) |
| ၃၁။ | ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ပဌမ) | (၁၃၃၀) |
| ၃၂။ | ။ (ဒုတိယ) | (၁၃၃၀) |
| ၃၃။ | ဗြဟ္မစိုရ် အသံလွှင့်တရားတော် ၄-ပိုင်း | (၁၃၃၀) |
| ၃၄။ | ဘာရသုတ္တန် တရားတော်ကြီး | (၁၃၃၁) |
| ၃၅။ | ရက်လည်ဆွမ်း အနုမောဒနာ တရားတော် | (၁၃၂၆) |
| ၃၆။ | မဟာစည် သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေ | (၁၃၃၁) |
| ၃၇။ | ကျောင်းအနုမောဒနာ တရားတော် | (၁၃၃၂) |
| ၃၈။ | လောကဓံ တရားတော် | (၁၃၃၂) |
| ၃၉။ | ဝိသုဒ္ဓိမဂ်မြန်မာပြန် (စတုတ္ထတွဲ) | (၁၃၃၃) |

| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၄၀။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (ပဌမတွဲ) | (၁၄၃၄) |
| ၄၁။ | ၂၃-ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ | (၁၃၃၄) |
| ၄၂။ | သလ္လေခသုတ် တရားတော်ကြီး(ပဌမ) | (၁၃၃၄) |
| ၄၃။ | 〃 (ဒုတိယ) | (၁၃၃၅) |
| ၄၄။ | ဟေမဝတသုတ္တန် တရားတော် | (၁၃၃၅) |
| ၄၅။ | ၂၄-ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ | (၁၃၃၅) |
| ၄၆။ | ကာမသုတ္တန် တရားတော် | (၁၃၃၅) |
| ၄၇။ | ဒုလ္လဘဝိနည်း ဩဝါဒကထာ | (၁၃၃၅) |
| ၄၈။ | ဝိသုဒ္ဓိမဂ် မြန်မာပြန်(ဒုတိယ) | (၁၃၃၆) |
| ၄၉။ | 〃 (တတိယ) | (၁၃၃၆) |
| ၅၀။ | မဟာစည် ဩဝါဒကထာပေါင်းချုပ် (ငွေရတုသဘင်) | (၁၃၃၆) |
| ၅၁။ | နိဗ္ဗာန်ဆိုင်ရာ တရားတော် | (၁၃၃၆) |
| ၅၂။ | ဓမ္မစကြာ တရားတော်ကြီး | (၁၃၃၇) |
| ၅၃။ | ၂၆-ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ | (၁၃၃၇) |
| ၅၄။ | သီလဝန္တသုတ္တန် တရားတော် | (၁၃၃၈) |
| ၅၅။ | တုဝဋ္ဋကသုတ် တရားတော် | (၁၃၃၈) |
| ၅၆။ | ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော် | (၁၃၃၉) |
| ၅၇။ | အနတ္တလက္ခဏာသုတ် တရားတော် (ရိုက်ဆဲ) | |
| ၅၈။ | ဗြဟ္မဝိဟာရတရားတော် | (၁၃၃၉) |
| ၅၉။ | သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်(ရိုက်ဆဲ) | |
| ၆၀။ | တက္ကသိုလ်ဝိပဿနာတရားတော် ( 〃 ) | |
| ၆၁။ | မာလုကျပုတ္တသုတ် တရားတော် (ရိုက်လတံ့) | |

# ပြဟ္မဝိဟာရတရားတော်စာအုပ်၌ ပြင်ဖတ်ရန်

| မျက်နှာ | ကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၃၃ | ၂၂ | အာသေဝနဿ | အာသေဝန္တဿ |
| ၆၆ | ၁၄ | သေလေပြီးသော | (၂) သေလေပြီးသော |
| ၆၇ | ၂၂ | နိုင်နင်ဧနေတဲ့ | နိုင်နင်းနေတဲ့ |
| ၈၂ | ၂၀ | သဝတုန်းက | ဘဝတုန်းက |
| ၁၀၀ | ၁၂ | ၂၈-မှာ | ၇၁-၂-မှာ |
| ၁၁၅ | ၆ | တပြားမျှမရှိတဲ့ | တပြားမျှမရှိတဲ့ |
| ၁၁၈ | ၉ | သုဝဇော ၀ | သုဝဇော စ |
| ၁၂၆ | ၁၅ | မျှတနေ့ဘို | မျှတနေ့ဘို |
| ၁၃၀ | ၂၀ | နေတဲ့သူသာ | နေတဲ့သူမှာ |
| ၁၅၁ | ၁၇ | ပါလဲ | ပါဘဲ |
| ၁၅၄ | ၁၁ | ၃ှက်စသည်ကို | ၄ှက်စသည်တို့ကို |
| ။ | ၁၈ | ကိုယ်ထည်ဖြဒ် | ကိုယ်အထည်ဖြဒ် |
| ၁၆၀ | ၄ | တတ္တစိ | ကတ္တစိ |
| ၁၇၃ | ၇ | ယူရုံပါဘဲ။ | ယူရုံပါဘဲ။) |
| ၁၈၇ | ၁ | သောတာပတ္တိညာဏ် | သောတာပတ္တိမဂ်ညာဏ် |
| ၁၉၃-၅ | ခေါင်း | ဂဗ္ဘသေယျကင်းအောင်ကျင့်ပုံ | ဒုတိယမေတ္တသုတ် |
| ၂၁၀ | ၆ | မပြောလဲ | ပြောလဲ |
| ၂၃၅ | ၁၉ | သေဆုံးလတ် | သေဆုံးလတ်သော်၊ |
| ။ | ၂၀ | ကာယိကာနံ | ပြဟ္မကာယိကာနံ |
| ။ | ၂၁ | သော်၊ ပြဟ္မ တန်းတူ | တန်းတူ |
| ၂၄၄ | ၁၇ | ဟိ  သတိ | ဟိ သတိ |
| ၂၉၃ | ၁၅ | ရေယဉ်ကျော | ရေယဉ်ကြော |
| ၃၄၅ | ၁၈ | လျ လျူ | လျစ်လျူ |
| ၃၈၂ | ၁၈ | ရှေးဘဝ | ရှေးဘဝက |
| ၄၁၃ | ၁၀ | ထိသိတာ | ထိသိတာက |

## ဗြဟ္မဝိဟာရတရားတော်

# ပဉ္စမပိုင်း

### ၁၃၂၇-ခုနှစ် ဝါဆိုလပြည့်နေ့ ဟောသည်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

### တရားပလ္လင်ခံ

ဒီကနေ့ ၁၃၂၇-ခုနှစ် ဝါဆိုလပြည့်နေ့ ဖြစ်တယ်၊ **ဒီကနေ့က** စပြီး ဗြဟ္မဝိဟာရတရားတော်ကို ဟောရမယ်။ ဗြဟ္မဝိဟာရ ဆိုတဲ့ပုဒ်ထဲမှာ ဗြဟ္မ ဆိုတာက မြတ်တယ်လို့ အနက်ရှိတယ်၊ အဲဒီ ဗြဟ္မ ဆိုတဲ့ပုဒ်ကို ပါဠိအသံထွက် အချိုးကျကျ ရွတ်ယင် ဗ်ရ(ဟ်)မ-လို့ ရွတ်ရတယ်၊ ဒါပေမဲ့ မြန်မာ အသံထွက်ကတော့ လျှာလိပ် ရ်-သံ ဟ်-သံများ မပါပဲ ဗျမ-

လို့သာ ရွတ်ဆိုလေ့ရှိကြပါတယ်၊ မြန်မာပြည်မှာလဲ ရခိုင်တိုင်းက လူတွေရဲ့ အသံထွက်ကတော့ အဲဒီ ရကောက်သံပါ ရွတ်ဆိုကြတာပါဘဲ၊ ဗ်ရ(ဟ်)မ-လို့ ရွတ်ဆိုတဲ့ ပါဠိအသံထွက်ဟာ သဘာဝကျတဲ့ အသံထွက်ပါဘဲ။ ဒါပေမဲ့ ဗမာလူထုထဲမှာ အဲဒီလို ပြင်ရွတ်ယင် အများအားဖြင့် နားလည်ကြမှာ မဟုတ်ဘူး၊ အဆန်းထွင်တယ်လို့လဲ ထင်ချင် ထင်ကြဦးမယ်၊ ဒါကြောင့် အများ ရွတ်ဆိုလေ့ရှိတဲ့အတိုင်းပဲ ဘုန်းကြီးက (ဗျမ-လို့ အသံထွက်)ရွတ်ဆိုပါတယ်။ ဝိဟာရ ဆိုတဲ့ပုဒ်ကတော့ နေခြင်းလို့ အနက်ရှိတယ်၊ ဒါကြောင့် ဗြဟ္မဝိဟာရ ဆိုတာ မြတ်သောနေခြင်းလို့ ဆိုလိုတာပါဘဲ။

ဗြဟ္မဝိဟာရ ဆိုတာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ-လို့ သရုပ်အားဖြင့် လေးပါးရှိတယ်၊ အဲဒီ လေးပါးကို ဗြဟ္မဝိဟာရ တရား လေးပါးလို့ ခေါ်ဆိုရတယ်။ မဟာဂေါဝိန္ဒသုတ်မှာတော့ အဲဒီ ဗြဟ္မဝိဟာရလေးပါးကို ဗြဟ္မစရိယ-လို့ ဟောထားတယ်၊ ဒါကြောင့် အဲဒီ ဗြဟ္မဝိဟာရတရားကို ဗြဟ္မစိုရ်တရားလို့လဲ ခေါ်ဆိုလေ့ရှိပါတယ်။ အဲဒီ ဗြဟ္မစရိယ ဆိုတာက မြတ်သော အကျင့်လို့ အနက်ရှိပါတယ်၊ ဒါကြောင့် မြတ်သောနေခြင်းနှင့် မြတ်သောအကျင့်ဆိုတာဟာ ဒီနေရာမှာ သဘောအားဖြင့်တော့ အတူတူပါဘဲ။ ဒါကြောင့် ယနေ့စပြီး ဟောမည့်တရားကို ဗြဟ္မစိုရ်တရားလို့လဲ ခေါ်နိုင်ပါတယ်။

နောက်ပြီးတော့ ဒီ ဗြဟ္မဝိဟာရ တရားကို အဘိဓမ္မာ ဒေသနာတော်မှာ အပ္ပမညာလို့လဲ ဟောထားပါသေးတယ်။

အပ္ပမညာ ဆိုတဲ့ ဝေါဟာရကတော့ အပ္ပမာဏ-အတိုင်းအရှည် မရှိ-ဆိုတဲ့ပုဒ်မှ ဖြစ်လာတယ်၊ မေတ္တာ စသည်ကို ပွားစေတဲ့ အခါမှာ အတိုင်းအရှည် အကန့်အသတ် မထားပဲ သတ္တဝါ အများကို အာရုံပြုပြီးတော့လဲ ပွားစေနိုင်တဲ့အတွက် အပ္ပ-မညာလို့ ခေါ်ရတာပါဘဲ။

## မေတ္တာ စသည်၏ အနက်ကို စိစစ်ပြချက်

အဲဒီ ဗြဟ္မဝိဟာရတရား လေးပါးထဲမှာ မေတ္တာ ဆိုတာက ချစ်ခြင်းလို့ အနက်ရှိတယ်၊ ကရုဏာ ဆိုတာက သနားခြင်းလို့ အနက်ရှိတယ်၊ မုဒိတာ ဆိုတာက ဝမ်းမြောက်ခြင်းလို့ အနက်ရှိတယ်၊ ဥပေက္ခာ ဆိုတာက လျစ်လျူရှုခြင်းလို့ အနက်ရှိတယ်။ ဒါကြောင့် အဲဒီ လေးပုဒ်ကို ဗမာလိုသက်သက် ပြန်မယ်ဆိုယင် ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်းလို့ ပြန်နိုင်ပါတယ်။ ဒါပေမဲ့ ဒီ မြန်မာပြန်လေးခုထဲက သနားခြင်း ဆိုတာတခုပဲ တခြားဝေါဟာရနဲ့ မရောပဲ ပြတ်သား သန့်ရှင်းတယ်။ ချစ်ခြင်း ဆိုတာက ရာဂဖြင့် တပ်မက်ခင်မင်တဲ့ ချစ်ခြင်းကလဲ ရှိနေတယ်၊ ဝမ်းမြောက်ခြင်း ဆိုတာကလဲ ကိုယ့်အလို ပြည့်လို့ ဝမ်းမြောက်ခြင်း, တရားနှင့်စပ်ပြီး ဝမ်းမြောက်ခြင်း ဆိုတာတွေလဲရှိနေတယ်၊ လျစ်လျူရှုခြင်းဆိုတာကလဲ ဝမ်းမနည်း ဝမ်းမသာ အလယ်အလတ် ခံစားခြင်း စသည်ဖြင့် များစွာ ရှိနေတယ်၊ ဒါကြောင့် မေတ္တာ မုဒိတာ ဥပေက္ခာ-ပုဒ်များကို ချစ်ခြင်း, ဝမ်းမြောက်ခြင်း, လျစ်လျူရှုခြင်း-လို့ မြန်မာ သက်သက်ပြန်ဆိုပြီး ပြောယင် တခြားအနက်များနဲ့လဲ သက်ဆိုင်

သလို ဖြစ်နေတယ်။ ဒါကြောင့် ပါဠိဝေါဟာရဖြင့် မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ မုဒိတာဘာဝနာ ဥပေက္ခာဘာဝနာလို့ ပြောမှ ပိုပြီး ရှင်းလင်း ထင်ရှားတယ်၊ အဲဒီ ထင်ရှားတဲ့အတိုင်း ပါဠိဝေါဟာရဖြင့် ပြောရမှာဘဲ။

မေတ္တာဘာဝနာ ဆိုတာ သူတပါးအား ချမ်းသာစေလိုတဲ့ စိတ်ကို ဖြစ်ပွားစေခြင်းပါဘဲ၊ ဘာဝနာအနေနဲ့ မဟုတ်ပေမဲ့ သူတပါးအား ချမ်းသာစေချင်ယင် အဲဒါဟာ မေတ္တာ ကုသိုလ်စိတ်ပါဘဲ။ ကရုဏာဘာဝနာ ဆိုတာက သူတပါးအား သနားတဲ့စိတ်ကို ဖြစ်ပွားစေခြင်းပါဘဲ၊ ဘာဝနာ အနေနဲ့ မဟုတ်ပေမဲ့ သူတပါးအား သနားယင်, ဆင်းရဲမှ လွတ်စေချင်ယင် ကရုဏာ ကုသိုလ်စိတ်ပါဘဲ။ မုဒိတာ ဆိုတာက သူတပါး ကောင်းစား ချမ်းသာနေတာကို အားရဝမ်းသာ ဝမ်းမြောက်တဲ့ သဘောပါဘဲ၊ သူတပါးအား ကောင်းစားမြဲ ချမ်းသာမြဲ ကောင်းစားချမ်းသာစေချင်ယင် အဲဒါဟာ မုဒိတာပါဘဲ။ ဥပေက္ခာ ဆိုတာကတော့ သူတပါး ချမ်းသာရေး စသည်ကို ကြောင့်ကြမပြုမူ၍ ကံတရားအတိုင်းဘဲလို့ လျစ်လျူရှုတဲ့သဘောပါဘဲ။ အဲဒီ ဗြဟ္မဝိဟာရ လေးပါးထဲက မေတ္တာ ဗြဟ္မဝိဟာရပွားစေပုံကို စပြီး ပြောရမယ်။

## ရှေးဦးစွာ အသင့်ပြင်ပုံ ပရိကမ်

ဝိသုဒ္ဓိမဂ်မှာ ပထဝီကသိုဏ်းရှုပုံ မပြမီ ရှေးဦးစွာ ပြထားတဲ့ ပရိကမ်ကတော့ များစွာ ကျယ်ဝန်းပါတယ်။ အဲဒီအထဲက လိုရင်း အကျဉ်းချုပ်ကို ထုတ်ပြရယင်တော့—ရှေးဦးစွာ သီလ

စင်ကြယ်စေရမယ်၊ ကျောင်းအတွက် ကြောင့်ကြစိုက်စရာ အစ ရှိတဲ့ ပလိဗောဓ ရှိယင် အဲဒီ ကြောင့်ကြစိုက်ဖွယ် ပလိဗောဓကို ပြီးပြတ်စေရမယ်၊ မိမိ အားထုတ်မည့် မေတ္တာကမ္မဋ္ဌာန်းကို ကျကျနန ညွှန်ပြနိုင်တဲ့ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာထံမှာ ပွားများအားထုတ်ပုံ နည်းနိသယကို ခံယူရမယ်၊ အဲဒါကတော့ ယခု ဘုန်းကြီး ဟောပြမည့် နည်းနိသယပါဘဲ၊ တရား အားထုတ်ရန် သင့်လျော်တဲ့ကျောင်းမှာ နေရမယ်၊ ခေါင်းရိတ် ခြင်း လက်သည်း ခြေသည်း လှီးဖြတ်ခြင်းစသော အသေးအဖွဲ ကြောင့်ကြစရာများကိုလဲ ပြီးပြတ်စေရမယ် တဲ့။ အဲဒီကနောက် ဆွမ်းကိစ္စပြီးတဲ့အခါ ဆွမ်းဝလို့ လေးလံနေခြင်းကို ခေတ္တ အနားယူပြီး ပြေငြိမ်းစေရမယ်၊ အဲဒီလို ပြေငြိမ်းစေပြီးတဲ့ နောက်မှာ ဆိတ်ငြိမ်ရာတွင် နေရာခင်းပြီး ချမ်းသာစွာ ထိုင်ရမယ် တဲ့။

## တင်ပလ္လင်ခွေထိုင်ပုံ

ချမ်းသာစွာ ထိုင် ဆိုတာ မလှုပ် မပြင်ပဲ ကြာရှည်စွာ နေနိုင်အောင် ထိုင်ခြင်းကို ဆိုတာပါဘဲ၊ ပဌမစပြီး ထိုင်ခါစမှာ ပါသာဒိကလဲဖြစ်အောင် အကောင်းဆုံးကတော့ တင်ပလ္လင်ခွေ ထိုင်ဘို့ပါဘဲ။ အဲဒီ တင်ပလ္လင်ခွေ ထိုင်ပုံကလဲ သုံးမျိုးရှိတယ်၊ (၁) ဗုဒ္ဓရုပ်ပွားတော်များ ထိုင်ပုံက တမျိုး၊ အဲဒါကတော့ ဗမာများအနေနဲ့ လွယ်ပုံမရပါဘူး။ (၂) ဘိက္ခုနီတို့အား ပယ်မြစ်ထားတဲ့ တင်ပလ္လင်ခွေထိုင်ပုံက တမျိုး၊ အဲဒါကတော့

အများ ထိုင်လေ့ရှိတဲ့ တင်ပလ္လင်ခွေ ထိုင်ပုံလို့ ဆိုရမှာဘဲ၊ ခြေတခုပေါ်မှာ တခု တင်လျက်ဖြစ်စေ၊ အဲဒီလို မတင်ဘဲ ခြေသလုံးချင်း ယှဉ်လျက်ဖြစ်စေ ထိုင်ပုံပါဘဲ၊ သွေးကြောများ မပိတ်မဆို့ရအောင် ခြေချင်း မတင်ပဲ ထိုင်တာက အများ အားဖြင့် အဆင်ပြေတတ်ပါတယ်။ (၃). ဘိက္ခုနီများအား ခွင့်ပြုထားတဲ့ အစုပလ္လက်ခေါ် ထက်ဝက်တင်ပလ္လင်ခွေ ထိုင်ပုံက တမျိုး၊ အဲဒါကိုတော့ ယခု ဗမာအမျိုးသမီးများ ရှိရှိသေသေ ထိုင်ပုံမျိုးလို့ဘဲ ယူကြပါတယ်။ အဲဒီသုံးမျိုးထဲက မိမိ သဘော ကျတဲ့ အထိုင်မျိုးဖြင့် ထိုင်ဘို့ပါဘဲ၊ အမျိုးသမီးများလဲ ကြိုက်သလို ထိုင်နိုင်ပါတယ်။ အဲဒီ ထိုင်ပုံကလဲ ပဌမ အားထုတ်ခါစအတွက် ပါဘဲ၊ နောက်ကာလကျတော့ အခြေအနေအရ ဒူးထောင်ပြီး တော့လဲ ထိုင်နိုင်ပါတယ်၊ ခြေဆန့်ပြီးတော့လဲ ထိုင်နိုင်တယ်။

## ဣရိယာပုထ် ၄-ပါးလုံး အားထုတ်နိုင်ကြောင်း

စင်္ကြံလျှောက်ယင်း ရပ်နေယင်းလဲ အားထုတ်နိုင်တယ်၊ လဲလျောင်းယင်းလဲ အားထုတ်နိုင်တယ်။ အဲဒီလို အားထုတ်နိုင် ကြောင်းကို မေတ္တသုတ်မှာ(တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ၊ တေံ သတိံ အဓိဋ္ဌေယျ) လို့ ဆိုထားတဲ့စကားဖြင့် ထင်ရှားသိရပါတယ်။ အဲဒီပါဠိရဲ့ အနက် ကတော့—

တိဋ္ဌံ - ရပ်နေဆဲသော်ငင်း၊ စရံ - သွားနေဆဲသော်ငင်း၊ နိသိန္နော ဝ - ထိုင်နေဆဲသော်ငင်း၊ သယာနော - လဲလျောင်း

နေဆဲသော်ငြင်း၊ ယာဝတာ-အကြင်မျှလောက် ကာလပတ်လုံး၊ ဝိတမိဒ္ဓေါ-ငိုက်မျဉ်းခြင်းကင်းသည်၊အဿ-ဖြစ်ရာ၏၊ တာဝတာ-ထိုမျှလောက်ကာလပတ်လုံး၊ ဧတံ သတိံ-မေတ္တာနှင့်ယှဉ်သော ဤသတိကို၊ အဓိဋ္ဌေယျ-ဆောက်တည်လျက် ပွားစေရာ၏-တဲ့။

ဒီ မေတ္တာဘာဝနာအရာသာ မဟုတ်ပါဘူး၊ သတိပဋ္ဌာန် ဝိပဿနာအရာမှာလဲ ဣရိယာပုထ် လေးပါးလုံးမှာပင် ရှုမှတ် အပ်ကြောင်းကို (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ)စသည် ဖြင့် ထင်ရှားညွှန်ပြထားတာ ရှိနေတာပါဘဲ။

ဒါကြောင့် ပဌမစပြီး အားထုတ်ခါစမှာ တင်ပလ္လင်ခွေပြီး ထိုင်ဘို့ ညွှန်ပြ ထားပေမယ်လို့ နောက်ကာလများကျတော့ ဣရိယာပုထ် လေးပါးလုံးဖြင့် သင့်တော်သလို နေပြီး မေတ္တာ ဘာဝနာကို ပွားစေနိုင်ပါတယ်၊ လိုရင်းကတော့ ညဥ့် သန်ကောင်ယာမ် ၄-နာရီခန့်လောက်၊ သို့မဟုတ် ၆-နာရီခန့် လောက်သာ အိပ်ချိန်ထားပြီး မပြတ်မစဲ ပွားများအားထုတ် နိုင်ဘို့ကသာ လိုရင်းဖြစ်ပါတယ်၊ ညဥ့် ၉-နာရီ ၁၀-နာရီခန့် အိပ်ချိန်ကျလို့ လဲလျောင်းနေပေမဲ့ အိပ်မပျော်သေးမချင်း မပြတ်ပွားများဘို့ လိုပါတယ်။

## အကျိုး အပြစ် ဆင်ခြင်ရမယ်

တင်ပလ္လင်ခွေထိုင်ပြီးတဲ့အခါ ဒေါသ၏ အပြစ်နှင့် သည်းခံ ခြင်း၏ အကျိုးအာနိသင်ကို ဆင်ခြင်ရမယ် တဲ့။ အဲဒါကို စောစောကတည်းက ဆင်ခြင်ထားပြီးဖြစ်ယင်လဲ ကိစ္စပြီးတာ

ပါဘဲ၊ ဆင်ခြင်ယင် အကျိုးရှိမှာမို့ ညွှန်ပြရတာပါဘဲ၊ မဆင်ခြင်ယင်လဲ အလွန်တော့ အရေးကြီးလှမယ်မဟုတ်ပါဘူး၊ သဒ္ဓါဆန္ဒ ထက်သန်စွာနဲ့ အားထုတ်သွားယင် လိုအပ်တဲ့အကျိုးကို ရမှာပါဘဲ။ ဒါပေမဲ့ ကိစ္စတခုပြုလုပ်ယင် ပယ်ရမည့်အရာလဲ ရှိတယ်၊ ပြည့်စုံစေရမည့်အရာလဲ ရှိတယ်၊ ပယ်ရမည့် အရာကို သူ့အပြစ်မြင်မှ ပယ်နိုင်တယ်၊ ဥပမာအားဖြင့် ပြရယင်— အိမ်ခန်း ကျောင်းခန်းထဲ အမှိုက်လှဲနေတဲ့သူမှာ စက္ကူစတို့ အဝတ်စတို့ ဒုတ်ချောင်းကလေးတို့ ဒီလို အမှိုက်ကိုတွေ့ရတဲ့အခါ အဲဒီအမှိုက်ဟာ ဘာမျှ အသုံးမကျဘူးလို့ အပြစ်ကိုမြင်မှ စွန့်ပစ်နိုင်တယ်၊ အပြစ် မမြင်ယင်တော့ အဲဒီအမှိုက်ကို မစွန့်နိုင်ဘဲ ဟိုနား ဒီနား ထိုးထားမှာဘဲ၊ အဲဒီလို အမှိုက်ကို လက်ခံထားတော့ အခန်းမှာ မသန့်ရှင်းပဲ ရှိနေမှာပေါ့။ အဲဒါလိုပင် ဒေါသ၏ အပြစ်ကို မမြင်ယင် ဒေါသကို မပယ်နိုင်ပဲ လက်ခံထားတတ်တယ်၊ ဒီလိုဟာ ရှိနိုင်ပါသလားဆိုတော့ - ရှိနိုင်ပါတယ်။ ဘယ်လိုလဲ ဆိုတော့—

ယခု လူတွေမှာ မိမိအား ပြစ်မှားတယ်လို့ လူတဦးတယောက်ကို ဖြစ်စေ၊ အများကို ဖြစ်စေ စိတ်ဆိုးမပြေပဲ ဖြစ်နေတာဟာ အဲဒီဒေါသကို မိတ်ဆွေအနေနဲ့ လက်ခံထားလို့ပါဘဲ၊ အဲဒီလို ဒေါသဖြစ်နေတဲ့သူကို အခြားပုဂ္ဂိုလ်များက စိတ်မဆိုးဘို့ ပြေငြိမ်းဘို့ ဖြောင်းဖြပြီး ပြောကြယင် သူက မကြိုက်ပဲ ရှိတတ်တယ်၊ ဒေါသဖြစ်နေရတာကိုပင် သူက အရသာရှိသလို ထင်နေတတ်တယ်၊ ဒေါသပြေငြိမ်းဘို့ ပြောဟောတဲ့ပုဂ္ဂိုလ်တွေ

ကိုတောင် သူက စိတ်ဆိုးတတ်သေးတယ်၊ သူ့အပေါ်မှာ ဆရာ လုပ်ရမလားလို့ အပြစ်တင်တတ်သေးတယ်၊ အဲဒါဟာ အဆိပ် ပြင်းထန်တဲ့ မြွေပွေးကြီးကို ခါးပိုက်ထဲ ထည့်ထားသလိုပင် ဒေါသကို အပြစ်မမြင်လို့ လက်ခံထားတာပါဘဲ။ ဒါကြောင့် ဒေါသကို ပယ်နိုင်အောင် သူ့အပြစ်ကို ဆင်ခြင်ရမယ် တဲ့။ ဘယ်လို ဆင်ခြင်ရမလဲ ဆိုတော့—ကျမ်းဂန်အရ ဆင်ခြင်ပုံကို ဒီလိုပြထားပါတယ်။

အခါတပါးမှာ ဆန္ဒဆိုတဲ့ပရိဗိုဇ်က "ရာဂ ဒေါသ မောဟ၏ အပြစ်ကို ဘယ်လိုမြင်ပြီး ပယ်ဘို့ရာ ပညတ်ဟောကြားပါသလဲ" လို့ မေးတဲ့အတွက် ဒေါသအပြစ်ကို အရှင် အာနန္ဒာမထေရ်က ဒီလို ဖြေကြားတော်မူပါတယ်။

## ဒေါသ၏ အပြစ်

အာဝုသော-ငါ့ရှင်ဆန္ဒ၊ ဒုဋ္ဌော-စိတ်ပျက် စိတ်ဆိုးသောသူ သည်၊ ဒေါသေန အဘိဘူတော-ဒေါသက လွှမ်းမိုးအပ်သည် ဖြစ်၍၊ ဝါ-ဒေါသ၏ အုပ်စိုးခြင်းကို ခံရသည်ဖြစ်၍၊ ပရိယာဒိန္န စိတ္တော-ပကတိစိတ်ကောင်းတွေကို ဒေါသက ကုန်စေအပ်သည် ဖြစ်၍၊ ဝါ-ဒေါသကြောင့် စိတ်ကောင်းမရှိတော့ပဲ၊ အတ္တ ဗျာပါဒါယပိ စေတေတိ-မိမိကိုယ်ကို နှိပ်စက်ရန် ဆင်းရဲစေရန် လည်း ကြံစည်ပြုလုပ်၏၊ ပရဗျာပါဒါယပိ....ဥဘယဗျာပါဒါ ယပိ စေတေတိ-သူတပါးကို နှိပ်စက်ရန် မိမိရော သူတပါးရော နှင့်ဦးလုံးကို နှိပ်စက်ရန် ဆင်းရဲစေရန်လည်း ကြံစည် ပြုလုပ်၏၊ ကာယေန-ကိုယ်ဖြင့်၊ ဒုစ္စရိတံ-သတ်ခြင်းစသော မကောင်းမှုကို

စရတိ-ပြုကျင့်၏၊ ဝါစာယ-နှုတ်ဖြင့်၊ မနသာ-စိတ်ဖြင့်၊ ဒုစ္စရိတံ-ဆဲဆိုခြင်း, သေပျက်စေလိုခြင်း စသောမကောင်းမှုကို၊ စရတိ-ပြုကျင့်၏-လို့ ဖြေကြားတော် မူပါတယ်။ အဲဒီ တရားစကားကို အခြေခံပြုပြီး ဆင်ခြင်ဘို့ပါဘဲ။ ဆင်ခြင်ပုံကတော့—

ဒေါသဖြစ်လာယင် မိမိကို ဆင်းရဲစေတယ် ဆိုဘာ အလွန်ထင်ရှားပါတယ်၊ မူလကကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျဖြစ်နေရာထဲက ဒေါသဖြစ်လာသည်နှင့် တပြိုင်နက် ကြည်လင်ရွှင်ပျတဲ့ စိတ်မရှိတော့ဘူး၊ တခါထဲ စိတ်ဟာ ပင်ပန်းသွားတော့တာဘဲ၊ မျက်နှာလဲ မသာယာတော့ဘူး၊ ကိုယ်ထဲမှာလဲ မနေသာ မထိုင်သာ ဖြစ်သွားတော့တာဘဲ၊ ဒေါသ ပြင်းထန်လေလေ ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်း လေလေဘဲ၊ အဲဒီလို စိတ်ဆိုးပြီးတော့ သူတပါးကိုလဲ နှိပ်စက် သတ်ဖြတ် တတ်တယ်၊ မကြားကောင်း မနာသာ စကားတွေကိုလဲ ပြောဆိုတတ်တယ်၊ အဲဒီလို မတော်တာကို ပြုမိ ပြောမိတဲ့အတွက် နောင်ပြန်လည် စဉ်းစားကြည့်တဲ့အခါကျတော့ အောက်ထစ်ဆုံး အရှက်ရတတ်တယ်၊ ရာဇဝတ်ပြစ်မှုမျိုးကို ပြုမိ ပြောမိယင်တော့ ရာဇဝတ်ပြစ်ဒဏ် သင့်ပြီး ချက်ခြင်းပင် ဆင်းရဲရတော့တာဘဲ။ ဒေါသ အလျောက် ပြုမိ ပြောဆိုမိတဲ့ အဲဒီလို မကောင်းမှုတွေကြောင့် အပါယ်လေးပါး ကျရောက်ပြီးတော့လဲ အကြီးအကျယ် ဆင်းရဲရတတ်တယ်၊ အဲဒါဟာ ဒေါသက မိမိကိုယ်ကို နှိပ်စက်ပုံ ဆင်းရဲစေပုံ အရိပ် အမြွက်ပါဘဲ။ အဲဒီထဲမှာ မျက်မှောက်တွင် တွေ့ရတဲ့ ဆင်းရဲတွေကိုတော့ ကိုယ်တွေ့ဖြင့်ပင် ထင်ရှား သိနိုင်ပါတယ်၊ ဒေါသ အလျောက်

ဘယ်လိုဖြစ်ခဲ့ရတယ်၊ ဘယ်လိုပြောမိပြုမိလို့ ဘယ်လို မကောင်းကျိုးတွေ ရခဲ့တယ်ဆိုတာ ဆင်ခြင်ကြည့်ယင် သိနိုင်ပါတယ်။

နောက်ပြီးတော့ ဒေါသဖြင့် သူတပါးကို ဆင်းရဲအောင် လုပ်တယ် ဆိုတာကတော့ သာပြီး ထင်ရှားတာဘဲ၊ စိတ်ဆိုးတဲ့ သူဟာ အောက်ထစ်ဆုံးအားဖြင့် သူတပါး နားမချမ်းသာတဲ့ စကားကို ပြောဆိုတယ်၊ အဲဒီလို အပြော အဆို ခံရတဲ့သူမှာ အကြီးအကျယ် စိတ်ဆင်းရဲ သွားတတ်တယ်၊ စွမ်းနိုင်ယင်တော့ သူတပါးကို နာကျင်အောင်လဲ နှိပ်စက်တတ်တယ်၊ သေအောင်လဲ သတ်တာဘဲတယ်၊ အဲဒီလို သူတပါး ဆင်းရဲအောင် လုပ်တဲ့ အတွက် တနည်းနည်းဖြင့် မိမိကိုယ်တိုင်လဲ ဆင်းရဲဒုက္ခ ရောက်ရ တတ်တယ်၊ ယခု လောလောဆယ်မှာ မဆင်းရဲရ စေကာမူ နောင်ဘဝများကျတော့ အပါယ်လေးပါးကျရောက်ပြီးတော့လဲ အကြီးအကျယ် ဆင်းရဲသွားရမယ်၊ လူ့ဘဝ ရောက်လာယင်လဲ အသက်တိုခြင်း အနာများခြင်း အရုပ်ဆိုးခြင်းစသည်ဖြင့် ဆင်းရဲ ဒုက္ခ ရောက်သွားရမယ်။ ဒါကြောင့် ဒေါသက သူတပါးကိုလဲ ဆင်းရဲစေတယ်၊ မိမိရော သူတပါးရော နှစ်ဦးလုံးကိုလဲ ဆင်းရဲ စေတယ် ဆိုတာလဲ ထင်ရှား ပါတယ်။ ဒီနေရာမှာ ခန္တိဝါဒီ ရှင်ရသေ့ကို ဒေါသဖြင့် နှိပ်စက်တဲ့ မင်း၏ ဆင်းရဲဒုက္ခ ရောက်ရပုံ စသည်ကို ထုတ်ပြရယင် ကောင်းမှာပါဘဲ၊ ဒါပေမဲ့ အဲဒီလို ဝတ္ထုကြောင်းတွေ ပြောနေယင် မေတ္တာပွားပုံကို ဖော်ပြဘို့ရာ အလှန် နှောင့်နှေးသွားလိမ့်မယ်၊ ဒါကြောင့် ဒေါသ၏ အပြစ် ဆင်ခြင်ပုံကို ဒီတွင်ပဲ ရပ်လိုက်ပါတော့မယ်။

## သည်းခံခြင်း၏ အကျိုး

နောက်ပြီးတော့ သည်းခံခြင်း၏ အကျိုးကို ဆင်ခြင်ရမယ် ဆိုရာမှာ ခန္တီ-သည်းခံခြင်း ဆိုတာ တရားကိုယ် အားဖြင့် အဒေါသ-ဒေါသ၏ ဆန့်ကျင်ဘက် တရားပါဘဲ၊ မေတ္တာ၏ အရနဲ့လဲ အတူတူပါဘဲ၊ ထူးတာကတော့ သည်းခံတယ်ဆိုတာက သူတပါးအား စိတ်မဆိုးပဲ မပြစ်မှားပဲ ကြည်ကြည်သာသာ ရှိနေ ရုံမျှ သဘောလဲ ဖြစ်နိုင်ပါတယ်၊ မေတ္တာဆိုတာကတော့ အဲဒီလို သည်းခံနေရုံမျှ မဟုတ်သေးဘူး၊ သူတပါးအား ချမ်းသာစေ လိုတဲ့ အခြင်းအရာရှိမှ ဖြစ်ပါတယ်။ သည်းခံခြင်း၏ အကျိုး ကိုတော့ ဝိသုဒ္ဓိမဂ်မှာ ဒီလိုပြထားပါတယ်။

(ခန္တီ ပရမံ တပေါ တိတိက္ခာ) တိတိက္ခာ-အောင့်အည်း သည်းခံခြင်းဟု ဆိုအပ်သော၊ (ဒီ ဝိသေသန-ပုဒ်ဖြင့်၊ ခန္တီ-အရ ဒီဇာရာမှာ ဉာဏ်မဟုတ်ဘူး၊ သည်းခံခြင်းကိုပင် ဆိုတယ်လို့ သိစေ ပါတယ်) ခန္တီ-ခန္တီသည်၊ ဝါ-စိတ်မဆိုးပဲ ခံလင့်နေခြင်းသည်၊ ပရမံ တပေါ-အမြတ်ဆုံး အကျင့်ပေတည်း-လို့ ဟောတော်မူတဲ့ တရားအရအားဖြင့်လဲ သိရမယ်တဲ့။

(ခန္တီ ဗလံ ဗလာနီကံ) ခန္တီဗလံ-သည်းခံခြင်း ခွန်အားရှိသည် ဖြစ်၍၊ ဗလာနီကံ-ခွန်အားစစ်တပ်ရှိသူကို (ဗြာဟ္မဏ-သူမြတ်ဟူ၍ ငါဘုရား ဟော၏) ဆိုတဲ့ တရားတော်အရ အားဖြင့်လဲ သည်းခံ ခြင်း၏ အကျိုးကို သိရမယ်တဲ့။ အဲဒီတရားမှာ ဆိုလိုတာကတော့ ဒေါသကို ကာကွယ်နိုင်တဲ့ ခန္တီခွန်အားဟာ တဖက်ရန်သူများကို ကာကွယ်နိုင်တဲ့ စစ်တပ်နှင့် တူတယ်၊ အဲဒီလို သည်းခံမှုခွန်အား

ရှိတဲ့ ပုဂ္ဂိုလ်ကို ပြာဟ္မဏ-သူမြတ်လို့ မြတ်စွာဘုရားက ဟောဆို ပါတယ်တဲ့။

(သဒ္ဒတ္ထပရမာ အတ္ထာ၊ ခန္တျာ ဘိယျော န ဝိဇ္ဇတိ)အတ္ထာ-အကျိုးစီးပွား ဟူသမျှတို့သည်၊ သဒ္ဒတ္ထပရမာ-မိမိ၏ အကျိုးစီးပွားလျှင် အမြတ်ဆုံး ရှိကုန်၏။ တေသု၊ ထို အမြတ်ဆုံး အကျိုးတို့တွင်၊ ခန္တျာ-သည်းခံခြင်းထက်၊ ဘိယျော-သာလွန်သော အကျိုးစီးပွားသည်၊ န ဝိဇ္ဇတိ-မရှိပေ--ဆိုတဲ့ သိကြားမင်း၏ စကားအရအားဖြင့်လဲ သည်းခံခြင်း၏ အကျိုးကို သိရမယ် တဲ့။

ယခု ထုတ်ပြခဲ့တဲ့ ဒေသနာများ အရအားဖြင့် သည်းခံခြင်းဟာ အမြတ်ဆုံးအကျင့် ဖြစ်တယ်၊ ဘေးရန်ကို ကာကွယ်နိုင်တဲ့ စစ်တပ်နဲ့တူတဲ့ ခွန်အားလဲ ဖြစ်တယ်၊ မိမိ၏ အကျိုးစီးပွားထဲမှာ အမြတ်ဆုံး အကျိုးစီးပွားလဲ ဖြစ်တယ် စသည်ဖြင့် သည်းခံခြင်း၏ အကျိုးအာနိသင်ကို ဆင်ခြင်ရမယ် တဲ့။ ဘာကြောင့် သည်းခံခြင်းဟာ အမြတ်ဆုံး ဖြစ်ပါသလဲဆိုတော့—စိတ်ဆိုးစရာ ပြန်လည်ချေပစရာရှိတဲ့အခါ စိတ်မဆိုးဘဲ မချေပဘဲ ကြည်ကြည်သာသာနဲ့ သည်းခံနေတဲ့သူကို အများက ချစ်ခင် ကြည်ညိုကြတယ်၊ ချီးမွမ်းကြတယ်၊ စွမ်းနိုင်သမျှ ချီးမြှောက်ကြ အကူအညီ ပေးကြတယ်၊ သာမန် မိတ်ဆွေအဖြစ်မှ ရင်းနှီးတဲ့ မိတ်ဆွေရင်း အဖြစ်သို့ ရောက်ရတယ်၊ သည်းခံတဲ့သူကို ဘယ်လိုလူကမျှ မမုန်းဘူး၊ အဲဒါတွေဟာ အလွန်ထင်ရှားတဲ့ အကျိုးတွေပါဘဲ။

အဲဒီလို သည်းမခံဘဲ ချေပပြောဆိုယင်တော့ နှစ်ဦးနှစ်ဖက် ငြင်းခုံကြရတယ်၊ ရန်ဖြစ်ကြရတယ်၊ မုန်းတီးကြရတယ်၊ တသက်လုံး မခေါ်မပြောနိုင်ပဲ မိတ်ပျက် ဆွေပျက် ဖြစ်ကြရတယ်၊ အချင်းချင်းထံမှ အကူအညီ တကယ်လိုနေတဲ့အခါပေမဲ့ အကူအညီမရပဲ ရှိတတ်တယ်၊ တချို့မှာဆိုယင် သေသည်အထိ တောင် အကျိုးမဲ့ကို ပြုလုပ်တတ်ကြတယ်၊ အဲဒီလို အကျိုးမဲ့ ဖြစ်ရတာဟာ ဘယ်ကလာတုံးဆိုယင် သည်းခံသင့်တဲ့အရာမှာ သည်းမခံခဲ့ခြင်း ကြောင့်ပါဘဲ။ အကယ်၍ တဖက်သား၏ အပြောမှား အဆိုမှား အပြုမှားကို အောင့်အည်း သည်းခံနေလိုက်ယင်တော့ ငြင်းခုံရခြင်း ရန်ဖြစ်ရခြင်းလဲ မရှိဘူး၊ ဒါကြောင့် သည်းခံတာဟာ အင်မတန် ကောင်းပါတယ်၊ အင်မတန် ကျေးဇူးများပါတယ်။ ဒါလဲ မိမိတို့တသက်တာအတွင်း ပြန်ကြည့်ယင် သည်းခံခဲ့လို့ ရတဲ့အကျိုးတွေ ထင်ရှားကြမှာဘဲ များပါလိမ့်မယ်။ ဘုန်းကြီးတို့ကိုယ်တိုင်လဲ သည်းခံခဲ့ရတာတွေ ရှိပါတယ်၊ သည်းခံတဲ့အတွက် ရလာတဲ့အကျိုးတွေလဲ များစွာ ရှိပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဩဝါဒပါတိမောက် အနေဖြင့်—

ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ-စသည်ဖြင့် ဟောထားပါတယ်။ ဒီပါဠိကို ရှေးနားကလဲ ပြခဲ့ပါပြီ။ တီတိက္ခာ-အောင့်အည်းခြင်းဟူသော၊ ခန္တီ-သည်းခံခြင်းသည်၊ ပရမံ-မြတ်သော၊ တပေါ-အကျင့်ပေတည်း တဲ့။စိတ်ကို အောင့်အည်း ချုပ်တည်းပြီး သည်းခံတဲ့အကျင့်ဟာ ပရမံ—

မြတ်တဲ့အကျင့်ပါဘဲ တဲ့။ နိဗ္ဗာန်-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံး ဟူ၍၊ ဗုဒ္ဓါ-မြတ်စွာဘုရားတို့သည်၊ ဝဒန္တိ-ဟောကြားတော် မူကြသည်-ဆိုတဲ့စကားအရ ဆိုယင် သာမန်ရိုးရိုး မြတ်ရုံ မဟုတ်ဘူး၊ ပရမ-အမြတ်ဆုံးလို့လဲ ဆိုနိုင်ပါတယ်။ ဘာ ကြောင့်လဲဆိုယင် ကုသိုလ်ဖြစ်ရေး အကျင့်ဟူသမျှ တွေဟာ သည်းခံမှ အောင်မြင်တယ်၊ သည်းမခံယင် မအောင်မြင်ဘူး၊ ပေးလှူရာမှာလဲ သည်းခံပြီးဆောင်ရွက်ရတာဘဲ၊ အကြီးအကျယ် ပေးလှူတဲ့အခါများမှာ အကြီးအကျယ်သည်းခံပြီးတော့ ဆောင် ရွက်ရတယ်၊ သီလကျင့်ရာကျတော့ သည်းခံရတာ ပိုပြီး ထင်ရှားတယ်၊ ပြုလုပ်ချင်တဲ့ အကုသိုလ်အမှုတွေကို မပြုပဲ သည်းခံပြီး ကျင့်ရတယ်။ ဘာဝနာ အလုပ်ကျတော့ အဲဒီ ထက်ပိုပြီး ထင်ရှားတယ်၊ ကိုယ် ပင်ပန်း ဆင်းရဲမှု တွေကို သည်းခံပြီး နှလုံးသွင်း ရှုမှတ်ပါမှ သမာဓိ ပညာက ဖြစ် တာ၊ အနည်းငယ်လောက် ညောင်း ပူ နာကျင် လာတာနဲ့ သည်းမခံပဲ ခဏခဏ ကိုယ်အမူအရာကို ပြုပြင်နေယင် သမာဓိ ဖြစ်ဖို့လဲ ခဲယဉ်းတယ်၊ ဝိပဿနာဉာဏ်ဖြစ်ဖို့လဲ ခဲယဉ်းတယ်၊ သည်းခံပြီး ရှုမှတ်နေပါမှ ဈာန်သမာဓိများကိုလဲ ရနိုင်တယ်၊ ဝိပဿနာ ဉာဏ်ထူးများနဲ့ မဂ်ဖိုလ်ဉာဏ်ထူးများကိုလဲ ရနိုင် တယ်၊ ဒါကြောင့် သည်းခံခြင်းကို ပရမံ-အမြတ်ဆုံး အကျင့် လို့လဲ ဆိုသင့်ပါတယ်၊ ဆိုသင့်တဲ့အတွက် ရှေးနားက အနက် ပြန်ရာမှာ ပရမံ တပေါ-အမြတ်ဆုံး အကျင့်ပေတည်းလို့ ပြန် ခဲ့တာပါဘဲ။

ဒီနေရာမှာ "သည်းခံယင် နိဗ္ဗာန်ရောက်သည်" လို့ ဆိုထားတဲ့ ရှေးပညာရှိတို့၏ စကားဟာလဲ အင်မတန်သင့်မြတ်ပါတယ်၊ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာမှာ ခန္တီဆိုတဲ့ သည်းခံခြင်းပါမှ အောင်မြင် ပြည့်စုံနိုင်တယ်၊ အဲဒီပါရမီ ဆယ်ပါးထဲက အဓိဋ္ဌာန် ဝီရိယ ပညာဆိုတဲ့ ပါရမီတွေဟာ နိဗ္ဗာန် မျက်မှောက်ပြုရန် အတွက် နီးကပ်တဲ့ ပါရမီတွေဘဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အဓိဋ္ဌာန်ပြုပြီး ရည်ရွယ်ထားတဲ့အတိုင်း မဆုတ်မနစ်အားထုတ်တဲ့ ဝီရိယလဲ ပြည့်စုံပါမှ၊ ဝိပဿနာပညာ အရိယမဂ်ပညာတွေလဲ ပြည့်စုံပါမှ ကိစ္စပြီးတယ်၊ အဲဒီလို ကိစ္စပြီးအောင်ဟာ သည်းခံမှုပြည့်စုံပါမှ ဖြစ်တယ်။ အဲဒီလိုသည်းခံပြီး အားထုတ်ယင် နောက်ဆုံးမှာ အကုန်လုံးကို သည်းခံနိုင်တဲ့ ရဟန္တာဖြစ်သွားတော့တာဘဲ၊ အဲဒီရဟန္တာပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သည်းခံခြင်း ခွန်အားဆိုတဲ့ ဗလာနီကႆ ခွန်အားစစ်တပ်နှင့် ပြည့်စုံတဲ့ ပြာဟ္မဏ- (မကောင်းမှုဟူသမျှကို အပပြုပြီးသော) သူမြတ်လို့ ဟောတော်မူတာပါဘဲ။ အဲဒီဒေသနာအရအားဖြင့် သည်းခံခြင်း ဆိုတဲ့ အကျင့်ကို ရဟန္တာ ဖြစ်သည့်တိုင်အောင် မြင့်မြတ်တဲ့ အကျင့်လို့ ဆိုရမှာဘဲ။ ဒီမေတ္တာကို ပွားစေရာမှာတော့ သည်းခံတဲ့အကျင့်က ပိုပြီးအရေးကြီးပါတယ်၊ သူတပါးကို စိတ်မဆိုးပဲ သည်းခံနိုင်ပါမှ မေတ္တာက ဖြစ်ပွားမှာ၊ စိတ်ဆိုးနေယင်တော့ မေတ္တာက မဖြစ်ပွားနိုင်ဘူး၊ ဒါကြောင့် မေတ္တာကို မပွားသေးမီ ရှေးအဖို့ကတည်းက အကျိုးအာနိသင် ဆင်ခြင်ဘို့ရာ ညွှန်ကြားတာပါဘဲ။

## မေတ္တာပွားပုံ

အဲဒီလို ဒေါသ၏ အပြစ်, သည်းခံခြင်း၏ အကျိုးများကို ဆင်ခြင်ပြီးတော့ အပြစ်ရှိတဲ့ဒေါသမှ စိတ်ကို ကင်းရှင်းစေရန်, အကျိုးများတဲ့ သည်းခံခြင်းနှင့် ပူးကပ်ယှဉ်တွဲနေစေရန်အတွက် မေတ္တာကို ပွားစေရမယ် တဲ့။ အဲဒီမေတ္တာကို ပွားစေတာက ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားစေတာက တမျိုး၊ ဈာန်သမာဓိ ရအောင် ပွားစေတာက တမျိုး—ဒီလို ၂-မျိုးရှိတယ်၊ အဲဒီ ၂-မျိုးထဲက ဈာန်သမာဓိရအောင် ပွားစေပုံပြရာမှာ စ-ပြီး မေတ္တာမပွားစေသင့်တဲ့ပုဂ္ဂိုလ်, လုံးလုံး မေတ္တာမပွားစေသင့်တဲ့ ပုဂ္ဂိုလ် စသည်ကို ဝိသုဒ္ဓိမဂ်မှာ ခွဲခြားဝေဘန်ပြီး ပြသွား ပါတယ်။ အဲဒီ ခွဲခြားပုံတွေကို ပြောနေယင် ဒီကနေ့ မေတ္တာ ပွားပုံကို ပြောဘို့ အချိန်ရမှာ မဟုတ်ဘူး၊ နောက်တချက်ကာလ ဈာန်ရအောင် ပွားစေပုံကို မပြောသေးဘဲ ပါရမီဖြစ် ကုသိုလ်ဖြစ် မေတ္တာပွားပုံကို ရှေးဦးစွာ ပြောချင်တယ်။ ဒါကြောင့် အဲဒီ ဝိသုဒ္ဓိမဂ်က ပြထားတဲ့ အချက်အလက်များကို ဒီကနေ့ မပြောသေးဘဲ ပါရမီဖြစ် ကုသိုလ်ဖြစ် မေတ္တာပွားပုံကို စ-ပြီး ပြောသွားမယ်။

မေတ္တာဘာဝနာ ဆိုတာ မြင်မြင်သမျှ ကြားကြားသမျှ စိတ်ကူးထဲမှာ ပေါ်လာသမျှ လူတွေကို ဖြစ်စေ၊ အခြား သတ္တဝါတွေကို ဖြစ်စေ အာရုံပြုပြီး ပွားများနိုင်ပါတယ်။ ဘယ်လို ပွားစေရမလဲ ဆိုတော့—သုတ္တန်ပါဠိအဋ္ဌကထာများမှာ

"သုခိ ဟောတု - ချမ်းသာရှိသူ ဖြစ်ပါစေ - ချမ်းသာပါစေ-ဟူ၍၎င်း၊ သုခိတာ ဟောန္တု-ချမ်းသာကြပါစေ ဟူ၍၎င်း။ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ-အားလုံးသတ္တဝါတွေ ချမ်းသာသောစိတ် ရှိကြပါစေ-ချမ်းသာကြပါစေဟူ၍၎င်း" ပြဆိုထားတဲ့အတိုင်း အတိုချုပ်အားဖြင့် "ချမ်းသာပါစေ - ချမ်းသာကြပါစေ"လို့ ပွားများဘို့ပါဘဲ။

ဒါကြောင့် ကိုယ့်နေရာမှာ နေယင်းဖြစ်စေ၊ သွားလာလုပ်ကိုင်နေယင်း ဖြစ်စေ၊ လူတယောက် သတ္တဝါတဦးကို မြင်လျှင် ကြားလျှင် ချမ်းသာပါစေ ချမ်းသာပါစေ-လို့ စိတ်ဖြင့် နှလုံးသွင်းပြီး မေတ္တာပွားရမယ်။ လူအများ, သတ္တဝါအများကို မြင်လျှင် ကြားလျှင်လဲ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ-လို့ နှလုံးသွင်း ပွားများရုံပါဘဲ၊ လွယ်လဲ လွယ်ပါတယ်၊ ကောင်းလဲ အင်မတန် ကောင်းပါတယ်။ လူတိုင်းလူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်းက ချမ်းသာချင်ကြတယ်၊ အဲဒီလို ချမ်းသာချင်တဲ့ လူတွေ သတ္တဝါတွေကို "ချမ်းသာပါစေ၊ချမ်းသာကြပါစေ"လို့ နှလုံးသွင်း မေတ္တာပွားရတာဟာ အများအလိုနဲ့ ကိုက်ညီလို့ အင်မတန် သင့်လျော်ပါတယ်။ အဲဒီလို စိတ်ဖြင့် နှလုံးသွင်းပြီး မေတ္တာပွားနေတာက မေတ္တာမနော ကံ ဘဲ။ ယခုနေအခါမှာ ဘုရားဝတ်တက်တဲ့ ရဟန်းရှင်လူတွေဟာ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု-အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ - စသည်ဖြင့် မေတ္တာပွားနေတာမျိုးကတော့ နှုတ်ဖြင့် ရွတ်ဆိုပြီး ပွားနေတာမို့

မေတ္တာဝစီကံ ခေါ်တယ်၊ ချမ်းသာပါစေ၊ ချမ်းသာကြပါစေ စသည်ဖြင့် ရွတ်ဆိုပြီး ပွားနေတာလဲ မေတ္တာဝစီကံပါဘဲ။

ဒီနေရာမှာ အထူးသတိပြုစရာအချက်တခုကတော့–စိတ်ဖြင့် နှုတ်ဖြင့် "ချမ်းသာပါစေ၊ ချမ်းသာကြပါစေ"လို့ မေတ္တာကို ပွားနေတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်ဖြင့်လဲ သူတပါးအား ဆင်းရဲအောင် မပြုပဲ ချမ်းသာအောင် ဆောင်ရွက်ပေးဘို့ လိုပါတယ်၊ အဲဒီလို မဟုတ်ပဲ သူတပါးအား ဆင်းရဲအောင် ပြုလုပ်နေယင်တော့ ချမ်းသာပါစေလို့ ပွားများတဲ့ မေတ္တာဟာ ဘာမှ အဓိပ္ပါယ် မရှိဘူး မအောင်မြင်ဘူးလို့ မှတ်ရမယ်။ ထို့အတူပင် သူတပါး နားမချမ်းသာတဲ့စကားမျိုးကို ပြောနေယင်လဲ စိတ်ဖြင့် နှုတ်ဖြင့် ချမ်းသာပါစေလို့ ပွားနေတဲ့ မေတ္တာဟာ ဘာမှ အဓိပ္ပါယ် မရှိဘူး မအောင်မြင်ဘူး ခရီးမရောက်ဘူးလို့သာ မှတ်ရမယ်။ အမှန်ကတော့ သူတပါးအား နားဝင်ချိုတဲ့စကား အကျိုးရှိတဲ့ စကားကို ပြောနိုင်ပါမှ ချမ်းသာပါစေလို့ ပွားတဲ့မေတ္တာဟာ အစစ်အမှန် ဖြစ်တယ်၊ ထို့အတူ ကိုယ်ဖြင့်လဲ သူတပါးအား အကျိုးမဲ့ဖြစ်အောင် မပြုမလုပ်ပဲ တတ်နိုင်သမျှ အကျိုး ရှိအောင် ဆောင်ရွက်ပေးပါမှ ပွားနေတဲ့မေတ္တာဟာ အစစ် အမှန်ဖြစ်တယ်လို့ မှတ်ယူရမယ်၊ ဥပမာ-လမ်းကျဉ်းကလေးထဲမှာ ရင်ဆိုင် လမ်းလျှောက်လာတဲ့သူကို ချမ်းသာပါစေ ချမ်းသာ ပါစေလို့ မေတ္တာပို့နေယင်, အဲဒီလူကလဲ ရှိသေထိုက်တဲ့သူ ဖြစ်ယင် မိမိက လမ်းဖယ်ပေးဘို့ လိုပါတယ်၊ အဲဒီလို ပြုလုပ်ပါမှ

အပစာယနကုသိုလ်လဲ ဖြစ်တယ်၊ ချမ်းသာပါစေ ဆိုတဲ့ မေတ္တာနှင့်လဲ ညီညွတ်တယ်။

ချမ်းသာပါစေလို့ မေတ္တာပွားနေတဲ့သူဟာ ခရီးသွားရာမှာ ကိုယ်က နေရာကျယ်ကျယ်ပြန့်ပြန့်ရထားယင် သူတပါးအားလဲ ခွဲပေးဘို့ လိုပါတယ်၊ မနိုင်ဝန် ထမ်းဆောင်လာတဲ့သူကို တွေ့မြင်ရယင် တတ်နိုင်သမျှ အကူအညီပေးဘို့ လိုပါတယ်၊ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး နားမလည်တဲ့သူအား နားလည်အောင် ညွှန်ပြပေးတာလဲ မေတ္တာအစစ်ပါဘဲ။ ကိုယ့်အနီးအပါး ရောက်လာတဲ့သူကို "ချမ်းသာပါစေ ချမ်းသာပါစေ"လို့ စိတ်ဖြင့် မေတ္တာပွားရမယ်၊ နှုတ်ဖြင့်လဲ ချိုချိုသာသာ ပြောဆိုရမယ်၊ နှုတ်ဆက်ကတည်းက ရွှင်ပျသောမျက်နှာဖြင့် နှုတ်ဆက် ပြောဆိုရမယ်၊ ကိုယ်ဖြင့်လဲ တတ်နိုင်သမျှ အကူအညီပေးရမယ်၊ ဒါတွေဟာ မေတ္တာအစစ်တွေပါဘဲ၊ နှုတ်ဖြင့် စကားကောင်းကို ပြောတာက မေတ္တာဝစီကံဘဲ၊ ကိုယ်ဖြင့် ကူညီဆောင်ရွက်တာက မေတ္တာကာယကံဘဲ။

## ၅၂၈-သွယ် မေတ္တာပွားပုံ

ငါးရာ့နှစ်ဆယ် ရှစ်သွယ် မေတ္တာပွားတယ် ဆိုတာကတော့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ မေတ္တာစျာန်ရပြီး ပုဂ္ဂိုလ်များ၏ ပွားပုံကို ညွှန်ပြထားတာပါဘဲ၊ ဒါပေမဲ့ ယခုနေအခါမှာတော့ ဝတ်ရွတ်စဉ်အနေနဲ့ ပါရမီဖြစ် ကုသိုလ်ဖြစ် ရွတ်ဆို ပွားများနေလေ့ ရှိကြပါတယ်။ ရွတ်ဆိုနေကြတဲ့ ပါဠိအစဉ်ကတော့

အများ နှုတ်တက်နေကြတဲ့အတိုင်းပါဘဲ၊ ဒါပေမဲ့ ရှင်းလင်းရေတွက်ပြဖို့ရာ ရှေးဦးစွာ အဲဒီ ပါဠိအစဉ်ကို ရွတ်ပြရဦးမယ်။

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ-ဒီအထိ ၎ါးပုဒ်ကတော့ အပိုင်းအခြား အကန့်အသတ်မထားပဲ သတ္တဝါအားလုံးကို ပြဆိုပါတယ်။ ဒါကြောင့် သဗ္ဗေ သတ္တာ-အလုံးစုံသော သတ္တဝါတို့သည်-လို့ ဆိုတာနဲ့ သဗ္ဗေ ပါဏာ-အလုံးစုံသော အသက်ရှူသူတို့သည်၊ သဗ္ဗေ ဘူတာ-အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်၊ သဗ္ဗေ ပုဂ္ဂလာ-အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ - အလုံးစုံသော ခန္ဓာကိုယ် အတ္တဘောရှိသူတို့သည်-လို့ ဆိုတာတွေဟာ အရ အတူတူပါဘဲ၊ သတ္တဝါအားလုံးကိုချည်း ဆိုတာပါဘဲ။

အဲဒီကနောက် သဗ္ဗာ ဣတ္ထိယော - အလုံးစုံသော မိန်းမတို့သည်၊ သဗ္ဗေ ပုရိသာ-အလုံးစုံသော ယောကျ်ားတို့သည်၊ သဗ္ဗေ အရိယာ-အလုံးစုံသော အရိယာတို့သည်၊ သဗ္ဗေ အနရိယာ-အလုံးစုံသော ပုထုဇဉ်တို့သည်၊ သဗ္ဗေ ဒေဝါ-အလုံးစုံသော နတ်တို့သည်၊ သဗ္ဗေ မနုဿာ-အလုံးစုံသော လူတို့သည်၊ သဗ္ဗေ ဝိနိပါတိကာ-အလုံးစုံသော အပါယ်သတ္တဝါတို့သည်-လို့ ဆိုတာတွေကတော့ အမနှင့် အဖိုသတ္တဝါ တစုံ၊ အရိယာနှင့် ပုထုဇဉ် တစုံ၊ နတ် လူ အပါယ်သတ္တဝါ ၃-မျိုးစု တရပ်၊ အားလုံး (၇)မျိုးကို အသီးအသီး ပိုင်းခြားပြီး ပြဆိုတဲ့ စကားရပ်တွေပါဘဲ။ အဲဒီလို အသီးအသီး အကန့်အသတ် အပိုင်းအခြားရှိလို့

ဒီ(၇)ပုဒ်ဖြင့် ပွားတဲ့မေတ္တာကို ဩဓိသမေတ္တာလို့ ခေါ်တယ်။ ရှေ့ငါးပုဒ်ကတော့ အကန့်အသတ် မရှိပဲ သတ္တဝါအားလုံးနဲ့ ဆိုင်လို့ အနောဓိသမေတ္တာ ခေါ်တယ်၊ အကန့်အသတ် အပိုင်း အခြားမရှိတဲ့ မေတ္တာလို့ ဆိုလိုတာပါဘဲ။

အဲဒီ ၂-ရပ်ပေါင်း ၁၂-ပုဒ်ကို အဝေရာ ဟောန္တု—ဘေးရန် ကင်းကြပါစေ၊ အဗျာပဇ္ဇာ ဟောန္တု—စိတ်ဆင်းရဲ ကင်းကြပါ စေ၊ အနီဃာ ဟောန္တု—ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ သုခီ အတ္တာနံ ပရိဟရန္တု—ချမ်းသာနှင့် ပြည့်စုံလျက် (ဝါ-ချမ်းသာ စွာ) မိမိခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ-ဆိုတဲ့ ၄-ပုဒ်နှင့် ဆက်စပ်ပြီး မေတ္တာပွါးရတယ်။ အဲဒီမှာ ချမ်းသာနှင့် ပြည့်စုံ လျက် မိမိ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ-ဆိုတာက အင်မတန် အရေးပါတဲ့ စကားလုံးပါဘဲ၊ သတ္တဝါတွေမှာ ကိုယ်ပက ဘေးရန်တွေလဲ ရှိနေကြတယ်၊ ကိုယ်တွင်းက ရောဂါ တွေ ဒုက္ခဝေဒနာတွေ ဆိုတဲ့ ဘေးရန်တွေလဲ ရှိနေကြတယ်၊ နောက်ပြီးတော့ စားဝတ်နေရေး ကျန်းမာရေးအတွက် အစစ အရာရာ ပြည့်စုံဘို့လဲ အရေးကြီးပါတယ်၊ အဲဒီဘေးရန်တွေလဲ ကင်းပြီး လိုသမျှလဲပြည့်စုံပါမှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ (ဤ၌ နဲ့-မပါဘဲ ချမ်းသာစွာ-ဟူ၍သာဆိုလျှင် ဗမာဝေါဟာရ ပေါ့နေသည်) မိမိခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါတယ်၊အဲဒီလို ချမ်းသာစွာနဲ့ မိမိခန္ဓာဝန်ကိုဆောင်ရွက်နိုင်ယင် လောကဘက်က အမြင်အားဖြင့်အကောင်းဆုံးလို့ ဆိုရမှာဘဲ၊ဒါကြောင့်ချမ်းသာ စွာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ-ဆိုတဲ့ အဲဒီ စကား လုံးဖြင့်လဲ လေးလေးနက်နက် အာရုံပြုပြီး မေတ္တာပွားရပါတယ်။

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု—အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ-စသည်ဖြင့် အနောဓိသ(မေတ္တာ)၅-ပုဒ်နှင့် မေတ္တာပွားပုံ ၄-ပုဒ် ဆက်စပ်ပြီး မေတ္တာ ပွားလိုက်လျှင် (၅×၄-လီ)၂၀-ရတယ်၊ အဲဒါက အနောဓိသ မေတ္တာ ၂၀-ဘဲ၊ နောက်ပြီးတော့ သဗ္ဗာ ဣတ္ထိယော—အားလုံး မိန်းမတွေ-အစရှိတဲ့ ဩဓိသ(မေတ္တာ) ၇-ပုဒ်နှင့် ဘေးရန်ကင်းကြပါစေ အစရှိတဲ့ မေတ္တာပွားပုံ ၄-ပုဒ် ဆက်စပ်ပြီး မေတ္တာ ပွားလိုက်လျှင် (၇×၄-လီ)၂၈-ရတယ်၊ အဲဒါက ဩဓိသမေတ္တာ ၂၈-ပါးဘဲ။ အနောဓိသ မေတ္တာ ၂၀-နှင့် ပေါင်းလိုက်ယင် ၄၈-ပါး ရတယ်။ အဲဒါက အရပ်မျက်နှာဖြင့် မပိုင်းခြားဘဲ ပွားစေတဲ့ မေတ္တာဖြစ်တဲ့အတွက် ဒီသာ အနောဓိသ မေတ္တာလို့ ခေါ်တယ်။

ထို့အတူပင် ပုရတ္ထိမာယ ဒိသာယ—အရှေ့အရပ်၌၊ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု—အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ-စသည်ဖြင့် ပွားတဲ့မေတ္တာကလဲ ၄၈-ပါးရတယ်။ ထို့အတူပင် ပစ္ဆိမာယ ဒိသာယ—အနောက်အရပ်၌လဲ ၄၈-ပါး ရတယ်၊ ဥတ္တရာယ ဒိသာယ—မြောက်အရပ်၌လဲ ၄၈-ပါး၊ ဒက္ခိဏာယ ဒိသာယ—တောင်အရပ်၌လဲ ၄၈-ပါး၊ ပုရတ္ထိမာယ အနုဒိသာယ—အရှေ့တောင် အရပ်၌လဲ ၄၈-ပါး၊ ပစ္ဆိမာယ အနုဒိသာယ—အနောက်မြောက်အရပ်၌လဲ ၄၈-ပါး၊ ဥတ္တရာယ အနုဒိသာယ—အရှေ့မြောက် အရပ်၌လဲ ၄၈-ပါး၊ ဒက္ခိဏာယ အနုဒိသာယ—အနောက်တောင်အရပ်၌လဲ ၄၈-ပါး၊ ဟေဋ္ဌိမာယ ဒိသာယ—အောက်အရပ်၌လဲ ၄၈-ပါး၊ ဥပရိမာယ ဒိသာယ—

အသက်အရှည်၌လဲ ၄၈-ပါး ရတယ်။ အရပ်မျက်နှာ ၁၀-ပါးမှာ ၄၈-ပါးစီ ဆိုတော့ (၄၈×၁၀-လီ) ၄၈၀-ရပါတယ်။ အဲဒီ ၄၈၀-က အရပ်မျက်နှာဖြင့် ပိုင်းခြားပြီး ပွားစေတဲ့ မေတ္တာဖြစ်တဲ့အတွက် ဒိသာဖြိသမေတ္တာလို့ ခေါ်တယ်။ အဲဒီ ၄၈၀ ကို ဒိသာအနောဓိသ ၄၈-ပါးနှင့် ပေါင်းလိုက်ယင် ငါးရာ နှစ်ဆယ်ရှစ်သွယ်(၅၂၈=သွယ်)မေတ္တာဖြစ်တယ်။ အဲဒီ ငါးရာ နှစ်ဆယ်ရှစ်သွယ် မေတ္တာကို နည်းရရေးအတွက် ရွတ်ဆိုပြီး ပွား ကြရအောင် လိုက်ဆိုယင်း ပွါးကြရမယ်။

(၁) အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ် ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက် ဆောင်နိုင်ကြပါစေ။ (မေတ္တာ ၄-ပါး)

(၂) အားလုံး အသက်ရှုသူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ် ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက် ဆောင်နိုင်ကြပါစေ။ (မေတ္တာ ၄-ပါး)

အဲဒီလို မေတ္တာပွားနေကြရာမှာ ဘေးရန်ကင်းကြပါစေ-လို့ ဆိုပြီးတဲ့အခါ အဲဒီလို နှလုံးသွင်းတဲ့စိတ်နဲ့ ရွတ်ဆိုတဲ့ အသံဟာ ချက်ခြင်းပင် ကုန်ဆုံးသွားတယ်၊ အဲဒီလို ကုန်ဆုံးသွားတဲ့ နာမ်နဲ့ ရုပ်ကိုလဲ ရှုကြရမယ်၊ အဲဒီလိုရှုယင် မေတ္တာ သမထနှင့် တကွ ဝိပဿနာလဲ ဖြစ်ပွားသွားတယ်၊ သမထနဲ့ ဝိပဿနာ တစုံ တစုံ

ဖြစ်ပွားဖြစ်ပွားသွားတာပေါ့၊ အဲဒီလိုသမထနဲ့ဝိပဿနာအစုံလိုက် တွဲတွဲပြီး ရှုရှုသွားတာကို ယုဂနဒ္ဓ ဝိပဿနာလို့ ခေါ်တယ်။ ကဲ....အဲဒီ ယုဂနဒ္ဓနည်းဖြင့် ရွတ်ဆိုပွားများကြရမယ်၊ ဘုန်းကြီး ကလဲ ခပ်ဖြည်းဖြည်းဆိုပေးမယ်။

(၃) အားလုံး ထင်ရှားဖြစ်သူတွေ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၄) အားလုံးပုဂ္ဂိုလ်တွေ ဘေးရန် ကင်းကြပါစေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၅) အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဘေးရန် ကင်းကြပါစေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး၊ ၅×၄-လီ=၂၀)

(၁) အားလုံး အမျိုးသမီးတွေ (အမျိုးသမီးတွေလို့ ဆိုရတာကတော့ နားဝင်ချိုအောင် ဆိုရတာပါဘဲ၊ နတ်သမီးတွေလဲ ပါဝင်တယ်၊ နွားကျွဲစသော တိရစ္ဆာန်မတွေလဲ ပါဝင်ပါတယ်၊ ပြိတ္တာမ အသူရကာယ်မ ငရဲသူမတွေလဲ ပါဝင်ပါတယ်။) အားလုံး အမျိုးသမီးတွေ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၂) အားလုံး အမျိုးသားတွေ (ဒါလဲ နားဝင် ချိုအောင်လို့ ပါဘဲ၊ နတ်သားတွေ တိရစ္ဆာန် အထီးတွေ စသည်လဲ ပါဝင်ပါတယ်။) အားလုံး အမျိုးသားတွေ ဘေးရန်ကင်းကြပါစေ။ပ။ ရွှင်လန်းကြပါစေ။ရှက်ဆောင်နိုင်ကြပါစေ။ (၄-ပါးပင်)

(၃) အားလုံး အရိယာတွေ ဘေးရန်ကင်းကြပါစေ။ပ။ ရှက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၄) အားလုံး ပုထုဇဉ်တွေ ဘေးရန် ကင်းကြပါစေ။ပ။ ရှက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၅) အားလုံး နတ်တွေ ဘေးရန် ကင်းကြပါစေ။ ပ ။ ရှက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၆) အားလုံး လူတွေ ဘေးရန်ကင်းကြပါစေ။ပ။ရှက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၇) အားလုံး အပါယ်သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရှက်ဆောင် နိုင်ကြပါစေ။ (၄-ပါး၊ ၇×၄-လီ=၂၈-ပါး)

ဒါက ဩဓိသမေတ္တာ ၂၈-ပါးဘဲ၊ ရှေ့က အနောဓိသမေတ္တာ ၂၀-နှင့် ပေါင်းလိုက်လျှင် ဒိသာအနောဓိသ မေတ္တာ ၄၈-ပါး ဖြစ်တယ်၊ အဲဒါ ပြီးသွားပြီ။. ယခု အရှေ့အရပ်မှစပြီး

တမျက်နှာ ၄၈-ပါးစီ မေတ္တာပွားပုံများကိုရွတ်ဆိုပြီး ပွားများကြရမယ်။ ဒီမေတ္တာပွားပုံကိုတော့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တိုင်းက လက်ခံနိုင်စရာ ရှိပါတယ်၊ ပွားများလို့လဲ လွယ်ပါတယ်၊ အကြားအမြင် နည်းတဲ့သူတွေလဲ နားလည်နိုင်ပါတယ်။ ကဲ.... ရွတ်ဆို ပွားများကြရမယ်။

(၁) အ ရှေ့အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး အသက်ရှုသူတွေ ဘေးရန်ကင်းကြပါစေ။ ပ။နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး ထင်ရှား ဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး ပုဂ္ဂိုလ်တွေ ဘေးရန် ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ။ ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး အမျိုးသမီးတွေ ဘေးရန် ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး အမျိုးသားတွေ။ပ။ နိုင်ကြ ပါစေ။

အရှေ့အရပ်က အားလုံး အရိယာတွေ။ပ။ နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး ပုထုဇဉ်တွေ။ပ။ နိုင်ကြပါစေ။
အရှေ့အရပ်က အားလုံးနတ်တွေ။ပ။ နိုင်ကြပါစေ။
အရှေ့အရပ်က အားလုံးလူတွေ။ပ။ နိုင်ကြပါစေ။

အရှေ့အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ကျန်တဲ့ အရပ်မျက်နှာ ၉-ပါးမှာလဲ နည်းတူပင် ရွတ်ဆိုပွားများကြဘို့ပါဘဲ။ ယခုတော့ အစ တပိုဒ်နဲ့ အဆုံး တပိုဒ်လောက်ဆိုပြီး ပွားများယင် တော်လောက်ပါပြီ။ ကဲ....ရွတ်ဆိုကြရမယ်။

(၂) အနောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

အနောက်အရပ်က အားလုံး အပါယ်,သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၃) မြောက်အရပ်က အားလုံး သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

မြောက်အရပ်က အားလုံး အပါယ် သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၄) တောင်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၅) အရှေ့တောင်အရပ်က အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

အရှေ့တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၆) အနောက်မြောက်အရပ်က အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ။ နိုင်ကြပါစေ။

အနောက်မြောက် အရပ်က အားလုံး အပါယ်သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၇) အရှေ့မြောက် အရပ်က အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။

အရှေ့မြောက် အရပ်က အားလုံး အပါယ်သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၈) အနောက်တောင်အရပ်က အားလုံး သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

အနောက်တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၉)* အောက်အရပ်က အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။
အောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ။ပ။ ရှက်ဆောင်နိုင်ကြပါစေ။

(၁၀)* အထက်အရပ်က အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။ နိုင်ကြပါစေ။
အထက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ။ပ။ ရှက်ဆောင်နိုင်ကြပါစေ။

---

* အောက်အရပ်၌ အရိယာများ နတ်များ လူများ အဘယ်သို့ ရှိသင့်ပါသနည်း-ဟူ၍၎င်း၊ ထို့အတူပင် အထက်အရပ်၌ လူများ အပါယ်သတ္တဝါများ အဘယ်သို့ ရှိသင့်ပါသနည်း-ဟူ၍၎င်း မေးဘွယ် ရှိပါသည်။ ယင်းအမေးကို အောက်ပါအတိုင်း ဖြေရှင်းသင့်ပါသည်။

မေတ္တာပို့နေသူက အိမ် ကျောင်း စသည်တို့၏ အထက်ထပ်၌ နေလျက် မေတ္တာပွားနေလျှင်၊ အောက်ထပ်များ၌၎င်း၊ အောက်ထပ်များနှင့် ညီမျှသောဌာနများ၌၎င်း အရိယာများ နတ်များ လူများ ရှိနိုင်ပါသည်၊ တောင်ပေါ် စသော အမြင့်၌နေလျက် မေတ္တာပွား နေလျှင် တောင်အောက် စသော အနိမ့်အရပ် အောက်အရပ်များ၌ အရိယာများ နတ်များ လူများ ရှိနိုင်ပါသည်၊ အနိမ့်ဆုံး မြေပြင်၌ နေလျက် မေတ္တာပွားနေလျှင် ထို့ထက်နိမ့်သော ပင်လယ်ရေပြင်၌ လူများ နတ်များ အရိယာနတ်များ ရှိနိုင်ပါသည်၊ ယင်း ပင်လယ် ရေထဲ၌လည်း အကြောင်းအားလျော်စွာ တရံတခါ၌ နတ်များ အရိယာနတ်များ ရှိနိုင်ပါသည်၊ ဤအရာ၌ အရှင်ဥပဂုတ် ပင်လယ် ရေထဲ၌ သီတင်းသုံးနေသည်ဟူသော အချို့ပုဂ္ဂိုလ်များ၏ ယုံကြည်ချက်ကိုလဲ သတိပြုသင့်ပါသည်။

ယခု ရွတ်ဆိုပွားများခဲ့ကြတာဟာ ငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာ အကျဉ်းချုပ်အားဖြင့် စုံသွားပါပြီ။ အဲဒါဟာ မေတ္တာ ဈာန်ရပြီး ပုဂ္ဂိုလ်များ ဖြန့်ပြီး ဈာန်ဝင်စားပုံပါဘဲ။ ဒါပေမဲ့ ဈာန်မရသေးတဲ့ပုဂ္ဂိုလ်လဲ ယခုပြောခဲ့တဲ့နည်းအတိုင်း ဖြန့်ပြီး မေတ္တာဘာဝနာကို ပွားကောင်းပါတယ်၊ ပါရမီထူး ရှိတဲ့သူ ဆိုယင် အဲဒီလို မေတ္တာပွားနေယင်း မေတ္တာဈာန်ကိုလဲ ရသွား နိုင်ပါတယ်၊ ဈာန်ကို မရပေမယ်လို့ မေတ္တာပွားများတဲ့အတွက် အကျိုးကတော့ များပါတယ်။ ဘယ်လိုလဲဆိုတော့—

ဘိက္ခဝေ - ရဟန်းတို့၊ ဘိက္ခု - ရဟန်းသည်၊ မေတ္တစိတ္တံ - သူတပါးအား ချမ်းသာစေလိုသောစိတ်ကို၊ အစ္ဆရာသင်္ဃာတ-မတ္တမ္ပိ-လက်ဖျစ်တတွက် ကာလမျှသော်လည်း၊ စေ အာသေ-ဝတိ-အကယ်၍ မှီဝဲငြားအံ့။ (အင်္ဂုတ္တရ ကေကနိပါတ် ၅၃-သုတ်)

---

ထို့အတူပင် မြေပြင်၌တည်လျက် မေတ္တာပွားနေလျှင် ထို့ထက် မြင့်သော ကုန်းပြင်၌ရှင်း၊ တောင်ပေါ်အရပ်တို့၌ရှင်း၊ အိမ် ကျောင်း တို့၏ အထက်ထပ်တို့၌ရှင်း လူလည်း ရှိနိုင်ပါသည်၊ ပိုးကောင် ငှက် စသော တိရစ္ဆာန်များလည်း ရှိနိုင်ပါသည်၊ စတုတ္ထပါရာဇိကသိက္ခာပုဒ် ဝိနိတဝတ္ထု အခန်း၌ရှင်း၊ နိဒါနဝဂ္ဂလက္ခဏ သံယုတ်ပါဠိတော်၌ရှင်း အလွန် နာကျင်သောကြောင့် ငိုကြွေးမြည်တမ်းလျက် ကောင်းကင်၌ ပြေးသွားနေကြရှာသော ပြိတ္တာများရှိကြောင်း ပြဆိုချက်များ ရှိပါ သည်၊ ယင်းသည် အထက်အရပ်၌ အပါယ်သတ္တဝါများ ရှိကြောင်း ခိုင်လုံသော သာဓက ဖြစ်ပါသည်။ ပိုးမွှားတိရစ္ဆာန်များ ငှက် တိရစ္ဆာန်များ အထက်အရပ်၌ ရှိကြကြောင်းကိုမူ ပကတိမျက်စိဖြင့်ပင် မြင်သိနိုင်ပါသည်။

စေ ဘာဝေတိ-အကယ်၍ ဖြစ်ပွားစေငြားအံ့။ (ၐင်း ၅၄-သုတ်) စေ မနသိကရောတိ - အကယ်၍ နှလုံးသွင်းငြားအံ့။ (ၐင်း ၅၅-သုတ်) ဘိက္ခဝေ - ရဟန်းတို့၊ အယံ ဘိက္ခု - လက်ဖျစ်တတွက်ခန့်မျှသော်လည်း မေတ္တာစိတ်ကို မှီဝဲ ဖြစ်ပွားစေသော နှလုံးသွင်းသော ဤရဟန်းကို၊ အရိတ္တဇ္ဈာနော ဝိဟရတိ-ရှုမှုဈာန်မကင်းစေပဲ နေသူဟူ၍၎င်း၊ သတ္ထု - မြတ်စွာဘုရား၏၊ သာသနကရော ဩဝါဒကရော - အဆုံးအမ ဩဝါဒကို လိုက်နာ၍ ကျင့်သူဟူ၍၎င်း၊ ရဋ္ဌပိဏ္ဍံ-တိုင်းသူပြည်သားတို့က လှူအပ်သော ဆွမ်းကို၊ အမောဃံ ဘုဉ္ဇတိ - အချည်းနှီး မဖြစ်စေပဲ ဘုဉ်းပေးသုံးဆောင်သူဟူ၍၎င်း၊ ဝုစ္စတိ-ဆိုအပ်ပေ၏။ ယေ- အကြင်ရဟန်းတို့သည်၊ ဗဟုလီကရောန္တိ-မေတ္တာစိတ်ကို အကြိမ်များစွာ ဖြစ်ပွားစေကုန်၏၊ တေ-ထိုရဟန်းတို့ကို၊ ကော ပန ဝါဒေါ - ဈာန်မကင်းပဲ နေကြ၏ ဟူ၍ စသည်ဖြင့် ပြောဆိုဘွယ် အဘယ်မှာရှိအံ့နည်း-လို့ မြတ်စွာဘုရားက ဟောကြားတော်မူတဲ့ အတိုင်းပင် အလွန်အကျိုးများပါတယ်။

အဲဒီ ဒေသနာတော်မှာ လက်ဖျစ်တတွက်ခန့် မေတ္တာစိတ်ကို မှီဝဲတာ ဖြစ်စေတာတောင် ရှုမှုဈာန်မကင်းသူလို့ ဆိုရပါသတဲ့၊ ဘုရားအဆုံးအမကို လိုက်နာပြီး ကျင့်သူမည်ပါသတဲ့၊ ဒကာ-ဒကာမများက လှူတဲ့ဆွမ်းကို သုံးဆောင်တာလဲ အချည်းနှီး မဖြစ်ဘူး၊ အကျိုးများစေပြီး သုံးဆောင်သည် မည်ပါသတဲ့။ အဲဒီမှာ ဒကာ-ဒကာမတို့အား အကျိုးများစေပုံက ဘယ်လိုလဲ ဆိုတော့—ရဟန်းများမှာ ပစ္စဝေက္ခဏာဖြင့် မဆင်ခြင်ပဲ ဆွမ်းကို

သုံးဆောင်ယင် ဣဏပရိဘောဂဖြစ်တယ်၊ အကြွေးယူပြီး စားတဲ့ သဘောပါဘဲ၊ ဘယ်လိုလဲ ဆိုယင် သီလလေးပါးလုံး ပြည့်စုံတဲ့ ရဟန်းများသာ သုံးဆောင်သင့်တဲ့ဆွမ်းကို အဲဒီ ရဟန်းက ပစ္စယသန္နိဿိတသီလမပြည့်စုံပဲ သုံးဆောင်တဲ့အတွက် နောက်မှ အဲဒီသီလကို ပြည့်စုံပါစေမယ်၊ ဆွမ်းကိုတော့ ယခုပဲ သုံးဆောင် ပါရစေလို့ ဆိုပြီး အကြွေးသုံးဆောင်တာနဲ့ တူသောကြောင့် ဣဏပရိဘောဂလို့ ဆိုရတာပါဘဲ။ သီလလေးပါးလုံး ပြည့်စုံတဲ့ ရဟန်းကို လှူယင် လှူသူမှာ ဒါန၏အကျိုးကို အပြည့်အစုံရတယ်၊ ပစ္စယသန္နိဿိတသီလ မပြည့်စုံတဲ့ရဟန်းအား လှူသူမှာတော့ အဲဒီသီလ လိုနေတဲ့အတွက် အကျိုးက တစိတ်တဒေသ လိုနေ နိုင်တယ်၊ ဒါကြောင့် လှူသူမှာလဲ အကျိုးရသင့်သလောက် မရပဲ အကြွေးပေးရတာနဲ့ တူတယ်၊ ဒါကြောင့် ဆွမ်းစသော ပစ္စည်း လေးပါးကို ဉာဏ်ဖြင့်မဆင်ခြင်ပဲ သုံးဆောင်ယင် ရဟန်းမှာ ဣဏပရိဘောဂ ဖြစ်တယ်လို့ အဋ္ဌကထာများ၌ ဆိုထားပါတယ်။

လက်ဖျစ် တတောက်ခန့်မျှလောက် မေတ္တာကို ဖြစ်ပွား စေတဲ့ ရဟန်းမှာတော့ အဲဒီလို ဣဏပရိဘောဂမဖြစ်တဲ့အပြင် ရဟန္တာ များသုံးဆောင်သလိုပင် ပိုင်ရှင်ဖြစ်ပြီးတော့လဲ သုံးဆောင်ခြင်း ဖြစ်တယ်၊ အကြွေးကင်းပြီးသုံးဆောင်ခြင်းလဲဖြစ်တယ်၊ ဒါယာဒ ဆိုတဲ့ အမွေခံ ဖြစ်ပြီးတော့လဲ သုံးဆောင်ခြင်း ဖြစ်တယ်၊ ဒါ ကြောင့်လဲ အချည်းနှီး မဖြစ်စေပဲ သုံးဆောင်ခြင်း ဖြစ်ပါတယ် တဲ့၊ နောက်ပြီးတော့ အစ္ဆရာသင်္ဃာတမတ္တမ္ပိ-လက်ဖျစ်တတောက် ခန့်မျှသော်လည်း၊ မေတ္တံ အာသေဝနသ ဘိက္ခုနော-မေတ္တာကို

မှိဝဲသော ရဟန်းအား၊ ဒိန္နဒါနံ-လှူအပ်သော အလှူကောင်းမှု သည်၊ မဟပ္ဖလံ ဟောတိ မဟပ္ဖလံ-အကျိုး များ၏၊ အဲဒီလို အကျိုးများစေနိုင်သောကြောင့်လဲ အချည်းနှီး မဖြစ်စေပဲ သုံး ဆောင်သည် မည်ပါတယ်-တဲ့၊ အဲဒီလို သူ့ အဋ္ဌကထာ၌ ဖွင့်ပြ ထားပါတယ်။

## အရှင်သုဘူတိ၏ မေတ္တာပွားပုံ

မေတ္တာကိုနှလုံးသွင်းခြင်းဟာ အလှူ ဒါယကာတို့အား အထူး သဖြင့် အကျိုးများစေနိုင်ပါတယ်။ ဒါကြောင့် အရှင်သုဘူတိ ဆိုတဲ့ရဟန္တာမထေရ်ဟာ ဆွမ်းခံကြွတဲ့အခါ အိမ်တိုင်း အိမ်တိုင်း ရှေ့၌ ခေတ္တရပ်နေစဉ်အတွင်း မေတ္တာစျာန်ကို ဝင်စားတော်မူပါ သတဲ့၊ အဲဒီမေတ္တာစျာန်မှထပြီး ဆွမ်းကို အလှူခံတော်မူပါသတဲ့၊ အဲဒါဟာ ဆွမ်းလှူတဲ့ ဒါယကာ-ဒါယိကာမ တို့အား အကျိုး များစေရန် ဖြစ်ပါသတဲ့၊ အဲဒီလို အကျိုးများအောင် မေတ္တာ စျာန်ဝင်စားပြီး အလှူခံလေ့ ရှိတဲ့အတွက် အရှင်သုဘူတိကို မြတ်စွာဘုရားက အလှူခံပုဂ္ဂိုလ်မြတ် အများထဲမှာ အမြတ်ဆုံး အဖြစ် ဧတဒဂ် ဂုဏ်ထူးဖြင့် ချီးကျူးတော်မူပါတယ်။ ယခု အခါလဲ အလှူပွဲများ၌ ရဟန်းတော်များက မေတ္တာသုတ် ပရိတ် တော်ကို ရွတ်ဖတ် ပွားများကြတာဟာ အလှူဒါန အကျိုးများ စေရန် အတွက်ပါဘဲ၊ ဒါကြောင့် မေတ္တာပရိတ်တော်ကို ရွတ် ဖတ် ချီးမြှောက်တော်မူကြတဲ့အခါ မေတ္တာကိုလဲ ပွားယင်း လေးလေးစားစား ရွတ်ဖတ်သင့်ပါတယ်။

ဒါကြောင့် ယခုတရားနာယင်း မေတ္တာကိုပွားစေကြတာဟာ အလွန် အကျိုးများတယ်လို့ မှတ်ယူကြဘို့ပါဘဲ၊ မိမိတို့၏ နေမြဲ နေရာများမှာလဲ အခွင့်ရသလောက် ဒီ မေတ္တာ ဘာဝနာကို ပွားများသင့်ပါတယ်၊ အောက်ထစ်ဆုံးအားဖြင့် ဘုရားဝတ်ပြု ပြီးတဲ့နောက်မှာ အချိန်ရသလောက် ပွားများသင့် ပါတယ်။ အကြောင်းညီညွတ်ယင် ဒီလို ပွါးများယင်း မကြာမီအတွင်းလဲ မေတ္တာစျာန်ကို ရနိုင်ပါတယ်၊ ဘယ်သူလိုလဲဆိုယင် ဓနဥ္စာနိ ဆိုတဲ့ ပုဏ္ဏားလိုပါဘဲ။

## ဓနဥ္စာနိနှင့် မေတ္တာစျာန်

ဓနဥ္စာနိဆိုတဲ့ ပုဏ္ဏားကြီးဟာ သေလုနီးပါး ရောဂါဖြစ်နေ တဲ့အခါ အရှင်သာရိပုတ္တရာကို ပင့်စေတယ်၊ အရှင်သာရိပုတ္တရာ က ကြွရောက်တော်မူပြီးတော့ သူ့ရောဂါအကြောင်းကို မေး ပြီးတဲ့နောက် ဒီလို ဟောတော်မူပါတယ်။ ဟောပုံကတော့—

ငရဲနဲ့ တိရစ္ဆာန် ဘယ်ဟာက ကောင်းမြတ်သလဲ စသည်ဖြင့် မေးခွန်းထုတ်တယ်၊ ဓနဥ္စာနိက ငရဲထက်တိရစ္ဆာန်ကကောင်းမြတ် ပါတယ် စသည်ဖြင့် ဖြေကြားတယ်၊ မေးပုံ ဖြေပုံတွေကတော့ တိရစ္ဆာန်နဲ့ ပြိတ္တာ၊ ပြိတ္တာနဲ့လူ၊ လူနဲ့ စတုမဟာရာဇ် စသည်ဖြင့် ပရနိမ္မိတဝသဝတ္တီ တိုင်အောင် မေးဖြေပြီးတဲ့အခါ ပရနိမ္မိတ ဝသဝတ္တီ နတ်တွေနဲ့ ဗြဟ္မာလောက ဘယ်ဟာက ကောင်းမြတ် သလဲလို့ မေးတယ်၊ အဲဒီအခါ ဓနဥ္စာနိက ဗြဟ္မလောက ဆိုတဲ့

အသံကိုကြားရတော့ စိတ်တက်ကြွလာပြီး "အရှင်သာရိပုတ္တရာ ဟာ ဗြဟ္မလောက" လို့ ပြောပါသလားလို့ မေးတယ်။ အဲဒီ အခါ ဗြဟ္မလောကမှာ စိတ်ညွတ်လိုလားခြင်းရှိကြောင်းသိတော် မူတဲ့အတွက် ဗြဟ္မလောကသို့ ရောက်စေနိုင်တဲ့ အကျင့်လမ်းကို ဟောကြားမယ်လို့ မိန့်တော်မူပြီးတော့ ဒီလို ဟောတော်မူပါ တယ်။

> ဣဓ ဓနဉ္ဇာနိ ဘိက္ခု မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟ ဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ။ အယံ ခေါ ဓနဉ္ဇာနိ ဗြဟ္မာနံ သဟဗျတာယ မဂ္ဂေါ။ (မဇ္ဈိမ ပဏ္ဏာသ-၄၀၅)

ဓနဉ္ဇာနိ—ဓနဉ္ဇာနိပုဏ္ဏား၊ ဣဓ ဘိက္ခု—ဤသာသနာတော်၌ ရဟန်းသည်၊ မေတ္တာသဟဂတေန စေတသာ—ချမ်းသာစေလို သည့် မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့်၊ ဝါ—ချမ်းသာစေလို သော စိတ်ဖြင့်၊ ဧကံ ဒိသံ—တခုသော အရပ်မျက်နှာကို၊ ဝါ- အရပ်မျက်နှာ တခု၌ရှိသော သတ္တဝါ အပေါင်းကို၊ ဖရိတွာ ဝိဟရတိ—ဖြန့်လျက်နေ၏။ တထာ ဒုတိယံ—ဒုတိယ အရပ် မျက် နှာကို ထို့အတူဖြန့်လျက်နေ၏။ တထာ တတိယံ တထာ စတုတ္ထံ- ထို့အတူပင် တတိယအရပ်မျက်နှာ စတုတ္ထအရပ်မျက်နှာကို ဖြန့်

လျက်နေ၏။ ဥဒ္ဓံ-အထက်အရပ်၌ သတ္တဝါ ကွတိ—ဤနည်းဖြင့်၊ အပေါင်းကို၊ အဓော—အောက်အရပ်၌ သတ္တဝါ အပေါင်းကို၊ တိရိယံ—အထောင့်အရပ်လေးခု၌ သတ္တဝါအပေါင်းကို၊ သဗ္ဗဓိ-အရပ်အလုံးစုံ၌၊ သဗ္ဗတ္တတာယ—သတ္တဝါဟူသမျှကို မိမိကိုယ်နှင့် အတူထားလျက်၊ (အဓိပ္ပါယ်နက်ဖြစ်သည်။) ဝါ—စိတ်ဟူသမျှ ဖြင့်၊ (စိတ်တိုင်း စိတ်တိုင်းဖြင့်-ဟု ဆိုလို၏) သဗ္ဗာဝန္တံ လောက-သတ္တဝါ အားလုံးရှိသော လောကကို၊ မေတ္တာသဟဂတေန စေတသာ—ချမ်းသာစေလိုသောစိတ်ဖြင့်၊ ဝိပုလေန—ကျယ်ပြန့်သော စိတ်ဖြင့်၊ မဟဂ္ဂတေန—မဟဂ္ဂုတ်စျာန် စိတ်ဖြင့်၊ အပ္ပ-မာဏေန—အတိုင်းအရှည် ကင်းသော စိတ်ဖြင့်၊ အဝေရေန—ရန်ကင်းသော စိတ်ဖြင့်၊ အဗျာပဇ္ဈေန—နှလုံးမသာမှုကင်းသော စိတ်ဖြင့်၊ ဖရိတွာ ဝိဟရတိ—ဖြန့်လျက်နေ၏။ မနုဿာနိ—မနုဿာနိ ပုဏ္ဏား၊ အယံ—မေတ္တာစိတ်ဖြင့် ဖြန့်လျက်နေသော ဤအကျင့်သည်၊ ဗြဟ္မာနံ သဟဗျတာယ—ဗြဟ္မာတို့၏ အတူနေ အဖော် ဖြစ်ရန် အလို့ငှာ၊ ဝါ—ဗြဟ္မာဖြစ်ရန် အလို့ငှာ၊ မဂ္ဂေါ—လမ်း ပေတည်း တဲ့။

ဆိုလိုရင်း အတိုချုပ်ကတော့ အရပ်ဆယ်မျက်နှာ၌ ရှိသမျှ သတ္တဝါအားလုံးကို မေတ္တာစိတ်ဖြင့် ဖြန့်နေတာ မေတ္တာပို့နေတာဟာ ဗြဟ္မာဖြစ်ကြောင်း အကျင့်လမ်းဘဲလို့ ဆိုလိုတာပါဘဲ။ ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ဖြင့် ဖြန့်နေပုံကိုလဲ နည်းတူပင် ဟောကြားတော်မူပါတယ်၊ အဲဒီလို ဟောကြားပြီးတော့ အရှင် သာရိပုတ္တရာက ပြန်ကြွသွားတယ်၊ မြတ်စွာဘုရားထံ သွားရောက်

ပြီးတော့ မနုဿာနီအား ဟောခဲ့တဲ့ အကြောင်းအရာ များကို လျှောက်တယ်။ အဲဒီအခါ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ဒီလိုအပြစ်တင်ပြီး မိန့်တော်မူပါတယ်—ဗြဟ္မဝိဟာရစျာန်ထက် လွန်မြတ်တဲ့ အရိယမဂ်ဖိုလ် ရအောင် ပို့ကျင့်ဘွယ်ရှိနေပါလျက် မနုဿာနီပုဏ္ဏားကို (ဟီနေ ဗြဟ္မလောကေ) နိမ့်ဗွာန်နှင့် နှိုင်းစာကြည့်လျှင် ယုတ်ညံ့သော ဗြဟ္မလောက၌ တည်စေပြီးတော့ ထလာခဲ့သကိုးလို့ မိန့်ကြားတော်မူပြီးတော့ မနုဿာနီဟာ သေပြီး ဗြဟ္မာ့လောကသို့ ရောက်သွားကြောင်းကိုလဲ မိန့်တော်မူပါတယ်။ အဲဒီလို မိန့်တော်မူတဲ့ အတွက် အရှင်သာရိပုတ္တရာလဲ ဗြဟ္မလောကသို့သွား၍ မနုဿာနီဗြဟ္မာအား တရားဟောသေးကြောင်း၊ ထိုအခါမှစ၍ ၄-ပိုဒ်မျှရှိတဲ့ ဂါထာကို ဟောသော်လဲ သစ္စာ ၄-ပါးမှမလွတ်စေပဲ ဟောကြောင်းများကို အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

ဒီနေရာမှာ သိစေလိုရင်းကတော့ မနုဿာနီဆိုတဲ့ ပုဏ္ဏားဟာ သေခါနီးဆဲဆဲ နာရီဝက်ခန့်လောက်အတွင်းမှာ မေတ္တာစသည်ကို ပွားစေပြီးတော့ စျာန်ရသွားတယ်၊ အဲဒီ စျာန်ကုသိုလ်ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်သွားရတယ်၊ အဲဒါကို သိစေလိုရင်းပါဘဲ။ ဒါကြောင့် သေခါနီးကာလမှာ အားကိုးစရာ တခြားကုသိုလ် အထူးမရှိယင် မေတ္တာပွါးနေခြင်းဖြင့် အားကိုးစရာကို ကောင်းကောင်း ရနိုင်တယ်ဆိုတာလဲ မှတ်ထားကြဘို့ပါဘဲ။ ဝိပဿနာရှုမှတ်နည်းကို ရထားတဲ့ သူများမှာတော့ ထင်ရှားပေါ်ရာကို ရှုမှတ်ပြီးသိနေတာက အကောင်းဆုံးပါဘဲ။

နောက်ပြီးတော့ မေတ္တာဘာဝနာအကျိုးကြီးပုံကို မြတ်စွာဘုရားက နိဒါနသံယုတ် ဩက္ခာသုတ်(၄၅၅)မှာ ဒီလို ဟောထားပါတယ်၊ ထမင်းအိုးကြီးတရာဖြင့် နံနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညနေတကြိမ် ကျွေးမွေး လှူဒါန်းတာထက် မေတ္တာစိတ်ကို နံနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညနေတကြိမ် နွားနို့တကြိမ်မျှ ညှစ်စာလောက်၊ သို့မဟုတ် နို့သာနံ့ကို တကြိမ်မျှ နမ်းရှုတာလောက် ဖြစ်ပွားစေတာက ပိုပြီး အကျိုးကြီးတယ်လို့ ဟောတော်မူပါတယ်။ အဲဒါကို ဘုန်းကြီးက တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်စီထားတယ်။ "တနေ့သုံးခါ၊ အိုးတရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးလှူခြင်းထက်၊ မယှဉ်းစင်စစ်၊ နို့တညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း"တဲ့။ အဲဒါကို လိုက်ဆိုကြရမယ်။

> တနေ့သုံးခါ၊ အိုးတရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးလှူခြင်းထက်၊ မယှဉ်းစင်စစ်၊ နို့တညှစ်စာ၊ ကြိမ် သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း။

ထမင်းတအိုးချက်ကို ဆယ်ယောက်စားလောက်တယ် ဆိုယင်ကို အိုးတရာ ချက်ဆိုတော့ လူတထောင် စားလောက်မှာပေါ့၊ အိုးကြီးတရာလို့ ဆိုထားတော့ လူနှစ်ထောင် သုံးထောင်စာလဲ ဖြစ်နိုင်ပါတယ်၊ အဲဒီထမင်းအလှူထက် နို့တညှစ်စာ(သုံးလေးစက္ကန့်)လောက် သုံးကြိမ်မျှမေတ္တာပွားတာက ပိုပြီး အကျိုးကြီးတယ် ဆိုတော့ မေတ္တာပွားတဲ့အလုပ်ကို အားထုတ်စရာ အလွန်

ပေကာင်းတာဘဲ၊ ဘာမျှ စရိတ်လဲမကုန် အချိန်လဲမကုန်ဘဲ မပင်မပန်းဘဲ အကျိုးကြီးမြတ်တဲ့ မေတ္တာကုသိုလ်ကို ရနိုင်တာဟာ အင်မတန် အားရစရာ ကောင်းတာဘဲ။

နောက်ပြီးတော့ အင်္ဂုတ္တရ ပါဠိတော် ဧကာဒသနိပါတ် မေတ္တာသုတ်(၁၄၂)မှာလဲ မေတ္တာဘာဝနာ၏ အကျိုးကို ဒီလို ဟောတော်မူပါတယ်။

> မေတ္တာယ ဘိက္ခဝေ စေတော ဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ—ကတမေ ဧကာဒသ၊ သုခံ သုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ န ပါပကံ သုပိနံ ပဿတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ဝိပ္ပသီဒတိ၊ အသမ္မူဠှော ကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။

### မေတ္တာ၏ အကျိုး ၁၁-ပါး

ဘိက္ခဝေ-ရဟန်းတို့၊ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ-မှီဝဲအပ်, ဖြစ်ပွားစေအပ်, အကြိမ်များစွာ ပြုအပ်ပြီးသော၊ (မေတ္တာ စေတောဝိမုတ္တိ၏)ယာနီကတာယ ဝတ္ထုကတာယ-သွားရန် အသင့် ပြင်ထားပြီးသောယာဉ်ကဲ့သို့ တည်ရာကဲ့သို့

ပြုထားပြီးသော၊ အနုဋ္ဌိတာယ-ခိုင်မြဲစွာတည်တံ့အောင် လေ့လာထားပြီးသော၊ ပရိစိတာယ-နိုင်နိုင်နင်းနင်းအောင် လေ့ကျင့်ထားပြီးသော၊ သုသမာရဒ္ဓါယ-ကောင်းစွာ အားထုတ်ထားပြီးသော၊ မေတ္တာယ စေတောဝိမုတ္တိယာ-မေတ္တာ စေတောဝိမုတ္တိ၏၊ ဝါ-ဗျာပါဒစသော နီဝရဏမှ ကင်းလွတ်သော မေတ္တာစိတ်၏၊ (မေတ္တာလို့ သာမညဆိုလျှင် သာမန် မေတ္တာစိတ်ကို ယူအပ်ကြောင်း၊ စေတောဝိမုတ္တိလို့ဆိုလျှင်တော့ ဈာန်စိတ်ကို ယူအပ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထား၏) ကောဒသ အာနိသံသာ-၁၁-ပါးသော အကျိုး အာနိသင်တို့ကို။ ပါဋိကင်္ခါ-မုချရမည်ဟု အလိုရှိအပ်၊ မှတ်ယူအပ်ကုန်၏။ ကတမေ ကောဒသ-အဘယ် ၁၁-ပါးတို့နည်းဟူမူ၊ (၁) သုခံ သုပတိ-ချမ်းသာစွာ အိပ်ပျော်ရ၏။ ဘာဝနာမဲ့ ပုဂ္ဂိုလ်တွေမှာ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်၊ စောင်းလိုက်၊ ပက်လက်လှန်လိုက်၊ ကွေးလိုက်၊ ဆန့်လိုက်နဲ့ အမျိုးမျိုး ပြုပြင်ပြောင်းလဲပြီးတော့လဲ အိပ်ကြရတယ်၊ ဟောက်ပြီးတော့လဲ အိပ်ကြရတယ်၊ မေတ္တာဘာဝနာ လက်ရှိပုဂ္ဂိုလ်ကတော့ အဲဒီလိုမဟုတ်ပဲ ငြိမ်သက်ချမ်းသာစွာ အိပ်ရတယ်၊ အိပ်ပျော်တဲ့အခါလဲ သမာပတ်ဝင်နေတဲ့ အခါလိုပင် ချမ်းသာစွာ အိပ်ပျော် နေရတယ်၊ အဲဒါက ပဌမ အကျိုး အာနိသင်ဘဲ။

နောက်ပြီးတော့ (၂) သုခံ ပဋိဗုဇ္ဈတိ-ချမ်းသာစွာ နိုးရ၏၊ အိပ်ရာမှ နိုးတဲ့အခါလဲ အခြားသူတွေမှာ ညည်းတွားပြီး နိုးကြရတာလဲ ရှိတယ်၊ ခြေတွေ လက်တွေကို ရမ်းခါနေရတာလဲ

ရှိတတ်တယ်၊ ပြုံပြင်ပြောင်းလဲယင်း လူးလိမ့်ယင်း နိုးလာတာလဲ ရှိတတ်တယ်၊ မေတ္တာပွားပြီး အိပ်တဲ့သူမှာ အဲဒီလို ဆင်းရဲမျိုးတွေ မရှိပဲ ကြာပန်းများ ပွင့်လာသလို လန်းလန်းဆန်းဆန်းနဲ့ ချမ်းသာစွာ နိုးရတယ်။ သုပ္ပဗုဒ္ဓံ ဗုဇ္ဈန္တိ၊ သဒါ ဂေါတမ-သာဝကာ၊ ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ-အစရှိတဲ့ ဓမ္မပဒဂါထာများ အရ ဆိုယင်တော့ ဗုဒ္ဓါနုဿတိ စသော ဘာဝနာများကို လေ့လာပွားများနေတဲ့သူမှာလဲ ချမ်းသာစွာ နိုးရခြင်း, ချမ်းသာစွာ အိပ်ရခြင်းစသော ဒီလို အကျိုးများကို ရနိုင်တယ်လို့ ဆိုရမှာဘဲ၊ ဒါပေမဲ့ ဒီမေတ္တာဘာဝနာကတော့ ဒီအကျိုးများကို ရစေရာမှာ ထူးခြားတဲ့ ဘာဝနာဖြစ်သောကြောင့် ဒီလိုအထူးပြုပြီး ဟောထားတယ်လို့ မှတ်ယူကြရမယ်။

နောက်ပြီးတော့ (၃) ပါပကံ သုပိနံ-ယုတ်ညံ့ဆိုးဝါးသော အိပ်မက်ကို၊ န ပဿတိ-မမြင်မက်။ အမြင့်မှ လိမ့်ကျရသလို့, လူဆိုးသူဆိုးတို့၏ အနှိပ်စက်ခံရသလို့, မြွေဆိုးစသည်နဲ့ တွေ့နေရသလို စသည်ဖြင့် အိပ်မက်ဆိုးတွေကို အချို့မှာ မြင်မက်ရတတ်တယ်၊ မေတ္တာပွားနေတဲ့သူမှာတော့ အဲဒီလို ကြောက်လန့်ဘွယ် အိပ်မက် ဆိုးတွေကို မမြင်မက်ရှာဘူး၊ ဗုဒ္ဓ စေတီတော်ကို ရှိခိုးပူဇော်နေရသလို့, တရားနာနေရသလို့, မိတ်ဆွေကောင်းတွေနဲ့ တွေ့နေရသလို့,တရားဟောနေရသလို့,ကောင်းမှုတခုခုကို ပြုနေရသလို စသည်ဖြင့် အိပ်မက်ကောင်းကိုသာ မြင်မက်ရတယ်။

နောက်ပြီးတော့ (၄) မနုဿာနံ ပိယော ဟောတိ-လူအများက ချစ်ခင်ပါတယ်တဲ့။ ဘာကြောင့် ချစ်ခင်ကြသလဲ ဆိုတော့ ချစ်စရာဂုဏ်နဲ့ ပြည့်စုံနေလို့ ချစ်ကြတာပါဘဲ၊ မေတ္တာကို တကယ်ပွားနေတဲ့သူက စိတ်ဖြင့်ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားနေတဲ့အတိုင်း သူတပါးအား ချမ်းသာစေချင်တယ်၊ မဆင်းရဲစေချင်ဘူး၊ ဒါကြောင့် သူက ဘယ်သူ့ကိုမှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် မပြောဘူး မပြုဘူး၊ တတ်နိုင်သမျှ ချမ်းသာအောင် အကူအညီသာ ပေးလေ့ရှိတယ်၊ သူတပါးနားဝင်ချိုတဲ့စကားကိုသာ ပြောလေ့ရှိတယ်။ ဒါကြောင့် နီးစပ်တဲ့ ပုဂ္ဂိုလ်တွေက သူ့အပေါ်မှာ အပြစ်ကို မတွေ့မမြင်ကြဘူး၊ ချီးမွမ်းဘွယ် ဂုဏ်ကိုသာ တွေ့မြင်ကြတယ်။ နောက်ပြီး တော့ သူတပါးက သူ့ကို အကျိုးမဲ့ပြောပေမယ်လို့ ပြုလုပ်ပေမယ်လို့ သူက ပြန်ပြီးမချေပဘူး သည်းခံနေတယ်။ အဲဒီတော့ ပြစ်မှားပြောမိတဲ့သူကလဲ အရေးလည်လာတဲ့အခါ အဲဒီလို သည်းခံပြီး မေတ္တာပွားနေတဲ့သူကို ကြည်ညိုပြီး ချစ်ခင်လာတာဘဲ၊ အဲဒီလို အကြောင်းအရာကိုသိရတဲ့ ပတ်ဝန်းကျင် ပုဂ္ဂိုလ်တွေကလဲ ကြည်ညိုကြ ချစ်ခင်ကြတာဘဲ။ ဒါကြောင့် မေတ္တာကိုတကယ်ပွားပြီး သည်းခံနေတဲ့သူ၊ သူတပါး၏အကျိုးမဲ့ကို မပြောမပြုဘဲ အကျိုးကိုသာ စွမ်းနိုင်သမျှ ပြောဆို ပြုလုပ် ရွက်ဆောင်ပေးနေတဲ့သူကို အများက ချစ်ခင်ကြ ကြည်ညိုကြတာပါဘဲ၊ မေတ္တာ အစစ်အမှန်ကို ပွားနေခြင်းဟာ အများက ချစ်ခင်ကြည်ညိုခြင်း၏ အကြောင်း အကောင်းဆုံး ဂုဏ်ပါဘဲ။

နောက်ပြီးတော့ (၅) အမနုဿာနံ ပိယော ဟောတိ-နတ်များကလဲ ချစ်ခင်ကြပါတယ် တဲ့။မေတ္တာ၏အကျိုး (၅)နံပါတ်ရောက်လာပြီ၊ အတိုချုပ်စီထားတဲ့ ဆောင်ပုဒ်ရှိတယ်၊ အဲဒီဆောင်ပုဒ်ကိုလဲ ဆိုပြီး ရှင်းပြသွားယင် ပိုပြီး နားလည်ကြပါလိမ့်မယ်။ ဒါကြောင့် အဲဒီဆောင်ပုဒ်ကို လိုက် ဆိုကြရမယ်။

အိပ်၊ နိုး-ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ချစ်လျက် လူ့နတ်၊ စောင့်လတ် နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေကာ မတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း၊

အိပ်၊ နိုး - ချမ်းသာ ဆိုတာ ချမ်းသာစွာ အိပ်ရတယ်၊ ချမ်းသာစွာ နိုးရတယ်ဆိုတဲ့ အကျိုး ၂-ပါးကို ဖော်ပြတာဘဲ။ ကောင်းစွာ အိပ်မက် ဆိုတာကတော့ တတိယအကျိုးကို ဖော်ပြတာဘဲ။ ချစ်လျက် လူ့နတ် ဆိုတာက လူတွေကလဲ ချစ်တယ်၊ နတ်တွေကလဲ ချစ်တယ် ဆိုတဲ့ စတုတ္ထအကျိုးနဲ့ ပဉ္စမအကျိုးကို ဖော်ပြတာပါဘဲ။ အဲဒီမှာ နတ်များက ချစ်ခင်ကြည်ညိုပုံကို ဝိသုဒ္ဓိမဂ်မှာ ဒီလို ပြထားပါတယ်။

## ဝိသာခမထေရ်ဝတ္ထု

တချိန်က ပါဋလိပုတ်မြို့မှာ ဝိသာခဆိုတဲ့ သူကြွယ်တယောက်ရှိခဲ့တယ်၊ သူက ပါဋလိပုတ်မြို့မှာ နေစဉ်အတွင်း၌ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)မှာ စေတီပုထိုးတွေဟာ ပန်းကုံးတွေလိုပင် များစွာ ရှိနေတဲ့အကြောင်း၊ ရဟန်းသံဃာတော်တို့၏ သက်နန်း

ရောင်ဖြင့် တောက်ပနေတဲ့အကြောင်း၊ အလိုရှိရာရာမှာ ဘေးရန် မရှိပဲ အိပ်နိုင် နေထိုင်နိုင်တဲ့အကြောင်း၊ ဥတုလဲ သပ္ပါယ ဖြစ်ကြောင်း၊ ကျောင်းကန်လဲ သပ္ပါယဖြစ်ကြောင်း၊ ရဟန်း ရှင်လူ ပုဂ္ဂိုလ်များလဲ သပ္ပါယ ဖြစ်ကြောင်း၊ တရားနာရန်လဲ သပ္ပါယဖြစ်ကြောင်း စသည်ကို ကြားသိရတယ်။

ဒါကြောင့် သူက သီဟိုဠ်သို့ သွားပြီး ရဟန်းပြုရန် ကြံစည်ပြီးတော့ သူ့ရဲ့ စီးပွားဥစ္စာတွေကို သားမယားများအား လွှဲအပ်လိုက်တယ်၊ အဲဒီလို လွှဲအပ်ပြီးတော့ ခရီးစရိတ်အဖြစ် ငွေတကျပ်သာ ယူပြီး အိမ်က ထွက်လာခဲ့တယ်၊ သင်္ဘောဆိပ်ကျတော့ ပင်လယ်ကူးသင်္ဘောကို စောင့်နေရတာက တလလောက် ကြာသတဲ့၊ ဟိုတုန်းက ပင်လယ်ကူးသင်္ဘော ဆိုတာဟာ ရွက်လှေကြီးပါဘဲ၊ သူက ရောင်းဝယ်ရေးမှာ နားလည်တဲ့အတွက် သင်္ဘောစောင့်ယင်း တလအတွင်းမှာ တနေရာမှ ပစ္စည်းကို တနေရာသို့ ယူဆောင်ပြီး ရောင်းတယ်၊ ဓမ္မိကာယ-တရားနှင့် လျော်ညီသော၊ ဝဏိဇ္ဇာယ – ရောင်းဝယ်ခြင်းဖြင့်၊ တေနေဝ အန္တရမာသေန – ထိုတလအတွင်းဖြင့်ပင်လျှင်၊ သဟဿံ အဘိ-သံဟရိ-ငွေတထောင် စုမိပါသတဲ့။ အဲဒီမှာ တရားသဖြင့် ရောင်းဝယ်ခြင်းဆိုတာ တန်ရာတန်ဘိုးပေးပြီး ဝယ်ရတယ်၊ ရောင်းတဲ့အခါကျတော့လဲ ပစ္စည်းမှန် ဈေးမှန်ဖြင့် တိတိကျကျ ရောင်းရတယ်၊ ဟိုရှေးခေတ်တုန်းက ငွေတကျပ် အရင်းပေါ်မှာ တပြား နှစ်ပြားခန့်သာ အမြတ်ယူပြီး ရောင်းလေ့ရှိကြပါတယ်၊ အဲဒီလို ပစ္စည်းမှန် ဈေးမှန်ဖြင့် ဝယ်ခြင်း ရောင်းခြင်းကို ဓမ္မိက-

ဝဏ္ဏိတ္ဌာ - တရားနှင့်အညီ ရောင်းဝယ်ခြင်းလို့ ဆိုလိုတာပါဘဲ။ အဲဒီလို တရားနှင့်အညီ ရောင်းဝယ်ပြီး အသက်မွေးတာကိုလဲ သမ္မာအာဇီဝ-မှုမှန်အသက်မွေးခြင်းလို့ ပိဋကကျမ်းဂန်များမှာ ပြဆိုထားပါတယ်။ ယခု ဝိသာခသူကြွယ်ကတော့ အသက်မွေးဖို့ ရည်ရွယ်ဟန် မတူပါဘူး၊ အချိန်အားနေလို့ ဝါသနာအလျောက် လုပ်ကိုင်ဟန်တူပါတယ်။ ဘာကြောင့်လဲ ဆိုယင်၊ နောက်ပိုင်းကျတော့ အဲဒီငွေများကို စွန့်ကြဲပစ်တဲ့အကြောင်း ပြဆိုထားသောကြောင့်ပါဘဲ။

အဲဒီကနောက် အဲဒီ ဝိသာခ သူကြွယ်ဟာ သီဟိုဠ်ကျွန်း ရောက်ပြီးတော့ မဟာဝိဟာရကျောင်းတိုက်မှာ ရှင်ရဟန်းအဖြစ် တောင်းပန်တယ်။ ရှင်ရဟန်းပြုဖို့ သိမ်သို့ ခေါ်ဆောင်လာတဲ့ အခါ သူ့ခါးပုံထဲက ငွေတထောင်အိတ်က မြေပေါ်မှာ ကျသွားတယ်။ ဒါက ဘာတုံးလို့မေးတော့ ငွေတထောင်ပါဘုရားလို့ သူက လျှောက်တယ်။ ဥပါသကာရေ၊ ရှင်သာမဏေ ပြုပြီးတဲ့ အချိန်မှ စပြီးတော့ ငွေကို မစီမံနိုင်တော့ဘူး၊ ရှင်သာမဏေမပြုရသေးမီ ယခုပင် အဲဒီငွေကို စီမံခန့်ခွဲပါ-လို့ မဟာထေရ်များက အမိန့်ရှိတဲ့အခါ "ဝိသာခ ရှင်ပြုရာမှာ လာကြတဲ့လူတွေဟာ လက်ချည်းသက်သက်ဖြင့် မပြန်ကြရပါစေနဲ့"လို့ ဆိုပြီး အဲဒီ ငွေတထောင်ကို သိမ်အပြင်မှာ ကြဲလိုက်ပြီး ရှင်ရဟန်းပြုပါသတဲ့။

အဲဒီ အရှင်ဝိသာခဟာ ငါးဝါအထိ ရဟန်းကျင့်ဝတ် ဒွေမာတိကာကို သင်ကြားလေ့လာတယ်၊ ငါးဝါရတဲ့အခါ

မိမိနှင့် သင့်တော်တဲ့ ကမ္မဋ္ဌာန်းကို ယူပြီးတော့ တခု တခုသော ကျောင်းမှာ လေးလ လေးလစီ အညီအမျှနေထိုင်လျက် ကျင့်သုံးနေပါသတဲ့။ အဲဒီလို ကျင့်နေယင်း တောထဲက တနေရာမှာ တည်လျက် သူ့ဂုဏ်ကို ဆင်ခြင်ပြီး ဒီလို ရွတ်ဆို ကျူးရင့်ပါသတဲ့။

ယာဝတာ ဥပသမ္ပန္နော၊ ယာဝတာ ဣဓ အာဂတော။
ဧတ္ထန္တရေ ခလိတံ နတ္ထိ၊ အဟော လာဘာ တေ မာရိသ။

ယာဝတာ ဥပသမ္ပန္နော-ရဟန်းဖြစ်ခဲ့သည်မှအစ၊ ယာဝတာ ဣဓ အာဂတော-ဤတောအရပ်သို့ လာရောက်သည်တိုင်အောင်၊ (အမိပ္ပါယ်နက် ပြန်သည်) ဧတ္ထန္တရေ-ဤအတွင်း၌၊ ခလိတံ-ရဟန်းကျင့်ဝတ်၌ ချွတ်ချော်မှားယွင်းခြင်းသည်၊ နတ္ထိ-မရှိပေ။ မာရိသ-အမောင် ဝိသာခ၊ တေ-သင်၏၊ လာဘာ-ရဟန်းအကျင့်ဆိုင်ရာ လာဘ်လာဘတို့သည်၊ အဟော-ကြော် အံ့ဘွယ်ကောင်းပါပေစွတကား-တဲ့။

အဲဒီ အရှင်ဝိသာခဟာ သီဟိုဠ်ကျွန်း တောင်ပိုင်းအစွန်မှာ ရှိတဲ့ စိတ္တလတောင်ကျောင်းသို့ ကြွသွားတဲ့အခါ လမ်းခွဲလမ်းခွ ရောက်တော့ ဒီလမ်းသွားရမလား၊ ဟိုလမ်းသွားရမလားလို့ ဆင်ခြင်ပြီး ရပ်တည်နေတယ်၊ အဲဒီအခါ ဘောင်စောင့်နတ်က လက်ကို ဆန့်တန်းပြီးတော့ ဒီလမ်းပါဘဲလို့ ပြောဆို ညွှန်ပြလိုက်ပါသတဲ့။ စိတ္တလတောင်ကျောင်းသို့ ရောက်ပြီးတော့

လေးလနေပြီးတဲ့အခါ နံနက်မိုးလင်းတဲ့အချိန်၌ တခြားသို့ ထွက်ခွါသွားတော့မယ်လို့ ကြံပြီး လဲလျောင်းနေတယ်၊ အဲဒီ အခါ စင်္ကြံဦးတွင် (မင်္ဂလ ခေါ်)သပြေပင်၌နေသော ရုက္ခစိုး နတ်က လှေကားထစ်ပျဉ်ချပ်ပေါ်မှာ ထိုင်ပြီး ငိုနေပါသတဲ့။

ဝိသာခမထေရ်က ငိုနေတာ ဘယ်သူလဲလို့ မေးတယ်။ အကျွန်ုပ် သပြေပင်စောင့်နတ်ပါလို့ လျှောက်တယ်။ဘာကြောင့် ငိုနေသလဲ၊ အရှင်ဘုရားကြွသွားတော့မည်ကြောင့် ငိုပါတယ်လို့ လျှောက်တယ်။ ငါ ဒီမှာနေတဲ့အတွက် သင်တို့မှာ ဘယ်လို ဂုဏ်အကျိုးကို ရသလဲ၊ အရှင်ဘုရား ဒီမှာ နေထိုင်တော်မူတဲ့ အတွက် ကျွန်ုပ်တို့ နတ်တွေဟာ အချင်းချင်း မေတ္တာကို ရကြ ပါတယ်၊ ယခု အရှင်ဘုရားကြွသွားယင် ဒီနတ်တွေဟာ ရန်ဖြစ် ကုန်ကြတော့မှာဘဲ၊ ကြမ်းကြုတ်တဲ့စကားတွေကိုလဲ ပြောကုန် ကြတော့မှာဘဲလို့ လျှောက်တယ်။ ငါ ဒီမှာနေတဲ့အတွက် သင်တို့မှာ ချမ်းသာစွာနေရခြင်း ဖြစ်ယင်တော့ ကောင်းပါ တယ်လို့ မိန့်ဆိုပြီး ဝိသာခမထေရ်က နောက်ထပ် လေးလလဲ အဲဒီမှာပင် ဆက်ပြီးနေတယ်၊ လေးလပြည့်တဲ့အခါ သွားဘို့ ကြံပြန်တယ်၊ နတ်ကလဲ တဖန် ငိုပြန်တယ်။ ဒီနည်းဖြင့် ဝိသာခ မထေရ်ဟာ အဲဒီ စိတ္တလတောင်ကျောင်းတိုက်မှာ ဆက်ကာ ဆက်ကာနေပြီး အဲဒီမှာပဲ ပရိနိဗ္ဗာန် စံတော်မူပါသတဲ့။ အဲဒါဟာ မေတ္တာပွားနေတဲ့ပုဂ္ဂိုလ်ကို နတ်များက ချစ်ခင် ကြည်ညိုကြကြောင်း ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ သာဓကဝတ္ထု ပါဘဲ။

နောက်ပြီးတော့ (၆) ဒေဝတာ ရက္ခန္တိ - နတ်များက စောင့်ရှောက်ကြပါတယ် တဲ့။ ဘယ်လို စောင့်ရှောက်ကြသလဲ ဆိုတော့—တဦးတည်းသောသားကို မိဘများက စောင့်ရှောက်ကြသလိုပင် စောင့်ရှောက်ကြပါတယ် တဲ့။ အဲဒီလို နတ်များက စောင့်ရှောက်နေယင် ဘေးရန်အန္တရာယ်ကင်းဘို့ ကောင်းကျိုးချမ်းသာတွေကို ရဘို့ ရှိတာပါဘဲ။

နောက်ပြီးတော့ (၇) အဿ-မေတ္တာပွားနေသော ထိုပုဂ္ဂိုလ်၏ ကိုယ်၌၊ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ-မီးဖြစ်စေ၊ အဆိပ်ဖြစ်စေ၊ ဓား စသော လက်နက်ဖြစ်စေ၊ န ကမတိ-မကျရောက် မထိပါးနိုင်ပေ။ မေတ္တာပွားနေတဲ့သူကို မီးလဲ မလောင်နိုင်ဘူး၊ အဆိပ်ဘေးလဲ မသင့်နိုင်ဘူး၊ ဓား လှံ မြှား စသော လက်နက်လဲ မထိပါးနိုင်ဘူး တဲ့၊ ယခုခေတ်မှပေါ်လာတဲ့ သေနတ်တို့ ဗုံးတို့ ဆိုတာတွေလဲ မထိမှန်နိုင်ဘူးလို့ ယူရမှာဘဲ၊ ဒါကြောင့် အဲဒီလို ဘေးဒဏ်တွေနဲ့နီးစပ်တဲ့အခါမှာ ဒီမေတ္တာကို လေးလေးနက်နက် အထူးသဖြင့် ပွားများနေသင့်ပါတယ်။ ဒီနေရာမှာလဲ ဝိသုဒ္ဓိမဂ်မှာ သာဓကဝတ္ထုများကို ပြထားပါတယ်၊ ဥတ္တရာဆိုတဲ့ ဥပါသိကာမမှာ ဆီပူ မလောင်သလို၊ သံယုတ္တနိကာယ်ဆောင် စူဠသိဝမထေရ်မှာ အဆိပ်မသင့်သလို၊ သံကိစ္စသာမဏေမှာ ဓားလက်နက် မထိသလိုဘဲလို့ ပြထားပါတယ်။ နောက်ပြီးတော့ နွားမကို လှံမစူးတဲ့ဝတ္ထုကိုလဲ ဒီလို ပြထားပါသေးတယ်၊ တခါက နွားမတကောင်ဟာ သားငယ်ဖြစ်တဲ့ နွားကလေးအား နို့တိုက်နေတယ်၊ မုဆိုး

တယောက်က အဲဒီ န္ဒွားမကို လှံနဲ့ အတင်းထိုးလိုက်တယ်၊ လှံသွားက နွားမ၏ကိုယ်ကို ထိတဲ့အခါ ထန်းရွက်လိုပင် လိပ်ခွေသွားပါသတဲ့။ အဲဒါဟာ ဥပစာ အပ္ပနာစျာန်ကြောင့် မဟုတ်ပါဘူး၊ သားငယ်ကို ချစ်တဲ့စိတ် သက်သက်ကြောင့်ပါဘဲ၊ မေတ္တာဟာ ဒီလောက်အထိ တန်ခိုးအာနုဘော် ရှိပါတယ် တဲ့။

အဲဒီ ဝတ္ထုတွေထဲက ဥတ္တရာဥပါသိကာမ ဝတ္ထုကတော့ ဓမ္မပဒမှာ ထင်ရှားရှိနေပါတယ်၊ အကျဉ်းလောက် ထုတ်ပြရမှာဘဲ။

## ဥတ္တရာဝတ္ထု

ဥတ္တရာရဲ့ ဖခင်က မောင်ပုဏ္ဏတဲ့၊ သူဟာ မူလက ရာဇဂြိုဟ်မြို့က သုမနသေဋ္ဌေးကို မှီပြီး လုပ်ကိုင် စားသောက်နေရတဲ့ ဆင်းရဲသားတယောက်ပါဘဲ။ တနေ့သောအခါမှာ နိရောဓသမာပတ်မှ ထလာတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဒန်ပူနဲ့ မျက်နှာသစ်ရေကို လှူတယ်၊ သူ့ဇနီးကလဲ အဲဒီနေ့မှာ သူ ယာထွန်နေရာသို့ ထမင်းလာပို့ယင်း အရှင်သာရိပုတ္တရာကို တွေ့ရတာနဲ့ သဒ္ဓါတရား ထက်သန်စွာဖြစ်ပြီးတော့ သူ့ခင်ပွန်းအတွက် ထမင်းကို လှူလိုက်တယ်၊ အဲဒီကောင်းမှုများကြောင့် မောင်ပုဏ္ဏထွန်ထားတဲ့ မြေကွက်တခုလုံး ရွှေတွေဖြစ်နေတယ်လို့ ဆိုပါတယ်၊ ယခုနေအခါမှာတော့ ယုံချင်မှ ယုံကြမယ်၊ ဒါပေမဲ့ ဟိုတုန်းက ပုဂ္ဂိုလ်ထူးတွေကို အမှီပြုပြီး ကုသိုလ်အထူးက အကျိုးထူးတွေ ပေးတာဟာ ယခုခေတ်မှာ ရှေးက မဖြစ်စဘူး

အထူးဖြစ်ပေါ်လာတဲ့ စက်ပစ္စည်း ခေတ်ပစ္စည်းများနှင့် နှိုင်းစာကြည့်ယင် ယုံကြည်နိုင်စရာရှိပါတယ်၊ ယခုခေတ်မှာ ရှေးကလူတွေ မယုံကြည်နိုင်လောက်အောင် အထူးတွေ ပေါ်လာသလိုဘဲ ရှေးခေတ်ကလဲ ယခုခေတ်လူတွေ မယုံကြည်နိုင်လောက်အောင် အထူးအဆန်းတွေ ပေါ်ခဲ့တယ်လို့ အသင့်အတင့် နှလုံးသွင်းယင် ယုံကြည်ဘွယ်ရှိပါတယ်။

အဲဒီလို မြေကြီးခဲတွေက ထူးထူးဆန်းဆန်း ရွှေတုံး ရွှေခဲတွေဖြစ်လာတဲ့အတွက် ဆင်းရဲသား မောင်ပုဏ္ဏအဖြစ်မှ သေဌေးကြီးဦးပုဏ္ဏ ဖြစ်လာခဲ့တယ်။ နောက်တချိန်မှာ မူလက အရှင်သခင်ဖြစ်ခဲ့တဲ့ သုမနသေဌေးက ပုဏ္ဏသေဌေးကြီး၏ သမီး ဥတ္တရာကိုသူ့သားနှင့် လက်ထပ်ရန် တောင်းခဲ့တယ်။ ပုဏ္ဏသေဌေးကြီးနှင့်သူ့ဇနီး, သူ့သမီး ဥတ္တရာတို့က သေဌေးဖြစ်ခါစ အိမ်တက်မင်္ဂလာပွဲတုန်းကပင် မြတ်စွာဘုရား၏ တရားတော်ကို နာပြီးသောတာပန် ဖြစ်ခဲ့ကြတယ်၊ သုမနသေဌေး အိမ်ထောင်စုကတော့ ဗုဒ္ဓသာသနာ၀င် မဟုတ်ပဲ ဘာသာခြား ဖြစ်နေတယ်၊ဒါကြောင့် ပုဏ္ဏသေဌေးကြီးက အဲဒီတောင်းဆိုချက်ကို သဘောမတူနိုင်ပဲ ရှိနေခဲ့တယ်။ သင့်သားက မိစ္ဆာဒိဋ္ဌိ၊ ငါ့သမီးကရတနာသုံးပါးနဲ့ ကင်းပြီး မနေနိုင်ဘူး၊ ဒါကြောင့် သဘောမတူကြောင်းလဲ ဖွင့်ဟပြောတယ်။ ဒါပေမဲ့ မိတ်မပျက်သင့်ကြောင်း အများက ၀ိုင်းပြောကြတာနဲ့ နောက်ဆုံးကျတော့သမီး ဥတ္တရာကို သုမနသေဌေးသားနှင့် လက်ထပ်ပေးလိုက်ရတယ်။

အဲဒီ ဥတ္တရာဟာ ဝါဆိုလပြည့်နေ့မှာ ခင်ပွန်းအိမ်သို့ လိုက်သွားရတယ်၊ အဲဒီနေ့က စပြီး ရဟန်းသံဃာ ရဟန်းမတို့ထံ ဆည်းကပ်ခွင့် မရခဲ့ဘူး၊ လှူရန် တရားနာရန်လဲ အခွင့် မရခဲ့ဘူး တဲ့၊ အဲဒီလိုနဲ့ နေလာခဲ့ရတာ နှစ်လခွဲ ကြာတဲ့အခါ ကျတော့ ဥတ္တရာက သူ့ဖခင်ထံ အကြောင်းကြားလိုက်တယ်၊ "သမီးကို ဘာ့ကြောင့် ဒီလိုထောင်ထဲ ချထားရသလဲ၊ တံဆိပ် ခတ်ပြီး သူများကျွန်အဖြစ် ကျေညာတာက ကောင်းပါ သေးတယ်၊ ဒီလို မိစ္ဆာဒိဋ္ဌိအမျိုးအား ပေးအပ်ရန်တော့ မသင့် ပါဘူး၊ လာခဲ့တဲ့နေ့က စပြီး ရဟန်းသံဃာကို ဖူးမြင်ရခြင်း စသော ကုသိုလ်ထဲက တခုမှ ပြုခွင့်မရပါဘူး"လို့ အကြောင်း ကြားလိုက်တယ်။

အဲဒီတော့ သူ့ဖခင် သေဋ္ဌေးကြီးက "ငါ့သမီးတော့ ဆင်းရဲ နေရှာပြီ" လို့ ဝမ်းနည်းစကား ပြောကြားပြီးတော့ ငွေ တသောင်း ငါးထောင် ပေးပို့လိုက်စေတယ်၊ အဲဒီတုန်းက အဲဒီမြို့မှာ သိရိမာ ဆိုတဲ့ နာမည်ကျော် အမျိုးသမီးတယောက် ရှိတယ်၊ သူက တရက်အတွက် ငွေတစ်ထောင် အခယူပြီး အမျိုးသားကို ဖျော်ဖြေတယ်၊ အဲဒီ သိရိမာကို တသောင်း ငါးထောင်နဲ့ ငှားပြီး ဥတ္တရာ၏ ခင်ပွန်းကို ပြုစုစေဘို့၊ အဲဒီ ၁၅-ရက်အတွင်းမှာ ဥတ္တရာက လွတ်လွတ်လပ်လပ် ကုသိုလ် ကောင်းမှုများကို ပြုနိုင်ဘို့ ရည်ရွယ်ပြီး ပေးလိုက်တဲ့ ငွေတွေ ဖြစ်ပါသတဲ့။

အဲဒီတော့ ဥတ္တရာက သိရိမာကိုခေါ်ပြီး ၁၅-ရက်အတွင်း သူ့ခင်ပွန်းအား ပြုစုဘို့ ပြောကြားပြီး ငွေတွေကိုလဲ ပေးလိုက်ပါသတဲ့၊ သိရိမာက သဘောတူတဲ့အတွက် ဥတ္တရာက သူ့ခင်ပွန်းထံ ခေါ်သွားပြီး ၁၅-ရက်အတွင်းမှာ သိရိမာက သူ့ကိုယ်စား လုပ်ကျွေး ပြုစုရမည့်အကြောင်း, သူကတော့ ကုသိုလ်ကောင်းမှုများကိုသာ လွတ်လွတ်လပ်လပ် ပြုနေလိုကြောင်း ပြောကြားတယ်၊ သူ့ခင်ပွန်းကလဲ အလွန်လှပတဲ့ သိရိမာကို မြင်ရတော့ သဘောတူပြီး ခွင့်ပြုလိုက်ပါသတဲ့။

အဲဒီနေ့က စပြီး ဥတ္တရာဟာ ဘုရားအမှူးရှိသော သံဃာတော်ကို နေ့စဉ်ပင့်ပြီး ဆွမ်းကပ်လှူတယ်၊ တရားလဲ နာနေတယ်၊ သံဃာတော်များအတွက် ချက်ပြုတ်ရေးမှာလဲ ဒီလိုချက် ဒီလိုလုပ် စသည်ဖြင့် စီမံခန့်ခွဲနေတယ်။ သီတင်းကျွတ် လဆန်း ၁၄-ရက်နေ့မှာ သူ့ခင်ပွန်း သေဋ္ဌေးသားက ပြူတင်းပေါက်က နေပြီး မီးဖိုချောင်ဆီ လှမ်းကြည့်လိုက်တဲ့အခါ ချက်ပြုတ်ရေးအတွက် စီမံနေတဲ့ ဥတ္တရာကို မြင်ရတယ်၊ ချွေးတွေလဲ ထွက်ပြီး ပြာတွေ မီးသွေးတွေနဲ့လဲ ပေပြီး နေတာကို မြင်ရတော့ "ကြောင် မသိမလိမ္မာရှာတဲ့ အကောင်မဟာ ဒီလို အိမ်ကြီးပေါ်မှာ စည်းစိမ်ကြွက်သရေကို မခံစားနိုင်ရှာဘူး၊ ကတုံးရဟန်းတွေကို လုပ်ကျွေးပြုစုရမယ်လို့ အားရကျေနပ်တဲ့ စိတ်ဖြင့် လုပ်ကိုင်နေပါပေရဲ့"လို့ ရယ်မောပြီး ပြူတင်းပေါက်မှ ခွါသွားတယ်။

အဲဒါကိုမြင်တွေ့ရတော့ သိရိမာက ဘယ်သူကိုမြင်လို့ ပြုံးရယ်ပါလိမ့်လို့ဆင်ခြင်ပြီး အဲဒီပြူတင်းပေါက်က ကြည့်လိုက်တဲ့အခါ

ဥတ္တရာကို မြင်ရတယ်၊ အဲဒီတော့ သူက "သေဌေးသားဟာ ဒီအကောင်မနဲ့ ဆက်ဆံမှု ရှိဟန် တူတယ်"လို့ တွေးထင်မိတယ်၊ သူက ၁၅-ရက်လောက်နေရတာနဲ့ သူ့ကိုယ်သူ အိမ်ပိုင်ရှင်စိတ် ပေါက်နေတယ်၊ အငှား လာနေရတယ် ဆိုတာ သတိမရဘူး၊ ဒါကြောင့် ဥတ္တရာအပေါ်မှာ မနာလိုစိတ်လဲဖြစ်တယ်၊ ရန်ငြိုးလဲ ထားတယ်၊ ဒါကြောင့် ဥတ္တရာကို ဆင်းရဲအောင်လုပ်ဖို့ ကြံရွယ်ပြီး အိမ်ပေါ်က ဆင်းလာတယ်၊ မီးဖိုထဲမှ မုံ့ကျော်နေရာက ထောပတ်ဆီပူတွေကို ယောက်ချိုခွက်နဲ့ ခပ်ယူလာပြီး ဥတ္တရာထံ ချဉ်းကပ်လာတယ်။ ဥတ္တရာက သိရိမာကို မြင်ရတော့ ဒီလို မေတ္တာ ပွားပါသတဲ့၊ "ငါ့သူငယ်ချင်း သိရိမာဟာ ငါ့အား ကျေးဇူးများအောင် ပြုပါပေတယ်၊ စကြဝဠာတိုက် ဆိုတာက ကျဉ်းပါသေးတယ်၊ သိရိမာရဲ့ကျေးဇူးတွေက ပိုပြီးကျယ်ပြန့်ပါ ပေတယ်၊ သူက ငါ့ခင်ပွန်းကို ကျေနပ်အောင် ပြုစုနေပေလို့ ငါ့မှာ ဒါနကုသိုလ်လဲပြုရန် တရားကိုလဲနာရန် အခွင့်ရပါပေ တယ်၊ အကယ်၍ ငါက သူ့အပေါ်မှာ အမျက်ထွက်ယင် သူ ယူ လာတဲ့ ထောပတ်ဆီပူဟာ ငါ့ကို လောင်ပါစေ၊ ငါက အမျက် ထွက်ခြင်း မရှိယင်တော့ မပူလောင်ပါစေလင့်"လို့ မေတ္တာဖြင့် ဖြန့်ပြီး သစ္စာ ပြုလိုက်ပါသတဲ့။ သိရိမာက ဥတ္တရာ အပေါ် လောင်းချလိုက်တဲ့ ထောပတ်ဆီပူဟာ အေးမြတဲ့ရေလို ဖြစ်သွား ပါသတဲ့။

အဲဒီတော့ သိရိမာက "ဒါက အေးနေဟန် တူတယ်"လို့ ကြံတွေးပြီး နောက်တခါ ယောက်ချိုနဲ့ ခပ်ယူလာပြန်တယ်။

အဲဒီတော့ ဥတ္တရာရဲ့ အခြွေအရံတွေက “သွားဟဲ့....မလိမ္မာတဲ့ အကောင်မ၊ နင်ဟာ ငါတို့သခင်မကို ထောပတ်ပူဖြင့် မလောင်းနဲ့”လို့ ကြိမ်းမောင်း ခြိမ်းခြောက်ပြီး လက်များ ခြေများဖြင့် ပုတ်ခတ် နှိပ်စက်ကြတယ်၊ အဲဒီလိုပုတ်ခတ်ပြီး မြေကြီးပေါ်မှာ လဲကျသွားစေကြတယ်၊ ဥတ္တရာက အဲဒီလိုမနှိပ်စက်ရန် တားမြစ်သော်လဲ တားမြစ်လို့မရဘဲ ဖြစ်သွားပါသတဲ့။ အဲဒီအခါ ဥတ္တရာက သူ့အခြွေအရံများကို တားမြစ်ပြီးတော့ “သိရိမာရေ၊ ဘာကြောင့် ဒါလောက် ကြီးလေးတဲ့အမှုကို လုပ်သလဲကွယ်” စသည်ဖြင့် အဆုံးအမဩဝါဒပေးပြီးတော့ ရေနွေးဖြင့်လဲရေချိုးပေးစေတယ်၊ အကြိမ်တရာချက်ထားတဲ့ ဆီညက်ဖြင့်လဲလိမ်းပေးစေတယ်။

အဲဒီတော့မှ သိရိမာက သူဟာ အပြင်က အခစား ပြုစုလုပ်ကျွေးနေရတဲ့သူ ဖြစ်ကြောင်း အမှတ်ရပြီးတော့ ကန်တော့တောင်းပန်တယ်။ ဥတ္တရာက ငါ့ဖခင်ဖြစ်တဲ့ မြတ်စွာဘုရားထံ တောင်းပန်ပါလို့ ညွှန်ကြားတယ်။ အတိုချုံး ပြောရမှာဘဲ၊ ဥတ္တရာက စီစဉ်ပေးတဲ့အတိုင်း သိရိမာက ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းကပ်လှူပြီး မြတ်စွာဘုရားထံ တောင်းပန်တယ်၊ အဲဒီအခါ မြတ်စွာဘုရားက “အမျက်ထွက်သူကို အမျက်မထွက်ပဲ သည်းခံခြင်းဖြင့် အောင်နိုင်ရမယ်”စသည်ဖြင့် ဂါထာတပုဒ်တရားကို ဟောကြားတော်မူပါတယ်။ အဲဒီ တရားကို ကြားနာပြီးတော့ သိရိမာဟာ အမျိုးသမီး ငါးရာနှင့် တကွ သောတာပန် ဖြစ်သွားပါသတဲ့။ ဒီဝတ္ထုထဲမှာ ပြောလိုရင်းက

တော့ ထေ၀ပတ်ဆိပ္ပဖြင့် လောင်းသော်လဲ ဥတ္တရာဥပါသိကာမ မှာ မေတ္တာ ဘာဝနာ၏ အစွမ်းကြောင့် ပူလောင်ခြင်း မရှိပဲ ချမ်းသာစွာ ရှိနေကြောင်းပါဘဲ။ ကဲ ဆောင်ပုဒ်ကို ထပ်ပြီး ဆိုကြရဦးမယ်။

အိပ်နိုး-ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ် နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ (အဲဒီအကျိုးကိုပြောနေတာဘဲ၊စကားကြောက တော်တော် ရှည်သွားပြီ။ အဆိပ်ဘေးမသင့်တဲ့ စူဠသိဝမထေရ် အကြောင်း ကတော့ ယခုလက်ရှိ အဋ္ဌကထာ-ဋီကာများမှာ အကျယ်ပြချက် ကို မတွေ့ရဘူး။ သံကိစ္စသာမဏေအကြောင်းကတော့ တုဝဠက သုတ် တရားတော်စာအုပ် နှာ ၉၁-မှာ ပြထားပြီး ရှိနေပါပြီ၊ အဲဒီမှာတော့ ဈာန်ဝင်စားနေတယ်လို့သာ ပါတယ်၊ ဘာ ဈာန် ရယ်လို့ မထင်ရှားဘူး၊ ဒီနေရာမှာ ဝိသုဒ္ဓိမဂ် ပြဆိုချက် အရ အားဖြင့်တော့ မေတ္တာဈာန်ဝင်စားနေတယ်လို့ မှတ်ယူဘို့ပါဘဲ၊ အဲဒါဟာ မီး-အဆိပ်-ဓား-စသော လက်နက်ဘေးဒဏ် မသင့်ပုံ ပြဆိုချက်များပါဘဲ၊ ကဲ-ဆက်ဆိုကြရမယ်) မီး-ဆိပ်-ဓားတို့၊ ရှောင်ရှား ကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရွှင်ကြည် မျက်နှာ၊ (အဲဒီအကျိုး ၂-ပါးကိုတော့ ပါဠိတော်မှာ ဒီလိုပြထားတယ်။)

(ဂ) တုဝဋံ စိတ္တံ သမာဓိယတိ-စိတ်လဲ လျင်မြန်စွာ တည် ကြည်တတ်ပါတယ်တဲ့၊ ချမ်းသာလိုကြတဲ့သူတွေကို ချမ်းသာပါ စေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားရတာဟာ အလိုက်သင့် လဲဖြစ်, နှလုံးသွင်းရတာလဲ လွယ်ဘယ်၊ ဒါကြောင့် စိတ်ဟာ

မကြာခင်ပဲ တည်ကြည်ငြိမ်သက်သွားတတ်ပါတယ်တဲ့။ အဲဒါကို ဆောင်ပုဒ်မှာ လျင်စွာ စိတ်တည်-လို့ ဆိုထားတယ်။

နောက် အကျိုးကတော့ (၉) မုခဝဏ္ဏော ဝိပ္ပသီဒတိ-မျက်နှာအဆင်းလဲ ကြည်လင်တတ်ပါတယ်တဲ့။ ဒါလဲ ခုတင်က ပြောခဲ့တဲ့အတိုင်း အလိုက်သင့်ပွားရတာလဲ ဖြစ်တယ်၊ လွယ်လဲ လွယ်တယ်၊ ဒါကြောင့် မျက်နှာအဆင်း ကြည်လင်တာပါဘဲ။ အဲဒါကို ဆောင်ပုဒ်မှာ ရွှင်ကြည်မျက်နှာ-လို့ ဆိုထားတယ်။

နောက်တခုကတော့ (၁၀) အသမ္မူဠှော ကာလံ ကရောတိ-တွေဝေခြင်းမရှိပဲ သေရပါတယ်တဲ့။ အဲဒါက အရေးကြီးတယ်၊ သေခါနီးမှာ အကြီးအကျယ် နာကျင်ကိုက်ခဲမှု မောပန်းမှု စသည်ကြောင့် အမှတ်သတိ ကောင်းကောင်းမရပဲလဲ သေသွားရ တတ်တယ်၊ သို့မဟုတ် လောဘ ဒေါသစိတ်တွေ ဖြစ်နေလျက်လဲ သေသွားရတတ်တယ်၊ မောဟဖြင့် အလွဲအမှားတွေကို ကြံစည် တွေးတောယင်းလဲသေသွားတတ်တယ်၊အဲဒါတွေဟာတွေဝေပြီး သေတာတွေဘဲ၊ အဲဒီလို သေသွားယင် အပါယ်လေးပါး ကျ ရောက်ဖို့ အလွန် နီးစပ်ပါတယ်။ ဒါပေမဲ့ တချို့ကတော့ မေ့ မျောနေပေမယ်လို့ စိတ်ကတော့ ကုသိုလ်ဆိုင်ရာ အာရုံတွေ သုဂတိဆိုင်ရာ နိမိတ်တွေဆီရောက်ပြီး သက်သက်သာသာ ဖြစ်နေ တာလဲ ရှိတတ်ပါသေးရဲ့၊ အဲဒီလိုဆိုယင်တော့ သုဂတိမှာ ဖြစ်နိုင် ပါသေးတယ်။ အဲဒါကို ဆောင်ပုဒ်မှာ သေကာမတွေ-လို့ ဆို ထားတယ်။

နောက်ဆုံးအကျိုးကတော့ (၁၁) ဥတ္တရိ အပ္ပဋိ ဝိဇ္ဈန္တော- မေတ္တာစျာန်ထက် အလွန် အရဟတ္တဖိုလ်ကို မသိရ မရောက်ရ လတ်သော်၊ ဗြဟ္မလောကူပဂေါ ဗြဟ္မလောကသို့ ကပ်ရောက်ရသည်၊ ဟောတိ-ဖြစ်၏တဲ့။ မေတ္တာစျာန်လောကီသာ ရတယ်၊ အရဟတ္တဖိုလ်ထိအောင်တော့ မရောက်ရသေးဘူးဆိုယင် ဗြဟ္မာ့ဘုံ၌ ဖြစ်ရပါတယ်တဲ့၊ ပုထုဇဉ်လဲ မေတ္တာစျာန် ရယင် ဗြဟ္မာ့ဘုံ ဖြစ်နိုင်တာဘဲ၊ သောတာပန် သကဒါဂါမ်များလဲ ဗြဟ္မာ့ဘုံမှာ ဖြစ်တာဘဲ၊ အနာဂါမ်ကတော့ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ဖြစ်ရတတ်တယ်။ စျာန်မရပဲ ဥပစာသမာဓိလောကီသာ ရယင်တော့ လူ့လောက နတ်လောက သုဂတိဘဝများမှာ ဖြစ်နိုင်ပါတယ်၊ ရှေ့ပိုင်းနားကပြောခဲ့တဲ့ မနုဉာနိဆိုတဲ့ ပုဏ္ဏားကတော့ သေခါနီး နာရီဝက်လောက်အတွင်း မေတ္တာစသည်ကို ပွားစေပြီး စျာန်ကို ရတဲ့အတွက် ဗြဟ္မာ့ဘုံသို့ ရောက်သွားရတယ်၊ အဲဒါ အထူး သတိပြုစရာလဲ ကောင်းတယ်၊ အားကျပြီး အတုလိုက်ကျင့်စရာလဲ ကောင်းတယ်။ ဒီအကျိုးကို ဆောင်ပုဒ်မှာ လားလေ ဗြဟ္မာ-လို့ ဆိုပြီးတော့ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း-လို့ နိဂုံးချုပ်လိုက်ပါတယ်။ အဲဒီ ဆောင်ပုဒ်ကို အစမှစပြီး ဆိုကြရဦးမယ်၊ ကဲ-လိုက်ဆိုကြ။

အိပ်နိုး-ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ့နတ်၊ စောင့်လတ် နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှား ကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေကာမတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

ဒီကနေ့ ဗြဟ္မဝိဟာရအကြောင်း ဟောပြီးတော့ ပါရမီဖြစ် ကုသိုလ်ဖြစ် မေတ္တာပွားပုံနဲ့ ၅၂၈-သွယ် မေတ္တာပွားပုံ များလဲ ဟောခဲ့ပြီ၊ မေတ္တာပွားမှု၏ အကျိုးအာနိသင်များလဲ ဟောခဲ့ပြီ၊ တော်တော်စုံသွားပါပြီ။ ဒါပေမဲ့ ဝိပဿနာအကြောင်းလဲ နဲနဲ တော့ ပြောရဦးမယ်။

## မေတ္တာနဲ့ ဝိပဿနာ တွဲရှုပွားပုံ

မေတ္တာဘာဝနာကိုပွားပြီး ချမ်းရတဲ့ပုဂ္ဂိုလ်မှာ အဲဒီမေတ္တာ ချမ်းကိုအခြေခံပြုပြီး ဝိပဿနာရှုယင် အရဟတ္တဖိုလ်သို့လဲ ရောက် သွားနိုင်တယ်၊ အရဟတ္တဖိုလ်မရောက်တောင် အနာဂါမိမဂ်ဖိုလ် ရောက်ပြီး အနာဂါမ် ဖြစ်သွားနိုင်တယ်။ ဘယ်လို ရှုရသလဲ ဆိုတော့ မေတ္တာချမ်းကို ဝင်စားပြီးတော့ ချမ်းစိတ်ရပ်စဲသွား တဲ့အခါ အဲဒီချမ်းကို ရှုရတာပါဘဲ၊ ချမ်းကိုဝင်စားလိုက်, အဲဒီ ချမ်းကိုရှုလိုက်နဲ့ သမထနှင့်ဝိပဿနာ အစုံ အစုံတွဲပြီး ရှုပွားတာ ဖြစ်သောကြောင့် ယုဂနဒ္ဓရှုနည်း ခေါ်တယ်။ ဝိပဿနာရှုပုံ ကတော့ ယခု ဒီကယောဂီတွေ ရှုမှတ်တာမျိုးပါဘဲ၊ ယခု ဒီက ယောဂီတွေဟာ မြင်ပြီးယင် မြင်တာကို ရှုမှတ်ရတယ်၊ ကြား ပြီးယင် ကြားတာကို ရှုမှတ်ရတယ်၊ ထိသိပြီးယင် ထိသိတာကို ရှုမှတ်ရတယ်၊ ကြံသိပြီးယင် ကြံသိတာကို ရှုမှတ်ရတယ်၊ အဲဒါ လိုပါဘဲ ချမ်းစိတ်ဖြစ်ပြီးယင် အဲဒီချမ်းစိတ်ကို ရှုမှတ် ရှုမှတ် သွားရတာပါဘဲ။ ထူးတာကတော့ အဲဒီချမ်းရပုဂ္ဂိုလ်က ချမ်း စိတ်ကို ရှုတယ်၊ ယခု ယောဂီများမှာတော့ ချမ်းစိတ်မရှိလို့ မိမိ

တို့မှာရှိနေတဲ့ မြင်သိစိတ် စသည်ကို ရှုရတယ်၊ ဒါလောက်ပဲ ထူးပါတယ်။

ယခုလဲ အဲဒီ ယုဂန္ဒရုပ်အရ ချမ်းသာပါစေလို့ မေတ္တာကို ပွားလိုက်၊ အဲဒီမေတ္တာစိတ်ကို ရှုလိုက်နဲ့ အစုံ အစုံ တွဲပြီး ရှုကြရမယ်။ အဲဒီလိုရှုယင် မည်သူတွေလို့ ရွတ်ဆိုစဉ်က ရွတ်ဆိုလိုတဲ့ စိတ်နဲ့ ရွတ်ဆိုတဲ့ ကိုယ်ရုပ် အသံရုပ်တွေ၊ ချမ်းသာပါစေလို့ ရွတ်ဆိုလိုတဲ့ နှလုံးသွင်းတဲ့စိတ်နဲ့ ရွတ်ဆိုတဲ့ ကိုယ်ရုပ် အသံရုပ်တွေ ချက်ခြင်းပင် ပျောက်ပျောက်သွားကြတာကို တွေ့သိနိုင်တယ်၊ အဲဒီလို သိသိသွားတာဟာ (ခယဋ္ဌေန အနိစ္စံ-ကုန်ဆုံးကုန်ဆုံးသွားသောကြောင့် မမြဲဘူး-လို့) ပြဆိုထားတဲ့အတိုင်း မမြဲတာကို သိသိသွားတဲ့ ဝိပဿနာဉာဏ် အစစ်တွေပါဘဲ။ ကဲ....လိုက်ပြီး ဆိုလဲ ဆိုကြ၊ စိတ်ဖြင့်လဲ နှလုံးသွင်းကြ ရှုကြရမယ်၊ ဘုန်းကြီးကလဲ ဖြေးဖြေးချင်း ဆိုသွားမယ်။

ဤရိပ်သာအတွင်း၌ ရဟန်းရှင်လူတွေ ယောဂီတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ဤရိပ်သာအတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ ရဟန်းရှင်လူတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

မြန်မာပြည်သူ ပြည်သားတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ - ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ချမ်းသာကြပါစေလို့ နှလုံးသွင်း ရွတ်ဆိုတိုင်း နှလုံးသွင်းတဲ့စိတ်နဲ့ ရွတ်ဆိုလိုတဲ့စိတ်ရော, ရွတ်ဆိုတဲ့ ကိုယ်အမူအရာရုပ်နဲ့ အသံရုပ်ရော ချက်ခြင်းပင် ချုပ်ပျောက် ချုပ်ပျောက်သွားတယ်၊

အဲဒါကို တကြိမ်ထပ်ပြီးတော့ ရွတ်ဆို ပွားများယင်း ရှုမှတ်ကြဦးစို့။

ဤရိပ်သာအတွင်း၌ ရဟန်းရှင်လူတွေ ယောဂီတွေ ချမ်းသာကြပါစေ။

ဤရိပ်သာအတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ ရဟန်းရှင်လူတွေ ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။

မြန်မာပြည်သူ ပြည်သားတွေ ချမ်းသာကြပါစေ။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ - ချမ်းသာကြပါစေ။

ဤ ဗြဟ္မဝိဟာရတရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနှင့် မေတ္တာစသော ဗြဟ္မဝိဟာရတို့ကို စွမ်းနိုင်သမျှ ပွားစေကြလျက်, ထိုဘာဝနာစိတ်နှင့် ရုပ်တို့ကိုလဲ ရှုသိနိုင်ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု—သာဓု—သာဓု။

ဗြဟ္မဝိဟာရတရားတော် ပဉ္စမပိုင်း ပြီး၏။

ပြဟ္မဝိဟာရတရားတော်

# ဒုတိယပိုင်း

၁၃၂၇-ခုနှစ် ဝါဆိုလဆုတ်(၈)ရက်နေ့ ဟောသည်

---

## တရားအနုသန္ဓေ

ဝါဆိုလပြည့်နေ့က မေတ္တာပွားပုံကို ဟောခဲ့တယ်၊ ပါရမီဖြစ် ကုသိုလ်ဖြစ်ပွားပုံကို ဟောခဲ့တာကဘဲ များပါတယ်၊ ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့အစဉ်အားဖြင့်တော့ ချမ်းသာစွာ ထိုင်ပြီးတဲ့နောက် ဒေါသ၏ အပြစ်ဆင်ခြင်ပုံ၊ သည်းခံခြင်း၏ အကျိုးဆင်ခြင်ပုံ လောက်ပဲ ပြောပြီးသေးတယ်။ ဒီကနေ့ အဲဒီရောက်ရာ အစဉ်က စပြီး မေတ္တာပွားပုံကို ပြောရမယ်။

## ချမ်းသာစွာထိုင်ပုံ

ချမ်းသာစွာထိုင်ပုံကို လပြည့်နေ့က ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ဘုရားဟောတဲ့ဒေသနာအရ ဒီကနေ့ ဖြည့်စွက်ပြီး ပြောရဦးမယ်။

မြတ်စွာဘုရားက တရားအားထုတ်ဖို့နေရာကို ဒီလို ညွှန်ကြား တော်မူပါတယ်။ အရညဂတော ဝါ-တောအရပ်သို့ ကပ်ရောက်

လျက် ဖြစ်စေ၊ ရုက္ခမူလဂတော ဝါ - သစ်ပင်ရင်း သစ်ပင် အောက်သို့ ကပ်ရောက်လျက်ဖြစ်စေ၊ သုညာဂါရဂတော ဝါ- အခြား လူသူကင်းဆိတ်သော ကျောင်း အိမ် အဆောက် အအုံသို့ ကပ်ရောက်လျက်ဖြစ်စေ၊ နိသီဒတိ-ထိုင်နေရမယ် တဲ့။ အဲဒီမှာ တောအရပ်၌ အားထုတ်ဖို့ ရှေးဦးစွာ ညွှန်ကြားတော် မူတယ်။ အဲဒီ တောအရပ် မသွားနိုင်ယင်လဲ သစ်ပင်အောက် သွားပြီး အားထုတ်ဖို့ ညွှန်ကြားတော်မူတယ်၊ သစ်ပင်အောက် သွားနေရန်လဲ မဖြစ်နိုင်လို့ရှိယင် အခြား လူသူမရှိတဲ့ ကျောင်း အိမ် အဆောက်အအုံမှာ အားထုတ်ဖို့ ညွှန်ကြားတော်မူပါတယ်။ အဲဒီ အဆောက်အအုံကလဲ (သုည) လူသူကင်းဆိတ်တယ် ဆိုတဲ့ စကားအရ အခြားသူ လုံးဝမရှိယင်တော့ အကောင်းဆုံး ပါဘဲ၊ ဒါပေမဲ့ အခြားသူကလဲ ဆိတ်ငြိမ်ခြင်းကို အလိုရှိပြီး တရားအားထုတ်နေသူဖြစ်ယင်, အမျိုးသား အချင်းချင်း အမျိုး သမီး အချင်းချင်း သဘာဂပုဂ္ဂိုလ်လဲ ဖြစ်ယင်တော့ အဲဒီလို နေရာလဲ သင့်လျော်တယ်လို့ ဆိုရမှာဘဲ၊ အကောင်းဆုံးကတော့ အခြားသူ လုံးဝမရှိတဲ့နေရာဟာ အကောင်းဆုံးပါဘဲ။

ထိုင်ပုံကိုလဲ ပလ္လင်္ကံ အာဘုဇိတွာ - ထက်ဝယ်ဖွဲ့ခွေလျက် ထိုင်ရမယ် တဲ့၊ အဲဒီ ထိုင်ပုံကိုတော့ တနေ့က အပြည့်အစုံ ပြောခဲ့ပါပြီ၊ ဒါပေမဲ့ အဲဒီလို ထိုင်ရာမှာလဲ ဥဇုံ ကာယံ ပဏိ ဓာယ-အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထားရမယ်လို့လဲ ညွှန် ကြားတော်မူပါသေးတယ်၊ ခါးကုန်းပြီး လျော့ယဲ့ယဲ့ထိုင်နေယင် ဝီရိယအား လျော့နေတတ်ပါတယ်၊ ဒါကြောင့် ခါးမှ အထက်

ပိုင်းကိုယ်ကို မတ်မတ်တောင့်ထားလျက်ထိုင်နေဘို့ပါဘဲ။ အဲဒီလို ထိုင်တဲ့အခါမှာလဲ တခြားတပါးကို စိတ်မကူးပဲ မိမိရှုမဲ့ကမ္မဋ္ဌာန်း အာရုံဆီကို စိတ်ညွှတ်စေဘို့ရာလဲ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ- ကမ္မဋ္ဌာန်းအာရုံဆီ ရှေးရှုသတိကိုဖြစ်စေရမယ်လို့ ညွှန်ကြားတော်မူပါတယ်။ ယခု ပြောရမည့် မေတ္တာ ကမ္မဋ္ဌာန်းအရ ဆိုတော့ မေတ္တာပွားသင့်တဲ့ ပုဂ္ဂိုလ်များဆီ စိတ်ညွှတ်ရမှာပါဘဲ။ ဒီနေရာမှာ မေတ္တာစပြီး မပွားသင့်တဲ့ပုဂ္ဂိုလ်ရယ်, မေတ္တာ လုံးဝ မပွားသင့်တဲ့ပုဂ္ဂိုလ်ရယ်-အဲဒီ ပုဂ္ဂိုလ်များကိုလဲ စောစောကတည်းက သိနားလည်ထားရမယ်တဲ့။

## မေတ္တာစ၍ မပွားသင့်တဲ့ ပုဂ္ဂိုလ်များ

မေတ္တာစ၍မပွားသင့်တဲ့ ပုဂ္ဂိုလ်များဆိုတာ (၁) (အပ္ပိယ) မုန်းအပ်တဲ့ပုဂ္ဂိုလ်၊ (၂) (အတိပ္ပိယ)အလွန်ချစ်အပ်တဲ့ ပုဂ္ဂိုလ်၊ (၃) မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၊ (၄) ရန်သူပုဂ္ဂိုလ် ဆိုတဲ့ ဒီ ၄-ဦးပါဘဲ။ အဲဒီပုဂ္ဂိုလ်တွေကို စပြီး မေတ္တာမပွားသင့်ခြင်း၏ အကြောင်းကတော့ ကိုယ်က မုန်းတီးနေတဲ့သူကို ချစ်တဲ့သူလိုသဘောထားပြီး ချမ်းသာပါစေလို့ နှလုံးသွင်းဘို့ ခက်တယ်တဲ့။ ဟုတ်တယ် မုန်းနေတဲ့လူကို ချမ်းသာစေလိုတဲ့စိတ်ဖြင့် နှလုံးသွင်းဘို့ မေတ္တာပွားဘို့ ခက်မှာပါဘဲ။ အလွန်ချစ်နေတဲ့ သားသမီးတို့လို, ညီအစ်ကိုတို့လို, အစ်မညီမတို့လို, တပည့်ရင်းတို့လို ဒီလိုလူတွေကို သာမန် အလယ်အလတ် ပုဂ္ဂိုလ်အနေမျိုးနဲ့ ထားပြီး ခမေတ္တာပွားဘို့လဲ ခက်ပါတယ်တဲ့၊ ဘာကြောင့်လဲဆိုယင် အဲဒီလို

အလွန်ချစ်တဲ့သူမှာ အနည်းငယ် ဆင်းရဲဒုက္ခဖြစ်တာကို တွေ့ရသိရ ယင် ငိုရတော့မလိုအခြေအနေသို့ ရောက်ရပါတယ်၊ ဒါကြောင့် ပါဘဲတဲ့။ မိမိနှင့် ဘာမျှ ရင်းနှီး သိကျွမ်းခြင်း မရှိတဲ့ အလယ် အလတ် လူစိမ်း တယောက်ကို အလေးပြုသင့်တဲ့ ချစ်သူ အရာ၌ ထားဘို့ ခက်ပါတယ်တဲ့၊ ဟုတ်တယ် လူစိမ်းတယောက်ကို ချမ်း သာပါစေလို့ စိတ်ပါဝင်စားပြီး မပြတ်နှလုံးသွင်းနေဘို့ ဆိုတာ ခက်မှာပါဘဲ။ ရန်သူကိုတော့မေတ္တာပွားဘို့ထားလိုက်ပါဦးတော့ အဲဒီလို လူကိုသတိရယင်ပင် သူ့အပြစ်တွေပေါ်လာပြီး စိတ်ဆိုး တတ်တော့တာပါဘဲ။ ဒါကြောင့် မုန်းတဲ့ပုဂ္ဂိုလ်စသော ၄-ဦး တို့ကို စပြီးမေတ္တာမပွားအပ်ဘူးလို့ ဆိုပါတယ်။

## မေတ္တာလုံးလုံး မပွားသင့်တဲ့ပုဂ္ဂိုလ်များ

မေတ္တာ လုံးဝ မပွားသင့်တဲ့ပုဂ္ဂိုလ်များ ဆိုတာကတော့ (၁) လိင်အသွင်ချင်း မတူတဲ့သူကို သီးသန့် မေတ္တာမပွား သင့်ဘူး၊ သေလေပြီးသောသူကိုလဲ မေတ္တာမပွားသင့်ဘူး တဲ့၊ ဒီ နှစ်ဦးပါဘဲ။ ဘာကြောင့်လဲ ဆိုတော့—လိင်အသွင်မတူတဲ့သူ ဆိုတာ ယောကျ်ားနဲ့ မိန်းမဘဲ၊ ယောကျ်ားက မိန်းမဖြစ်သူကို သီးသန့် မေတ္တာပွားနေယင်၊ မိန်းမက ယောကျ်ားဖြစ်သူကို သီးသန့် မေတ္တာပွားနေယင် တပ်မက်တဲ့ရာဂ ဖြစ်ပွားတတ်တယ်၊ ရှေးက အမတ်၏သားဖြစ်သူတယောက်ဟာ "ဘယ်သူကို မေတ္တာ ပွားသင့်ပါသလဲ"လို့ သူကိုးကွယ်နေတဲ့ မထေရ်ကို မေးတယ်။ မထေရ်က ချစ်တဲ့သူမှာ မေတ္တာပွားအပ်ကြောင်း ပြောကြား

တယ်။ အဲဒီ အမတ်၏သားက သူ့ဇနီးကို ချစ်တဲ့အတွက် တနေ့သောအခါမှာ အင်္ဂါရှစ်ပါးရှိတဲ့ ဥပုသ်သီလကို ဆောက်တည်ပြီးတော့ ညဥ့်အခါမှာ တံခါးပိတ်ထားတဲ့ အခန်းထဲက အိပ်ရာခုတင်ပေါ်၌ ထိုင်ပြီး သူ့ဇနီးကို အာရုံပြုလျက် မေတ္တာပွားနေပါသတဲ့၊ အဲဒီလို မေတ္တာပွားနေယင်းထဲက တပ်မက်တဲ့ ရာဂတွေ အပြင်းအထန်ဖြစ်လာတဲ့အတွက် သူ့ဇနီးထံ သွားဘို့ အားထုတ်တယ်၊ ရာဂကြောင့် တံခါးကိုလဲ အမှတ်မရတာနဲ့ နံရံကို တိုက်မိ တိုးမိတယ်၊ အဲဒီအခါ နံရံကို ဖောက်ခွဲထွက်လိုသောကြောင့် နံရံကို လက်များ ခြေများဖြင့် ပုတ်ခတ်ပါသတဲ့၊ အဲဒါဟာ တခဏကလေး ဟုတ်ပုံမရပါဘူး၊ ဝိသုဒ္ဓိမဂ်မှာ (သဗ္ဗရတ္တိံ) တညဥ့်ပတ်လုံး (ဘိတ္တိယုဒ္ဓမကာသိ)နံရံနှင့် စစ်ထိုးတိုက်ခိုက်နေတယ်-လို့ ပြဆိုထားပါတယ်။ အဲဒီလို မေတ္တာပွားနေယင်း ရာဂ ဖြစ်လာတာဟာ မေတ္တာယောင်ဆောင်ပြီး ရာဂ ဝင်လာတာ — ရာဂ က လှည့်စားတာဘဲလို့ ဝိသုဒ္ဓိမဂ်ဋီကာမှာ ပြဆိုထားပါတယ်။ အဲဒီလို တပ်မက်မှု ရာဂဖြစ်တတ်သောကြောင့် လိင်အသွင်မတူတဲ့သူကို သီးသန့် မေတ္တာမပွားရဘူးတဲ့။ ဒါပေမဲ့ ပါရမီဖြစ် ကုသိုလ်ဖြစ် လေးငါးဆယ်ချက်လောက် မေတ္တာပို့တာကိုတော့ တားမြစ်ဖွယ် မရှိပါဘူး။

သေလွန်ပြီးတဲ့သူကို မေတ္တာပွားယင်တော့ အပ္ပနာစျာန်သမာဓိကိုလဲ မရနိုင်ဘူး၊ ဥပစာရသမာဓိကိုလဲ မရနိုင်ဘူး တဲ့။ ရှေးက ရဟန်းငယ်တပါးဟာ သူ့ဆရာကို အာရုံပြုပြီး မေတ္တာပွားနေတယ်၊ မူလက လေ့လာနိုင်နင်းနေတဲ့ စျာန်သမာပတ်ကို

မရောက်နိုင်ပဲ ရှိနေဘယ်၊ အဲဒီအခါ မထေရ်တပါး၏ ညွှန်ကြား ချက်အရ စုံစမ်းကြည့်တော့ သူ့ဆရာ ပျံတော်မူသွားကြောင်း သိရတယ်၊ အဲဒီတော့ အခြားပုဂ္ဂိုလ်ကို အာရုံပြုပြီး မေတ္တာ ပွားတယ်၊ အဲဒီလို ပွားတဲ့အခါကျတော့မှ မေတ္တာစျာန်သို့ ရောက်ပါသတဲ့။ ဒါကြောင့် သေလွန်ပြီးပုဂ္ဂိုလ်ကို မေတ္တာလုံးဝ မပွားရဘူး တဲ့။

## ရှေးဦးစွာ စ၍ မေတ္တာပွားသင့်တဲ့ပုဂ္ဂိုလ်

ရှေးဦးစွာ မိမိကိုယ်ကို ငါသည် ချမ်းသာရပါစေ၊ ဆင်းရဲ ကင်းပါစေ-လို့ယင်လဲ မေတ္တာပွားရမယ်၊ သို့မဟုတ် ငါ့မှာ ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါ စေလို့ယင်လဲ မေတ္တာပွားရမယ် တဲ့။ ဒီလို မိမိကိုယ်ကို မေတ္တာ ပွားတာကတော့ ကုသိုလ်ရဘို့လဲ မဟုတ်ပါဘူး၊ သမာဓိရဘို့လဲ မဟုတ်ပါဘူး၊ သူများတွေလဲ မိမိလိုဘဲ ချမ်းသာချင်ကြတယ် ဆိုတာ နှိုင်းယှဉ်ပြီး ထင်ရှားသိဘို့ ပုံစံပြအနေဖြင့် ပွားတာ ပါဘဲ။ ငါသည် ချမ်းသာရပါစေ-ချမ်းသာရပါစေလို့ အနှစ် တရာ တထောင် နှလုံးသွင်း ပွားများနေပေမယ်လို့ အပ္ပနာ သမာဓိတော့ မဖြစ်နိုင်ပါဘူး တဲ့။ ဒါပေမဲ့ ငါသည် ချမ်းသာ ရပါစေလို့ မိမိကိုယ်ကို မေတ္တာပွားနေယင် ငါဟာ ချမ်းသာချင် သလို မဆင်းရဲချင်သလို အသက်ရှင်နေချင်သလို မသေချင် သလိုပဲ အခြားသတ္တဝါတွေလဲ ချမ်းသာချင်ကြတယ်၊ မဆင်းရဲ ချင်ကြဘူး၊ အသက်ရှင်နေလိုကြတယ်၊ မသေလိုကြဘူး ဆိုတာ

သက်သေအဖြစ် ထင်ရှားအောင်လို့ မိမိကိုယ်ကို စပြီး မေတ္တာပွားဘို့ ညွှန်ကြားရတာပါတဲ့၊ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ ကိုယ့်ကိုယ်ဟာ အချစ်ဆုံး ဖြစ်တဲ့အကြောင်း မြတ်စွာဘုရား ဟောထားတဲ့ ဂါထာကိုလဲ ဒီလို ထုတ်ပြထားပါတယ်။

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရ မတ္တနာ ကွစိ။
ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာ န ဟိံ သေ ပရမတ္တကာမော။

သဗ္ဗာ ဒိသာ - အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို၊ စေတသာ - စိတ်ကူးဖြင့်၊ အနုပရိဂမ္မ - လှည့်လည် လိုက်လံ၍ ရှာကြည့်လျှင်၊ အတ္တနာ ပိယတရံ-မိမိထက် သာ၍ချစ်အပ်သော သူကို၊ ကွစိ-တစုံတခုသော အရပ်၌မျှ၊ နေဝ အဇ္ဈဂါ-မရနိုင် မတွေ့နိုင်သည်သာတည်း။ ဧဝံ-ဤအတူပင်၊ ပရေသံ-အခြားသူတို့သည်လည်း၊ ပုထု အတ္တာ-အသီးအသီးသောကိုယ်ကို၊ ပိယော-ချစ်အပ်ပေ၏၊ ဝါ - အချစ်ဆုံးပေတည်း။ တသ္မာ - ထိုသို့ သတ္တဝါတိုင်း မိမိကိုယ်ကို အချစ်ဆုံး ဖြစ်သောကြောင့်၊ အတ္တကာမော-မိမိကိုယ်ကို ချစ်သောသူသည်၊ ဝါ-မိမိအစီးအပွားကို လိုလားသောသူသည်၊ပရံ-သူတပါးကို၊ န ဟိံ သေ-မညှဉ်းဆဲရာ၊ ဝါ-မညှဉ်းဆဲပဲ မေတ္တာကို ပွားရာတော့သည်တဲ့။

အဲဒီလို စံပြ သက်သေအဖြစ်ဖြင့် မိမိကိုယ်ကို မေတ္တာ

ပွားပြီးတဲ့နောက် ချစ်ခင်ကြည်ညို လေးစားအပ်သော ဆရာသမားကို ဖြစ်စေ၊ အဘိုး အဘ ဦးကြီး စသည်ကို ဖြစ်စေ၊ အမျိုးသမီးများ ဆိုယင်တော့ အဖွား အမိ အဒေါ် စသည်ကို ဖြစ်စေ စပြီး မေတ္တာပွားရတယ်။ ပွားပုံကတော့ ဆရာတော် ချမ်းသာပါစေ-ဆင်းရဲကင်းပါစေ၊အဘိုး အဘ ဦးကြီး ချမ်းသာပါစေ၊ (အမျိုးသမီးများအတွက်) အဖွား မိခင် အရီး အဒေါ် ချမ်းသာပါစေ - ဆင်းရဲကင်းပါစေ - လို့ သုံးစက္ကန့်လောက်မှာ တကြိမ် တကြိမ် မေတ္တာပွားနေရမယ်၊ ဆရာ မဟုတ်ယင် အဘိုး အဖွား အမိ အဘ စသည် မဟုတ်ယင်လဲ ခင်မင်လေးစားအပ်သောသူကို မည်သူ ချမ်းသာပါစေ - ချမ်းသာပါစေလို့ သူ့အမည်ဖြင့် မေတ္တာပွားနိုင်ပါတယ်။

မေတ္တာခံ ပုဂ္ဂိုလ်ဆီကို စိတ်ညွှတ်ပြီး မည်သူ ချမ်းသာပါစေ-ချမ်းသာပါစေလို့ အကြိမ်ပေါင်း ရာထောင် သောင်းသိန်း စသည်ဖြင့် မပြတ် ပွားနေရတယ်၊ ဈာန်သမာဓိ ရအောင် ရည်ရွယ်ယင် ညဉ့်အိပ်ချိန်လောက်သာ နားပြီး နေ့ရောညဉ့်ပါ မပြတ် ပွားနေရတယ်။ အဲဒီလို ပွားနေယင်း တခြားကို စိတ်ကူးတွေ ထွက်ထွက်သွားတာလဲ ရှိလိမ့်မယ်၊ အဲဒီလို စိတ်ကူးတွေဟာ အများအားဖြင့် နီဝရဏခေါ်တဲ့ အကုသိုလ်တွေဘဲ၊ သတိရတဲ့အခါက စပြီး အဲဒါတွေကို ဆက်လက် နှလုံးမသွင်းပဲ ပွားနေကျ မေတ္တာကိုသာ မပြတ် ပွားနေရတယ်။ သမာဓိ အားရှိလာယင် တခြားထွက်တဲ့စိတ် နဲ-နဲ-သွားလိမ့်မယ်၊ သမာဓိ အားပြည့်လာယင်တော့ တခြားကို စိတ်ကူး မထွက်တော့ပဲ

မေတ္တာခံ ပုဂ္ဂိုလ်အပေါ်မှာသာ စိတ်က တည်နေလိမ့်မယ်၊ အဲဒါဟာ နီဝရဏ ကင်းတဲ့ ဥပစာရသမာဓိ ဖြစ်လာတာဘဲ။

## ဈျာန်ရပုံ

အဲဒီ ဥပစာရသမာဓိ က အားကောင်း ထက်သန်လာတဲ့ အခါ စိတ်ဟာ အိပ်မက်အာရုံပေါ်မှာ မျောပါနေသလို မေတ္တာခံ ပုဂ္ဂိုလ်အပေါ် ကျရောက် သက်ဝင်ပြီး တည်နေ လိမ့်မယ်၊ ဒါပေမဲ့ ပဌမ ကြိမ်မှာတော့ စိတ်တချက်လောက် တခဏမျှပါဘဲ၊ အဲဒီကနောက် ဆက်ပြီး ပွားနေတဲ့အခါ တမိနစ် ၂-မိနစ် သုံးလေးငါးမိနစ် ဆယ်မိနစ် မိနစ်သုံးဆယ် တနာရီ စသည်ဖြင့် ကြာရှည်စွာလဲ တည်နေလိမ့်မယ်။

အဲဒီလို အခါမှာ ဘေးပတ်ဝန်းကျင်က မြင်စရာ ကြားစရာ စသည် သာမန်အာရုံများ ရှိနေသော်လဲ အဲဒီအာရုံများဆီသို့ စိတ်က မရောက်တော့ပဲ မေတ္တာခံ ပုဂ္ဂိုလ်အပေါ်မှာသာ ချမ်းသာစေလိုတဲ့အနေဖြင့် တကြော်တည်း တည်ငြိမ်နေလိမ့်မယ်၊ ဝမ်းမြောက်တက်ကြွတဲ့ ပီတိလဲ အထူး ထင်ရှားလိမ့်မယ်၊ စိတ် ချမ်းသာမှု သုခလဲ အထူး ထင်ရှားလိမ့်မယ်၊ မေတ္တာခံ ပုဂ္ဂိုလ် ဆီသို့ ညွတ်တဲ့ ဝိတက်နှင့် အာရုံပြု ဆင်ခြင်တဲ့ ဝိစာရလဲ ထက်သန်စွာဖြစ်လျက် ထင်ရှားလိမ့်မယ်၊ တကိုယ်လုံး ငြေပြီး နေထိုင်ကောင်းတာလဲ အထူး ထင်ရှားလိမ့်မယ်၊ စိတ်ကလဲ ဘယ်ကိုမျှ မသွားပဲ တည်ငြိမ်နေတာ အထူး ထင်ရှားလိမ့်မယ်၊ အဲဒီ အထူးထင်ရှားတဲ့ ဝိတက် ဝိစာရ ပီတိ သုခ စိတ်တည်ငြိမ်မှု (ဧကဂ္ဂတာ)ဆိုတာတွေဟာ ပဌမဈျာန်၏ အစိတ်အပိုင်း အင်္ဂါ

တွေဘဲ၊ အဲဒီအင်္ဂါအပေါင်းကို ပဌမစျာန်လို့ ခေါ်ရတာဘဲ။ အဲဒီလို ဖြစ်နေယင် ပဌမစျာန်ကို ရနေတာပါဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ ''ဝေရှပေ စ ပုဂ္ဂလေ ကာမံ အပ္ပနာ သမ္ဘဝတိ''လို့ ဒီလိုပုဂ္ဂိုလ်ကို မေတ္တာပွားနေယင်း အပ္ပနာစျာန် ရနိုင်ကြောင်း ပြဆိုထားတာပါဘဲ။

အဲဒီ ပဌမစျာန်ဟာ အာရုံကို ကြံတဲ့ ဝိတက်, သုံးသပ်ဆင်ခြင်တဲ့ ဝိစာရ ဆိုတဲ့ အင်္ဂါတွေ ပါဝင်နေလို့ အားကောင်းသင့်သလောက် မကောင်းဘူး၊ စျာန်ဝင်စားနေတုန်း ကြမ်းတမ်းသော အသံက နားမှာဝင်တိုက်ခိုက်ယင် စျာန်မှထလာပြီး အဲဒီအသံဆီကို စိတ်ရောက်သွားနိုင်သေးတယ်။ ဒါကြောင့် အဲဒီ ဝိတက် ဝိစာရ မပါဘဲ တည်ငြိမ်နေတဲ့ စျာန်စိတ်ဖြစ်အောင် နှလုံးသွင်းနေကျပုဂ္ဂိုလ်ကို အာရုံပြုပြီး အထပ်ထပ် မေတ္တာပွားနေရတယ်၊ သမာဓိအားကောင်းလာတဲ့အခါ အာရုံဆီကို စိတ်မည္ဘတ်စေရ မကြံရပဲ, မသုံးသပ် မဆင်ခြင်ရတော့ပဲ ယခင်ကထက် သာလွန်တဲ့ ပီတိသုခများနှင့် တကွ စိတ်တည်ငြိမ်လျက် ဖြစ်နေလိမ့်မယ်၊ အဲဒါက ဒုတိယစျာန်ဘဲ။ အဲဒီစျာန်မှာ ဝမ်းမြောက်ဘက်ကြွမှုက အလွန်အကဲဆုံးဘဲ၊ အဲဒီ ဝမ်းမြောက်တက်ကြွမှု ပီတိကို အလိုမရှိယင် ပွားနေကျ မေတ္တာခံ ပုဂ္ဂိုလ်ကိုပင် ဆက်လက်ပြီး မေတ္တာပွားနေရတယ်၊ သမာဓိအားကောင်းလာတဲ့အခါ ပီတိ မပါပဲ အလွန်ကောင်းတဲ့ စိတ်ချမ်းသာမှုနဲ့ စိတ်တည်ကြည်မှုများ ထင်ရှားလျက် ဖြစ်နေလိမ့်မယ်၊ အဲဒါက တတိယစျာန်ဘဲ၊ မေတ္တာစျာန်ထဲမှာ အမြင့်ဆုံးစျာန်ဘဲ။

ယခု ပြောခဲ့တဲ့ ဈျာန်သုံးပါးကို ရပြီးမှ ဖြစ်စေ၊ မရသေးမီ ဖြစ်စေ၊ အားလုံးသတ္တဝါအပေါ်၌ အညီအမျှ မေတ္တာပွားစေ ချင်ယင်တော့ အလွန်ချစ်အပ်တဲ့ ပုဂ္ဂိုလ်ကို "မည်သူ ချမ်းသာ ပါစေ" စသည်ဖြင့် မေတ္တာပွားရတယ်၊ ဈျာန်မရခင် ပွား တာထက် ဈျာန်ရပြီးမှ ပွားယင် သာပြီး ကောင်းတယ်၊ သန့်ရှင်းတဲ့မေတ္တာ ဖြစ်လွယ်တယ်။ ဒါကြောင့် အဲဒီ အလွန် ချစ်အပ်တဲ့ပုဂ္ဂိုလ်၌ မေတ္တာဈျာန်ကို ရပြီးတဲ့အခါ မချစ်မမုန်း သာမန် အလတ်စား ပုဂ္ဂိုလ်ကို မေတ္တာပွားရတယ်၊ အဲဒီ အလတ်စားပုဂ္ဂိုလ်၌ မေတ္တာဈျာန်ကို ရပြီးတဲ့အခါ ရန်သူရှိယင် အဲဒီ ရန်သူပုဂ္ဂိုလ်၌ မေတ္တာကို ဖြစ်ပွားစေရမယ် တဲ့။ အဲဒီလို မေတ္တာခံပုဂ္ဂိုလ် တမျိုးပြီး တမျိုး ပြောင်းရွှေ့ ပြောင်းရွှေ့ပြီး မေတ္တာပွားရာမှာ ရှေ့ တမျိုး တမျိုး၌ စိတ်ကို နူးညံ့ခန့်ကျန်း အောင် ပြုပြီးမှ နောက် တမျိုး တမျိုး၌ မေတ္တာကို ပွားစေ ရမယ် တဲ့၊ အဲဒါဟာ ဝိသုဒ္ဓိမဂ် အဆိုပါဘဲ။

အဲဒီမှာ စိတ်ကို နူးညံ့ခန့်ကျန်းစေပြီးမှလို့ ဆိုတဲ့စကားဖြင့် အောက်ထစ်ဆုံး ဥပစာသမာဓိလောက် ရပြီးမှလို့ သိစေ လိုတာပါဘဲ၊ အကောင်းဆုံးကတော့ ဈျာန်ရပြီးမှ နောက် တမျိုးသို့ ရွှေ့ပြီး မေတ္တာပွားတာဟာ အကောင်းဆုံးပါဘဲ။ အဲဒီ စကားရပ်တွေထဲမှာ ရန်သူ၌ မေတ္တာကို ပွားစေရမယ် ဆိုတာက ရန်သူရှိနေတဲ့ ယောဂီအတွက်သာ ရည်ရွယ်ပါတယ်၊ ဒါကြောင့် ဘုန်းကြီး၏ စကားထဲမှာ ရန်သူရှိယင်လို့ ပဌမ ကတည်းက ဆိုခဲ့တာပါဘဲ။ ရန်သူမရှိတဲ့ ယောဂီမှာတော့

အလတ်စားပုဂ္ဂိုလ်၌ မေတ္တာပွားပြီးနောက် ရန်သူ၌ မေတ္တာ ပွားရန် ကြောင့်ကြစိုက်ဖို့ မလိုတော့ပါဘူး။

ရန်သူရှိတဲ့ ယောဂီမှာ ရန်သူကို အာရုံပြုပြီး မေတ္တာပွား နေတဲ့အခါ ရန်သူက ပြစ်မှားခဲ့ဘူးတာကို အမှတ်ရပြီး အမျက် ဒေါသ ဖြစ်လာတတ်တယ်၊ အဲဒီလို အခါမှာ ရှေးပုဂ္ဂိုလ် တဦးဦး၌ ရခဲ့ပြီး မေတ္တာဈာန်ကို ဝင်စား ဝင်စားပြီးတော့ အဲဒီဈာန်မှ ထထပြီး အဲဒီရန်သူ၌ မေတ္တာကို ပွားစေခြင်းဖြင့် အမျက်ဒေါသကို ငြိမ်းစေရမယ်တဲ့။ အဲဒီ စကားရပ်ထဲမှာ (မေတ္တံ သမာပဇ္ဇိတွာ ဝုဋ္ဌဟိတွာ-လို့) ဝိသုဒ္ဓိမဂ်၌ပင် ဆိုထား သောကြောင့် ရန်သူမှတပါး အခြားပုဂ္ဂိုလ်များ၌ မေတ္တာ ဈာန်ကို ရခဲ့ပြီးဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် ရှေးပုဂ္ဂိုလ် တမျိုး၌ ဈာန်ရပြီးမှ နောက်တမျိုးသို့ ရွှေ့ပြီး မေတ္တာပွားတာကို အကောင်းဆုံးလို့ ပြောခဲ့ပါတယ်။

## အမျက်ဒေါသပြေငြိမ်းအောင် ဆင်ခြင်ပုံများ

ရှေးပုဂ္ဂိုလ်များ၌ ရပြီးဈာန်ကို ဝင်စား ဝင်စားပြီးလျှင် ထိုဈာန်မှ ထ၍ ထ၍ ရန်သူကို မေတ္တာပွားခြင်းဖြင့် အမျက် ဒေါသကို မငြိမ်းစေနိုင်သေးလျှင်—လွှဥပမာ ဩဝါဒ စသည် တို့ကို နှလုံးသွင်း ဆင်ခြင်ပြီးလျှင် အမျက်ဒေါသကို ငြိမ်းစေ ရမယ်တဲ့။ ဆင်ခြင်ပုံကတော့—

အမျက်ဒေါသထွက်နေသော အမောင်ယောဂီ၊ မြတ်စွာဘုရားက ဒီလို အဆုံးအမဩဝါဒ ပေးတော်မူခဲ့တယ်မဟုတ်ပါလား၊ ဆုံးမတော်မူပုံကတော့–"ရဟန်းတို့၊ ခိုးသူဓားပြလူဆိုးတို့က လက် ခြေ စသော ကိုယ်အင်္ဂါများကို နှစ်ဖက်အစွန်း၌ အရိုးတပ်ထားသော ငမန်းစွယ်လွှဖြင့် တိုက်ဖြတ်နှိပ်စက်ကြစေကာမူ ထိုနှိပ်စက်သူတို့၌သော်လဲ အမျက်ထွက်ဖြစ်မှားလျှင် ထိုရဟန်းသည် ငါဘုရား၏ အဆုံးအမကို လိုက်နာသူ မမည်ဘူး"လို့ ဒီလိုလဲ ဆုံးမတော်မူခဲ့တယ်မဟုတ်ပါလား။

နောက်ပြီးတော့–ပဌမစ၍ အမျက်ထွက်နေသူကို တုံ့ပြန်၍ အမျက်ထွက်လျှင် ထိုတုံ့ပြန်၍ အမျက်ထွက်ခြင်းသည်သာလျှင် ပဌမစ၍ အမျက်ထွက်ခြင်းထက် ယုတ်မာ ဆိုးဝါးသည်၊ (ဘာကြောင့်လဲ ဆိုတော့ ပဌမ အမျက်ထွက်သူ၏ အမျက်ထွက်ခြင်းကို မကောင်းမှန်းသိပါလျက် မိမိကလဲ ထိုမကောင်းသည့်လမ်းကို လိုက်သွားခြင်းကြောင့်ဟု ဆိုလို၏)။ အမျက်ထွက်နေသူကို အမျက်မထွက်ပဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်ပေသည်–ဟူ၍လဲ ဆုံးမတော်မူခဲ့တယ် မဟုတ်ပါလား။

နောက်ပြီးတော့–သူတပါး အမျက်ထွက်နေသည်ကို သိရပြီးလျှင် (ဝါ-သိနေပါလျှင်) သတိရလျက် စိတ်မဆိုးပဲ ငြိမ်းချမ်းစွာ နေနိုင်ပါမူ ထိုသို့သောရဟန်းသည် မိမိ၏အကျိုး သူတပါး၏အကျိုး ၂-မျိုးလုံးအတွက် ကျင့်သူမည်သည်-လို့လဲ ဆုံးမတော်မူခဲ့တယ်မဟုတ်ပါလား။

နောက်ပြီးတော့ (ဒါကိုတော့ ချုံးပြောရမှာဘဲ) ရန်သူကြိုက်နှစ်သက်တာ (၇)မျိုး ရှိရာတွင် အမျက်ထွက်တဲ့သူမှာ မျက်နှာအခြေအနေပျက်ပြီး အရုပ်ဆိုးသွားတယ်၊ အဲဒါဟာ ရန်သူ့အကြိုက် တခုပါဘဲ။ အမျက်ထွက်နေတဲ့သူဟာ ချမ်းသာစွာ မအိပ်ရဘူး၊ အဲဒါလဲ ရန်သူ့အကြိုက် တခုဘဲ။ အမျက်ထွက်နေတဲ့သူမှာ အကျိုးစီးပွားပျက်စီးတတ်တယ်၊ အဲဒါလဲ ရန်သူ့အကြိုက် တခုဘဲ။ အမျက်ထွက်နေတဲ့သူမှာ စီးပွားဥစ္စာ မပြည့်စုံပဲ ရှိတတ်တယ်၊ အဲဒါလဲ ရန်သူ့အကြိုက်တခုဘဲ။ အမျက်ဒေါသကြီးသူမှာ အခြွေအရံ မပြည့်စုံပဲ ရှိတတ်တယ်၊ အဲဒါလဲ ရန်သူ့အကြိုက်တခုဘဲ။ အမျက်ဒေါသကြီးသူမှာ မိတ်ဆွေနည်းပါးတတ်တယ်၊ အဲဒါလဲ ရန်သူ့အကြိုက်တခုပါဘဲ။ အမျက်ဒေါသကြီးသူဟာ သေသွားလျှင် သုဂတိ ဘဝကောင်း၌ မဖြစ်နိုင်ဘူး၊ အဲဒါလဲ ရန်သူ့အကြိုက်တခုဘဲ။ ဒီအဆုံးအမကတော့ ရန်သူ့အကြိုက် မဖြစ်ရအောင် အမျက်မထွက်ပဲ သည်းခံရမယ်လို့ ညွှန်ကြားတာပါဘဲ။

နောက်ပြီးတော့ သူသေကောင်ဖုတ်သည့် ထင်းကုလားတုံးပိုင်းသည် မြို့ရွာ၌လည်း အသုံးမကျ တောအရပ်၌လည်း အသုံးမကျသလိုပင် လိုချင်မက်မောခြင်း စိတ်ဆိုးပြစ်မှားခြင်းရှိနေသော ရဟန်းမှာ ကာမဂုဏ်ခံစားရခြင်းနှင့် အကျင့်ပြည့်စုံခြင်းဆိုတဲ့ အကျိုး ၂-ပါးလုံးကို မရသဖြင့် မြို့ရွာ၌လည်း အသုံးမကျ ရဟန်းအဖြစ်၌လည်း အသုံးမကျကြောင်းကိုလဲဟောတော်မူခဲ့သည် မဟုတ်ပါလား။

သို့ဖြစ်သောကြောင့် သင်ယောဂီဟာ ဒီလို အမျက်ထွက် စိတ်ဆိုးနေလျှင် ဘုရားအဆုံးအမကို မလိုက်နာသူလဲ ဖြစ်လိမ့်မည်၊ ပဌမစပြီး အမျက်ထွက်သူအောက် ယုတ်မာသူ ဖြစ်ပြီးလျှင် အောင်ခဲသောစစ်ပွဲကို မအောင်နိုင်သူလဲ ဖြစ်လိမ့်မည်၊ ရန်သူက ပြုရမည့် ရန်သူ့အကြိုက်များကို မိမိကိုယ်တိုင် ပြုရာလဲရောက်လိမ့်မည်၊ ထင်းကုလားတုံးပိုင်းလို ဘယ်မှာမှ အသုံးမကျသူလဲဖြစ်လိမ့်မည်-လို့ ဒီလို မိမိကိုယ်ကို ဆုံးမပြီး အမျက်ဒေါသကို ငြိမ်းစေရမယ်လို့ ဆိုထားပါတယ်။ အဲဒီအတိုင်း ဆင်ခြင်ပြီးငြိမ်းစေရုံပါဘဲ။

အဲဒီလို ဆင်ခြင်လို့ အမျက်ဒေါသ မငြိမ်းသေးယင် ရန်သူ၏ မကောင်းတဲ့ အမူအရာတွေကို မစဉ်းစားပဲ ကောင်းတဲ့ ကိုယ်အမူအရာကိုဖြစ်စေ၊ နှုတ်အမူအရာကိုဖြစ်စေ၊ စိတ်အမူအရာကို ဖြစ်စေ ဆင်ခြင်ပြီး အမျက်ဒေါသကို ငြိမ်းစေရမယ် တဲ့။

အဲဒီလို ဆင်ခြင်လို့မှ မငြိမ်းသေးလျှင် ယခု ပြောပြမည့် အကြောင်းအရာများကို ဆင်ခြင်ပြီး ငြိမ်းစေရမယ်တဲ့။ ဆင်ခြင်ပုံတွေကတော့ အခြား ပါဠိ အဋ္ဌကထာများမှာ မရှိပါဘူး၊ ဝိသုဒ္ဓိမဂ်မှာသာ ရှိပါတယ်၊ ဂါထာအရေအတွက်မှာ တဆယ်တိတိ ရှိပါတယ်၊ မြန်မာသက်သက် အတိုချုံးပြောရမှာဘဲ။

## ဂါထာ ၁၀-ပုဒ်အရ ဆင်ခြင်ပုံ

(၁) ရန်သူက ဆင်းရဲအောင်ပြုလုပ်လျှင် သင်၏ကိုယ်၌သာပြုလုပ်နိုင်ပေမည်၊ သင်၏ စိတ်၌ကား မပြုနိုင်

ချေ၊ သို့ဖြစ်ပါလျက် သင်သည် ရန်သူ၏ အရာမဟုတ်သော မိမိ၏စိတ်ဥ္ဆင်းရဲအောင် ဘာကြောင့် ပြုချင်ပါသနည်း။ (ရန်သူက မပြုနိုင်တဲ့ စိတ်ဆင်းရဲကို ရန်သူ့အကြိုက်ဖြစ်အောင် ဘာကြောင့် ပြုပါသလဲလို့ ဆိုလိုပါတယ်)။

(၂) ကျေးဇူးများတဲ့ မိဘ်ဆွေအပေါင်းကို စွန့်၍ ရဟန်းပြုလာပါလျက် ကြီးကျယ်သောအကျိုးမဲ့ကို ပြုတတ်သည့် အမျက်ဒေါသရန်ကို ဘာကြောင့် မစွန့်နိုင်ပါသနည်း။

(၃) မိမိစောင့်ရှောက်နေတဲ့ သီလများ၏ အမြစ်အရင်း(ဖြစ်တဲ့ အရှက်အကြောက် သည်းခံမှု မေတ္တာ ကရုဏာ)တို့ကို ဖြတ်တတ်သော အမျက်ဒေါသကို သင်အလိုလိုက်လျက် လက်ခံထားဘိ၏၊ သင့်လို သူမိုက်သည် အဘယ်မှာရှိအံ့နည်း။ (ကိုယ့်သီလ၏ အမြစ်များဖြတ်တတ်တဲ့ ဒေါသကို လက်ခံထားတဲ့အတွက် အမိုက်ဆုံးဖြစ်နေသည်ဟု ဆိုလို၏)။

(၄) သူတပါးက ယုတ်မာတဲ့ ပြစ်မှားမှုကို ပြုသည်ဟု သင်အမျက်ထွက်နေ၏၊ ယင်းသို့ အမျက်ထွက်နေသော သင်သည် အလားတူ ပြစ်မှားမှုကို ပြုရန်ကြံနေသည်မဟုတ်ပါလော။

(၅) သူတပါးက သင့်အား မနှစ်သက်ဖွယ် အမှုကိုပြုသည်မှာ သင့်အား ဒေါသဖြစ်စေရန် ရည်ရွယ်၍ ပြုခြင်းဖြစ်ရာပါသည်၊ သို့ဖြစ်ပါမူ သင်က အမျက်ထွက်နေခြင်းဖြင့် သူတပါး၏ အလိုကို ဖြည့်ပေးရာ မရောက်ပေဘူးလား။

(၆) အမျက်ထွက်နေသော သင်သည် သင့်ရန်သူအား ဆင်းရဲကို ဖြစ်စေနိုင်လိမ့်မည်ဟူ၍ကား မသေချာပေ၊ မိမိကိုယ်ကိုမူ ယခုပင် အမျက်ဒေါသဆင်းရဲဖြင့် နှိပ်စက်နေပြီ မဟုတ်ပါလော။

(၇) ရန်သူများသည် အမျက်ဒေါသဖြင့် မိုက်ကန်းကြသောကြောင့် အကျိုးမဲ့လမ်းကို သွားကြပြုလုပ်ကြသည် ဖြစ်ပါမူ၊ သင်သည်လည်း အမျက်ထွက်လျက် ထိုရန်သူတို့အား အတုလိုက်ကာ အဘယ်ကြောင့် ပြုကျင့်ပါသနည်း။

(၈) ရန်သူက ဒေါသကိုမှီ၍ သင့်အား မနှစ်သက်ဖွယ်ကို ပြုသည်ဆိုလျှင် ယင်းဒေါသကိုသာ ဖြတ်ပါ၊ စိတ်ဆိုးသင့်သည့် အရာမဟုတ်တဲ့ လူပုဂ္ဂိုလ်၌ အမျက်ထွက်လျက် အဘယ်ကြောင့် ပင်ပန်းနေပါသနည်း။ (ဒေါသက ခိုင်း၍ ရန်သူက သင့်အားပြစ်မှားရရှာသည်၊ ထိုဒေါသကိုသာ ပယ်သင့်သည်၊ ဒေါသ၏ အစေခံပုဂ္ဂိုလ်၌ အမျက်မထွက်သင့်ဟု ဆိုလို၏)။

(၉) ရုပ်နာမ်တရားများသည် တခဏမျှသာ တည်လျက် ပျက်သွားကြသည်၊ သင့်အား ပြစ်မှားခဲ့သည်ဟု ထင်ရသော ထိုရုပ်နာမ်များသည် ထိုခဏကပင် ချုပ်ပျက်သွားကြလေပြီ၊ ယခုအခါ ထိုပြစ်မှားသည့် ရုပ်နာမ်များ မရှိကြတော့ပြီ၊ ယခုအခါ သင်သည် ရန်သူ၏သန္တာန်က အဘယ်ရုပ်နာမ်ကို အမျက်ထွက်နေပါသနည်း။ (ပြစ်မှားသော ရုပ်နာမ်များက ယခု မရှိတော့ပြီ၊ ရန်သူဟု ထင်ရသော ရုပ်နာမ်အစဉ်ထဲ၌ ယခုရှိနေသော ရုပ်နာမ်အသစ်များက သင့်အား ပြစ်မှားကြသည် မဟုတ်၊ ထို့ကြောင့် ဘယ်ရုပ်နာမ်ကို အမျက်ထွက်နေသလဲ၊ အမျက်ထွက်စရာ ရုပ်နာမ်မရှိတော့ပြီဟု ဆိုလို၏။)

(၁၀) တစုံတယောက်က တစုံတယောက်အား ဆင်းရဲကို ပြုလျှင် ပြုသူ, အပြုခံရသူ နှစ်ဦးစလုံးပင် ဆင်းရဲပြုခြင်း၏ အကြောင်းများဖြစ်ကြသည်၊ သို့ဖြစ်၍ မိမိကိုယ်တိုင်ကလည်း ဆင်းရဲကို ပြုခြင်း၏အကြောင်းဖြစ်ပါလျက် ပြုသူကိုသာ အဘယ်ကြောင့် အမျက်ထွက်နေပါသနည်း တဲ့၊

ဒါဟာ ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ ဆင်ခြင်ပုံ (၁၀)ဂါထာ၏ အကျဉ်းချုပ် မြန်မာပြန်ပါဘဲ၊ အဲဒီအတိုင်း ဆင်ခြင်ပြီး အမျက်ဒေါသကို ငြိမ်းစေရမယ် တဲ့။ ဆင်ခြင်ပုံတွေကတော့ အလွန်နက်နဲပါတယ်၊ ဒါပေမဲ့ လေးနက်သော ဆင်ခြင်ပုံများဖြစ်တဲ့ အတွက် ဒီနေရာမှာ ထုတ်ပြလိုက်တာပါဘဲ။

## ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြောင်း ဆင်ခြင်၍ ငြိမ်းစေပုံ

အဲဒီဂါထာ ၁၀-ပုဒ်အရ ဆင်ခြင်၍ အမျက်ဒေါသ မငြိမ်းသေးယင် ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြောင်း ဆင်ခြင်၍ ငြိမ်းစေရမယ်တဲ့။ ဆင်ခြင်ပုံကတော့ မေတ္တာဘာဝနာကို ပွားနေသော အမောင်ယောဂီ သင်က ဟိုလူကို အမျက်ထွက်ပြီး ဘာလုပ်မလို့လဲ၊ အမျက်ဒေါသ အရင်းခံပြီး ပြုမိတဲ့ကံဟာ သင်၏ အကျိုးမဲ့အတွက်သာ ဖြစ်မည် မဟုတ်ပါလော၊ ဟုဘ်တယ်လေ သင့်မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတာဘဲ၊ ကံ၏ အကောင်း အဆိုး အမွေကို ခံယူရမှာဘဲ၊ ချမ်းသာဘို့ဆင်းရဲဘို့ရာ သင်ပြုတဲ့ ကံသာလျှင် ဆွေမျိုးလဲဖြစ် ကိုးကွယ်ရာလဲဖြစ်တယ်၊ သင်ပြုမိတဲ့ ကံ၏ ကောင်းကျိုးဆိုးကျိုးအမွေကို သင်ခံယူရမှာဘဲ၊ အမျက်ဒေါသမှီပြီးဖြစ်တဲ့ သင့်အမှုကံဟာ မဂ်ဖိုလ်ရကြောင်းလဲ မဟုဘ်၊ နတ်ချမ်းသာလူ့ချမ်းသာကို ရကြောင်းလဲမဟုတ်၊ ငရဲဒုက္ခစသည်တို့ကို ခံစားရကြောင်းသာ ဖြစ်တယ်၊ သင်ဟာ ဒီ အမျက်ဒေါသကံကိုပြုနေလျှင် "သူတပါးကိုပုတ်ခတ်နှိပ်စက်ရန် မီးကျီးခဲ မစင်တို့ကို ကိုင်ယူမိသော သူတို့မှာ မိမိကိုယ်ကို ရှေးဦးပူလောင်စေ, လူးလဲ ညစ်ပေစေသကဲ့သို့ပင်" ဖြစ်လိမ့်မည်။

ရန်သူလို့ အသိအမှတ်ပြုထားသော သူတပါးကိုလဲ ဆင်ခြင်ကြည့်ပါဦး၊ အဲဒီလူက သင့်အားအမျက်ထွက်ပြီး ဘာကိုလုပ်နိုင်ပါမလဲ၊ အဲဒီအမျက်ဒေါသဟာ အဲဒီလူ၏ အကျိုးမဲ့အတွက်သာ ဖြစ်မည် မဟုဘ်ပါလော၊ သူလဲသူ့ကံသာ ကိုယ်ပိုင်ဥစ္စာ ရှိတာဘဲ။ပ။ သူပြုတဲ့ကံ၏ ကောင်းကျိုးဆိုးကျိုးအမွေကို သူသာခံယူ

သွားရှာရမှာဘဲ၊ အဲဒီ ဒေါသကံဟာ သူ့မှာ မင်္ဂလိုလ်ရကြောင်း လဲ မဟုတ်ဘူး၊ နတ်ချမ်းသာလူ့ချမ်းသာ ရကြောင်းလဲ မဟုတ်ဘူး၊ ငရဲဒုက္ခ စသည်တို့ကို ခံစားရကြောင်းသာဖြစ်တယ်။ အဲဒီ အမျက်ဒေါသကံကိုပြုတဲ့ အဲဒီရန်သူမှာ "လေအောက်ကနေပြီး လေညာကလူကို ဖုံမှုန့်ဖြင့် ပက်ဖြန်းလျှင် ပက်ဖြန်းသူ၏ ကိုယ် ပေါ်မှာသာ ပြန့်ကြဲကျသလို" သူပြုတဲ့ကံဟာ သူ့အပေါ်သာ ပြန်ကျမှာဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလို ဟောတော် မူခဲ့တယ် မဟုတ်လား။

> တစုံတယောက်သော လူမိုက်သည် မပြစ်မှားတတ်သော သန့်ရှင်း စင်ကြယ်သူအား ပြစ်မှားလျှင် ထို မကောင်းမှုသည် ပြစ်မှားသော သူမိုက်ထံသို့သာ ပြန်လာ၏၊ ဥပမာ လေညာအရပ်ဆီသို့ ပစ်လွှင့်လိုက်သည့် သိမ်မွေ့သော မြူမှုန်သည် ပစ်လွှင့်သူထံ ပြန်လာသကဲ့သို့ပင်တည်း တဲ့။

## ဘုရားအလောင်း အကျင့်ဂုဏ်ဆင်ခြင်၍ ငြိမ်းစေပုံ

အဲဒီလိုဆင်ခြင်၍ ဒေါသမငြိမ်းသေးယင် ဗုဒ္ဓမြတ်စွာဘုရား ၏ အလောင်းတော်ဘဝက အကျင့်ဂုဏ်ကိုဆင်ခြင်ပြီး ငြိမ်းစေ ရမယ်တဲ့။ ဆင်ခြင်ပုံကတော့—

ဘုရားတပည့်ဖြစ်တဲ့ အမောင်ယောဂီ၊ သင့်ဆရာ ဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ အလောင်းတော်သဝတုန်းကတောင်

လေးသချေ်နှင့် ကမ္ဘာတသိန်းပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်နေစဉ်မှာ အမျိုးမျိုးသော သူသတ်သမား ရန်သူတို့၌သော်လဲ ဒေါသဖြင့် စိတ်ကိုမပျက်စေပဲ သည်းခံတော်မူခဲ့ ပေသည်။ သည်းခံပုံတွေကိုတော့(သီလဝဇာတ်ကို ဝိသုဒ္ဓိမဂ်၌ စချပြထားသည်၊ ဒီမှာတော့) ခန္တိဝါဒီဇာတ်က စပြီးပြသွားမယ်။

## ခန္တိဝါဒီ ရသေ့ကြီး သည်းခံပုံ

ရှေးတုန်းက ဗာရာဏသီပြည်(မြို့)မှာ ကလာဗု ဆိုတဲ့မင်း အုပ်စိုးနေစဉ်က ဘုရားအလောင်းတော်ဟာ ကုဋေ(၈၀)ကြွယ်ဝတဲ့ ပြာဟ္မဏမျိုးမှာ ဖြစ်ခဲ့တယ်၊ မိဘများ ကွယ်လွန်သွားတဲ့အခါ ကျန်ရစ်တဲ့ ပစ္စည်းဥစ္စာတွေကို ကြည့်ပြီးတော့ ငါ၏မိဘများဟာ ဒီပစ္စည်းဥစ္စာတွေကို စုဆောင်းရုံသာစုဆောင်းထားခဲ့ကြတယ်၊ ယူမသွားနိုင်ကြဘူး၊ ငါကတော့ ဒါတွေကို ယူသွားမယ်လို့စဉ်းစားပြီး ထိုက်တန်တဲ့ ပုဂ္ဂိုလ်များအား ထိုက်တန်တဲ့ ပစ္စည်း ဥစ္စာတွေကို ပေးလှူတယ်၊ ပေးလှူပြီးတော့ တောထွက်ရသေ့ပြုပြီး ဟိမဝန္တာတောအရပ်မှာသီတင်းသုံးနေတယ်၊ တောထဲမှာ သစ်သီးမျှကိုသာ သုံးဆောင်ရတယ်၊ ဆားမရှိဘူး၊ ဒါကြောင့် အာဟာရဓာတ်ပြည့်ဝရေးအတွက် ဆားနှင့်အချဉ်များကို သုံးဆောင်ရန် လူနေရွာများသို့ လာရောက်ခဲ့တယ်၊ နောက်ဆုံးမှာ ဗာရာဏသီမြို့သို့ ရောက်လာခဲ့တယ်၊ မြို့ထဲ ဆွမ်းခံကြွတဲ့အခါ စစ်ဗိုလ်ချုပ်ကြီးက ကြည်ညိုတာနဲ့ ပင့်ပြီးဆွမ်းများကိုလဲလှူတယ်၊ လှူပြီးတော့ ဘုရင့်ဥယျာဉ်တော်မှာ သီတင်းသုံးဘို့လျှောက်တယ်၊ အဲဒီလျှောက်ချက်အရ ဘုရားအလောင်းတော်

ရသေ့ကြီးဟာ ဘုရင့်ဥယျာဉ်တော်မှာ သီတင်းသုံး နေတော်မူတယ်။

အဲဒီလိုနေစဉ်အတွင်းမှာ တနေ့သောအခါ ကလာဗုဘုရင်က ဥယျာဉ်တော်သို့ပျော်ပွဲခံရန် မိဖုရားမောင်းမ အခြွေအရံများနှင့်တကွ ထွက်လာတယ်၊ မင်္ဂလာ ကျောက်ဖျာပေါ်မှာ ပျော်ပွဲကျင်းပတယ်၊ ဘုရင်ကသူချစ်တဲ့ အမျိုးသမီးတယောက်၏ ပေါင်ပေါ်မှာခေါင်းအုံးပြီး လျောင်းစက်ယင်း သီဆိုကခုန်ကြတာကို ကြည့်ရှုနေတယ်၊ နန်းတွင်းသူ ကချေသည်များက တီးမှုတ်ကခုန်ပြီး ဖျော်ဖြေကြတယ်၊ ဘုရင်က အိပ်မောကျသွားတယ်၊ အဲဒီအခါ တီးမှုတ်ကခုန် ဖျော်ဖြေနေကြတဲ့ အမျိုးသမီးတွေက တို့အရှင်သခင် အိပ်ပျော်နေယင် မလိုတော့ဘူးဆိုပြီး တီးမှုတ်ကခုန်မှုကို ရပ်နားပြီးတော့ ဥယျာဉ်ထဲ လျှောက်လှည့်ကြည့်ကြတယ်၊ အဲဒီလို ကြည့်ရှု လှည့်လည်နေယင်း ဘုရားအလောင်းရသေ့ကြီးကို တွေ့မြင်ကြတော့ တရားစကားကြားနာရန် ရသေ့ကြီးထံ ဆည်းကပ်ကြတယ်၊ သင့်လျော်တဲ့ တရားစကား ဟောပြောဘို့လဲ တောင်းပန်ကြတယ်။ အဲဒီတော့ ရသေ့ကြီးက သင့်လျော်တဲ့ တရားစကားကို ပြောဟောနေတယ်။

အဲဒီအခါ ဘုရင်၏ ခေါင်းအုံးအဖြစ်ဖြင့်ပြုစုနေရတဲ့ အမျိုးသမီးက မင်းကြီးနိုးလာစေရန် လှုပ်ရှားပြုပြင်လိုက်တယ်၊ မင်းကြီးက နိုးလာတဲ့အခါ သူ့အခြွေအရံ မောင်းမတွေကို မမြင်တွေ့ရတာနဲ့ ဘယ်သွားကုန်ကြသလဲလို့ မေးတယ်။ ရသေ့ကြီးထံသွားရောက်နေကြကြောင်း အဲဒီအမျိုးသမီးက ပြောတယ်။ အဲဒီ

တော့ ဘုရင်မင်းမြတ်က မနာလိုဝန်တိုပြီး ဒေါသအကြီးအကျယ် ဖြစ်တဲ့အတွက် သံလျက်ဓားရှည်ကို ကိုင်ယူကာ ကောက်ကျစ်တဲ့ ရသေ့ကို ဆုံးမမယ်လို့ကျုံးဝါးပြီး ရသေ့ကြီးထံ လျင်မြန်စွာ သွားတယ်။

အဲဒီအခါ အလွန်ရင်းနှီးချစ်ခင်အပ်တဲ့မောင်းမတယောက်က မင်းထံမှသံလျက်ကိုယူပြီး ဒေါသငြိမ်းအောင် ဖြောင်းဖျပြောဆိုတယ်။ ဒါပေမဲ့ ကလာဗုမင်းက အမျက်ဒေါသ ကောင်းကောင်း မပြေပါဘူး၊ ဒါကြောင့် ဘာဝါဒရှိသလဲလို့ ရသေ့ကြီးကို မေးတယ်။ ရသေ့ကြီးက ခန္တီဝါဒ ရှိတယ်လို့ ဖြေတယ်။ ခန္တီဆိုတာ ဘာလဲလို့ မေးပြန်တယ်။ ဆဲဆို ကြိမ်းမောင်းတဲ့သူ ပုတ်ခတ် နှိပ်စက်တဲ့သူတို့၌ အမျက်မထွက်ပဲ နေတာကို ခန္တီခေါ်တယ်လို့ ဖြေတယ်။ ဒါဖြင့် သင့်မှာ ခန္တီ-သည်းခံခြင်း ရှိပုံကို စမ်းသပ် ကြည့်ရှုမယ် ဆိုပြီးတော့ သူသတ်သမားအား ဒီလို အမိန့်ပေး တယ်။ ဒီရသေ့ပျက်ခိုးသူကို ကိုင်ဆွဲပြီး မြေပြင်မှာ လှဲချ၊ ရှေ့, နောက်, နံဘေး နှစ်ဖက်ဆိုတဲ့ လေးဌာန၌ ဆူးရှိတဲ့ ကြိမ်ဖြင့် အချက်ပေါင်း နှစ်ထောင်ရိုက်ရမယ်လို့ အမိန့်ပေးတယ်။

သူသတ်သမားက မင်း၏အမိန့်အတိုင်း ခန္တီဝါဒီရှင်ရသေ့ ကို ကြိမ်ဖြင့် အချက်ပေါင်း နှစ်ထောင်ရိုက်နှက်ပါသတဲ့။ ကြိမ် ဒဏ်အချက် နှစ်ထောင် ရိုက်နှက်ခံရတယ်ဆိုတော့ သေဘို့ရာရှိ တော့တာဘဲ၊ ဒါပေမဲ့ မသေအောင် လျှော့ရိုက်လို့လား, ရသေ့ ကြီး၏ ခန္တီဂုဏ်ကြောင့်လားတော့ မပြောတတ်ဘူး၊မသေသေး ပဲလဲ ရှိနေတာဘဲ၊ သို့ပေမဲ့ အချက်ပေါင်း နှစ်ထောင်အရိုက်ခံ

ရတဲ့အတွက် ရသေ့ကြီးကိုယ်မှာ အပေါ်ရေ အပါးအထူတွေလဲ ပြတ်ကုန်တယ်၊ အသားတွေလဲ ပြတ်ကုန်တယ်၊ သွေးတွေလဲ ယိုထွက်နေပါသတဲ့၊ ဘယ်လောက် နာကျင်ရှာမလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့၊ ဒါပေမဲ့ အဲဒီလို ရိုက်မိန့်ပေးတဲ့ မင်းအပေါ်မှာရော ရိုက်နှက်တဲ့ သူသတ်သမားအပေါ်မှာရော ရှင်ရသေ့မှာတော့ အမျက်ထွက်ခြင်းဖြစ်မှားခြင်း မရှိဘူး တဲ့။ အဲဒါဟာ ဘာမျှ အပြင်မရှိပဲနဲ့ နှိပ်စက်ကြတာဘဲ၊ စိတ်ဆိုးစရာ ဖြစ်မှားစရာတော့ အလွန်ကောင်းတာဘဲ။ အဲဒါတွေကို သည်းခံနေနိုင်တာဟာ မေတ္တာပွားနေတဲ့ ယောဂီအတွက် အတုယူစရာပါဘဲ။

အဲဒီလို မသေသေးပဲရှိနေတဲ့အခါ မင်းက ဘာဝါဒရှိသလဲလို့ မေးပြန်တယ်။ ရှင်ရသေ့က “ခန္တိဝါဒရှိပါတယ်၊ အသင်မင်းက ခန္တိကို ငါ၏ အရေထဲရှိတယ်လို့ ထင်နေသလား၊ အရေကြားထဲမှာ မရှိပါဘူး၊ ခန္တိသည်းခံခြင်းက ငါ၏ နှလုံးထဲမှာ တည်ရှိနေပါတယ်”လို့ ပြောတယ်။ အဲဒီတော့ ကလာဗုမင်းက ရှင်ရသေ့၏ လက်နှစ်ဖက်ကိုလဲ အဖြတ်ခိုင်းတယ်၊ ခြေနှစ်ချောင်းကိုလဲ အဖြတ်ခိုင်းတယ်၊ နားရွက် နှာခေါင်းတွေကိုလဲ အဖြတ်ခိုင်းတယ်။ သူသတ်သမားကလဲ ခိုင်းတဲ့အတိုင်းပေါက်ဆိန်ဖြင့် ရက်ရက်စက်စက် ခုတ်ဖြတ်တယ်။ ဖြတ်ပြီးတိုင်း ပြီးတိုင်း ဘာဝါဒရှိသလဲလို့ မင်းက ထပ်ခါထပ်ခါ မေးတယ်။ ရှင်ရသေ့က ခန္တိဝါဒရှိကြောင်း၊ အဲဒီ ခန္တိက နှလုံးထဲမှာ တည်ရှိနေကြောင်း ပြောကြားတယ်။နောက်ဆုံးကျတော့ မင်းက“ကောက်

ကျစ်တဲ့ ရသေ့ သင့်ခန္တီကို သင်သာ ပင့်မပြီးထိုင်နေပေတော့” လို့ ဆိုပြီးတော့ ခန္တီဝါဒီ ရှင်ရသေ့၏ ရင်ဘတ်ကို ခြေဖြင့် ကျောက်ကန်ပြီး ထွက်ခွါသွားပါသတဲ့။ အဲဒီလို သွားတဲ့အခါ ဥယျာဉ်တံခါးဝကျတော့ အဲဒီ ကလာဗုမင်းလဲ မြေမျိုသွားတယ်၊ အဝီစိငရဲမီးတွေက ပူလောင်ပြီး ငရဲသို့ဆောင်သွားတယ်လို့လဲ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

အဲဒီကနောက် စစ်ဗိုလ်ချုပ်ကြီးက လာရောက်ပြီးတော့ ရှင်ရသေ့အား တိုင်းပြည်ကို စိတ်မဆိုးဘို့ တောင်းပန်တယ်။ အဲဒီအခါ ရှင်ရသေ့က ဒီလိုပြန်ကြားလိုက်ပါတယ်။

ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏ နာသဉ္စ ဆေဒယိ။
စိရံ ဇီဝတု သော ရာဇာ၊ န ဟိ ကုဇ္ဈန္တိ မာဒိသာ တဲ့။

သေနာပတိ-စစ်ဗိုလ်ချုပ်ကြီး၊ ယော-အကြင် ကလာဗုမင်းသည်၊ မေ-ငါ၏၊ ဟတ္ထေ စ-လက်တို့ကိုရင်း၊ ပါဒေ စ-ခြေတို့ကိုရင်း၊ ကဏ္ဏ နာသဉ္စ-နား နှာခေါင်းကိုရင်း၊ ဆေဒယိ-ခုတ်ဖြတ်စေ၏၊ သော ရာဇာ-ထို ကလာဗုမင်းသည်၊ စိရံ ဇီဝတု-ရှည်စွာ အသက်ရှင်လျက် ရှိပါစေ။ ဟိ-စိတ်မဆိုးပဲ ဤသို့ မေတ္တာပွားနိုင်ခြင်း၏ အကြောင်းကား၊ မာဒိသာ-ငါသို့သော သူတော်ကောင်းတို့သည်၊ န ကုဇ္ဈန္တိ-အမျက်ထွက်ရိုးမရှိကြပါ၊ ဝါ-အမျက်ထွက်ရိုး မရှိကြသောကြောင့် ဆုမွန်ကောင်းကို တောင်းလျက် မေတ္တာကို ပွားစေနိုင်ကြပါသတည်း-တဲ့။

ဘုရား၏ အဆုံးအမခံယူ၍ မေတ္တာပွားနေသော အမောင်ယောဂီ၊ သင့်အား ပြစ်မှားသော ရန်သူသည် ကလာဗုမင်းထောက် ဆိုးမည်မဟုတ်ပါ၊ ဆရာဘုရား၏ အလောင်းတော် ခန္တိဝါဒီရသေ့သည် ကလာဗုမင်း၏ အလွန်ယုတ်မာဆိုးသွမ်းသော ပြစ်မှားမှုကို အမျက်မထွက်ပဲ သည်းခံသလိုပင် သင်လဲ အမျက်မထွက်ပဲ သည်းခံသင့်သည် မဟုတ်ပါလော။

## ဓမ္မပါလသူငယ်ဝတ္ထု

ရှေးတုန်းက ဗာရာဏသီပြည်မှာ မဟာပတာပဆိုတဲ့ မင်းက အုပ်စိုးနေတယ်၊ အဲဒီတုန်းက ဘုရားအလောင်းတော်ဟာ အဲဒီမင်း၏ မိဖုရားကြီးဖြစ်တဲ့ စန္ဒာဒေဝီ၏ ဝမ်းတိုက်မှာ ပဋိသန္ဓေတည်နေပြီး ဖွားမြင်လာတယ်၊ ဓမ္မပါလလို့ အမည်ပေးထားကြတယ်။ အဲဒီဓမ္မပါလ မင်းသားကလေး (၇) လအရွယ်ရှိတဲ့ အခါမိခင် မိဖုရားကြီးက ရေချိုးပေးပြီး တန်ဆာဆင်ယင်ပေးလျက် ယုယုယယက စားနေတယ်၊ အဲဒီအချိန်မှာ ဘုရင်မင်းက စန္ဒာဒေဝီမိဖုရားကြီး၏ နေရာကိုသွားတယ်၊ မိဖုရားကြီးက သားကလေးကို ချစ်မြတ်နိုးတဲ့စိတ်တွေ အားကြီးနေတဲ့အတွက် လင်တော်မောင် ဘုရင်ကို မြင်ပါလျက် ထပြီး အရိုအသေမပြုမိပဲ ရှိနေပါသတဲ့။

အဲဒီတော့ မဟာပတာပမင်းက "ဒီကောင်မဟာ ယခုပင် သားကိုမှီပြီး မာန်တက်နေတယ်၊ သူ့သားကလေးကြီးလာယင် ငါ့ကို ဘာမျှ ဂရုစိုက်မှာ မဟုတ်တော့ဘူး၊ ယခုပင် ဒီသား

ကလေးကို သတ်ပစ်မှတော်မယ်”လို့ ကြံပြီး မျက်စိမျက်နှာများ ပျက်လျက် မင်းနေရာ ရာဇပလ္လင်သို့ ပြန်သွားတယ်၊ သူသတ်သမားကို ခေါ်စေပြီးတော့ မိဖုရားကြီးထံမှ ဓမ္မပါလသူငယ်ကို ယူလာခဲ့ရန် အမိန့်ပေးတယ်။ မိဖုရားကြီးကလဲ ဘုရင်မင်း၏ အရိပ်အကဲကို မြင်ရတဲ့အတွက် သူ့အပေါ်မှာ အမျက်ထွက်သွားကြောင်း သိရတယ်၊ ဒါကြောင့် ဓမ္မပါလသားငယ်ကလေးကို ရင်ခွင်မှာ ပိုက်ပြီး ငိုနေရှာတယ်။

အဲဒီလို ငိုနေစဉ်မှာပဲ သူသတ်သမားက မင်း၏ အမိန့်ဒဏ်ရဖြင့် မိဖုရားကြီးရင်ခွင်မှ ဓမ္မပါလသူငယ်ကို အတင်းလုယူလာခဲ့တယ်၊ စန္ဒာဒေဝီမိဖုရားကြီးကလဲ ငိုလျက် လိုက်ပါလာတယ်။ မင်း၏ ရှေ့ရောက်တော့ ဒီကလေးကို ပျဉ်ချပ်ခုံတခုပေါ်မှာ တင်ထားလိုက်၊ ကလေး၏ လက်များကို ဖြတ်လိုက်လို့ အမိန့်ပေးတယ်။ စန္ဒာဒေဝီက ကလေးမှာ အပြစ်မရှိပါဘူး၊ ကျွန်တော်မမှာသာအပြစ်ရှိပါတယ်၊ ကျွန်တော်မ၏ လက်ကိုသာဖြတ်ပါလို့ တောင်းပန်တယ်။ တောင်းပန်ပေမဲ့ မရပါဘူး၊ မင်းက အတင်းအဖြတ်ခိုင်းတာပါဘဲ။ သူသတ်သမားကလဲ မင်း၏ အမိန့်အတိုင်း ပင် (၇)လသား ဓမ္မပါလ သူငယ်ကလေး၏ လက်များကို ပေါက်ဆိန်ဖြင့် ရက်ရက်စက်စက် ဖြတ်ရတယ်၊ ဓားထက်ထက်ဖြင့် ဝါးမျှစ်နုကလေးများကို ဖြတ်ရသလိုပင် လက်နှစ်ချောင်းလုံး ပြတ်သွားပါရောတဲ့။ ဒါပေမဲ့ ဘုရားအလောင်း သူငယ်ကလေးကတော့ စိတ်ဆိုးခြင်း ငိုယိုခြင်းမရှိပဲ သည်းခံနေရှာပါသတဲ့။ ဒါကြောင့် အဋ္ဌကထာမှာ ဒီလို ပြဆိုထားပါတယ်။

သော-ထိုဓမ္မပါလသူငယ်သည်၊ ဟတ္ထေသု ဆိဗ္ဗမာနေသု— လက်တို့ကို ဖြတ်အပ်ကုန်လတ်သော်၊ ဝါ-ဖြတ်နေစဉ်၊ နေဝ ရောဒိ-ငိုလဲ မငို၊ န ပရိဒေဝိ-မြည်လဲ မမြည်တမ်း၊ ခန္တိဥ္စ-သည်းခံခြင်းကိုရင်း၊ မေတ္တဉ္စ-သူတပါးအား ချမ်းသာစေလိုခြင်းကိုရင်း၊ ပုရေစာရိကံ ကတွာ-ရှေ့သွားပြု၍၊ အဓိဝါသေသိ-သည်းခံနေလေသည် တဲ့။

မိခင်ဖြစ်တဲ့ စန္ဒာဒေဝီ မိဖုရားကြီးကတော့ လက်ပြတ်ကလေးများကို ကောက်ယူကာ ရင်ခွင်မှာ ပွေ့ပိုက်ပြီး ငိုကြွေးနေရှာပါသတဲ့။ အဲဒီကနောက် ခြေနှစ်ချောင်းကိုလဲ ဖခင်ဖြစ်တဲ့ မဟာပတာပမင်းက အဖြတ်ခိုင်းတယ်၊ မိခင် စန္ဒာဒေဝီ က တောင်းပန်တယ်။ ခြေများကို ဖြတ်ပြီးတော့ ဓမ္မပါလသားသူငယ်၏ ခေါင်းကို အဖြတ်ခိုင်းပြန်တယ်၊ မိခင် စန္ဒာဒေဝီက တောင်းပန်တယ်။ ဒါပေမဲ့ မရပါဘူး၊ အတင်း အဖြတ်ခိုင်းတဲ့အတွက် သူသတ်သမားက မင်း၏ အမိန့်အတိုင်း သူငယ်၏ ခေါင်းကို ဖြတ်လိုက်တာပါဘဲ။ ခေါင်းဖြတ်ပြီးလို့ သေပြီးတဲ့နောက်တောင် သူငယ်ကလေး၏ကိုယ်ကို အပေါ်သို့ မြှောက်လိုက်ပြီးတော့ သန်လျက်အချွန်ဖြင့် ခံလင့်ပြီး အသိမာလာခေါ်တဲ့ သန်လျက်ပန်း လုပ်စေပြန်သေးသတဲ့၊ ဒီလောက်ထိအောင် မိုက်တဲ့ ရက်စက်ယုတ်မာတဲ့ ဖခင်ကတော့ ရှိတယ်လို့တောင် ယုံကြည်စရာ မကောင်းပါဘူး၊ ဒါပေမဲ့ ဒေါသ၏ ကျွန်ဖြစ်နေကြတဲ့ ပုထုဇဉ်တွေထဲမှာ ဒီလိုလူလဲ ရှိနိုင်တာပါဘဲ၊ ရှိနိုင်လို့ပင် ဒီ ဓမ္မပါလ၏ဖခင် မဟာပတာပမင်း၏ ဆိုးဝါး

ရက်စက်ပုံကို ပြဆိုထားတာပါဘဲ။ အဲဒီအခါ မိခင်ဖြစ်သူ စန္ဒာဒေဝီဟာလဲ ငိုနေယင်း လှမ်းနာကျပြီး သေသွားရှာပါ သတဲ့။ မဟာပတာပမင်းလဲ သူ့ရာဇပလ္လင်ပေါ်မှ ကျလာတယ်၊ ကျရာကြမ်းပြင်မှလဲ ပေါက်ပြီး မြေပြင်သို့ ကျသွားတယ်၊ မြေပေါ်ရောက်တော့ မြေမျိုပြီး အဝီစိငရဲ ကျရောက်သွားပါ သတဲ့။

ဓမ္မပါလသူငယ်ကတော့ သေခါနီးအထိ အမျက်ထွက်ခြင်း ဖြစ်မှားခြင်းမရှိပဲ သည်းခံနေနိုင်လျက်ပင် သေဆုံးသွားရပါ သတဲ့။ အဲဒီဖြစ်ပုံကို ထောက်ဆကြည့်ယင် မေတ္တာဘာဝနာကို ပွားနေတဲ့ယောဂီဟာ ဓမ္မပါလ သူငယ်လိုပင် အမျက်မထွက်ပဲ စိတ်မဆိုးပဲ မဖြစ်မှားပဲ သည်းခံနေနိုင်စရာပါဘဲ။

## ဆင် မျောက် နဂါးတို့၏ သည်းခံပုံ

ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဟာ အဆိပ်လူးတဲ့ မြားဖြင့် ပစ်သတ်တဲ့ မုဆိုးကိုတောင်မှ အမျက်မထွက် မဖြစ်မှားပဲ သည်းခံကြောင်းကို ဆင်ခြင်ရန် ဝိသုဒ္ဓိမဂ်၌ ပြထား ပါတယ်။

**မဟာကပိ** ဆိုတဲ့ မျောက်ကြီးဟာ ချောက်ထဲ၌ မတက်နိုင်ပဲ ဒုက္ခရောက်နေတဲ့လူကို ကယ်ဘင်ခဲ့တယ်၊ တနေရာ၌ ခေတ္တ အိပ်ပျော်နေတဲ့ ကျေးဇူးရှင်မျောက်ကြီးကို အဲဒီလူက ကျောက်ခဲ ဖြင့် ထုသတ်တယ်၊ ဒါပေမဲ့ မျောက်ကြီးက စိတ်မဆိုး မဖြစ်

မှားပဲ အဲဒီလူကို ဘေးမဲ့ရာ လွှုနယ်ပယ်သို့ ရောက်အောင် ညွှန်ကြားလိုက်ပုံကြောင်းကိုလဲ ပြထားပါတယ်။

ဘူရိဒတ် ဆိုတဲ့ နဂါးနဲ့ စမ္ပေယျ ဆိုတဲ့ နဂါးတွေဟာ ဥပုသ်သီလ ကျင့်သုံးနေစဉ်မှာ အလမ္ပာယ်ဆရာက ဖမ်းယူပြီး နှိပ်လဲ နှိပ်စက်တယ်၊ ထိုထိုမြို့ရွာတွေကို ဆောင်ယူသွားပြီးတော့ အလမ္ပာယ်လဲ ပြတယ်။ အဲဒီ နဂါးတွေဟာ အလွန် အဆိပ် ပြင်းတန်တဲ့ နဂါးတွေဘဲ၊ ဘူတို့က စိတ်ဆိုးပြီး မျက်စိဖြင့် ကြည့်ရုံ အခိုးလွှတ်ရုံဖြင့် လူတွေကို ပြာကျစေနိုင်တယ်၊ သေစေ နိုင်တယ်။ ဒါပေမဲ့ အဲဒီ နဂါးများက အလမ္ပာယ်ဆရာကို မပြစ်မှားပဲ သည်းခံနေကြကြောင်းလဲ ဆင်ခြင်ဘို့ ဝိသုဒ္ဓိမဂ်မှာ ပြထားပါတယ်။

## အရှင်ပုဏ္ဏ၏ နှလုံးသွင်း သည်းခံပုံ

သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏ က မြတ်စွာဘုရားကို အကျဉ်းချုပ်အားဖြင့် တရားဟောရန် တောင်းပန် လျှောက် ထားတယ်။ ဒါကြောင့် မြတ်စွာဘုရားက အရှင်ပုဏ္ဏအား ဒီလို ဟောကြားတော်မူပါတယ်။

ချစ်သား ပုဏ္ဏ၊ မျက်စိဖြင့် မြင်သိနိုင်တဲ့ လိုချင်နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ် အဆင်းရုပ်များ ရှိကြသည်၊ ယင်း အဆင်း တို့သည် လိုချင်မှုနှင့်လည်း စပ်ဆိုင်ကြသည်၊ တပ်မက်ဖွယ်လည်း ဖြစ်ကြသည်၊ ထိုသို့သော အဆင်းရုပ်ကို နှစ်သက်လက်ခံလျှင်, ချီးမွမ်းနိုင်အောင် သဘောကျလျှင်, သိမ်းပိုက်ဆုပ်ကိုင်ထားလျှင်

နန္ဒီခေါ် ပျော်မွေ့မှု ဖြစ်သည်၊ ချစ်သား ပုဏ္ဏ၊ ပျော်မွေ့မှု ဖြစ်ခြင်းကြောင့် ဆင်းရဲဖြစ်သည်ဟု ငါဟောသည်။ (အသံ အနံ့ အရသာ အတွေ့ သဘောအာရုံတို့၌လည်း နည်းတူပင် ဟောတော်မူသည်)။

ချစ်သား ပုဏ္ဏ၊ ဆင်းရဲချုပ်ပုံကတော့–မျက်စိဖြင့် မြင်သိနိုင်တဲ့ လိုချင်နှစ်သက်ဖွယ် မြတ်နိုးဖွယ်ဖြစ်တဲ့ ထိုသို့သော အဆင်းကို မနှစ်သက် လက်မခံလျှင်, ချီးမွမ်းနိုင်အောင် သဘော မကျလျှင်, သိမ်းပိုက်ဆုပ်ကိုင်မထားလျှင် နန္ဒီခေါ် ပျော်မွေ့မှု ချုပ်သည် (ဖြစ်ခွင့်မရှိ-ဟု ဆိုလို၏) ချစ်သား ပုဏ္ဏ၊ ပျော်မွေ့မှု ချုပ်ခြင်းကြောင့် ဒုက္ခချုပ်ခြင်း ပြီးစီးသည်ဟု ငါ ဟောသည်။ (အကျဉ်းချုံး၍ ပြန်သည်၊ အသံ အနံ့ စသည်တို့၌လည်း နည်းတူပင် ဟောတော်မူသည်)။

ချစ်သား ပုဏ္ဏ၊ ငါဘုရားက သင့်ကို ဤ အကျဉ်းချုပ် ဩဝါဒဖြင့် ဆုံးမ ညွှန်ကြားပြီးပြီ၊ ထိုအကျဉ်းချုပ် ဩဝါဒကို လက်ခံရရှိပြီးသော သင်သည် အဘယ်နယ်ပယ်အရပ်၌ နေပါ မည်နည်း။ မြတ်စွာဘုရား၊ ဇမ္ဗူဒိပခေါ် အိန္ဒိယနိုင်ငံ၏ အနောက်ဖက်အစွန်း ဖြစ်၍ သုနာပရန္တခေါ်သော နယ်ပယ် ရှိပါသည်၊ ထိုနယ်ပယ်အရပ်၌ နေထိုင်ပါမည်ဟု အရှင်ပုဏ္ဏက လျှောက်တယ်။

ချစ်သား ပုဏ္ဏ၊ သုနာပရန္တတိုင်းသား လူတို့သည် ကြမ်းတမ်း ခက်ထန်ကြ၏၊ သူတို့က သင့်ကို ဆဲဆို ကြိမ်းမောင်းကြလျှင် သင့်မှာ ဘယ်လိုများဖြစ်မလဲ။ အဘယ်၍ သုနာပရန္တတိုင်းသား

တို့က ဆဲဆို ကြိမ်းမောင်းကြလျှင် ဘုရားတပည့်တော်က ဒီလို နှလုံးသွင်းပါမည်၊ သုနာပရန္တတိုင်းသားတွေဟာ တော်ကြပါ ပေတယ်၊ သူတို့က ဆဲဆိုကြိမ်းမောင်းရုံမျှဘဲ၊ လက်ဖြင့်တော့ မပုတ်ခတ်ကြသေးလို့ တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည် ဘုရားဟု လျှောက်တယ်။

အကယ်၍ လက်ဖြင့် ပုတ်ခတ်ကြလျှင်ကော ဘယ်လို နှလုံးသွင်းမလဲ။ သုနာပရန္တတိုင်းသားတွေဟာ လက်ဖြင့် ပုတ်ခတ်ကြသော်လဲ ခဲဖြင့် မပေါက်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရား။

ခဲဖြင့် ပေါက်ကြယင်ကော ဘယ်လိုနှလုံးသွင်းမလဲ။ ဒုတ်ဖြင့် မရိုက်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရား။

ဒုတ်ဖြင့် ရိုက်ကြယင်ကော ဘယ်လို နှလုံးသွင်းမလဲ။ ဓားဖြင့် မခုတ်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရား။

ဓားဖြင့် ခုတ်ကြယင်ကော ဘယ်လိုနှလုံးသွင်းမလဲ။ ဓားဖြင့် ခုတ်ကြသော်လဲ ဓားဖြင့် သေအောင် မသတ်ကြတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရား။

ဓားဖြင့် သေအောင် ခုတ်ကြယင်ကော ဘယ်လို နှလုံးသွင်း မလဲ။ မြတ်စွာဘုရား၏ တပည့်သာဝကတွေထဲက အချို့ရဟန်း

တော်များဟာ ရုပ်ကိုယ်နှင့် အသက်ကို ရှိမှန်း စက်ဆုပ်ကြသောကြောင့် ကိုယ့်ဟာကိုယ်သတ်ပြီး သေရအောင် သေစေနိုင်သော ခေါ်းလက်နက်ကို ရှာကြရကြောင်း ကြားသိရတယ်၊ ယခု ငါ့မှာ မရှာရဘဲနဲ့ သေစေနိုင်တဲ့ ခေါ်းလက်နက်ဖြင့် သတ်ခြင်းကို ရပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရားလို့ အရှင်ပုဏ္ဏက လျှောက်ပါတယ်။

အဲဒီ အရှင်ပုဏ္ဏဟာ သုနာပရန္တတိုင်းသို့ သွားပြီး ကျင့်သုံးနေတယ်၊ အဲဒီ ဝါတွင်းမှာပဲ ရဟန္တာ ဖြစ်တော်မူပါတယ် တဲ့။

ဒီသုတ်ထဲမှ အရှင်ပုဏ္ဏ၏ နှလုံးသွင်းပုံကို ဆင်ခြင်ပြီးတော့ ယောဂီဟာ အမျက်ဒေါသကို ပြေငြိမ်းစေနိုင်ဖွယ်ရှိပါတယ်။

ဘုရားအလောင်းတော်တို့၏အကျင့်ဂုဏ်ကိုဆင်ခြင်၍ ဒေါသကို မငြိမ်းစေနိုင်သေးယင် မေတ္တာ၏ အကျိုးအာနိသင်(၁၁) ပါးကို ဆင်ခြင်ရမယ်လို့ ဝိသုဒ္ဓိမဂ်က ပြဆိုသွားပါတယ်၊ အဲဒီ အကျိုး (၁၁)ပါးကိုတော့ ဒီတရားတော် ပဌမပိုင်းအဆုံးနားမှာ ထုတ်ပြခဲ့ပါပြီ။ မေတ္တာပွားနေတဲ့ သင်ယောဂီဟာ ဒေါသစိတ်ကို မငြိမ်းစေနိုင်ယင် အဲဒီမေတ္တာ၏ အကျိုးအာနိသင်များကို မရပဲ ဆုံးရှုံးရလိမ့်မယ်လို့ ဆင်ခြင်ပြီးတော့ ဒေါသစိတ်ကို ငြိမ်းစေရမယ်တဲ့။

## ခေတ်ခွဲဆင်ခြင်၍ ဒေါသငြိမ်းစေပုံ

အဲဒီလို ဆင်ခြင်လို့မှ ဒေါသမငြိမ်းသေးယင် ခေတ်ခွဲဆင်ခြင်ရမယ်တဲ့။ ခေတ်ခွဲဆင်ခြင်ပုံကတော့— မေတ္တာဘာဝနာပွားနေ

တဲ့ အမောင်ယောဂီ၊ သင်ဟာ ထိုသူကို အမျက်ထွက် စိတ်ဆိုးနေတာဟာ ဘာကို စိတ်ဆိုးတာလဲ၊ သူ့သန္တာန်က ဆံပင်တွေကို စိတ်ဆိုးတာလား။ပ။ ကျင်ငယ်ကို စိတ်ဆိုးတာလား။ တနည်းအားဖြင့် ဆံပင်စသည်တို့၌ ပထဝီဓာတ်ကို စိတ်ဆိုးတာလား၊ အာပေါဓာတ်ကို၊ တေဇောဓာတ်ကို၊ ဝါယောဓာတ်ကို စိတ်ဆိုးတာလား။ တနည်းအားဖြင့် ခန္ဓာငါးပါး အယတန ၁၂-ပါး ဓာတ် ၁၈-ပါးတို့ကို စွဲမှီပြီးသင့် ရန်သူကို မည်သူဟု ခေါ်ရတယ်၊ အဲဒီ စွဲမှီရာအရင်းခံဖြစ်တဲ့ ခန္ဓာစသည်တွေထဲက ရုပ်ကို စိတ်ဆိုးတာလား၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ စိတ်ဝိညာဏ်ကို စိတ်ဆိုးတာလား။ သို့မဟုတ် စက္ခာယနခေါ် မျက်စိကို စိတ်ဆိုးတာလား၊ ရူပါယနခေါ် အဆင်းကို စိတ်ဆိုးတာလား။ပ။ မနာယတနခေါ် စိတ်ကို စိတ်ဆိုးတာလား၊ ဓမ္မာယဘနခေါ် သဘောအာရုံကို စိတ်ဆိုးတာလား။ သို့မဟုတ် စက္ခုဓာတ်ခေါ် မျက်စိဓာတ်ကို စိတ်ဆိုးတာလား၊ ရူပဓာတ်ခေါ် အဆင်းဓာတ်ကို၊ စက္ခုဝိညာဏဓာတ်ခေါ် မြင်သိဓာတ်ကို စိတ်ဆိုးတာလား။ပ။ မနောဓာတ်ခေါ် ဆင်ခြင်စိတ် လက်ခံစိတ်ကို စိတ်ဆိုးတာလား၊ ဓမ္မဓာတ်ခေါ် သဘောအာရုံကို၊ မနောဝိညာဏဓာတ်ခေါ် စိတ်ကို စိတ်ဆိုးတာလားလို့ ဓာတ်ခွဲပြီးကြည့်ရမယ်။ အဲဒီလို ဓာတ်ခွဲကြည့်ယင်တော့ အလွန်သိမ်မွေ့တဲ့ အပ်၏အဖျား၌ မုန်ညင်းစေ့၏ တည်စရာမရှိသကဲ့သို့ရင်း၊ ကောင်းကင်၌ ပန်းချီဆေးရေး၏ တည်စရာမရှိသကဲ့သို့ရင်း အမျက်ဒေါသ၏ တည်စရာမရှိတော့ပါဘူး တဲ့။

## အပေးအယူဖြင့် ငြိမ်းစေပုံ

သူတနည်းလို ခေတ်ခွဲကြည့်ရန် မစွမ်းနိုင်ယင် ပေးလှူဝေဘန် ခြင်းပြုရမယ်တဲ့။ မိမိ၏ ပစ္စည်းကို မုန်းထားတဲ့ သူတပါးအား ပေးလှူရမယ်၊ ထိုသူ့ထံမှ ပစ္စည်းကို ခံယူရမယ်၊ မုန်းထားတဲ့ သူတပါးက အာဇီဝသီလပျက်နေလျှင် မိမိပစ္စည်းကိုသာ ပေးရမယ်။ အဲဒီလို အပေးအယူလုပ်ယင် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဟာ ကေန်ပင် ငြိမ်းပါတယ်တဲ့။ ရန်သူမှာလဲ အတိတ်ဘဝမှ ပါလာတဲ့ အမျက်ဒေါသတောင်မှ ငြိမ်းပါတယ်တဲ့။ ပုံစံကတော့ စိတ္တလတောင်၌ ပိဏ္ဍပါတိကမထေရ်ကို ရန်ငြိုးအားကြီးတဲ့ မထေရ်ကြီးက နေရာမှ ဖယ်ပေးရအောင် သုံးကြိမ်တိုင်တိုင် ပြုလုပ်ပါသတဲ့၊ သံဃိကကျောင်း၌ မထေရ်ကြီးဖြစ်သူအား ငယ်သူက နေရာဖယ်ပေးရန် တာဝန်ရှိပါတယ်၊ အဲဒီ တာဝန် ဝတ္တရားအရ မထေရ်ကြီးက ပိဏ္ဍပါတိကမထေရ်ကို နှောင့်ရှက်တဲ့ သဘောပါဘဲ။ အဲဒီ ရန်ငြိုးကို ပြေငြိမ်းစေရန်အတွက် ပိဏ္ဍပါတိကမထေရ်က "ဟော ဒါဟာ ရှစ်ကျပ်တန် သပိတ်ပါဘုရား၊ တပည့်တော်၏ မယ်တော်ဥပါသိကာမကြီးက လှူထားတာပါ ဝိနည်းတရားတော်နှင့်အညီ ရထားတာပါ၊ မယ်တော် ဥပါသိကာမကြီးမှာ ကောင်းမှုကုသိုလ်ရအောင် လက်ခံပြီး အသုံးပြုတော်မူပါဘုရား"လို့ လျှောက်ထားပြီး သပိတ်ကို လှူလိုက်ပါတယ်၊ အဲဒီသပိတ်ကို အလှူခံပြီးကတည်းက မထေရ်ကြီးမှာ ရန်ငြိုးတခါတည်း ငြိမ်းသွားပါသတဲ့။ ဒါကြောင့်—

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ-လို့

အဋ္ဌကထာဆရာတို့က မိန့်ဆိုထားပါတယ်တဲ့။

ဒါနံ-ပေးကမ်းလှူဒါန်းခြင်းသည်၊ အဒန္တဒမနံ-မယဉ်ကျေးသူ ရိုင်းစိုင်းသူတို့ကိုလဲ ယဉ်ကျေးစေတတ်၏။ ဒါနံ-ပေးကမ်းလှူဒါန်း ခြင်းသည်၊ သဗ္ဗတ္ထသာဓကံ-အလုံးစုံသော အကျိုးကို ပြီးစေ တတ်၏။ (သီလက္ခန်အဋ္ဌကထာမှာတော့ အဒါနံ ဒန္တဒူသကံ-ဟု ရှိ၏၊ ထိုအလိုအားဖြင့် ပေးကမ်းသင့်သောသူအား မပေးကမ်း လျှင် ယဉ်ကျေးပြီး ခင်မင်ကြည်ညိုပြီးသူကို ပျက်စေတတ်၏-လို့ အနက်ပြန်ရမှာဘဲ။) ‘ဒါနေန စ-ပေးကမ်းခြင်းဖြင့်၎င်း၊ ပိယ- ဝါစာယ စ-ချစ်ဖွယ်စကားဖြင့်၎င်း၊ ဥန္နမန္တိ စ-ပေးကမ်းသူ ပြောဆိုသူတို့က မြင့်တက်၍လည်း သွားကုန်၏၊ နမန္တိ စ- ခံယူသူ နာသူတို့က ပေးသူ ပြောဆိုသူသို့လည်း ညွှတ်ကုန် ခင်မင်ကြည်ညိုကုန်၏-တဲ့။

## သီမာသမ္ဘေဒ ဖြစ်ပုံ

ယခု ပြောပြခဲ့တဲ့အတိုင်း တနည်းနည်းဖြင့် ရန်သူပုဂ္ဂိုလ် အပေါ်မှာ အမျက်ဒေါသ ပြေငြိမ်းသွားသောအခါ (၁) ရှိသေ လေးစားလျက် ချစ်အပ်သောပုဂ္ဂိုလ်၊ (၂) အလွန်ချစ်အပ်သော ပုဂ္ဂိုလ်၊ (၃) မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်တို့၌ မေတ္တာ စိတ် ဖြစ်သလိုပင် အဲဒီ ရန်သူပုဂ္ဂိုလ်၌လဲ မေတ္တာစိတ် မပြတ် ဖြစ်တော့တာပါဘဲ။ အဲဒီအခါမှာ မေတ္တာပွားနေတဲ့ယောဂီက

အဖန်ဖန် မေတ္တာကို ပွားစေလျက် မိမိကိုယ်, ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်ဆိုတဲ့ လေးဦးသော ပုဂ္ဂိုလ်တို့၌ တူညီတဲ့စိတ်ဖြစ်ခြင်းကို ပြုစေလျက်၊ ဝါ-ညီတူ ညီမျှ ချမ်းသာစေချင်တဲ့စိတ်ကို ဖြစ်စေလျက် သီမာသမ္ဘေဒခေါ် ပုဂ္ဂိုလ်ခွဲခြားတဲ့နယ်ပယ်ပျက်ခြင်းကို ပြုအပ်သည်၊ ပြုရမည် တဲ့။

ပုဂ္ဂိုလ်ခွဲခြားမှု နယ်ပယ်ပျက်ပုံကတော့— မေတ္တာပွားနေသူ ရယ်, ချစ်အပ်တဲ့သူရယ်, အလယ်အလတ်လူရယ်, ရန်သူရယ်-- ဒီလေးယောက် တနေရာ၌ အတူနေကြတယ် ဆိုပါတော့၊ အဲဒီလိုနေကြရာမှာ ခိုးသူ လူဆိုးတွေက မေတ္တာပွားနေသူထံ လာရောက်ပြီးတော့ လည်ချောင်းသွေးဖြင့် ယဇ်နတ်ပူဇော်ရန် အတွက် တဦးကို ပေးဘို့ တောင်းခံလှာတယ် ဆိုပါတော့၊ အဲဒီလို တောင်းရာမှာ အဲဒီလေးဦးထဲက မည်သူ့ကို ယူသွားကြ ပါလို့ ခွင့်ပြုရန် ကြံမိယင် သီမာသမ္ဘေဒ မဖြစ်သေးဘူး၊ မိမိကို ယူသွားစေဘို့ ကြံယင်တောင် သီမာသမ္ဘေဒ မဖြစ်သေးဘူး တဲ့။ ဘာကြောင့်လဲ ဆိုယင် ယူသွားစေလိုအပ်သောသူ၏ အကျိုး စီးပွားကို မလိုလားရာရောက်သောကြောင့်ပါဘဲ တဲ့။

အမှန်ကတော့ အဲဒီ လေးဦးထဲက တဦးကိုမျှ လူဆိုးတို့အား ပေးသင့်သည်ဟု မထင်မြင်ပဲ၊ မိမိကိုယ်တိုင် အပေါ်မှာရော, အခြားသုံးဦးအပေါ်မှာရော ညီတူညီမျှသာ လျှင် ချမ်းသာစေ လိုတဲ့ မေတ္တာစိတ်ဖြစ်နေယင် အဲဒီအခါမှာ သီမာသမ္ဘေဒ ဖြစ်ပါတယ် တဲ့။ မိမိကိုယ်ရယ် သူတပါးရယ်လို့လဲ နယ်ပယ်

ကွဲပြားခြင်းမရှိဘူး၊ ချစ်သူ မုန်းသူ အလယ်အလတ်လူရယ်လို့လဲ နယ်ပယ်ကွဲပြားခြင်း မရှိဘူး၊ ချမ်းသာစေလိုအပ်တဲ့ နယ်ပယ် တမျိုးတည်းသာ ဖြစ်နေတယ်၊အဲဒါဟာ မူလက ကွဲပြားနေခဲ့တဲ့ (သီမာ ဆိုတဲ့) နယ်ပယ် ပျက်သွားတာဘဲ။

## မေတ္တာစျာန်သို့ ရောက်ပုံ

ယခု ပြောခဲ့တဲ့အတိုင်း သီမာသမ္ဘေဒ ဖြစ်ပြီး ညီတူညီမျှ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ဖြစ်လျှင်ပင် မေတ္တာပွားနေတဲ့ ယောဂီဟာ နိမိတ်ကိုလဲ ရတယ်၊ ဥပစာရစျာန်ကိုလဲ ရတယ်။ ဥပစာရစျာန်သမာဓိကို ရပြီးနောက် ထိုရပြီးအာရုံနိမိတ်ကိုပင် မှီဝဲပွားများလျက် အကြိမ်များစွာ လေ့လာနေလျှင် မကြာမီပင် အပ္ပနာစျာန်သို့ ရောက်တယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ အဲဒီ အပ္ပနာစျာန်ဆိုတာ နှာ ၂၈-မှာ ပြခဲ့တဲ့ စျာန်သုံးပါး ပါဘဲ။

အဲဒီစျာန်များကို ရပြီးတဲ့အခါ ပဋ္ဌမပိုင်းတုန်းက ပြခဲ့တဲ့ အတိုင်း ငါးရာ့နှစ်ဆယ်ရှစ်သွယ် (၅၂၈-သွယ်)မေတ္တာတွေကို မေတ္တာစျာန်၏ အစွမ်းဖြင့် အစဉ်အတိုင်း မပြတ်မစဲ ပွားများ နေနိုင်ပါတယ်။

မေတ္တာစျာန်များကို ရသည်တိုင်အောင် မေတ္တာဘာဝနာ ပွားစေပုံနှင့် ၅၂၈-သွယ် မေတ္တာစျာန်များဖြင့် ဖြန့်နေပုံ များကို ဒီကနေ့ပြောလို့ ပြည့်စုံသွားပါပြီ။ ဒါကြောင့် ယခု လောလောဆယ်မှာ ကုသိုလ်ဖြစ် ပါရမီဖြစ် မေတ္တာကို ပွားပြီး

ဒီကနေ့ တရားပွဲသိမ်းရမယ်။ ကဲ....လိုက်ဆိုကြရမယ်၊ နှလုံးလဲ သွင်းကြရမယ်၊ နောက်ပြီးတော့ ချမ်းသာကြပါစေလို့ နှလုံး သွင်းတဲ့စိတ်နဲ့ ရွတ်ဆိုတဲ့ရုပ်တွေ ကုန်ဆုံးသွားတဲ့သဘောလဲ ရှုကြရမယ်။

ဤသာသနာ့ရိပ်သာအတွင်း၌ ရဟန်းရှင်လူတွေ ယောဂီတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ဤသာသနာ့ရိပ်သာအတွင်း၌ အားလုံးနတ်တွေ ချမ်းသာ ကြပါစေ-ချမ်းသာကြပါစေ။

ဤ သာသနာ့ရိပ်သာအတွင်း၌ အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ ရဟန်းရှင်လူတွေ ချမ်းသာကြပါစေ- ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ အားလုံး နတ်တွေ ချမ်းသာကြပါစေ- ချမ်းသာကြပါစေ။

ဤမြို့နယ်အတွင်း၌ အားလုံး သတ္တဝါတွေ ချမ်းသာကြ ပါစေ-ချမ်းသာကြပါစေ။

မြန်မာပြည်သူပြည်သားတွေ ချမ်းသာကြပါစေ - ချမ်းသာ ကြပါစေ။

မြန်မာပြည်တွင်း၌ အားလုံးနတ်တွေ ချမ်းသာကြပါစေ- ချမ်းသာကြပါစေ။

မြန်မာပြည်တွင်း၌ အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ရှိရှိသမျှ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။

ဤ ဗြဟ္မဝိဟာရ တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့်။ပ။ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု—သာဓု—သာဓု။

ဗြဟ္မဝိဟာရ တရားတော် ဒုတိယပိုင်း ပြီး၏။

ဗြဟ္မဝိဟာရ တရားတော်

# တတိယပိုင်း

(၁၃၂၇-ခုနှစ်၊ ဝါဆိုလကွယ်နေ့မှစ၍ ၆-သိတင်းဟောသည်)

---

## တရားအနုသန္ဓေ

ဗြဟ္မဝိဟာရ တရားလေးပါးထဲက မေတ္တာကို ဟောလာတာ ၂-သိတင်းရှိသွားပြီ၊ ကုသိုလ်ဖြစ်ပါရမီဖြစ် မေတ္တာပွားပုံရော, ဈာန်သုံးပါးရသည်အထိ ပွားပုံရောဟောပြီးခဲ့ပြီ။ ဒီကနေ့တော့ အများရွတ်ဘတ် နားလည်နေတဲ့ မေတ္တသုတ်ကို အခြေခံပြုပြီး ဟောရမယ်။ ဒီမေတ္တသုတ်က မြန်မာပြည်မှာ အလွန်အရေးပါတဲ့ သုတ်ပါဘဲ၊ ရွတ်ဘတ်ရမည့် ကိစ္စကြီးငယ်ဟူသမျှမှာ သူမပါယင် မပြီးဘူး၊ ရှင်ပြုပွဲစသည်မှာ မင်္ဂလသုတ်ပါ ထည့်ရွတ်တဲ့အခါလဲရှိတယ်၊ ဘေးရန်အန္တရာယ်ကင်းစေရန်အတွက် ရတနသုတ်, ခန္ဓသုတ်, မောရသုတ်, ဝဋ္ဋသုတ်, အာဋာနာဋိယသုတ်, ဗောဇ္ဈင်သုတ်များပါ ထည့်ရွတ်တဲ့ အခါလဲ ရှိတယ်၊ ဒီမေတ္တသုတ်ကတော့ အခါခပ်သိမ်း ပါတာချည်းဘဲ။

## အလှူဒါနကိုလဲ အကျိုးကြီးစေတယ်

ဒီ မေတ္တသုတ်ကို ရွတ်ဘတ်ယင်း မေတ္တာလဲ ပွားစေပြီးတော့ လှူဘွယ်ဝတ္ထုများကို အလှူခံယင် အလှူ့ဒကာအလှူ့အမ

တို့၏ ဒါနကုသိုလ်ကို အကျိုးကြီး စေနိုင်တယ်၊ ဒါကြောင့် ရဟန်းတော်များဟာ ဒီ မေတ္တသုတ်ကို အနက် အဓိပ္ပါယ်ပါ နားလည်အောင် လေ့လာထားရန် သင့်ပါတယ်၊ ပုဒ်ပါဌ်လဲ မှန်မှန်ကန်ကန်ပြတ်ပြတ်သားသားရွတ်ဘတ်နိုင်အောင် လေ့လာ ထားသင့်တာဘဲ၊ နောက်ပြီးတော့ အဲဒီမေတ္တသုတ်ကို ရွတ်ဖတ် တဲ့အခါတိုင်း မေတ္တာကိုလဲ ပွားသင့်တာဘဲ၊ အဲဒီလို မေတ္တာ ပွားသွားယင် မိမိကိုယ်တိုင်ရော အလှူရှင်တွေရော အကျိုးများ သွားတယ်၊ အဲဒီလို အကျိုးများပုံတွေကို ဒီတရားတော်ပထမပိုင်း (နှာ ၃၁-စသည်)မှာ အကျဉ်းချုပ် အားဖြင့် ထုတ်ပြခဲ့ပါပြီ။ ယခု အဲဒီမေတ္တသုတ်၏ အချိုးဂါထာက စပြီး ဖွင့်ပြဟောကြား ရမယ်။

## မေတ္တသုတ်၏ အချီးဂါထာ

(က) ယဿာ နုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။

(ခ) သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

(က) ယော-အို သူတော်ကောင်းတို့၊ ယဿ-အကြင် မေတ္တသုတ် ပရိတ်တော်၏၊ အာနုဘာဝတော-အစွမ်းရှိန်စော် အာနုဘော်ကြောင့်၊ ယက္ခာ-ရက္ခစိုး နတ်တို့သည်၊ ဘီသနံ-ကြောက်ဖွယ် အာရုံကို၊ နေဝ ဒဿေန္တိ-မပြတော့ပဲ မချောက်တော့ပဲ ရှိကြပေကုန်၏။ စ-ထိုပြင်လည်း၊ ယမှိ ဝေ-အကြင် မေတ္တာသုတ် ပရိတ်တော်၌ပင်လျှင်၊ ရတ္တိန္ဒိဝံ-နေ့ရော ညဥ့်ပါ အခါခပ်သိမ်း၊ အတန္ဒိတော-ပျင်းရိခြင်းမရှိပဲ၊ အနုယုဉ္ဇန္တော-ရွတ်ဘတ်ပွားများ အားထုတ်နေသောသူသည်၊

(ခ) သုခံ-ချမ်းသာစွာ၊ သုပတိ-အိပ်စက်ရ၏၊ သုတ္တော စ-အိပ်ပျော်နေစဉ်လည်း၊ ကိဉ္စိ ပါပံ-အိပ်မက်ဆိုး တစုံတခုကိုမျှ၊ န ပဿတိ-မမြင်မက်ရပေ။ ဧဝမာဒိဂုဏူပေတံ-ဤသို့စသော အကျိုးအာနိသင် ဂုဏ်အင်တို့နှင့် ပြည့်စုံပေသော၊ တံ ပရိတ္တံ-ထို မေတ္တသုတ် ပရိတ်တော်ကို၊ မယံ-ငါတို့သည်၊ ဘဏာမ-ရွတ်ဆိုကြပါကုန်စို့။

ဒီနှစ်ဂါထာကတော့ ရှေးဆရာတော်များက စီကုံးထားခဲ့တဲ့ အချီးအမွမ်း ဂါထာများပါဘဲ။ ပရိတ်ရွတ်မည့် ပုဂ္ဂိုလ်တွေ အချင်းချင်း ဒီမေတ္တသုတ်ပရိတ်တော်ကို တပြိုင်နက်အညီအညွတ် ရွတ်ဘတ်ကြဘို့ ကျေညာတဲ့စကားပါဘဲ။ ဒီအချီးစကားထဲမှာ ဒီသုတ်၏ဂုဏ်ကို ချီးကျူးဖော်ပြထားတာတွေလဲ ပါတယ်။ အဲဒီ ချီးကျူးစကားထဲက ဒီမေတ္တသုတ် ပရိတ်တော်၏ အာနုဘော်ကြောင့် ရက္ခစိုးနတ်တွေက ကြောက်ဖွယ် အာရုံကို ပြခြင်း, ချောက်လှန့်ခြင်း မပြုကြတော့ဘူးဆိုတာဟာ ဒီသုတ်၏နိဒါန်း

အကြောင်းလဲ ဖြစ်ပါတယ်။ အဲဒါက ဘယ်လို ဖြစ်ခဲ့တာလဲ ဆိုတော့-

## ရဟန်း ငါးရာအား နတ်တွေက ချောက်သည်

တခါက မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်မှာ ရဟန်းတော် ငါးရာတို့က မြတ်စွာဘုရား ထံမှ ကမ္မဋ္ဌာန်း ယူပြီးတော့ သင့်လျော်သော တောကျောင်းနဲ့ ဆွမ်းခံရွာကိုရှာနေယင်း ဟိမဝန္တာတောစပ်၌ သန့်ရှင်းအေးမြတဲ့ ရေကန်များရှိတဲ့တောင်တခုသို့ ရောက်သွားကြတယ်၊ အဲဒီအရပ်မှာ တညဥ့်နေပြီး နံနက်ကျတော့ မလှမ်းမကမ်းအရပ်၌ ရှိသောရွာသို့ ဆွမ်းခံ ကြွကြတယ်၊ အဲဒီရွာက အိမ်ခြေတထောင် ရှိသတဲ့၊ အဲဒီ ရွာသူ ရွာသားတွေက သဒ္ဓါတရား ကောင်းကြတဲ့အတွက် ရဟန်းတော်ငါးရာအား ဆွမ်းများကို ကပ်လှူပြီးတော့ အဲဒီ အရပ်မှာပင် ဝါကပ်နေကြရန် တောင်းပန်လျှောက်ထားကြတယ်၊တပါးနေကမ္မဋ္ဌာန်းကျောင်းကလေး ငါးရာကိုလဲ ဆောက်လုပ်ပြီးလှူဒါန်းကြတယ်၊ ညောင်စောင်းအင်းပျဉ် သောက်ရေအိုးစသော အခြားအသုံးအဆောင်တို့ကိုလဲ လှူကြတယ်။

နောက်တနေ့ကျတော့ အခြားရွာတခုသို့ ဆွမ်းခံကြွတော်မူကြတယ်၊ အဲဒီရွာကလူတွေကလဲ နည်းတူပင် လှူဒါန်းပြုစုပြီး ဝါကပ်နေကြရန် လျှောက်ထားတောင်းပန်ကြတယ်။ ရဟန်းတော်များက အန္တရာယ် မရှိယင် ကောင်းပါတယ်လို့ လက်ခံ

ပြီးတော့ အဲဒီတောအုပ်မှာပင် နေ့ရောညဥ့်ပါ မပြတ်အားထုတ် နေကြတယ်။ သီလနှင့် ပြည့်စုံတဲ့ ရဟန်းတော်တို့၏ တန်းခိုး အရှိန် အဝါကြောင့် အဲဒီဘောအရပ်က ရုက္ခစိုး နတ်တွေဟာ သူတို့၏ ဗိမာန်ပေါ်မှာ မနေရဲကြတဲ့ အတွက် ဗိမာန်များမှ ဆင်းပြီးဘော့ သားသမီးကလေးများကို ခေါ်ယူပြီး ဟိုဟို ဒီဒီ သွားလာ နေကြရတယ်၊ အရှင်မြတ်တွေဟာ ဘယ်တော့များ ထွက်ခွာသွားကြပါမလဲလို့ ခပ်ဝေးဝေးကပဲ မျှော်ကြည့်နေကြ ပါသတဲ့။

နောက်တော့ "ဒီရဟန်းတော်တွေဟာ ဝါတွင်းသုံးလပတ် လုံး နေကြမှာဘဲ၊ ဒါလောက် ကြာအောင်တော့ ငါတို့ဟာ သူငယ်တွေနဲ့ အပြင်ထွက်နေရန် မတတ်နိုင်ဘူး၊ ကြောက်ဖွယ် အာရုံတွေပြပြီး ချောက်လှန့်မှတော်မယ်" လို့ အကြံပြုကြတယ်။ အဲဒီလို အကြံပြုကြပြီးဘော့ အဲဒီရုက္ခစိုးနတ်တွေက ရဟန်းများ တရားအားထုတ်နေတဲ့ ညဥ့်အခါမှာ ကြောက်ဖွယ် ဘီလူးရုပ် တွေလို ဖန်ဆင်းပြီး ရဟန်းတို့၏ ရှေ့မှာ ရပ်တည်နေကြတယ်၊ ကြောက်ဖွယ်အသံဆိုးတွေကိုလဲ ပြုကြတယ်။ အဲဒီကြောက်ဖွယ် အဆင်း အသံတွေကို မြင်ရ ကြားရတဲ့အတွက် ရဟန်းတွေမှာ နှလုံးတုန်တယ်၊ ရုပ်အဆင်းတွေလဲ ဝါဖျော့ဖျော့ဖြစ်ကုန်တယ်၊ စိတ်ကို တည်ငြိမ်အောင် မထိန်းနိုင်ကြတော့ဘူးတဲ့။ အဲဒီလို ဖြစ်နေရာမှာ အနံ့ဆိုးတွေကိုလဲ နတ်တွေက လွှတ်ပေးကြသတဲ့၊ အဲဒီတော့ ရဟန်းဘော်တို့၏ ဦးနှောက်ကို အဲဒီအနံ့ဆိုးက မွှေ နှောက် နှိပ်စက်နေသလို ဖြစ်နေပါသတဲ့၊ (တေန ဒုဂ္ဂန္ဓေန

နိမ္မထိယမာနမိဝ မတ္တလုင်္ဂံ အဟောသိ-လို့) အဋ္ဌကထာမှာ ဆိုထားပါတယ်။ အဲဒါဟာ ယခုခေတ် အနောက်တိုင်းဆရာဝန် တို့၏ အဆိုနဲ့ နီးစပ်တဲ့စကားပါဘဲ။ ဒါကြောင့် ခေါင်းကိုက် တဲ့ ဒုက္ခဝေဒနာတွေ အပြင်းအထန် ဖြစ်ကြပါသတဲ့။ ဒါပေမဲ့ အချင်းချင်း မပြောကြပဲ သည်းခံနေကြတယ်။

တနေ့သောအခါမှာ သံဃ မထေရ်ကြီးက မေးမြန်းတဲ့ အတွက် အသီးအသီး မိမိတို့ တွေ့ကြုံရပုံများကို ဖွင့်ဟပြီး ပြောကြတယ်။ အဲဒီတော့ သံဃမထေရ်ကြီးက ''ဒီလိုဆိုယင် ဒီအရပ်ဟာ တရားအားထုတ်ဘို့ မသင့်ဘူး၊ မြတ်စွာဘုရားထံ လျှောက်ထားပြီးတော့ သင့်လျော်တဲ့နေရာမှာ ပစ္စိမဝါကပ်ကြ စို့ရဲ့''လို့ မိန့်ကြားပြီး အားလုံး ဘုရားထံသို့ ကြွလာကြတယ်း အကြောင်းအရာအလုံးစုံကိုလဲ လျှောက်ထားပြီးတော့ မိမိတို့နှင့် သင့်လျော်တဲ့ဌာနကို ညွှန်ကြားတော်မူရန်လဲ တောင်းပန် ထားကြတယ်။

## နတ်တွေမချောက်နိုင်အောင် မေတ္တာသုတ်ဟောတော်မူသည်

မြတ်စွာဘုရားက အဲဒီရဟန်းတို့အတွက် သင့်လျော်သော အရပ်ကို ဆင်ခြင်ကြည့်တော်မူရာ ဇမ္ဗူဒိပ်တကျွန်းလုံးမှာသူတို့ နေခဲ့တဲ့အရပ်မှတပါး အခြားသင့်လျော်တဲ့အရပ်ကိုမြင်တော်မမူ ဘူးတဲ့။ဒါကြောင့် မြတ်စွာဘုရားက အဲဒီတောကျောင်းအရပ်တို့ ပဲ ပြန်သွားကြဘို့ မိန့်တော်မူပါတယ်၊ နတ်တွေချောက်တဲ့ဘေး

မှ ကင်းချင်ကြယင် ဒီပရိတ်ကို သင်ယူသွားကြ၊ ဒီမေတ္တာသုတ်ဟာ ဘေးကို ကာကွယ်တတ်တဲ့ ပရိတ်လဲ ဖြစ်လိမ့်မယ်၊ ကမ္မဋ္ဌာန်းလဲ ဖြစ်လိမ့်မယ်လို့ မိန့်တော်မူပြီးတော့ ဒီမေတ္တာသုတ်ပရိတ်တရားကို ဟောတော်မူတယ် တဲ့။ နောက်ပြီးတော့ အဋ္ဌကထာမှာ ဒီလိုလဲ ပြဆိုထားပါသေးတယ်၊ ပြဆိုပုံကတော့—

ဣမဥ္စ သုတ္တံ-ဤမေတ္တာသုတ်ကိုလည်း၊ မာသဿ-တလ၏၊ အဋ္ဌသု ဓမ္မဿဝနဒိဝသေသု-တရားနာရသည့် ရှစ်ရက်တို့၌၊ (လဆန်း လဆုတ် ငါး ရှစ် တဆယ့်လေး တဆယ့်ငါး-ဤရှစ်ရက်ကိုဆိုသည်) ဂဏ္ဍိံ အာကောဋေတွာ-တုံးခေါက်၍၊ ဥဿာရေထ-ရွတ်ဘတ်ကြကုန်လော့၊ ဓမ္မကထံ ကရောထ-တရားဟောကြကုန်လော့၊ သာကစ္ဆထ-ဆွေးနွေးကြကုန်လော့၊ အနုမောဒထ-ပရိတ်တရားကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုကုန်လော့၊ ဣဒမေဝ ကမ္မဋ္ဌာနံ-ဤမေတ္တာကမ္မဋ္ဌာန်းကိုပင်လျှင်၊ အာသေဝထ-မှီဝဲကြလော့၊ ဘာဝေထ-ပွားစေကြလော့၊ ဗဟုလီကရောထ-အကြိမ်များစွာပြုကြလော့၊ တေပိ အမနုဿာ-ထိုနတ်တို့သည်လည်း၊ ဝေါ-သင်တို့အား၊ တံ ဘေရဝါရမ္မဏံ-ထိုကြောက်မက်ဖွယ်အာရုံကို၊ န ဒဿေဿန္တိ-မပြကုန်လတ္တံ့၊ ဝါ-မပြပဲ မချောက်ပဲရှိကြပါလိမ့်မည်-လို့ ဒီလိုလဲမိန့်မှာတော်မူလိုက်ပါသေးသတဲ့။

အဲဒီ ရဟန်းတော်တွေဟာ မြတ်စွာဘုရား၏ အမိန့်တော်ကို နာခံပြီးတော့ အဲဒီတောကျောင်းအရပ်သို့ ပြန်သွားကြတယ်၊ အဲဒီမှာပဲ ဘုရားအမိန့်တော်အတိုင်း ကျင့်သုံးပြီး နေကြတယ်။

နှုတ်တွေကလဲ "ဒီအရှင်တွေဟာ မေတ္တာပွားလျက် ငါတို့၏ အကျိုးစီးပွား လိုလားတော်မူကြပါပေတယ်"လို့ နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ရဟန်းတော်များအတွက် ဝေယျာဝစ္စ ကိုတောင် ပြုလုပ်ပြီး အကူအညီ ပေးကြပါသေးတဲ့။ အဲဒီ ရဟန်းတော်တွေအားလုံးဟာ မေတ္တာကို ပွားစေပြီး မေတ္တာ ဈာန်ကို အခြေခံပြုကာ ဝိပဿနာကို အားထုတ်ကြ၍ အဲဒီ ဝါတွင်းမှာပဲ အရဟတ္တဖိုလ်တိုင်အောင် ရောက်ပြီး ရဟန္တာဖြစ် တော်မူကြပါသတဲ့။ ဒါကြောင့် ဒီမေတ္တသုတ် အချီးဂါထာမှာ မေတ္တသုတ်ပရိတ်တော်၏ အစွမ်းအာနုဘော်ကြောင့် ရုက္ခစိုး နတ်တွေက ကြောက်မက်ဖွယ် အာရုံကို မပြကြ မချောက်ကြ ကြောင်းပြဆိုထားတာပါဘဲ။

## ရှတ်ရုံမျှဖြင့် မပြည့်စုံ အားထုတ်ဘို့လဲလိုသည်

ပဌမဂါထာ တတိယအင်္ဂဒ်မှာ အနုယုဥ္စန္တော-အားထုတ် နေသည်ဆိုတဲ့ ပုဒ်ပါတယ်၊ အဲဒီပုဒ်ဖြင့် မေတ္တသုတ်ပရိတ် ရွှတ် နေရုံမျှကို ရည်ရွယ်တာတော့ ဟုတ်ပုံမရပါဘူး၊ မေတ္တာဘာဝ နာ ပွားများအားထုတ်နေတာကို ရည်ရွယ်ဟန် တူပါတယ်။ ဘာကြောင့်လဲဆိုယင်-မေတ္တာ ဘာဝနာ၏ အကျိုးအာနိသင် (၁၁)ပါးကို ပြထားတဲ့ မေတ္တသုတ်မှာ မေတ္တာစေတောဝိမုတ္တိ၏ အကျိုးအာနိသင်များ ဖြစ်ကြောင်းပြထားပါတယ်၊ ရွှတ်ဘတ် နေရုံမျှကိုတော့ မေတ္တာစေတောဝိမုတ္တိလို့ မဆိုနိုင်ပါဘူး၊ အပ္ပနာ ဈာန်သည်သာလျှင် မေတ္တာစေတောဝိမုတ္တိဖြစ်ကြောင်း အင်္ဂုတ္တရ အဌကထာ(ပ၊၃၇)၌ ဖွင့်ပြထားပါတယ်။ ဒါကြောင့် သုခံ

သုပတိ-ချမ်းသာစွာ အိပ်ရ၏-စသည်ဖြင့် ပြထားတဲ့ အကျိုး အာနိသင်များကို ရချင်ယင် ဒီမေတ္တာသုတ်ကို ရွတ်ဆိုရုံမျှ မဟုတ်ပဲ မေတ္တာကို ပွားစေဘို့လဲ လိုပါတယ်။ အဲဒီ ချမ်းသာစွာ အိပ်ရခြင်း အစရှိတဲ့ အကျိုးများကိုတော့ ဒီတရားတော် (နှာ ၄၀) စသည်မှာ ပြထားပြီး ရှိနေပါပြီ။ ယခု ဘုရားဟော မေတ္တာသုတ်ပါဠိကို တဂါထာ နှစ်ဂါထာချင်း ရွတ်ဆိုပြီးတော့ အနက်အဓိပ္ပါယ်ကို ရှင်းပြသွားရမယ်။

## မေတ္တာသုတ်ပရိတ်တော်

၁။ ကရဏီယ' မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စ'ဿ မုဒု အနတိမာနီ။

၁။ သန္တံ-ငြိမ်းအေးသော၊ ပဒံ-နိဗ္ဗာန်ကို၊ အဘိသမေစ္စ-ဆိုက်ရောက်သိမြင်၍ နေလိုလျှင်၊ အတ္ထကုသလေန-လိုလားအပ်သည့် အကျိုးစီးပွား၌ သိနားလည်သောသူသည်၊ ယံ-သီလ သမာဓိ ပညာ ဟူသော အကြင် အကျင့်ကို၊ ကရဏီယံ-ပြုကျင့်အပ်-ပြုကျင့်သင့်၏၊ တံ-ထိုအကျင့်ကို၊ (ပါဠိ၌ ယံတံ-ဟု ဆိုလိုလျှက် ဆန်းဂိုဏ်းညီစေရန် ယန္တ-ဟု ဆိုထားသည်၊ ဆန်းကို မငဲ့ပဲ ယံ တံ-ဆိုလျှင် သာ၍ ပေါ်လွင်၏။) တံ-ထိုအကျင့်ကို၊ (ကာတုံ-ပြုကျင့်ခြင်းငှာ၊) သက္ကော စ-စွမ်းနိုင်သည်လည်း၊ အဿ-ဖြစ်ရာ၏-တဲ့။

## (၁) ကျင့်ရန် စွမ်းနိုင်ရမယ်

အတိုချုပ် ဆိုလိုတာကတော့— အကျိုးစီးပွား အစစ်အမှန်ကို သိနားလည်တဲ့သူဟာ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်ဆိုက်ရောက်ပြီး နေလိုလျှင် သီလ သမာဓိ ပညာ ဆိုတဲ့ အကျင့်ကို မချ ပြုကျင့်သင့်တာဘဲ၊ အဲဒီ အကျင့်ကို ကျင့်ဖို့ စွမ်းနိုင်ရမယ် တဲ့။ ဒီစကားဖြင့် ပြလိုတာကတော့ ဆင်းရဲခပ်သိမ်း ငြိမ်းချင်ယင် မချကျင့်သင့်တဲ့ သီလကိုလဲ ကျင့်ရန် စွမ်းနိုင်ရမယ်၊ သမာဓိ ပညာအကျင့်ကိုလဲ ကျင့်ရန် စွမ်းနိုင်ရမယ်၊ ကိုယ်နှင့် အသက်ကို မငဲ့ပဲ ကျင့်နိုင်ရမယ်လို့ ပြလိုတာပါဘဲ။

နဲနဲချဲ့ ပြောရမယ် ဆိုယင်တော့—လောက အကျိုးစီးပွားကို နားလည်တဲ့လူဟာ အဲဒီ အကျိုးစီးပွားဖြစ်ကြောင်း အလုပ်ကို လုပ်ရသလိုပါဘဲ၊ လယ်ယာကိုင်းကျွန်းအလုပ်ဖြစ်ဖြစ်၊ အရောင်းအဝယ်အလုပ်ဖြစ်ဖြစ်၊ လခစားအလုပ်ဖြစ်ဖြစ် အကျိုးစီးပွား ဖြစ်အောင် လုပ်ရသလိုပါဘဲ။ လောကမှာ ရွှေ ငွေ စသည်က အကျိုးစီးပွားဖြစ်သလိုပင် သံသရာမှာတော့ သီလ သမာဓိ ပညာ ဆိုတာတွေက အကျိုးစီးပွားအစစ်တွေဘဲ၊ အဲဒီ သီလ စသည်နှင့် ပြည့်စုံအောင်ကျင့်ရတဲ့ အကျင့်တွေက အကျိုးစီးပွား ဖြစ်ကြောင်း လုပ်ငန်းအစစ်တွေဘဲ။ အောက်ထစ်ဆုံး သီလနှင့် ပြည့်စုံနေယင် အပါယ်မကျနိုင်ဘူး၊ လူ့လောက နတ်လောကမှာ ချမ်းသာစွာ နေရတော့တာဘဲ၊ ဈာန်သမာဓိရယင် ဗြဟ္မလောက ရောက်ပြီး ချမ်းသာစွာ နေရတယ်၊ ကမ္ဘာနဲ့ချီပြီး အသက်ရှည် ရတယ်။ ဝိပဿနာပညာနဲ့ ပြည့်စုံပြီး သောတာပတ္တိမဂ်ဖိုလ်

ပညာနဲ့ ပြည့်စုံယင် အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်သွားတယ်၊ သုဂတိမှာလဲ အများဆုံး ခုနစ်ဘဝမျှသာဖြစ်ပြီးတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတယ်၊ အရဟတ္တမဂ်ဖိုလ်ပညာနှင့် ပြည့်စုံယင်တော့ နောက်ထပ်ဖြစ်ရမည့် ဘဝဆင်းရဲတွေ အကုန်ငြိမ်းတော့တာဘဲ။ ဒါကြောင့် သီလ သမာဓိ ပညာဟာ သံသရာနဲ့စပ်တဲ့ အကျိုးစီးပွားအစစ်တွေဘဲ၊ အဲဒီ သီလ စသည် ဖြစ်ကြောင်း အကျင့်တွေဟာလဲ မုချပြုလုပ်သင့် ကျင့်သုံးသင့်တဲ့ လုပ်ငန်းအစစ်တွေဘဲ။

ဒါကြောင့် သီလ စသော အကျိုးစီးပွား အစစ်တွေမှာ ကျွမ်းကျင်နားလည်တဲ့သူဟာ အဲဒီသီလ စသည်ဖြစ်ကြောင်း အကျင့်တွေကို ပြုကျင့်ရမယ်၊ ပြုကျင့်ဘို့လဲ စွမ်းနိုင်ရမယ်။ "ဒီသိက္ခာပုဒ်ကိုတော့ စောင့်ရှောက်ဖို့ ခက်တယ်၊ မကျင့်နိုင်ဘူး"လို့ ဒီလို မဖြစ်စေရဘူး။ "သမာဓိဘာဝနာအလုပ်က ခက်တယ် ပင်ပန်းတယ်"လို့ အပြစ်တင်ပြီး မစွမ်းနိုင်ပဲ မရှိစေရဘူး။ "ဝိပဿနာရှုရတာက ပင်ပန်းတယ်၊ ဘာမျှမလုပ်ပဲ အငြိမ်းစားနေတာက ချမ်းသာတယ်"လို့ ဒီလို အပျင်းစိတ် အဖျင်းစိတ်များဖြင့် မစွမ်းနိုင်ပဲ မရှိစေရဘူး။ ဒီနေရာမှာ ဘုန်းကြီးက ဆောင်ပုဒ်ပြုလုပ်ထားတယ်၊ (သီလ သမာဓိ ပညာဆိုတဲ့ အကျိုးစီးပွားအစစ်၌ ကျွမ်းကျင်နားလည်ရမည်၊ နားလည်ပြီးလျှင် ထိုအကျိုးစီးပွားဖြစ်ကြောင်းအကျင့်ကို ပြုကျင့်နိုင်ရမည်-တဲ့)၊ အဲဒါကို လိုက်ဆိုကြရမယ်။

> သီလ သမာဓိ ပညာ ဆိုတဲ့ အကျိုးစီးပွားအစစ်၌ ကျွမ်းကျင်နားလည်ရမည်၊ နားလည်ပြီးလျှင် ထိုအကျိုးစီးပွားဖြစ်ကြောင်း အကျင့်ကို ပြုကျင့်နိုင်ရမည်။

အဲဒီမှာ "အကျိုးစီးပွားအစစ်၌ ကျွမ်းကျင်ရမည်" ဆိုတာက အတ္ထကုသလေန - အရပါဘဲ၊ "ပြုကျင့်နိုင်ရမည်" ဆိုတာက ကရဏီယံ-ပြုကျင့်အပ်၏၊ သက္ကော စ-စွမ်းနိုင်သည်လည်း၊ အဿ-ဖြစ်ရာ၏-လို့ဆိုတဲ့ စကားရပ်များအရပါဘဲ။ ပြုကျင့်နိုင်ခြင်း၏ အကြောင်းကတော့ သဒ္ဓါနဲ့ ဝီရိယပါဘဲ၊ သီလအကျင့်ကို ကျင့်ယင် ကုသိုလ်ဖြစ်တယ် အကျိုးများတယ်လို့ ယုံကြည်တဲ့ သဒ္ဓါတရား ထက်ထက်သန်သန် ရှိရမယ်၊ သမာဓိ အကျင့်ကို ကျင့်ယင် ဈာန်ရပြီး ဗြဟ္မာ့ပြည် ရောက်နိုင်တယ်၊ ဝိပဿနာ အကျင့်ကို ကျင့်ယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ရောက်နိုင်တယ်လို့ ယုံကြည်ရမယ်၊ အဲဒီလို ယုံကြည်ပါမှ အဲဒီအကျင့်တွေကို ကျင့်နိုင်တယ်၊ မယုံကြည်ယင်တော့ မကျင့်နိုင်ဘူး။

ဗုဒ္ဓတရားတော်ကို မယုံကြည်တဲ့သူတွေဟာ ဗုဒ္ဓတရားတော်အရ သီလ သမာဓိ ပညာအကျင့်ကို မကျင့်နိုင်ကြဘူး၊ ဗုဒ္ဓဘာသာဝင်ပါလို့ အမည်ခံနေတဲ့သူတွေထဲမှာလဲ တချို့က "သီလ ကျင့်ဘို့ မလိုဘူး၊ သမာဓိ ဝိပဿနာအကျင့်တွေကိုလဲ ကျင့်ဘို့ မလိုဘူး၊ ကျင့်ယင် ဆင်းရဲရုံဘဲ" လို့ ယူဆဟောပြောနေကြတာတွေ ရှိတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓတရားတော်ကို မယုံကြည်တဲ့သူတွေဘဲ၊ သဒ္ဓါတရားမဲ့တဲ့သူတွေဘဲ၊ အဲဒီလိုပုဂ္ဂိုလ်

တွေဟာ သီလ သမာဓိ ပညာအကျင့်တွေကို မကျင့်နိုင်ကြဘူး၊ မကျင့်နိုင်ယင် ဒီမှာ ဟောထားတဲ့ "ကရဏီယံ-မှုချပြုကျင့်အပ်၏၊ သက္ကော - စွမ်းနိုင်ရမယ်" ဆိုတဲ့ ဘုရားစကားတော်နဲ့ ဆန့်ကျင်နေတဲ့သူတွေဘဲ။ အဲဒီလိုလူတွေမှာ အကျိုးစီးပွားအစစ်ဖြစ်တဲ့ သီလရော သမာဓိရော ပညာရော ကင်းမဲ့နေတာဘဲ၊ လောကမှာ ပိုက်ဆံတပြားမျှမရှိတဲ့ လူဆင်းရဲလိုပင် သံသရာတလျှောက်လုံးမှာ အပါယ်ဘေး စသည်ဖြင့် ဆင်းရဲသွားမည့်လူတွေဘဲ။

နောက်ပြီးတော့ ဝီရိယအားကောင်းဘို့လဲ လိုတယ်၊ ဝီရိယအားနည်းနေယင် သီလ ပြည့်စုံအောင် စောင့်ရှောက်ရမှာလဲ ဝန်လေးတယ်၊ သီလအကျင့်ထက် သမာဓိ ပညာအကျင့်ကို ကျင့်ရမှာ သာပြီး ဝန်လေးနေတတ်တယ်၊ တချို့ဆိုယင် ဘာဝနာတရား ရိုးရိုး နာဘို့ရာတောင် ပျင်းနေတတ်ကြတယ်။ ဝီရိယအားကောင်းတဲ့သူမှာတော့ ဘယ်အလုပ်မဆို ဝန်လေးတာရယ်လို့ မရှိဘူး၊ ကိစ္စတခုခုကို မပြီးမချင်း မနစ်မဆုတ်အားထုတ်သွားတာဘဲ။ ဒါကြောင့် "သီလ စသည်ဖြစ်ကြောင်းအကျင့်ကို ပြုကျင့်ရမယ်၊ ပြုကျင့်ရန် စွမ်းနိုင်ရမယ်၊ အစွမ်းမတုံးပဲ အစွမ်းထက်စေရမယ်" ဆိုရာမှာ အခြေခံဖြစ်တဲ့ သဒ္ဓါတရားနဲ့ ဝီရိယပါ ပြည့်စုံဘို့လိုပါတယ်၊ အဲဒီလိုပြည့်စုံပြီးတော့ သီလအကျင့် စသည်တွေကို မနစ်မဆုတ် အားထုတ်ကျင့်သုံးသွားကြဘို့ပါဘဲ။

## (၂-၃) ဖြောင့်မတ်ရမယ်

နောက်ပြီးတော့ ဥဇု စ-ဖြောင့်မတ်သည်လည်း၊ အဿ-ဖြစ်ရာ၏၊ သုဟုဇု စ-အလွန်ဖြောင့်မတ်သည်လည်း၊ အဿ-ဖြစ်ရာ၏-တဲ့။ (ပါဠိဂါထာ၌ ဇု-ဟု ရှိသင့်ရာမှာ ဆန်းဂိုဏ်းကိုငဲ့၍ ဇူ-ဟု ဆိုထားသည်၊ အနက်ပြန်ရာ၌မူ ဆန်းကိုမငဲ့ပဲ ဇု-ဟူ၍ပင် ပြလိုက်သည်) ရဟန်းဖြစ်ခါစ တရားအားထုတ်ခါစ ယုံကြည်မှု အားကောင်းလို့ ဖြောင့်မတ်နေပေမယ်လို့ နောက်ပိုင်းကျတော့ သဒ္ဓါ ဝီရိယအားလျော့ပြီး ကျင့်ဝတ်ဆိုင်ရာမှာ ချွတ်ယွင်းသွားယင် အလွန်ဖြောင့်မတ်တဲ့ သုဟုဇု မဖြစ်ဘူး၊ တသက်ပတ်လုံး အဆုံးတိုင်အောင် မချွတ်မယွင်းပဲ ကျင့်သွားမှ သုဟုဇုဖြစ်တယ်။ တနည်းအားဖြင့်—မရှိတဲ့ဂုဏ်ကို ရှိလေယောင်ဟန်ဆောင်ပြတတ်တဲ့ကောက်ကျစ်မှု (သာဌေယျ) ကင်းယင် ဥဇု-ဖြောင့်မတ်သည်မည်တယ်၊ မိမိအပြစ်ကို ဖုံးကွယ်ပြီး အပြစ်ကင်းယောင်ဟန်ဆောင်လှည့်စားတတ်တဲ့ မာယာကင်းယင် သုဟုဇု-အလွန်ဖြောင့်မတ်သည်မည်တယ်။ တနည်းအားဖြင့် ကိုယ်နှုတ်တို့ဖြင့် ကောက်ကျစ်မှုကင်းယင် ဥဇု-ဖြောင့်မတ်သည်မည်တယ်၊ စိတ်ဖြင့် ကောက်ကျစ်မှုကင်းယင် သုဟုဇု-အလွန်ဖြောင့်မတ်သည်မည်တယ်။ နောက်ဆုံး တနည်းကတော့ မရှိတဲ့ဂုဏ်ကို မပြယင် ဥဇု-ဖြောင့်မတ်သည်မည်တယ်။ မရှိတဲ့ဂုဏ်ကို ကြည်ညိုပြီး လှူတဲ့ လာဘ်လာဘများကို လက်မခံယင် သုဟုဇု-အလွန်ဖြောင့်မတ်သည်မည်တယ် တဲ့။

တရားအားထုတ်နေရာမှာ အဲဒီဖြောင့်မတ်တဲ့ဂုဏ်, အလွန် ဖြောင့်မတ်တဲ့ဂုဏ်ဆိုတာတွေဟာ အလွန် အရေးကြီးပါတယ်၊ မိမိမှာ မရှိသေးမဖြစ်သေးတဲ့ တရားဂုဏ်ထူးတွေကို ဟန်ဆောင်ပြီး ပြောယင် မဖြောင့်မတ်တာဘဲ၊ အဲဒီပုဂ္ဂိုလ်မှာ တရားတိုးတက်ဖို့ မရှိတော့ဘူး၊ ဆရာကလဲ ပြုပြင်ပေးဘို့ ခက်တယ်။ တာဝန်မကျေပဲ လိုနေတဲ့အဖြစ်ကို အမှန်အတိုင်း ဝန်မခံယင် အဲဒါလဲ သုဟုဇုဂုဏ်ပျက်နေတာဘဲ၊ စိတ်အထွက်များနေယင် အထွက်များနေကြောင်း စသည်ကို ဝန်ခံပြောဆိုမှ သုဟုဇုဂုဏ်နဲ့ ပြည့်စုံတာ၊ မဖြစ်သေးတာ မသိသေးတာကိုလဲ အမှန်အတိုင်းပြောမှ ဥဇုဂုဏ်နှင့် ပြည့်စုံတာ၊ အဲဒီလို ဖြောင့်မတ်ပါမှ ဆရာက ပြုပြင်ပေးနိုင်တယ်၊ ပြုပြင်ပေးတဲ့အတိုင်း ရိုရိုသေသေ အားထုတ်သွားယင် မကြာခင်ပဲ သမာဓိဉာဏ်တွေလဲ တိုးတက်လာတတ်တယ်။ တရားကို ရိုရိုသေသေ အားထုတ်ယင် စောစောက ကောက်ကျစ်နေတဲ့သူတောင် ဖြောင့်မတ်လာတတ်ပါတယ်၊ အထူးအားဖြင့်တော့ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါ ပဿဒ္ဓိနဲ့ တပါတည်း လဟုတာဆိုတဲ့ ပေါ့ပါးမှု၊ မုဒုတာဆိုတဲ့ စိတ်၏ နူးညံ့မှု၊ ကမ္မညတာဆိုတဲ့ပြုကျင့်ဘွယ်၌ ခန့်ကျန်းမှု၊ ပါဂုညတာဆိုတဲ့ လေ့လာကျေပြွန်မှု ဆိုတာတွေနှင့် တကွ ဥဇုကတာဆိုတဲ့ ဒီဖြောင့်မတ်မှုလဲ ထင်ရှားဖြစ်ပေါ်လာတတ်တယ်။

တခါက အမျိုးသမီး ယောဂီ တဦးက အဲဒီဉာဏ်အဆင့် ရောက်တဲ့အခါ "ရှေးက သူ့ခင်ပွန်းအပေါ် ပြစ်မှားကျူးလွန်မှုတွေရှိခဲ့တဲ့အကြောင်း၊ ဒီက နောက်တော့ အဲဒီလို ကျူးလွန်မှု

တွေကိုမပြုတော့မည့်အကြောင်းများကိုတောင်”ကမ္မဋ္ဌာန်းဆရာထံမှာ ဝန်ခံပြောကြားပါတယ်။ ယခု မေတ္တာဘာဝနာ ပွားနေသူမှာ စိတ်ဖြောင့်မတ်ဖို့ လိုပါတယ်၊ တချို့ကတော့ သူမေတ္တာပွားတာကသိပ်မများလှပါဘဲနဲ့ သူမေတ္တာပွားနေတဲ့အကြောင်း ဂုဏ်ဖော်နေတာက များနေတယ်၊ အဲဒါဟာ မဖြောင့်မတ်တဲ့သဘောပါဘဲ၊ စိပ်ပုတီးကြီးတွေနဲ့ ခမ်းခမ်းနားနား လုပ်နေတာတွေဟာလဲ စဉ်းစားစရာပါဘဲ။

## (၄) ဆိုဆုံးမလွယ်ရမယ်

နောက်ပြီးတော့ သုဝစော ဖ- ဆိုဆုံးမလွယ်သည်လည်း၊ အသ-ဖြစ်ရာ၏ တဲ့။ အဆိုအဆုံးမခက်တဲ့သူကို ဒုဗ္ဗစပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒီလို ပုဂ္ဂိုလ်ဟာ သူတပါးက စေတနာကောင်းနဲ့ပြောဆိုတာကို မနာခံချင်ပဲ ကပ်ဖဲ့လုပ်နေတတ်တယ်၊ ဘယ်သူက မြင်သလဲ ဘယ်သူ့ထံက ကြားရသလဲ စသည်ဖြင့် လက်မခံပဲ ဆန့်ကျင်ဘက်စကားတွေကို ပြောနေတတ်တယ်၊သူ့အပေါ်မှာ ဆရာလုပ်တယ်လို့လဲ ထင်မြင်တတ်တယ်။ ဆရာသမားများကပြောဆိုတဲ့အခါ ဝန်ခံစကားမပြောပဲ တိတ်တိတ်နေခြင်းဖြင့်လဲညည်းဆဲတတ်တယ်၊ ဝန်ခံပေမယ်လို့လဲ မပြုပြင်ပဲ မတော်တာကို ပြုမြဲပြု ပြောမြဲပြော နေတတ်တယ်၊ အဲဒီလို ပုဂ္ဂိုလ်ဟာတရားထူးရဘို့ ဝေးတဲ့ပုဂ္ဂိုလ်ဘဲလို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

ဆိုဆုံးမလွယ်တဲ့ သူ၀၀ ပုဂ္ဂိုလ်ကတော့ တစုံတယောက်က သတိပေးပြောဆိုယင် "ကောင်းပါတယ်၊ကျေးဇူးတင်ပါတယ်၊ ကိုယ့်အပြစ်ဆိုတာ မြင်ခဲပါတယ်၊ နောင်လဲ ဒီလိုချွတ်ယွင်းချက် ကိုတွေ့မြင်ရယင် သနားသဖြင့် ပြောပြပါ"စသည်ဖြင့် ပြောဆို တဲ့စကားကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံတယ်၊ ပြုံလဲ ပြုံပြင် တယ်၊ အဲဒီပုဂ္ဂိုလ်ဟာ တရားထူးကိုရဘို့ နီးကပ်တဲ့ ပုဂ္ဂိုလ်ဘဲလို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ အဲဒီပြဆိုချက်အတိုင်း ယခု နေ့အခါ ဆရာ့စကား နားထောင်တဲ့ ယောဂီတွေ လျင်မြန်စွာ ဉာဏ်ထူး တရားထူး ရောက်ကြတာကို တွေ့ရပါတယ်။

အဆိုအဆုံးအမကို မနာခံချင်တဲ့ သူဟာ ပြောဆိုတဲ့သူကို ပြစ်မှားနေတာနဲ့ မေတ္တာမပွားပဲ ဒေါသတွေသာ ပွားနေဟတ် တယ်၊ ဒါကြောင့် မေတ္တာပွားနေတဲ့ယောဂီမှာ ဆိုဆုံးမလွယ်သူ ဖြစ်ဖို့ရာ အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာ သေသေချာချာ စဉ်းစားကြည့်ယင် သူများကပြောဆိုတယ် ဆိုတာဟာ ကိုယ့် အကျိုးဘဲ၊ ဥပမာအားဖြင့် မျက်နှာမှာ အိုးမဲတွေလူးပေနေပါ လျက်နဲ့ အခမ်းအနား ပွဲလမ်းသဘင် ဌာနသွားယင် မြင်ရတဲ့သူ တွေက ရယ်ကြလိမ့်မယ်၊ အဲဒီလို သွားခါနီးမှာ မြင်ရတဲ့သူက ပြောပြပေးလို့ ဆေးကြောသုတ်သင်ပြီးမှသွားယင်တော့ သူများ ရယ်ဘွယ်ကဲ့ရဲ့ဘွယ် ကင်းသွားတယ်၊ ဒါကြောင့် မိမိမျက်နှာက အပြစ်ကို ပြောတဲ့သူအပေါ်မှာ ကျေးဇူးတင်စရာပါဘဲ။ အဲဒါ လိုပင် မိမိမှာ ချွတ်ယွင်းနေတာကို သူတပါးက ပြောလို့ရှိယင် အဲဒီလိုပြောတဲ့သူကို ကျေးဇူးတင်စရာဘဲ။ ဒါကြောင့် ဆရာက

ဖြစ်စေ၊ အတူနေပုဂ္ဂိုလ်ကဖြစ်စေ၊ မိဘတို့ ညီအစ်ကို မောင်နှမ တို့ကဖြစ်စေ ချွတ်ယွင်းချက်ကို ပြောယင် အဲဒီ ပြောဆိုတာကို ဝမ်းမြောက် ဝမ်းသာနဲ့ လက်ခံပြီး ပြုပြင်သွားဖို့ လိုပါတယ်။ (၇)နှစ်အယွယ်က အရှင်ရာဟုလာဟာ နံနက်တိုင်း သဲပုံကိုမှုံပြီး အဲဒီသဲပုံထဲက သဲလုံးတွေနဲ့အမျှ အဆုံးအမ ရပါစေလို့တောင် ဆုတောင်းပါသေးသတဲ့။ ဒါကြောင့် မေတ္တာဘာဝနာကို ဖြစ်စေ၊အခြားဘာဝနာကိုဖြစ်စေ အားထုတ်နေတဲ့သူဟာ ဆိုဆုံးမ လွယ်တဲ့ သုဝစပုဂ္ဂိုလ်ဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။

## (၅) နူးညံ့ရမယ်

နောက်ပြီးတော့ မုဒု စ – နူးညံ့ ပျော့ပျောင်း သည်လည်း၊ အသ – ဖြစ်ရာ၏တဲ့။ ဒကာ ဒကာမတွေ ကြည်ညိုအောင် သူတို့ အလိုလိုက်ပြီး ပြောဆိုတာ ပြုလုပ်ဆောင်ရွက်တာ ပေးကမ်းတာ ဒီလိုနူးညံ့ပျော့ပျောင်းတာကိုတော့ ရဟန်းများမှာ မပြုကောင်း ဘူး၊ ဝိနည်းနဲ့မဆန့်ကျင်တဲ့အရာမှာတော့ နူးညံ့ပျော့ပျောင်းစွာ ဆက်ဆံပြောဆိုရတယ်။ သာပြီးအရေးကြီးတာကတော့ အကျင့် ပဋိပတ်အရာမှာ ပျင်းရိတောင့်တင်းမနေပဲ ကျင့်သင့်သလောက် ချောမောပြေပြစ်စွာ လိုက်လျောပြီးပြုကျင့်သွားဖို့ရာက သာပြီး အရေးကြီးပါတယ်။

## (၆) မာန် မထောင်လွှားရ

နောက်ပြီးတော့ အနတိမာနီ စ – မာန်ထောင်လွှားခြင်း မရှိ သည်လည်း၊ အသ – ဖြစ်ရာ၏တဲ့။ အမျိုးဇာတ်အနွယ်စသည်ကို

မှီ၍ မာန်ထောင်လွှားခြင်း၊ ပရိယတ် ပဋိပတ် ဂိုဏ်းဂဏ ဂုဏ် စသည်ကိုမှီ၍ မာန်ထောင်လွှားခြင်း မရှိစေရဘူး၊ မာန်ထောင် လွှားပြီး သူတပါးကိုအထင်သေးခြင်း မရိုမသေမထီမဲ့မြင်ပြုခြင်း မရှိစေရဘူးတဲ့၊ ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး သူတပါးကိုမရိုမသေ မထီမဲ့မြင် ပြောဆိုပြုမူနေယင် မေတ္တာအစစ်ဖြစ်ဖို့ ခက်ပါတယ်၊ တချို့က ဂိုဏ်းချင်းမတူတာနဲ့ အလေးအမြတ် ပြုသင့်တဲ့ ပုဂ္ဂိုလ် ပေမဲ့ မရိုမသေပြောဆိုပြုမူနေတာ ရှိတတ်တယ်၊ အဲဒီလို ပုဂ္ဂိုလ် မှာ မေတ္တာအစစ်ဖြစ်ဖို့ခက်ပါလိမ့်မယ်။ လောကဘက်က ပြော ရမယ်ဆိုယင် "ဘာမျှ မစွမ်းနိုင်ဘူး" လို့ ထင်ရတဲ့ သူထံမှလဲ မရိုမသေ မထီမဲ့မြင် ပြုလုပ်ခြင်းကြောင့် ဘေးရန်အန္တရာယ်တွေ ရောက်လာတတ်တယ်၊ သာကီဝင်မင်းမျိုးတွေ ဝိဋူဘ ဘေး သင့်တာဟာ ဒီလိုမာန်ထောင်ပြီး မထီမဲ့မြင်ပြုလုပ်ခြင်းကြောင့် ပါဘဲ။ ဒါကြောင့် မာန်ထောင်လွှားခြင်းမရှိပဲ သူတပါးကို မထီမဲ့မြင် ပြုခြင်းမရှိပဲ နူးညံ့ပျော့ပျောင်းတဲ့စိတ် ရှိစေရမယ်တဲ့။ ဒီနေရာမှာ အဋ္ဌကထာက "အရှင်သာရိပုတ္တရာဟာ ဒွန်းစဏ္ဍား လို နှိမ်ချတဲ့စိတ်ရှိသကဲ့သို့ နှိမ်ချတဲ့စိတ်ဖြင့် နေရမယ်" လို့တောင် ညွှန်ပြထားပါသေးတယ်။ အဲဒီ အရှင်သာရိပုတ္တရာ၏ စိတ်ထား ပုံကို တဝဋကသုတ် တရားတော် (နှာ-၃၈)မှာ ဒီလို ထုတ်ပြ ထားခဲ့ပါပြီ။

သူတောင်းစား သူငယ် ဖြစ်စေ၊ သူငယ်မ ဖြစ်စေ
ခွက်လက်စွဲကာ ဟောင်းနွမ်းသော အဝတ်ကိုဝတ်လျက်
ရွာ နိဂုံးသို့ ဝင်သောအခါ မိမိကိုယ်ကို နှိမ်ချထားတဲ့

စိတ်ဖြင့်ဝင်ပါတယ်၊ အဲဒီ သူတောင်းစားသူငယ်ကလေး သူငယ်မကလေးလိုပင် နှိမ်ချသောစိတ်ရှိပြီးနေကြောင်း ကိုလဲ (အရှင် သာရိပုတ္တရာက မြတ်စွာ ဘုရား အား) လျှောက်ပါတယ်။ အထက်တန်းစား ဗြာဟ္မဏမျိုးဖြစ်တဲ့ အရှင် သာရိပုတ္တရာ မထေရ်က (စဏ္ဍာလ) ဒွန်းစဏ္ဍား ဇာတ်နိမ့်မျိုး သူတောင်းစားမျိုးလိုပင် နှိမ့်ချထားတဲ့ စိတ်ရှိနေတယ်ဆိုတာ အလွန်ပင် အံ့စရာလဲ ကောင်းပါ တယ်၊ အဲဒါကိုအတုယူပြီး မိမိတို့စိတ်ကိုနှိမ်ချပြီး နူးနူး ညံ့ညံ့ နေထိုင်ဘို့ရာလဲ အထူးသတိပြုသင့်ပါတယ်။

(ဤတရားစာကို မူချော့စီစစ်တဲ့အခါ အကျဉ်းချုပ်မျှ သိရ အောင် ထုတ်ဆောင် ပြသည်၊ မူလ ဟောစဉ်က တနာရီခန့် အကျယ်ဟောခဲ့သည်၊ ယင်းမှအကျဉ်းကိုမူ ထိုတုဝဋ္ဋကသုတ် တရား စာအုပ်၌ပင် ကြည့်ကြပါကုန်။)

ပထမ တဂါထာတော့ ပြီးသွားပြီ၊ ယခု ဒုတိယဂါထာကို ဟောရမယ်။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။

## (၇) ရောင့်ရဲလွယ်ရမယ်

၂။ သန္တုဿကော စ - ရောင့်ရဲလွယ်သည်လည်း၊ အဿ-ဖြစ်ရာ၏တဲ့။ ရောင့်ရဲဆိုတာ (၁) ယထာလာဘ သန္တောသ-ရသမျှနှင့် ရောင့်ရဲခြင်း၊ (၂) ယထာဗလသန္တောသ - စွမ်းနိုင်သမျှနှင့် ရောင့်ရဲခြင်း၊ (၃) ယထာသာရုပ္ပ သန္တောသ - သင့်လျော်တာနှင့် ရောင့်ရဲခြင်းလို့ ဒီလို ၃-မျိုး ရှိတယ်၊ အဲဒါကို ပစ္စည်းလေးပါးနှင့်ပွားလိုက်ယင်(၁ × ၄-လီ) ၁၂-ပါး ဖြစ်သွားတယ်၊ အဲဒီ ၁၂-ပါးသောရောင့်ရဲခြင်းဖြင့် ရောင့်ရဲရမယ် တဲ့။

မူလရောင့်ရဲခြင်း ၃-ပါးထဲက (၁) ယထာလာဘသန္တောသဆိုတာ ရသမျှ ဆွမ်း သင်္ကန်း ကျောင်း ဆေးဖြင့် ကျေနပ်အားရနေခြင်းပါဘဲ။ ဆွမ်းဆိုယင် ရဟန်းဖြစ်ပြီးစကဘည်းက မြတ်စွာဘုရားက ဩဝါဒ ပေးထားတယ်၊ ပိဏ္ဍိယာ လောပ ဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော-တဲ့။ တအိမ် တဇွန်း တကော် တလုပ် တခဲ စသည်ဖြင့် ဆွမ်းခံလို့ရလာတဲ့ ဆွမ်းကိုအမှီပြုပြီး ရဟန်းအဖြစ်ဆိုတဲ့ ရဟန်းအကျင့်ဟာ တည်နေတယ်၊ ထို ဆွမ်းခံဆွမ်း ဆိုတဲ့ မှီရာ၌ သင်ရဟန်းသစ်ဟာ တသက်ပတ်လုံး အားထုတ်ရမယ်တဲ့။ ဆိုလိုတာကတော့ မည်သူ့ကိုမျှ တာဝန်မလေးစေပဲ ဆွမ်းခံစားရမယ်လို့ ဆိုလိုတာပါဘဲ။

ဒါယကာ ဒါယိကာမတဦးတယောက်က နေ့စဉ် ချက်ပြုတ်ကျွေးနေရမယ်ဆိုယင် အဲဒီ ဒါယကာ ဒါယိကာမှာ အလွန်

ဝန်လေး ပါတယ်၊ ဆွမ်းခံ စားတယ် ဆိုတော့ ဘယ်သူ့ ကိုမျှ ဝန်မလေးစေဘူး၊ ချက်ပြီးသား အသင့်ရှိနေလို့ လှူနိုင်တဲ့ သူက တဒွန်းလောက်လှူလိုက်ယင် ကိစ္စပြီးတာဘဲ၊ အဲဒီတဇွန်းလောက် တကြိမ်တခါ လှူရတဲ့အတွက် ဘာမျှဝန်လေးစရာလဲ မရှိပါဘူး၊ အကယ်၍ မလှူနိုင်ယင်လဲ ကန်တော့ဆွမ်းပါဘုရားလို့ လျှောက်လိုက်ယင်-ပြီးတာဘဲ၊ ရဟန်းက အခြားတအိမ် ကြွသွားရုံဘဲ၊ ဒီနည်းအရ မတတ်နိုင်တဲ့အိမ်က ကန်တော့ဆွမ်း, တတ်နိုင်တဲ့ အိမ်များက သူတို့တတ်နိုင်သမျှ လောင်းလှူကြတဲ့ ရသချွဆွမ်း ဖြင့် ရောင့်ရဲနေရမယ်၊ အထူးလှူတဲ့ဆွမ်း ပေါ်လာယင်, ရဟန်း ကလဲ ဓုတင်ဆောင် မဟုတ်လို့ အလိုရှိယင် လက်ခံပြီး အဲဒီ ဆွမ်းဖြင့် ရောင့်ရဲနေဘို့ပါဘဲ။ ဆွမ်းခံဆွမ်းဖြင့် အားမရ မရောင့်ရဲပဲ ဖိတ်မန်မထားတဲ့ ဆွေမျိုးမတော်သူထံမှ ဆွမ်းကို တောင်းခံစားယင်, ဂိလာနလဲ မဟုတ်ယင် သေခိယ သိက္ခာ ပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်တယ်၊ ဆွမ်းစရိတ်ဆိုပြီး ငွေကို အလှူခံယင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်တယ်၊ ထောပတ်ဆွမ်း စသော အမွန်အမြတ်ဆွမ်းကို တောင်းခံယင် ပဏီတဘောဇနသိက္ခာပုဒ် ဖြင့် ပါစိတ်အာပတ်သင့်တယ်၊ ပင့်ပြီး ဆွမ်းကပ်နေရာမှာ တောင် ဖိတ်မန်မထားယင် ဟင်းတို့ ဆွမ်းတို့ကို မတောင်းခံ ကောင်းဘူး။ ယခုနေအခါမှာတော့ တန်ခိုးကြီး စေတီတော် (ဘုရား)အနီးမှာ ဖြစ်စေ၊ မော်တော်ဆိပ်စသည်မှာ ဖြစ်စေ ခွက်လက်စွဲပြီး ဆွမ်းစရိတ် အလှူခံနေကြတာတွေရှိတယ်၊ အဲဒါ တွေဟာ ယခုပြောခဲ့တဲ့ ဝိနည်းသိက္ခာပုဒ်နှင့် မညီညွတ်တာတွေ ဘဲ၊ သဒ္ဒါတရားကောင်းတဲ့ အချို့ ဒကာမတွေကတော့ အဲဒီလို

အလှူခံနေတဲ့ သင်္ကန်းဝတ်ပုဂ္ဂိုလ်အား ကုသိုလ်ရမယ်လို့ ယုံကြည်ပြီး ငွေကို လှူကြတယ်၊ ရဟန်းဟုတ်ယင် ငွေကို ခံယူတိုင်း ကိုင်တွယ်တိုင်း အာပတ်သင့်နေတာဘဲ၊ ရဟန်းဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သာသနာတော်အား အများက အကြည်ညိုပျက်ဖွယ်တော့ ဖြစ်နေတာပါဘဲ၊ ဒါကြောင့် သာသနာပျက်အလုပ်လို့တော့ ဆိုနိုင်ပါတယ်။

အဲဒီလို ဆွမ်းအကြောင်းပြုပြီး အာပတ်သင့်တာ သာသနာ့ဂုဏ်ပျက်စေတာတွေဟာ ဆွမ်းခံ ဆွမ်းမျှဖြင့် မရောင့်ရဲလို့ပါဘဲ၊ ရောင့်ရဲယင်တော့ မိမိကိုယ်တိုင်မှာလဲ အပြစ်ကင်းတယ်၊ ဗုဒ္ဓသာသနာတော်မှာလဲ အကြည်ညိုပျက်စရာမရှိဘူး၊ ဒါကြောင့် မေတ္တာဘာဝနာကို ဖြစ်စေ၊ အခြား ဘာဝနာကို ဖြစ်စေ ပွားများနေတဲ့ ရဟန်းကောင်း ရဟန်းမြတ်ဆိုယင် အကောင်းအဆိုးမရွေးပဲ တရားသဖြင့် ရသမျှဆွမ်းဖြင့် ရောင့်ရဲသင့်ပါတယ်။

နောက်ပြီးတော့ သင်္ကန်းမှာလဲ ပံသုကူသင်္ကန်းဖြင့် မျှတနေဘို့ မြတ်စွာဘုရားက ဩဝါဒ ပေးထားပါတယ်၊ ဒကာ ဒကာမများက သူ့သဒ္ဓါစေတနာအလျောက် လှူယင် အဲဒီလို သင်္ကန်းကိုလဲ ခွင့်ပြုထားပါတယ်။ ဒါကြောင့် အကောင်းအဆိုးမရွေးပဲ တရားသဖြင့် ရလာတဲ့ အဲဒီလို သင်္ကန်းဘာမျိုးမျိုးဖြင့် ရောင့်ရဲဘို့ပါဘဲ။ အဲဒီ သင်္ကန်းကိုလဲ မအပ်စပ်တဲ့နည်းဖြင့်ရှာယင် အာပတ်အပြစ်သင့်နိုင်တာဘဲ။

နောက်ပြီးတော့ ကျောင်းအိပ်ရာနေရာမှာလဲ သစ်ပင်ရင်းသစ်ပင်အောက်၌ နေဘို့ ဩဝါဒ ပေးထားပါတယ်၊ တရား

သဖြင့် ဆောက်လုပ်လှူဒါန်းထားတဲ့ အဆောက်အအုံများကိုလဲ ခွင့်ပြုထားပါတယ်၊ ဒါကြောင့် အဲဒီလို အပြင်ကင်းတဲ့ ကျောင်း အိပ်ရာနေရာဖြင့် ရောင့်ရဲဘို့ပါဘဲ။ အဲဒီလို မရောင့်ရဲနိုင်တဲ့ အတွက် ငွေအလှူခံပြီး ဆောက်လုပ်ယင်ဖြစ်စေ၊ သဒ္ဒါတရား ဖြင့် လှူငွေကို မအပ်တဲ့နည်းဖြင့် အလှူခံပြီးတော့ ဖြစ်စေ၊ အင်တဲ့နည်းဖြင့် လှူထားတဲ့ငွေကို ကိုယ်တိုင် ကိုင်တွယ်သိမ်း ထားပြီးတော့ ဖြစ်စေ၊ အဲဒီငွေများဖြင့် ကိုယ်တိုင် ဝယ်ယူ ငှါးရမ်းပြီး ဆောက်လုပ်ယင်ဖြစ်စေ၊ အဲဒီ ကျောင်းအိပ်ရာ နေရာဟာ ကိုယ်တိုင်လဲ မနေကောင်းဘူး၊ အခြားရဟန်းတော် များလဲ မနေကောင်းဘူး၊ နေယင် သုံးဆောင်ယင် သုံးဆောင် တိုင်း သုံးဆောင်တိုင်း အာပတ်အပြစ်သင့်နေတာဘဲ။ ဒါကြောင့် အပြင်ကင်းတဲ့ ကျောင်းတမျိုးမျိုးနဲ့ ရောင့်ရဲဘို့ အရေးကြီး ပါတယ်။

နောက်ပြီးတော့ ဆေးပစ္စည်းကိုတော့ ပူတိမုတ္တ-ဆိုတဲ့ ဆေး ကို သုံးဆောင်ပြီး မျှတနေဘို့ မြတ်စွာဘုရားက ဩဝါဒပေး ထားပါတယ်။ ပူတိမုတ္တဆိုတာ နွားကျင်ငယ်ရေလို့ ပြန်ရိုးပြန်စဉ် ရှိပါတယ်၊ ယခုခေတ်မှာလဲ ထိုနာကျင်နာရှိနေတဲ့ သူများမှာ အဲဒီ နွားကျင်ငယ်ရေကို သုံးဆောင်ခြင်းဖြင့် ထိုနာကျင်နာ ပျောက်ကင်းကြောင်းကြားသိရပါတယ်။ ပုပ်ဆွေးနေလို့ စွန့်ပစ် ထားတဲ့ ဆေးအဟောင်းအမြင်းကို ပူတိမုတ္တခေါ်တယ်လို့ ဒီလို တနည်းအဖွင့်လဲ ရှိပါတယ်၊ အဲဒီ အဖွင့်ကိုတော့ ဘုရား၏ အလိုကျ မကျ စဉ်းစားဘွယ်ရှိပါတယ်၊ ဘာကြောင့်လဲဆိုယင်- ယခုခေတ်မှာ စံနစ်တကျ ဆေးထုတ်လုပ်တဲ့ဌာနများက သူတို့

ထုတ်လုပ်တဲ့ဆေးကို ဆေးသက်ကုန်တဲ့အခါ မသုံးဘို့ ညွှန်ကြား ထားချက်များလဲ ရှိပါတယ်၊ ပုပ်ဆွေးနေတဲ့ အဲဒီလိုဆေးကို သုံးဆောင်ယင် ဇရာဂါမပျောက်ပဲ ရောဂါဖြစ်မည်ကို စိုးရိမ်စရာလဲ ရှိပါတယ်၊ နောက်ပြီးတော့ အဲဒီလို စွန့်ပစ်ထားတဲ့ ဆေးကို လိုက်လံရှာဖွေယူဘို့လဲ လွယ်လှမယ် မဟုတ်ပါဘူး၊ ဒါကြောင့် ပူတိမုတ္တ ဆိုတဲ့ သဒ္ဒါအရ ကြံပြီး ဖွင့်ပြတဲ့ အဲဒီ အနက်ကို ဘုရားအလိုတော်နှင့် ညီမညီ စဉ်းစားဘွယ်ရှိပါတယ်။

ဒီ ဆေးပစ္စည်းအရာမှာတော့ ဂိလာနပုဂ္ဂိုလ်မှာ ဆေးကို မည်သူ့ထံမှ ဖြစ်စေ တောင်းယူ သုံးဆောင်နိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ငွေကို အလှူခံပြီး အဲဒီငွေဖြင့် မအပ်မရာ ဝယ်ယူ သုံးဆောင်ယင်တော့ နိဿဂ္ဂိယသိက္ခာပုဒ်များအရ အာပတ်သင့်နိုင်တာဘဲ။ ဒါကြောင့် ဒီဆေးအရာမှာလဲ အပ်စပ်တဲ့ ဆေးဖြင့် ရောင့်ရဲဘို့ လိုတာပါဘဲ။ အဲဒီလို အပ်စပ်တဲ့ ရရာပစ္စည်းဖြင့် ရောင့်ရဲနေတာကို ယထာလာဘသန္တောသ ခေါ်တယ်။

နောက်ပြီးတော့ မကျန်းမာလို့ဖြစ်စေ၊ အားနည်းလို့ ဖြစ်စေ မိမိနှင့် မသင့်လျော်တဲ့ ဆွမ်း သင်္ကန်း ကျောင်း အိပ်ရာနေရာ ဆေးပစ္စည်းများကို သူတပါးထံမှ သင့်လျော်တဲ့ပစ္စည်းများနှင့် လဲလှယ်ပြီး သုံးဆောင်ရတာကို ယထာဗလသန္တောသခေါ်တယ်၊ စွမ်းနိုင်တဲ့ ပစ္စည်းဖြင့် ရောင့်ရဲခြင်းလို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ မိမိမှာ ရရှိထားတဲ့ ဆွမ်း သင်္ကန်း စသည်က အဖိုးတန်လွန်း ကောင်းလွန်းနေတဲ့အတွက် မိမိနှင့် မတော်ဘူးလို့

ယူဆပြီး သူတပါးထံမှ ပစ္စည်းအညှိနှင့် လဲလှယ်ပြီး သုံးဆောင်တာကို ယထာသာရုပ္ပသန္တောသ ခေါ်တယ်၊ သင့်လျော်တဲ့ ပစ္စည်းဖြင့် ရောင့်ရဲခြင်းလို့ ဆိုလိုပါတယ်။

အဲဒီ ရောင့်ရဲခြင်း ၃-ပါးအရ၊ အကျယ်အားဖြင့် ၁၂-ပါး အရ ရောင့်ရဲနေဘို့ပါဘဲ။ မရောင့်ရဲယင် ခုတင်ကပြောခဲ့တဲ့ အရိပ်အမြွက်စကားများအရ အပြစ်ဖြစ်နိုင်ပါတယ်။ လူ့လောကမှာလဲ ဒီရောင့်ရဲမှုက အလွန်ပင် အရေးကြီးပါတယ်၊ ရသမျှနဲ့ မရောင့်ရဲယင် ဆင်းရဲပင်ပန်းတတ်ပါတယ်၊မရနိုင်တာကို ရချင်လို့ မပြုသင့်တာကို ပြုမိယင် ရာဇဝတ်အပြစ်လဲ သင့်တတ်တယ်၊ မရနိုင်တာကို လိုချင်နေယင် အကြီးအကျယ် ဆင်းရဲနေရတတ်တယ်၊ အိမ်သူက ချက်ကျွေးတဲ့ ထမင်းဟင်းဖြင့် မရောင့်ရဲတဲ့ အိမ့်ရှင်ဟာ အိမ်သူနဲ့ အဆင်မပြေ ဖြစ်တတ်တယ်၊ အိမ်ရှင် ရှာပေးသမျှဖြင့် မရောင့်ရဲတဲ့ အိမ်သူမှာလဲ အိမ့်ရှင်နဲ့ အဆင် မပြေ ဖြစ်တတ်တဲ့အပြင် သူ့အလိုပြည့်အောင် မဘော်တာ ပြုလုပ်မိတဲ့အတွက် အိမ့်ရှင်မှာ အတိဒုက္ခရောက်တတ်ပါတယ်။ ယခုခေတ်မှာ ကုဋေနဲ့ချီပြီး ပေါများကြွယ်ဝနေတဲ့ သဋ္ဌေးကြီးတွေလဲ မရောင့်ရဲနိုင်တဲ့အတွက် ချမ်းချမ်းသာသာ မနေနိုင်ပဲ ပင်ပန်းဆင်းရဲနေကြရတယ်။ ရသမျှနဲ့ ရောင့်ရဲနေယင်တော့ စားရုံ ဝတ်ရုံမျှ အတော်အသင့်လောက် ပြည့်စုံနေတဲ့လူမှာလဲ ချမ်းသာနေတာဘဲ။ ဒါကြောင့် မြတ်စွာဘုရားက သန္တုဋ္ဌိ- ရောင့်ရဲခြင်းသည်၊ ပရမံ ဓနံ-အကောင်း အမြတ်ဆုံး ဥစ္စာပေတည်း လို့ ဟောတော်မူတာပါဘဲ၊ အဲဒါဟာ စဉ်းစားဆင်ခြင်

ကြည့်ယင် အလွန်သဘာဝကျတဲ့ စကားတော်ပါဘဲ။ ဒါကြောင့် ဘာဝနာအလုပ်ကို အားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ အစစအရာရာမှာ ရောင့်ရဲဘို့ လိုပါတယ်။

## (ဂ) မွေးမြူပြုစုလွယ်ရမယ်

နောက်တပုဒ်ကတော့ သုဘရော စ - ဒကာ ဒကာမတို့က ပြုစုမွေးမြူလွယ်သည်လည်း၊ အသုဘ - ဖြစ်ရာ၏-တဲ့။ ဒကာ ဒကာမ တို့က သူတို့၏ အင်အားရှိသမျှဖြင့် ဆွမ်း သင်္ကန်း စသည်တို့ကို လှူဒါန်းထောက်ပံ့ပြီး ပြုစုနေကြရာမှာ မိမိက မကြိုက်ပေမယ်လို့ မကောင်းလှပေမယ်လို့ မညည်းညူပဲ လက်ခံသုံးဆောင်နေဘို့ပါ ဘဲ၊ ဘယ်သိုပစ္စည်းနဲ့ပဲဖြစ်ဖြစ် မျှတနေဘို့ပါဘဲ။ အဲဒီလိုမဟုတ်ပဲ ဒါမျိုး မကြိုက်ဘူး ဘယ်လိုဟာမျိုးမှ ကြိုက်တယ် စသည်ဖြင့် ကောင်းသည်ထက် ကောင်းတာတွေကို လှူဘို့ ညွှန်ကြားနေယင် ဒကာ ဒကာမတွေမှာ ပြုစုမွေးမြူဘို့ တာဝန်လေးမှာပါဘဲ။ ဗြိတိသျှခေတ်ဘုန်းတ မော်လမြိုင်နယ်မှာ ဘုန်းတော်ကြီးတပါး ဟာ ကြက်သားဟင်းမပါယင် သူကဆွမ်းမစားဘူးတဲ့၊အဲဒီတော့ သူ့ဒကာ ဒကာမတွေက အမြဲတမ်း ကြက်သားဟင်းပါအောင် ကြောင့်ကြစိုက်နေကြရသတဲ့၊ ခရီးသွားနေစဉ် အကြောင်းမညီ ညွတ်လို့ ကြက်သားဟင်းမရတဲ့အခါ သူက အဲဒီနေ့မှာ ဆွမ်း မစားပဲနေသတဲ့၊ ဘာကြောင့် ဒီလိုပြုကျင့်နေသလဲ ဆိုတာတော့ မပြောတတ်ပါဘူး၊ ဓမ္မပဒဝတ္ထုထဲက ငါးကြင်းသားဟင်းပါမှ စားလိုတဲ့ ပဏ္ဍိတသာမဏေကိုအားကျပြီး အဓိဋ္ဌာန် ပြုထားလေ သလား မပြောတတ်ပါဘူး။ အဲဒါဟာ သုဘရ-မဖြစ်ပဲ ဒုဗ္ဘရ-

မေးမြန်းပြုစုနိုင်ခဲ့သူ ဖြစ်နေတယ်လို့ ဆိုရမှာပေါ့။ ဒီမှာတော့ အဲဒီလို မဟုတ်ပဲ ဒကာ-ဒကာမတွေက လှူဒါန်းသမျှဖြင့် ရောင့်ရဲပြီး ပြုစုမေးမြန်းလွယ်ဘိုပါဘဲ။

အချို့ စိတ်သဘော သေးနုပ်သောရဟန်းဟာ ဒကာ-ဒကာမ တို့က အကောင်းအမြတ်ကို လှူစေကာမူ မကျေနပ်သည့် အမူအရာကို ပြတတ်တယ်၊ အလှူရှင်များရှေ့တွင်ပင် ဘယ်လိုဟာတွေ လှူပါလိမ့်မလဲလို့ မောင်းမဲပြီး အခြားသူအား စွန့်လိုက်တတ်တယ်၊ အဲဒီလို ရဟန်းဟာ ဒကာ ဒကာမတို့က အမေးအမြန်ခက်သောသူ ဖြစ်တယ်။ ကောင်းကောင်းဆိုးဆိုး ပေးလှူသမျှနှင့် ကျေနပ်နှစ်သက်ကာ ကြည်လင်တဲ့မျက်နှာဖြင့် လက်ခံမျှတနေတဲ့ရဟန်းကတော့ ဒကာ ဒကာမတို့က ပြုစုမေးမြန်းလွယ်သော ပုဂ္ဂိုလ် ဖြစ်ပေတယ်။ ဒီ ရဟန်း ၂-မျိုးထဲက မေးမြန်းရန်ခက်တဲ့ ရဟန်းမှာ မေတ္တာဖြစ်ဖို့ ခက်ပါလိမ့်မယ်၊ အခြားဘာဝနာများလဲ ဖြစ်ဖို့လွယ်လှမယ်မဟုတ်ပါဘူး။ ဒါကြောင့် မေတ္တာစသော ဘာဝနာ အစစ်ဖြစ်ရေး၌ လွယ်ကူစေရန် ပြုစုမေးမြန်းရ လွယ်သူဖြစ်ဖို့ ညွှန်ကြားတော်မူတာပါဘဲ။

## (၆) ကိစ္စနည်းရမယ်

နောက်တပုဒ်ကတော့ အပ္ပကိစ္စော စ-ကိစ္စနည်းသည်လည်း၊ အဿ - ဖြစ်ရာ၏တဲ့။ ဘာဝနာ တပါးပါးကို တကယ်ပွားများနေတဲ့သူသာ မိမိကိုယ်နှင့် စပ်တဲ့ မလွဲမကင်းသာသော ကိစ္စမှတပါး အခြားကိစ္စ မရှိတာ အကောင်းဆုံးပါဘဲ။ ဒါကြောင့်

ဒီမှာ အပွကိစ္စာ - ကိစ္စနည်းရမယ်လို့ ညွှန်ကြားတော်မူတာပါဘဲ။

## (၁၀) နေထိုင်သွားလာ ပေါ့ပါးရမယ်

**နောက်တပုဒ်ကတော့** သလ္လဟုကဝုတ္တိ စ - **ပေါ့ပါး** သော ဖြစ်ခြင်းရှိသည်လည်း၊ အသ - ဖြင့်ရာ၏တဲ့။ အဲဒီမှာ ပေါ့ပါး သောဖြစ်ခြင်းဆိုတာမရှိမဖြစ်တဲ့ သင်္ကန်းသပိတ်စသော ပရိက္ခရာ ရှစ်ပါးမျှဖြင့် မျှတနေခြင်းကို ဆိုတာပါဘဲ။ အသုံးအဆောင် ပစ္စည်းတွေ များနေယင် အဲဒါတွေကိုစောင့်ရှောက်ရတဲ့ အတွက် လဲ ဝန်လေးတယ်၊ တနေရာသို့ သွားတော့မယ်ဆိုယင်လဲ အဲဒါ **တွေ**ပါယူသွားယင် ဝန်လေးတာဘဲ။ ပရိက္ခရာ ရှစ်ပါးဆိုတာ**က** **သ**င်္ကန်း သုံးထည်ရယ်၊ သပိတ်ရယ်၊ ခါးပန်းကြိုးရယ်၊ အပ်ရယ်၊ သင်ဓုန်းရယ်၊ ရေစစ်ရယ်-ဒီ ရှစ်မျိုးပါဘဲ။ ဒီ ပရိက္ခရာရှစ်ပါး **က**တော့ အမြဲနေရာမှာလဲ စောင့်ရှောက်ဖို့ တာဝန်မလေးဘူး၊ ခရီးသွားရာမှာလဲ တပါတည်းယူဆောင်သွားဖို့ တာဝန်မလေး ဘူး၊ ဒါကြောင့် အဲဒီ မရှိလျှင်မဖြစ်တဲ့ ပရိက္ခရာရှစ်ပါးမျှဖြင့် မျှတနေတာဟာ ပေါ့ပါးသော ဖြင်ခြင်းပါဘဲ။

အဲဒီ ပရိက္ခရာရှစ်ပါးထဲမှာ အပ်ဆိုတာကတော့ ယခုနေ **အခါ** ဗမာပြည်က ဘုန်းကြီးဝဲ့ မထေရ်များမှာ အသုံးမကျ **သ**လောက် ဖြစ်နေတာပါဘဲ၊ သင်္ကန်းကိုစုတ်အောင်ဝတ်ရတယ် လို့လဲ မရှိဘူး၊ ကိုယ့်ဟာကိုယ်ချုပ်ပြီး ဝတ်ရတယ်လို့လဲ မရှိဘူး။ ဒါကြောင့် ခရီးသွားတဲ့အခါ သင်္ကန်းချုပ်စရာအပ်ကို ယူဆောင် **သွား**ဘို့ စိတ်ကူးတောင် ဖြစ်ကြပုံမရပါဘူး။ ဘုန်းကြီးကိုယ်တိုင်

ပင် ၁၃၂၁-ခုနှစ်တုန်းက အင်ဒိုနီးရှားသို့ သာသနာပြုသွားတဲ့ အခါ အပ်နဲ့ အပ်ချည် ပရိက္ခာရာကို ယူမသွားမိဘူး၊ အဲဒီ တုန်းက ပါသွားတဲ့ သင်္ကန်းတွေက အသစ်တွေပါဘဲ၊ ဒါပေမဲ့ မူလချုပ်စဉ်ကအချုပ်မကောင်းတဲ့အတွက် ချုပ်ရိုးကြောင်းတခု မှာ တနေရာက ပြုတ်ထွက်သွားတာကို တွေ့ရတယ်၊ အဲဒီအခါ အပ်နဲ့ အပ်ချည်မပါတဲ့အတွက် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစား ပြီးတော့ သီဟိုဠ်မှ ကြွလာတဲ့ အရှင်အရိယဝံသ မထေရ်နှင့် တိုင်ပင်ကြည့်တယ်၊ အဲဒီ မထေရ်ကြီးက သူ့မှာ အပ်နဲ့အပ်ချည် ပါလာတဲ့အကြောင်း၊ သူကိုယ်တိုင် ချုပ်ပေးမည့်အကြောင်း ကို ပြောပါတယ်။ အဲဒီတော့ ဘုန်းကြီးက ချုပ်ပေးဘို့တော့ မလိုပါဘူး၊ အပ်နဲ့ အပ်ချည်ကိုသာ ပေးပါ၊ တပည့်တော်လဲ ဒါလောက်တော့ ချုပ်ဖို့ ဝန်မလေးပါဘူးလို့ ပြောရပါတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ ယခု ခေတ်မှာလဲ ခရီးရှည်သွား တဲ့အခါ အပ်နဲ့ အပ်ချည် ပရိက္ခာရာကိုလဲ ယူဆောင်သွားသင့် ကြောင်း အမှတ်ရမိခဲ့ပါတယ်။ အဲဒီ အပ်နဲ့ အပ်ချည်ဟာလဲ ယူဆောင်သွားဘို့ ဘာမျှ ဝန်မလေးပါဘူး၊ ပေါ့ပါတယ်။

## သပိတ်နှင့် ရေစစ်လဲပါသင့်ကြောင်း

ယခုကာလမှာ အချို့ ရဟန်းတော်များကတော့ ရောက်ရာ မှာ စားစရာက အလွယ်တကူ ရနေတာနဲ့ သပိတ်ကိုတောင် မယူပဲ ပေါ့ပေါ့ပါးပါး သက်သက်သာသာ သွားလေ့ရှိကြပါ တယ်။ ဘုရားလက်ထက်၊ အဋ္ဌကထာ ဆရာများ လက်ထက် ကာလဆီကတော့ ပတ္တစီဝရမာဒါယ-သပိတ် သင်္ကန်းကိုယူ၍လို့

ဆိုထားတဲ့အတိုင်း သံဃာ့အစည်းအဝေးသွားတဲ့အခါ ဥပုသ်ပြုသွားတဲ့အခါမှာတောင် သပိတ်နဲ့ သင်္ကန်းသုံးထည်ကို ယူသွားလေ့ရှိကြပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ကတော့ ခရီးဝေးသွားတဲ့အခါဖြစ်စေ၊ မြို့ထဲ သီးသန့် ဆွမ်းစားသွားတဲ့ အခါဖြစ်စေ သပိတ်ကိုလဲ ယူသွားဘို့ရော ညွှန်ကြားထားပါတယ်။ နောက်ပြီးတော့ အရေးကြီးတဲ့ ပရိက္ခရာတခုကတော့ ရေစစ်ပဲ၊ အဲဒီ ရေစင်မပါပဲ ယူဇနာဝက်စသည် ရှည်တဲ့ခရီးကိုသွားယင် ဒုက္ကဋ်အာပတ်သင့်တယ်၊ တယူဇနာဆိုတာ ပါဠိအဘိဓာန်ကျမ်းစသည်မှာ ပြဆိုထားချက်အရအားဖြင့် ၁၂-မိုင်ကျော်ကျော် ၁၃-မိုင်နီးပါးရှိတယ်၊ ယူဇနာဝက်ဆိုယင် ၆-မိုင်ခွဲလောက်ရှိတယ်၊ ယခုခေတ်မှာ ၆-မိုင်ခွဲလောက်ခရီးကို မော်တော်ယာဉ်စသည်ဖြင့် မကြာခဏသွားနေကြရတာဘဲ။ ယခုခေတ် သုတေသီဆရာတို့၏ ယူဆချက်အရအားဖြင့် တယူဇနာဆိုတာ ရှစ်မိုင်လောက်ရှိတယ်၊ ဒါကြောင့် ယူဇနာဝက်ဆိုတာဟာ ၄-မိုင်လောက်ရှိတယ်လို့ ယူဘို့ပါဘဲ။ အဲဒီတော့ ရန်ကုန် မန္တလေးတို့လို မြို့ထဲမှာ ကိစ္စကြီးငယ်ရှိလို့ သွားတဲ့အခါ ၄-မိုင်လောက်ဝေးယင် ရေစစ်ပါဘို့ လိုပါတယ်၊ သီခြားရေစစ်မပါယင် လက်ကိုင်ပုဝါကို ရေစစ်အဖြစ် နှလုံးသွင်းပြီးယူသွားဘို့ပါဘဲ၊ ဒါမှမဟုတ်ယင်လဲ အကြောင်းရှိတဲ့အခါ မိမိဝတ်ထားတဲ့ သင်္ကန်းဖြင့် ရေစစ်သောက်မယ်လို့ နှလုံးသွင်းသွားဘို့ပါဘဲ။

တကယ် တရားအားထုတ်မည့် ပုဂ္ဂိုလ်မှာ ယခုပြောခဲ့တဲ့ ပရိက္ခရာရှစ်ပါးဟာ ယူဆောင်သွားဘို့ ပေါ့ပါတယ်၊ ဝန်မလေး

ပါဘူး၊ ငှက်များဟာ ပျံသွားတဲ့အခါ သူ့အတောင် တပါ တည်း ပါသွားသလို အလွယ်တကူနဲ့ ယူဆောင်သွားနိုင်ပါတယ်။ အဲဒီ ပရိက္ခရာရှစ်ပါးဆိုယင်လဲ ပြည့်စုံတော့ တာပါဘဲ။ ဒီနေရာ မှာ ဘုန်းကြီး၏ ကိုယ်တွေ့ကို ထည့်ပြောချင်ပါတယ်။

## ကိုယ်တိုင် ပေါ့ပါးခဲ့ပုံ

ဘုန်းကြီးရှစ်ဝါရတုန်းက သင့်လျော်တဲ့ ကမ္မဋ္ဌာန်းနည်း, သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကျောင်းကိုရှာဘို့ မော်လမြိုင်မြို့ တောင် ဝိုင်းကလေးတိုက်ကျောင်းမှ အဖော်ရဟန်းတပါးနှင့် ထွက်လာ ခဲ့တယ်၊ ထီး,ဘိနပ်စသည် အပိုပစ္စည်းရယ်လို့ မပါပါဘူး၊သပိတ် တလုံး, သင်္ကန်းသုံးထည်, ခါးပန်းကြိုး, သင်ပုန်း, ရေစစ်, အပ် ဆိုတဲ့ ဒီပရိက္ခရာရှစ်ပါးလောက် ပါပါတယ်။ ခရီးစရိတ်လဲ မပါပါဘူး၊ မော်လမြိုင်မှ ပေါင်ဆိုတဲ့ ဘူတာအထိ ကပ္ပိယက လက်မှတ်ယူပေးလိုက်တယ်၊ အဲဒီအထိသာ မီးရထားဖြင့်လိုက်ပါ လာပြီးတော့ အဲဒီ နောက်ခရီးတွေမှာတော့ ခြေလျင်ပဲ သွားရတာက များပါတယ်၊ တရံတခါ ရထားလက်မှတ်လှူ သူရှိလို့ ရထားနဲ့သွားရတာလဲ နဲနဲတော့ရှိပါသေးရဲ့၊ ကျိုက်ထီး ရိုးမှ ပြန်လာခဲ့ပြီး နောက်ဆုံးကျတော့ သထုံမြို့ မင်းကွန်းဇေတ ဝန်မှာဝင်ရောက်ပြီးတရားအားထုတ်ခဲ့တယ်။ အဲဒါဟာပရိက္ခရာ ရှစ်ပါးလောက်နဲ့ ပေါ့ပေါ့ပါးပါး တရားအားထုတ်ဖို့ကိုယ်တိုင် သွားခဲ့ပုံပါဘဲ။ သလ္လဟုကဝုတ္တိဆိုတဲ့ ဒီညွှန်ကြားချက်နှင့် အညီ ပါဘဲ။

# (၁၁) ဣန္ဒြေငြိမ်သက်ရမယ်

နောက်တပုဒ်ကတော့— သန္တိန္ဒြိယော စ-ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း၊ အဿ-ဖြစ်ရာ၏-တဲ့။ ပါဠိလို ဣန္ဒြိယ-ဗမာလို ဣန္ဒြေဆိုတာ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဒီ၆-ပါးပါဘဲ၊ မျက်စိရှိမှ မြင်နိုင်တယ်၊ မြင်တော့လဲ မျက်စိအားကောင်းသလောက်သာ မြင်အားရှိတယ်၊ ဒါကြောင့် မျက်စိက မြင်ရာမှာ အစိုးရတယ်၊ အဲဒီလို အစိုးရတဲ့အတွက် မျက်စိကို စက္ခုဣန္ဒြေလို့ ခေါ်တယ်၊ နား စသည်ကလဲ ကြားရာစသည်မှာ အစိုးရတယ်၊ ဒါကြောင့် နားစသည်ကိုလဲ သောတိန္ဒြေစသည်ဖြင့် ခေါ်တယ်။ အဲဒီ မျက်စိစသော ဣန္ဒြေများကို ငြိမ်သက်စေရမယ်။ အဆင်းကောင်း အသံကောင်းတွေကို မြင်ယင် ကြားယင် သာယာတပ်မက်တဲ့သူမှာ ဟိုကြည့် ဒီကြည့် ဟိုဘက်လှည့်နားထောင် ဒီဘက်လှည့်နားထောင်နဲ့ ဣန္ဒြေမရဘူး၊ အနံ့ကောင်း အရသာကောင်း အတွေ့ကောင်းတွေ ခံစားရမှာလဲ သာယာတပ်မက်ယင် ဣန္ဒြေမရဘူး ပြုံးလိုက် ရယ်လိုက် ချီးမွမ်းလိုက်စသည်ဖြင့် လှုပ်ရှားနေတတ်တယ်။ ထို့အတူပင် မကောင်းတာကို မြင်ရ ကြားနံ့ရ စားရ ထိရတဲ့အခါလဲ သည်းမခံနိုင်ယင် ဣန္ဒြေမရဘူး၊ တွေ့ထိမှုနှင့်စပ်ပြီး နာကျင်အခံခက်တဲ့အခါ သည်းမခံနိုင်ယင် ကိုယ်တွေ လက်ခြေတွေ လှုပ်ရှားပြီးတော့လဲ မငြိမ်သက်ပဲရှိတတ်တယ်၊ ပါးစပ်ကလဲ ညည်းတွားပြီး မငြိမ်သက်ပဲ ရှိတတ်တယ်။

ဒါကြောင့် အဲဒီ အာရုံအကောင်းအဆိုးတွေနဲ့စပ်ပြီး တည်ငြိမ်နေနိုင်အောင် ထိန်းသိမ်းဘို့လိုပါတယ်။ ဆင်ခြင်ပြီးတော့

ယင်လဲ ထိန်းသိမ်းရမယ်၊ ရှုမှတ်ပြီးတော့ယခင်လဲ ထိန်းသိမ်းရမယ်၊ ရှုမှတ်ပြီး မြင်ရုံမျှ ကြားရုံမျှစသည်၌ တည်အောင် ထိန်းသိမ်းတာကတော့ အကောင်းဆုံးပါဘဲ၊ ဒါပေမဲ့ မရှုမှတ်ဘူးသေးတဲ့သူမှာတော့ အဲဒီလို ရှုမှတ်ပြီး ထိန်းသိမ်းဘို့ရာ မလွယ်ပေဘူး။ ဒါကြောင့် သာမန်အမြင် အကြားစသည်တွေကိုတော့ ကောင်းကောင်းဆိုးဆိုး ဂရုမစိုက်ပဲ လျစ်လျူရှုပြီး ထိန်းသိမ်းရုံပါဘဲ၊ နာကျင်မှုစသော လွန်ကဲတဲ့အာရုံဆိုယင်တော့ သင့်လျော်အောင် စွမ်းနိုင်သမျှ ဆင်ခြင်ပြီး ထိန်းသိမ်းသွားရုံပါဘဲ။

## (၁၂) ဆင်ခြင်ဉာဏ် ရင့်ကျက်ရမယ်

နောက်တပုဒ်ကတော့- နိပကော စ-ရင့်ကျက်သည်လည်း၊ အသ-ဖြစ်ရာ၏ တဲ့။ ဆင်ခြင်ဉာဏ် ပညာအလိုအားဖြင့် ရင့်ကျက်ဖို့ပါဘဲ။ ငယ်ရွယ်တဲ့သူများမှာ ဆင်ခြင်ဉာဏ်အားနည်းတယ်၊ အရွယ်ကြီးလာလေလေ ဆင်ခြင်ဉာဏ်က အားကောင်းပြီး ရင့်ကျက်လာလေလေဘဲ၊ အဲဒါဟာ ရင့်ကျက်တဲ့ ဆင်ခြင်ဉာဏ်ပညာနှင့် ပြည့်စုံလာတာပါဘဲ။ ဝိသုဒ္ဓိမဂ်မှာ ဒီ နိပကော ဆိုတဲ့ပုဒ်ဖြင့် ပါရိဟာရိကပညာကို ပြကြောင်းဖွင့်ပြထားပါတယ်၊ ပါရိဟာရိကပညာဆိုတာ ကိစ္စကြီးငယ်ဟူသမျှကို ပြီးစီးအောင် ဆောင်ရွက်တတ်တဲ့ဆင်ခြင်ဉာဏ်ပညာပါဘဲ၊ အကျိုး ရှိ မရှိဆင်ခြင်တတ်တဲ့ သာတ္ထကသမ္ပဇဉ်၊ သင့် မသင့်ဆင်ခြင်တတ်တဲ့ သပ္ပါယသမ္ပဇဉ်ဆိုတဲ့ အသိဉာဏ်တွေပါဘဲ၊ ဒီပါရိဟာရိကပညာက လောကီလောကုတ္တရာနှစ်ဖြာလုံးမှာအလွန်အသုံးကျတဲ့ပညာ

ပါဘဲ၊ အဲဒီ ဆင်ခြင်ဉာဏ်ပညာနဲ့ ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။ ဒီမေတ္တာသုတ်အဖွင့် အဋ္ဌကထာမှာတော့ (၁) သီလကိုစောင့်ရှောက်တဲ့ပညာ၊ (၂) သက်န်းစသည်ကို စီမံပြုလုပ်တတ်တဲ့ပညာ၊ (၃) သပ္ပါယ (၇)ပါးကို သိနားလည်တဲ့ ပညာလို့ဒီလို ခွဲပြထားတယ်၊ အဲဒါတွေဟာလဲ ပါရိဟာရိကလို့ ခေါ်တဲ့ဆင်ခြင်ဉာဏ် ပညာတွေချည်းပါဘဲ၊ အဲဒီအထဲမှာ သက်န်းစသည်ကို စီမံပြုလုပ်တတ်တဲ့ပညာ ဆိုတာကတော့ မေတ္တာဘာဝနာပွားရာမှာ အရေးတကြီးလိုပုံ မရပါဘူး၊ ဒါပေမဲ့ ကြာရှည်စွာ အားထုတ်နေတဲ့အခါမှာ သက်န်းစသည် ပြုလုပ်ရန်အတွက် လိုမှာကြောင့် ထည့်သွင်းပြထားဟန်ရှိပါတယ်။

## သပ္ပါယ(၇)ပါး

သပ္ပါယ(၇)ပါးဆိုတာကတော့ (၁) သင့်လျော်တဲ့နေရာထိုင်ခင်း၊ (၂) သင့်လျော်တဲ့ဆွမ်းခံရွာ၊ (၃) သင့်လျော်တဲ့စကား၊ (၄) သင့်လျော်တဲ့ ဆရာနှင့် သီတင်းသုံးဘော်များ၊ (၅) သင့်လျော်တဲ့အစာ၊ (၆) သင့်လျော်တဲ့ဥတု၊ (၇) သင့်လျော်တဲ့ ဣရိယာပုထ်ဆိုတဲ့ ဒီ(၇)ပါးပါဘဲ၊ မိမိနဲ့သင့်လျော်တဲ့ကျောင်းစသည်ကို ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ပညာနှင့်ပြည့်စုံဘို့ပါဘဲ။

## သာတ္ထကသမ္ပဇဉ်

သစ်သားကျောင်း ဝါးကျောင်း အုတ်တိုက်ကျောင်းစသည်ကို နေလို့ သင့်-မသင့်၊ ဆိတ်ငြိမ်မှု ရ-မရ စသည်ဖြင့်

ဆင်ခြင်ဘို့ လိုပါတယ်။ ဆွမ်းခံရွာနှင့်စပ်ပြီး ဆင်ခြင်ဘို့ကတော့ ဆွမ်း ရ-မရ, အနှောင့်အရှက် ရှိ-မရှိ, အထူးအားဖြင့် ဝိသဘာဂ အာရုံကြောင့် အနှောင့်အရှက် ဖြစ်-မဖြစ် ဒါမျိုးတွေဆင်ခြင်ဘို့ ပါဘဲ။ စကားကတော့ ဘယ်စကားပြောယင် နားထောင်ယင် ကမ္မဋ္ဌာန်း၏ အန္တရာယ် ဖြစ်-မဖြစ် စသည်ကို ဆင်ခြင်ဘို့ပါဘဲ။ အကြောင်းအထူးမရှိယင် တရားနှင့် မစပ်တဲ့စကားကို မပြောပဲ နေတာဟာ အကောင်းဆုံးပါဘဲ။ ပုဂ္ဂိုလ်ကတော့ ဒီဆရာ ဒီ ပုဂ္ဂိုလ်တွေနဲ့ မှီခိုနေရတာ, အတူဆက်ဆံနေရတာ တရားဘက်က တိုးတက်မှု ဆုတ်ယုတ်မှု ရှိ-မရှိ ဆင်ခြင်ဘို့ပါဘဲ။ အစာကတော့ ဘယ်လို အစာကို စားရတဲ့အတွက် ကျန်းမာရေးဘက် တရား ဘက်က အကျိုး ရှိ-မရှိ ဆင်ခြင်ဘို့ပါဘဲ။ ဥတုကတော့ အေးတဲ့ နေရာ နွေးတဲ့နေရာ နေခြင်းကြောင့်၊ သို့မဟုတ် လေအေးခံခြင်း ရေချိုးခြင်းကြောင့် ကျန်းမာရေးနှင့် တရားဘက်မှာ ကောင်း မကောင်း ဆင်ခြင်ဘို့ ပါဘဲ။ ဣရိယာပုထ်ကတော့ ထိုင်ပြီး အားထုတ်နေတာက ပိုကောင်းသလား၊ ရပ်ပြီး အားထုတ်နေ တာက ပိုကောင်းသလား၊ တိုးတက်သလားစသည်ဖြင့် ဆင်ခြင် ဘို့ပါဘဲ။ အဲဒါဟာ သင့်လျော်တဲ့ ကျောင်းစသည်နှင့် စပ်ပြီး အကျိုး ရှိ-မရှိဆင်ခြင်ပြီး နေပက္ကခေါ်တဲ့ရင့်ကျက်သောဆင်ခြင် ဉာဏ် ဖြစ်ပုံပါဘဲ၊ အဲဒါကို "ကျိုး ရှိသလား မရှိလား စဉ်း စားတာက သာတ္ထက" လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကျိုး ရှိသလား-မရှိလား စဉ်းစားတာက သာတ္ထက။

## သပ္ပါယသမ္ဗောဇ္ဈင်

အကျိုးရှိပေမဲ့ သင့်-မသင့်လဲ ဆင်ခြင်ဘို့ လိုပါသေးတယ်၊ ကျောင်းခန်းဆိုယင် ကြီးသူတို့နေရာမှာ ငယ်သူက သွားနေလို့ မတော်ဘူး၊ ငယ်သူများနေရာမှာ ကြီးသူက သွားနေလို့ မတော်ဘူး၊ စကားဆိုယင်လဲ တရားစကားက အကျိုးရှိပေမဲ့ အလုပ်ကိစ္စများနေသူတို့အား ဟောပြောလို့မတော်ဘူး၊ အသုဘတရားကို မင်္ဂလာအခမ်းအနားမှာ ဟောလို့မတော်ဘူး စသည်ဖြင့် သင့်တော် မတော် ဆင်ခြင်ရမယ်၊ အဲဒါက သပ္ပါယသမ္ဗောဇ္ဈင်ဘဲ၊ အဲဒါကိုလဲ "သင့်တော်ရဲ့လား မတော်လား စဉ်းစားတာက သပ္ပါယ"လို့ စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သင့်တော်ရဲ့လား မတော်လား စဉ်းစားတာက
သပ္ပါယ။

## (၁၃) ကြမ်းတမ်းရိုင်းပြခြင်း ကင်းရမယ်

နောက်တပုဒ်ကတော့ အပ္ပဂဗ္ဘော စ-ကြမ်းတမ်းရိုင်းပြခြင်း ကင်းသည်လည်း၊ အဿ - ဖြစ်ရာ၏ တဲ့။ ကြမ်းတမ်းရိုင်းပြခြင်း ဆိုတာ မယဉ်ကျေးတာပါဘဲ၊ အဲဒါက (၁) ကိုယ်၏မယဉ်ကျေးခြင်း၊ (၂) နှုတ်၏ မယဉ်ကျေးခြင်း၊ (၃) စိတ်၏မယဉ်ကျေးခြင်းလို့ သုံးမျိုးရှိတယ်။ အဲဒီ သုံးမျိုးထဲက—

(၁) ကိုယ်၏ မယဉ်ကျေးခြင်းဆိုတာက ရှစ်ဌာန ရှိတယ်၊ အဲဒီရှစ်ဌာနထဲက ယခုနေအခါ တွေ့ကြုံတတ်တာတွေကို ပြော

ရမယ်၊ သံဃာ့အလယ်မှာ ဖြစ်စေ၊ ပရိသတ်များ အလယ်မှာ ဖြစ်စေ၊ ဣန္ဒြေရရ ရိုရိုသေသေ မထိုင်ပဲ ဒူးထောင်ပေါင်ကားနဲ့ ထိုင်နေယင် အဲဒါဟာ ကိုယ်၏ ရိုင်းပြမှု မယဉ်ကျေးမှုဘဲ၊ ဒူးတဖက်ကို ဖြစ်ဖြစ်၊ ဒူးနှစ်ဖက်လုံးကို ဖြစ်ဖြစ် လက်ဖြင့် ပွေ့ပိုက်ပြီး ထိုင်နေတာကို လက်အာယောဂပတ်ဖွဲ့ ထိုင်တာ ခေါ်တယ်၊ အဝတ်နဲ့ပတ်ပြီး ထိုင်တာကိုတော့ အဝတ် အာယောဂပတ် ခေါ်တယ်၊ သံဃာ့အလယ်၊ ပရိသတ်အလယ်၊ ရိုသေထိုက်တဲ့ပုဂ္ဂိုလ်တို့၏ရှေ့မှာ အဲဒီလို ထိုင်နေယင် ကိုယ်၏ ရိုင်းပြမှုဘဲ။ မထေရ်ကြီးများကို ထိပါးပြီး ရပ်နေယင် ထိုင် နေယင်၊ ရှေ့၌ ရပ်နေယင် ထိုင်နေယင်၊ မြင့်တဲ့နေရာမှာ ထိုင် နေယင်၊ ခေါင်းကို ခြုံပြီး ထိုင်နေယင်၊ ရပ်ပြီး စကားပြော နေယင်၊ လက်များကို ခါရမ်းပြီး စကားပြောနေယင် အဲဒါ တွေဟာ ကိုယ်၏ ရိုင်းပြမှုတွေဘဲ။ မထေရ်ကြီးတွေ၏ နေရာ၌ ထိုင်နေယင်၊ ရဟန်းငယ်တို့၏နေရာ၌ တိုးဝှေ့ ထိုင်နေယင်၊ မထေရ်ကြီးများ ရှေ့သို့ ကျော်တက်သွားယင် အဲဒါတွေလဲ ကိုယ်၏ ရိုင်းပြမှုတွေဘဲ၊ ငယ်ရွယ်သူတို့နှင့် ကိုင်တွယ်ထိပါးပြီး ကစားနေယင် ဒါလဲ ကိုယ်၏ ရိုင်းပြမှုဘဲ။ အဲဒီလို ရိုင်းပြမှုတွေ ကင်းရမှာ။

ယခုနေအခါမှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ယောင်ယောင်နဲ့ မထေရ်ကြီးအချို့က အမျိုးသမီးကလေးများ ခေါင်းကို လက်ဖြင့် ပွတ်သပ်ပြီးတော့တောင် သိဒ္ဓိတင်ချီးမြှောက်တာရှိတယ်လို့ကြား ရတယ်၊ အဲဒါဟာ ဝိနည်းပညတ်တော်က လုံးဝတားမြစ်ထားတဲ့

အမှုပါဘဲ၊ ရဟန်းများမှာ သမီးတို့ အမိတို့တောင် မထိပါးရဘူးလို့ ပညတ်ထားတာ ရှိပါတယ်၊ မိန်းမ အရုပ်တောင် သာယာတဲ့စိတ်ဖြင့် မကိုင်ရဘူးလို့ ပညတ်ချက် ရှိပါတယ်၊ ဒါကြောင့် အဲဒီလို ထိပါးမှုဟာလဲ ကိုယ်၏ရိုင်းပြမှုလို့ ဆိုရမှာဘဲ။

နောက်တခုကတော့ သံဃာတော်များ စားသောက်နေတဲ့အခါ အတူစားယင်း ဖြစ်ဖြစ်၊ အနီးအပါးမှ တည်လျက်ဖြစ်ဖြစ် နှပ်ညှစ်တာ ချွဲသလိပ် ဟပ်တာ ထွေးတာ— ဒီလိုဟာတွေလဲ စက်ဆုပ်ဖွယ်ဖြစ်တဲ့အတွက် ကိုယ်၏ ရိုင်းပြမှု မယဉ်ကျေးမှုလို့ ဆိုသင့်တာဘဲ၊ ဒီလို စက်ဆုပ်ဖွယ် အပြုအမူတွေလဲ ကင်းသင့်တာပါဘဲ။

(၂) နှုတ်၏ မယဉ်ကျေးခြင်း ဆိုတာကတော့ လေးဌာနရှိတယ်။ သံဃာ့အလယ်မှာ ဖြစ်စေ၊ ပရိသတ်အလယ်မှာ ဖြစ်စေ၊ မထေရ်ကြီး ရှိရာမှာဖြစ်စေ ပြောချင် ဟောချင်ယင် မထေရ်ကြီးကို ပန်ကြားပြီး ပြောဟောရတယ်၊ အဲဒီလို မပန်ကြားပဲ ပြောဟောယင် နှုတ်၏ရိုင်းပြမှု မယဉ်ကျေးမှုဘဲ၊ မပန်ကြားပဲ ပြဿနာကို ဖြေယင်လဲ နှုတ်၏ ရိုင်းပြမှုဘဲ၊ ရပ်လျက် လက်များကို ခါရမ်းပြီး ပြောဟောနေယင်လဲ နှုတ်၏ ရိုင်းပြမှုဘဲ။ နောက်ပြီးတော့ မပြောသင့်တဲ့ စကားတွေကို သံဃာ့အလယ် ပရိသတ်အလယ် မထေရ်ကြီးရှေ့မှာ ပြောယင် ဒါလဲ နှုတ်၏ ရိုင်းပြမှုလို့ ဆိုရမှာဘဲ။ နောက်ပြီးတော့ အရပ်ထဲ ရွာထဲ ဒကာမများအိမ်သို့ သွားရောက်တဲ့အခါ "ဟေ့....ဘယ်သူရေ၊ စားစရာ ဘာရှိသလဲ၊ ယာဂုရှိသလား၊ ဆွမ်းရှိသလား၊ မုန့်

ရှိသလား၊ ကော်ဖီ လဘက်ရည် ရှိသလား၊ ငါတို့ ဘာစားရမလဲ၊ ဘာသောက်ရမလဲ၊ ဘာကပ်လှူမလဲ” စသည်ဖြင့် ပြောဆိုတာလဲ နှုတ်၏ ရိုင်းပြမှုဘဲ၊ ရဟန်းများမှာ အဲဒီလို ဝိနည်းနဲ့ ဆန့်ကျင်တဲ့ အပြောမျိုးလဲ ကင်းရမှာဘဲ။

(၃) စိတ်၏ မယဉ်ကျေးခြင်းဆိုတာကတော့ ရှိသေထိုက်တဲ့ ပုဂ္ဂိုလ်များကို စိတ်ကူးဖြင့် မရိုသေမှုပါဘဲ၊ အမျိုးဇာတ် စသည်ဖြင့် မြင့်မြတ်တဲ့သူကို မိမိနဲ့တန်းတူထားပြီး ကြံစည်တယ်၊ သီလ သမာဓိ ပညာတို့ဖြင့် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကို မိမိနဲ့ တန်းတူထားပြီး ကြံစည်တယ်၊ စာပေကျမ်းဂန် ဘာမျှ မတတ်မသိတဲ့သူက စာပေကျမ်းဂန်တတ်ပုဂ္ဂိုလ်များကို သူနဲ့ တန်းတူထားပြီး ကြံစည်တယ်၊ သူ့လောက်တောင် မသိနားမလည်တဲ့အနေနဲ့လဲ ကြံစည်တယ်။ တရားအားမထုတ်တဲ့သူက စံနစ်တကျ အားထုတ်ထားတဲ့ပုဂ္ဂိုလ်နဲ့ တန်းတူထားပြီး ကြံစည်တယ်၊ အဲဒါတွေဟာ စိတ်၏ ရိုင်းပြမှု မယဉ်ကျေးမှုတွေဘဲ။ အဲဒီ ကိုယ် နှုတ် စိတ် သုံးပါးလုံး ရိုင်းပြမှု မယဉ်ကျေးမှုတွေ ကင်းဘို့ပါဘဲ။

## (၁၄) ဒကာ ဒကာမတို့၌ တွယ်တာမှု ကင်းရမယ်

နောက်တပုဒ်ကတော့ – ကုလေသု - အမျိုးတို့၌၊ ကုလကို အမျိုးလို့ မြန်မာပြန်လေ့ရှိတဲ့အတိုင်း အမျိုးတို့၌-လို့ အနက်ပြန်ပြပါတယ်၊ ဒါပေမဲ့ ဒီ(အမျိုး)ကုလ ဆိုတာက ဆွေမျိုးကို ဆိုတာလဲ မဟုတ်၊ လူမျိုးကို ဆိုတာလဲ မဟုတ်၊ အမှန်ဆိုလိုတာကတော့ အိမ်ထောင်စုကို ဆိုလိုတာပါဘဲ၊ ဒါကြောင့် ကုလေသု-

အိမ်ထောင်စုလူတို့၌-လို့ အနက်ပြန်ရမလို ဖြစ်နေတယ်၊ ဒါပေမဲ့ ရဟန်းနဲ့ ဆက်စပ်ကြည့်တဲ့အခါကျတော့ တယ်မပေါ်လွင်ဘူး၊ ဒါကြောင့် ကုလေသု-အိမ်ထောင်စု ဒကာ ဒကာမတို့၌-လို့ ပြန်တာက ပိုပြီး ပေါ်လွင်ပါတယ်။ ကုလေသု-အိမ်ထောင်စု ဒကာ ဒကာမတို့၌၊ အနနုဂိဒ္ဓေါ စ-မက်မောတွယ်တာခြင်း ကင်းသည်လည်း၊ အဿ-ဖြစ်ရာ၏ တဲ့။

ဒကာ ဒကာမတွေ၌ ခင်မင်တွယ်တာမှု မရှိစေရဘူးလို့ ဆိုလိုတာပါဘဲ။ ရဟန်းက ဒကာ ဒကာမတွေထံ ဆွမ်းခံ ကြွတဲ့အခါ, အခြားပစ္စည်း အလှူခံ ကြွတဲ့အခါ မိမိကိုယ်ကို ဒက္ခိဏေယျ ဆိုတဲ့ အလှူခံပုဂ္ဂိုလ်မြတ် အနေနဲ့သာ ချဉ်းကပ်ရတယ်၊ ဒကာ ဒကာမတွေကလဲ မိမိတို့၏ အလှူဒါနကို အကျိုးကြီးစေနိုင်တဲ့ ဒက္ခိဏေယျ-အလှူခံမြတ် အနေနဲ့သာ အလေးအမြတ်ပြုပြီး လှူရတယ်၊ ဆွေမျိုးအနေ, ခင်မင်ရင်းနှီးတဲ့အနေဖြင့် မဆက်ဆံရဘူး။ အကယ်၍ ရဟန်းကလဲ ခင်မင်ရင်းနှီးတဲ့ အနေဖြင့် ဆက်ဆံယင် ရဟန်းဘက်က ဂါဟ - ဖမ်းယူရာ ရောက်တယ်၊ မိမိ၏ အတွင်းသားအနေဖြင့် သိမ်းသွင်းပြီး စွဲလမ်းတာပါဘဲ၊ အဲဒီလို ဆိုတော့ သဟနန္ဒီ သဟသောကီ ဖြစ်တယ်၊ သဟနန္ဒီ ဆိုတာ ဒကာ ဒကာမတွေက ပြည့်စုံ ချမ်းသာနေလို့ ဝမ်းသာ ဝမ်းမြောက်နေယင် ရဟန်းကလဲ အတူရောပြီး ဝမ်းသာဝမ်းမြောက် နေတာကို ဆိုတာပါဘဲ၊ သဟသောကီ ဆိုတာက ဒကာ ဒကာမတွေက ဒုက္ခတွေ့ရလို့ ဝမ်းနည်းနေယင် ရဟန်းကလဲ အတူရောပြီး ဝမ်းနည်းနေတာကို

ဆိုတာပါဘဲ၊ အဲဒါဟာ ရဟန်းမြတ်တို့၏ ဆက်ဆံပုံ မဟုတ်ဘူး။ ဒကာ ဒကာမတွေကတော့ သူတို့ကို အကြောင်းပြုပြီးတော့ သူတို့၏ ဆရာရဟန်းက အတူချောပြီး ဝမ်းသာ ဝမ်းနည်း ဖြစ်နေတယ် ဆိုယင် ပိုပြီး သဘောကျတတ်တယ်၊ ဒါပေမဲ့ မြတ်စွာဘုရားအလိုတော်ကတော့ အဲဒီလိုမဟုတ်ဘူး၊ ရဟန်းဟာ သီလ စသည်နှင့် ပြည့်စုံပြီး ဒကာ ဒကာမတို့အား စင်ကြယ် မြင့်မြတ်တဲ့ ကုသိုလ်ပေးရုံမျှ၊ တရားဓမ္မ ဟောပြောရုံမျှကိုသာ အလိုရှိတော်မူပါတယ်။

ဒါကြောင့် ဒကာ ဒကာမတွေကလဲ မိမိတို့ ကိုးကွယ်နေတဲ့ ရဟန်းကို ကုသိုလ်မျိုးစေ့ စိုက်ပျိုးရာ လယ်မြေသဖွယ် နှလုံး သွင်းပြီး လှူဒါန်းဘို့ ကိုးကွယ်ဆည်းကပ်ဘို့ လိုပါတယ်၊ စိုက်ပျိုး ရာမှာ မြေဩဇာကောင်းတဲ့လယ်မြေက အရေးကြီးပါတယ်၊ အဲဒါလိုပဲ အလှူခံရဟန်းမှာလဲ သီလ အစရှိသော မြေဩဇာ ကောင်းများနှင့် ပြည့်စုံဘို့ လိုပါတယ်၊ ဒါကြောင့် ဒကာ ဒကာမများက သီလ စသော မြေဩဇာကောင်းများနှင့် ပြည့်စုံတဲ့ရဟန်းကို ရဘို့ရာဟာ လိုရင်းပါဘဲ၊ မိမိတို့နှင့် စပ်ပြီး ဝမ်းသာ ဝမ်းနည်းနေတဲ့အတွက် မိမိတို့မှာ တထောင်တန် ရမလား၊ တသောင်းတန် တသိန်းတန် ရမလား၊ ဘာမျှ မရနိုင် ပါဘူး၊ ကူညီ စောင့်ရှောက်ယင် တရာတန် တထောင်တန် ဒါလောက်သာ ရဘို့ရှိပါတယ်၊ ဒကာ ဒကာမတို့နှင့် မရောယှက် မတွယ်တာပဲ သန့်ရှင်းစင်ကြယ်တဲ့ ဒက္ခိဏေယျ-အလှူခံမြတ် ရဟန်းအား သီလစသော ဂုဏ်ကိုသာ အာရုံပြုပြီး လှူဒါန်းတဲ့

ကုသိုလ်၏ အကျိုးကတော့ သိန်းသန်းကုဋေမက များစွာ ထိုက်တန်ပါတယ်၊ ရာဇဂြိုဟ်မြို့မှ ဇုဠန္ဒကဆိုတဲ့လူဟာ အရှင်အနုရုဒ္ဓါအား ဆွမ်းတဇွန်းမျှ လှူတဲ့ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်မှာ တန်ခိုးကြီးတဲ့နတ် ဖြစ်ရတယ်၊ အဲဒါကို ထောက်ဆကြည့်ယင် သီလ စသော ဂုဏ်ကို အာရုံပြုပြီး လှူတာက အလွန်မြင့်မြတ်ကြောင်း ထင်ရှားပါတယ်။ အဲဒီလို မဟုတ်ပဲ ရဟန်းကိုရင်းနှီးတဲ့မိတ်ဆွေအဖြစ်, လောကရေးဘက်က အကူအညီပေးမည့်သူ အဖြစ်ဖြင့် မြှော်လင့်ပြီး လှူဒါန်းဆည်းကပ်ယင်တော့ ဒကာ ဒကာမများဘက်ကလဲ ဂါဟ ဖြစ်တယ်၊ အတွင်းသား အကျိုးဆောင်အဖြစ်ဖြင့် ဖမ်းယူတဲ့ သဘောပါဘဲ။ အဲဒီလို ရဟန်းဘက်ကရော ဒကာ ဒကာမ များဘက်ကရော မချိုးသားတဲ့နည်းဖြင့်ဆက်ဆံယင် ဂါဟဂါဟ ဖြစ်တယ်လို့ အဋ္ဌကထာမှာ ဆိုတယ်၊ ဆရာကလဲ ဖမ်း+ဒကာက လဲ ဖမ်း-နှစ်ဖက်လုံးက အပြန်အလှန်ဖမ်းခြင်းလို့ ဆိုလိုတယ်။

ရဟန်းဘက်က ဒက္ခိဏေယျအဖြစ်ဖြင့် ဆက်ဆံ၍ ဒကာများ ဘက်က မရိုးသားလျှင် မုတ္တဂါဟဖြစ်တယ်ဘဲ့၊ ရဟန်းဘက်က လွတ်ကင်းပြီး ဒကာများဘက်က ဖမ်းခြင်းလို့ဆိုလိုတယ်။ ဒကာ များဘက်က ဒက္ခိဏေယျအဖြစ်ဖြင့် ဆည်းကပ်ပြီး ရဟန်းဘက် က မချိုးသားယင် ဂါဟမုတ္တ တဲ့၊ ရဟန်းဘက်က ဖမ်းပြီး ဒကာများဘက်က လွတ်ကင်းခြင်းလို့ ဆိုလိုတယ်၊ ဒါမျိုးတွေ ကတော့ များပုံပေါ်ပါရဲ့၊ နှစ်ဖက်လုံးက ဒက္ခိဏေယျအဖြစ် ဖြင့် ရိုးသားစွာ ဆက်ဆံယင်တော့ မုတ္တမုတ္တဖြစ်တယ်ဘဲ့၊ နှစ်

ဖက်လုံးက လွတ်ကင်းတယ်လို့ ဆိုလိုတာပါဘဲ၊ အဲဒီလို မုတ္တာမုတ္တာ ဖြစ်အောင် ဆက်ဆံဘို့ အလွန်ပင် လိုပါတယ်။ (အဲဒီအကြောင်း အရာများနှင့်စပ်ပြီး မူလဟောစဉ်က အကျယ်ဟောခဲ့၏၊ ယခု အခါတွင် တုဝဋ္ဋကသုတ် တရားစာအုပ်၌ ထိုအကြောင်းအရာ များရှိနေပြီ ဖြစ်သောကြောင့် ဤစာမူချော၌ ချုံးလိုက်၏၊ အလိုရှိလျှင် တုဝဋ္ဋကသုတ်တရားတော် နှာ ၁၇၁-၌ ကြည့် ပါ) ဒုတိယ ဂါထာကတော့ ပြည့်စုံလောက်ပါပြီ။ ယခု တတိယဂါထာကို ဟောရမယ်။

၃။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။ သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

## (၁၅) အခြေခံ နောက်ဆုံးကျင့်ဝတ်

၃။ စ-ထို့ပြင်လဲ၊ ယေန-အကြင် မကောင်းမှုကြောင့်၊ ဝိညူ ပရေ-ပညာရှိဖြစ်သူ အခြားပုဂ္ဂိုလ်တို့က၊ ဥပဝဒေယျုံ-အပြစ်ပြကာ ကဲ့ရဲ့ကုန်ရာ၏၊ ခုဒ္ဒ-သေးနုတ်ယုတ်ညံ့သော၊ တံ-ထိုသို့သော ကဲ့ရဲ့ဘွယ်မကောင်းမှုကို၊ ကိဉ္စိ-တစုံတရာ အသေး အဖွဲ့ကိုမျှ၊ န အာစရေ-မပြုကျင့်ရာတဲ့။ ဒါကတော့ မေတ္တာ ဘာဝနာရဲ့ ရှေးအဖို့ကပင် ပြည့်စုံသင့်တဲ့ အခြေခံ ကျင့်ဝတ် ၁၅-ပါးထဲက နောက်ဆုံး ကျင့်ဝတ်ပါဘဲ။ အဲဒီ ၁၅-ပါး သရုပ်ပေါ်အောင် ရေတွက်ပြပါဦးမယ်။

(၁) သက္ကော-ကျင့်စွမ်းနိုင်ရမယ်၊ (၂) ဥဇု-ဖြောင့်မတ်ရမယ်၊ (၃) သုဟုဇု-အလွန်ဖြောင့်မတ်ရမယ်၊ (၄) သုဝစော-ဆိုဆုံးမလွယ်သူ ဖြစ်ရမယ်၊ (၅) မုဒု-နူးညံ့ပျော့ပျောင်းရမယ်၊ (၆) အနတိမာနီ-ကိုယ့်ကိုယ်အထင်ကြီးပြီး သူတပါးကို မထိမဲ့မြင်မပြုရဘူး၊ (၇) သန္တုဿကော-ရောင့်ရဲလွယ်ရမယ်၊ (၈) သုဘရော-ဒကာ ဒကာမတို့က ပြုစုမွေးမြူလွယ်သူ ဖြစ်ရမယ်၊ (၉) အပ္ပကိစ္စော-ကိစ္စနည်းရမယ်၊ (၁၀) သလ္လဟုကဝုတ္တိ-အသုံးအဆောင်ပစ္စည်းမများပဲ ပေါ့ပါးသော ဖြစ်ခြင်းရှိရမယ်၊ (၁၁) သန္တိန္ဒြိယော- မျက်စိစသော ဣန္ဒြေ ငြိမ်သက်ရမယ်၊ (၁၂) နိပကော-ရင့်ကျက်သော ဆင်ခြင်ဉာဏ်ရှိရမယ်၊ (၁၃) အပ္ပဂဗ္ဘော-ကြမ်းတမ်းရိုင်းပြခြင်းကင်း၍ ယဉ်ကျေးသိမ်မွေ့ရမယ်၊ (၁၄) အနနုဂိဒ္ဓေါ-ဒကာ ဒကာမတို့၌မက်မောတွယ်တာခြင်းကင်းရမယ်တဲ့၊ ဒီအထိ ကျင့်ဝတ်(၁၄)ပါးကို ပြောလို့ပြီးခဲ့ပြီ၊ ယခု နောက်ဆုံး (၁၅) ကျင့်ဝတ်ကတော့ ပညာရှိများအပြစ်တင်ဘွယ် ကဲ့ရဲ့ဘွယ်ဆိုယင် အသေးအဖွဲ မကောင်းမှုကလေး တစုံတခုကိုတောင် မပြုပါနဲ့ တဲ့၊ ပညာရှိ သူတပါးတွေက အပြစ်တင်စရာဆိုယင် ဘယ်လို အသေးအဖွဲ့ကလေးကိုမျှ မပြုရဘူး၊ မပြောရဘူး၊ စိတ်ဖြင့်လဲ မကြံရဘူး၊ ဒါပေမဲ့ စိတ်အကြံကို လုံးဝကင်းအောင် စောင့်ရှောက်ဖို့ကတော့ မလွယ်ပေဘူး၊ ဒါကြောင့် တတ်နိုင်သမျှ ပယ်ရုံပါဘဲ။

အဲဒီရှေးအဖို့ကစ၍ ပြည့်စုံသင့်တဲ့ ကျင့်ဝတ် (၁၅)ပါးကို ပြပြီးတော့ သာမန် မေတ္တာပွားပုံကို ဒီလို စပြီးပြတော်မူပါတယ်။

## သာမန်မေတ္တာပွားပုံ

သဗ္ဗေသတ္တာ-အလုံးစုံသော သတ္တဝါတို့သည်၊ သုခိနော ဝါ-ချမ်းသာကြကုန်သည်ဖြစ်၍၊ (ဂါထာပါဠိမှာ ဆန်းဂိုဏ်းကိုငဲ့ပြီး ဝါ-ကို ဝ-လို့ ရဿနှင့် ဆိုထားပါတယ်၊ စ-လို့ရှိယင် ပိုပြီး ကောင်းမှာပါဘဲ၊ ဒါပေမဲ့ အများစာမူအတိုင်း ဝါ-အစား ဝ-လို့ဟောထားတယ်လို့ ယူရတာပါဘဲ။) ခေမိနော ဝါ-ဘေးရန် ကင်းကြကုန်သည်ဖြစ်၍၊ ဟောန္တု-ဖြစ်ကြပါစေ။ (သုခိတတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည်၊ ဘဝန္တု-ဖြစ်ကြပါစေ-တဲ့။

အဲဒီမှာ သုခိနော-ပုဒ်ကို သဒ္ဒါနက်အားဖြင့် ချမ်းသာရှိကြသည်-ချမ်းသာနှင့် ပြည့်စုံကြသည်လို့ပြန်ရတယ်၊ ခေမိနော-ကိုလဲ ဘေးကင်းရာရှိကြပါစေလို့ ပြန်ရတယ်၊ ဒါပေမဲ့ မြန်မာဘာသာအရ ချမ်းသာကြသည် ဘေးရန်ကင်းကြသည် ဆိုတာနဲ့ အနက်တူပါဘဲ။ ဒါကြောင့် အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေလို့ စိတ်သက်သက်ဖြင့်ဖြစ်စေ၊ နှုတ်ကပါရွတ်ဆိုလျက်ဖြစ်စေ မေတ္တာပွားဘို့ပါဘဲ၊ သုခိတတ္တာ-ဆိုတဲ့ ပုဒ်ထဲမှာ သုခိတ-ဆိုတာက ဖြစ်သောချမ်းသာရှိသည်လို့ သဒ္ဒါနက်ရတယ်၊ အတ္တ-ဆိုတာကတော့ စိတ်လို့လဲ အနက်ရတယ်၊ ကိုယ်လို့လဲ အနက်ရတယ်၊ ကိုယ်ဆိုတော့ ရုပ်ကိုယ် နာမ်ကိုယ် နှစ်ပါးလုံးကို ယူနိုင်ပါတယ်၊ အဲဒီမှာလဲ သဒ္ဒါနက် အားဖြင့်တော့ ချမ်းသာနှင့်ပြည့်စုံသော ကိုယ်စိတ်ရှိကြသည်-လို့ ရပါတယ်၊အဲဒါဟာ ဆိုလိုတဲ့အနက်အားဖြင့်တော့ ချမ်းသာသော ကိုယ်စိတ်ရှိကြသည်- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည်

ဆိုတာနဲ့ အတူတူပါဘဲ၊ ဒါကြောင့် အဲဒီ ပုဒ်အရအားဖြင့်လဲ အားလုံးသတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ-လို့ မေတ္တာပွားနိုင်ပါတယ်။ ကဲ အဲဒီပုဒ်များအရ နှုတ်ဖြင့် ရွတ်ဆို ပြီး မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ၊ ဘေးရန် ကင်း ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ (၃-ကြိမ်)

အဲဒီလို ရွတ်ဆိုပြီး မေတ္တာပွားတဲ့အခါ ရွတ်ဆိုတိုင်းရွတ်ဆို တိုင်း ရွတ်ဆိုလိုတဲ့စိတ်ဟာ အသစ်အသစ် ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားတယ်၊ ချမ်းသာပါစေလို့ နှလုံးသွင်းတဲ့ မေတ္တာစိတ်လဲ ပျက်ပျက်သွားတာဘဲ၊ ရွတ်ဆိုတဲ့ ကိုယ်အမူအရာနဲ့ အသံလဲ အသစ်အသစ် ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာဘဲ၊ အဲဒီပျက်ပျက် သွားတဲ့ ရုပ်နာမ်တွေကို ရွတ်ဆိုတိုင်း နှလုံးသွင်းတိုင်း ရှုရှုသွား ကြရမယ်၊ အဲဒီလို ရှုတာက ဝိပဿနာဘဲ၊ ခယတော ဝယ တော သမ္မသိတွာ-ကုန်သွားသည် ပျက်သွားသည်ဟု သုံးသပ် ပြီး အရဟတ္တဖိုလ်အထိရောက်နိုင်ကြောင်း အဋ္ဌကထာများမှာ အထင်အရှား ပြဆိုထားပါတယ်။ ဒါကြောင့် ရွတ်ဆိုပြီးတိုင်း နှလုံးသွင်းတာ ရွတ်ဆိုတာကို တပါတည်း ရှုရှုသွားကြရမယ်၊ ကဲ လိုက်ဆိုယင်း ရှုကြ။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ။ပ။ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။ (၃)

ဒီကနောက်တော့ သဗ္ဗဝါတွေကို ၂-ပိုင်း ၃-ပိုင်းခွဲခြားပြီး မေတ္တာပွားပုံကို ဂါထာ ၂-ပုဒ်ဖြင့် ဟောကြားညွှန်ပြတော်မူပါတယ်၊ အဲဒီဂါထာ ၂-ပုဒ်ကို ယခု ရွတ်ပြပြီး ဟောကြားရမယ်။

## ၂-ပိုင်း ၃-ပိုင်းခွဲ၍ မေတ္တာပွားပုံ

၄။ ယေ ကေစိ ပါဏဘူတ’ တ္ထိ၊
တသာ ဝါ ထာဝရာ ဝ’နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝါ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ တသာ ဝါ-ထိတ်လန့်တတ်သည့်ပုထုဇဉ် သေက္ခမူလည်းဖြစ်ကုန်သော၊ ထာဝရာ ဝါ-ထိတ်လန့်ခြင်းမရှိပဲ ခိုင်မြဲတည်တံ့သည့် ရဟန္တာမူလည်းဖြစ်ကုန်သော၊ ယေ ကေစိ ပါဏဘူတာ-အမှတ်မရှိ အလုံးစုံသော အကြင် သတ္တဝါတို့သည်၊ (ပါဏဘူတာ-ဟူသော သဒ္ဒါနောက်သို့မလိုက်ပဲ လိုရင်းအနက်မျှသာ ပြန်သည်) အတ္ထိ-ရှိကုန်၏၊ အနဝသေသာ-အကြွင်းမဲ့

အလုံးစုံကုန်သော၊ ဣမေ သတ္တာ-ဤသတ္တဝါတို့သည်၊ သုခိတတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်၊ ဘဝန္တု-ဖြစ်ကြပါစေကုန်သတည်း။

တသ-ထိတ်လန့်တယ်ဆိုတာက ဒေါသဖြင့် ထိတ်လန့်တာလဲရှိတယ်၊ တဏှာဖြင့် ထိတ်လန့်တာလဲရှိတယ်၊ ဒေါသဖြင့် ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာက ဒေါသမကင်းသေးတဲ့ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တွေဘဲ၊ တဏှာဖြင့် ထိတ်လန့်တတ်တဲ့ သတ္တဝါတွေ ဆိုတာကတော့ ပုထုဇဉ် သောတာပန် သကဒါဂါမ်များနှင့်တကွ အနာဂါမ်ပုဂ္ဂိုလ်တွေဘဲ၊ တဏှာဖြင့်ဘယ်လိုထိတ်လန့်သလဲဆိုတော့မိမိလိုချင်နှစ်သက်တာကို မရမှာ စိုးရိမ်တဲ့သဘောမျိုးပါဘဲ။ ထိတ်လန့်တုန်လှုပ်ခြင်းမရှိပဲ ခိုင်မြဲတည်တံ့တဲ့ပုဂ္ဂိုလ်တွေ ဆိုတာကတော့ တဏှာကင်းနေကြတဲ့ ရဟန္တာအရှင်မြတ်တွေပါဘဲ။ အဲဒီတော့ တသာ-ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာ တဏှာ မကင်းသေးတဲ့ သတ္တဝါတွေပါဘဲ၊ ထာဝရာ-ထိတ်လန့်တုန်လှုပ်ခြင်းမရှိပဲ ခိုင်မြဲတည်တံ့တဲ့ သတ္တဝါတွေဆိုတာကတော့ ရဟန္တာအရှင်မြတ်တွေပါလဲ၊ ဒါကြောင့် တသာ ဝါ ထာဝရာ ဝါ ဆိုတဲ့ ဒီ ၂-ပုဒ်ဖြင့် တဏှာမကင်းတဲ့ပုဂ္ဂိုလ်, တဏှာကင်းတဲ့ပုဂ္ဂိုလ် ဆိုတဲ့ ဒီ ၂-မျိုးကို ခွဲခြားပြီး မေတ္တာပွားတာပါဘဲ။ ကဲ အဲဒီ ၂-ပုဒ်အရ ရွတ်ဆိုပြီး မေတ္တာပွားကြရမယ်၊ ဝိပဿနာလဲ တပါတည်း တွဲပြီး ရှုကြရမယ်၊ လိုက်ဆိုကြ။

## ၂-ပိုင်းခွဲ၍ မေတ္တာပွားပုံ

တကျောမကင်းသေး၍ ထိတ်လန့်တတ်တဲ့ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

တကျောကင်း၍ မသိတ်လန့်တော့ပဲ ခိုင်မြဲတည်တံ့တဲ့ ရဟန္တာအရှင်မြတ်တွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ထိတ်လန့်တတ်တဲ့ သတ္တဝါတွေရော၊ မထိတ်လန့်တတ်တဲ့ ရဟန္တာတွေရော အားလုံးချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

## ၃-ပိုင်းခွဲ၍ မေတ္တာပွားပုံ

ယေ ဒီဃာ ဝါ-ကိုယ်ထည်ရှည်လျားသော အကြင်သတ္တဝါတို့သည်ရင်း၊ ယေ ဝါ မဟန္တာ-ကိုယ်ထည်ကြီးမားသောအကြင်သတ္တဝါတို့သည်ရင်း၊(ဂါထာပါဠိ၌ ဝါ-ဟန္တာ-ဟု ဆိုသင့်ရာတွင် ဆန်းလက္ခဏာနှင့် ညီစေရန် ဝ-ဟု န္တ-ဟုရှိနေသည်၊ အဏုက, အဒိဋ္ဌ-ဟု ရှိရာ၌လည်း နည်းတူပင်။) ယေ ဝါ မဇ္ဈိမာ-ကိုယ်ထည် မရှည်မတို မကြီးမငယ် အလယ်အလတ်စား ရှိသော အကြင်သတ္တဝါတို့သည်ရင်း၊ ယေ ဝါ ရဿကာ-ကိုယ်ထည် ပု-တိုသော အကြင်သတ္တဝါတို့သည်ရင်း၊ ယေ ဝါ အဏုကာ-ကိုယ်ထည်သေးမွှားသော အကြင်သတ္တဝါတို့သည်ရင်း၊ ယေ

ဝါ ထူလာ-ကိုယ်ထည် ဝန်းဝိုင်းထွားကြိုင်း ဝဖြိုးသော အကြင် သတ္တဝါတို့သည်၎င်း၊ အတ္ထိ-ရှိကုန်၏၊ အနုဝသေသာ-ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော၊ တေ ဣမေ သတ္တာ-ဤသတ္တဝါတို့သည်၊ သုခိတတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်၊ ဘဝန္တု-ဖြစ်ကြပါစေကုန်သတည်း။

ဒီဂါထာဝက်စကားရပ်ဖြင့် သတ္တဝါတွေကို ၃-ပိုင်းခွဲခြားပြီး မေတ္တာပွားပုံ ၃-နည်းကို ပြတော်မူပါတယ်၊ ပဌမနည်းဖြင့် အရှည် အတို အလတ် အတိုင်းအရှည်အရ ခွဲခြားပြီးပွားပုံကို ပြတယ်၊ အဲဒီသုံးမျိုးထဲက ကိုယ်ထည်ရှည်တဲ့ သတ္တဝါတွေဆိုတာ မြွေ နဂါး ဖွတ် တီကောင် အစရှိတဲ့ သတ္တဝါတွေဘဲ၊ တိုတဲ့သတ္တဝါတွေ ဆိုတာကတော့ ကြက် ငှက် ဖား အစရှိတဲ့ သတ္တဝါတွေဘဲ၊ အလယ်အလတ် သတ္တဝါတွေ ဆိုတာကတော့ မြင်း နွား ကျွဲ ဝက်အစရှိတဲ့ သတ္တဝါတွေဘဲ၊ အဲဒါကို တိတိကျကျ အဆုံးအဖြတ် ပေးဘို့ကတော့ လွယ်ပုံမရပါဘူး။ ကဲ အဲဒီသုံးအမျိုးအရ ခွဲခြားပြီးမေတ္တာပွားကြရမယ်။ လိုက်ဆိုကြ။

ကိုယ်ထည်ရှည်တဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ကိုယ်ထည် တိုတဲ့ ပုတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ....

ကိုယ် မရှည်မတို အလယ်အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ....

ကိုယ်အထည်ဒြပ် အရှည်အတို အလတ်စား သတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ....

နောက်ပြီးတော့ ဒုတိယနည်းဖြင့် အကြီး အငယ် အလတ် အတိုင်းအရှည်အရ ခွဲခြားပြီး ပွားပုံကိုပြတယ်၊ အဲဒီသုံးမျိုးထဲက ကိုယ်ထည်ကြီးမားတဲ့ သတ္တဝါတွေဆိုတာ ရေထဲကငါးကြီး လိပ်ကြီး စသည်တွေရယ်၊ ကုန်းပေါ်က ဆင် နဂါးစသည်တွေရယ်၊ နတ်လောကမှ ဘီလူးကြီးတွေ နတ်ကြီးတွေ ပြဟ္မာကြီးတွေရယ် ဒီလို သတ္တဝါတွေပါဘဲ၊ အဏုက-အငယ်စား သတ္တဝါတွေ ဆိုတာကတော့ အဏုအမွှား ပိုးကောင်ကလေးများ စသည်တွေပါဘဲ၊ အလတ်စား သတ္တဝါတွေ ဆိုတာကတော့ လူတို့ ခွေး, ဝက်, ကြက်, ငှက်စသည်ကို ယူသင့်ပါတယ်၊ ဒီသုံးမျိုးကိုလဲ အတိအကျ ဆုံးဖြတ်ဖို့ မလွယ်ပါဘူး။ ကဲ အဲဒီသုံးမျိုးအရ ခွဲခြားပြီး မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

ကိုယ်ထည်ကြီးမားတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ....

ကိုယ်ထည်သေးငယ်တဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ....

ကိုယ်အထည်ဒြပ် မကြီးမငယ် အလယ်အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ....

ကိုယ်ထည်ဒြပ် အကြီးအငယ် အလယ်အလတ် သတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ....

နောက်ပြီးတော့ တတိယနည်းဖြင့်ထူလ-ဝန်းဝိုင်းထွားကြိုင်း ဝဖြိုးတဲ့ သတ္တဝါရယ်၊ အသေးအမွှား သတ္တဝါကလေးများ ရယ်၊ အလတ်စား သတ္တဝါရယ်၊ဒီသုံးမျိုးအရ ခွဲခြားပြီးပွားပုံကို ပြတယ်၊ အဲဒီသုံးမျိုးထဲက ဝန်းဝိုင်းထွားကြိုင်းဝဖြိုးတဲ့ သတ္တဝါ တွေဆိုတာ ကိုယ်အထည်ဒြပ် ဝန်းဝိုင်းထွားကြိုင်းဝဖြိုးတဲ့ ငါး လိပ် ယောက်သွား ခရုစသည်ဘဲလို့ ဆိုပါတယ်၊ အဏုက-အ သေးအမွှား သတ္တဝါတွေ ဆိုတာကတော့ လူတို့၏ ပကတိ မျက်စိဖြင့် မမြင်နိုင်ကောင်းတဲ့ အလွန်သေးငယ်တဲ့ ပိုးမွှားက လေးများနဲ့ သန်းစသည်တွေဘဲလို့ ဆိုပါတယ်၊ အလတ်စား သတ္တဝါတွေဆိုတာကတော့ မျက်စိနဲ့ မြင်နိုင်ကောင်းတဲ့ အလွန် လဲ မထွားကြိုင်း မဝဖြိုးတဲ့ သတ္တဝါတွေကို ယူရမှာဘဲ၊ ဒီ သုံးမျိုးကိုလဲ အတိအကျဆုံးဖြတ်ဖို့ ခက်ပါတယ်။ ဒါကြောင့် တနည်းအားဖြင့် အမျိုးတူ သတ္တဝါထဲက အကြီးနှင့် အလတ် အဝနှင့် အလတ်တို့ အောက် အငယ်အသေးအမွှား သတ္တဝါ တို့ကို အဏုက-လို့ ယူအပ်ကြောင်းကိုလဲ အဋ္ဌကထာမှာ ပြဆို ထားပါတယ်၊ ဒီနည်းအရအားဖြင့် လူဆိုယင် ၅-ပေခွဲ ၆-ပေ ကျော်ရှိပြီး အလေးချိန် ပေါင် ၁၆၀ ကျော်ရှိတဲ့ လူတွေကို အကြီးစား အဝစားဟူ၍ရင်း၊ ၂-ပေ ၃-ပေလောက်ရှိပြီး ပေါင်ချိန် တရာမပြည့်တဲ့ လူတွေကို အပု အငယ်စားဟူ၍ရင်း ယူပြီး ကျန်တဲ့လူတွေကို အလတ်စားဟု ယူလျှင် သင့်လောက် စရာရှိပါရဲ့၊ ဒါလဲ ကိန်းသေသတ်မှတ်ဆုံးဖြတ်ဖို့ကတော့ ခက်ပါ တယ်။ ဒါကြောင့် အတိအကျ မပိုင်းခြားပဲ အကြီးနှင့် အဝ, အငယ်, အလတ် သာမန်လောက်သာ မှတ်သားပြီး မေတ္တာပွား

ဘို့ရှိတာပါဘဲ။ ကဲ ယခုနောက်ဆုံး သုံးပိုင်းအရ မေတ္တာပွား ကြရမယ်။ လိုက်ဆိုကြ။

ကိုယ်အထည်ဒြပ် လုံးဝိုင်းဝဖြိုးတဲ့ သတ္တဝါတွေ ချမ်းသာ ကြပါစေ....

ကိုယ်အထည်ဒြပ် အလွန်သေးငယ်တဲ့ သတ္တဝါတွေ ချမ်းသာ ကြပါစေ....

ကိုယ်အထည်ဒြပ် အလယ်အလတ်စားသတ္တဝါတွေ ချမ်းသာ ကြပါစေ....

ဝဖြိုးသေးမွှား အလတ်စား သတ္တဝါတွေ အားလုံး ချမ်း သာကြပါစေ....

### တဖန် ၂-ပိုင်းခွဲခြား၍ မေတ္တာပွားပုံ ၃-နည်း

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝါ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ယေ ဒိဋ္ဌာ ဝါ-မြင်ဘူးသော အကြင်သတ္တဝါတို့သည်ရင်း၊ ယေ ဝါ အဒိဋ္ဌာ-မမြင်ဘူးသော အကြင်သတ္တဝါတို့သည်ရင်း၊ အတ္ထိ-ရှိကုန်၏၊ ယေ ဝါ-အကြင် သတ္တဝါတို့သည်လည်း၊ ဒူရေ-အဝေး၌၊ ဝသန္တိ-နေကြကုန်၏၊ ယေ ဝါ-အကြင်သတ္တဝါ တို့သည်လည်း၊ အဝိဒူရေ-အနီး၌၊ ဝသန္တိ-နေကြကုန်၏၊ ယေ

ဘူတာ ဝါ-အကြင် ဖြစ်ပြီး သတ္တဝါတို့သည်ရင်း၊ ယေ သမ္ဘဝေသီ ဝါ-အကြင်ဖြစ်ဆဲ သတ္တဝါတို့သည်ရင်း၊ အတ္ထိ-ရှိကုန်၏၊ ဣမေ သဗ္ဗသတ္တာ-ဤသတ္တဝါအားလုံးတို့သည်၊ သုခိတတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည်၊ ဘဝန္တု-ဖြစ်ပါစေကုန်သတည်း တဲ့။

ပဌမတစုံက မြင်ဘူးတဲ့ သတ္တဝါနဲ့ မမြင်ဘူးတဲ့ သတ္တဝါတွေကို ခွဲခြားပြီး မေတ္တာပွားပုံဘဲ၊ အဲဒါကတော့ ရှင်းလင်းပြတ်သားပါတယ်၊ သိလွယ်ပါတယ်၊ အဲဒီ ပဌမတစုံအရ မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

တွေ့မြင်ဘူးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

မတွေ့မမြင်ဘူးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ....

တွေ့မြင်ဘူးတာတွေရော မတွေ့မမြင်ဘူးတာတွေရော အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ဒုတိယတစုံကလဲ အနီးနေ အဝေးနေအားဖြင့် ခွဲခြားပြီး မေတ္တာပွားပုံကို ပြပါတယ်၊ အနီးအရပ်နဲ့ အဝေးအရပ်ကိုတော့ မိမိတို့ သဘောအတိုင်း ပိုင်းခြားပြီး အာရုံပြုကြဘို့ပါဘဲ၊ အဲဒီ ဒုတိယတစုံအရ မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

အနီးမှာနေကြတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ....

အဝေးမှာနေကြတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ....

အနီးနေ အဝေးနေ သတ္တဝါတွေ အားလုံးချမ်းသာကြပါစေ....

တတိယအစုံထဲက ဘူတာ-အရဖြစ်ပြီး သတ္တဝါတွေဆိုတာ ဖြစ်ခြင်း အားလုံးပြီးဆုံးကြတဲ့အတွက် နောက်ထပ်ဘဝအသစ်ဖြစ်ရန် မရှိတော့တဲ့ ရဟန္တာပုဂ္ဂိုလ်တွေပါဘဲ၊ ဖြစ်ဆဲ သတ္တဝါဆိုတာကတော့ ကိလေသာ မကင်းသေးလို့ နောက်ထပ်ဘဝအသစ်ဖြစ်ရန် ရှိနေသေးတဲ့ ပုထုဇဉ်နဲ့ သေက္ခပုဂ္ဂိုလ်တွေပါဘဲ၊ သဒ္ဒါနက်အားဖြင့်ဆိုယင် သမ္ဘဝဆိုတဲ့ တဖန်ဖြစ်ရမည့်ဘဝသစ်ကို သေိ-ရှာနေတဲ့ သတ္တဝါတွေလို့ ဆိုလိုပါတယ်၊ အဲဒီလို ဘဝသစ်ကို ရှာနေတဲ့ သတ္တဝါ တွေဟာ ဖြစ်ခြင်းကိစ္စမပြီးမပြတ်သေးဘူး၊ ဖြစ်နေတုန်းလို့ပဲ ဆိုရပါတယ်၊ ဒါကြောင့် ဖြစ်ပြီးဆိုတဲ့ တွဲဘက်ပုဒ်နဲ့လဲ နီးစပ်စေရန်, နောက်တနည်းဖွင့်ပြမည့်အနက်လဲ လျော်စေရန် ဖြစ်ဆဲ သတ္တဝါတွေလို့ အနက်ပြန်ထားပါတယ်။ အဲဒီ အနက်အရ မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

ဖြစ်ပြီးမည်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေ....

ဖြစ်ရန်ရှိသေး၍ ဖြစ်ဆဲမည်သော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေ....

ဖြစ်ပြီးဖြစ်ဆဲ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ....

တနည်းအားဖြင့် အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်ဆဲမွေး မိအတွင်းမှာ သမ္ဘဝေသီ–ဘဝရှာနေသူ-ဖြစ်နေဆဲ မည်တယ်၊ အမိဝမ်းတွင်းမှ မွေးဖွားပြီးတဲ့အခါ ဘူတ-ဖြစ်ပြီး မွေးပြီးမည်တယ်။ ထိုအတူ ဥထဲမှ မပေါက်သေးမီမှာ သမ္ဘဝေသီ-ဖြစ်ဆဲမည်တယ်၊ ဥထဲမှ ပေါက်ပြီးတဲ့အခါ ဘူတ-ဖြစ်ပြီး ပေါက်ပြီးမည်တယ်။ ကိုယ်အပြည့်အစုံဖြစ်တဲ့ ဥပပါတ် သတ္တဝါတွေနဲ့ အညီကို စွဲမှီပြီးဖြစ်တဲ့ သံသေဒဇသတ္တဝါတွေမှာ ပဋိသန္ဓေစိတ်ဖြစ်ခိုက်၌ သမ္ဘဝေသီ-ဖြစ်ဆဲမည်တယ်၊အဲဒီကနောက်မှာ ဘူတ-ဖြစ်ပြီးမည်တယ်၊ နောက်တနည်းအားဖြင့် အဲဒီ ဥပပါတ် သံသေဒဇတွေမှာ ပဌမ စဖြစ်တဲ့ ဣရိယာပုထ်၌ သမ္ဘဝေသီ မည်တယ်၊ အဲဒီကနောက် ဘူတမည်တယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ အဲဒီ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတွေကို အာရုံပြုပြီး မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

ဘဝသစ်၌ ဖြစ်ဆဲ-ပဋိသန္ဓေနေဆဲ သတ္တဝါတွေ ချမ်းသာကြပါစေ....

ဖြစ်ပြီး-ဖွားမြင်ပြီး သတ္တဝါတွေ ချမ်းသာကြပါစေ....

ဖြစ်ဆဲရော ဖြစ်ပြီးရော အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ....

ယခုပြောပြခဲ့တဲ့ မေတ္တာပွားပုံတွေကတော့ စီးပွားချမ်းသာနှင့် ပြည့်စုံစေရန်အတွက် တောင့်တပြီး ပွားပုံများ ဖြစ်တယ်။ အဲဒီလို ပွားစေပုံများကို ပြတော်မူပြီးတော့ အကျိုးမဲ့များ

ဆင်းရဲဒုက္ခများကင်းစေရန်အတွက် တောင့်တပြီး မေတ္တာပွား စေပုံများကိုလဲ ဒီလို ပြတော်မူခဲ့ပါတယ်။

အကျိုးမဲ့ ဆင်းရဲများကင်းစေရန် မေတ္တာပွားပုံများ

၆။● န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။

ပရော-အခြားသူတယောက်က၊ ပရံ-အခြားသူတယောက်ကို၊ န နိကုဗ္ဗေထ-မလိမ်ညာ မလှည့်စားပါစေလင့်၊ ဝါ-မလှည့်စားပဲ ရှိပါစေ-လှည့်စားခြင်း ကင်းပါစေ တဲ့။ လှည့်စားတယ် ဆိုတာ စီးပွားရေးမှာ လှည့်စားတာလဲရှိတယ်၊ဘာသာရေးမှာ လှည့်စား တာလဲ ရှိတယ်။ စီးပွားရေး လှည့်စားတာကတော့ အရောင်း အဝယ် အပေးအယူ ပြုလုပ်ရာမှာ အလေးမမှန် ချိန်ခွင်မမှန် ပြုလုပ်ပြီးတော့လဲ လှည့်စားတတ်တယ်၊ ခြင်ခွက် မမှန်မကန် ပြုလုပ်ပြီးတော့လဲ လှည့်စားတတ်တယ်၊အဲဒါကိုတော့ အများက သိပြီး ဖြစ်နေပါတယ်။ နောက်ပြီးတော့ ရွှေ ငွေ အတုစသည် ဖြင့်လဲ လှည့်စားတတ်တယ်၊ ဒါလဲ ကြားဘူးကြမှာပါဘဲ၊ နောက်ပြီးတော့ လူလိမ်က လူကောင်းယောင်ဆောင်ပြီးတော့လဲ လှည့်စားတတ်တယ်၊ တခါက ဒီသာသနာ့ရိပ်သာ နှစ်ပတ်လည် ပွဲလာကြတဲ့ ရှမ်းအမျိုးသမီး တစုကို လူလိမ်တယောက်က လာပြီး လှည့်စားသွားတယ်လို့ ကြားရတယ်၊ သူလှည့်စားပုံက ဒီလိုတဲ့— ရှမ်းမတွေထံမှ ငွေစက္ကူကို ကြည့်ပြီး ဒီငွေစက္ကူကို လဲလှယ်ယင် မည်ရွေ့မည်မျှ အပိုရမယ်လို့ ပြောသတဲ့၊ အဲဒီတော့ အပိုရချင်တဲ့

လောဘရှိနေတဲ့သူတွေက အပိုရအောင် လဲလှယ်ပေးဘို့ သူတို့ထံက ငွေစက္ကူများကို အပ်လိုက်သတဲ့၊ အဲဒါတွေကို လူလိမ်က လဲပေးမယ်ဆိုပြီး ယူသွားတယ် ဆိုဘဲ၊ အဲဒါလဲ လှည့်စားခြင်း တမျိုးဘဲ။

တချို့က ရွှေကို တိုးပွားအောင် လုပ်ပေးမယ်ဆိုပြီး အယုံသွင်းတယ်၊ ယုံတဲ့လူတွေက အချောင် အတိုးအပွားရချင်တာနဲ့ မိမိတို့ ရွှေများကို အဲဒီလူထံ အပ်လိုက်တယ်၊ နောက်များ မကြာမီပင် အဲဒီလူလိမ်က တိတ်တိတ်ထွက်ပြေးပါရောတဲ့၊ ဒါလဲ လှည့်စားခြင်း တမျိုးပါဘဲ။ နောက်ပြီးတော့ ကြီးပွားချမ်းသာအောင် စီးပွားတိုးတက်အောင် လုပ်ပေးတဲ့အနေဖြင့် လက်ဖွဲ့စသည် အဆောင်အယောင်ကို လုပ်ပေးတာတွေလဲ ရှိတယ်၊ အဲဒါတွေဟာလဲ ဟုတ်မဟုတ် စဉ်းစားစရာတွေဘဲ။ ဒီစီးပွားရေးဆိုင်ရာ လှည့်စားမှုတွေကတော့ အလွန်များပါတယ်၊ ယခုပြောခဲ့တာဟာ အရိပ်အမြွက်လောက်ပဲ ရှိပါသေးတယ်။

ဘာသာရေးဆိုင်ရာ လှည့်စားမှုတွေကလဲ များပါတယ်၊ မဟုတ်မမှန်တဲ့ ဘာသာရေး အကျင့်လမ်းစဉ်ကို ဟုတ်မှန်တဲ့အနေနဲ့ ဟောပြောနေတာတွေဟာ မိမိက တကယ်ယုံကြည်လို့ ဟောပြောနေပေမယ်လို့ လက်ခံယုံကြည်တဲ့သူတွေမှာ များစွာပင် နစ်နာစေတဲ့အတွက် လှည့်စားရာရောက်တာပါဘဲ။ မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက နွားလိုကျင့်နေဘဲ့ ပုဏ္ဏနဲ့ ခွေးလိုကျင့်နေတဲ့ သေနိယတို့ဟာ မြတ်စွာဘုရားထံ လာရောက်

ပြီးတော့ သူတို့၏ နှာအကျင့် ခွေးအကျင့်များ ဘယ်လို အကျိုးရှိသလဲလို့ မေးလျှောက်ကြတယ်၊ မြတ်စွာဘုရားက အဲဒီ ပြဿနာကို မမေးဘို့ ၂-ကြိမ်တိုင်တိုင် တားမြစ်တယ်၊ ၃-ကြိမ် မြောက် မေးတဲ့အခါကျတော့ ဒီလို ဖြေကြားတော်မူပါတယ်၊ "နွားလိုကျင့်တဲ့သူဟာ အပြည့်အစုံကျင့်ယင် သေပြီးတဲ့နောက် နွားဖြစ်ရတယ်၊ ခွေးလိုကျင့်တဲ့သူလဲ အပြည့်အစုံကျင့်ယင် ခွေး ဖြစ်ရတယ်၊ အကျင့်မပြည့်စုံယင်တော့ ဟန်ဆောင်လိမ်လည်ရာ ရောက်တဲ့အတွက် အဲဒီ မိစ္ဆာအယူကြောင့် ငရဲနဲ့ တိရစ္ဆာန် တမျိုးမျိုး ဖြစ်ရတယ်"လို့ ဖြေကြားတော်မူလိုက်ပါတယ်။

အဲဒီတော့ ပုဏ္ဏနဲ့ သေနိယတို့က ငိုကြတယ်၊ ဘာကြောင့် ငိုကြသလဲ ဆိုတော့ အဲဒီ နွားလို ခွေးလို ကျင့်ခြင်းဖြင့် ချမ်းသာတဲ့ဘဝလောကသို့ ရောက်နိုင်တယ်လို့ ဆရာသမားတို့၏ ဟောကြားချက်ကို ယုံကြည်ပြီး ရှည်မြင့်စွာသောကာလပတ်လုံး နွားအကျင့် ခွေးအကျင့်ကို ကျင့်လာခဲ့တာဟာ အလှည့်စားခံရ သလိုပင် ဖြစ်နေ၍ ငိုကြတာပါတဲ့။

နောက်တခုကတော့ တာလပုဋ ဆိုတဲ့ ကချေသည် ဆရာ ကြီးက မြတ်စွာဘုရားကို ဒီလို မေးလျှောက်ဘယ်၊ လူအများကို ရွှင်လန်း ပျော်မွေ့စေတဲ့ ကချေသည်ဟာ ပဟာသ ခေါ် ရွှင်ပျော်နတ်မျိုးမှာ ဖြစ်ရတယ်လို့ ဆရာအစဉ်အဆက်ပြောတာ ကို ကြားဘူးပါတယ်၊ ဒီအရာမှာ မြတ်စွာဘုရားက ဘယ်လို ဟောပါသလဲလို့ လျှောက်တယ်။ မြတ်စွာဘုရားက ၂-ကြိမ်

တိုင်တိုင် ပယ်မြစ်ပြီး ၃-ကြိမ်မြောက် မေးလျှောက်တဲ့အခါ ကျတော့ ဒီလို မိန့်ကြားတော်မူပါတယ်၊ "မူလကပင် လောဘ ဒေါသ မောဟ မကင်းပဲ ရှိနေကြတဲ့လူတွေအား ကချေသည်က လောဘ ဒေါသ မောဟပွားအောင် ကပြတယ်၊ ဒါကြောင့် သေသည်၏ အခြားမဲ့၌ ပဟာသခေါ်တဲ့ ငရဲ၌ ဖြစ်ရတတ်တယ်၊ ကပြခြင်းကြောင့် နတ်ဖြစ်ရတယ်လို့ ခိုင်မြဲစွာ ယူမှားနေယင် အဲဒီ အယူမှားကြောင့် ငရဲနဲ့ တိရစ္ဆာန် တမျိုးမျိုး ဖြစ်ရတတ်တယ်"လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီတော့ တာလပုဋ္ဌ ဆိုတဲ့ ကချေသည်ဆရာကြီးက ငိုတယ်၊ ဘာကြောင့် ငိုသလဲ ဆိုတော့ "လူအများအား ကပြခြင်းဖြင့် ရွှင်လန်းပျော်မွေ့စေတဲ့အတွက် ပဟာသနတ်မျိုးဖြစ်ရတယ်"လို့ ဆရာ့ဆရာတို့က (ဒီသာရတ္တံ) ရှည်မြင့်စွာသော ကာလပတ်လုံး (နိကတော ဝဉ္စိတော) လိမ်လည် လှည့်စားအပ်သောကြောင့်- အလှည့်စားခံရသောကြောင့်ပါဘဲ တဲ့။

ဒီပြင်လဲ အလားတူ အကြောင်းအရာတွေ များစွာပင် ရှိပါသေးတယ်။ ယခုနေအခါမှာ ဗုဒ္ဓတရားတော်ကို မှားယွင်းစွာ ယူဆပြီးတော့ ဘုရားအလိုတော်နှင့် ပြောင်းပြန်ဆန့်ကျင်ပြီး ဟောနေကြတာတွေ ရှိတယ်၊ ဘယ်လိုလဲ ဆိုတော့- မြတ်စွာ ဘုရားက "အကုသိုလ်ဟူသမျှကို ပယ်ရမယ်၊ ကုသိုလ်ဟူသမျှကို ပြုလုပ်ရမယ်၊ သီလ သမာဓိ ပညာအကျင့်များကို ကျင့်ရမယ်၊ သမထ ဝိပဿနာဘာဝနာ အလုပ်ကို အားထုတ်ရမယ်၊ မဂ္ဂင်

ရှစ်ပါးကို ဖြစ်ပွားစေရမယ်”လို့ တိတိကျကျ ပြတ်ပြတ်သားသား ဟောထားတယ်၊ အဲဒီ ဟောထားချက်နဲ့ ဆန့်ကျင်ပြီးတော့ ဟောပြောနေကြတာတွေပါဘဲ၊ ဟောပြောနေကြပုံကတော့— “အကုသိုလ် ကိလေသာ ဆိုတာ (အနိစ္စ) အမြဲမရှိ-အမြဲတမ်း မရှိတာမို့ ပယ်ဘို့ မလိုတော့ဘူး၊ သဏ္ဍာန်မှု ကြဉ်ရှောင်ဘို့ထက် သတ်ဘို့ရာ အားထုတ်တာက ပိုခက်တယ်၊ ကုသိုလ်ပြုယင်၊ သီလ သမာဓိ ပညာအကျင့်ကို ကျင့်ယင်၊ ဘာဝနာအလုပ်ကို လုပ်ယင် (သဗ္ဗေ သင်္ခါရာ ဒုက္ခာ)ဆိုတဲ့ ဒေသနာအရ ဆင်းရဲတာဘဲ၊ ကိုယ်ပင်ပန်းအောင် လုပ်ရာရောက်တယ်၊ လုပ်သမျှ ဒုက္ခချည်းပဲ၊ ဘာမျှ အားမထုတ်ပဲ အငြိမ်းစားနေမှ ချမ်းသာတယ်”စသည်ဖြင့် ဟောပြောနေကြတာတွေပါဘဲ၊ အဲဒါတွေဟာ ဘုရားဟော တရားနဲ့ ဆန့်ကျင်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်၊ အဲဒီ ဆန့်ကျင်ဘက်တရားကို ဘုရားအလိုတော်ကျ မှတ်ပြီး ယုံကြည် လက်ခံတဲ့သူတွေမှာ ကုသိုလ်မဖြစ်ပဲ အကုသိုလ်သာ ဖြစ်ပွားနေမှာက သေချာပါတယ်၊ နောက်ဆုံးတချိန်ကျတော့ အားကိုးစရာ ကုသိုလ်မရှိပဲ အကုသိုလ်က အကျိုးပေးတဲ့အခါ တရားမှားဖြင့် အလှည့်စားခံခဲ့ရတဲ့အတွက် ဒုက္ခရောက်ရတယ် ဆိုတာ ကိုယ်တိုင်တွေ့ ဖြစ်ပြီး စိတ်မချမ်းသာဖြစ်ဖို့ရာ အလွန်ပင် နီးစပ်နေပါတယ်။

ယခုပြောပြခဲ့တဲ့အတိုင်း စီးပွားရေးဖြင့် ဖြစ်စေ၊ ဘာသာ ရေးဖြင့် ဖြစ်စေ အလှည့်စားခံရတဲ့သူမှာ အလွန်နစ်နာပါတယ်၊ စီးပွားရေးထက် ဘာသာရေးဖြင့် အလှည့်စားခံရတာက ပိုပြီး

နစ်နာပါတယ်။ ဒါကြောင့် စီးပွားရေးနဲ့ ဖြစ်ဖြစ်၊ ဘာသာရေးနဲ့ ဖြစ်ဖြစ် လှည့်စားခြင်း မရှိပါစေနဲ့-လှည့်စားခြင်း ကင်းပါစေ၊ ကင်းကြပါစေလို့ မေတ္တာပွားရန် ညွှန်ကြားတော်မူတာပါဘဲ၊ အဲဒီညွှန်ကြားချက်အရ မေတ္တာပွားကြရမယ်၊ လိုက် ဆိုကြ။

တဦးတယောက်က အခြားသူတဦးတယောက်ကို မလှည့်စားပါစေလင့်၊ လှည့်စားခြင်း ကင်းကြပါစေ၊ လှည့်စားခြင်း ကင်းကြပါစေ၊ လှည့်စားခြင်း ကင်းကြပါစေ။

နောက်တပိုဒ်ကတော့ — ကတ္ထစိ - မြို့ထဲ ရွာထဲ အများပရိသတ်ထဲ စသည် တစုံတခုသော အရပ်၌မျှ၊ ကဉ္စိ - တစုံတယောက်သော၊ နံ-ထိုအခြားသူကို၊ န အတိမညေထ-မထီမဲ့မြင် မပြုပါစေလင့်၊ ဝါ-မထီမဲ့မြင်ပြုခြင်း ကင်းပါစေ တဲ့။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတပါးကို မရှုမသေ မထီမဲ့မြင်ပြုယင် ပြုသူမှာလဲ အကုသိုလ်ပွားတယ်၊ နောင်တချိန်ကျတော့ အကျိုးမဲ့လဲ ဖြစ်တတ်တယ်၊ မထီမဲ့မြင် အပြုခံရသူမှာလဲ မခံချင်စိတ်တွေ ဖြစ်ပြီး ဆင်းရဲရတတ်တယ်၊ သာမန်လူက ဖြစ်စေ၊ အောက်တန်းအရာရှိကဖြစ်စေ အထက်တန်းအရာရှိထံ ကိစ္စရှိလို့သွားရောက်တဲ့အခါ အချို့အရာရှိဖြစ်သူက ဂရုမစိုက်ပဲ မထီမဲ့မြင်ပြုတတ်တယ်၊ အချို့မထေရ်ကြီးကလဲ ရဟန်းငယ်များကို မထီမဲ့မြင်ပြုတတ်တယ်၊ အဲဒီလို မထီမဲ့မြင်အပြုခံရတဲ့သူမှာ စိတ်မချမ်းမသာများစွာ ဖြစ်တတ်တယ်၊ မထီမဲ့မြင်ပြုသူမှာလဲ ကိုယ်ချင်းစာတရားကင်းမဲ့သူ မေတ္တာမဲ့သူအဖြစ် ထင်ရှားတယ်၊ဒါကြောင့် နှစ်ဦး

နှစ်ဖက်လုံး မဆင်းရဲရအောင် မထိမ့်မြင်မပြုမိပါစေနဲ့လို့ မေတ္တာပွားရန် ညွှန်ကြားတော်မူတာပါဘဲ၊ တဦးနဲ့တဦး မထိမ့်မြင်မပြုပဲ ဖော်ဖော်ရွေရွေချည်း ဆက်ဆံသွားကြမယ် ဆိုလျှင် လောကကြီးတခုလုံး အင်မတန် အဆင်ပြေမှာပါဘဲ။ အဲဒီ ညွှန်ကြားချက်အရ မေတ္တာပွားရအောင် လိုက်ဆိုကြ။

အခြားသူ တစုံတယောက်ကိုမျှ မနှိမသေ မထိမ့်မြင်မပြုမိပါစေလင့်၊ မထိမ့်မြင်ပြုခြင်း ကင်းပါစေ၊ မထိမ့်မြင်ပြုခြင်းကင်းကြပါစေ၊ ဖော်ဖော်ရွေရွေ ဆက်ဆံနိုင်ကြပါစေ။

နောက်တပိုဒ်ကတော့- ဗျာရောသနာ- ဗျာရောသနာယ- ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်း, ကြိမ်းမောင်းပြောဆိုနှိပ်စက်ခြင်းဖြင့်၎င်း၊ပဋိဃသညာ-ပဋိဃသညာယ-ဒေါသစိတ်ဖြင့်၎င်း၊ အညမညဿ-အချင်းချင်း၏၊ ဒုက္ခ-ဆင်းရဲကို၊ န ဣစ္ဆေယျ- အလိုမရှိပါစေလင့်၊ ဝါ-လိုလားတောင့်တခြင်း ကင်းပါစေတဲ့။

သူတပါးကို ရိုက်နှက်ပုတ်ခတ်ယင်, ဆဲဆိုကြိမ်းမောင်းယင် သို့မဟုတ် အနှိပ်စက်ခိုင်းယင်, ဒေါသစိတ်ဖြင့် နှိပ်စက်ရန်ကြံနေယင် အဲဒီလို ပြုသူ ပြောသူ ကြံသူမှာ အကုသိုလ်ဖြစ်တယ်၊ နောင်တချိန်မှာ အဲဒ်အကုသိုလ်ကံကြောင့် ဆင်းရဲအမျိုးမျိုးတွေ့ကို ခံစားရလိမ့်မယ်၊ အနှိပ်စက်ခံရတဲ့သူမှာတော့ လက်ငင်းပင် ဆင်းရဲရတော့တာဘဲ၊ ဒါကြောင့် အဲဒီလို ဆင်းရဲများမဖြစ်ရအောင် ကိုယ်နှုတ်တို့ဖြင့် နှိပ်စက်ခြင်း, ဒေါသစိတ်ဖြင့် ကြံခြင်း

ဘို့ဖြင့် သူတပါး၏ ဆင်းရဲကို အလိုမရှိပါစေနဲ့လို မေတ္တာပွားရန် ညွှန်ကြားတော်မူပါတယ်၊ အဲဒီ ညွှန်ကြားချက်အရ မေတ္တာပွား ကြရအောင် လိုက်ဆိုကြရမယ်။

ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်းဖြင့် သူတပါး၏ ဆင်းရဲကို လိုလားခြင်းကင်းပါစေ၊ နှုတ်ကပြောဆိုခြင်းဖြင့်လဲ သူတပါး၏ ဆင်းရဲကို လိုလားခြင်း ကင်းပါစေ၊ စိတ်အကြံ သက်သက်ဖြင့်လဲ သူတပါး၏ ဆင်းရဲကို လိုလားခြင်းကင်းပါစေ၊ သူတပါးဆင်းရဲ အောင် ပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်း လိုလားခြင်း ကင်းပါစေ၊ ကင်းကြပါစေ။

အဲဒီလို မေတ္တာပွားတယ် ဆိုတာလဲ ရွတ်ဆိုရုံမျှ ခပ်ပေါ့ ပေါ့မဟုတ်ဘူး၊ သူတပါးအား ချမ်းသာစေလိုတဲ့ မေတ္တာစိတ် တကယ့်ကို လေးလေးနက်နက် ရှိစေရမယ် ဆိုတာကို ဥပမာဖြင့် ဒီလို ပြတော်မူထားပါတယ်။

## မေတ္တာအစစ်ပွားပုံ ဥပမာ

၇။ မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ၊

မာတာ-မွေးသည့်မိခင်သည်၊ နိယံ ပုတ္တံ-မိမိရင်နှစ်သားရင်း ဖြစ်သော၊ဧကပုတ္တံ-တဦးတည်းသောသားကို၊ အာယုသာ-မိမိ၏ အသက်ဖြင့်သော်လည်း၊ ဝါ-မိမိအသက်ကို စွန့်၍သော်လည်း။

အနုရက္ခ ယထာ-အစဉ်မက္ခာ စောင့်ရှောက်ရာသကဲ့သို့၊ ဝေမှိ-ဤအတူပင်၊ သဗ္ဗဘူတေသု-အလုံးစုံသောသတ္တဝါတို့၌၊ အပရိ-မာဏံ-အတိုင်းအတာ ပမာဏမရှိသော၊ မာနသံ-ချမ်းသာစေလိုသော မေတ္တာစိတ်ကို၊ ဘာဝယေ-အကြိမ်ကြိမ် အခါခါပွားစေရာတော့သတည်း တဲ့။

ဒီဂါထာမှာ ဥပမာက မိခင်နှင့် သားကို ပြထားတယ်၊ သားသမီးကို ဖခင်ထက် မိခင်က ပိုပြီး ချစ်ခင်တတ်စောင့်ရှောက်တတ်တယ်၊ ဒါကြောင့် မိခင်ကို ဥပမာအဖြစ် ပြထားတယ်၊ သားသမီးကလဲ မွေးစားသားသမီးဆိုယင် သားသမီး အရင်းလောက် ချစ်ခင်အား စောင့်ရှောက်အား မရှိပေဘူး၊ ဒါကြောင့် သားအရင်းကို ဥပမာပြထားတယ်၊ သားအရင်းပင် ဖြစ်ပေမယ့် သားတွေက များနေယင် ချစ်ခင်အား စောင့်ရှောက်အားဟာ အပြည့်အဝ မရှိနိုင်ပေဘူး၊ တဦးတည်းသော သားကလေးဆိုတော့ အချစ်ဆုံးပေါ့၊ ဒါကြောင့် တဦးတည်းသောသားကို ဥပမာပြထားတယ်၊ "သားကို မိခင်က ဘယ်လောက်ချစ်တယ်၊ တဦးတည်းသော သားကလေးကို ဘယ်လောက် ချစ်တယ်" ဆိုတာကတော့ သားရှိတဲ့မိခင်များက အသိဆုံးဖြစ်နေမှာပါဘဲ၊ ဒါကြောင့် မိခင်က တဦးတည်းသောသားကလေး၌ ချစ်ပုံ စောင့်ရှောက်ပုံတွေကို ဘုန်းကြီးတို့က ဖွင့်ပြပြောဟောနေစရာ မလိုပါဘူး၊ အဲဒီ မိခင်ဟာ တဦးတည်းသော သားကလေး အတွက် မိမိအသက်အသေခံပြီး စောင့်ရှောက်ပါမှ ဘေးရန်က လွတ်မယ်ဆိုယင် မိမိအသက်ကို စွန့်ပြီးတော့တောင် စောင့်

ရှောက်ပါတယ်တဲ့၊ အဲဒီလိုဘဲ မေတ္တာပွားရာမှာလဲ မိမိကိုယ်ကို မငဲ့ကွက်ပဲနဲ့ သတ္တဝါများ အပေါ်မှာ ချမ်းသာစေလိုတဲ့ စိတ်ဓာတ် ထက်သန်စွာနဲ့ မေတ္တာကို ပွားစေရမယ်တဲ့၊ အင်မတန် လေးနက်တဲ့ ဥပမာပါဘဲ။

ဒုတိယပိုင်းတုန်းက သီမာသမ္ဘေဒ ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်က ပြဆိုထားတဲ့အတိုင်း ပြောခဲ့ပါတယ်၊ အဲဒီမှာ ချစ်တဲ့သူရယ်၊ မချစ်မမုန်း အလယ်အလတ်လူရယ်၊ ရန်သူရယ်၊ မိမိရယ်-ဒီလေးယောက် အတူနေကြရာမှာ လူဆိုး ဓားပြတွေက ယဇ်နတ်ပူဇော်ဘို့ လူတယောက်ကို တောင်းလာယင် ဘယ်သူ့ကိုမျှ မပေးရက်ပဲ ရှိရမယ်တဲ့၊ မိမိကိုယ်ကို ပေးလိုက်ယင်တောင် သီမာသမ္ဘေဒ မဖြစ်သေးဘူးတဲ့။ ယခု ဒီ မေတ္တာသုတ်မှာတော့ သားကို စောင့်ရှောက်တဲ့ မိခင်လိုပင် အသက်ကိုတောင် စွန့်နိုင်သည်အထိ သူတပါးအား ချမ်းသာစေလိုတဲ့စိတ် ရှိရမယ်လို့ ဆိုရာရောက်နေပါတယ်။ အဲဒီ အဋ္ဌကထာစကားနှင့် ဒီပါဠိတော်ကို ဘယ်လိုနှိုင်းနှောယှဉ်ရမလဲဆိုယင် - ဒီပါဠိတော်မှာက အသက်ကို စွန့်ဘို့ ပြလိုရင်း မဟုတ်ဘူး၊ အသက်ကို စွန့်ပြီး သားငယ်ကို စောင့်ရှောက်တဲ့ မိခင်လိုပင် သတ္တဝါတို့အပေါ်မှာ ချမ်းသာစေလိုတဲ့ မေတ္တာစိတ် လေးလေးနက်နက် ဖြစ်ဖို့ရာလောက်သာ ပြတယ်၊ အမှန်ကတော့ အဋ္ဌကထာက ပြဆိုထားတဲ့အတိုင်း အခြားသတ္တဝါများအပေါ် မိမိနှင့် တန်းတူ ညီမျှတဲ့မေတ္တာစိတ် ဖြစ်ဖို့ကသာ လိုရင်းဖြစ်တယ်လို့ မှတ်ယူသင့်ပါတယ်၊ ဒါကြောင့် မေတ္တာပွားပုံကို ပြတဲ့ ပါဠိတော်များစွာတို့မှာ သဗ္ဗတ္တတာယ-

သတ္တဝါ အားလုံးတို့အပေါ် မိမိနှင့် တူညီသည်၏ အဖြစ်ဖြင့် မေတ္တာပွားရန် ညွှန်ပြထားတာပါဘဲ၊ မိမိကိုယ်ထက် ပိုပြီး ချစ်ရမယ်လို့တော့ ညွှန်ပြတာ မရှိပါဘူး။

နောက်ပြီးတော့ မေတ္တာဘာဝနာ ဆိုတာ စွမ်းနိုင်လို့ရှိယင် သတ္တဝါတဦးတယောက်ကိုမျှ ခြွင်းချန်မထားပဲ အတိုင်းမသိ ပွားစေရတယ်၊ ဒါကြောင့် အပရိမာဏံ-လို့လဲ ညွှန်ပြထား ပါတယ်။အဲဒီ အနက်ကို ယခုရွတ်ပြမည့် ဂါထာဖြင့် ထပ်ဆင့်ပြီး ဒီလို ညွှန်ပြတော်မူတယ်။

### အတိုင်းမသိ ကျယ်ပြန့်စွာ ပွားပုံ

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရံ့မသပတ္တံ။

စ-အတိုင်းမသိ ကျယ်ပြန့်စွာ မေတ္တာပွားပုံကို ခွဲ၍ပြရလျှင် ဥဒ္ဓံ-အထက်အရပ်၌ရင်း၊ အဓော-အောက်အရပ်၌ရင်း၊ တိရိယံ-ဖီလာပတ်ဝန်းကျင်အရပ်ရှစ်မျက်နှာ၌ရင်း၊ (ဧကံ ဒိသံ ဖရိတွာ-ဣတိ ဥဒ္ဓမဓော တိရိယံ-ဟူသော ပါဠိတော်များ၊ ယင်းတို့၏ အဖွင့် အဋ္ဌကထာများနှင့်အညီ ပြန်အပ်သောအနက်ဖြစ်သည်၊ ယင်းသုံးပုဒ်ဖြင့် အရပ်ဆယ်မျက်နှာကို ပြသည်။ ဤမေတ္တာသုတ်

အဖွင့် အဒ္ဒကထာ၌မူ ဥဒ္ဓံ-ဖြင့် အရူပဘဝကိုရင်း၊ အဓောဖြင့် ကာမဘဝကိုရင်း၊ တိရိယံ-ဖြင့် ရူပဘဝကိုရင်းဖွင့်ပြထားသည်။) သဗ္ဗလောကသ္မိံ-အလုံးစုံသော လောက၌၊ အပရိမာဏံ-အတိုင်း အတာ ပမာဏမရှိသော၊ မေတ္တံ မာနသံ-မေတ္တာစိတ်ကို၊ ဘာဝယေ-ပွားစေရာ၏၊ အသမ္ဗာဓံ-ကျယ်ပြန့်သောမေတ္တာစိတ်ကို၊ ဝါ-ကျယ်ပြန့်စွာ၊ အဝေရံ-အတွင်းရန်ဟု ခေါ်သည့် ဒေါသ စေတနာကင်းသော မေတ္တာစိတ်ကို၊ ဝါ-အတွင်းရန် ကင်းစေလျက်၊ အသပတ္တံ-အပြင်ရန်သူလဲ ကင်းသော မေတ္တာ စိတ်ကို၊ ဝါ-အပြင်ရန်သူလဲ ကင်းစေလျက်၊ ဘာဝယေ-ပွား စေရာ၏-တဲ့။

ဆိုလိုတာကတော့ အတိုင်းအတာမရှိတဲ့ မေတ္တာကို ပွားစေ သည်-ဆိုတာဟာ အောက်အရပ်ရော အထက်အရပ်ရော ဘေး ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာရော အရပ်ဆယ်မျက်နှာတို့၌ ရှိ သမျှသတ္တဝါအားလုံးကို ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ကို ပွား စေတာပါဘဲလို့ ဆိုလိုပါတယ်၊ အဲဒီလို ပွားစေရာမှာ အရပ်အား ဖြင့် အကန့်အသတ်မရှိ၊ သတ္တဝါအားဖြင့်လဲ အကန့်အသတ်မရှိ သောကြောင့် နယ်ပယ်ကျယ်ပြန့်တယ် မကျဉ်းဘူး၊ အဲဒီလို နယ်ပယ်ကျယ်ပြန့်စွာလဲ ပွားစေရမယ်တဲ့။ နောက်ပြီးတော့- အဲဒီ သတ္တဝါအားလုံးနှင့် စပ်ပြီး ဒေါသ စေတနာကင်းသော ကြောင့် ကိုယ်တွင်းရန်လဲ ကင်းတယ်၊ မည်သည့် သတ္တဝါကိုမျှ ရန်သူအနေဖြင့် အမှတ်မထားသောကြောင့် အပြင်ရန်လဲ ကင်း တယ်၊ အဲဒီလို အတွင်းအပြင်ရန် ၂-ပါးလုံးကင်းအောင်လဲ ပွား

စေရမယ်တဲ့။ ဒီဂါထာမှာ ပြထားတဲ့ အရပ်ဆယ်မျက်နှာ၌ မေတ္တာပွားပုံကိုတော့ ပဌမပိုင်းက အကျယ်ဟောခဲ့ပါပြီ၊ ဒါပေမဲ့ ရောက်ရာဒေသနာတော်နှင့်အညီ အရပ်ဆယ်မျက်နှာမှာ ရှိသမျှ သတ္တဝါတွေကို ထပ်ပြီး မေတ္တာပွားကြဦးစို့၊ လိုက်ဆိုကြရမယ်။ ရွတ်ဆိုယင်း, မေတ္တာပွားယင်း ရွတ်ဆိုနှလုံးသွင်းတဲ့ ရုပ်နာမ်များကိုလဲ ရှုမှတ်သွားကြရမယ်။

(၁) အထက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

(၂) အောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

(၃) ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာက အားလုံးသတ္တဝါတွေချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။

သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။

အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ-ဆိုတဲ့

မေတ္တာပို့ ဂါထာဟာ ဒီမေတ္တသုတ်ထဲက ဥဒ္ဓံ အဓော စ တိရိယဉ္စ-ဆိုတဲ့ စကားရပ်ကို မှီပြီး စီကုံးထားဟန် ရှိပါတယ်။ သူ့အနက်ကတော့—

ဥဒ္ဓံ-အထက်အရပ်၌၊ ယာဝ ဘဝဂ္ဂါ စ-ဘဝဂ်ဟုခေါ်သော နေဝသညာနာသညာယတန ဘုံတိုင်အောင်ရှင်း၊ အဓော-

အောက်အရပ်၌၊ ယာ၀ အဝီစိတော-အဝီစိငရဲ ဘုံတိုင်အောင်ရင်း၊ (အထက်ဘဝဂ် အောက်အဝီစိဆိုတဲ့ ဒီစကားရပ်ကတော့ မြေကြီးကို အပြားအနေဖြင့် ယူဆပြီးဆိုထားတဲ့ စကားပါဘဲ၊ ယခုခေတ်အများစု၏ အယူအဆအရကမ္ဘာမြေကြီးကိုအလုံးဟူ၍ရင်း၊ ချာချာလည်နေသည်ဟူ၍ရင်း ပြောနေကြတဲ့အလိုအားဖြင့် မေတ္တာပွားနေဆဲအချိန်မှာ ကျရောက်တိုက်ဆိုင်နေတဲ့ အထက်အရပ် အောက်အရပ်တို့ကို ယူရုံပါဘဲ။ သမန္တာ စက္ကဝါဠေသု စ-ပတ်ဝန်းကျင် စကြဝဠာတို့၌ရင်း၊ ပထဝီစရာ-မြေ၌ကျက်စားကုန်သော (နောက်တဂါထာအရ-ဥဒကေစရာ- ရေ၌ကျက်စားကုန်သော၊ အခြား နောက်တဂါထာအရ-အာကာသေစရာ-ကောင်းကင်၌ကျက်စားကုန်သော။ယေသတ္တာ-အကြင်သတ္တဝါတို့သည်၊ သန္တိ-ရှိကုန်၏။) တေ သတ္တာ-ထိုသတ္တဝါတို့သည်၊ အဗျာပဇ္ဈာ-နှိပ်စက်တတ်သောကြောင့် ဗျာပါဒဟုခေါ်သော နှလုံးမသာမှု ဒေါမနဿ ကင်းကုန်သည်ရင်း၊ ဝေါ-စိတ်ဆင်းရဲကင်းကုန်သည်ရင်း၊နိဝေရာ စ-ရန်ကင်းကုန်သည်ရင်း၊ နိဒ္ဒုက္ခာ စ-ကိုယ်ဆင်းရဲကင်းကုန်သည်ရင်း၊ အနုပဒ္ဒဝါ စ-ကပ်ရောက်၍ နှိပ်စက်တတ်သော (ဥပဒ္ဒဝေါ)ဘေးရန်ကင်းကုန်သည်ရင်း၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း တဲ့။

အဲဒီ ပါဠိဂါထာနဲ့ အနက်ထဲမှာ ဥပဒ္ဒဝ-ဥပဒ္ဒဝေါဆိုတာ ဘယ်လို ဘေးဒုက္ခသင့်ရောက်လိမ့်မယ်လို့ စောစောက မသိရပဲ ရုတ်တရက် ကပ်ရောက်ပြီး နှိပ်စက်တတ်တဲ့ ဘေးရန်အန္တရာယ်တွေပါဘဲ၊ ရုတ်တရက်တွေ့ရတဲ့ လူဆိုးသူဆိုး ဘေးရန်တွေ၊

သားရဲတိရစ္ဆာန်ဘေးရန်တွေ၊ ရောဂါဆိုး ဘေးရန်တွေ-ဒီလို ဘေးရန် အန္တရာယ်တွေပါဘဲ။

မေတ္တာပွားရမည့် အနေအထိုင်နှင့် အချိန်ကာလ

ယခုပြောခဲ့တဲ့အတိုင်း အရပ်ဌာန, ပုဂ္ဂိုလ်အား အကန့်အသတ်မထားပဲ ကျယ်ပြန့်စွာ မေတ္တာပွားပုံကို ပြပြီးတော့ အဲဒီလို ပွားများရမည့် ဣရိယာပုထ်နဲ့ အချိန်ကာလကိုလဲ ဒီလိုပြတော်မူပါတယ်။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ၊

ဧတံ သတိ အဓိဋ္ဌေယျ၊
ဗြဟ္မ မေတံ ဝိဟာရ'မိဓ မာဟု။

တိဋ္ဌံ-ရပ်နေစဉ်ဖြစ်စေ၊ စရံ-သွားနေစဉ်ဖြစ်စေ၊ နိသိန္နော ဝါ-ထိုင်နေစဉ်ဖြစ်စေ၊ သယာနော ဝါ-လျောင်းနေစဉ်ဖြစ်စေ၊ ယာဝတာ-အကြင်မျှလောက် ကာလပတ်လုံး၊ ဝိတမိဒ္ဓေါ-အဿ-ငိုက်မြည်းခြင်း ကင်းသည်ဖြစ်ရာ၏၊ တာဝတာ- မငိုက်သေး အိပ်မပျော်သေးသမျှ ထိုကာလပတ်လုံး၊ ဧတံ သတိံ-ထိုမေတ္တာနှင့်ယှဉ်သော အမှတ်သတိတရားကို၊ အဓိဋ္ဌေယျ-ဆောက်တည်သော အားဖြင့် ဖြစ်ပွားစေရာ၏ တဲ့။

ဒီမေတ္တာကို ပွားစေရတယ်ဆိုတာ ထိုင်နေယင်းသာ မဟုတ်ဘူး၊ ရပ်နေယင်းလဲ ပွားစေရမယ်၊ စင်္ကြံလျှောက်နေယင်းလဲ

ပွားစေရမယ်၊ လဲလျောင်းပြီး အိပ်နေယင်းတောင်မှ အိပ်မပျော်သေးခင် နိုးနေသမျှကာလအတွင်းမှာ ဆိုယင် မပြတ်ပွားနေရမှာဘဲ၊ အဲဒီလို ပွားများနေယင်း အိပ်ပျော်သွားတဲ့အချိန်ကျမှသာ မပွားများပဲ နားရမယ်၊ အိပ်ပျော်နေဆဲအချိန်မှာတော့ မေတ္တာကို မပွားစေနိုင်ပါဘူး၊ အဲဒါဟာ ဘာဝနာအလုပ်မှ နားရတဲ့အချိန်ပါဘဲ။ အိပ်ရာမှ နိုးလာယင်လဲ နိုးတဲ့အချိန် သတိရတဲ့အချိန်မှ စပြီး မပြတ်ပွားများနေရမှာပါဘဲ၊ ဒီလို အိပ်ပျော်နေချိန်မှတပါး အခြားအချိန်များမှာ ဆိုယင် ရပ်နေယင်းဖြစ်ဖြစ်၊ သွားနေယင်းဖြစ်ဖြစ်၊ ထိုင်နေယင်းဖြစ်ဖြစ်၊ လဲလျောင်းနေယင်းဖြစ်ဖြစ် မေတ္တာနှင့်ယှဉ်သောအမှတ်သတိကို မပြတ်ပွားနေရမယ်၊ စျာန်ရပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုယင်လဲ မေတ္တာစျာန်နှင့်ယှဉ်သောသတိကိုပွားနေရမယ်၊ မေတ္တာစျာန်ကိုဝင်စားနေဘို့ပါဘဲ။ ဒီမေတ္တာဘာဝနာကိုပွားနေတာဟာ ကောင်းမြတ်သောနေခြင်းလဲ ဖြစ်ပါတယ်။ ဒါကြောင့်—

တေံ - ၎င်း မေတ္တာတရား ပွားများနေခြင်းကို၊ ဣဓ - ဤသာသနာတော်၌၊ ဗြဟ္မံ ဝိဟာရံ - မြတ်သော နေခြင်းဟူ၍၊ အာဟု - မြတ်ဘုရားတို့က ဟောကြားချီးကျူးတော်မူကြသည်လို့လဲ မိန့်တော်မူပါတယ်။

## ဝိဟာရ-ခေါ် နေခြင်း ၄-မျိုး

ပါဠိအဋ္ဌကထာများမှာ ဝိဟာရ-နေခြင်းဆိုတာကို ၄-မျိုးခွဲပြီး ပြထားပါတယ်။ (၁) ဣရိယာပထဝိဟာရ၊ (၂) ဒိဗ္ဗ

ဝိဟာရ၊ (၃) အရိယဝိဟာရ၊ (၄) ဗြဟ္မဝိဟာရဆိုတဲ့ ဒီ ၄-မျိုး ပါဘဲ။ အဲဒီ ၄-မျိုးထဲမှာ (၁) ဣရိယာပထဝိဟာရ ဆိုတာက ရံခါသွားနေလိုက်၊ ရံခါရပ်နေလိုက်၊ ရံခါထိုင်နေလိုက်၊ ရံခါ အိပ်နေလိုက်နဲ့ ဒီဣရိယာပုထ် ၄-ပါးဖြင့် သင့်လျော်သလို နေထိုင်ခြင်းပါဘဲ၊ ဒါကတော့ ရဟန်းရှင် လူတိုင်း သတ္တဝါတိုင်းနဲ့ ဆိုင်ပါတယ်၊ အထူးအဆန်းမဟုတ်ပါဘူး။

(၂) ဒိဗ္ဗဝိဟာရ ဆိုတာကတော့ ဗြဟ္မာဆိုတဲ့ နတ်အထူးဖြစ်စေနိုင်တဲ့ ကသိုဏ်းစျာန်အစရှိတဲ့ မဟဂ္ဂုတ်စျာန်များပါဘဲ၊ အဲဒီစျာန်များ ဝင်စားနေခြင်းကို ဒိဗ္ဗဝိဟာရခေါ်တယ်။

(၃) အရိယဝိဟာရ ဆိုတာကတော့ အရိယဖိုလ်လေးပါးပါဘဲ၊ အဲဒီဖိုလ်လေးပါး ဝင်စားနေခြင်းကို အရိယဝိဟာရ-အရိယာတို့၏နေခြင်းဖြင့် နေတယ်လို့ ဆိုရတာပါဘဲ။

(၄) ဗြဟ္မဝိဟာရ ဆိုတာကတော့ မေတ္တာစျာန် ကရုဏာစျာန် မုဒိတာစျာန် ဥပေက္ခာစျာန်ဆိုတဲ့ ဒီစျာန်လေးပါးပါဘဲ၊ အထူးသဖြင့် အပြစ်ကင်းခြင်း, မြင့်မြတ်ခြင်းကြောင့် ဗြဟ္မဝိဟာရ-မြတ်သော နေခြင်းလို့ ခေါ်ဆိုရတာပါဘဲ။ ဒါကြောင့် ဒီဂါထာမှာ မေတ္တာကို ဗြဟ္မဝိဟာရလို့ဟောကြောင်း ပြဆိုတော်မူတာပါဘဲ။

## အပ္ပမညာနှင့် ဗြဟ္မစိုရ်

အဘိဓမ္မာဝိဘင်္ဂပါဠိ(၂၀၄)မှာတော့ ဒီဗြဟ္မဝိဟာရ လေးပါးကို အပ္ပမညာလို့ ဟောထားတယ်၊ သုတ်မဟာဝါ မဟာ

ဂေါဝိန္ဒ သုတ်မှာတော့ ဗြဟ္မစရိယလို့ ဟောထားတယ်၊ မြတ်သောအကျင့်လို့ အနက်ရှိတယ်၊ အဲဒီ ဗြဟ္မစရိယဆိုတဲ့ ပါဠိကို စွဲမှီပြီးတော့ ဗြဟ္မစိုရ်တရားလို့ ဗမာလို ခေါ်ဝေါ် ပြောဆိုနေကြတယ်။

ဒီမေတ္တာကို ပွားစေတဲ့အခါ "မည်သူ ချမ်းသာပါစေ၊ သတ္တဝါတွေ ချမ်းသာကြပါစေ"စသည်ဖြင့် ပုဂ္ဂိုလ် သတ္တဝါ ပညတ်ကိုအာရုံပြုပြီး ပွားစေရတယ်၊ အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ တကယ့်ကိုရှိနေတာဘဲလို့ ထင်မှတ် စွဲလမ်းပြီး အတ္တဒိဋ္ဌိ ဖြစ်ဖို့ရာ နီးစပ်နေတယ်၊ ဒါကြောင့် အဲဒီလို အတ္တဒိဋ္ဌိလဲ မဖြစ်ရအောင်၊ ဖြစ်ခွင့်ရှိနေတဲ့ အဲဒီ အတ္တဒိဋ္ဌိကိုလဲ ပယ်ပြီး အရိယမဂ်ဖိုလ်များကို ရောက်ရအောင် မြတ်စွာဘုရားရှင်က နိဂုံးချုပ် အနေအားဖြင့် နောက်ဆုံးဂါထာကို ဒီလို ဟောကြားတော်မူခဲ့ပါတယ်။

## ဒိဋ္ဌိပယ်၍ ဂဗ္ဘသေယျကင်းအောင် ကျင့်ရန်

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယ ဂေဓံ၊
န ဟိ ဇာတု ဂဗ္ဘသေယျ ပုနရေတိ။

ဒိဋ္ဌိဉ္စ-ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင် တကယ်ပင်ရှိသည်ဟု ထင်မှတ်စွဲလမ်းသော အတ္တဒိဋ္ဌိသို့လည်း၊ အနုပဂ္ဂမ္မ-မကပ်ရောက်

မူရှိ တဲ့။ (ပါဠိ၌ ဂ-၂ လုံးဆင့်မှာ ဆန်းအတွက်မျှသာ)ဒီဇကား ဖြင့် သိစေလိုတာကတော့—မည်သူ ချမ်းသာပါစေ၊ သတ္တဝါ တွေ ချမ်းသာကြပါစေလို့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ မေတ္တာပွား နေပေမဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ လောကဝေါဟာရမျှဘဲ၊ ပုဂ္ဂိုလ်ရယ် သတ္တဝါရယ် အတ္တကောင်ရယ်လို့တော့ တကယ် ရှိတာမဟုတ်ဘူး၊ ခဏမစဲ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစဉ် မျှသာ ရှိတယ်လို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီး အတ္တဒိဋ္ဌိကို ပယ်ခွာ ရမယ် ဆိုတာကို သိစေလိုရင်းပါဘဲ။

ဘယ်လိုလုပ်ပြီး ပယ်ရမလဲဆိုတော့—အားမထုတ်မီ စောစော ကတည်းက ကြားနာမှတ်သားပြီး သုတမယဉာဏ်ဖြင့်လဲ ပယ်ရ မယ်၊ မေတ္တာစျာန်ကို ရပြီးပုဂ္ဂိုလ်ဆိုယင် အဲဒီစျာန်ကို ဝင်စား ပြီးတော့ စျာန်မှ ထတဲ့အခါ အဲဒီစျာန် ရှုပြီး အဲဒီစျာန်နှင့် တည်မှီရာရုပ်ကို မှန်စွာသိသောအားဖြင့်လဲ ပယ်ရမယ်၊ စျာန် မရသေးတဲ့ပုဂ္ဂိုလ် ဆိုယင်လဲ ချမ်းသာပါစေ၊ ချမ်းသာကြ ပါစေလို့ မေတ္တာပွားတိုင်း နှလုံးသွင်းတဲ့စိတ်, တည်မှီရာရုပ်, နှုတ်ဆိုတဲ့ရုပ်များကို ရှုပြီး အမှန်အတိုင်း သိခြင်းဖြင့်လဲ ပယ်ရ မယ်၊ မေတ္တာစျာန်ကို အခြေခံပြုပြီး ပေါ်ရာ ပေါ်ရာ ရုပ်နာမ် များကို ရှုသိခြင်းဖြင့်လဲ ပယ်ရမယ်။

အဲဒီ ပယ်ပုံတွေထဲမှာ သုတမယဉာဏ်ဖြင့် ပယ်ပုံကိုတော့ အထူး ပြောစရာ မလိုပါဘူး၊ ရုပ်နာမ် သဘောတရားများ အကြောင်းကို စွမ်းနိုင်သမျှ ကြားနာပြီး လေ့လာမှတ်သားခြင်း ဆင်ခြင်ခြင်းများဖြင့် ပယ်ရိုးပါဘဲ။

စျာန်ဝင်စားပြီး အဲဒီစျာန် စသည်ကို ရှုသိသောအားဖြင့် ပယ်ပုံကတော့—မေတ္တာစျာန်ကို ဝင်စားပြီးတော့ အဲဒီစျာန်စိတ် ရပ်စဲသွားတဲ့အခါ အဲဒီစျာန်စိတ်ကို ရှုရတယ်၊ စျာန်မရှိတဲ့ပုဂ္ဂိုလ် များမှာ ကြုံသိတဲ့စိတ်ကို သိပြီးတိုင်း သိပြီးတိုင်း ရှုမှတ်ပြီး သိတာမျိုးပါဘဲ။ စျာန်ဝင်စားလိုက် အဲဒီစျာန်စိတ်ကို ရှုလိုက်နဲ့ အဖန်ဖန် အခါခါ ရှုသိနေရတယ်၊ အဲဒီလို ရှုနေယင်း ချမ်းသာ ပါစေလို့ နှလုံးသွင်းတဲ့စျာန်စိတ်က တခြား၊ မှီရာရုပ်က တခြား၊ ရှုသိတဲ့ ဝိပဿနာစိတ်က တခြား ကွဲပြားပြီး ထင်ပေါ်လာမယ်၊ အဲဒီအခါမှာ အာရုံကို မသိတတ်တဲ့ တည်ရာမှီရာ ကိုယ်ရုပ်က တခြား၊ ချမ်းသာပါစေလို့ နှလုံးသွင်းတဲ့စျာန်စိတ်နဲ့ ရှုသိတဲ့ စိတ်က တခြား ကွဲပြားပြီး ထင်ပေါ်လာမယ်၊ အဲဒီတော့ ဒီကိုယ်ထဲမှာ အာရုံကို သိတာနဲ့ မသိတာ ဒီ ၂-မျိုးသာရှိတယ်၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်ရယ် သတ္တဝါရယ် အတ္တကောင်ရယ် လို့တော့ မရှိဘူးဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားပြီး သိမယ်၊ အဲဒီလိုသိတော့ အတ္တကောင်အနေဖြင့် စွဲလမ်းခဲ့တဲ့ အတ္တဒိဋ္ဌိဟာ ကင်းကွာသွားတယ်၊ အဲဒါဟာ မေတ္တာစျာန်တလှည့် ဝိပဿနာ တလှည့်အားဖြင့် အားထုတ်ပြီး ဒိဋ္ဌိကို အစဆုံး နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပယ်ပုံပါဘဲ။

အဲဒီကနောက် စျာန်ဝင်စားလိုက်, အဲဒီစျာန်ကို ရှုလိုက်နဲ့ ဆက်လက်ပြီး အားထုတ်သွားယင် အကြောင်းနှင့် အကျိုးမျှ ရှိတယ် ဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီးတော့လဲ အဲဒီဒိဋ္ဌိကို ပယ်သွားဘယ်၊ အဲဒီကနောက် စျာန်နှင့် ရှုသိစိတ်ရော တည်မှီရာ

ရုပ်ရော ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့ရပြီးတော့ အနိစ္စဉာဏ် ဒုက္ခဉာဏ်တို့နှင့် တကွ အနတ္တဉာဏ်ဖြင့်လဲ ပယ်သွားတယ်၊ နောက်ဆုံးမှာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အဲဒီဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သွားတယ်။ အဲဒါဟာ ဈာန်နဲ့ ဝိပဿနာ တလှည့်စီ ပွား စေပြီး ဒိဋ္ဌိကို ပယ်ပုံပါဘဲ။

ချမ်းသာပါစေလို့ မေတ္တာပွားလိုက်၊ အဲဒီ မေတ္တာစိတ်နဲ့ ရုပ်ကို ရှုသိလိုက်နဲ့ အားထုတ်ပြီး ဒိဋ္ဌိပယ်ပုံကလဲ ယခုပြောခဲ့တဲ့ ပယ်ပုံနဲ့ သဘောအားဖြင့် တူပါတယ်၊ ဈာန်မေတ္တာနဲ့ သာမန် မေတ္တာ ဒါလောက်သာ ကွဲပြားပါတယ်၊ ရှုပုံချင်းကတော့ အတူတူပါဘဲ။ ကဲ ယခုအဲဒီနည်းအရ မေတ္တာပွားပြီး ဝိပဿနာ ရှုကြစို့၊ လိုက်ဆိုယင်း ရှုမှတ်ကြရမယ်။

ဒီရိပ်သာအတွင်း၌ ရဟန်းရှင်လူတွေ ယောဂီတွေ အားလုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ဒီမြို့နယ် အတွင်း၌ ရဟန်း ရှင် လူတွေ နတ်တွေ အားလုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါ စေ၊ ချမ်းသာကြပါစေ။

## အဘ္ဘဒိဋ္ဌ ပယ်နိုင်အောင် အားထုတ်ပုံ

မေတ္တာစျာန်မှထပြီးတော့ အဲဒီစျာန်ကိုရှုပြီး ကြံသိမှု ထိသိမှု ကြားမှု မြင်မှုစသော ပေါ်ရာပေါ်ရာလိုက်ရှုခြင်းဖြင့် ဒိဋ္ဌိပယ်ပုံကတော့ ယခု ဒီက ယောဂီတွေ ရှုနေပုံနဲ့ သဘော အားဖြင့် တူပါတယ်၊ စျာန်အခြေခံ ပါတာနဲ့ မပါတာ ဒါလောက်သာ ကွဲပြားပါတယ်၊ ရှုပုံချင်းကတော့ အတူတူပါဘဲ။

အဲဒီလို စျာန် အခြေခံပြုပြီး ပေါ်ရာပေါ်ရာ ရှုနေရာမှာ ကိုယ်စိတ်ပင်ပန်းလာယင်၊ အရှုအသိ ကျဲသွားယင် မေတ္တာစျာန်ကို ပြန်ပြီးဝင်စားရတယ်၊ စျာန်ဝင်စားလို့ ကိုယ်စိတ်အေးချမ်းသွားတဲ့အခါကျတော့ တဖန် ပေါ်ရာပေါ်ရာလိုက်ပြီး ရှုမှတ်နေရတယ်။

အဲဒါလိုဘဲ ဘုန်းကြီးတို့ ဒီက ယောဂီတွေလဲ ဖောင်းတာပိန်တာကို အခြေခံအနေနဲ့ စပြီး ရှုမှတ်နေကြရတယ်၊ အဲဒီလို ရှုမှတ်နေယင်း စိတ်ကူးကြံစည်မှုဖြစ်ပေါ်လာယင် အဲဒီစိတ်အကြံကို ရှုမှတ်ရတယ်၊ ပြီးတော့ ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီးရှုမြဲ ရှုမှတ်နေရတယ်၊ ကိုယ်ထဲက နာကျင်မှု ညောင်းမှု ပူမှု ပေါ်လာယင် အဲဒီ နာကျင်မှုစသည်ကို လိုက်ပြီး ရှုမှတ်ရတယ်၊ ပြီးတော့ ဖောင်းတာပိန်တာကိုပဲ ပြန်မှတ်နေရတယ်။ လက်ခြေကွေးမှု ဆန့်မှု လှုပ်ရှားမှုရှိယင် အဲဒီ ကွေးဆန့် လှုပ်ရှားမှုကို မှတ်ရတယ်၊ ဒီပုံဒီနည်းဖြင့် ပေါ်ရာ ပေါ်ရာ လိုက်ပြီး ရှုမှတ်နေယင်း မှတ်သိရတဲ့ရုပ်နဲ့ မှတ်သိတဲ့နာမ်ကိုလဲ ခွဲခြားသိတယ်၊ အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြား သိတယ်၊ အဖြစ် အပျက်

အနိစ္စ ဒုက္ခ အနတ္တသဘောများကိုလဲ ရှုမှတ်နေယင်း ကိုယ်ပိုင် ဉာဏ်ဖြင့် သိသိသွားတယ်၊ အဲဒီလိုသိပြီး ဘင်္ဂဉာဏ် သန်သန် ဖြစ်တဲ့အခါ တကိုယ်လုံး၌ အတွေ့အထိမှ စပြီး ပေါ်လာသမျှ တွေကို သူ့ဖြစ်စဉ်အတိုင်း ဖြန့်ပြီးရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ် နေလို့ ကိုယ်စိတ်ပင်ပန်းလာယင် အရှုအသိကျဲသွားယင် မူလက ရှုမှတ်နေကျဖြစ်တဲ့ ဖောင်းမှု ပိန်မှုကို ပြန်ပြီး ရှုမှတ်နေရတယ်၊ ကိုယ်စိတ်အေးချမ်းလာတဲ့အခါကျတော့ တကိုယ်လုံးမှ ပေါ်ရာ ပေါ်ရာတွေကို လိုက်ပြီးရှုမှတ်ရတယ်။

ဒီပုံဒီနည်းဖြင့်ရှုမှတ်လို့ ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါ ဉာဏ် မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ်များဖြစ်ပြီးတဲ့နောက် သင်္ခါရုပေက္ခာဉာဏ် ရောက်သွားတယ်၊ အဲဒီ သင်္ခါရုပေက္ခာ ဉာဏ်ရောက်တော့ အထူးကြောင့်ကြ မပြုရတော့ပဲ သိစရာအာရုံ ကလဲ သူ့အလိုလို ထင်ပေါ် ထင်ပေါ် နေတယ်၊ ရှုသိတဲ့ ဝိပဿ နာကလဲ သူ့အလိုလိုပင် သိလျက် သိလျက် ဖြစ်ဖြစ်နေတယ်၊ တကိုယ်လုံးကအာရုံများစွာသို့ ဖြန့်မှတ်လို့မရတော့ပဲ ရှုသိနေကျ အာရုံနဲ့နဲ့ကိုသာ သူ့အလိုလို သိသိနေတယ်၊ အလွန်လဲသိမ်မွေ့ နူးညံ့ပါတယ်၊ အသိလဲအလွန်ရှင်းပါတယ်၊ ကိုယ်ကြီး ပျောက် နေပြီးတော့ ဖောင်းတက်တဲ့ သဘော ပိန်ကျတဲ့ သဘော တောင့်လျက်ထိုင်တဲ့သဘော ဒီ သုံးခုလောက်သာ အလှည့်ကျ မပြတ်ရှုနေရတဲ့အခါလဲ ရှိတယ်၊ အဲဒီလို သိနေရာမှ ထိုင်တာက မပေါ်တော့တဲ့အတွက် ဖောင်းတာနဲ့ ပိန်တာ ဒီ ၂-ခုထဲ သိသိ နေရတဲ့အခါလဲ ရှိတယ်၊ ဖောင်းတာပိန်တာလဲ မပေါ်တော့တဲ့

အတွက် ကြည်လင်တဲ့ အသိစိတ်ကိုသာ သိတယ် သိတယ်လို့ ရှုမှတ်နေရတဲ့အခါလဲရှိတယ်၊ အဲဒီလိုသိသိနေယင်းထဲက အထူး သွက်လက်လျှင်မြန်တဲ့ အသိတွေ ဖြစ်လာပြီးတော့ သိစရာအာရုံ ရော ရှုသိတဲ့စိတ်ရော ရုတ်တရက် ချုပ်ငြိမ်းသွားတာကို တွေ့သိ ရတယ်။ အဲဒီလို ရုပ်နာမ်တွေအားလုံး ချုပ်ငြိမ်းသွားတာကို သိမြင်တာက မဂ်ဉာဏ်ဘဲ။

အဲဒီမဂ်ဉာဏ် မဖြစ်မီ ရှေးအဖို့က ရှုမှတ်နေယင်း ရုပ်နာမ် မျှသာရှိတယ်လို့ သိသိလာခဲ့တဲ့ ဝိပဿနာဉာဏ်ဖြင့် အာရမ္မဏာ- နုသယ ခေါ်တဲ့ အတ္တဒိဋ္ဌိကို ပယ်လာခဲ့တယ်၊ ရုပ်နာမ်သင်္ခါရ အားလုံး ချုပ်ငြိမ်းတဲ့သဘောကို သိမြင်တဲ့ အရိယမဂ်ကတော့ သန္တာနာနုသယ ခေါ်တဲ့ အဲဒီ အတ္တဒိဋ္ဌိကို အကြွင်းမဲ့ ပယ် သွားတယ်၊ အဲဒီအခါမှ စပြီး ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင် အသက်ကောင်အနေဖြင့် ထင်မှတ် စွဲလမ်းမှု လုံးဝကင်းသွား တော့တာဘဲ၊ အဲဒါဟာ "ဒိဋ္ဌိဉ္စ-ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင် တကယ်ပင် ရှိသည်ဟု ထင်မှတ်စွဲလမ်းသော အတ္တဒိဋ္ဌိသို့လည်း၊ အနုပဂမ္မ - မကပ်ရောက်မူ၍" လို့ ညွှန်ကြားတော်မူတဲ့ ဘုရား စကားတော်နှင့်အညီ သတ္တဝါပညတ်ကို အာရုံပြု၍ မေတ္တာ ပွားနေသော်လဲ အတ္တကောင်အနေဖြင့် မစွဲလမ်းပဲ အတ္တဒိဋ္ဌိကို ပယ်နိုင်အောင် အားထုတ်ပုံ အကျဉ်းချုပ်ပါဘဲ။

အဲဒီလို ရှုမှတ်အားထုတ်ခြင်းဖြင့် အတ္တဒိဋ္ဌိကို ပယ်လိုက်ယင် မှားယွင်းသောအယူအစွဲ မိစ္ဆာဒိဋ္ဌိဟူသမျှ အကုန်လုံး ကင်းသွား

တွေ့တာပါဘဲ။ အဲဒီလို ဒိဋ္ဌိကို ပယ်ပြီးတော့—သီလဝါ- သီလနှင့်လဲ ပြည့်စုံရမယ် တဲ့။ ဘာဝနာ၏ အခြေခံဖြစ်တဲ့ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ ဆိုတဲ့ လူတို့၏ သီလကတော့ ဆောက်တည်ပြီး ရိုရိုသေသေ စောင့်ရှောက်နေယင် ပြည့်စုံစင်ကြယ်နေတာပါဘဲ၊ ရဟန်းတို့၏ ပါတိမောက်သီလ ကလဲ ရိုရိုသေသေ စောင့်ရှောက်နေယင် ပြည့်စုံစင်ကြယ်နေတာပါဘဲ၊ အဲဒီ လူ့သီလ ရဟန်းသီလဆိုတာကတော့ တရား အားမထုတ်မီက တည်းက ပြည့်စုံစေရပါတယ်၊ ဒီမေတ္တသုတ်မှာ ကရဏီယမေတ္တ ကုသလေန-အစရှိတဲ့ ဒေသနာစကားရပ်ဖြင့်ပင် အဲဒီသီလ ပြည့်စုံစေရန် ညွှန်ကြားခဲ့ပြီး ဖြစ်နေပါတယ်။

ဒီနေရာမှာတော့ အရိယမဂ်သီလနှင့် ပြည့်စုံတာကို ဆိုလိုပါတယ်၊ အဲဒါကလဲ ဒိဋ္ဌိကို အမြစ်ပြတ်ပယ်တဲ့ အရိယမဂ်ထဲမှာ ပါဝင်နေတဲ့အတွက် "အတ္တဒိဋ္ဌိသို့ မကပ်ရောက်မူ၍—အတ္တဒိဋ္ဌိကို ပယ်၍" လို့ ဆိုတဲ့စကားထဲမှာ ပါဝင်ပြီးဖြစ်နေပါတယ်၊ ဒါပေမဲ့ အဲဒီ အရိယမဂ်သီလနှင့်လဲ ပြည့်စုံတယ် ဆိုတာကို ပေါ်လွင်ထင်ရှားစေလိုသောကြောင့် သီလဝါ - သီလနှင့် ပြည့်စုံသည် ဖြစ်၍ - လို့ ထပ်မံပြီး ဖော်ပြတာပါဘဲ။ နောက်ပြီးတော့— ဒဿနေန-သမ္ပန္နော-ရဆင်းရဲ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်သော သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့်လည်း၊ သမ္ပန္နော- ပြည့်စုံသည်ဖြစ်၍၊ ဒါကလဲ ဒိဋ္ဌိသို့ မကပ်ရောက်ဘူး—ဒိဋ္ဌိကို ပယ်တယ်၊ အရိယသီလနှင့် ပြည့်စုံတယ်ဆိုတဲ့ စကားများနဲ့ အရတူပါဘဲ၊ ပေါ်လွင်စေရန် ထပ်မံပြီး ပြဆိုပြန်တာပါဘဲ။

## ဂဗ္ဘသေယျကောင်းအောင် ကျင့်ပုံ

နောက်ပြီးတော့ — ကာမေသု-လိုချင်စရာအာရုံ ကာမဂုဏ်တို့၌၊ ဂေဓံ-တပ်မက်တွယ်တာသော ကာမတဏှာကို၊ ဝိနယ-အနာဂါမိမဂ်ဉာဏ်ဖြင့် ပယ်ပြီး၍၊ ဝါ-ပယ်ပြီးလတ်သော်၊ သော-ထိုသို့သော ပုဂ္ဂိုလ်သည်၊ သောတာပန်ပုဂ္ဂိုလ် ဖြစ်ပြီးနောက် ဆက်လက်ပြီး ရှုသွားယင် သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်ပြီး သကဒါဂါမ် ဖြစ်တယ်၊ အဲဒီကနောက် ဆက်ပြီး ရှုသွားယင် အနာဂါမိမဂ်ဖြင့် ကာမတဏှာကို အကြွင်းမဲ့ ပယ်တယ်၊ အဲဒီလို အနာဂါမိမဂ်ဖြင့် ကာမတဏှာကို အကြွင်းမဲ့ ပယ်ပြီး ဖြစ်ယင် အနာဂါမိဖိုလ်ကိုလဲ ရောက်ပြီး အနာဂါမ် ပုဂ္ဂိုလ် ဖြစ်သွားတော့တာဘဲ၊ အဲဒီလို ကာမတဏှာကို အကြွင်းမဲ့ ပယ်ပြီးတော့ အနာဂါမ်ဖြစ်နေတဲ့ အဲဒီပုဂ္ဂိုလ်ဟာ လူ့လောကမှ စုတေတဲ့အခါ သုဒ္ဓါဝါသ ဆိုတဲ့ ဗြဟ္မလောကမှာ ဖြစ်ရတယ်။

သုဒ္ဓါဝါသ ငါးဘုံထဲက အောက်ဆုံးဖြစ်တဲ့ အဝိဟာဘုံမှာ ဖြစ်ရတယ်၊ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲရှိတယ်။ အဲဒီဘုံမှာ ရဟန္တာ မဖြစ်သေးယင် အဲဒီဘုံက အသက်တမ်း ကပ္ပါပေါင်းတထောင်ပြည့်တဲ့အခါ စုတေပြီးအတပ္ပါဆိုတဲ့ဘုံမှာ ဖြစ်ရတယ်။ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်။ အဲဒီမှာ ရဟန္တာ မဖြစ်သေးယင် ကပ္ပါပေါင်း နှစ်ထောင်ရှိတဲ့ အခါ စုတေပြီး သုဒဿာဘုံမှာ ဖြစ်ရတယ်၊ အဲဒီမှာ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲရှိတယ်။ အဲဒီမှာ ရဟန္တာ မဖြစ်သေး

ယင် ကပ္ပါပေါင်း လေးထောင်ရှိတဲ့အခါ စုတေပြီး သုဒဿီဘုံမှာ ဖြစ်ရတယ်၊ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်။ ရဟန္တာ မဖြစ်သေးယင်တော့ ကပ္ပါပေါင်းရှစ်ထောင်ရှိတဲ့အခါ စုတေပြီး အကနိဋ္ဌဆိုတဲ့ အထက်ဆုံး သုဒ္ဓါဝါသဘုံမှာ ဖြစ်ရတယ်၊ အဲဒီဘုံမှာ အသက်တမ်းက ကပ္ပါပေါင်းတသောင်းခြောက်ထောင် ရှိတယ်၊ အဲဒီ ကပ္ပါပေါင်း တသောင်းခြောက်ထောင်အတွင်းမှာ ကေန်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံသွားရတော့တာဘဲ၊ ပရိနိဗ္ဗာန်ဆိုတာ ရဟန္တာမှာ လက်ရှိဘဝက နောက်ဆုံး ရုပ်နာမ်ဆိုတဲ့ စုတိခန္ဓာချုပ်သွားတဲ့နောက် ဘဝသစ်ရုပ်နာမ်ခန္ဓာ မဖြစ်လာတော့ပဲ ပြတ်စဲချုပ်ငြိမ်းသွားတာကို ဆိုတာပါဘဲ။ အဲဒီလို ချုပ်ငြိမ်းသွားတာဟာ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတာဘဲ၊ မအိုရတော့ဘူး၊ မနာရတော့ဘူး၊ မသေရတော့ဘူး၊ ရုပ်ကို မှီပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ မဖြစ်ရတော့ဘူး၊ နာမ်ကို မှီပြီးတော့လဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ မဖြစ်ရတော့ဘူး၊ အမြဲတမ်း ငြိမ်းအေးသွားတော့တာဘဲ။

အဲဒီလို သုဒ္ဓါဝါသဘုံများသို့ ရောက်ပြီး ပရိနိဗ္ဗာန်စံတို့ပဲ ရှိတော့တယ်၊ လူ့လောကသို့ ပြန်လာဘွယ် အမိဝမ်း၌ ဖြစ်ဘွယ် မရှိတော့ဘူးဆိုတာကိုလဲ ဒီလို ပြဆိုထားပါတယ်၊

သော-ထိုမေတ္တာစျာန်ရ ပုဂ္ဂိုလ်သည်၊ ဒိဋ္ဌိဉ္စ-အတ္တဒိဋ္ဌိကိုလည်း၊ အနုပဂမ္မ-မကပ်ရောက်မူ၍၊ ဝါ-ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် အတ္တဒိဋ္ဌိကို ပယ်ပြီး၍၊ သီလဝါ-အရိယမဂ်သီလ

နှင့် ပြည့်စုံသည့်ပြင်၊ ဒသာနေနေ သမ္မန္နော-သောတာပတ္တိဉာဏ်အ ဖြင့်နှင့်လည်း ပြည့်စုံသည်ဖြစ်၍၊ ကာမေသု-ကာမဂုဏ်အာရုံတို့၌၊ ဂေဓံ-တပ်မက်သော ကာမတဏှာကို၊ ဝိနယ-အနာဂါမိမဂ်ဉာဏ်ဖြင့် ပယ်ရှား၍၊ ဝါ-ပယ်ရှားပြီး ဖြစ်သောကြောင့်၊ ဂဗ္ဗသေယျံ-အမိဝမ်း၌ ကိန်းအောင်းရသည့် ဘဝသစ်ဖြစ်ခြင်းသို့၊ ပုန-တဖန်၊ န ဟိ ဇာတု ဇေတိ-ဧကန်ပင် မရောက်ရတော့သည်သာတည်း၊ ဝါ-အမိဝမ်း၌ တဖန်မဖြစ်ရတော့ပဲ ပရိနိဗ္ဗာန်ဝင်စံရတော့သည်သာတည်း တဲ့။

ယခု ပြဆိုခဲ့တဲ့ အနက်အဓိပ္ပါယ်အရအားဖြင့် မေတ္တာဘာဝနာကို ပွားစေယင် စျာန်ရတယ်၊ အဲဒီ စျာန်ကို အခြေခံပြုပြီး ဝိပဿနာရှုယင် အနာဂါမ်အထိ ဖြစ်ပြီး အမိဝမ်းတွင်းဖြစ်ရတဲ့ ဘဝမျိုးမရှိတော့ဘူး၊ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံများမှာ ဖြစ်ပြီးတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံရတယ်၊ ဒါလောက်ပဲ ထင်ရှားပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရား၏ အလိုတော်ကတော့ ယခုပစ္စုပ္ပန်ဘဝမှာပဲ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ပရိနိဗ္ဗာန်ဝင်စံရတာကို လိုလားတော်မူပါတယ်၊ ဒါကြောင့် အမိဝမ်းတွင်း၌ ကိန်းရတဲ့ ပဋိသန္ဓေကို အရင်းခံပြုပြီး ဘဝသစ် ပဋိသန္ဓေ အားလုံးကို ပယ်တယ်လို့ ဒီလိုလဲ ယူဆကြပါတယ်။ အဲဒီလို ယူဆတာဟာ ဘုရားအလိုတော်နှင့် ကိုက်ညီတဲ့ အတွက် သင့်လျော်တယ်လို့ ဆိုရမှာပါဘဲ။ ဒါပေမဲ့ အဲဒီအနက်ရအောင် အနက်ပြန်ဘို့ကတော့ မလွယ်လှပေဘူး၊ ကာမေသု-ဆိုတဲ့ပုဒ်အရ ကာမဂုဏ်ကိုသာ မယူပဲ လိုချင်ဘွယ်ဖြစ်တဲ့ ရူပဘဝ အရူပဘဝတွေ

ကိုပါ ယူပြီးပြန်ယင်တော့ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် အဲဒီ နောက်ဆုံး ၂-ပိုဒ်ကို ဒီလို အနက်ပြန်ရပေလိမ့်မယ်။

ကာမေသု-လိုချင်ဘွယ် အာရုံဟူသမျှတို့၌၊ ဂေဓံ-တပ်မက်တွယ်တာသော တဏှာကို၊ ဝိနယ-အရိယမဂ်လေးပါးဖြင့် ပယ်ရှားပြီး၍၊ ဝါ-ပယ်ရှားပြီး ဖြစ်သောကြောင့်၊ ဂဗ္ဘသေယျံ-အမိဝမ်းတွင်း၌ ကိန်းရသည့်ပဋိသန္ဓေစသော ဘဝသစ်ဖြစ်ခြင်းသို့၊ ပုန-တဖန်၊ 'န ဟိ ဇာတု ဧတိ-ကေန်ပင် မရောက်ရတော့သည်သာတည်း၊ ဝါ-တဖန် ဘဝသစ်မဖြစ်ရတော့ပဲ လက်ရှိဘဝ၌ပင် ပရိနိဗ္ဗာန်ဝင်စံရတော့သည်သာတည်း တဲ့။

ဒီအနက်ဟာ ပြန်ရိုးပြန်စဉ် သဒ္ဒါနက် မဟုတ်ပေမဲ့ ဘုရားအလိုတော်နှင့်လဲ ကိုက်ညီတယ်၊ ဒီမေတ္တာသုတ် ပရိတ်တော်ကို နာယူပြီး အားထုတ်ကြတဲ့ ရဟန်းငါးရာတို့ဟာ အဲဒီဝါတွင်းမှာပဲ ရဟန္တာဖြစ်ကြတယ် ဆိုတာနဲ့လဲ ညီညွတ်တယ်၊ နောက်ပြီးတော့ မေတ္တာစျာန်ကို အခြေခံပြုပြီး ဝိပဿနာရှုယင် အရဟတ္တမဂ်ဖိုလ်အထိ ရောက်နိုင်တယ်ဆိုတဲ့ ဒေသနာတော်များနဲ့လဲ ကိုက်ညီတယ်၊ ဖြစ်ရိုးဖြစ်စဉ် သဘာဝနဲ့လဲ ညီညွတ်တယ်။ ဒါကြောင့် မေတ္တာစျာန်ကို အခြေခံပြုပြီးတော့ ဝိပဿနာရှုခြင်းဖြင့် ရဟန္တာအထိဖြစ်ပြီး ဘဝအသစ် မဖြစ်ရတော့ဘူးဆိုတဲ့ ဒီအနက်ဟာ အလွန်ပင် သင့်လျော်ပါတယ်။

မေတ္တာသုတ် မူတည်ပြီးတော့ မေတ္တာ ဗြဟ္မဝိဟာရတရားကို ဟောလာတာ ပြည့်စုံလောက်ပါပြီ၊ ဒါကြောင့် ဒီကနေ့ တရားသိမ်းကြဦးစို့။

ဒီ မေတ္တာဘာဝနာတရားကို ရှိသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့သည် မေတ္တာဘာဝနာကိုလဲ စွမ်းနိုင်သမျှ ပွားများအားထုတ်ကြသည့်ပြင် ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်မှု ဝိပဿနာတရားကိုလဲ တိုးတက်ပွားများအားထုတ်နိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

ဗြဟ္မဝိဟာရတရားတော် တတိယပိုင်း ပြီး၏။

ဗြဟ္မဝိဟာရ တရားတော်

# စတုတ္ထပိုင်း

## ၁၃၂၇-ခုနှစ် တော်သလင်းလပြည့်နှင့် လဆုတ် ၈-ရက်ဟောသည်

---

### တရားအနုသန္ဓေ

ဗြဟ္မဝိဟာရတရား လေးပါးထဲက မေတ္တာအကြောင်းဟောလာခဲ့တာ ရှစ်သီတင်းရှိသွားပြီ၊ ပြည့်စုံသလောက်လဲရှိသွားပါပြီ။ ဒါပေမဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောထားတဲ့ မေတ္တာပွားပုံနဲ့ ဝိပဿနာရှုပုံရယ်, မေတ္တာအကျိုး အာနိသင်ဆိုင်ရာ အချို့ ဝတ္ထုကြောင်းကလေးများရယ်၊ အဲဒါတွေကို ဖြည့်စွက်ပြီး ဟောချင်ပါသေးတယ်၊ ဒါကြောင့် ယခု ဘုရားဟော ပါဠိကို ရှေးဦးစွာ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဒုတိယမေတ္တာသုတ်(၄၄၅)မှ ထုတ်ဆောင်ပြမယ်။

### ဒုတိယမေတ္တာသုတ်

ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ

သဗ္ဗမိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဈေန ဖရိတ္ဝာ ဝိဟရတိ။ သော ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာ ဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတိ။ သော ကာယဿ ဘေဒါ ပရံ မရဏာ သုဒ္ဓါဝါသာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇတိ။ အယံ ဘိက္ခဝေ ဥပပတ္တိ အသာဓာရဏာ ပုထုဇ္ဇနေဟိ။

(တဆက်တည်း ဟောထားသည့် ပါဠိဖြစ်ကြောင်း ထင်ရှားစေရန် အပြည့်အစုံ ဖော်ပြလိုက်သည်၊ ဟောစဉ်မှာမူ တပိုင်းချင်းဖြတ်၍ ဟောရသည်)

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဧကစ္စော ပုဂ္ဂလော-အချို့ ပုဂ္ဂိုလ်သည်၊ မေတ္တာသဟဂတေန-ချမ်းသာစေလိုသည့် မေတ္တာဓာတ်နှင့်တကွ ဖြစ်သော၊ စေတသာ-စိတ်ဖြင့်၊ ဧကံ ဒိသံ-တခုသော အရပ်မျက်နှာကို၊ ဝါ-အရပ်မျက်နှာတခု၌ ရှိသော သတ္တဝါ အပေါင်းကို၊ ဖရိတ္ဝာ-ချမ်းသာကြပါစေဟု နှလုံးသွင်းသော အားဖြင့် ဖြန့်၍၊ ဝိဟရတိ-နေ၏ တဲ့။

အဲဒီပါဠိနှင့် အလားတူ ပါဠိအနက် အဓိပ္ပါယ်များကို ပဌမပိုင်း (နှာ ၂၁-စသည်နှင့် ၃၆-စသည်)မှာ ပြခဲ့ပါပြီ၊ အဲဒီမှာ ပြခဲ့တဲ့ပါဠိက အရှင်သာရိပုတ္တရာမထေရ် ဟောတာ၊ ယခု ဒီမှာ

ထုတ်ပြတဲ့ပါဠိကတော့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတာ၊ ဒါလောက်သာ ထူးပါတယ်၊ နောက်ပြီးတော့ အရှင်သာရိပုတ္တရာဟောတဲ့ ပါဠိမှာ ဝိပဿနာရှုပုံ မပါဘူး၊ ဒီမှာတော့ ဝိပဿနာရှုပုံလဲ တဆက်တည်းပါရှိတယ်၊ ဒါလောက်ပဲ အပိုပါပါတယ်။ အဲဒီမှာ ဧကံ ဒိသံ-တခုသော အရပ်ဆိုတာ အရှေ့ အနောက် တောင် မြောက်ဆိုတဲ့ ဒီလေးခုထဲက တခုခုကို ယူနိုင်ပါတယ်၊ ဒါပေမဲ့ မေတ္တာပို့ရိုးအစဉ်အားဖြင့် အရှေ့အရပ်ကို ယူဘို့ပါဘဲ။ ယခု အဲဒီအရှေ့အရပ်မျက်နှာက သတ္တဝါတွေကို မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

တထာ ဒုတိယံ-ဒုတိယအရပ်မျက်နှာကို ထို့အတူ ဖြန့်လျက်နေ၏။ တထာ တတိယံ-တတိယ အရပ်မျက်နှာကို ထို့အတူ ဖြန့်လျက်နေ၏။ တထာ စတုတ္ထံ-စတုတ္ထအရပ်မျက်နှာကို ထို့အတူ ဖြန့်လျက်နေ၏။ အဲဒါဟာ အနောက်အရပ် မြောက်အရပ် တောင်အရပ်များကို အလားတူပင် မေတ္တာစိတ်ဖြင့် ဖြန့်နေပုံကို ပြတာပါဘဲ။ အဲဒီသုံးပိုဒ်အရ မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

အနောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

မြောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

တောင်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ဣတိ-ဤနည်းဖြင့်၊ဥဒ္ဓံ-အထက်အရပ်၌ သတ္တဝါအပေါင်းကို၊ အဓော-အောက်အရပ်၌ သတ္တဝါအပေါင်းကို၊ တိရိယံ-ဖီလာဖြစ်သော ကျန်သေးသည့် အထောင့်အရပ်လေးခု၌ သတ္တဝါအပေါင်းကို၊ သဗ္ဗဓိ-အရပ်အလုံးစုံ၌၊ သဗ္ဗတ္တတာယ-သတ္တဝါဟူသမျှကို မိမိကိုယ်နှင့်အတူထားလျက်၊ ဝါ-စိတ်အားလုံးဖြင့်၊ သဗ္ဗာဝန္တံ လောကံ-သတ္တဝါအားလုံးရှိသော လောကကို၊ မေတ္တာသဟဂတေန စေတသာ- ချမ်းသာစေလိုသော စိတ်ဖြင့်၊ ဝိပုလေန-ကျယ်ပြန့်သောစိတ်ဖြင့်၊ မဟဂ္ဂတေန-မဟဂ္ဂုတ် ခေါ်ချာန်စိတ်ဖြင့်၊ အပ္ပမာဏေန-အတိုင်းအရှည်ကင်းသောစိတ်ဖြင့်၊ အဝေရေန-ရန်ကင်းသောစိတ်ဖြင့်၊ အဗျာပဇ္ဈေန-နှလုံးမသာမှုကင်းသောစိတ်ဖြင့်၊ ဖရိတွာ ဝိဟရတိ-ဖြန့်လျက်နေ၏။

ဒီစကားရပ်ဖြင့် အထက်အရပ် အောက်အရပ် အထောင့်အရပ်များကို မေတ္တာဖြန့်ဘို့ ပြတာပါဘဲ၊ အရပ်အစဉ်ကတော့ ဒေသနာအစဉ်မျှပါဘဲ၊ ဒါကြောင့် အထောင့်အရပ် အောက်အရပ် အထက်အရပ် ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်အစဉ်အားဖြင့်ပင် မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

အရှေ့တောင်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ....။

အနောက်မြောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ....။

အရှေ့မြောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြ ပါစေ....။

အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာ ကြပါစေ....။

အောက်အရပ်က အားလုံးသတ္တဝါတွေချမ်းသာကြပါစေ....။

အထက်အရပ်က အားလုံးသတ္တဝါတွေချမ်းသာကြပါစေ....။

ပါဠိတော်မှာ မဟဂ္ဂတေန-မဟဂ္ဂုတ်ခေါ်တဲ့ ဈာန်စိတ်ဖြင့် ဖြန့်ရမယ်လို့ ဆိုတဲ့အတိုင်း အရပ်ဆယ်မျက်နှာ ဖြန့်ပြီး မေတ္တာ ပွားတာဟာ ဈာန်ရပြီးမှ ပွားဘို့ပါဘဲ၊ ဒါပေမဲ့ ဈာန်မရပဲ ပွားယင်လဲ အပြစ်တော့မရှိပါဘူး၊အကျိုးရှိတန်သလောက်တော့ ရှိတာပါဘဲ၊ ဘယ်လို အကျိုးတွေကို ရနိုင်သလဲ ဆိုတော့— ကာမာဝစရမေတ္တာကုသိုလ်ကိုလဲ ရတယ်၊ အဲဒီ မေတ္တာကုသိုလ် ကြောင့် ချမ်းသာစွာ အိပ်ရခြင်း၊ နိုးရခြင်း၊ အိပ်မက်ဆိုးကို မမြင်မမက်ခြင်း၊ နတ်လူတို့က ချစ်ခင်ကြည်ညိုခြင်း၊ အရပ် ဆယ်မျက်နှာနှင့် စပ်ပြီး ဘေးရန်အန္တရာယ်ကင်းခြင်း စသော အကျိုးတွေကို ရနိုင်ပါတယ်။ နောက်ပြီးတော့ မြတ်သောအလှူခံ ပုဂ္ဂိုလ်ဖြစ်ပြီး ကောင်းမှုရှင်အား အကျိုးကြီးတဲ့ ဒါနကုသိုလ် ကိုလဲ ဖြစ်ပွားစေနိုင်တယ်၊ ပစ္စည်းလေးပါး သုံးဆောင်ရာ၌ ဣဏပရိဘောဂမှ ကင်းလွတ်တယ်၊ အဲဒီ ပွားနေတဲ့မေတ္တာ စိတ်ဖြင့် သေသွားယင် အပါယ်လေးပါးမှ လွတ်ပြီး သုဂတိ၌ ဖြစ်နိုင်တယ်-ဒီလို အကျိုးတွေကို ရနိုင်ပါတယ်၊ ဒါကြောင့်

မေတ္တာတရားကို ဟောနေစဉ် နာနေကြစဉ်မှာ အဲဒီလိုအကျိုး များကို ရစေနိုင်တဲ့ မေတ္တာပွားနည်းကို နားလည်အောင်, မေတ္တာကုသိုလ်လဲ ပွားရအောင် ဘုန်းကြီးက မေတ္တာပွားပုံ များကို ထပ်ခါ ထပ်ခါ ညွှန်ပြပေးနေတာပါဘဲ။

မေတ္တာပွားခြင်း၏ အကျိုးအာနိသင်တွေကို "အိပ်‚နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ‚နတ်၊ စောင့်လတ်နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ"စသည်ဖြင့် ဆောင်ပုဒ်နှင့်တကွ ပဌမပိုင်းတုန်းက ပြောခဲ့ပါပြီ၊ အဲဒီ အကျိုးပြ လင်္ကာကို လိုက်ဆိုကြရမယ်။

> အိပ်‚နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ‚နတ်၊ စောင့်လတ်နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှုအကျိုးတည်း။

အဲဒီ အကျိုး ၁၁-ပါးထဲက (၁)ချမ်းသာစွာ အိပ်ရတယ်၊ (၂) ချမ်းသာစွာ နိုးရတယ်၊ (၃) အိပ်မက်ဆိုးကို မမြင်မမက် ရဘူး၊ အိပ်မက်ကောင်းကိုသာ မြင်မက်ရတယ်ဆိုတဲ့ အဲဒီအကျိုး သုံးပါးကတော့ ထင်ရှားနေပါပြီ၊ ထပ်ပြောစရာလဲ မရှိပါဘူး၊ (၄) လူများက ချစ်ခင်ကြည်ညိုတယ်ဆိုတာနဲ့ စပ်ပြီး ရောဇ ဆိုတဲ့ မလ္လမင်းသားအကြောင်းကိုတော့ ဝိနည်းမဟာဝပါဠိ (၃၄၅)မှ ထုတ်ပြချင်သေးတယ်။

## ရောဇမလ္လဝတ္ထု

တချိန်က မြတ်စွာဘုရားဟာ အာပဏ ဆိုတဲ့ အရပ်မှ ကုသိနာရုံသို့ နောက်ပါသံဃာ တထောင့်နှစ်ရာ ငါးဆယ်နှင့် တကွ ကြွချီတော်မူတယ်။ အဲဒီအခါ ကုသိနာရုံက မလ္လာမင်းတို့က ဘုရားကြွလာမည့်အကြောင်းကို ကြားရတဲ့အတွက် "ဘုရား ကြွလာတဲ့အခါ မကြိုတဲ့လူအား ဒဏ်ငွေငါးရာ ထမ်းဆောင်ရမယ်"လို့ စည်းကမ်းကို သတ်မှတ်ထားကြတယ်။ ကုသိနာရုံသို့ မြတ်စွာဘုရားရောက်တဲ့အခါ ကြိုဆိုတဲ့သူတွေထဲမှာ ရောဇဆိုတဲ့ လူလဲပါတယ်၊ သူက အရှင်အာနန္ဒာ၏ သူငယ်ချင်းမိတ်ဆွေဖြစ်တယ်၊ ဒါကြောင့် အရှင်အာနန္ဒာက သူ့ကို တွေ့တဲ့အခါ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုတာ ကောင်းမြတ်တဲ့အကြောင်း ဝမ်းမြောက်ဝမ်းသာနဲ့ နှုတ်ဆက်စကား ပြောကြားတယ်။ အဲဒီတော့ ရောဇမင်းသားက "ယခုလို ကြိုဆိုတာက ဘုရား တရား သံဃာမှာ များစွာမြတ်နိုးလို့ ပြုတာမဟုတ်ပါဘူး၊ မကြိုပဲနေယင် ဒဏ်ငွေငါးရာ ပေးဆောင်ရမှာ ကြောက်လို့ ကြိုဆိုရတာပါ"လို့ ပြန်လည်ပြောကြားသတဲ့။

အဲဒီတော့ အရှင်အာနန္ဒာမှာ "ရောဇဟာ ဘာ့ကြောင့် ဒီလိုစကား ပြောဆိုပါလိမ့်မလဲ"လို့ ဆင်ခြင်ပြီး နှလုံးမသာ ဖြစ်ရပါသတဲ့။ "ရောဇဟာ တော်တော်ရိုင်းစိုင်းတဲ့ လူဘဲ၊ ဘုရား တရား သံဃာကို ကြည်ညိုရမှန်းတောင်မသိဘူး၊ ဒီအတိုင်းသာဆိုယင် သူ့မှာ ရသင့်တဲ့ အကျိုးစီးပွားတွေမှ ဆုံးရှုံးသွားရှာတော့မှာပဲ"လို့ ဆင်ခြင်ပြီး အဲဒီအကြောင်းကို မြတ်စွာ ဘုရားအား

လျှောက်တယ်၊ အဲဒီ ရောဇဟာ သာသနာတော်ကို ကြည်ညို ယင် အကျိုးများမည့်အကြောင်းကိုလဲ လျှောက်တယ်။

အဲဒီအခါ မြတ်စွာဘုရားက ရောဇတဦးတည်းကို စူးစိုက်ပြီး မေတ္တာဘာဝနာကို ပွားစေတယ်၊ မြတ်စွာဘုရားဟာ အားလုံး သောသတ္တဝါတွေကို ညီတူညီမျှ မေတ္တာပွားနေကျပါဘဲ၊သနား တဲ့ ကရုဏာလဲ ညီတူညီမျှပွားနေကျပါဘဲ၊ ဒါပေမဲ့ အဲဒီအခါ မှာတော့ "ဒီရောဇဟာ ငါဘုရားကိုတွေ့နေရတဲ့အခါမှာတောင် ဘုရား တရား သံဃာကို ကြည်ညိုရမှန်းမသိလို့ရှိယင် သူ့မှာဖြစ် သင့်တဲ့ ကုသိုလ်တရားတွေ ဖြစ်ခွင့်မရပဲ ဆုံးရှုံးသွားရှာတော့မှာ ဘဲ"စသည်ဖြင့် ဆင်ခြင်တော်မူပြီးတော့ မြတ်စွာဘုရားက သူ့ တဦးတည်းကိုသာ စူးစိုက်ပြီး မေတ္တာပွားတော်မူပါတယ်၊အဲဒါ ဟာ ဘာနဲ့တူသလဲဆိုယင် ယခုကာလမှာ အင်မတန်အားကြီး တဲ့ ဆလိုက်မီးတွေဆိုတာ ရှိတယ်၊ အဲဒါတွေဟာ အကျယ်ဖြန့် ပြီး ထိုးထားယင်တော့ အလင်းရောင်လဲ သင့်တော်ရုံဘဲ၊ အပူ ဓာတ်လဲ သိပ်မထင်ရှားဘူး၊ နေရာကျဉ်းကျဉ်းကလေး စုပြီး ထိုးထားယင်တော့ အလင်းရောင်လဲ အင်မတန်အားကောင်း တယ်၊ နေ့ခင်းလိုလိုပင် လင်းနေတတ်တယ်၊ အပူရှိန်လဲ ပြင်း ထန်တယ်၊ အဲဒါလိုဘဲ မြတ်စွာဘုရားက အားလုံးသတ္တဝါတွေ အပေါ်မှာ ပွားနေကျမေတ္တာကို ရောဇ တဦးတည်းအပေါ်မှာ သာ စူးစိုက်ပြီးပွားလိုက်တော့ အလွန်အားကောင်းတာပေါ့။

အဲဒီ မေတ္တာဓာတ်ကြောင့် ရောဇမှာ မြတ်စွာဘုရားအပေါ် အလွန်ကြည်ညိုတဲ့ စိတ်တွေ ဖြစ်ပွားလာတယ်၊ ကြည်ညိုစိတ်

အားကြီးပုံကတော့ မွေးခါစ နွားငယ်ကလေးဟာ မိခင်နွားမကြီးကို ချစ်ခင်သလို မခွဲမခွာနိုင်သလိုပါဘဲတဲ့။ ဒါကြောင့်ရောဇဟာ ပရိဝုဏ်ခေါ်တဲ့ ကျောင်းဝင်းငယ်တခုမှ ကျောင်းဝင်းငယ်တခုသို့ အလျင်အမြန်သွားပြီး မြတ်စွာဘုရားကိုရှာတယ်-ရဟန်းတော်များက ညွှန်ကြားတော်မူလိုက်တဲ့အတိုင်း နောက်ဆုံးကျတော့ ဘုရားသိတင်းသုံးရာ ဂန္ဓကုဋိတိုက်ရောက်ပြီးတော့ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီးထိုင်နေပါသတဲ့။ အဲဒီအခါ မြတ်စွာဘုရားက ဒါနကထာ သီလကထာစသည်ဖြင့် သူနဲ့ သင့်လျော်တဲ့တရားကိုဟောကြားတော်မူတယ်၊ အဲဒီတရားကို နာပြီးတော့ သောတာပန်ဖြစ်သွားတယ်။ အဲဒီအခါကျတော့ "သံဃာတော် အရှင်မြတ်တွေဟာ သူလှူတဲ့ ပစ္စည်းလေးပါးကိုသာ ခံယူတော်မူကြပါစေ၊ အခြားသူတို့ လှူတဲ့ပစ္စည်းကို မခံယူကြပါစေနဲ့"လို့တောင် လျှောက်ပါသေးသတဲ့။ အဲဒါဟာ မေတ္တာစေတ်ဖြင့် ဆွဲဆောင်ပြီး အကျိုးများစေတာပါဘဲ။

အဲဒီလို မေတ္တာစေတ်ဖြင့် အခြားသူ၏ စိတ်အနေအထား ပြုပြင်ပေးနိုင်ပုံကို ထောက်ဆပြီးတော့ "ယခုအနေအခါမှာလဲ မေတ္တာစေတ်ဖြင့် စူးစူးစိုက်စိုက် နှလုံးသွင်းပေးယင် မေတ္တာခံပုဂ္ဂိုလ်များက ချစ်ခင်ကြည်ညိုတတ်တယ်"ဆိုတာ သိမှတ်ရပါတယ်။ လူသာ မဟုတ်ဘူး တိရစ္ဆာန်များလဲ ချစ်ခင်တတ်ကြပါတယ်။ တော်တော်ဆီက ဘိုးဘွားရိပ်သာမှ ထုတ်ဝေတဲ့ စာစောင်ထဲမှာ ထူးခြားတဲ့ အကြောင်းအရာတခုကို တွေ့ရတယ်။

## ဦးဘထူး၏ မေတ္တာ

ဦးဘထူးဆိုတဲ့ လူတယောက်ဟာ တိရစ္ဆာန်တွေကို အလွန်သနားတတ်ပါသတဲ့၊ အထူးအားဖြင့် ခွေးတွေကို အလွန်သနားတတ်သတဲ့၊ ဒါကြောင့် သူက အရှင်မရှိတဲ့ ခွေးတွေကို သနားပြီး အထူးကျွေးမွေး စောင့်ရှောက်နေလေ့ ရှိတယ်၊ ကျုံကူစံစေတီဝင်းထဲက ခွေးတွေကို သူသတ်မှတ်ထားတဲ့ ရက်တိုင်းကောင်းမွန်စွာ ချက်ပြုတ်ပြီးသွားရောက် ကျွေးသတဲ့၊ ဟိုက ခွေးတွေကလဲ သူလာတဲ့အခါ လာရောက်ပြီး ကြိုဆိုကြသတဲ့၊ ဒါကတော့ သိပ်မထူးလှပါဘူး။

တချိန်ကတော့ အဲဒီ ဦးဘထူးဟာ သူ့အဖော်များနဲ့ အတူ ကျုံကိုထို တောင်စွန်းဆိုတဲ့ ဌာနက ကေလာသ၊ မြသပိတ်ဆိုတဲ့ စေတီတော်များကို ဖူးမြော်ကြသွားတယ်၊ ဘုန်းကြီးကိုယ်တိုင်လဲ အဲဒီ ကေလာသနဲ့ မြသပိတ်ဆိုတဲ့ အရပ်တွေကို ရောက်ဘူးပါတယ်၊ သုံးညလောက်လဲ အိပ်နေခဲ့ဘူးပါတယ်၊ အဲဒီတောင်ခြေက ရွာများသို့လဲ ဆွမ်းခံသွားဘူးပါတယ်။ အဲဒီတောင်ခြေက ရွာမှာ ခွေးတွေက ကိုက်တတ်တယ်၊ တယ်ဆိုးတယ်တဲ့၊ လူတစိမ်းဆိုယင် ဝိုင်းပြီးကိုက်တတ်ပါသတဲ့။ တောင်ပေါ်စေတီတော်ရှိရာသွားယင် အဲဒီရွာထဲက ဖြတ်သွားရတယ်၊ ဒါကြောင့် ဦးဘထူးက ခေါင်းဆောင်ပြီး အဲဒီ ခွေးဆိုးတွေရှိတဲ့ ရွာထဲက ဖြတ်သွားတဲ့အခါ ခွေးတွေက အတင်းပြေးလာကြသတဲ့၊ အဲဒီတော့ ဦးဘထူးကို ခွေးဆိုးတွေက ကိုက်တော့မှာဘဲလို့ ဘေးက လူတွေက စိုးရိမ်ကြတယ်၊ ဒါပေမဲ့ ခွေးတွေက အဲဒီ ဦးဘထူးကို

မိမိတို့၏ အရှင်သခင်လိုပင် ပတတ်ရပ်ပြီး နှုတ်ဆက်ကြပါသ တဲ့၊ အဲဒါဟာ ခွေးများအပေါ်မှာ မေတ္တာ ကရုဏာပွားနေတဲ့ အတွက်ကြောင့်လို့ ယူရမှာဘဲ။

(၅) နတ်များကချစ်ခင်ကြတယ်၊ (၆) နတ်များက စောင့် ရှောက်ကြတယ် ဆိုတာတွေကိုလဲပြောခဲ့ပါပြီ။ (၇) မီးမလောင် ဘူး၊ အဆိပ်မသင့်ဘူး၊ ဓားစသောလက်နက် မထိခိုက်ဘူး ဆိုတဲ့ အကျိုးထဲကမီးမလောင်ပုံကိုတော့ ထေ၁ပတ်ဆိုပူ မလောင်ပုံဖြင့် ပြောခဲ့ပါပြီ၊ အဆိပ်မသင့်ပုံကိုတော့ စူဠသိဝမထေရ် ဝတ္ထုက အကျယ် ပြဆိုထားချက်မရှိလို့ အကျဉ်းလောက်ပဲ ပြောခဲ့ရပါ တယ်၊ ဓားစသောလက်နက်မထိခိုက်နိုင်ပုံကိုလဲ သံကိစ္စသာမဏေ အကြောင်း ညွှန်ကြားပြီးတော့ အဋ္ဌကထာကပြထားတဲ့ နွားမ ဝတ္ထုလောက်ပဲ ပြောခဲ့ရသေးတယ်၊ အခြားအဋ္ဌကထာများမှာ ပြထားတဲ့ သာမာဝတီဝတ္ထုစသည်ကို ဒီနေရာမှာ ထုတ်ဆောင် ပြချင်ပါသေးတယ်။

## မြားမမှန်တဲ့ သာမာဝတီ ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလက ကောသမ္ဗီပြည်(မြို့) မှာ ဥတေနဆိုတဲ့ ဘုရင်က အုပ်စိုးလျက် ရှိတယ်၊ အဲဒီ ဥတေန ဘုရင်မှာမိဖုရားကြီးသုံးယောက်ရှိတယ်၊ တယောက်က ဝါသုလ ဒတ္တာ တဲ့၊ အဲဒါက ဥဇ္ဇေနီပြည်က စဏ္ဍပဇ္ဇောတ မင်းရဲ့ သမီး တော်ဘဲ။ အခြားတယောက်က သာမာဝတီတဲ့၊ သူက ဘဒ္ဒဝတီ မြို့က ဘဒ္ဒဝတီသေဋ္ဌေးရဲ့ သမီးရင်းဘဲ၊ သူ့မိဘများ ကွယ်လွန်

သွားတဲ့ နောက်ကာလမှာ ဃောသက သေဋ္ဌေးကြီးက မွေးစား ထားလို့ ဃောသက သေဋ္ဌေးကြီးရဲ့ သမီးလို့ မှတ်ထားရတယ်။ နောက် အခြား တယောက်ကတော့ မာဂဏ္ဍီ တဲ့၊ သူကတော့ ကုရုတိုင်းပြည်ထဲက မာဂဏ္ဍီဆိုတဲ့ ပုဏ္ဏားကြီးရဲ့ သမီးပါဘဲ။

အဲဒီ မာဂဏ္ဍီ ဆိုတဲ့ ပုဏ္ဏား သမီးကတော့ အရုပ် အဆင်း အလွန်လှပသတဲ့၊ ဒါကြောင့် ပစ္စည်းဥစ္စာကြွယ်ဝတဲ့ လူတွေက သူတို့၏ သားနဲ့ လက်ထပ်ဖို့ ဟိုမှ ဒီမှ တောင်းခံလာကြသတဲ့၊ အဲဒီလို တောင်းခံလာကြတဲ့အခါ ဘခင်ပုဏ္ဏားကြီးက သူ့သမီးနဲ့ မတန်ဘူး ဆိုပြီး ပယ်လိုက်တာချည်းဘဲတဲ့။ တနေ့သော အခါ မှာတော့ အဲဒီ မာဂဏ္ဍီပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဖူးတွေ့ ရတယ်၊ အဲဒီအခါ မြတ်စွာဘုရား၏ရုပ်လက္ခဏာတွေကို ကြည့်ရှု ပြီးတော့ သူ့ သမီးနဲ့ ထိုက်တန်တဲ့ပုဂ္ဂိုလ်ဘဲလို့ ယူဆပြီး၊ သူက မြတ်စွာဘုရားအား ဒီလိုလျှောက်တယ်၊ "အရှင်ရဟန်း၊ ကျွန်ုပ် မှာ သမီးအချောအလှကလေးရှိတယ်၊ အဲဒီသမီးနဲ့ သင့်တော်တဲ့ သူကိုရှာနေတာ အယင်က မတွေ့ခဲ့ရဘူး၊ အရှင်ရဟန်းကတော့ ကျွန်ုပ်သမီးနဲ့သင့်တော်ပါတယ်၊ အဲဒီသမီးကို အရှင်ရဟန်းအား ပေးအပ်ချင်ပါတယ်၊ ကျွန်ုပ် ပြန်လာသည်တိုင်အောင် ဒီနေရာ မှာပင် စောင့်ပြီး တည်နေရစ်ပါဦး" လို့ ပြောပြီးတော့ ပုဏ္ဏား ကြီးက သူ့မယားနဲ့သမီးကို ခေါ်လာခဲ့တယ်။

မြတ်စွာဘုရားက အဲဒီနေရာမှာ ခြေတော်ရာ ချထားခဲ့ပြီး တော့ အဲဒီနေရာနဲ့မဝေးလှတဲ့ အခြားတနေရာမှာ ကြွရောက်ပြီး နေတော်မူတယ်။ မူလက တွေ့ခဲ့တဲ့ နေရာရောက်တော့ မြတ်စွာ

ဘုရား ချထားခဲ့တဲ့ ခြေဘော်ရာကိုသာ တွေ့ရတယ်၊ ငါဘော့ ဟောဒီခြေရာရှင်ဘဲလို့ ပုဏ္ဏားကြီးကပြောတယ်၊ သူ့ဇနီးပုဏ္ဏေး မကြီးက အဲဒီခြေတော်ရာကိုကြည့်ပြီးတော့ ဒီခြေရာရှင်ဆိုယင် ကာမဂုဏ်အာရုံကို ခံစားတဲ့ပုဂ္ဂိုလ် မဟုတ်ဘူးလို့ သူလေ့လာ ထားတဲ့ ဗေဒင်ကျမ်းအရ ပြောတယ်။ ပုဏ္ဏားကြီးက သူ့ဇနီးကို တိတ်တိတ် နေပါကွယ် လို့ ပြောပြီးတော့ ခြေတော်ရာ အစဉ် အတိုင်း လိုက်သွားတဲ့အခါ မြတ်စွာဘုရားကို တွေ့မြင်ရတယ်၊ အဲဒီလိုတွေ့ရတော့ "အရှင်ရဟန်း၊ကျွန်ုပ်၏သမီးကို အရှင်အား မွေးမြူရန်အတွက် အရှင်အား ပေးအပ်ပါတယ်"လို့ လျှောက် တယ်။

အဲဒီတော့ မြတ်စွာဘုရားက သူ့သမီး မာဂဏ္ဍီကို အလိုရှိ-မရှိ မပြောသေးပဲ တောထွက်တော်မူခဲ့သည်မှ အစပြုပြီး ဘုရားဖြစ် တော်မူပြီးနောက် အဇပါလ ညောင်ပင်အောက်မှာ သီတင်းသုံး ထိုင်နေတော်မူသည်အထိ မာရ်နတ်က မျက်ခြေမပြတ်လိုက်ပြီး စုံစမ်းနေခဲ့ကြောင်း၊ အဲဒီလို စုံစမ်းလို့ သူ၏ ကာမနယ်ပယ်မှ လွန်မြောက်သွားကြောင်း သိရတဲ့အခါ မာရ်နတ်မှာ စိုးရိမ် ပူဆွေးနေခဲ့ကြောင်း၊အဲဒီအခါ မာရ်နတ်၏ သမီးသုံးယောက်က သူတို့၏ ဖခင်ကို ကူညီရန် ရည်ရွယ်ပြီးတော့ နတ်သမီးများ၏ လှပသော အသွင်အပြင်အမျိုးမျိုးကို ဖန်ဆင်းပြီး မြတ်စွာ ဘုရားကို ဖြားယောင်း သွေးဆောင် လာကြကြောင်းများကို ဖော်ပြတော်မူတယ်၊ အဲဒီလို ဖော်ပြပြီးတော့ အဲဒီ အလွန် သန့်ရှင်းလှပတဲ့ မာရ်နတ်သမီးတွေကိုတောင် လိုလားနှစ်သက်

ခြင်းဆိုတဲ့ ရာဂ မဖြစ်ခဲ့ မရှိခဲ့ကြောင်းစသည်ကို ဒီလို ဟောကြား တော်မူပါတယ်။

ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊
နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိမေဝိဒံ မုတ္တ ကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။

ပြာဟ္မဏ-မာဂဏ္ဍီပုဏ္ဏား၊ တဏှံ အရတိံ ရဂဉ္စ-တဏှာ အရတိ ရဂါ ဟူသော မာရ်နတ်၏ သမီးတော် သုံးယောက်ကို၊ ဒိသွာနအပိ - မြင်ရ၍သော်လည်း၊ မေထုနသ္မိံ - မေထုန်အမှု၌၊ ဆန္ဒော-လိုလား နှစ်သက်ခြင်းသည်၊ မေ-ငါဘုရားအား၊ န အဟောသိ-မဖြစ်ခဲ့ မရှိခဲ့ပေ။မုတ္တကရီသပုဏ္ဏံ-ကျင်ငယ် ကျင်ကြီး တို့ဖြင့် ပြည့်နေသော၊ ဣဒံ-ဣမံ-ဤ မာဂဏ္ဍီကို၊ ဒိသွာ-မြင်၍၊ ဆန္ဒော န ဟောတိ - လိုလားနှစ်သက်ခြင်း မဖြစ်သည် မရှိ သည်မှာ၊ ကိမေဝ-အဘယ်မှာ ဆိုဘွယ်ရှိတော့အံ့နည်း၊ နံ-ထို မာဂဏ္ဍီသူငယ်မကို၊ ပါဒါပိ-ခြေဖြင့်သော်လည်း၊ သမ္ဖုသိတုံ-တို့ထိခြင်းငှာ၊ န ဣစ္ဆေ-အလိုမရှိပေ-တဲ့။

အတိုချုပ် ဆိုလိုတာကတော့ — တဏှာရယ်, အရတိရယ်, ရဂါရယ် အဲဒီ မာရ်နတ်၏သမီးများ ဖြစ်ကြတဲ့ နတ်သမီး သုံးယောက်ကိုတောင်မှ လိုချင်နှစ်သက်မှု မဖြစ်ခဲ့ဘူး၊ လူသား ဖြစ်၍ ကိုယ်ထဲမှာ ကျင်ကြီး ကျင်ငယ်တွေ ပြည့်နေတဲ့ သင့်သမီး မာဂဏ္ဍီကို အလိုမရှိတာကတော့ ပြောစရာတောင် မရှိပါဘူး၊

ခြေနဲ့တောင် မထိချင်ပါဘူး တဲ့။ အဲဒီ တရားစကားကို ကြားနာရပြီးတော့ မာဂဏ္ဍီ၏ မိခင်နဲ့ ဖခင်တို့ဟာ အနာဂါမိမဂ်ဖိုလ် ရောက်ပြီး အနာဂါမ် ဖြစ်သွားကြပါသတဲ့။

သမီးဖြစ်တဲ့ မာဂဏ္ဍီကတော့ သူ့ကို ကျင်ကြီး ကျင်ငယ်တွေနဲ့ ပြည့်နေတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတဲ့အတွက် မခံချင်တဲ့စိတ်ဖြစ်ပြီး မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့သွားတယ်၊ သင့်တော်တဲ့ ခင်ပွန်းတယောက်ကို ရတဲ့အခါ လက်စားချေမယ်လို့ စိတ်ကူး ကြံစည်သွားပါသတဲ့။

ဒီနေရာမှာ ''မြတ်စွာဘုရားက ဒီလို ရန်ငြိုးဖွဲ့လိမ့်မယ် ဆိုတာကို မသိဘူးလား''လို့ မေးစရာရှိပါတယ်၊ သိတော်မူပါတယ်၊ သို့သော်ငြားလည်း ဒီစကားလုံးများဖြင့် မိန့်ဆိုဟောကြားပါမှ သူ့မိဘ ၂-ဦးတို့မှာ အနာဂါမိမဂ်ဖိုလ်ကို ရနိုင်မှာ ဖြစ်တဲ့အတွက် အဲဒီ ရန်ငြိုးဖွဲ့မှာကို မငဲ့ပဲ မဂ်ဖိုလ်ရမှာကိုသာ ငဲ့ပြီး အဲဒီ စကားလုံးများဖြင့် ဟောတော်မူတာ ဖြစ်ကြောင်းကို ဓမ္မပဒ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

မာဂဏ္ဍီကို သူ့မိဘတို့က သူ့ဦးလေးထံ အပ်နှင်းပြီးတော့ ဗုဒ္ဓသာသနာတော်မှာ ဝင်ရောက်ပြီး ရဟန်းပြု သွားကြတယ်၊ တရားကိုဆက်လက်ပြီး အားထုတ်ကြသဖြင့် ရဟန္တာလဲဖြစ်သွားကြတယ်။ အဲဒီအခါ ဦးလေးဖြစ်သူ မာဂဏ္ဍိပုဏ္ဏားက တူမ မာဂဏ္ဍီကို ဥတေနမင်းထံဆက်သတယ်၊ ဥတေနမင်းက မာဂဏ္ဍီကို မိဖုရားကြီးအဖြစ်ဖြင့် တင်မြှောက်ထားတယ်။

အဲဒီအခါတုန်းက ကောသမ္ဗီပြည်မှာ ဃောသကသေဌေးကြီးက ဃောသိတာရုံကျောင်းကိုဆောက်လုပ်ပြီး ဘုရားအမှူးရှိသော သံဃာတော်အားလှူထားတယ်၊ ကုက္ကုဋသေဌေးကြီးက ကုက္ကုဋာရုံကျောင်းကို ဆောက်လုပ်ပြီးလှူထားတယ်၊ ပါဝါရိက သေဌေးကြီးကပါဝါရိကာရုံကျောင်းကိုဆောက်လုပ်ပြီးလှူထားတယ်၊ မြတ်စွာဘုရားက အဲဒီသေဌေးကြီးတို့၏ ပင့်လျှောက်ချက်အရ ကောသမ္ဗီပြည်သို့ ကြွလာတော်မူပြီး အဲဒီ ကျောင်းတိုက်သုံးခုမှာ တလှည့်စီ သီတင်းသုံးတော်မူတယ်၊ သီတင်းသုံးတဲ့ကျောင်းရှင် သေဌေးကြီးတို့အိမ်သို့လဲ အလှည့်ကျဆွမ်းဘုဉ်းပေးကြွရောက်ပြီး ချီးမြှောက်တော်မူတယ်။

တနေ့သောအခါမှာ သုမနဆိုတဲ့ ပန်းသည်က အဲဒီသေဌေးကြီးများထံမှ အခွင့်တောင်းပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကပ်လှူတယ်။ သာမာဝတီ မိဖုရား၏ အစေခံ ဖြစ်တဲ့ ခုဇ္ဇုတ္တရာက အဲဒီနေ့မှာ သာမာဝတီအတွက် ပန်းဝယ်ရန် သွားနေကျအတိုင်း သွားရောက်တယ်၊ သုမနပန်းသည်က "ဒီကနေ့ မြတ်စွာဘုရားကိုဆွမ်းကပ်ရန် ပင့်ထားတယ်၊ ဆွမ်းကပ်ပြီးတော့ တရားကိုလဲအတူနာပါ၊ ပြီးတော့မှ ပန်းများကိုဝယ်ယူသွားပါ" လို့ ပြောတဲ့အတွက် ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားက အနုမောဒနာ တရားကို ဟောတော်မူတဲ့အခါ ခုဇ္ဇုတ္တရာကလဲ သုမနပန်းသည်နှင့်တကွ အတူတရားနာနေတယ်၊ အဲဒီလို တရားနာနေယင်း နှလုံးသွင်းရှုမှတ်သဖြင့် ခုဇ္ဇုတ္တရာဟာ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန်ဖြစ်သွားတယ်။

ခုဇ္ဇုတ္တရာဟာ သာမာဝတီအတွက် မင်းကပေးတဲ့ပန်းဘိုးငွေ ရှစ်ကျပ်ထဲမှ အခါတိုင်း ဆိုယင် ၄-ကျပ်ဘိုးသာ ဝယ်ယူခဲ့ပြီး၊ ကျန် ၄-ကျပ်ကိုတော့သူ့အတွက်ယူထားသတဲ့၊ အဲဒီနေ့မှာတော့ သောတာပန် ဖြစ်နေတဲ့အတွက် သူတပါးဥစ္စာကို ခိုးလိုတဲ့စိတ် မရှိတော့ဘူး၊ ဒါကြောင့် ရှစ်ကျပ်လုံးဖြင့်ပင် ပန်းများကို အပြည့်ဝယ်ယူလာခဲ့ပါသတဲ့။ အဲဒီတော့ အခါတိုင်းထက် ပန်းတွေက တဆသာပြီး များနေတဲ့အတွက် သာမာဝတီက ဒီလို မေးတယ် "အင်မကြီးရေ၊ ဒီကနေ့ မင်းမြတ်ကပန်းဘိုးငွေ နှစ်ဆအထိ တိုးပေးလိုက်ပါသလား"တဲ့။ တိုးမပေးပါဘူး သခင်မလို့ ခုဇ္ဇုတ္တရာက ပြောတယ်။ ဒါဖြင့် ပန်းတွေက ဘာ့ကြောင့် အခါတိုင်းထက် တဆသာပြီး များနေရသလဲ။ အခါတိုင်း ကျွန်မက ကိုယ့်အတွက် ၄-ကျပ်ယူပြီး ၄-ကျပ်ဘိုးသာ ဝယ်ခဲ့ပါတယ်။ ဒီကနေ့တော့ ရှစ်ကျပ်ဘိုး အပြည့်ဝယ်လာခဲ့ပါတယ်လို့ မကွယ်ဝှက်ပဲ မလိမ်ပဲ အမှန်အတိုင်းပြောပါသတဲ့။ အဲဒီလို ပြောပုံကို အထူးသတိပြုရမယ်၊ အဲဒီခေတ်တုန်းက မိဖုရားဆိုတာ မလိုတဲ့သူကို သတ်ပစ်နိုင်သည်အထိ အာဏာအခွင့်ရှိတယ်၊ အဲဒီတော့ သူ့ပန်းဘိုးငွေတွေကို ခိုးယူခဲ့တဲ့အတွက် သတ်မယ်ဆို သတ်နိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီအသတ်ခံရမည့်ဘေးကိုတောင် မကြောက်ပဲ မကွယ်မဝှက် အမှန်အတိုင်းပြောဝံ့တာဟာ သောတာပတ္တိမဂ်တရားထူးကြောင့် ရရှင်တဲ့ဂုဏ်ထူးပါဘဲ။ အဲဒီတော့ သာမာဝတီက ဒီကနေ့တော့ ဘာ့ကြောင့် ကိုယ့်အတွက် မယူပါသလဲလို့ မေးပြန်တယ်။ မြတ်စွာဘုရား၏တရားကို ကြားနာပြီးတော့ တရားထူးကို သိမြင်ပြီး ရလာသောကြောင့်ပါဘဲလို့ ဖြေတယ်။

အဲဒီတော့ သာမာဝတီက ယောနိသောမနသိကာရဖြင့် စဉ်းစားဆင်ခြင်မိတယ်၊ တရားနာပြီး တရားထူးကို ရလာတဲ့အတွက် ခိုးချင်စိတ်မရှိတော့ပဲ စင်ကြယ်လာတာဟာ အံ့စရာပဲ၊ အဲဒီ ရလာတဲ့တရားထူးဟာ အလွန်မွန်မြတ်တဲ့ တရားဘဲလို့ ဆင်ခြင်မိတယ်၊ အဲဒါဟာ သူတော်ကောင်းစိတ်ရှိလို့ ကောင်းတဲ့ဘက်က ဆင်ခြင်မိတာဘဲ၊ သူတော်မဟုတ် သူယုတ်မာ ဆိုယင်တော့ ငါ့အတွက် ပန်းဘိုးငွေတွေကို ခိုးရမလားလို့ စိတ်ဆိုးပြီး နှိပ်စက်ဖို့ ရှိတာဘဲ၊ ဒါပေမဲ့ သာမာဝတီကတော့ ပါရမီရှင် သူတော်ကောင်းဖြစ်တဲ့အတွက် တရားနာပြီး တရားထူးရလာလို့ ခိုးလိုတဲ့ စိတ်ကင်းပြီး စင်ကြယ်လာတယ် ဆိုတာကို သိပ်သဘောကျသွားတယ်၊ အဲဒီ တရားကို ကြားနာလိုတဲ့စိတ်တွေ ထက်သန်စွာ ဖြစ်လာတယ်၊ ဒါကြောင့် "အစ်မကြီးရေ၊ အစ်မကြီး နာကြားခဲ့ရတဲ့တရားကို ကျမတို့လဲ နာချင်ပါတယ်၊ ဟောပြပါ"လို့ တောင်းပန်တယ်။ ဒါဖြင့် ကျမကို ရေချိုးပေးပါ၊ ဒီလို မစင်ကြယ်တဲ့ကိုယ်နဲ့တော့ တရားကို ဟောဘို့ မသင့်ဘူးလို့ ခုဇ္ဇုတ္တရာက ပြောတယ်။အဲဒီတော့ သာမာဝတီက ခုဇ္ဇုတ္တရာအား နံ့သာရေတို့ဖြင့် ရေချိုးစေပြီးတော့ ချောညက်တဲ့ အဝတ်တစုံကိုလဲ ပေးတယ်။ ခုဇ္ဇုတ္တရာက တထည်ကို ခါးမှာ ဝတ်ပြီးတော့ တထည်ကို (ဧကံသံ ပါရုပိတွာ) လက်ဝဲပခုံး တဖက် စမ္မာယ်တင်ရုံပြီး ခင်းပေးတဲ့နေရာမှာ ထိုင်လျက်. စိတြ ဗီဇနီခေါ် ဆန်းကြယ်သောယပ်ကိုလဲ ကိုင်ပြီး မောင်းမငါးရာတို့ကို ခေါ်ကာ ခေါ်ကာ မြတ်စွာဘုရား ဟောတော်မူတဲ့ နည်းဖြင့်ပင် တရားကို ဟောပါသတဲ့။ အဲဒီတရားကို နာကြား

ယင်း နှလုံးသွင်း ရှုမှတ်ကြသဖြင့် အဲဒီ သာမာဝတီ အမှူး ရှိသော မောင်းမငါးရာဟာ သောတာပတ္တိဖိုလ်သို့ ရောက်ပြီး သောတာပန် ဖြစ်သွားကြပါသတဲ့။

အဲဒီ မောင်းမငါးရာဟာ ခုဇ္ဇုတ္တရာကို ရှိခိုးပြီးတော့ "အစ်မကြီးရေ၊ ဒီကနေ့က စပြီး ယုတ်ညံ့ညစ်နွမ်းတဲ့ အစေခံ အလုပ်ကို မလုပ်ပါနဲ့တော့၊ ကျွမတို့၏ အမိအရာ ဆရာအရာမှာ တည်နေပါ၊ မြတ်စွာဘုရားထံ သွားရောက်ပြီးတော့ တရားကို နာယူပါ၊ နာယူခဲ့ပြီးတော့ ကျွမတို့အား တဆင့် ဟောပေးပါ" လို့ တောင်းပန် ပြောဆိုကြတယ်။ တောင်းပန်ကြတဲ့ အတိုင်းပင် ခုဇ္ဇုတ္တရာ က နေ့စဉ်နေ့တိုင်း ဘုရားထံ သွားပြီး တရားနာတယ်၊ ပြန်လာတဲ့အခါ မြတ်စွာဘုရား ဟောတော်မူတဲ့ အတိုင်းပင် အချိုးတကျ ဟောပြတယ်၊ သူက ပါရမီထူး ရှိတဲ့ သူမို့ ဘုရားဟောသမျှကို အကုန်လုံး မှတ်လဲ မှတ်မိတယ်၊ အသံ အနေအထားနှင့်တကွ ပုံတူဖြစ်အောင်လဲ ဟောနိုင်တယ်၊ယခုနေ အခါမှာတောင် တချို့လူဟာ ပြောဟောတဲ့ပုဂ္ဂိုလ်ရဲ့ ဟော ပြောပုံ အချိုးအစားအတိုင်း အသံ အနိမ့်အမြင့် အဆွဲအငင် များနှင့်တကွ ပုံတူ ဟောနိုင်တယ်တယ်၊ ဒါလဲ ပါရမီထူးရှိလို့ နေမှာပါဘဲ။ခုဇ္ဇုတ္တရာကတော့ ကပ္ပါတသိန်းထက်က ဆုတောင်း ရှိခဲ့တယ်၊ဒါကြောင့် သူဟာ နောက်အခါမှာ ပိဋကသုံးပုံဆောင် ဖြစ်သွားတယ်၊ မြတ်စွာဘုရားက သူ့ကို အကြားအမြင်များတဲ့ တရားဟောပုဂ္ဂိုလ် အမျိုးသမီးတွေထဲမှာ အထူးအမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါတယ်။

သာမာဝတီအမှူးရှိတဲ့ မောင်းမငါးရာက ဘုရားနှင့်သံဃာကို ဖူးမြော်လိုကြတဲ့အတွက် ဖူးမြော်ရအောင် ဆောင်ရွက်ပေးပါလို့ ခုဇ္ဇုတ္တရာကို တောင်းပန်ကြတယ်။ နန်းတွင်းသူတွေဆိုတာ အပြင်လူများနှင့် တွေ့ရဘို့ ခဲယဉ်းပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားနှင့် သံဃာတော်များ မြို့တွင်း သေဋ္ဌေးကြီးများအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာတဲ့အခါ အိမ်တော်ပေါ်ကပင် ဖူးမြော်နိုင်အောင် အိမ်နံရံမှာ အပေါက်ကလေးများ ဖောက်ထားဘို့ အဲဒီအပေါက်မှ ဖူးမြော်ကြဘို့ အကြံပေးတယ်၊ အဲဒီ အကြံပေးချက်အတိုင်း အိမ်နံရံမှာ အပေါက်ကလေးများ ဖောက်ထားကြတယ်၊ မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွလာတဲ့အခါ အဲဒီ အပေါက်ကလေးများမှ ကြည့်ရှုဖူးမြော်နေကြပါသတဲ့။

တနေ့သောအခါ မာဂဏ္ဍီက လမ်းလျှောက်လာယင်း အဲဒီအိမ်တော် တက်လာတော့ အပေါက် ကလေးများကို တွေ့ရလို့ ဒီအပေါက်တွေက ဘာအတွက်လဲလို့မေးတယ်၊ သာမာဝတီတို့က ဘုရားအပေါ်မှာ မာဂဏ္ဍီ ရန်ငြိုးရှိနေတာကိုမသိကြတဲ့အတွက် "ဗုဒ္ဓ မြတ်စွာဘုရားဟာ ဒီမြို့သို့ ကြွရောက်နေတယ်၊ ငါတို့ဟာ ဒီအပေါက်များမှ မျှော်ကြည့်ပြီး ရှိခိုးကြ ပူဇော်ကြတယ်"လို့ ပြောကြတယ်။ အဲဒီတော့ မာဂဏ္ဍီရဲ့စိတ်ထဲမှာ "ဪ-ရဟန်းဂေါတမ ဒီမြို့ရောက်နေပြီကိုး၊ ယခု သူ့အား ပြုသင့်တာ ပြုရတော့မှာဘဲ၊ ဒီ အကောင်မတွေလဲ သူ့ကို ဆည်းကပ်သူတွေဘဲ၊ သူတို့ကိုလဲ ပြုသင့်သလိုပြုရမှာဘဲ"လို့ အကြံအစည် ဖြစ်တယ်၊

အဲဒီလိုလဲဖြစ်ပြီးတော့ ဥတေနဘုရင်ထံ ဂုံးတိုက်စကားကို ပြောတယ်၊ အရှင်မင်းကြီး သာမာဝတီနှင့် အပေါင်းပါ မိန်းမတွေမှာ အပြင်ပဒ္ဒတော်င့်တခြင်းရှိနေပါတယ်၊ မကြာမီပင် အရှင်၏ အသက်ကို လုပ်ကြံ သတ်ဖြတ်ကြပါလိမ့်မယ်”လို့ ပြောဆိုတယ်။ မင်းက သူ့စကားကို မယုံပါဘူး၊ ၃-ကြိမ်အထိ အထပ်ထပ် မပြောလဲ မယုံဘူးတဲ့။

ဒီတော့ “ကျွန်မစကားကိုမယုံယင် သူတို့အိမ်တော်ကို သွားပြီး ကြည့်ရှုစုံစမ်းပါ”လို့ မာဂဏ္ဍီက ဆိုတယ်။ မင်းကသွားကြည့်တဲ့အခါ အပေါက်ကလေးများကိုတွေ့ရတော့ ဘာလုပ်ဖို့လဲလို့ မေးတယ်။ ဘုရားဖူးရန် ဖြစ်ကြောင်း ကြားသိရပေမဲ့ မင်းက သာမာဝတီတို့ အပေါ်မှာ ဘာမျှ စိတ်မခုပါဘူး၊ အပေါက်ကလေးတွေ ပိတ်စေပြီးတော့အထက်လေသောက်ပြူတင်းပေါက်ကလေးများ ပြုလုပ်ပေးစေတယ်၊ ဒီတော့ သာမာဝတီတို့မှာ သာပြီး နေရာကျသွားတာပေါ့။ အဲဒီနည်းဖြင့် ဂုံးတိုက်လို့ မအောင်မြင်တာနဲ့ မာဂဏ္ဍီက သာမာဝတီတို့အိမ်တော်သို့ သွားမည့်အလှည့်မှာ အစွယ်ချိုးထားတဲ့ မြွေဟောက်ကို ဥတေနဘုရင်၏ စောင်းထဲမှာထည့်ထားပြီး ထည့်သွင်းတဲ့အပေါက်ကလေးကို ပန်းကုံးနဲ့ ပိတ်ထားတယ်။

အဲဒီလို မြွေထည့်ထားပြီးတော့ မာဂဏ္ဍီက ဘုရင်မင်းမြတ်အား သာမာဝတီအဆောင်သို့ မသွားသင့်ကြောင်း၊ အိပ်မက်ဆိုး မြင်မက်ထားကြောင်းပြောတယ်။ ဒါပေမဲ့ ဥတေနဘုရင်က သူ့အလှည့်ကျ အစီအစဉ်အတိုင်း သာမာဝတီတို့ အဆောင်သို့

သွားတာပါဘဲ၊ အဲဒီအခါ မာဂဏ္ဍီက စိတ်မချတဲ့အနေနဲ့ အတူ လိုက်ပါသွားတယ်၊ ဟိုရောက်တော့ ဥတေနမင်းက သာမာဝတီ တို့ ချက်ပြုတ်ပြုပြင်ကျွေးတဲ့ စားသောက်ဖွယ်များကို စားသုံး ပြီးတော့ သူ့စောင်းကို ခေါင်းရင်းမှာထားပြီး အိပ်ရာပေါ်မှာ လျောင်းစက် နေတယ်၊ အဲဒီအခါ မာဂဏ္ဍီက ဟိုနား ဒီနား သွားယင်းနဲ့ စောင်းပေါက်မှာ ပိတ်ထားတဲ့ ပန်းကုံးကို နှုတ်ပစ် လိုက်တယ်၊ အဲဒီတော့ မြွေက စောင်းထဲမှ ထွက်လာပြီးတော့ ပါးပျဉ်းထောင်ပြီး အိပ်ရာပေါ်မှာ တည်နေတယ်။ မြွေကိုမြင်ရ တော့ မာဂဏ္ဍီက "ယို့ ယို့ အရှင်မင်းကြီး မြွေ မြွေ"လို့ ကျယ် လောင်တဲ့အသံနဲ့ မင်းကိုရော သာမာဝတီတို့ကိုရော ဆဲဆိုတယ်၊ "ဒီ ဥာဏ်ထုံထိုင်းတဲ့ မင်းဟာ ကျက်သရေမရှိဘူး၊ ငါ့စကားကို နားမထောင်ဘူး၊ ဒီအကောင်မတွေဟာလဲ ကျက်သရေ မရှိကြ ဘူး မလိမ္မာကြဘူး၊ မင်းထံမှသင်တို့ဟာ ဘာကိုမရပဲရှိကြသလဲ၊ ဒီကနေ့ ကျမအိပ်မက်ဆိုးကို မြင်မက်ထားပါတယ်၊ သာမာဝတီ တို့၏ ပြာသာဒ်ကို သွားရန်မသင့်ပါဘူးလို့ တားမြစ်ပါလျက် ကျမစကားကို မင်းကြီးက နားမထောင်ဘူး" စသည်ဖြင့် ဆဲဆိုတယ်။

အဲဒီတော့ မြွေကို မြင်ပြီး သေဘေးကို ကြောက်တာနဲ့ မင်းကြီးက သာမာဝတီအပေါ် မာဂဏ္ဍီ အပြစ်ပြတဲ့စကား တွေကို ယုံကြည်သွားတယ်၊ အမျက်ဒေါသလဲ အကြီးအကျယ် ဖြစ်တယ်။ ဒါကြောင့် သာမာဝတီနှင့် အခြံအရံ မောင်းမ ငါးရာတို့ကို အဆိပ်လူးသောမြှားဖြင့် ပစ်သတ်ရန် စီစဉ်တယ်၊

သာမာဝတီနှင့် အပေါင်းပါတွေကို ဖြောင့်ဖြောင့် စိတန်းပြီး ထိုင်နေကြစေတယ်၊ အဲဒီအခါ သာမာဝတီက သူ့အဖော်တွေကို သြဝါဒပေးတယ်၊ ညီမတို့ရေ၊ ငါတို့မှာ မေတ္တာမှတပါး အခြားကိုးကွယ်ရာ မရှိတော့ဘူး၊ မင်းမြတ်နှင့် မာဂဏ္ဍီမိဖုရား အပေါ်မှာရော မိမိကိုယ်အပေါ်မှာရော မေတ္တာစိတ်ကို ညီတူ ညီမျှသာလျှင် ဖြစ်စေကြပါ၊ ဘယ်သူ့ကိုမျှ အမျက်မထွက်ကြ ပါနဲ့လို့ သြဝါဒပေးပြီး ဥတေနမင်းဆီမျက်နှာမူလျက် ရှေ့ဆုံးက ထိုင်ပြီး မေတ္တာဘာဝနာကို အစွမ်းကုန်ပွားနေပါတယ်။ ဥတေန မင်းက ပိုလ်တထောင်အားရှိတဲ့ လေးမှာ အဆိပ်လူးမြှားကို တည့်ပြီးတော့ သာမာဝတီမိဖုရား၏ ရင်ဝကို တည့်တည့်ချိန်ပြီး တအားကုန် ဆွဲပစ်လိုက်တယ်။

ပစ်လိုက်တဲ့မြှားက သာမာဝတီ၏ မေတ္တာအစွမ်းကြောင့် ရှေ့ကို မသွားပဲ နောက်ကို လှည့်ပြန်လာတယ်၊ ဥတေနမင်း၏ ရင်ခွင် စူးဝင်တော့မည့်အနေဖြင့် ဖြစ်ပြီး အောက်သို့ ကျသွား သတဲ့။ အဲဒီတော့မှ ဥတေနမင်းက သတိသံဝေဂတရား ရလာ တယ်၊ အင်း....ငါပစ်လိုက်တဲ့ မြှားဟာ ကျောက်ပြားတောင် ဖောက်သွားနိုင်တာဘဲ၊ သို့ပေမဲ့ ဒီမြှားက ငါ့ဆီပြန်လာတယ်၊ ငါ့ရင်ဝ စူးဝင်တော့မလိုလို ရှိနေတယ်၊ အသက်ရှိ သတ္တဝါ မဟုတ်တဲ့ ဒီမြှားကတောင်မှ ဒီသာမာဝတီရဲ့ ဂုဏ်ကျေးဇူးကို သိသေးတယ်၊ ငါဟာ လူစင်စစ် ဖြစ်နေပါလျက် သူ့ဂုဏ်ကျေးဇူး ကို မသိပဲ ရှိနေပါပေရဲ့လို့ သတိတရားရလာပြီးတော့ လေးကို ပစ်ချလိုက်တယ်၊ ပစ်ချပြီးတော့ သာမာဝတီရဲ့ ခြေရင်းမှာ

လက်အုပ်ချီလျက် ဆောင့်ကြောင့်ထိုင်ပြီး ဒီလို ကန်တော့တောင်းပန်ပါသတဲ့။

သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။

သာမာဝတိ - မောင့်အချစ်တော် သာမာဝတီရေ၊ အဟံ-ငါသည်၊ သမ္မုယှာမိ-အလွန် တွေဝေနေပါသည်၊ ပမုယှာမိ-အပြင်းအထန် တွေဝေနေပါသည်၊ မေ-ငါအား၊ သဗ္ဗာ ဒိသာ-အရပ်မျက်နှာ အားလုံးတို့သည်၊ မုယှန္တိ - မျက်စိလည်သလိုပင် တွေဝေလျက်ရှိကြပါသည်၊ တွံ-သင်သည်၊ မံ-ငါ့ကို၊ တာယဿု-ကယ်မ စောင့်ရှောက်ပါ၊ တွံ-သင်သည်၊ မေ-ငါ၏၊ သရဏဉ္စ-ကိုးကွယ် အားထားရာသည်လည်း၊ ဘဝ - ဖြစ်ပါလော့ - လို့ ကန်တော့တောင်းပန်ပါတယ်။

အဲဒီတော့ သာမာဝတီက ဒီလို ပြန်ကြားပါတယ်။

မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။
ဧသ ဗုဒ္ဓေါ မဟာရာဇ၊ ဧသ ဗုဒ္ဓေါ အနုတ္တရော။
သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ။

မဟာရာဇ-မောင်တော်သခင် အရှင်မင်းမြတ်၊ တွံ-သင်သည်၊ မံ-အကျွန်ုပ်ကို၊ မာ သရဏံ ဂစ္ဆ-ကိုးကွယ်ရာဟု မဆည်းကပ်

ပါလင့်၊ အဟံ-အကျွန်ုပ်သည်၊ ယံ-အကြင်ဘုရားကို၊ သရဏံ ဂတာ-ကိုးကွယ်ရာဟု ဆည်းကပ်နေပါသည်၊ သော-ထိုဘုရားသည်၊ ဗုဒ္ဓေါ-တရားအလုံးစုံကို အကုန်သိတော်မူပါပေသည်၊ သော ဗုဒ္ဓေါ-ထိုဘုရားသည်၊ အနုတ္တရော-အမြတ်ဆုံးပါပေတည်း၊ တံ ဗုဒ္ဓံ-ထိုဘုရားကို၊ သရဏံ ဂစ္ဆ-ကိုးကွယ်ရာဟု ဆည်းကပ်ပါ၊ တွဉ္စ-အရှင်မင်းမြတ်သည်လည်း၊ မေ-ကျွန်တော်မ၏၊ သရဏံ ဘဝ-ကိုးကွယ်ရာ ဖြစ်တော်မူပါလို့ ပြန်ကြားလိုက်ပါတယ်။

အဲဒီတော့ ဥတေနဘုရင်မင်းမြတ်က "ကောင်းပါပြီ၊ သင့်ကိုလဲ ကိုးကွယ်ပါတယ်၊ ဘုရားကိုလဲ ကိုးကွယ်ပါတယ်၊ သင်အလိုရှိရာဆုကိုလဲ ပေးပါတယ်"လို့ ဝန်ခံပြောကြားပါတယ်။ အဲဒီလိုပြောကြားပြီးတော့ မြတ်စွာဘုရားထံသွားရောက်ပြီး သရဏဂုံလဲ ဆောက်တည်တယ်၊ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်လျှောက်ပြီး (၇)ရက်ပတ်လုံး အလှူကြီးကိုလဲ ပေးလှူတယ်၊ သာမာဝတီကိုလဲ ဆုအယူခိုင်းတယ်။ သာမာဝတီက မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ နေ့စဉ် ဆွမ်းဘုဉ်းပေးကြွရန် ပင့်ပေးဘို့ဆိုတဲ့ဆုကို တောင်းပါတယ်၊ ဥတေနမင်းက မြတ်စွာဘုရားထံသွားရောက်ပြီး ပင့်လျှောက်တယ်၊ မြတ်စွာဘုရားက အရှင်အာနန္ဒာနှင့်တကွ ရဟန်းငါးရာကို စေလွှတ်ပေးတယ်၊ အဲဒီအခါက စပြီး သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့ဟာ နေ့စဉ် သံဃာတော်များကို ဖူးမြော်ပြီးဆွမ်းလဲဆက်ကပ်လှူဒါန်းကြရတယ်၊ တရားလဲ နာကြရတယ်။

ယခုပြောခဲ့တဲ့ သာမာငတီဝတ္ထုထဲမှာ ဥတေန ဘုရင်က အထင်မှား အမျက်ထွက်ပြီးတော့ လေးမြားဖြင့် ပစ်တဲ့အခါ မြားက သာမာဝတီထံသို့ မသွားပဲ နောက်ပြန်လာတာဟာ မေတ္တာဘာဝနာကြောင့်ပါဘဲ၊ မေတ္တာ၏ အာနိသင် ၁၁-ပါး ထဲက မီး-ဆိပ်-ဓားတို့ ရှောင်ရှားကိုယ်မှာဆိုတဲ့ အကျိုးအာနိသင်အရ မြားလက်နက် မထိမမှန်တဲ့အကျိုးပါဘဲ။ တကယ့်အရေးနဲ့ တွေ့ကြုံရယင် ဟောဒီ မေတ္တာကိုသာ စူးစူးစိုက်စိုက် ပွားနေရမယ်၊ အဲဒီလို ပွားနေယင် ဘေးရန်အန္တရာယ်မှ ကင်းလွတ်နိုင်ပါတယ်၊ အကယ်၍ အန္တရာယ်မှ မကင်းလွတ်တောင် ကုသိုလ်အထူးကတော့ ဖြစ်ပွားသွားတာဘဲ၊ အရှုံးမရှိပါဘူး၊ အမြတ်ရဘို့ သေချာပါတယ်။

## သီဟဗာဟုဝတ္ထု

သီဟိုဠ်ရာဇဝင်ထဲမှာ ခြင်္သေ့နဲ့ ဖက်စပ်ပြီး မင်းသမီးမှ မွေးဖွားလာတဲ့ သီဟဗာဟုဆိုတဲ့ လူဟာ ၁၆-နှစ်အရွယ်ရောက်တဲ့ အခါ သူ့အမေကို မေးကြည့်တယ်၊ "အမေနဲ့ ကျွန်ုပ်တို့၏ အဖေဟာ ဘာကြောင့် အမျိုးမတူပဲ ကွဲပြားနေသလဲ" တဲ့။ အဲဒီတော့ မိခင်က သူဟာ ဝင်္ဂတိုင်းမှ ဘုရင့်သမီးဖြစ်ကြောင်း၊ ခရီးသည် လူတစုနဲ့ မဂဓတိုင်းသို့ ထွက်ခွါလာရာ ဒီခြင်္သေ့ကြီးနဲ့ တွေ့ရလို့ အခြားသူတွေက ထွက်ပြေးကြကြောင်း၊ သူကတော့ ခြင်္သေ့နဲ့ သင့်မြတ်သိမ့်မယ်လို့ ဗေဒင်ဟောချက်အရ မပြေးနိုင်ဘာနဲ့ ရပ်တည်နေရာ ဒီခြင်္သေ့ကြီးက ကျောပေါ်တင်ပြီး သူ့

ဂူထဲ ဆောင်သွားခဲ့ကြောင်း စသည်ကို ပြောပြတယ်၊ ဒါဖြင့် ဘာကြောင့် လူ့လောကသို့ မသွားပဲနေသလဲဆိုတော့ သင့်အဖေ ခြင်္သေ့ကြီးက ဂူဝမှာ ကျောက်တုံးကြီးဖြင့် ပိတ်ထားလို့ မသွားနိုင်ကြောင်း ပြောပြတယ်။ အဲဒီအခါ သီဟဗာဟုက ကျောက်တုံးကြီးကို ဖယ်ရှားပြီးတော့ သူ့မိခင်နဲ့ သူ့နှမကို ထမ်းဆောင်ပြီး နယ်စပ်ရွာသို့ ထွက်ပြေးလာခဲ့တယ်။

အဲဒီအခါ ခြင်္သေ့ကြီးက သူ့မယားနှင့် သားသမီးများကို မတွေ့ရတဲ့အတွက် လွမ်းဆွတ်ပြီး လိုက်လံရှာဖွေတယ်၊ ရောက်ရာရာတောစပ်ရွာများက လူတွေကိုလဲ နှိပ်စက်တယ်။ ဆိုင်ရာမှ တိုင်ကြားချက်အရ ဝင်္ဂတိုင်းဘုရင်က ခြင်္သေ့ရန်ကို နှိမ်နင်းပေးနိုင်သူအား ငွေသုံးထောင် ဆုပေးမယ်လို့ ကြေငြာတယ်၊ သီဟဗာဟုက ခြင်္သေ့ကို နှိမ်နင်းသတ်ဖြတ်ရန် အကြံပြုတယ်၊ သူ့မိခင်က နှစ်ကြိမ်တိုင်တိုင် တားမြစ်တယ်၊ သုံးကြိမ်မြောက်ကျတော့ မိခင်ကို အသိမပေးတော့ပဲ ဆုငွေကို လက်ခံလိုက်တယ်။ ဆုရင့်ထံ ရောက်တဲ့အခါ ဘုရင်မင်းမြတ်က ခြင်္သေ့ကို နှိမ်နင်းပယ်ရှားနိုင်ယင် နိုင်ငံကို ပေးအပ်မယ်လို့ ဆိုတယ်။ သီဟဗာဟုက ခြင်္သေ့ရှိရာအရပ်သို့ သွားတယ်၊ အဝေးမှ ခြင်္သေ့ကြီးကလဲ သားကို မြင်ရသဖြင့် အချစ်မေတ္တာစိတ်တွေ ဖြစ်ပွားနေတယ်၊ အဲဒီအခါ သီဟဗာဟုက လေးမြှားဖြင့် ပစ်လိုက်ပေမဲ့ မေတ္တာ၏ အစွမ်းကြောင့် မြှားက ခြင်္သေ့ကြီးကိုယ်ကို မစူးဝင်ပဲပြန်လာပြီး သီဟဗာဟု၏ခြေရင်းမှာ ကျပါသတဲ့။ ဒုတိယအကြိမ် တတိယအကြိမ်များမှာလဲ ပစ်လိုက်တဲ့မြှားက နည်းတူပင် သီဟဗာဟု

၏ ခြေရင်းမှာ ပြန်ကျပါသတဲ့။ အဲဒီအခါ ခြင်္သေ့ကြီးမှာအချစ် မေတ္တာစိတ် ပျက်ပြယ်ပြီး ဒေါသဖြစ်လာတယ်၊ ဒါကြောင့် စတုတ္ထအကြိမ် ပစ်လိုက်တဲ့မြှားကတော့ ခြင်္သေ့ကြီး၏ ကိုယ်ကို ထိမှန်ပြီး စူးဝင်သွား ပါသတဲ့။ ဒီ သီဟဗာဟုဝတ္ထုဖြင့်လဲ မေတ္တာသက်သက်မဟုတ်ပဲ သားဟူသော အချစ်မေတ္တာကြောင့် လဲ မြှားလက်နက် မထိမှန် မစူးဝင်ပဲရှိသေးကြောင်း မှတ်ယူရ ပါတယ်။

## သုဝဏ္ဏသာမဝတ္ထု

ယခုပြောခဲ့တဲ့ မေတ္တာ၏ အကျိုးအာနိသင်များနဲ့ စပ်ပြီး တော့ မိလိန္ဒပဉှာကျမ်းမှာ ဒီလို မေးမြန်းဖြေရှင်းချက် ရှိနေပါ တယ်။ မေးပုံကတော့ မေတ္တာ၏ အကျိုး ၁၁-ပါးပြရာမှာ (မေတ္တာပွားနေသူ၏ ကိုယ်၌ မီး အဆိပ်ဓားစသော လက်နက် မကျရောက်ဘူး-လို့) ပြထားပါတယ်။ သုဝဏ္ဏသာမဇာတ်ဝတ္ထု မှာတော့ သုဝဏ္ဏသာမဟာ မေတ္တာကို အမြဲပွားနေတယ်လို့ ဆိုထားပြီးတော့ ပီဠိယက္ခဆိုတဲ့ မင်းက တောလိုက်ယင်း သုဝဏ္ဏ သာမကို တွေ့ရတော့ အထူးအဆန်းကို သိလိုတဲ့အတွက် လေး မြှားဖြင့် ပစ်လိုက်ရာ အဆိပ်လူးမြှား ထိမှန်ပြီး အဆိပ်တက်နေ ကြောင်းများပါရှိတယ်။ အဲဒီတော့ မေတ္တာပွားနေသူမှာ လက် နက်မထိမမှန်နိုင်ဘူးဆိုတဲ့ စကားက မှန်ယင်၊ သုဝဏ္ဏသာမကို မြှားမှန်တယ်ဆိုတာ မှားရမယ်။ သုဝဏ္ဏသာမကို မြှားလက်နက် ထိမှန်တယ်ဆိုတဲ့ စကားက မှန်ယင်လဲ မေတ္တာပွားနေသူမှာ

လက်နက် မထိမမှန်နိုင်ဘူးဆိုတဲ့ စကားက မှားရမယ်။ ဒီအချက်နှစ်ခု ဖြောင့်ဖြောင့်ဆန့်ကျင်နေတာကို ဖြေရှင်းပေးတော်မူပါလို့ မိလိန္ဒမင်းကြီးက မေးလျှောက်တယ်။

အဲဒီ ပြဿနာကို အရှင်နာဂသိန်မထေရ်မြတ်က ဒီလို ဖြေရှင်းတော်မူပါတယ်၊ ဖြေရှင်းပုံကတော့-မိလိန္ဒမင်းမြတ်၊ မေတ္တာပွားနေသူမှာ လက်နက် မထိမမှန်နိုင်ဘူးဆိုတာလဲ အမှန်ဘဲ၊ သုဝဏ္ဏသာမမှာ မြှားမှန်တယ်ဆိုတာလဲ အမှန်ဘဲ၊ ဒီလို အမှန်ချည်းဖြစ်ပေမဲ့ အချင်းချင်း မဆန့်ကျင်ခြင်း၏ အကြောင်းကတော့- လက်နက် မထိမမှန်နိုင်ဘူးဆိုတဲ့ အကျိုးဟာ ပုဂ္ဂိုလ်၏ အစွမ်းကြောင့် မဟုတ်ဘူး၊ မေတ္တာ၏ အစွမ်းကြောင့်သာ ဖြစ်တယ်၊ သုဝဏ္ဏသာမက မေတ္တာကို ပွားနေတယ်ဆိုပေမဲ့ အဲဒီ မြှားမှန်တဲ့အခိုက်မှာ ရေအိုးကို ပင့်မနေဆဲဖြစ်၍ မေတ္တာပွားမှု လစ်လပ်နေတဲ့အချိန်ဖြစ်တယ်၊ ဒါကြောင့် မြှားမှန်သွားတာဘဲ။

ဥပမာအားဖြင့် (ရှေးခေတ်က) စစ်သားများမှာ သံစသည်ဖြင့် ပြုလုပ်ထားတဲ့ ချပ်ဝတ်တန်ဆာဆိုတာ ရှိတယ်၊ အဲဒီချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားတဲ့အခါမှာ မြှားလဲ မစူးနိုင်ဘူး၊ လှံလဲ မစူးနိုင်ဘူး၊ ဓားဖြင့် ခုတ်ယင်လဲ မထိမရှနိုင်ဘူး၊ အဲဒါဟာ ချပ်ဝတ်တန်ဆာ၏ အစွမ်းသာဖြစ်တယ်၊ လူ၏ အစွမ်းမဟုတ်ဘူး၊ ဒါကြောင့် ချပ်ဝတ်တန်ဆာ မဝတ်ပဲနေတဲ့အခါမှာ အဲဒီလူကို မြှားလဲ ထိမှန်စူးဝင်နိုင်တယ်၊ လှံလဲစူးဝင်နိုင်တယ်၊ ဓားဖြင့်လဲ ထိနိုင်ရှနိုင်တယ်။ အဲဒါလိုဘဲ လက်နက်မထိ

နိုင်ဘူးဆိုဘာက မေတ္တာပွားတဲ့လူ၏ အစွမ်းမဟုတ်ဘူး မေတ္တာ၏ အစွမ်းသာဖြစ်တယ်၊ ဒါကြောင့် မေတ္တာပွားမှု လစ်ဟင်းနေတဲ့ အခိုက်မှာ သုဝဏ္ဏသာမကို မြားထိခဲ့နိုင်သွားတာပါ တဲ့။

ဒုတိယ ဥပမာ တခုကတော့-မိုးလုံတဲ့ တိုက်အိမ်ထဲမှာ ဝင်နေတဲ့သူကို မိုးရေမစွတ်နိုင်ဘူး၊ အဲဒါလဲ လူ၏ အစွမ်းမဟုတ်ဘူး၊ တိုက်အိမ်၏ အစွမ်းသာဖြစ်တယ်၊ ဒါကြောင့် အိမ်ထဲက အပြင်ထွက်နေခိုက်မှာတော့ မိုးစိုနိုင်သလိုပင် မေတ္တာပွားမှုလစ်လပ်နေခိုက်မှာတော့ သက်နက်လဲ ထိမှန်နိုင်ပါတယ် တဲ့။

နောက်ဥပမာတခုကတော့ — နတ်ဆေးပင် တဲ့၊ အဲဒီ နတ်ဆေးကိုင်း သစ်သားကို ကိုင်ထားယင် အဲဒီလူကို အခြားလူတွေက မမြင်ရဘူး တဲ့၊ ကိုယ်ရောင်ပျောက်နေပါသတဲ့၊ ဒါကိုတော့ ယခုခေတ်လူများက ယုံချင်မှ ယုံမယ်၊ ဒါပေမဲ့ မိလိန္ဒပဉှာမှာ ရှိတဲ့အတိုင်း ဒီမှာ ပြောရတာပါဘဲ၊ အဲဒီလို ကိုယ်ရောင်ပျောက်နေတာဟာ လူ၏အစွမ်း မဟုတ်ဘူး၊ နတ်ဆေးပင်၏ အစွမ်းသာ ဖြစ်တယ်၊ ဒါကြောင့် နတ်ဆေးပင်ကို ကိုင်မထားတဲ့ အခါ အဲဒီလူကို လူဘိုင်းက မြင်နိုင်ကြသလိုပင် လက်နက် မထိနိုင်တာဟာ လူ၏အစွမ်းမဟုတ်၊ မေတ္တာ၏ အစွမ်းသာ ဖြစ်သောကြောင့် မေတ္တာပွားမှု လစ်လပ်နေခိုက်မှာ လက်နက်ကသဲ ထိမှန်နိုင်တာပါဘဲ တဲ့၊ အဲဒီတော့ ဘေးရန်အန္တရာယ်ရှိနေတဲ့အခါမှာ ဘေးရန်မှ လုံခြုံစေလိုလျှင် မေတ္တာကို အမြဲမပြတ်ပွားနေဘို့ လိုပါတယ်။

(၇) မီး-ဆိပ်-ခါးတို့ ရှောင်ရှားကိုယ်မှာ ဆိုတဲ့ အကျိုး အာနိသင် အကြောင်းကတော့ ပြောစရာ ကုန်သွားပါပြီ။ (၈) လျှင်စွာစိတ်တည်၊ (၉) ရှင်ကြည်မျက်နှာ၊ (၁၀) သေခါ မတွေ ဆိုတဲ့ အကျိုးအာနိသင်များအကြောင်းကိုလဲ ထပ်ပြောဘို့ မလိုပါဘူး။ယခုပြောဘို့ လိုနေသေးတာကတော့ (၁၁) လားလေ ဗြဟ္မာ ဆိုတဲ့ ဒီ နောက်ဆုံးအကျိုးပါဘဲ၊ အဲဒီအကျိုးကိုတော့ ပါဠိတော်များမှာပင် တိုက်ရိုက်ဟောပြထားပြီး ရှိနေပါတယ်။ ဒီဃနိကာယ်ဟူ၍ ပိုင်းတရား၏ အစပိုင်းမှာ ထုတ်ပြခဲ့တဲ့ ဒုတိယမေတ္တာသုတ်မှာတော့ ဝိပဿနာရှုပုံနှင့်တကွ ပြထားတယ်၊ အဲဒါကို ယခု အနက်ပြန်ပြီး ရှင်းပြရမယ်။

## ဒုတိယမေတ္တာသုတ် ဝိပဿနာရှုပုံ စသည်

သော-ထို မေတ္တာစျာန်ရပြီးပုဂ္ဂိုလ်သည်၊ တတ္ထ-ထို မေတ္တာ စျာန်ဖြစ်ခိုက်၌၊ ယဒေဝ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ-အကြင်ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မျှသာလျှင် ရှိ၏၊ (ထိုခဏ၌ အတ္တကား မရှိဟု ဆိုလို၏) တေ ဓမ္မေ-ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော တရားတို့ကို၊ အနိစ္စတော - မမြဲဟူ၍ရှင်း၊ ဒုက္ခတော - ဆင်းရဲ ဟူ၍ရှင်း၊ ရောဂတော-စွဲကပ်နေသောရောဂါနှင့် တူသည်ဟူ၍ ရှင်း၊ ဂဏ္ဍတော-ပေါက်ကွဲနေသော အိုင်းအမာကြီးနှင့်တူသည် ဟူ၍ရှင်း၊ သလ္လတော-စူးဝင်နေသော ငြောင့်နှင့်တူသည်ဟူ၍ ရှင်း၊ အဃတော-ဆင်းရဲနှင့်မကင်းဟူ၍ရှင်း၊ ဝါ-မကောင်းမှုနှင့်

တူသည်ဟူ၍ရင်း၊ အာဗာဓတော-အဖျားအနာနှင့်တူသည်ဟူ၍ ရင်း၊ပရတော-ပြင်ပသူစိမ်းနှင့်တူသည်ဟူ၍ရင်း၊ပလောကတော-ပျက်လွယ်သည်ဟူ၍ရင်း၊ သုညတော-အတ္တကောင်အနှစ်အသားမှ ကင်းဆိပ်သည်ဟူ၍ရင်း၊ အနတ္တတော - အတ္တကောင်မဟုတ် - သဘောတရားမျှဟူ၍ရင်း၊ သမနုပဿတိ-ရှုမြင်၏။

အဲဒါဟာ မေတ္တာစျာန်ဝင်စားပြီး အဲဒီစျာန်မှထတဲ့အခါ ဝိပဿနာရှုပုံကို ပြတာပါဘဲ။ ဘာကို ရှုသလဲ ဆိုတော့ အဲဒီ စျာန်ဖြစ်ခိုက်က ရှိခဲ့တဲ့ ရုပ်ဝေဒနာစသည်ကို ရှုတာပါဘဲ၊ ယခု ယောဂီတွေမှာ မြင်တဲ့စိတ် ကြားတဲ့စိတ် ကြံတဲ့စိတ် ဖြစ်ပြီးတဲ့ အခါ မြင်တယ် ကြားတယ် ကြံတယ်လို့ ရှုသိဘာမျိုးပါဘဲ၊ စျာန်စိတ်ဖြစ်ခိုက်မှာ အဲဒီစျာန်စိတ်၏ တည်မှီရာရုပ်လဲ ရှိတယ်၊ အဲဒီစျာန်စိတ်ကြောင့် ဖြစ်တဲ့ရုပ်တွေလဲ ရှိတယ်၊ အဲဒီရုပ်တွေက အင်မတန် သန့်ပြန့်ကောင်းမွန်တယ်၊ အဲဒီ ရုပ်ကောင်းတွေ ကိုယ်ထဲမှာ ပြန့်နှံ့နေတဲ့အတွက် အလွန်ပင် နေကောင်းနေတတ် တယ်၊ ဥဒယဗ္ဗယဉာဏ်အခိုက်မှာ ဖြစ်နေတဲ့ရုပ်မျိုးတွေပါဘဲ၊ အဲဒီ တည်မှီရာရုပ်နဲ့ စျာန်ကြောင့်ဖြစ်တဲ့ရုပ်တွေကို ဒီပါဠိမှာ ယဒေဝ ရူပဂတံ-လို့ ပြဆိုထားတယ်၊စျာန်စိတ်နဲ့ တပေါင်းတည်း ယှဉ်တွဲပြီး ဖြစ်တဲ့ ဝေဒနာစသည်တို့ကို ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ-လို့ ပြဆိုထားတယ်၊စျာန်စိတ်ကိုတော့ ဝိညာဏဂတံ-လို့ ပြဆိုထားတယ်၊ အဲဒါဟာ စျာန်ရတဲ့ပုဂ္ဂိုလ် စျာန်စိတ် စသည်ကို ဝိပဿနာရှုပုံပါဘဲ၊ ယခု ဒီကယောဂီတွေ ကြံသိစိတ် ဖြစ်ယင် ကြံတယ်-လို့ ရှုမှတ်တာနဲ့ အတူတူပါဘဲ။

အဲဒီလိုရှုပြီး ဉာဏ်ဖြင့်သိမြင်ပုံကိုတော့ အနိစ္စတော စသည်ဖြင့် ၁၁-ပါးပြထားတယ်၊ ဉာဏ်ထူးတဲ့ပုဂ္ဂိုလ်မှာ အဲဒီ ၁၁-ပါးသောအခြင်းအရာတွေကို အကုန်လုံးသိနိုင်ပါတယ်၊ ဉာဏ်နုံတဲ့ပုဂ္ဂိုလ်မှာတော့ အကုန်လုံးမသိပေဘူး၊ တချို့သာ သိပေလိမ့်မယ်၊ အရေးကြီးတာကတော့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဒီအခြင်းအရာသုံးပါးဖြင့် သိဘို့ပါဘဲ၊ ဒါကြောင့် သုတ်ပေါင်းများစွာတို့မှာ မြတ်စွာဘုရားက အနိစ္စ ဒုက္ခ အနတ္တ ဒီ သုံးမျိုးကိုသာ ဟောတော်မူ ပါတယ်၊ ဒီသုံးပါးသိယင် ကျန်တဲ့ (၈)ပါးလဲ သိနိုင်တာပါဘဲ။ သိနိုင်ပုံကတော့—ပလောက - ပျက်လွယ်တယ်ဆိုတာ အနိစ္စ - မမြဲဘူးဆိုတာနဲ့ သဘောအားဖြင့် အတူတူပါဘဲ။ (၁) ရောဂါဆိုးနဲ့ တူတယ်၊ (၂) အိုင်းအမာ အနာအိုကြီးနဲ့တူတယ်၊ (၃) စူးနေတဲ့ငြောင့်နဲ့တူတယ်၊ (၄) အဃ-ဆင်းရဲမကင်းဘူး၊ ဝါ-မကောင်းမှုလိုပင် မကောင်းကျိုး ပေးတတ်တယ်၊ (၅) အဖျားအနာနှင့် တူတယ်ဆိုတဲ့ အခြင်းအရာ ငါးပါးဟာလဲ ဒုက္ခ - ဆင်းရဲဆိုတာနဲ့ အတူတူပါဘဲ။ (၁) ပရ-သူတစိမ်းနဲ့တူတယ်၊ (၂) သုည - အတ္တကောင်မှ ကင်းဆိပ်နေတယ် ဆိုတဲ့ ဒီ ၂-ပါးဟာလဲ အနတ္တ - မဟုတ်, အစိုးမရဘူးဆိုတာနဲ့အတူတူပါဘဲ။ ဒါကြောင့် အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သိမြင်ပုံကို ဒီနေရာမှာ ရှင်းပြောရမယ်။

## အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာ

အနိစ္စံ ဝေဒိတဗ္ဗံ-အနိစ္စကို သိရမည်၊ အနိစ္စတာ ဝေဒိတဗ္ဗာ-မမြဲဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာ-

နုပဿနာ ဝေဒိတဗ္ဗာ-မမြဲဟု ရှုသိသော ဝိပဿနာဉာဏ်ကို သိရမည်-လို့ အဋ္ဌကထာမှာ မိန့်ဆိုထားတယ်။ အဲဒါကို လိုက်ဆို ကြရမယ်။

အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်။

အနိစ္စ ဆိုတာ ဘာလဲဆိုတော့ အနိစ္စန္တိ ခန္ဓပဉ္စကံ-မမြဲတဲ့ အနိစ္စ ဟူသည်မှာ ခန္ဓာငါးပါး အပေါင်းဘဲ-လို့ ဖွင့်ပြထားပါ တယ်။ အဲဒါကိုလဲ ဆိုကြရမယ်။

ခန္ဓာငါး၀၊ အနိစ္စ၊ မှတ်ကြ မမြဲပေ။

အဲဒီ မမြဲတဲ့ ခန္ဓာငါးပါးဆိုတာ ဈာန်စိတ်ဖြစ်ခိုက်က ရှိခဲ့တဲ့ ရုပ်နာမ်တွေပါဘဲ၊ အဲဒါတွေကို ပါဠိ၌ ရူပဂတံ ဝေဒနာဂတံ စသည်ဖြင့် ပြဆိုထားတာပါဘဲ၊ အဲဒါဟာ ဈာန်မှထပြီး ရှုတဲ့ အခါ အနိစ္စ-မမြဲဘူးလို့ တိုက်ရိုက် သိရမည့်တရားဘဲ၊ မြင်တယ် ကြားတယ် ကြံသိတယ်လို့ ရှုမှတ်နေကြတဲ့ ယောဂီတွေမှာ မြင် ခိုက် ကြားခိုက် ကြံသိခိုက်က ရုပ်နာမ်တွေကို မမြဲဘူးလို့ ကိုယ် ပိုင်ဉာဏ်ဖြင့် တိုက်ရိုက် သိရတာမျိုးပါဘဲ။ အနိစ္စ-မမြဲဘူးလို့ မှတ်သိရကြောင်း လက္ခဏာက ဘာလဲဆိုတော့—

ဟုတွာ - မူလက မရှိသေးပဲ ရှိသာ ဖြစ်ပေါ်လာပြီးနောက်၊ အဘာဝါကာရော - မရှိတော့ပဲ ချုပ်ပျောက်သွားသော အခြင်း အရာသည်၊ အနိစ္စလက္ခဏံ-အနိစ္စဟု မှတ်သိရကြောင်း လက္ခဏာ

မည်ပါတယ်တဲ့။ အဲဒီအဆိုကို “ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက် သွားတာက အနိစ္စလက္ခဏာ” လို့ ဆောင်ပုဒ် စီထားတယ်၊ အဲ ဒါကို ဆိုကြရမယ်။

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စ
လက္ခဏာ။

ဘယ်ဟာမဆို ဖြစ်ပေါ်ပြီး ပျောက်သွားယင် မမြဲတာ ချည်းဘဲ၊ ဥပမာအားဖြင့် ကွင်းပြင်ထဲမှာ အိမ်တလုံး ဆောက် လိုက်တယ်၊ အဲဒီအိမ်ဟာ အစက မရှိသေးဘဲ အသစ်ဖြစ်ပေါ် လာတာမဟုတ်လား၊အဲဒီအိမ်ဟာ တနေ့ကျတော့ ပျက်သွားမယ် မဟုတ်လား၊ အဲဒီ ပျက်သွားတဲ့အိမ်ကို မြဲတယ်လို့ ဆိုရမလား၊ မမြဲဘူးလို့ ဆိုရမလား၊ (မမြဲဘူးလို့ ဆိုရပါမယ်ဘုရား)။ အဲဒါ လိုဘဲ ဖြစ်ပေါ်လာပြီး ပျောက်သွားတဲ့တရားတွေဟာ မမြဲတာ တွေချည်းဘဲ။ တနည်း—ဥပမာအားဖြင့် လူတယောက် မွေးလာ တယ်၊ အဲဒါဟာ အစကမရှိသေးပဲ အသစ် ဖြစ်ပေါ်လာတာဘဲ၊ အဲဒီလူဟာ တနေ့ ကျတော့ သေသွားရတယ်၊အဲဒီလူကို မြဲတယ်လို့ ဆိုရမလား၊ မမြဲဘူးလို့ ဆိုရမလား၊ (မမြဲဘူးလို့ ဆိုရပါမယ် ဘုရား)။ အဲဒီလိုဘဲ ဖြစ်ပေါ်ပြီး ပျောက်ကွယ် ပျက်စီးသွားတဲ့ တရားတွေဟာ မမြဲတာတွေချည်းဘဲ။ နောက်ဥပမာတခုကတော့ မိုးရွာတဲ့အခါ လျှပ်ရောင်ကလေး ပေါ်လာတယ်၊ အဲဒါဟာ အစကမရှိသေးပဲ အသစ်ဖြစ်ပေါ်လာတာဘဲ၊ ပေါ်လာပြီးတော့ အဲဒီလျှပ်ရောင်ကလေးဟာ တည်နေသလား၊ ပျောက်ကွယ်သွား

သလား၊ (ပျောက်ကွယ်သွားပါတယ်ဘုရား၊) အဲဒီလျှပ်ရောင်ကို မြဲတယ်လို့ ဆိုရမလား၊ မမြဲဘူးလို့ ဆိုရမလား၊ (မမြဲဘူးလို့ ဆိုရပါမယ်ဘုရား)။ အဲဒီလျှပ်ရောင်ကို မမြဲဘူးလို့ ဆိုရတာဟာ အသစ်ပေါ်လာပြီး ပျောက်သွားလို့ မဟုတ်လား၊ (မှန်ပါတယ် ဘုရား)။ ဒါကြောင့် ဖြစ်ပေါ်ပြီး ပျောက်သွားတဲ့အခြင်းအရာကို အနိစ္စလက္ခဏာလို့ ဆိုရတယ်။

ထိသိမှု ကြံသိမှု ကြားမှု မြင်မှု စသည်တွေကို မပြတ် ရှုမှတ်နေတဲ့ ယောဂီဟာ သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ မှတ်တိုင်း မှတ်တိုင်း အသစ်အသစ် ဖြစ်ပေါ်လာတာကိုလဲ တွေ့ရတယ်၊ အဲဒါဟာ ဥဒယ ဆိုတဲ့ အဖြစ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်တာဘဲ။ ဖြစ်ပြီး ချက်ခြင်းပင် ပျောက်ပျောက်သွားတာကိုလဲ တွေ့ရတယ်၊ အဲဒါဟာ ဝယ ဆိုတဲ့ အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်တာဘဲ၊ အဲဒီလို တွေ့မြင်ရတဲ့အတွက် ထိသိတာလဲ မမြဲဘူး၊ ကြံသိတာလဲ မမြဲဘူး၊ ကြားတာလဲ မမြဲဘူး၊ ရှုသိတာလဲ မမြဲဘူး စသည်ဖြင့် သဘောကျကျသွားတယ်၊ အဲဒါဟာ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတယ် ဆိုတဲ့ အနိစ္စလက္ခဏာကို တကယ်တွေ့မြင်ပြီး မမြဲဘူးလို့ သိမြင်တဲ့ အနိစ္စာနုပဿနာဘဲ။ ဒါကြောင့် "ရှုမှတ်ဆဲမှာ (ဖြစ်ပေါ်ပြီးနောက်) ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

အဲဒီလို သိတာကလဲ ဖြစ်ဆဲရုပ်နာမ်ကိုရှုမှတ်နေယင်း သိတာကိုသာ ဆိုလိုတယ်၊ ရှုမှတ်ခြင်း မရှိပဲ သုတမယအားဖြင့် ဆင်ခြင်ပြီး သိတာကိုတော့ မဆိုလိုပါဘူး၊ ဒါကြောင့် ရှုမှတ်ဆဲမှာ လို့ အာခါရဝိသေသနပုဒ်ပါ ဆောင်ပုဒ်ထဲမှာ ထည့်ထားပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ရှုမှတ်ခြင်းမရှိပဲ ဆင်ခြင်ပြီး သိတယ် ဆိုတာက တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်အစစ်၏ အဖြစ်အပျက်အစစ်ကို မသိသောကြောင့်ပါဘဲ။

မေတ္တာစျာန်ရပုဂ္ဂိုလ်က မေတ္တာစျာန်ကို ဝင်စားတယ်။ ဝင်စားဆိုတာ ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ နှလုံးသွင်းယင်း ချမ်းသာစေလိုတဲ့ မေတ္တာစျာန်စိတ် ဖြစ်သွားတာပါဘဲ၊ အဲဒီစျာန်စိတ်က တစက္ကန့်မျှကြာခင် ရုပ်သွားတာလဲ ရှိတယ်၊ တစက္ကန့် ၂-စက္ကန့် ၃-စက္ကန့် စသည် တမိနစ် ၂-မိနစ် ၃-မိနစ် စသည်ဖြင့် ကြာမှ ရုပ်စဲသွားတာလဲ ရှိတယ်၊ အဲဒီစျာန်စိတ် ရုပ်စဲသွားတဲ့အခါ ဖြစ်နေကျ ရိုးရိုးကာမစိတ်များ ဖြစ်လာတယ်၊ အဲဒါကို စျာန်မှထတယ်လို့ ဆိုရတာဘဲ၊ ဘဝင်ကျပြီး အိပ်ပျော်နေရာမှ နိုးလာတဲ့သဘောမျိုးပါဘဲ။ စျာန်မှ ထတဲ့အခါ ဝိပဿနာရှုမယ်လို့ နှလုံးသွင်းပြီး စျာန်ဝင်စားတဲ့ ယောဂီမှာတော့ စျာန်စိတ် ရုပ်စဲသွားသည်နှင့်တပြိုင်နက် ရှုသိတဲ့ ဝိပဿနာစိတ် ဖြစ်လာတယ်၊ အဲဒီစိတ်က ဖြစ်ပြီး ချုပ်သွားတဲ့ စျာန်စိတ်ကို အဖြစ်အပျက် ၂-ရပ်ဖြင့် ပိုင်းခြားပြီး သိတယ်၊ စျာန်စိတ် ဆိုပေမဲ့ သူ့တပါးတည်းကိုသာ သိတာမဟုတ်ပါဘူး၊ သူနဲ့ တပြိုင်နက် ဖြစ်ပျက်သွားတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရတွေ

ကိုရော သိသွားတာပါဘဲ၊ ဘယ်လို သိသွားသလဲ ဆိုတော့ ဖြစ်ပြီး ပျက်သွားလို့ မမြဲဘူး စသည်ဖြင့် သိသွားတယ်။

အဲဒီနည်းဖြင့် ဝိပဿနာဉာဏ်ဖြစ်ပွားရအောင် ယခု လိုက် ဆိုပြီး မေတ္တာကိုလဲ ပွားစေကြရမယ်၊ အဲဒီ နှလုံးသွင်းရွတ်ဆိုတဲ့ မေတ္တာစိတ် စသည်နဲ့ ရွတ်ဆိုရပ် အသံရုပ်တွေ ဖြစ်ပျက်သွားလို့ မမြဲတာကိုလဲ ရှုကြရမယ်၊ ကဲ....လိုက်ဆိုကြ။

အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ....၊ ချမ်းသာကြ ပါစေ....၊ ချမ်းသာကြပါစေ....၊

## ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာ

ဒုက္ခ ဆိုတာ ဘာလဲ ဆိုတော့ ယဒနိစ္စံ တံ ဒုက္ခံ-မမြဲတဲ့တရား ဟာ ဆင်းရဲဘဲလို့ ဟောတော်မူသောကြောင့် မမြဲတဲ့ ခန္ဓာ ငါးပါးဟာ ဒုက္ခ-ဆင်းရဲပါဘဲ။ အဲဒီ ဒုက္ခမည်တဲ့ ခန္ဓာတွေ ထဲမှာ ဝေဒနာက္ခန္ဓာ၏ တစိတ်တပိုင်းဖြစ်တဲ့ ဒုက္ခဝေဒနာ တပါးသာ အခံရခက်တဲ့ ဆင်းရဲမည်ပါတယ်၊ ကျန်တဲ့ ခန္ဓာ လေးပါးနဲ့ သုခ ဥပေက္ခာတို့ကတော့ အခံရခက်တဲ့ သဘောများ မဟုတ်ကြပါဘူး၊ ဒါပေမဲ့ မမြဲတဲ့အတွက် နှစ်သက်သာယာဘွယ် မရှိလို့လဲ ဒုက္ခလို့ ဆိုရတယ်၊အခံခက်တဲ့ ဒုက္ခဝေဒနာကို ဖြစ်စေပါ စေပြီး နှိပ်စက်တတ်လို့လဲ ဒုက္ခလို့ ဆိုရပါတယ်။ အဲဒါကို "ခန္ဓာ ငါး၀၊ မမြဲကြ၊ ဒုက္ခဆင်းရဲပေ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ခန္ဓာငါး၀၊ မမြဲကြ၊ ဒုက္ခ ဆင်းရဲပေ။

အဲဒီ ခန္ဓာငါးပါးဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့အတွက် ဖြစ်မှုပျက်မှုက အဲဒီတရားတွေကို မပြတ်နှိပ်စက်နေသည်မည်တယ်၊ နောက်ပြီးတော့ ညောင်းလိုက် ပူလိုက် စသည်ဖြင့် အဲဒီ ခန္ဓာတွေက မကြာခဏ နှိပ်စက်နေတယ်၊ အဲဒီလို မပြတ်နှိပ်စက်အပ်၊ နှိပ်စက်တတ်သောကြောင့် ဒုက္ခ-ကြောက်ဖွယ်ဆင်းရဲမည်တယ်၊ ဒါကြောင့် မပြတ်နှိပ်စက်တဲ့အခြင်းအရာဟာ ဒုက္ခ-ဆင်းရဲလို့ မှတ်သိရကြောင်း လက္ခဏာဘဲ၊ အဲဒါကို "ဖြစ်ပျက်နှစ်ရပ်က မပြတ်နှိပ်စက်နေတာက ဒုက္ခလက္ခဏာ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပျက်နှစ်ရပ်က မပြတ်နှိပ်စက်နေတာက ဒုက္ခ
လက္ခဏာ။

ဖြစ်ဆဲရုပ်နာမ်တွေကို မပြတ်ရှုနေတဲ့ယောဂီကတော့ ခဏမစဲ ဖြစ်ပျက်နေတာကိုလဲ တွေ့နေရတယ်၊ ညောင်းလိုက် ပူလိုက် စသည်ဖြင့် မခံသာအောင် နှိပ်စက်နေတာကိုလဲ တွေ့ရတယ်၊ ဒါကြောင့် နှစ်သက်ဖွယ်မရှိတဲ့ ဆင်းရဲတွေဘဲ၊ ကြောက်ဖွယ်ဆင်းရဲတွေဘဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင် သဘောကျကျသွားတယ်၊ အဲဒါက ဒုက္ခာနုပဿနာဉာဏ်အစစ်ပဲ၊ အဲဒါကို "ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိတာက ဒုက္ခာနုပဿနာဉာဏ်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိတာက ဒုက္ခာနုပဿနာဉာဏ်။

ယခု "ချမ်းသာကြပါစေ-ချမ်းသာကြပါစေ"လို့ နှလုံးသွင်း ရွတ်ဆိုပြီး မေတ္တာပွားနေယင်း ဖြစ်ပျက်နှစ်ရပ်က နှိပ်စက်နေပုံ ကိုရှုပြီး ဒုက္ခာနုပဿနာလဲ ပွားကြဦးစို့၊ လိုက်ဆိုကြ။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....။

## အနတ္တ၊ အနတ္တလက္ခဏာ၊ အနတ္တာနုပဿနာ

အနတ္တဆိုတာ ဘာလဲဆိုတော့ ယံ ဒုက္ခံ တဒနတ္တာ-ဒုက္ခတရားဟာ အနတ္တဘဲလို့ ဟောတော်မူသောကြောင့် ဒုက္ခမည်တဲ့ ခန္ဓာငါးပါးဟာ အတ္တကောင်မဟုတ်တဲ့ အနတ္တတရားပါဘဲ၊ မမြဲတဲ့ တရားကို အမြဲ တည်နေပါစေလို့ စီမံခန့်ခွဲလို့ မရဘူး၊ ဆင်းရဲတရားကို ချမ်းသာပါစေလို့ စီမံခန့်ခွဲလို့မရဘူး၊ အဲဒီလို စီမံခန့်ခွဲလို့မရတဲ့အတွက် မိမိ၏အတွင်းသားကိုယ်ကောင်လို့ မဆိုနိုင်ဘူး၊ ဒါကြောင့် အနတ္တ-အစိုးမရတဲ့တရားဘဲ၊ အဲဒါကို "ခန္ဓာငါး၀၊ စိုးမရ၊ အတ္တမဟုတ်ပေ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ခန္ဓာငါး၀၊ စိုးမရ၊ **အတ္တ** မဟုတ်ပေ။

ကိုယ့်ကိုယ်ဆိုယင် ကိုယ်အလိုရှိတဲ့အတိုင်း ဖြစ်ရမှာဘဲ၊ ခန္ဓာငါးပါးက ကိုယ့်အလိုအတိုင်းမဖြစ်ဘူး၊ သူ့ဆိုင်ရာအကြောင်း

ရှိမှုဖြစ်တယ်၊ သူ့ဆိုင်ရာအကြောင်းရှိယင်တော့ မဖြစ်စေချင်ပေမယ်လို့မရဘူး ဖြစ်ပေါ်လာတာဘဲ၊ ဖြစ်ပေါ်လာပြီး အကောင်းတွေကိုလဲ မပျက်ပဲ ဟည်နေစေချင်ပေမယ်လို့ တည်မနေဘူး၊ ပျက်ပျက်သွားတာဘဲ၊ အဲဒီလို အလိုအတိုင်းမဖြစ်ပဲ အစိုးမရတဲ့အတွက် မိမိ၏အတွင်းသား အတ္တမဟုတ်ဘူးလို့ မှတ်သိရတယ်။ ဒါကြောင့် အဝသဝတ္တနာကာရော အနတ္တလက္ခဏံ-အလိုအတိုင်းမဖြစ်သော အခြင်းအရာဟာ အတ္တမဟုတ်, အနတ္တလို့ မှတ်သိရကြောင်း အနတ္တလက္ခဏာဘဲလို့ ပြဆိုထားပါတယ်၊ အဲဒါကို "အလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

## အလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ။

ဖြစ်ဆဲရုပ်နာမ်တွေကို မပြတ်ရှုနေတဲ့ ယောဂီကတော့ ကိုယ့်အလိုအတိုင်း မဖြစ်ပဲ ဆိုင်ရာအကြောင်းအားလျော်စွာ သူ့သဘောအတိုင်း ဖြစ်ပျက်နေတာကို မပြတ်တွေ့နေရတယ်၊ ဒါကြောင့် အစိုးမရတဲ့ အနတ္တသဘောတရားဘဲလို့ ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်းခြားပြီး သိသိသွားတယ်၊ အဲဒါဟာ အနတ္တာနုပဿနာဉာဏ်အစစ်ပဲ၊ အဲဒါကို "ရှုမှတ်ဆဲမှာ အလိုအတိုင်းမဖြစ်တာကို တွေ့ရ၍ အစိုးမရ, ငါကောင်မဟုတ်ဟု သိတာက အနတ္တာနုပဿနာဉာဏ်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ရှုမှတ်ဆဲမှာ အလိုအတိုင်းမဖြစ်တာကိုတွေ့ရ၍ အစိုးမရ, ငါကောင်မဟုတ်ဟု သိတာက အနတ္တာနုပဿနာဉာဏ်။

ချမ်းသာကြပါစေ-ချမ်းသာကြပါစေလို့ မေတ္တာ ပွားရာမှာလဲ မိမိက တနေ့လုံး တညလုံး မေတ္တာ ဘာဝနာချည်း ဖြစ်ပွားနေစေချင်ပေမယ်လို့ အဲဒီလို လှုံ့ဆော်ပေးတဲ့ လုံ့လ ဝီရိယက မရိယင်မဖြစ်ဘူး၊ ဆန္ဒဝီရိယစေတနာ အပြည့်အစုံရှိမှဖြစ်တယ်၊ ဒါကြောင့် မိမိ၏ အလိုမျှဖြင့် မဖြစ်တဲ့ အနတ္တတရားဘဲ၊ အဲဒီ အနတ္တ သဘောကိုလဲ နောက်ကလိုက်ပြီး ရှုရအောင် မေတ္တာကို ပွားကြဦးစို့၊ လိုက်ဆိုကြ၊ ဖြေးဖြေးချင်းပဲ ဆိုပေးမယ်။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....။

ယခု ပြောခဲ့တဲ့အတိုင်း "ချမ်းသာကြပါစေ"လို့ နှုတ်လုံးသွင်းရွတ်ဆိုပြီး အနိစ္စစသည်ဖြင့် ထင်မြင်အောင်ရှုတာက ကာမာဝစရကုသိုလ် မေတ္တာစိတ်စသည်ကိုရှုတာဘဲ၊ ဈာန်ရပုဂ္ဂိုလ်မှာ မေတ္တာဈာန်စိတ်စသည်ကို ရှုတာကတော့ မဟဂ္ဂုတ်ကုသိုလ်စိတ်စသည်ကိုရှုတာဘဲ၊ ကာမာဝစရနဲ့ မဟဂ္ဂုတ်ဈာန်အဖြစ်မျှသာ ကွဲပြားပါတယ်၊ မေတ္တာကိုရှုပုံချင်းကတော့ ထပ်တူပါဘဲ။ ဒါကြောင့် အဲဒီ မေတ္တာ ကုသိုလ်စိတ် စသည်ကို ရှုနေယင်း ဝိပဿနာဉာဏ်ရင့်သန်တဲ့အခါ အရိယမဂ်ဉာဏ်ဖြင့် ရုပ်နာမ်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်၊ အဲဒီမဂ်ဉာဏ်၏ အခြားမဲ့မှာ ဖိုလ်ဉာဏ်ဖြင့်လဲမျက်မှောက်ပြုသွားတယ်၊ အဲဒီလိုမျက်မှောက်ပြုယင်

အောက်ထစ်ဆုံး သောတာပန် ဖြစ်သွားတော့ တာဘဲ။ မေတ္တာ ဈာန်ရတဲ့ပုဂ္ဂိုလ်ကတော့ သောတာပန်ဖြစ်ရုံမျှတွင် မရပ်သေးဘဲ ဆက်ပြီးရှုမှတ်သွားသဖြင့် သကဒါဂါမိမဂ်ဖိုလ်အနာဂါမိမဂ်ဖိုလ် တို့ဖြင့်လဲ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အနာဂါမ်ပုဂ္ဂိုလ် အဖြစ် အထိ အများအားဖြင့် ရောက်သွားတတ်တယ်။ အနာဂါမ် ဖြစ်သွားယင် ကာမရာဂလုံးဝကင်းသွားတဲ့အတွက် ကာမဘုံမှာ ဖြစ်ခွင့်မရှိတော့ဘူး၊ ရူပါဝစရဘုံ အရူပါဝစရဘုံများမှာသာ ဖြစ်ဖို့ရှိတော့တယ်၊ အဲဒီဘုံတွေထဲမှာလဲ အများအားဖြင့် သုဒ္ဓါ ဝါသ ဆိုတဲ့ ရူပါဝစရဘုံများ၌ ဖြစ်တတ်တယ်။ ဒါကြောင့်—

## ဒုတိယ မေတ္တာသုတ်အဆက်

သော-ဆို မေတ္တာဈာန်ကို အနိစ္စစသည်ဖြင့် ရှုသော ပုဂ္ဂိုလ် သည်၊ ဝါ-မေတ္တာဈာန်စသည်ကို အနိစ္စစသည်ဖြင့်ရှု၍ အနာ ဂါမ် ဖြစ်သွားသော ထို ပုဂ္ဂိုလ်သည်၊ ကာယဿ ဘေဒါ-ရုပ် ကိုယ်ပျက်စီးသည်မှ၊ မရဏာ-သေသည်မှ၊ ပရံ-နောက်၌၊ သုဒ္ဓါ ဝါသာနံ ဒေဝါနံ-သုဒ္ဓါဝါသဘုံသား နတ်ပြဟ္မာတို့၏၊ သဟ ဗျတံ-အတူနေ အတန်းတူပြဟ္မာအဖြစ်သို့၊ ဥပပဇ္ဇတိ-ကပ်ရောက် ၍ ဖြစ်၏။ ဘိက္ခဝေ-ရဟန်းတို့၊ အယံ ဥပပတ္တိ-ဤသုဒ္ဓါဝါသသို့ ကပ်ရောက်၍ဖြစ်ခြင်းသည်၊ ပုထုဇ္ဇနေဟိ-ပုထုဇဉ်ခေါ် အများစု သတ္တဝါတို့နှင့်၊ အသာဓာရဏာ-မသက်ဆိုင်သော အဖြစ်ထူး ပေတည်း-လို့ မြတ်စွာဘုရားက ဆက်လက်ပြီး ဟောကြားတော် မူပါတယ်။

အဲဒီမှာ သုဒ္ဓါဝါသဘုံသို့ ရောက်တယ်ဆိုတော့ စတုတ္ထစျာန်ကိုလဲ ရထားဘို့လိုပါတယ်၊ မေတ္တာဘာဝနာဖြင့် တတိယစျာန်အထိသာရနိုင်တယ်၊ ဒီတော့ သုဒ္ဓါဝါသ၌ဖြစ်တာဟာ ဘယ်လိုဖြစ်တာပါလဲလို့မေးစရာရှိပါတယ်၊အဖြေကတော့ မေတ္တာစျာန်ကိုရပြီး အနာဂါမ်ဖြစ်သွားတဲ့နောက်မှာ ဥပေက္ခာ ဘာဝနာဖြင့် စတုတ္ထစျာန်ကိုလဲ ရသွားတယ်၊ အဲဒီလိုရဘို့ ဆိုတာကလဲ အနာဂါမ်မှာ မခက်ပါဘူး၊ အလွယ်ကလေးပါဘဲ၊ မူလကဘာစျာန်ကိုမှမရဘဲ ဝိပဿနာရှုပြီး အနာဂါမ်ဖြစ်သွားတဲ့ပုဂ္ဂိုလ်မှာလဲ စတုတ္ထစျာန်အထိ အလွယ်တကူဖြင့်ပင် ရပြီးတော့ အဲဒီသုဒ္ဓါဝါသဘုံကို ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် ဥပေက္ခာဘာဝနာဖြင့် စတုတ္ထစျာန်ကိုရပြီး သုဒ္ဓါဝါသဘုံသို့ ရောက်သွားတယ်လို့ မှတ်ယူဘို့ပါဘဲ။

ပုထုဇဉ်ပုဂ္ဂိုလ်မှာတော့ မေတ္တာစျာန်နှင့် ဥပေက္ခာစျာန်ကိုရပေမဲ့ အဲဒီ သုဒ္ဓါဝါသဘုံများသို့ မရောက်နိုင်ဘူး၊ ဒါကြောင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းကို ပုထုဇဉ်တွေနဲ့ မဆိုင်ကြောင်းလဲ ဖော်ပြသွားပါတယ်။ သောတာပန် သကဒါဂါမ်များလဲ အဲဒီ သုဒ္ဓါဝါသဘုံ၌မဖြစ်နိုင်ဘူး မဟုတ်ပါလား၊ အဲဒီ သောတာပန် သကဒါဂါမ်တို့နှင့် မဆိုင်ကြောင်းကိုတော့ ဘာ့ကြောင့်မဟောပါသလဲလို့ ဒီလိုလဲ မေးစရာရှိပါတယ်။ သောတာပန် သကဒါဂါမ်တွေလဲ အဲဒီ သုဒ္ဓါဝါသ၌ မဖြစ်နိုင်တာ မှန်ပါတယ်၊ ဒါပေမဲ့ သောတာပန် သကဒါဂါမ်တွေကတော့ အနာဂါမ်အဖြစ်သို့ အလွယ်တကူနဲ့ရောက်ပြီး အဲဒီသုဒ္ဓါဝါသမှာ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ဖြစ်ခွင့်မရှိတဲ့ ပုထုဇဉ်တွေနဲ့သာ မဆိုင်ကြောင်း ဖော်ပြတော်မူတယ်လို့ မှတ်ယူသင့်ပါတယ်။

ယခု ဟောခဲ့တာက အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်မှ ဒုတိယမေတ္တာသုတ်ပဲ၊ ပဌမမေတ္တာသုတ်မှာတော့ မေတ္တာစျာန် ရပြီး ပုထုဇဉ်အဖြစ်နဲ့ပဲ သေဆုံးသွားယင် ရထားတဲ့ စျာန်အား လျော်စွာ ပဌမစျာန်ဘုံ ဒုတိယစျာန်ဘုံ တတိယစျာန်ဘုံ ဝေဟပ္ဖိုလ်ဘုံတို့မှာ ဖြစ်ပြီး အဲဒီဘုံများက အသက်တမ်းကုန်လို့ စုတေတဲ့အခါ ကာမသုဂတိသို့ ပြန်ရောက်ပြီးတော့ အပါယ် လေးပါးသို့လဲ ရောက်နိုင်ကြောင်းနှင့် မြတ်စွာဘုရားတပည့် အရိယာဖြစ်ပြီးပုဂ္ဂိုလ်ကတော့ အဲဒီ ဗြဟ္မလောကမှာပဲ ရဟန္တာ ဖြစ်ပြီး အဲဒီမှာပဲ ပရိနိဗ္ဗာန်စံတဲ့အကြောင်းများကို ဟောထား ပါတယ်။ အဲဒါကိုလဲ ကြည်ညိုရအောင် နိဿယနည်းဖြင့် ပါဠိအနက်ကို ရွတ်ဆိုပြီး ဟောပြပါဦးမယ်။

## ပဌမ မေတ္တာသုတ် (အံ-ပ၊၄၄၃)

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤလောက၌၊ ဧကစ္စော ပုဂ္ဂလော- အချို့ပုဂ္ဂိုလ်သည်၊ မေတ္တာသဟဂတေန စေတသာ-မေတ္တာနှင့် တကွဖြစ်သောစိတ်ဖြင့်၊ ဧကံ ဒိသံ-အရပ်မျက်နှာတခုကို၊ ဖရိတွာ ဝိဟရတိ-ဖြန့်၍ နေ၏။ တထာ ဒုတိယံ-ထို့အတူ ဒုတိယအရပ် မျက်နှာကို ဖြန့်၍ နေ၏။ တထာ တတိယံ-ထို့အတူ တတိယ အရပ်မျက်နှာကို ဖြန့်၍ နေ၏။ တထာ စတုတ္ထံ-ထို့အတူ စတုတ္ထ အရပ်မျက်နှာကို ဖြန့်၍ နေ၏။ ဣတိ-ဤနည်းဖြင့်၊ ဥဒ္ဓံ-အထက် အရပ်ကိုလည်း၊ အဓော-အောက်အရပ်ကိုလည်း၊ တိရိယံ-ဖီလာ

အထောင့်အရပ်ကိုဂင်း၊ သဗ္ဗဓိ-အရပ်အားလုံး၌၊ သဗ္ဗတ္တတာယ-သတ္တဝါဟူသမျှကို မိမိကိုယ်နှင့် အတူထားလျက်၊ ဝါ-စိတ်အားလုံးဖြင့်၊ သဗ္ဗာဝန္တံ လောကံ-သတ္တဝါအားလုံးရှိသောလောကကို၊မေတ္တာသဟဂတေန စေတသာ-ချမ်းသာစေလိုသောစိတ်ဖြင့်၊ ဝိပုလေန - ကျယ်ပြန့်သောစိတ်ဖြင့်၊ မဟဂ္ဂတေန-မဟဂ္ဂုတ်ခေါ် ဈာန်စိတ်ဖြင့်၊အပ္ပမာဏေန-ရန်ကင်းသောစိတ်ဖြင့်၊အဗျာပဇ္ဈေန-နှလုံးမသာမှုကင်းသောစိတ်ဖြင့်၊ဖရိတွာ ဝိဟရတိ-ဖြန့်၍ နေ၏။

ဒီထိအောင် ဒေသနာကတော့ ဒုတိယမေတ္တသုတ်နှင့် အတူတူပါဘဲ၊ ဈာန်ရပြီး ဈာန်ဖြင့် ဖြန့်နေပုံ, ဈာန်ဝင်စားနေပုံကို ပြတာပါဘဲ၊ဒီကနောက်တော့ ဝိပဿနာမရှုပဲ သာယာသိမ်းပိုက်သောအားဖြင့် ထူးခြားပုံကို ဒီလို ပြတော်မူပါတယ်။

သော-ထိုပုဂ္ဂိုလ်သည်၊ တံ-ထိုမေတ္တာဈာန်ကို၊ အဿာဒေတိ-သာယာ၏၊ တံ-ထိုဈာန်ကို၊ နိကာမေတိ-ကြိုက်နှစ်သက်နေ၏၊ တေန-ထိုဈာန်ဖြင့်၊ ဝိတ္တိံ စ အာပဇ္ဇတိ-အားရဝမ်းမြောက်ခြင်းသို့လည်း ရောက်၏။ တတ္ထ ဌိတော - ထိုဈာန်၌တည်လျက်၊ တဒဓိမုတ္တော-ထိုဈာန်ကို နှလုံးသွင်းစွဲလမ်းလျက်၊ တဗ္ဗဟုလဝိဟာရီ-ထိုဈာန်ဖြင့် အကြိမ်များစွာဝင်စားနေလျက်၊ အပရိဟီနော-ထိုဈာန်မှမလျှောပဲ၊ ကာလံ ကုရုမာနော -သေဆုံးလတ်ကာယိကာနံ ဒေဝါနံ-ပဌမဈာန်ဗြဟ္မာတို့၏၊ သဟဗျတံ-အတူနေဖော်၊ ဗြဟ္မာဘုံသားဗြဟ္မာအဖြစ်သို့၊ ဥပပဇ္ဇတိ-ကပ်ရောက်၍ဖြစ်

၏။ (ဒါက မေတ္တာပဌမစျာန်ကိုသာ ရတဲ့သူ၏ ဖြစ်ပုံကို ပြောတဲ့ စကားဘဲ)သော-မေတ္တာဒုတိယစျာန်ကို ရသော ထိုပုဂ္ဂိုလ်သည်၊ တံ-ထိုစျာန်ကို၊ အဿာဒေတိ-သာယာ၏။ပ။ တဗ္ဗဟုလဝိဟာရီ-ထိုစျာန်ဖြင့် အကြိမ်များစွာ ဝင်စားနေလျက်၊ အပရိဟီနော-ထိုစျာန်မှ မလျှောပဲ၊ ကာလံ ကုရုမာနော-သေဆုံးလတ်သော်၊ အာဘဿရာနံ ဒေဝါနံ-အာဘဿရာဗြဟ္မာတို့၏၊ သဟဗျတံ - အတူနေ တန်းတူဗြဟ္မာအဖြစ်သို့၊ ဥပပဇ္ဇတိ-ကပ်ရောက်၍ ဖြစ်၏။

ဒါက မေတ္တာဒုတိယစျာန်ကို ရတဲ့သူ၏ ဖြစ်ပုံကို ပြောတဲ့ စကားပါဘဲ၊ ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရာ-လို့ ဒုတိယစျာန် ၃-ဘုံ ရှိရာမှာ အမြင့်ဆုံး အာဘဿရာဘုံဖြင့် ပဓာနပြုပြီး ပြတာပါဘဲ။ အဲဒီကနောက် မေတ္တာတတိယစျာန် ရပြီး သေတဲ့အခါ ပရိတ္တသုဘာ အပ္ပမာဏသုဘာ သုဘကိဏှာ-ဆိုတဲ့တတိယစျာန် ၃-ဘုံရှိရာမှာ အမြင့်ဆုံးသုဘကိဏှာဘုံ ရောက်ပုံကိုလဲ ပဓာနပြုပြီး ပြတော်မူပါတယ်။ အဲဒီကနောက် ဥပေက္ခာဘာဝနာ စသည်ဖြင့် ရကောင်းတဲ့ စတုတ္ထစျာန်ကို ရပြီး အဲဒီစျာန်ကို သာယာလျက် သေတဲ့အခါ ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ပုံကိုလဲ ပြတော်မူပါတယ်၊ အဲဒါက ပုထုဇဉ်တို့ ရောက်နိုင်တဲ့ ရူပါဝစရဘုံထဲမှာ အမြင့်ဆုံးဘုံ ဖြစ်တယ်၊ အသက်တမ်းကလဲ ကပ္ပါပေါင်း ၅၀၀-ရှိတယ်။ အဲဒီဘုံတွေရောက်ပြီးတော့ အသက်တမ်းကုန်တဲ့အခါ လူ့ဘုံ ကာမာဝစရစနတ်ဘုံများသို့ ပြန်လာပြီးတော့ အပါယ်လေးပါးလဲ ရောက်နိုင်ပုံကို ဒီလို ဆက်လက် ပြတော်မူပါတယ်။

တတ္ထ-ထိုဗြဟ္မလောက၌၊ ပုထုဇ္ဇနော-ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ယာဝတာယုကံ - အသက်တမ်းရှိသမျှကာလပတ်လုံး၊ ဌတွာ - တည်နေပြီး၍၊ ယာဝတကံ တေသံ ဒေဝါနံ အာယုပ္ပမာဏံ၊ တံ သဗ္ဗံ-ထိုဗြဟ္မာတို့၏ ရှိသမျှအသက်တမ်းအားလုံးကို၊ ခေပေတွာ-ကုန်စေ၍၊ (အသက်တမ်းရှိသမျှနေပြီးလျှင်-လို့ ဆိုလိုတာပါဘဲ) နိရယမ္ပိ ဂစ္ဆတိ-ငရဲသို့လဲရောက်တတ်၏၊တိရစ္ဆာနယောနိမ္ပိ-ဂစ္ဆတိ-တိရစ္ဆာန်အဖြစ်သို့လဲ ရောက်တတ်၏၊ ပေတ္တိဝိသယမ္ပိ ဂစ္ဆတိ-ပြိတ္တာဘုံသို့လဲ ရောက်တတ်၏။

ဒီစကားရပ်သုံးခုကတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်ကြောင်းကံ ကိလေသာ မကင်းသေးသောကြောင့် အဲဒီဘုံများရောက်နိုင်တာကို ပြတာပါဘဲ၊ ဗြဟ္မာဘဝမှ သေပြီး ချက်ခြင်းတော့ အပါယ်ဘုံများ မရောက်နိုင်ပါဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့— ဗြဟ္မလောကသို့ ရောက်ကြောင်းစျာန်ကို ဖြစ်ပွားစေစဉ်ဘဝတုန်းက ဥပစာရသမာဓိကုသိုလ်ကံကြောင့် လူ့လောက နတ်လောက၌သာ ဖြစ်ရိုးရှိပါတယ်၊ ဒါကြောင့်ပါဘဲ။ မေတ္တာစျာန်ရပြီး အရိယမဂ်ဖိုလ်တရားထူးကိုရတဲ့ ဘုရားတပည့်အစစ်ဖြစ်သူကတော့ ကိလေသာမကင်းသေးယင် သေသည်၏ အခြားမဲ့မှာ ဗြဟ္မလောကသို့ ရောက်တယ်၊ အဲဒီဗြဟ္မလောကမှာပဲ အရဟတ္တမဂ်ဖိုလ်သို့ရောက်ပြီး ပရိနိဗ္ဗာန်စံရတယ်၊ အဲဒီလို ထူးခြားပုံကိုလဲ ဒီလို ဆက်ပြီး ဟောတော်မူပါတယ်။

ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကော ပန-အရိယာသာဝကတပည့်သည်ကား၊ (ဒီစကားဖြင့် မေတ္တာစျာန်အခြေခံ

ပြီး ဝိပဿနာရှုလို့ သောတာပန် သကဒါဂါမ် အနာဂါမ် အရိယာသာဝကဖြစ်ကြောင်းကို ပြပါတယ်) တတ္ထ-ထိုဗြဟ္မလောက၌၊ ယာဝတာယုကံ-အသက်တမ်းရှိသမျှကာလပတ်လုံး၊ ဌတွာ-တည်နေပြီး၍၊ ယာဝတကံ တေသံ ဒေဝါနံ အာယုပ္ပမာဏံ၊ တံ သဗ္ဗံ ခေပေတွာ-ထိုဗြဟ္မာတို့၏ ရှိသမျှ အသက်တမ်း အားလုံးကိုကုန်စေ၍၊တသ္မိံ ယေဝ ဘဝေ-ထိုဗြဟ္မာဘဝ၌ပင်လျှင်၊ ပရိနိဗ္ဗာယတိ-ပရိနိဗ္ဗာန်စံရလေတော့၏။ဘိက္ခဝေ-ရဟန်းတို့၊အယံ "ဈာန်ရပုထုဇဉ်ပုဂ္ဂိုလ်သည် ဗြဟ္မာ ဖြစ်ပြီးလျှင် အသက်တမ်း ကုန်သောအခါ ကာမသုဂတိသို့ ပြန်ရောက်လာပြီးနောက် ငရဲ တိရစ္ဆာန် ပြိတ္တာဘဝများ၌လည်း ဖြစ်နိုင်သေးခြင်းနှင့် မေတ္တာဈာန်ရ အရိယာသာဝကသည်ကား ဗြဟ္မာဖြစ်ပြီးလျှင် ထိုဗြဟ္မလောက၌သာလျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရခြင်း"ဟူသော ဤနှစ်ထွေသည်၊ ဝိသေသော-ကွဲပြားထူးခြားခြင်းပေတည်း။

ယခုပြောခဲ့တဲ့ ပဌမမေတ္တာသုတ်အရအားဖြင့် သိစေလိုတာကတော့ မေတ္တာဈာန်ကို ရ၍ ထိုဈာန်မျှနဲ့ အားရကျေနပ်နေလျှင် သေသည်၏အခြားမဲ့မှာ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်တယ်၊ သို့သော် ဝိပဿနာမရှုတဲ့အတွက် အရိယမဂ်ဖိုလ်တရားထူးကို မရသေးလျှင် ဗြဟ္မလောကမှ အသက်တမ်းကုန်လို့ စုတေတဲ့အခါ လူ့ဘဝ ကာမာဝစရနတ်ဘဝ ပြန်ရောက်လာရမယ်၊ အဲဒီအခါ အပါယ်လားကြောင်း မကောင်းမှုကိုပြုမိလျှင် အပါယ်လေးပါးသို့လဲ ကျရောက်ရဦးမယ်။ အဲဒီတော့ ဈာန်ရပြီး ဗြဟ္မလောက ရောက်ရပေမဲ့ အပါယ်လေးပါး မလွတ်သေးတဲ့ အခြားပုဂ္ဂိုလ်

တွေနဲ့ ဘာမျှမထူးဘဲ အတူတူ ဖြစ်နေတယ်။ မေတ္တာစျာန်ရပြီး ဝိပဿနာရှုလို့ အောက်ထစ်ဆုံး သောတာပန် ဖြစ်သွားယင်ကို သေသည်၏အခြားမဲ့၌ ဗြဟ္မာ့ပြည်ကိုလဲ ရောက်သွားမယ်၊ အဲဒီ ဗြဟ္မာ့ပြည်မှ ကာမဘုံကို ပြန်မလာတော့ဘူး၊ အဲဒီ ဗြဟ္မာ့ပြည် မှာပင် ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း ငြိမ်းသွားရမယ်၊ အဲဒီ ပုဂ္ဂိုလ်ကို အနာဂါမ်မဟုတ်ပေမဲ့ စျာန်ဖြင့် ကာမရာဂကို ပယ် ထားပြီး ဖြစ်သောကြောင့် ကာမဘုံသို့ ပြန်မလာတဲ့ စျာန အနာဂါမ်ခေါ်တယ်။စျာန်ရပြီး သကဒါဂါမ်ဖြစ်ယင်လဲထိုအတူ ဘဲ၊ ကာမဘုံပြန်မလာတော့ဘူး၊ စျာနအနာဂါမ် မည်တာဘဲ။

စျာန်ရပြီးအနာဂါမ် ဖြစ်သွားယင်တော့ ဒုတိယမေတ္တာသုတ် မှာ ဟောပြထားတဲ့အတိုင်း သုဒ္ဓါဝါသငါးဘုံထဲက အောက်ဆုံး အဝိဟာဘုံမှာဖြစ်ပြီးတော့ အဲဒီဘုံမှာပဲ ရဟန္တာဖြစ်ပြီးပရိနိဗ္ဗာန် စံတာလဲ ရှိတယ်၊ ရဟန္တာ မဖြစ်သေးယင်တော့ ကပ္ပါပေါင်း တထောင် အသက်တမ်းကုန်တဲ့အခါ အဲဒီဘုံမှစုတေပြီး ဒုတိယ အဆင့် အတပ္ပါဘုံမှာ ဖြစ်ရတယ်၊ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲရှိတယ်၊ ရဟန္တာ မဖြစ်သေးယင်တော့ ကပ္ပါ ပေါင်း နှစ်ထောင် အသက်တမ်း ကုန်တဲ့အခါ တတိယ အဆင့် သုဒဿာဘုံမှာ ဖြစ်ရတယ်၊ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံတာလဲ ရှိတယ်၊ ရဟန္တာ မဖြစ်သေးယင်တော့ ကပ္ပါပေါင်း လေးထောင် အသက်တမ်း ကုန်တဲ့အခါ စတုတ္ထအဆင့် သုဒဿီ ဘုံမှာဖြစ်ရတယ်၊ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်၊ ရဟန္တာမဖြစ်သေးယင်တော့ ကပ္ပါပေါင်း ရှစ်ထောင်

အသက်တမ်း ကုန်တဲ့အခါ အထက်ဆုံး အကနိဋ္ဌဘုံမှာ ဖြစ်ရတယ်၊ အဲဒီဘုံမှာတော့ ကေန်ပင် ရဟန္တာဖြစ်ပြီးတော့ ကပ္ပါပေါင်း တသောင်း ခြောက်ထောင် အသက်တမ်း ကုန်တဲ့ အခါ ကေန်ပင် ပရိနိဗ္ဗာန်စံရတော့တာဘဲ။

မေတ္တာ၏ အကျိုးအာနိသင် ၁၁-ပါးထဲက (၁၁) လားလေ ဗြဟ္မာ ဆိုတဲ့ အကျိုးနဲ့စပ်ပြီး အင်္ဂုတ္တရ ပါဠိတော်များနှင့်တကွ ရှင်းလင်းပြလာတာ ဘော်တော်ပြည့်စုံသွားပါပြီ။ အဲဒီစကား ၏မှီရာ အင်္ဂုတ္တရပါဠိ(တ၊ ၅၄၂)မှာ "ဥတ္တရိ အပ္ပဋိ ဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ" လို့ ဖော်ပြထားပါတယ်။ အဲဒါကို အဋ္ဌကထာက မေတ္တာသမာပတ္တိတော-မေတ္တာစျာန် သမာပတ်ထက်၊ ဥတ္တရိ-အလွန်၊ အရဟတ္တံ အဓိဂန္တုံ-အရဟတ္တဖိုလ်ကို ရရန်၊ အသက္ကောန္တော-မစွမ်းနိုင်သော ပုဂ္ဂိုလ်သည်၊ ဣတော စဝိတွာ-ဤ လူ့ဘဝမှ စုတေ၍၊ သုတ္တပ္ပဗုဒ္ဓေါ ဝိယ-အိပ်ပျော်နေရာမှ နိုးလာသူကဲ့သို့၊ ဗြဟ္မလောကံ ဥပပဇ္ဇတိ-ဗြဟ္မလောကသို့ ကပ်ရောက်၍ဖြစ်သည်-လို့ ဖွင့်ပြထားပါတယ်။

အဲဒီမှာ "မေတ္တာ သမာပတ်ထက် အလွန် အရဟတ္တဖိုလ် မဆောက်နိုင်သေးယင်" ဆိုတဲ့စကားအရ "မေတ္တာစျာန်သက်သက်မျှ ရယင်လဲ ဗြဟ္မလောကသို့ ကပ်ရောက်ဖြစ်နိုင်တယ်" ဆိုတာရော၊ "မေတ္တာသမာပတ်အခြေခံပြီး အောက်ဖိုလ် သုံးပါးထဲက တပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးလုံးဖြစ်စေ ရယင်လဲ ဗြဟ္မလောကသို့ ကပ်ရောက် ဖြစ်နိုင်တယ်" ဆိုတာတွေရော အကုန်

ပါဝင်သွားပါတယ်။ ဒါကြောင့် မေတ္တာအကျိုး အာနိသင်ပြ ဆောင်ပုဒ်မှာ "အိပ်နိုးချမ်းသာ။ပ။ သေခါမတွေ၊ လားလေ ပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း"လို့ ဆိုထားတာပါဘဲ။

အဲဒီ မေတ္တာအကျိုးပြ ဆောင်ပုဒ်ကိုလဲ ထပ်ပြီးဆိုကြရမယ်။

အိပ်‚နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ‚ နတ်၊ စောင့်လတ်နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျှင်စွာစိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုး တည်း။

မေတ္တာပွားယင်း ဝိပဿနာရှုရန်

ကဲ—အဲဒီအကျိုးတွေ ရသင့်သမျှရအောင် အခြေခံအနေဖြင့် မေတ္တာလဲ ပွားကြရမယ်၊ အဲဒီ နှလုံးသွင်း ရွတ်ဆိုပွားများတဲ့ နာမ်ရုပ်တွေကိုလဲ နောက်ကလိုက်ပြီး ဝိပဿနာရှုကြရမယ်၊ ဘုန်းကြီးက ဖြေးဖြေးချင်း ဆိုပေးမယ်၊ ရွတ်ဆိုပွားနေယင်း ရှုလဲ ရှုမှတ်ကြရမယ်။

ဒီရိပ်သာအတွင်းက ရဟန်းရှင်လူတွေ ယောဂီတွေ အားလုံး ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....။

ဒီရိပ်သာအတွင်းက နတ်တွေ အားလုံး ချမ်းသာကြပါစေ.... ချမ်းသာကြပါစေ။

ဒီမြို့နယ်အတွင်းက လူတွေ နတ်တွေ သတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ....

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းက လူတွေ နတ်တွေ သတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ.... ချမ်းသာကြပါစေ..... ချမ်းသာကြပါစေ....။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....ချမ်းသာကြပါစေ....။

ဒီမေတ္တာ ဗြဟ္မဝိဟာရ ဘာဝနာတရားကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာ, မေတ္တာနှင့် ဝိပဿနာကို နှလုံးသွင်း ရွတ်ဆိုရှူပွားကြရသော သမထဝိပဿနာ ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာယူ ပွားများကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မေတ္တာဘာဝနာကိုလဲ စွမ်းနိုင်သမျှ ပွားများအားထုတ်ကြသည့်ပြင် ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်မှု ဝိပဿနာကိုလဲ တိုးတက်ပွားများ အားထုတ်နိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

ဗြဟ္မဝိဟာရတရားတော် စတုတ္ထပိုင်း ပြီး၏။

ဗြဟ္မဝိဟာရ တရားတော်

# ပဉ္စမပိုင်း

## ၁၃၂၇-ခုနှစ် တော်သလင်းလကွယ်နေ့ ဟောသည်

---

### တရားအနုသန္ဓေ

ဗြဟ္မဝိဟာရခေါ် ဗြဟ္မစိုရ်တရားတော်ကို ဝါဆိုလပြည့်နေ့ကစပြီး ဟောလာတာ ၁၀-သီတင်းရှိပြီ၊ မေတ္တာဘာဝနာပွားပုံအကြောင်းကိုတော့ တော်သလင်း လဆုတ် ၈-ရက်နေ့က အပြီးသတ်ခဲ့ပါပြီ၊ ဒီကနေ့ ကရုဏာပွားပုံကို ဟောရမယ်။

### ကရုဏာဆိုတာ ဘာလဲ

ကရုဏာဆိုတာ ဗမာလို သနားခြင်းပါဘဲ၊ ဒီ သနားခြင်းဆိုတဲ့ ဗမာဝေါဟာရကတော့ အခြားအရာတွေနဲ့ ရောယှက်ခြင်းမရှိပါဘူး သန့်ရှင်းပြတ်သားပါတယ်။ မေတ္တာဆိုတာကို ဗမာလို ချစ်ခြင်းလို့ဆိုရတယ်၊ အဲဒီ ချစ်ခြင်းဆိုတာကတော့ ရာဂဖြင့် တပ်မက်ပြီး ချစ်တာနဲ့ ရောယှက်နေတယ်၊ အမှန်ကတော့ မေတ္တာဆိုတဲ့ ချစ်ခြင်းဆိုတာက ချမ်းသာစေလိုခြင်းဘဲ။ ဒီ ကရုဏာဆိုတဲ့ သနားခြင်း ဆိုတာကတော့ အခြား တပါးနှင့် ရောယှက်ခြင်းမရှိပါဘူး၊ ရှင်းလင်းပြတ်သားနေပါတယ်။ဆင်းရဲ

ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ကို အဲဒီ ဆင်းရဲမှ ကင်းလွတ်စေချင်တဲ့ သဘောတမျိုးတည်းပါဘဲ၊ ဒါကြောင့် ဒီကရုဏာ၏ တရားကိုယ် သဘော လက္ခဏာကို "ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ- ဆင်းရဲကို ပယ်လိုသော အခြင်းအရာဖြင့် ဖြစ်ခြင်းသဘော ဖြစ်တဲ့ သဘောလက္ခဏာ ရှိတယ်"လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထား တာပါဘဲ။

တစုံတယောက်ဖြစ်စေ၊ အများဖြစ်စေ ဆင်းရဲဒုက္ခရောက် နေတာကို မြင်တွေ့ရယင်, ကြားသိရယင် သူတော်ကောင်းဖြစ် တဲ့ ပုဂ္ဂိုလ်မှာ အဲဒီဖြစ်ပေါ်နေတဲ့ ဆင်းရဲဒုက္ခကို ပယ်ဖျောက် ပေးလိုတဲ့စိတ် ဖြစ်တယ်၊ အဲဒါဟာ သနားတဲ့စိတ်ပဲ၊ ဒါကြောင့် ပရဒုက္ခေ သတိ-သူတပါးမှာ ဆင်းရဲရှိလတ်သော်၊ ဝါ-သူတပါး ဆင်းရဲနေတာကို မြင်ရ ကြားရလတ်သော်၊ သာဓူနံ-သူတော် ကောင်းတို့၏၊ ဟဒယကမ္ပနံ-နှလုံးတုန်ခြင်းကို၊ ကရောတီတိ- ပြုတတ်သောကြောင့်၊ ကရုဏာ-ကရုဏာ မည်တယ်လို့ ဝစနတ္ထ ပြုပြီးတော့ ပြထားပါတယ်။

တနည်းအားဖြင့် ပရဒုက္ခံ-သူတပါး၏ ဆင်းရဲကို၊ ကိဏာတိ ဟိံသတိ ဝိနာသေတီတိ- ပယ်ဖျောက်တတ်- ပယ်ဖျောက်လို တတ်သောကြောင့်၊ ကရုဏာ-ကရုဏာမည်ပါတယ်တဲ့။ ကရုဏာ က သူတပါးဆင်းရဲကို ပယ်တတ်တယ်ဆိုတော့ တကယ်ပယ်တတ် ပါသလားလို့ မေးစရာရှိတယ်၊ သနားတဲ့သူက ဒုက္ခရောက်နေတဲ့ သူကို ကရုဏာ၏ အစွမ်းဖြင့် ကယ်တင်ပေးလို့ ဆင်းရဲတကယ်

ပျောက်သွားတာလဲ ရှိတယ်၊ သနားသော်လဲ မကယ်နိုင်လို့ မပျောက်တာလဲရှိတယ်၊ အဲဒီလို တကယ် မပျောက်စေနိုင်ပေမဲ့ သနားတဲ့သူမှာ ဆင်းရဲကို ပယ်လိုတဲ့စိတ်ကတော့ ရှိနေတာဘဲ၊ ကိုယ်နဲ့ စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို တွေ့ရယင် သနားတဲ့ သဘောက အဲဒီဆင်းရဲကို ပျောက်စေချင်တာဘဲ၊ မကျန်းမမာ ရောဂါအနှိပ်စက်ခံနေရတဲ့ သူကို တွေ့ရယင် အဲဒီ ရောဂါဝေဒနာကို ပျောက်စေချင်တာဘဲ၊ "ပျောက်စေ"လို့အမိန့်ပေးလိုက်ရုံနဲ့ ပျောက်သွားမယ်ဆိုယင် အဲဒီလိုတောင် အမိန့်ပေးချင်နေတာဘဲ၊ ဒါပေမဲ့ ဆေးကုသတဲ့ နည်းကို နားမလည်ယင်တော့ ဘာမျှမတတ်နိုင်ဘူးပေါ့၊ မတတ်နိုင်ပေမဲ့ အဲဒီရောဂါ ပျောက်စေချင်တာဆင်းရဲကင်းစေချင်တာ ကတော့ ရှိနေတာဘဲ၊ ဒါကြောင့် သူတပါး၏ ဆင်းရဲကို ပယ်ဖျောက်တဲ့သဘော, ပယ်ဖျောက်လိုတဲ့ သဘောကို သနားခြင်း ကရုဏာလို့ ဆိုရတယ်။

တနည်းအားဖြင့် ကံ သုခံ-မိမိ၏ ချမ်းသာကို၊ ရုန္ဓတီတိ-တားမြစ်တတ်သောကြောင့်၊ကရုဏာ-ကရုဏာ မည်ပါတယ် တဲ့။ ကရုဏာ ဆိုတာ ကိုယ့်ချမ်းသာကို ဖြစ်ခွင့်မပေးပဲ တားမြစ်တတ်တယ် တဲ့၊ သနားတတ်တဲ့ပုဂ္ဂိုလ်မှာ သူတပါးအား ဆင်းရဲမှ လွတ်မြောက်ရအောင် ကူညီဆောင်ရွက်ပေးနေရတာနဲ့ ချမ်းသာ ဖြစ်ဖို့အချိန်တွေ လျော့သွားတယ်၊ ကိုယ့်အနီးမှာ ဒုက္ခရောက်နေတဲ့သူကို တွေ့ရယင် သနားတဲ့သူက တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပြီး စောင့်ရှောက်နေရတယ်၊ အဲဒီအချိန်အတွင်း ချမ်းသာ

စွာ နေထိုင်ဘို့ အခွင့်မရပဲ ဖြစ်သွားတယ်၊ ညဥ့်အိပ်ချိန်မှာ မအိပ်ပဲနဲ့ ကူညီစောင့်ရှောက်ရတာလဲ ရှိတတ်တယ်၊ အဲဒီလို ဆိုတော့ အိပ်ရေးပျက်ပြီး ချမ်းသာခွင့် ပျက်သွားတာဘဲ၊ နေမကောင်း ထိုင်မသာ မကျန်းမာတဲ့သူကို တွေ့ရယင် သနားတဲ့သူက ကူညီစောင့်ရှောက်ရတယ်၊ အဲဒီလို ကူညီစောင့်ရှောက်ရတဲ့အတွက် ညောင်းညာ ပင်ပန်းခြင်းလဲ ဖြစ်ရတတ်တယ်၊ အကြောင်းမညီညွတ်ယင် မိမိပါတောင် နေမကောင်းဖြစ်တတ်သေးတယ်၊ တခါက ဆရာဝန်တဦးဟာ လာတဲ့လူမမာတွေကို အချိန်မရွေး ဆေးခံပြောဆို ပြုစုနေတဲ့အတွက် အစာစားချိန် လွန်လွန်သွားလို့ အစာအိမ်ရောဂါဖြစ်ရတယ်လို့ ဆိုတယ်၊ အဲဒီ ရောဂါနဲ့ပဲ ငယ်ရွယ်တုန်းမှာပင် ဆုံးသွားရှာတယ်။ ဒါကြောင့် သနားခြင်း ကရုဏာက မိမိ၏ ချမ်းသာကို တားမြစ်တတ်တယ် ဆိုတာ တကယ်ဟုတ်တာဘဲ။

## ဘုရားအလောင်းတော်၏ ကရုဏာ

ဘုန်းကြီးတို့၏ဂေါတမဘုရားအလောင်းလျာဖြစ်တဲ့သုမေဓာ ဆိုတဲ့ ရှင်ရသေ့ဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းထက်က ဒီပင်္ကရာ မြတ်စွာဘုရားကြွလာမည့်လမ်းကို ပြုပြင်နေယင်း အချိန်မှီ မပြီးတာနဲ့ ဘုရား ကြွလာတဲ့အခါ သူ့ကိုယ်ကို တံတားသဖွယ် ဝမ်းလျားမှောက်ခင်းပြီး လှူတယ်၊ အဲဒီတုန်းက ဒီပင်္ကရာမြတ်စွာ ဘုရားသာသနာမှာ ဝင်၍ ရဟန်းပြုပြီး တရားကျင့်လိုက်မယ် ဆိုယင် အဲဒီဘဝမှာပင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို ဝင်စံနိုင်တယ်၊

အဲဒီလို သူ့စိတ်ထဲမှာ ယုံကြည်သိမြင်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ — သူက ဈာန်အဘိညာဉ်တွေကို ရနေတဲ့ပုဂ္ဂိုလ်ထူး ဖြစ်သောကြောင့်ပါဘဲ၊ အဲဒီလို ဈာန်ရပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား၏ တရားကို နာရယင် အဲဒီတရားနာနေယင်းပင် ရဟန္တာအထိ ဖြစ်နိုင်တဲ့အခြေအနေ ရှိနေပါတယ်။

ဒါပေမဲ့ သုမေဓာရှင်ရသေ့က ဒီလို ဆင်ခြင်မိတယ်၊ ငါလို သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဆိုတဲ့ ခွန်အားဗလနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ရှားတယ်၊ မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကသာ များတယ်၊ အဲဒီလို ပုဂ္ဂိုလ်သတ္တဝါတွေမှာ သူတို့အလိုလို ဆိုယင် အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့တရားကို မသိမမြင်နိုင်ဘူး၊ မကျင့်ကြံနိုင်ဘူး၊ ငါဟာ အင်အားပြည့်စုံနေသူဖြစ်ပါလျက် ငါ့တကိုယ်တည်းလွတ်မြောက်ရုံမျှဖြင့် အကျိုးမများဘူး၊ ငါဟာ ဘုရားဖြစ်ကြောင်း ပါရမီတွေကို ဖြည့်ကျင့်ပြီးတော့ ဒီပင်္ကရာဘုရားလိုပင် ဘုရားဖြစ်ပြီး အင်အားနဲ့တဲ့သတ္တဝါတွေကို ကယ်တင်ရယင် ကောင်းမှာဘဲလို့ ဆင်ခြင်မိ ကြံမိပါသတဲ့၊ အဲဒါကို ဗုဒ္ဓဝင်ပါဠိမှာ ဒီလို ပြထားပါတယ်။

ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဈာတယာမဟံ။
ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ တဲ့။

အဟံ-ငါသည်၊ ဣစ္ဆမာနော-အလိုရှိပါမူ၊ အဇ္ဇ-ယနေ့ပင်၊ ကိလေသေ-ကိလေသာတို့ကို၊ ဈာတယာမိ-ပယ်သတ်နိုင်ပါ၏။

ပန-သို့သော်လည်း၊ ထာမဒ္ဒဿိနာ-ဘုရားဖြစ်နိုင်သည့်ခွန်အားကို မြင်သော၊ ပုရိသေန ဟောဇ္ဇေန – ယောကျ်ားဖြစ်ပါလျက်၊ ကေနတိဏ္ဏေန-တယောက်တည်း နိဗ္ဗာန်သို့ ကူးသွားခြင်းဖြင့်၊ မေ-ငါ့အား၊ ကိံ-အဘယ်အကျိုး ရှိအံ့နည်း။ အဟံ-ငါသည်၊ သဗ္ဗညုတံ-ဘုရားအဖြစ်သို့၊ ပါပုဏိတွာ-ရောက်ပြီးလျှင်၊ သဒေဝကံ-နတ်လူအပေါင်းကို၊ သန္တာရေဿံ-နိဗ္ဗာန်ရွှေနန်း ဟိုဘက်ကမ်းသို့ ကူးသန်းရောက်စေ ကယ်တင်ဖေအံ့-လို့ ဆင်ခြင်မိပါတယ်။

အဲဒီလို ဆင်ခြင်ပြီးတော့ ဘုရားဆုကို ပန်ယူခဲ့တယ်၊ အဲဒီလို ဘုရားဆုပန်ပြီး ဘုရားဖြစ်ကြောင်းပါရမီတွေကို လေးသင်္ချေနှင့် ကပ္ပါတသိန်း ကာလပတ်လုံး ဖြည့်ကျင့်တော်မူခဲ့ ရတယ်၊ အဲဒီ လေးသင်္ချေနှင့် ကပ္ပါတသိန်း အတွင်းမှာ ဖြစ်ခဲ့ရတဲ့ ဘဝတွေ အိုခဲ့ရ နာခဲ့ရ သေခဲ့ရတာတွေ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံစားခဲ့ရတာတွေ မရေမတွက်နိုင်အောင် အလွန့် အလွန်ပင် များခဲ့ပါတယ်။ ပါရမီတွေ ဖြည့်ကျင့်ရာမှာလဲ အများကြီးဆင်းရဲခဲ့ရပါတယ်။ ဝေဿန္တရာမင်း ဘဝတုန်းက ဆင်ဖြူတော် လှူဘာနဲ့ တိုင်းပြည်က မကျေနပ်လို့ တောထဲမှာ ထွက်ပြီး နေခဲ့ရတယ်၊ အဲဒီတောထဲမှာ ဇူဇကာဆိုတဲ့ပုဏ္ဏားက အစေခံအဖြစ် အသုံးချရန်အတွက် သားတော် သမီးတော် ကလေးများကို လာရောက် အလှူခံတယ်၊ ဇာလီ သားတော်ကလေးနဲ့ ကဏှာဇိန် သမီးတော် ကလေးဆိုတဲ့ လူမမယ် သူငယ်ကလေးများကို မျက်ရည်စက်လက်နဲ့ ပေးလှူခဲ့ရတယ်၊ ဘယ်လောက် ဆင်းရဲရှာမလဲဆိုတာ စဉ်းစား

သာ ကြည့်ကြပေတော့။ အဲဒီလို ခဲခဲယဉ်းယဉ်းပါရမီဖြည့်ခဲ့ရတဲ့အတွက်လဲ များစွာ ဆင်းရဲခဲ့ရတယ်။

နောက်ပြီးတော့ ဘုရား အလောင်းတော် ဆိုပေမဲ့ အပါယ်လားကြောင်းကိလေသာတွေကလဲရှိနေသေးတဲ့အတွက် လောဘ ဒေါသ မောဟ အလျှောက်ပြုမိတဲ့ ဒုစ္စရိုက် အကုသိုလ်ကံကလဲ ရှိသေးတာဘဲ၊ အဲဒီ ဒုစ္စရိုက်ကံကြောင့် တိရစ္ဆာန်ဖြစ်ပြီး ဆင်းရဲခဲ့ရတဲ့ ဘဝတွေလဲ များစွာရှိခဲ့တာဘဲ၊ တခုသော ဘဝတုန်းက မင်းဖြစ်ပြီးတော့ မတရားစီရင်ချက်ချပြီး နှိပ်စက်ခဲ့ဘူးတဲ့အတွက် ငရဲကျခဲ့ရတဲ့ဘဝရှိကြောင်းလဲ တေမိယဇာတ်မှာ ပြဆိုထားချက်ရှိတယ်။

ယခုပြောခဲ့တဲ့အတိုင်းဘုရားအလောင်းတော်မှာ လေးသင်္ချေနှင့် ကပ္ပါတသိန်း အတွင်း တွေ့ကြုံ ခံစားခဲ့ရတဲ့ အတိုင်းမသိများစွာသော ဆင်းရဲတွေဟာ ဘာကြောင့်လဲ ဆိုယင်၊ အများသတ္တဝါတွေကို သနားတဲ့ကရုဏာအစွမ်းဖြင့် ဘုရားဆုပန်ခဲ့လို့ပါဘဲ၊ ဒါကြောင့် ကရုဏာက မိမိ၏ ချမ်းသာကို တားမြစ်တတ်တယ်ဆိုတာ အလွန်ထင်ရှားပါတယ်။

## မြတ်စွာဘုရား၏ မဟာကရုဏာတော်

ဘုရားဖြစ်တော်မူပြီးတဲ့နောက်လဲ သတ္တဝါတွေအား တရားမဟောပဲ နေမယ်ဆိုယင် ဆင်းရဲမရှိပဲ ချမ်းသာနေမှာဘဲ၊ ဒါပေမဲ့ သက်တော်ဝါတော် ၄၅-နှစ်၊ ၄၅-ဝါပတ်လုံး နေ့ရော

ညဥ့်ပါ တရားဟောကြားတော် မူရတဲ့အတွက် ကိုယ်၏ ဆင်းရဲ ပင်ပန်းမှုတွေ များစွာရှိခဲ့ပါတယ်၊ အဲဒါဟာ ဘာကြောင့်လဲ ဆိုယင် သံသရာ ဝဋ်ဆင်းရဲထဲမှာ နစ်မွန်း မျောပါးနေကြတဲ့ သတ္တဝါတွေကိုသနားတော်မူသော မဟာကရုဏာတော်ကြောင့် ပါဘဲ။

သတ္တဝါတွေက မအိုချင်ကြဘူး၊ မနာချင်ကြဘူး၊ မသေချင် ကြဘူး၊ ဒါပေမဲ့ အိုလိုက် နာလိုက် သေလိုက်နဲ့ အမြဲမပြတ် ဆင်းရဲနေကြရတယ်။ အဲဒီ ဆင်းရဲမှ လွတ်မြောက်အောင် ငါ ဘုရားမှတပါး ကယ်မနိုင်မည့်သူမရှိဘူးလို့မြင်တော်မူပြီး သနား တော်မူတဲ့ မဟာကရုဏာတော်ဖြင့် ကိုယ်ဆင်းရဲ ပင်ပန်းတာကို မငဲ့ပဲ အကြောင်းအားလျော်စွာ တရားတော်တွေကိုဟောကြား တော်မူခဲ့တာဘဲ၊ အဲဒါလဲ ကရုဏာဏ တားမြစ်လို့ ချမ်းသာတွေ ဖြစ်ခွင့်မရဘဲ ဆင်းရဲတွေကို ခံစားသွားတော်မူ ရတာပါဘဲ။

ဒါပေမဲ့ ဒီကရုဏာက အင်မတန် မြင့်မြတ်သိမ်မွေ့ပါတယ်၊ သူတော်ကောင်းမှန်ယင် ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို သနား ခြင်းကရုဏာ ဖြစ်မြဲပါဘဲ၊ သနားသင့်ပါလျက် မသနားယင် အဲဒီလူဟာ သူတော်မဟုတ်သူယုတ်မာဘဲ။ ဒါကြောင့် ဒီကရုဏာ တရားဟာ သူတော်ကောင်းတိုင်း မှီဝဲပွားများသင့်တဲ့ သေဝိတဗ္ဗ, ဘာဝိတဗ္ဗ တရားပါဘဲ၊ ဘာဝနာ အနေဖြင့် မဟုတ်ဘောင် သနားစရာပုဂ္ဂိုလ်ကိုတွေ့ရယင် သနားတဲ့စိတ်ဖြစ်ရတယ်၊ အဲဒီလို သနားတိုင်း သနားတိုင်း ကုသိုလ်တရား ဖြစ်ပွားတာပါဘဲ။

ဘာဝနာအနေဖြင့် ပွါးချင်ယင် ဘယ်လိုပွားရမလဲဆိုတော့ မေတ္တာဘာဝနာတုန်းကလိုပါဘဲ၊ ရင်းနှီးခင်မင်ခြင်းဖြင့် ချစ်တဲ့ ပုဂ္ဂိုလ်မှာလဲ စပြီး မပွားရဘူး၊ အလွန်ချစ်တဲ့ ပုဂ္ဂိုလ်မှာလဲ စပြီး မပွားရဘူး၊ မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်မှာလဲ စပြီး မပွားရဘူး၊ မုန်းတဲ့ပုဂ္ဂိုလ်, ရန်သူ ပုဂ္ဂိုလ်တို့မှာလဲ စပြီး မပွား ရဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ချစ်တဲ့သူက ချစ်သူအရာ၌သာ တည်နေတယ်၊ သနားဘွယ်မဖြစ်ဘူး၊ အလွန်ချစ်တဲ့သူ စသည်တို့ ကလဲ အလွန်ချစ်တဲ့သူ စသည်အရာ၌သာ တည်နေတယ်၊ သနား ဘွယ်မဖြစ်ဘူး၊ ဒါကြောင့်ပါဘဲ။ အဖို အမ အသွင်ကွဲသူမှာလဲ ရာဂ ဖြစ်တတ်သောကြောင့် စပြီး မပွားရဘူး၊ သေလေသူမှာ တော့ ကရုဏာ ပွားစရာခေတ် မဟုတ်လို့ လုံးဝ မပွားရဘူး။ ဒါဖြင့် ဘယ်လိုပုဂ္ဂိုလ်မှာ စပြီး ပွားရမလဲဆိုတော့—

## ကရုဏာစပြီး ပွားသင့်တဲ့ပုဂ္ဂိုလ်

ဘိက္ခု-ရဟန်းသည်၊ ကရုဏာသဟဂတေန စေတသာ-သနား ခြင်းနှင့်တကွ ဖြစ်သောစိတ်ဖြင့်၊ ဧကံ ဒိသံ-တခုသော အရပ် မျက်နှာကို၊ ဝါ-အရပ်မျက်နှာတခု၌ရှိသော သတ္တဝါအပေါင်း ကို၊ ဖရိတွာ-ဖြန့်၍၊ ကထဉ္စ ဝိဟရတိ-အဘယ်သို့ နေပါသနည်း ဟူမူကား၊ သေယျထာပိ နာမ-ဥပမာဖြင့်ပြရလျှင်၊ ဒုဂ္ဂတံ-ဆင်းရဲ ဒုက္ခရောက်နေသော၊ ဒုရူပေတံ-မကောင်းဆိုးဝါးသည့် အခြေ အနေရှိသော၊ ဧကံ ပုဂ္ဂလံ-ပုဂ္ဂိုလ် တဦးတယောက်ကို၊ ဒိသွာ- မြင်လျှင်၊ ကရုဏာ ယေယျ ယထာ-သနားရာသကဲ့သို့၊ ဧဝ မေဝ-

ဤအတူပင်လျှင်၊ သဗ္ဗသတ္တေ - အားလုံးသော သတ္တဝါတို့ကို၊ ကရုဏာယ-သနားခြင်းဖြင့်၊ ဖရတိ-ဖြန့်၏ လို့ အဘိဓမ္မာဝိဘင်းပါဠိမှာ ဟောထားတာ ရှိပါတယ်၊ အဲဒီပါဠိအရ အလွန်ဆင်းရဲ ဒုက္ခရောက်နေလို့ သနားစရာကောင်းတဲ့သူကို စပြီးကရုဏာပွားရမယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

အတိဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်၊ ဆွေမျိုးမိတ်ဆွေအားကိုးရာမဲ့ဖြစ်ပြီး စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့ပုဂ္ဂိုလ်၊ ဆေးဝါးမရှိ ဆရာမရှိ ရောဂါဆိုး အနှိပ်စက်ခံနေရလို့ ညည်းတွားနေရတဲ့ပုဂ္ဂိုလ်၊ နူနာစသည်စွဲကပ်နေလို့ သူ့အနားမကပ်ချင်လောက်အောင် စက်ဆုပ်ရွံရှာဖွယ် ဖြစ်နေတဲ့ပုဂ္ဂိုလ်၊ အဲဒီလို အလွန်ဆင်းရဲနေတဲ့သူကို စပြီး ကရုဏာပွားဘို့ပါဘဲ။ အဲဒီလို သနားစရာကောင်းတဲ့သူကို မြင်ရတော့ သနားခြင်းကရုဏာ ဖြစ်ပွားလွယ်တယ်၊ ဒါကြောင့် အဲဒီလို သနားစရာ ကောင်းတဲ့သူက စပြီး ကရုဏာပွားဘို့ ညွှန်ကြားတာပါဘဲ။

အဲဒီလို အတိဒုက္ခရောက်ပြီး သနားစရာကောင်းတဲ့ သူကို မတွေ့ရယင် မကောင်းမှု အကုသိုလ်ကို ပြုနေတဲ့ ချမ်းသာနေသူကိုလဲ သေဒဏ် အမိန့်ကျပြီး အသတ်ခံရမည့်သူနဲ့ နှိုင်းယှဉ်ပြီး ကရုဏာကို ပွားစေရမယ်တဲ့၊ နှိုင်းယှဉ်ပုံကတော့ - ရှေးခေတ်တုန်းကသေဒဏ်အမိန့်ကျတဲ့သူကို သူသတ်သမားတွေကကြိုးများနဲ့ ချည်တုပ်ပြီးတော့ မြို့ထဲမှသူသတ်ကုန်းသို့ ဆောင်သွားယင်း လမ်းတလျှောက်မှာ လှည့်ပြတယ်၊ လမ်းဆုံတိုင်းမှာ ရပ်တန့်ပြီး အချက်တရာမက ရိုက်နှက်နှိပ်စက်ကြတယ်၊ အဲဒီ အသတ်ခံရ

မည့်သူကိုသနားတဲ့လူများက စားသောက်ဖွယ် အကောင်းအမွန်တွေကို ပေးကမ်းကြတယ်၊ အသတ်ခံရမည့်သူက အခွင့်သာတဲ့အချိန်ပိုင်းမှာ အဲဒီစားကောင်းသောက်ဖွယ်တွေကို စားသောက်သုံးဆောင်ခံစားနေတယ်၊အဲဒီလိုအမွန်အမြတ်တွေကို သုံးဆောင်ရလို့ ချမ်းသာနေသော်လဲ အဲဒီလူကိုချမ်းသာနေတယ်လို့ အများက မယူမှတ်ကြဘူး၊ ဒီအကောင်ဟာ မကြာမီပင် သေရှာရတော့မှာဘဲ၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေဘို့ရာ နီးကပ် နီးကပ်နေတာဘဲလို့ သူ့ကို လူအများက သနားကြတယ်၊ အဲဒါလိုပင် ကရုဏာဘာဝနာပွားသူကလဲ မျက်မြင်အနေဖြင့် ချမ်းသာနေပေမဲ့ အကုသိုလ် ဒုစရိုက် များတဲ့သူကို ဒီလို ကရုဏာပွားနိုင်ပါတယ်၊ ဒီအကောင်ဟာ ယခု ချမ်းသာနေပေမယ်လို့ မကြာမီပင် သူ့ အကုသိုလ်ကံများကြောင့် အပါယ် လေးပါးကျရောက်ပြီး များစွာသော ဆင်းရဲဒုက္ခတွေကို ခံစားသွားရရှာတော့မှာဘဲလို့ဆင်ခြင်ပြီး ကရုဏာကို ဖြစ်ပွားစေရမယ် တဲ့။

ယခုနေ အခါမှာတော့ သူတပါးက နှိပ်စက်လို့ အတိ ဒုက္ခရောက်နေတဲ့သူ၊ ရောဂါအကြီးအကျယ် နှိပ်စက်လို့ အတိဒုက္ခရောက်နေတဲ့သူ၊ စားဝတ်နေရေးအကြပ်အတည်းကြောင့် အတိဒုက္ခရောက်နေတဲ့သူ၊ ဒီလိုသနားစရာကောင်းတဲ့သူတွေက မရှားပါဘူး၊ တွေ့ရလွယ်ပါတယ်၊ အဲဒီတော့ အဲဒီလို သနားစရာကောင်းတဲ့သူကိုအာရုံပြုပြီး ကရုဏာပွားရုံပါဘဲ။

ပွားပုံကတော့ မေတ္တာတုန်းကလိုမများပါဘူး၊ တမျိုးတည်းရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ ''ဒုက္ခာ မုစ္စန္တု-ဆင်းရဲမှ လွတ်ကြ

ပါစေ''တဲ့။ အဲဒါက သဗ္ဗေ သတ္တာ-အားလုံး သတ္တဝါတွေ ဆိုတာနဲ့ ဆက်စပ်ပြီး ပွားပုံပါဘဲ။ တဦးတယောက်ကို ရည်ပြီး ကရုဏာ ပွားယင်တော့ မည်သူမည်ဝါ ဆင်းရဲမှ လွတ်ပါစေ၊ ဆင်းရဲမှလွတ်ပါစေလို့ ပွားရုံပါဘဲ။

အဲဒီမှာ ကင်းလွတ်ရမည့်ဆင်းရဲကတော့ အဲဒီပုဂ္ဂိုလ်မှာ တွေ့ ကြုံခံစားနေရဆဲ ဆင်းရဲပါဘဲ၊ အဲဒီဆင်းရဲမှ လွတ်ပါစေလို့ ဆိုလိုတာပါဘဲ။ အဲဒီ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲမှလွတ်ပါစေ၊ အဲဒီ ဆင်းရဲမှ လွတ်ပါစေ၊ ဆင်းရဲမှလွတ်ပါစေလို့ မပြတ် နှလုံး သွင်း ပွားများနေရုံပါဘဲ။

ရောဂါကြောင့်ဖြစ်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ ရာသီဥတုဒဏ်ကြောင့် ဖြစ်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ သူတပါးကနှိပ်စက်လို့ ဖြစ်တဲ့ဆင်းရဲ ဖြစ် ဖြစ်၊ စိတ်နှလုံးမသာ ပူပန်တဲ့ ဆင်းရဲ ဖြစ်ဖြစ်၊ အလိုမပြည့်လို့ ဖြစ်တဲ့ဆင်းရဲဖြစ်ဖြစ်၊ အဲဒီလို ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေရတဲ့ သူကို အဲဒီဆင်းရဲမှ လွတ်ပါစေလို့ နှလုံးသွင်းပြီး ကရုဏာကို ပွားနိုင်ပါတယ်၊ အဲဒီ ဆင်းရဲတွေ ရှိဆဲ မဟုတ်တောင်မှ ဝဋ္ဋ ဆင်းရဲကတော့ ရှိနေမှာဘဲ၊ အဲဒီဝဋ္ဋဆင်းရဲမှ လွတ်ဖို့ရာလဲ အာရုံ ပြုပြီး ဆင်းရဲမှ လွတ်ပါစေလို့ ကရုဏာကို ပွားနိုင်ပါတယ်။

ဆင်းရဲဒုက္ခ ရောက်နေရတဲ့ သူကို တွေ့မြင်ရပြီး သနားခြင်း ကရုဏာဖြစ်ရာမှာ အနီးကပ်ရန်သူနှင့် အဝေးရန်သူ-ဒီ နှစ်မျိုး ထဲက တမျိုးမျိုး ဝင်လာတတ်တယ်၊ ဘယ်လိုလဲဆိုတော့ ဒုက္ခ ရောက်နေသူမှာ ခံစားနေရတဲ့ဆင်းရဲအကြောင်းပြုပြီး မခံချင်တဲ့

စိတ်, နှလုံးမသာတဲ့စိတ်လဲ ဖြစ်တတ်တယ်၊ အဲဒါက အနီးကပ်ရန်သူဘဲ၊ နှိပ်စက်ညှဉ်းဆဲတဲ့သူကို မိမိက နှိပ်စက်ချင်တဲ့စိတ်လဲ ဖြစ်ပေါ်လာတတ်တယ်၊ ဥပမာ ခွေးတကောင်က အခြားခွေးကို အနိုင်ကျင့်ပြီး ကိုက်နေဘာကိုမြင်ရယင် ခံရတဲ့ခွေးကိုသနားပြီး ကိုက်တဲ့ခွေးကို ရိုက်နှက်ချင်တဲ့စိတ် ဖြစ်လာတတ်တာမျိုးပါဘဲ။

နောက်တနည်း ဥပမာကတော့—မြွေက ဖားကို စားမယ်လို့ ဖမ်းတယ်၊ ဖားက အော်တယ်-သနားစဖွယ် အသံပြုတယ်၊ကြားရ မြင်ရတဲ့လူက ဖားကို မြွေ၏ခံတွင်းမှ လွတ်စေချင်တယ် သနားတယ်၊ ဒါကတော့ ကရုဏာပါဘဲ၊ အဲဒီကနောက် ဖားကို သနားပြီး မြွေကို ရိုက်ချင်တဲ့စိတ် ဖြစ်တတ်တယ်၊ အဲဒါက ကရုဏာမှ ဆက်ပြီးဖြစ်လာတဲ့ ဝိဟိံသာ ခေါ် ညှဉ်းဆဲချင်တဲ့ ဒေါသဘဲ၊ အဲဒါက အဝေးရန်သူဘဲ။ အဲဒီ အနီးအဝေးရန်သူ နှစ်မျိုးလုံး မဝင်ရောက်စေပဲ သနားခြင်းကရုဏာ သက်သက်သာ ဖြစ်ပွားစေဘို့ လိုပါတယ်။

နောက်ပြီးတော့ အဲဒီ သနားခြင်းကရုဏာကို ပွားနေတဲ့သူဟာ ဒုက္ခရောက်နေတဲ့သူကို စိတ်သက်သက်ဖြင့်သာ မဟုတ်ပဲ ကိုယ်ဖြင့်ရော နှုတ်ဖြင့်ရော တတ်နိုင်သမျှ ကူညီစောင့်ရှောက်ဖို့ လိုပါတယ်၊ဆင်းရဲခံစားနေရတဲ့သူကို အဲဒီဆင်းရဲမှ လွတ်မြောက်အောင် သက်သာခွင့်ရအောင် တတ်နိုင်သမျှ ကူညီ စောင့်ရှောက်ဖို့ပါဘဲ၊ ကိုယ်ဖြင့် ကူညီစောင့်ရှောက်ယင် ကရုဏာ ကာယကံဖြစ်တယ်၊ နှုတ်ဖြင့် ကူညီစောင့်ရှောက်ယင် ကရုဏာ

ဝစီကံ ဖြစ်တယ်။ အဲဒီလို ကိုယ်နှုတ်ဖြင့် မကူညီမစောင့်ရှောက်နိုင်ရာမှာတော့ မနောကံ သက်သက်ဖြင့်သာ သနားခြင်းကရုဏာကို ဖြစ်ပွားစေရတော့တာဘဲ။ ဥပမာ သားသတ်ရုံဌာနမှာ နွားတို့ ဆိတ်တို့ ဝက်တို့ ကြက်တို့ ဘဲတို့ ဒီလိုသတ္တဝါတွေကို သတ်ဖို့ ပြုလုပ်နေရာမှာ, သတ်နေရာမှာ သနားတတ်တဲ့လူက သနားပေမဲ့ ဘယ်လိုမှ မကူညီ မစောင့်ရှောက်နိုင်ဘူး၊ စိတ်ထဲက သနားရုံမျှ သနားရတော့တာဘဲ၊ အဲဒါကတော့ ကရုဏာမနောကံ သက်သက်ပါဘဲ၊ ဒိပြင်လဲ စိတ်သက်သက်ဖြင့် ဆင်းရဲမှ လွတ်ပါစေ၊လွတ်ကြပါစေလို့ နှလုံးသွင်းပွားများတာလဲ ကရုဏာမနောကံ သက်သက်ပါဘဲ။ အဲဒါကလဲကုသိုလ်ကံဖြစ်ပြီး အကျိုးတော့ များပါတယ်။ ပါရမီထူးရှိတဲ့သူဆိုယင် အဲဒီလို ပွားနေယင်း ကရုဏာဈာန်ကိုလဲ ရနိုင်ပါတယ်။

ဒီကရုဏာကို ပွားများဘို့ကတော့ မေတ္တာလောက် မလွယ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ မေတ္တာက မည်သူ့ကို မဆိုချမ်းသာပါစေလို့ နှလုံးသွင်းဘို့ မေတ္တာပွားဘို့ လွယ်ကူပါတယ်၊ ကရုဏာကတော့ သနားစရာပုဂ္ဂိုလ်ကိုမှ ဆင်းရဲမှ လွတ်ပါစေလို့ နှလုံးသွင်းဘို့ အဆင်ပြေတယ်၊ မျက်မြင်အားဖြင့် ချမ်းသာနေတဲ့လူတွေကို ဆင်းရဲမှ လွတ်ကြပါစေလို့ နှလုံးသွင်းရန် သနားကရုဏာသက်ရန် မလွယ်ကူဘူး၊ ဝဋ်ဆင်းရဲတွေ အကုသိုလ်ကံတွေကို အာရုံပြုပြီး သနားရမယ်, ကရုဏာပွားရမယ်လို့ ဆိုထားပေမဲ့ တကယ်ကျတော့ သနားတဲ့စိတ်ဖြစ်ပွားဘို့ မလွယ်လှပါဘူး။ ဒါပေမဲ့ ကရုဏာကို ပွားဘို့ အစဉ်ကျနေတဲ့အတွက်

သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု-ဆိုတဲ့ပါဠိအရ သတ္တဝါအားလုံးကို အာရုံပြုပြီး ကရုဏာပွားကြဦးမှာဘဲ၊ အဲဒီသတ္တဝါအားလုံးထဲမှာ အတိဒုက္ခရောက်ပြီး သနားစရာကောင်းတဲ့ သတ္တဝါတွေလဲ များစွာ ပါရှိပါတယ်၊ ကဲ....လိုက်ဆိုပြီး နှလုံးသွင်း ပွားများကြရမယ်။

## သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု-အရ ကရုဏာ ပွားပုံ

အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ငရဲသတ္တဝါတွေမှာ ငရဲဆင်းရဲတွေ ခံစားနေကြရတယ်၊ ပြိတ္တာတွေကလဲ ပြိတ္တာဆင်းရဲတွေ ခံစားနေကြရတယ်၊ ကျွဲ နွား ဆိတ် ဝက် ကြက် ငှက် အစရှိတဲ့ တိရစ္ဆာန်တွေကလဲ တိရစ္ဆာန်ဆင်းရဲတွေ ခံစားနေကြရတယ်၊ လူတွေမှာလဲ တချို့က နိုင်သူတွေ၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေကြရတယ်၊ တချို့က ရောဂါဆိုးနှိပ်စက်ခြင်းကို ခံစားနေကြရတယ်၊ တချို့က စားဝတ်နေရေး အဆင်မပြေလို့ ကိုယ်စိတ် ဆင်းရဲနေကြရတယ်၊ တချို့က အချင်းချင်း မညီညွတ်လို့ ဆင်းရဲနေကြရတယ်၊ တချို့က အိုခြင်း နာခြင်း သေခြင်း အကြောင်းပြုပြီး ဆင်းရဲနေကြရတယ်၊ တချို့က ချစ်ခင်သူတွေ သေကြေပျက်စီးသွားလို့ စိုးရိမ်ပူဆွေး နေကြတယ်၊ တချို့က စီးပွားဥစ္စာတွေ ပျက်စီးဆုံးပါးသွားလို့ ဆင်းရဲနေကြတယ်၊ တချို့က ချစ်သူနဲ့ ကွဲလို့ ဆင်းရဲနေကြတယ်၊ နတ်တွေမှာလဲ တချို့က မိမိအလိုရှိတိုင်း မပြည့်စုံလို့ ဆင်းရဲနေကြ

ရတာ ရှိတာဘဲ၊ သေခါနီး ပုဗ္ဗနိမိတ်တွေကို မြင်ရတဲ့အခါ ကျတော့ အကြီးအကျယ် ဆင်းရဲကြရတယ်။ အဲဒီလို အမျိုးမျိုး သော ဆင်းရဲတွေကို တွေ့ကြုံခံစားနေကြရတဲ့ သတ္တဝါတွေကို အဲဒီဆင်းရဲတွေမှ လွတ်မြောက်ကြပါစေလို့ အာရုံပြုပြီး ကရုဏာ ကို ပွားကြရုံပါဘဲ၊ ကဲ....လိုက်ဆိုယင်း ပွားကြရမယ်။

ကရုဏာ ၁၃၂-ပါး ပွားပုံ

အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ဒါက သဗ္ဗေ သတ္တာ-ဆိုတဲ့ပါဠိအရဘဲ၊ သဗ္ဗေ ပါဏာ အစ ရှိတဲ့ ၄-ပုဒ်အရလဲ ပွားကြရဦးမယ်၊ လိုက်ဆိုကြ။

အားလုံးအသက်ရှူသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး ထင်ရှားဖြစ်သူတွေ ဆင်းရဲမှ လွတ်မြောက်ကြ ပါစေ။

အားလုံး ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆင်းရဲမှ လွတ် မြောက်ကြပါစေ။

အဲဒါတွေက အပိုင်းအခြားအကန့်အသတ်မရှိပဲ သတ္တဝါ အားလုံးအပေါ်မှာပွားများတဲ့ အနောဓိသကရုဏာ ၅-ပါးဘဲ။ ယခု ဩဓိသကရုဏာ(၇)ပါးကိုလဲ ပွားများကြရဦးမယ်။

အားလုံး အမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အမျိုးသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အရိယာတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး ပုထုဇဉ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး နတ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး လူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ဒါက ဩဓိသကရဏော(၇)ပါး ပွားပုံဘဲ၊ အဲဒီ ဩဓိသ (၇)ပါးနှင့် ရှေးနားက အနောဓိသ ၅-ပါးကို ပေါင်းလိုက်ယင် ၁၂-ပါး ရတယ်၊ အဲဒါဟာ အရပ်မျက်နှာဖြင့် ပိုင်းခြား ကန့်သတ်ခြင်း မရှိတဲ့ ဒိသာအနောဓိသ ကရဏော ၁၂-ပါးပါဘဲ။ အရပ်မျက်နှာဖြင့် ပိုင်းခြားပြီး ပွားတဲ့အခါလဲ အရပ်မျက်နှာ တခု တခုမှာ ၁၂-ပါးစီ ရတယ်၊ အရပ်မျက်နှာ ဆယ်ခု ဆိုတော့ ၁၂၀-ရတယ်။ အဲဒါက ဒိသာဩဓိသ ကရဏော ၁၂၀-တဲ့။ အဲဒီ ၁၂၀-ကိုလဲ အကျဉ်းချုပ် ရွတ်ဆို ပွားများကြရမယ်။ လိုက် ဆိုကြ။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး အသက်ရှူသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး ထင်ရှားဖြစ်သူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး အမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး အမျိုးသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး အရိယာတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး ပုထုဇဉ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး နတ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး လူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ဒါက အရှေ့အရပ်၌ ပွားပုံ ၁၂-ပါးဘဲ။ အနောက်အရပ်စသည်မှာလဲ နည်းတူပင် ၁၂-ပါးစီပါဘဲ၊ အဲဒါတွေကိုတော့ အကျဉ်းချုပ်ပဲ ရွတ်ဆိုကြရမယ်။

အနောက်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အနောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

မြောက်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

တောင်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့တောင်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အနောက်မြောက်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အနောက်မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့မြောက်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အရှေ့မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အနောက်တောင်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အနောက်တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အောက်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အထက်အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အထက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ယခုဆိုခဲ့ကြတာဟာ ဒိသာဖြဓိသ ကရုဏာ ၁၂၀-ပါဘဲ။ အဲဒါကို ဒိသာအနောဓိသ ၁၂-ပါးနှင့် ပေါင်းလိုက်ယင် ကရုဏာ ၁၃၂-ပါး ဖြစ်တယ်၊ ကရုဏာပွားပုံကတော့ စုံသွားပါပြီ၊ ဒါပေမဲ့ အဲဒီ ကရုဏာကို ဖြစ်ပွားစေတဲ့အခါ တကယ် သနားတဲ့စိတ် ဖြစ်ဖို့က အရေးကြီးပါတယ်၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ-လို့ ရွတ်ဆို နှုတ်သင်းနေပေမယ်လို့ သတ္တဝါတွေဟာ ဆင်းရဲနေကြတယ်ဆိုတာ တကယ်ထင်မြင်ပြီး တကယ် သနားပါမှ ကရုဏာအစစ်က ဖြစ်နိုင်တယ်၊ ဒီနေရာမှာ မြတ်စွာဘုရား၏ မဟာကရုဏာဉာဏ်တော်ဖြင့် သနားတော်မူပုံကို ဆင်ခြင်ကြည့်ယင် သတ္တဝါတွေ သနားစရာကောင်းကြောင်း

အတော်အတန်တော့ ထင်ရှား ပေါ်လာဘွယ်ရှိပါတယ်၊ ဒါ ကြောင့် အဲဒီ မဟာကရုဏာဉာဏ်တော်ဖြစ်ပုံကို ပဋိသမ္ဘိဒါမဂ် ပါဠိမှ ထုတ်ဆောင်ပြီး ပြပါဦးမယ်။ အဲဒါတွေက ကြည်ညို စရာလဲ ကောင်းတယ်၊ သတ္တဝါတွေဟာ သနားစရာဘဲလို့လဲ ထင်မြင်စေနိုင်ပါတယ်၊ ဒါပေမဲ့ တချို့လောက် ထုတ်ပြောရ မှာဘဲ။

## မဟာကရုဏာသမာပတ္တိဉာဏ်တော် ဖြစ်ပုံ

ကတမံ တထာဂတဿ မဟာကရုဏာသမာပတ္တိယာ ဉာဏံ။

တထာဂတဿ - မြတ်စွာဘုရား၏၊ မဟာကရုဏာသမာ - ပတ္တိယာ ဉာဏံ-မဟာကရုဏာသမာပတ်၌ ပါဝင်သော ဉာဏ် တော်သည်၊ ကတမံ-အဘယ်ပါနည်း။

တပည့်သာဝကတွေမှာ မရနိုင်ကောင်းတဲ့ ဘုရားဉာဏ်တော် ဆိုတာ ၆-ပါး ရှိတယ်၊ အဲဒါတွေက ဘာတွေလဲ ဆိုယင်— (၁) သတ္တဝါတို့၏ ဣန္ဒြေ အနု အရင့်ကို သိသော ဣန္ဒြိယ- ပရောပရိယတ္တဉာဏ်၊ (၂) သတ္တဝါတို့၏ စိတ်ဓာတ်ကိန်းရာ အာသယနှင့် ဖြစ်ခွင့်ရှိတဲ့ကိလေသာ အနုသယတို့ကို သိသော အာသယာနုသယဉာဏ်။ (၃) အစုံအစုံသော တန်ခိုးပြာဋိဟာ တို့ကို ဖန်ဆင်းနိုင်သော ယမကပါဋိဟာရိယဉာဏ်၊ (၄) မဟာ- ကရုဏာသမာပတ္တိဉာဏ်၊ (၅) အလုံးစုံကို သိနိုင်သော သဗ္ဗညုတ ဉာဏ်၊ (၆) ထိုသို့သိရာ၌ အပိတ်အပင်ကင်းသော အနာဝရဏ

ဥာဏ် - ဆိုတဲ့ ဒီဉာဏ်တော် ၆-ပါးပါဘဲ၊ အဲဒါတွေဟာ သာဝကတွေနှင့် မသက်ဆိုင်လို့ အသာဓာရဏဉာဏ် လို့လဲ ခေါ်တယ်။ အဲဒီ ၆-ပါးထဲက မဟာကရုဏာသမာပတ္တိဉာဏ် ဆိုတာ ဘယ်ဟာပါလဲလို့ မေးဟယ်။ အဖြေကိုလဲ ဒီလို ဆက်ပြီး ပြတော်မူပါတယ်။

ဗဟုကေဟိ အာကာရေဟိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

ဗဟုကေဟိ အာကာရေဟိ - များစွာသော အခြင်းအရာတို့ဖြင့်၊ ပဿန္တာနံ - မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက် ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေမှာ ဆင်းရဲဒုက္ခရောက်နေကြပုံတွေဟာ အလွန်များတယ်၊ အဲဒီအလွန်များပြားတဲ့ ဆင်းရဲနေကြပုံတွေကို မြင်တော်မူပြီး မြတ်စွာဘုရားရှင်တို့မှာ သနားခြင်းကြီးစွာ မဟာကရုဏာ ဖြစ်တော်မူပါတယ် တဲ့။ အများသတ္တဝါတွေကတော့ အခြားသတ္တဝါတွေ၏ဆင်းရဲကို မမြင်ကြဘူး၊ အတိဒုက္ခ ရောက်နေကြတဲ့ သတ္တဝါတွေ လောက်သာ မြင်ကြတယ်၊ အတော်အတန် ချမ်းသာနေတဲ့သူတွေက တန်းတူလူတွေကို ကြည့်လိုက်ယင် သူတို့လဲ ငါလိုပင် ချမ်းသာနေကြတယ်လို့ ထင်ကြတယ်၊ ကိုယ့်ထက် ချမ်းသာတဲ့ လူတွေကိုတော့ ''သူတို့က ငါတို့ထက်

သာပြီး ချမ်းသာနေကြတာဘဲ၊ ဆင်းရဲမရှိဘူး၊ သနားစရာ မရှိဘူး"လို့ပဲ ထင်နေကြတယ်၊ အဲဒါဟာ ဆင်းရဲတွေကိုမမြင်ကြလို့ သနားကရုဏာ မဖြစ်ပဲ ရှိနေတာပါဘဲ။ မြတ်စွာဘုရားရှင်တို့မှာတော့ သတ္တဝါတွေဆင်းရဲနေပုံကို အမျိုးမျိုးသော အခြင်းအရာတို့ဖြင့် မြင်တော်မူကြတယ်၊ အဲဒီလို မြင်တော်မူကြပြီးတော့ သတ္တဝါတွေအပေါ်မှာ အကြီးအကျယ် သနားခြင်း ကရုဏာ သက်တော်မူကြပါတယ် တဲ့။ ကရုဏာသက်ပုံ အကျယ်ကတော့-

မပြတ်ကြောင့်ကြစိုက်နေကြရတာလဲ သနားစရာပဲ

ဥယျုတ္တော လောကသန္နိဝါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။ (အာဒိတ္တော-ပုဒ် ချန်ထားခဲ့သည်၊ နောက်၌လဲနည်းတူပင်)

လောကသန္နိဝါသော-သတ္တဝါအပေါင်းသည်၊ဥယျုတ္တော-အမြဲမပြတ် ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေရပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်ဘော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက် ဖြစ်ပွားတော်မူပေ၏-တဲ့။

သတ္တဝါတွေဟာ စားဝတ်နေရေးစသည်အတွက် အမြဲမပြတ် ကြောင့်ကြစိုက်ထုတ်ပြုလုပ်နေကြရတယ် တဲ့၊ အဲဒါဟာ သာမန်လူတွေအမြင်နဲ့တော့ သနားစရာလို့ ထင်ချင်မှထင်ကြမယ်၊ စား

ဝတ်နေရေး ဂသည်အတွက်ကြောင့်ကြစိုက်ထုတ်ပြုလုပ်နေရတယ် ဆိုတာ လမ်းမှန်ဘဲ၊ ကိုယ်ရေး ကိုယ်တာ အတွက် ပြုလုပ်ရမှာပေါ့၊ ကိုယ့်ကာဝန် ကိုယ်ဆောင်နေတာဟာ ဘာမှ အပြစ်မရှိပါဘူး၊ ညည်းညူစရာလဲ မရှိပါဘူး-စသည်ဖြင့် ဆင်ခြေ ပေးကြပေလိမ့်မယ်။ ဒါပေမဲ့ မြတ်စွာဘုရား၏ အမြင်နဲ့ ကြည့်လိုက်တော့ မိမိခန္ဓာဝန်အတွက် မနားရပဲ အမြဲမပြတ် ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေရတာဟာ အမြဲတမ်း ဆင်းရဲပင်ပန်းနေတာဘဲ၊ ဒုက္ခရောက်နေတာဘဲ တဲ့။ ဖြစ်ရာဖြစ်ရာဘဝမှာ မိမိတို့ခန္ဓာဝန်အတွက် အမြဲမပြတ် ကြောင့်ကြစိုက်နေကြရတယ်၊ လူ့ဘဝမှာဆိုယင် ငယ်ရွယ်စဉ်မှာ ကိုယ့်ဟာကိုယ် ဘာမှမပြုပြင်နိုင်ဘူး၊ မိဘစသော သူတပါးကိုသာ အားကိုး နေရတယ်၊ လေး ငါး ခြောက်နှစ်အရွယ်လောက်ကစပြီး ပညာသင်ကြားရတယ်၊ ၁၈-နှစ် အနှစ် ၂၀-စသည်ရှိတဲ့အခါ စားဝတ်နေရေး စသည်အတွက် အခြေအနေအားလျော်စွာ အလုပ်အမျိုးမျိုးကို လုပ်ကိုင်ရတယ်၊ ကံမကောင်း အကြောင်းမညီညွတ်ယင် စားဝတ် နေရေးတွေက မပြေလယ်တဲ့အတွက် ဆင်းရဲဒုက္ခ ရောက်ရတယ်၊ ကျန်းမာရေး ပျက်တဲ့အခါ အကြီးအကျယ် ဒုက္ခရောက်ရတယ်၊ တရံတခါမှာ ဘေးရန် အမျိုးမျိုးကြောင့်လဲ ဒုက္ခရောက်ရတယ်၊ တဘဝလုံး မပြတ်ကြောင့်ကြစိုက်ပြီး ပြုလုပ်နေရတာဘဲ၊ အဲဒီလို လုပ်ကိုင်နေယင်းထဲက အိုချိန်တန်တော့ အိုလာတယ်၊ နာချိန်တန်တော့ နာလာတယ်၊ သေချိန်တန်တော့ သေရတယ်၊ တချို့မှာ အကြီးအကျယ်လုပ်ကိုင်နေယင်း သေသွားကြရတယ်။ ဒါက လူ့လောက အတွက် ကြောင့်ကြစိုက်လုပ်ကိုင်နေရလို့ ဆင်းရဲပုံဘဲ။

တိရစ္ဆာန် ဘဝတွေမှာတော့ အများအား ဖြင့် မွေးပြီးကတည်းက ကိုယ့်ဟာကိုယ် ရှာကြံပြီး စားရတော့တာပဲ၊ အစာရေရှားတဲ့ အရပ်မှာဆိုယင် တိရစ္ဆာန်တွေမှာ စားသောက်ရေးအတွက် အင်မတန်ပင်ပန်းရှာကြပါတယ်။ တောထဲက တိရစ္ဆာန်တွေဆိုယင် စောင့်ရှောက်မည့်သူမရှိဘူး၊ အမြဲတမ်း တသိတ်ထိတ်တလန့်လန့်နဲ့ ကိုယ့်ခန္ဓာဝန်ကို ပြုစုနေကြရတယ်၊ တချို့က နေ့မထွက်ဝံ့လို့ ညဥ့်ကျမှ ထွက်ပြီး ရှာကြံ စားသောက်ကြရတယ်၊ ငရဲဘုံ ပြိတ္တာဘုံဆိုတာတွေကတော့ သက်သက် ဆင်းရဲခံနေကြရတဲ့ ဘုံတွေဘဲ၊ အဲဒါတွေကိုတော့ လူတွေမမြင်ရတဲ့ ဟာတွေမို့ ဒီနေရာမှာ ခွဲမပြောတော့ပါဘူး၊ နတ်တွေထဲမှာလဲ ပြိတ္တာလောကနီးပါး ဆင်းရဲတဲ့ ယက္ခခေါ်တဲ့ ပိသာစ-မြေဘုတ်တစ္ဆေမျိုးတွေ၊ ဝိနိပါတ-ခေါ်တဲ့ အညံ့စားတွေဆိုတာဟာလဲ စားရမဲ့သောက်ရမဲ့ အလွန် ဆင်းရဲရှာကြပါတယ်၊ ကောင်းကင်တည်နတ်တွေကတော့ ချမ်းသာကြပါတယ်၊ ဒါပေမဲ့ အသက်တမ်းကုန်တဲ့ အခါကျတော့ ကုသိုလ်ကံ အားနည်းတဲ့ နတ်တွေမှာ ဆင်းရဲကြရဘာပါဘဲ။

အဲဒီတော့ သတ္တဝါတွေမှာ မိမိတို့ရဆဲခန္ဓာကိုယ်ကို ချမ်းသာရအောင်၊ နောင်ဘဝ ခန္ဓာကိုယ်ကို ချမ်းသာရအောင် မပြတ်ကြောင့်ကြစိုက်ထုတ်ပြုလုပ်နေကြရတာဟာ ဘဝတိုင်းဘဝတိုင်း ဆင်းရဲနေကြရတာပါဘဲ၊ ဟုတ်တယ် ယခု အကြောင်းသီညွတ်အဆင်ပြေပြီး ချမ်းသာ နေဘယ်လို့ ဆိုရတဲ့ လူတွေလဲ ယခုလောလောဆယ်မှာ ချမ်းသာမြဲချမ်းသာရအောင်၊ နောင်ဘဝ

တွေမှာလဲ ချမ်းသာသွားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မပြတ် ကြောင့်ကြစိုက်နေကြရတာဘဲ၊နောင်ဘဝတွေမှာ ချမ်းသာသွား ရအောင် ကြောင့်ကြစိုက်ထုတ် ပြုလုပ်ရတယ်ဆိုတာကတော့ သူ ယုံကြည်ချက်နဲ့ သူ့ဘာသာရေး အရပေါ့၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ယုံကြည်တဲ့ဘာသာရေးအရ နောင်ဘဝ နောင်ကာလ အတွက် ပြုလုပ်နေကြရတာဘဲ၊ နောင် ဘဝကို မယုံကြည်တဲ့သူတွေကတော့ ယခုလက်ရှိဘဝအတွက် အင်တိုက် အားတိုက် ကြိုးစားနေကြရတာဘဲ၊ အဲဒီလို ဘဝတိုင်းဘဝတိုင်း အားထုတ်ပြုလုပ်နေကြရတာတွေဟာ ဆင်းရဲပင်ပန်းနေတာတွေ ချည်းပါဘဲ။

ခန္ဓာဝန် ရှိနေသမျှကာလပတ်လုံး ဘဝတိုင်းဘဝတိုင်း ချမ်း သာရေးကိုရည်မြှော်ပြီး မပြတ် ကြောင့်ကြစိုက် ပြုလုပ်နေကြရ တာကို မြင်တော်မူပြီး သတ္တဝါတွေကို သနားတော် မူတယ်၊ ခန္ဓာဝန်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်အောင် ငါဘုရားမှတပါး ပို့ဆောင်ကယ်တင်နိုင်မည့်သူမရှိဘူးလို့ သိမြင်တော်မူပြီး သတ္တဝါ တွေကို သနားတော်မူပါတယ်။ သနားတော်မူတဲ့အတွက် ထိုထို အရပ်များသို့ ကြွရောက်ပြီးတော့လဲ တရားဟောတော်မူတယ်၊ လာရောက်ပြီး မေးတဲ့လူတွေ နတ်တွေကိုလဲ ဖြေရှင်းဟောကြား တော်မူတယ်၊ နေ့ရောညဉ့်ပါ အနားယူရတဲ့အချိန်ဟာ သုံးလေး နာရီလောက်သာ ရှိတယ်၊ နာရီ ၂၀-ခန့်လောက် နေ့စဉ်ပင် နတ် လူ ဗြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါဟာ ကရုဏာက မိမိ၏ချမ်းသာကို တားမြစ်တတ်တယ်လို့

ပြုခဲ့တဲ့ ဝစနတ္တအရ မြတ်စွာဘုရားမှာ မဟာကရုဏာတော်က မိမိ၏ ချမ်းသာကို တားမြစ်နေပုံပါဘဲ၊ ဘယ် လောက် အထိ သနားတော်မူသလဲဆိုတော့ ပရိနိဗ္ဗာန်စံခါနီး လျှောင်းစက်နေ စဉ်အခါ ပရိနိဗ္ဗာန်စံဘို့ နာရီပိုင်းလောက် အတွင်းမှာတောင် သုဘဒ္ဒပရိဗိုဇ်အား တရား ဟောတော်မူခဲ့ သေးတယ်၊ ဒီအထိ သတ္တဝါတို့၏ ဆင်းရဲတွေကိုမြင်ပြီး သနားတော်မူခဲ့ပါတယ်။

ယခုပြောခဲ့တဲ့စကားထဲမှာ သတ္တဝါတွေ ဘဝတိုင်းဘဝတိုင်း မပြတ်ကြောင့်ကြ စိုက်ထုတ်ပြုလုပ်နေပုံကို မြင်တော်မူ၍ သနား တော်မူတယ်ဆိုတာဟာ လိုရင်းပါဘဲ၊ အဲဒီစကားအရအားဖြင့် “သတ္တဝါတွေမှာ အမြဲမပြတ်လုပ်ကိုင်ပြီး ဆင်းရဲနေကြရတယ်၊ သနားစရာကောင်းတယ်”ဆိုတာကို သဘောပေါက်ပြီး သနား ခြင်းကရုဏာကိုပွားများနိုင်ဘို့ပါဘဲ။ နောက်ပြီးတော့ မြတ်စွာ ဘုရားမှာ မဟာကရုဏာတော်ဖြင့် သတ္တဝါတွေကို သနားတော် မူသဖြင့် အဆင်းရဲခံပြီး တရားဟောတော်မူပုံကိုလဲ အာရုံပြုပြီး ကြည်ညိုကြဘို့ပါဘဲ။

သတ္တဝါတွေ ဘဝတိုင်း ဘဝတိုင်း ချမ်းသာ ရရေးအတွက် မပြတ်ကြောင့်ကြစိုက်ပြီး ဆင်းရဲနေကြရပုံကိုအာရုံပြုပြီး သနား ခြင်းကရုဏာကို ပွားစေကြရအောင် လိုက်ဆိုကြရမယ်။

အားလုံးသတ္တဝါတွေချမ်းသာရရေးအတွက် မပြတ် ကြောင့် ကြ ပြုနေရတဲ့ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ် မြောက်ကြပါစေ။

အဲဒီဆင်းရဲမှ ဘယ်အခါ လွတ်မြောက်မလဲဆိုယင်၊ ရုပ်နာမ် ခန္ဓာဝန်ပေါ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်တဲ့အခါကျမှ လွတ်မြောက်ကြမယ်၊ အဲဒီနိဗ္ဗာန်ရောက်ပြီး လွတ်မြောက်ကြပါစေလို့ ဆိုလိုတာပါဘဲ။ ကဲ—တခါထပ်ပြီး ပွားလိုက်ကြပါဦး။

အားလုံးသတ္တဝါတွေ မပြတ်ကြောင့်ကြ ပြုနေရတဲ့ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

## အို-နာ-သေသို့ ဆောင်ပို့ခံနေရတာလဲ သနားစရာပဲ

ဥပနီယတိ လောကော အဒ္ဓုဝေါတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

လောကော - သတ္တဝါ အပေါင်းကို၊ ဥပနီယတိ - အိုခြင်း နာခြင်း သေခြင်းသို့ ပို့ဆောင်နေပါတကား၊ အဒ္ဓုဝေါ-မမြဲပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု - သတ္တဝါတို့၌၊ မဟာကရုဏာ - သနားခြင်း ကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏ တဲ့။

သတ္တဝါတွေဟာ ဘဝတိုင်း ဘဝတိုင်း ဘဝအသစ်ဖြစ်ရာမှ အိုခြင်းသို့ ရောက်အောင်၊ အိုရာမှ နာခြင်းသို့ ရောက်အောင်၊

နာရာမှ သေခြင်းသို့ ရောက်အောင် အပို့အဆောင်ခံနေရတယ်၊ မမြဲကြပါတကားလို့ မြင်တော်မူပြီး မြတ်စွာဘုရားက သနား တော်မူပါတယ် တဲ့။ သတ္တဝါတွေဟာ ဆင်ခြင်ကြည့်ယင် မိမိတို့ ကိုယ်ကို မမြဲဘူးလို့ သိတန်သလောက်တော့ သိကြပါတယ်၊ ဒါပေမယ့် နုနုပျိုပျိုနဲ့ အကြာကြီးနေရဦးမှာလိုလို၊ အမြဲတမ်း ကျန်းမာနေမှာလိုလို၊ တော်တော်နဲ့ မသေနိုင်သေးဘူးလိုလို ထင်နေတတ်ကြတယ်၊ အဲဒီလို ထင်နေစဉ်မှာပင် အကြောင်း မညီညွတ်ယင် ရုတ်တရက် မကျန်းမမာ ဖျားနာတာလဲ ရှိတာဘဲ၊ ငယ်ငယ်နဲ့သေသွားတာလဲ ရှိတာဘဲ၊ မသေသေးယင်လဲ တနေ့ ထက် တနေ့ တလထက် တလ တနှစ်ထက် တနှစ် အိုအိုလာ တာဘဲ၊ ရုတ်တရက်တော့ မိမိကိုယ်ကို အိုတယ်လို့ မထင်ကြ သေးဘူး၊ ဆံပင် ဖြူလာတာ သွားကျိုးတာ စသည်ကို တွေ့ရမှ အိုလာမှန်း သိကြရတယ်။ အဲဒီလို အိုအောင် နာအောင် သေ အောင် ဘယ်သူက ဆောင်ပို့နေသလဲ ဆိုတော့—မိမိတို့ကိုယ်ထဲမှ ရုပ်နာမ်ခန္ဓာတွေက ဆောင်ပို့နေတာပါဘဲ၊ ပဋိသန္ဓေ တည်နေ သည်မှ စပြီး ရုပ်နာမ်တွေဟာ အသစ်အဟောင်း ပြောင်းလဲပြီး တဖြေးဖြေးချင်း ရင့်ရင့်လာတယ်၊ စက္ကန့်တိုင်း မိနစ်တိုင်း နာရီ တိုင်း ရက်တိုင်း လတိုင်း နှစ်တိုင်း ရင့်ရင့်လာဘယ်၊ အနှစ် လေးဆယ်လောက်ကျတော့ ဆံဖြူခြင်း စသည်ဖြင့် အိုမင်းရုပ်တွေ ထင်ရှားလာတယ်၊ အဲဒီ အိုရာက အနာရောဂါတမျိုးမျိုး စွဲကပ် လာတယ်၊ နာရာက သေသွားရတယ်။ အချိန်နာရီတိုင်း အဲဒီ အိုခြင်း နာခြင်း သေခြင်းဆီသို့ နီးကပ် နီးကပ်သွားတယ်။

## ရှင်သာမဏေဘဝက ဖြစ်ခဲ့တဲ့ကရုဏာ

ဥပမာအားဖြင့် သတ်မည့်နွားကို နွားသတ်သမားတွေက ဆွဲဆောင်သွားကြတယ်၊ အဲဒီလို ဆွဲဆောင်သွားရာမှာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အသတ်ခံရဘို့ နီးကပ် နီးကပ်သွားတယ်၊ အဲဒီမှာ အသတ်ခံရမည့်နွားက သူ့ကို သတ်ဖို့ ဆွဲဆောင်နေကြတယ် ဆိုတာ သိပုံရပါတယ်၊ သူတတ်နိုင်သမျှ ရုန်းကန်နေတာကိုလဲ တွေ့ရပါတယ်၊ ဒါပေမဲ့ နွားသတ်သမားတွေက အတင်းရိုက်နှက်ပြီး ဆွဲဆောင်ကြတဲ့အတွက် မလိုက်ချင်ပဲနဲ့ လိုက်ပါသွားရရှာတယ်၊ အဲဒီလို နွားကို မြင်ရတဲ့အခါ အင်မတန် သနားစရာကောင်းတာဘဲ၊ ဘုန်းကြီးဟာ အဲဒီလို ဆွဲဆောင်နေကြတာကို မြင်ရလို့ သနားတာနဲ့ အဲဒီအခါကစပြီး အမဲသားကို မစားတော့ပဲ ကြဉ်ရှောင်လာခဲ့ပါတယ်၊ အဲဒါဟာ ရဟန်းမဖြစ်ခင် ရှင်သာမဏေဘဝကပါဘဲ။ ယခုလူတွေကိုလဲ သားသတ်ရုံသို့ ဆွဲဆောင်ခံရတဲ့နွားလိုပင် မိမိတို့ ရုပ်နာမ်တွေက အိုဘို့ နာဘို့ သေဘို့ အချိန်နာရီတိုင်း ပို့ဆောင်နေကြတယ်၊ တကယ်သိမယ် ဆိုယင် အင်မတန် ကြောက်စရာကောင်းတာဘဲ၊ လူမှတပါး အခြားသတ္တဝါတွေလဲ အတူတူပါဘဲ၊ သူတို့ရဲ့ ရုပ်နာမ်တွေက အချိန်နာရီတိုင်း အိုဘို့ နာဘို့ သေဘို့ ဆောင်ပို့နေကြတာပါဘဲ၊ဘဝတိုင်း ဘဝတိုင်း တမိနစ် တစက္ကန့်မျှ ရပ်နားခြင်းမရှိပဲ အို နာ သေဘို့ အမြဲမပြတ် ဆောင်ပို့ခံနေကြရတယ်၊ အဲဒီအကြောင်းကို မြင်တော်မူလို့ မြတ်စွာဘုရားက သနားတော်မူပါတယ် တဲ့။

မြတ်စွာဘုရား မြင်တော်မူတာကတော့ စက္ကန့်ပိုင်းထက် မြန်တဲ့ စိတ်တခု တခု၏ ခဏတိုင်း ခဏတိုင်း အိုခြင်း နာခြင်း သေခြင်းဆီ နီးကပ် နီးကပ်နေပုံကို မြင်ပြီးတော့လဲ သနားတော်မူပါတယ်။ ယခု ဝိပဿနာရှုနေကြတဲ့ ယောဂီတွေတောင် စိတ်တွေ ပြောင်းလဲနေတာ တွေ့ရယင် ခဏတိုင်း ခဏတိုင်း အိုဘို့ နာဘို့ သေဘို့ နီးကပ် နီးကပ်နေတယ်ဆိုတာ သဘောပေါက်နိုင်ပါတယ်။ ဘုန်းကြီးတို့ ညွှန်ပြတဲ့အတိုင်း ရှုမှတ်နေကြတဲ့ ယောဂီတွေမှာ ဘင်္ဂဉာဏ်လောက် ရောက်တဲ့အခါကျတော့ မှတ်ရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော တစိတ်ချင်း တစိတ်ချင်း ကုန်ကုန် ပျက်ပျက်သွားတာဟာ အင်မတန်ထင်ရှားပါတယ်၊ စိတ်ကလေးတွေဟာ စိပ်ပုတီးက ပုတီးစေ့ကလေးတွေ တစေ့ပြီး တစေ့ စီနေသလိုပဲ တပိုင်းစီ တပိုင်းစီ ပြတ်ပြတ်ပြီး ကုန်ကုန်သွားတာကို ထင်ရှားတွေ့ရတယ်၊ အဲဒီလို ကုန်ကုန်သွားတိုင်း ပျောက်ပျောက်သွားတိုင်း ပျက်ပျက်သွားတိုင်း အိုဘို့ နာဘို့ သေဘို့ဆောင်ပို့နေသည် မည်တာဘဲ၊ အဲဒါက ဘင်္ဂဉာဏ်ရောက်နေတဲ့ ယောဂီတွေက 'မိမိတို့ဉာဏ်ဖြင့် မှန်းဆကြည့်နိုင်ဘို့ပါဘဲ။

သာမန် ပုဂ္ဂိုလ်တွေ ဆင်ခြင်ကြည့်ဘို့ကတော့ စက္ကန့်ပိုင်း မိနစ်ပိုင်း နာရီပိုင်း ရက်ပိုင်း လပိုင်း နှစ်ပိုင်းများဖြင့် ဆင်ခြင်ကြည့်နိုင်ပါတယ်၊ အကြမ်းဆုံး နှစ်ပိုင်းဖြင့် ဆင်ခြင်ကြည့်ယင် နှစ်တိုင်း နှစ်တိုင်း အိုဘို့ နာဘို့ သေဘို့ နီးကပ် နီးကပ်နေတာဘဲ၊ ယခုလူတွေမှာ အသက် လေးဆယ်ကျော် ငါးဆယ်လောက် ဆိုယင် အိုရုပ်တွေ ထင်ရှားလာပြီ၊ ငါးဆယ်ကျော် ခြောက်ဆယ်

ဆိုတော့ သာပြီး ထင်ရှားလာတာဘဲ၊ အဲဒီလို အိုရာက နာဘို့ရာ နီးကပ် နီးကပ်လာတယ်၊ နာနေတဲ့လူမှာတော့ နှစ်တိုင်း လတိုင်း ရက်တိုင်း နာရီတိုင်း မိနစ်တိုင်း စက္ကန့်တိုင်း သေဘို့ရာ နီးကပ် နီးကပ်လာတာဘဲ၊ အသက် ၇၀-ကျော် ၈၀-ကျော် ဆိုယင် သေကြတာကဘဲ များပါတယ်။ ယခုနေအခါ လူတွေဟာ ဒီလမ်းစဉ်အတိုင်း သွားနေကြရတာဘဲ၊ ပစ္စည်းဥစ္စာ ပေါများ ကြွယ်ဝတဲ့လူတွေလဲ အသက် ၇၀-ကျော် ၈၀-ကျော်အတွင်း သေကြရတာဘဲ၊ ဘုန်းတန်ခိုးအာဏာရှိတဲ့လူတွေလဲ ဒီလမ်းစဉ် အတိုင်းသွားပြီး သေကြရတာဘဲ၊ ဘယ်လိုအစွမ်းကောင်းတဲ့လူ၊ ဘယ်လိုထူးခြားတဲ့လူဘဲ ဖြစ်ဖြစ် အို နာ သေ ဆိုတဲ့ ဒီလမ်းစဉ် အတိုင်း အသက် ၇၀-ကျော် ၈၀-ကျော်အတွင်း အဆုံးသတ် သွားကြရတာဘဲ။ လူမှတပါး အခြားသတ္တဝါတွေလဲ နည်းတူ ပါဘဲ။ အဲဒါဟာ မိမိတို့ကိုယ်တွင်း ရုပ်နာမ်တွေက အို နာ သေသို့ ဆောင်ပို့နေတာဘဲ၊ အဲဒါကို "အို-နာ-သေသို့၊ မောင်း နှင်ပို့၊ လူတို့မမြဲပါတကား"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အို-နာ-သေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါတကား။

ဒီဆောင်ပုဒ်အရ ဆင်ခြင်ကြည့်ယင် အနိစ္စသဘောလဲ ထင် ရှားတယ်၊ မရဏာနုဿတိလဲ ဖြစ်ပွားတယ်၊ သတ္တဝါတွေဟာ ဘဝတိုင်း ဘဝတိုင်း အိုရာမှ နာရတယ်၊ နာရာမှ သေရတယ်၊ ဒီလမ်းစဉ်အတိုင်း သွားနေရတာဘဲလို့ ဆင်ခြင်ကြည့်လိုက်တော့ သနားစရာဘဲ၊' ဆင်းရဲဒုက္ခ ရောက်နေကြတာဘဲလို့လဲ ထင်ရှား

တယ်၊ ဒါကြောင့် မြတ်စွာဘုရားက သတ္တဝါတွေအပေါ်မှာ "အိုခြင်း နာခြင်း သေခြင်းသို့ အမြဲမပြတ် ဆောင်ပို့ခံနေကြရပါတကား၊ မမြဲကြပါတကား"လို့ မြင်တော်မူပြီး သနားကရုဏာ သက်တော်မူတာဘဲ။ မြတ်စွာဘုရား ကရုဏာသက်တော်မူသလိုပင် တရားနာပရိသတ်များလဲ ကရုဏာပွားကြရမယ်၊ လိုက်ဆိုကြ။

အားလုံး သတ္တဝါတွေ အို နာ သေသို့ ဆောင်ပို့ခံနေရပါတကား၊ မမြဲကြပါတကား၊

အဲဒီ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ လွတ်မြောက်ကြပါစေ၊ လွတ်မြောက်ကြပါစေ။

ဒီ ကရုဏာပွားပုံကတော့ အင်မတန် အဆင့်အတန်းမြင့်ပါတယ်၊ မြတ်စွာဘုရားရှင်၏ မဟာကရုဏာတော်သက်ပုံဘဲ၊ အများပုဂ္ဂိုလ်တို့အနေနဲ့ ဆင်ခြင်ကြည့်ယင် လူတွေဟာ ဆွေမျိုးတွေသေဆုံးလို့ ဆင်းရဲနေကြရတာလဲ ရှိတယ်၊ စီးပွားဥစ္စာတွေ ပျက်စီးဆုံးရှုံးလို့ ဆင်းရဲနေကြရတာလဲ ရှိတယ်၊ ရောဂါစွဲကပ်နှိပ်စက်လို့ ဆင်းရဲနေကြရတာလဲ ရှိတယ်၊ ချစ်သူနဲ့ ကွဲကွာလို့ ဆင်းရဲနေကြရတာလဲ ရှိတယ်၊ အဲဒီလို ဆင်းရဲနေကြတဲ့သူတွေကို အာရုံပြုပြီးတော့လဲ ကရုဏာပွားနိုင်ပါတယ်၊ လိုက်ဆိုကြရမယ်။

ဆင်းရဲတမျိုးမျိုးဖြင့် ဆင်းရဲနေကြတဲ့သတ္တဝါတွေ အားလုံး ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

## တကယ်အားကိုးစရာမရှိကြတာလဲ သနားစရာပဲ

အတာဏော လောကော အနဘိဿရော တိ ပဿန္တာနံ
ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။
လောကော-သတ္တဝါအပေါင်းသည်၊ အတာဏော-စောင့်ရှောက်သူ မရှိပါတကား၊ အနဘိဿရော-အားကိုးရာ မရှိပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု - သတ္တဝါတို့၌၊ မဟာကရုဏာ - သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏-တဲ့။

သတ္တဝါတွေမှာ စောင့်ရှောက်သူ မရှိဘူး အားကိုးစရာ မရှိဘူး တဲ့။ အဲဒီအဆိုကို ကောရဗျမင်းက နားမလည်လို့ အရှင်ရဋ္ဌပါလကို မေးဘူးပါတယ်၊ "အရှင်ရဋ္ဌပါလ၊ ကျွန်ုပ်တို့မှာ စောင့်ရှောက်တဲ့ စစ်တပ်တွေ ရှိနေပါတယ်၊ အဲဒါတွေဟာ အားကိုးစရာလဲ ဖြစ်ပါတယ်၊စောင့်ရှောက်သူမရှိဘူး၊ကိုးကွယ်ရာ မရှိဘူးဆိုတာ ဘာကို ရည်ရွယ်ပြီး ဆိုပါသလဲ"တဲ့။ အဲဒီတော့ အရှင်ရဋ္ဌပါလ-က မေးတယ်—"ကောရဗျမင်း၊ သင့်မှာ စွဲကပ်နေတဲ့ရောဂါ မရှိဘူးလား၊ အဲဒီရောဂါက အပြင်းအထန် နှိပ်စက်တဲ့အခါ ဘယ်လိုနေပါသလဲ" တဲ့၊ "ကျွန်ုပ်မှာစွဲကပ်နေတဲ့ရောဂါရှိပါတယ်၊ အဲဒီရောဂါက အပြင်းအထန် နှိပ်စက်တဲ့အခါ သေလုနီးပါး ခံစားရပါတယ်၊ ဆွေမျိုးတွေက သေတော့

မှာပဲလို့ ထင်ပြီး အနီးအပါးမှာ မျက်ရည်ကျက်လက်နဲ့ငိုနေကြရတဲ့အခါလဲ ရှိပါတယ်”လို့ ကောရဗျမင်းက ဖြေကြားတယ်။

အဲဒီတော့ “ကောရဗျမင်း၊ သင့်မှာ အဲဒီလို ရောဂါအပြင်းအထန်နှိပ်စက်နေတဲ့အခါ သင့်ဆွေမျိုး မိတ်ဆွေတွေအား အဲဒီရောဂါကို ခွဲဝေပေးလို့ ရပါ့ရဲ့လား၊ ငါ့မှာ ဝေဒနာခံစားရမှု သက်သာအောင် နဲနဲစီခွဲယူကြပါလို့ ပြောယင် ခွဲဝေပြီး ယူနိုင်ကြပါ့မလား”လို့ ထပ်ပြီး စိစစ် မေးမြန်းတယ်။ “ခွဲဝေပေးလို့ မဖြစ်ပါဘူး၊ ခွဲဝေပြီးလဲ မယူနိုင်ကြပါဘူး၊ ကျွန်ုပ် တယောက်တည်း ကြိတ်မှိတ်ပြီး ခံစားရတာပါဘဲ”လို့ ကောရဗျမင်းက ဖြေကြားတယ်။ အဲဒီတော့ အရှင်ရဋ္ဌပါလ က “အဲ ဟုတ်ပြီ အရှင်မင်းကြီး၊ အဲဒီလိုအခါမျိုးမှာ စောင့်ရှောက်သူမရှိတာ အားကိုးစရာ မရှိတာကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက သတ္တဝါတွေမှာ စောင့်ရှောက်သူ မရှိဘူး၊ ကိုးကွယ်ရာမရှိဘူးလို့ ဟောတော်မူတာပါ”လို့ ဖြေရှင်းပြတော်မူလိုက်ပါတယ်။

ဘယ်လိုပင် မိဘဆွေမျိုး အစောင့်အရှောက်တွေ ရှိနေပေမယ်လို့ မအိုရအောင် မနာရအောင် မသေရအောင်တော့ မစောင့်ရှောက်နိုင်ဘူး၊ပျိုပျိုနုနုနဲ့ အမြဲတမ်းနေရအောင် ဘယ်သူကမှ မစောင့်ရှောက်နိုင်ဘူး၊ အိုချိန်တန်ယင် အိုရတာဘဲ၊ အိုတဲ့အခါလဲ အဲဒီ အိုခြင်းသဘောကို ခွဲဝေပေးလို့ မရဘူး၊ အကယ်၍သာ ခွဲဝေပေးလို့ ယူလို့ ရမယ်ဆိုယင် အိုတဲ့ အစိတ်အပိုင်းကလေးတွေကို နဲနဲစီ ခွဲဝေပေးလိုက်ယင် အိုမင်းမှု မထင်ရှားပဲ ပျိုပျိုနုနုလို ပြန်ဖြစ်သွားမယ်၊ အဲဒီလိုဖြစ်နိုင်ယင် သိပ်နေရာကျမှာပေါ့။

ကျန်းမာရေးအတွက် သင့်လျော်တဲ့ဆေးဖြင့် ကာကွယ်နိုင်ဘယ် ဆိုပေမယ်လို့ ရောဂါလုံးဝမဖြစ်အောင်တော့ မတတ်နိုင်ဘူး၊ ရောဂါ အပြင်းအထန် ဖြစ်လာတဲ့အခါကျတော့လဲ ပျောက်ကင်းအောင် မကုသနိုင်တော့ဘူး၊ အဲဒီ ရောဂါခံစားရမှု သက်သာအောင် နဲနဲစီ ခွဲဝေပေးလို့လဲ မဖြစ်ဘူး၊ ခွဲဝေပေးလို့ ခွဲဝေယူလို့ ဖြစ်ယင် သိပ်နေရာကျမှာပေါ့။

မသေအောင်လဲ ဘယ်သူကမှ မတတ်နိုင်ဘူး။ အဲဒီ အိုခြင်း နာခြင်း သေခြင်းတွေကို ကာကွယ်စောင့်ရှောက်နိုင်တဲ့သူမရှိဘူး၊ သေပြီးတော့ အပါယ်လေးပါး မကျရအောင် စောင့်ရှောက်နိုင်တဲ့သူမရှိဘူး။ အဲဒီလို စောင့်ရှောက်သူ ကိုးကွယ်ရာမရှိတာကို မြင်တော်မူပြီးတော့ မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူတာပါဘဲ။ အဲဒီအပိုဒ်အရ "စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့ အားနွဲ့လှချေပါတကား"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

စောင့်ရှောက်သူမဲ့၊ကိုးရာမဲ့၊အားနွဲ့လှချေပါတကား။

လောကကြီးတခုလုံးကို ကြည့်လိုက်ယင် မအိုရအောင် မနာရအောင် မသေရအောင် အပါယ်ဆင်းရဲမှ လွတ်မြောက်ရအောင် သံသရာဆင်းရဲမှ လွတ်မြောက်ရအောင် ဘယ်သူမှ မကယ်တင် မစောင့်ရှောက်နိုင်ဘူး၊ ဖန်ဆင်းဝါဒအရ ဘုရားသခင်က ကယ်တင်နိုင်တယ်လို့ဆိုပေမဲ့ အဲဒီဝါဒ ယုံကြည်ကိုးကွယ်တဲ့ သူတွေလဲ သူများလိုပင် အိုချိန်တန်ယင် အိုကြရတာဘဲ၊ နာချိန်တန်ယင် နာကြရတာဘဲ၊ သေချိန်တန်ယင် သေကြရတာ

ဘဲ၊အဲဒါတွေကမကယ်တင်နိုင်ကြောင်း အထင်အရှားသက်သေ ခံနေပါတယ်။ သေပြီးတဲ့ နောက်ကာလကျမှ ကယ်တင်တယ်ဆို တာကလဲ ယုံကြည်ဘွယ် မရှိပါဘူး၊ တကယ်ဟုတ်ယင် မသေ ခင် ကယ်တင်ပါမှပေါ့။ ဗုဒ္ဓမြတ်စွာဘုရားတို့က ကယ်တင်တယ် ဆိုတာကလဲ ဆင်းရဲမှ လွတ်မြောက်ကြောင်း အကျင့်နည်းလမ်း ကို ဟောပြပေးခြင်းမျှဖြင့် ကယ်တင်တာပါဘဲ၊ မိမိ၏ တန်ခိုး ဖြင့် အမိန့်ဖြင့် ဆင်းရဲမှ လွတ်စေလို့ အမိန့်ပေးပြီး ကယ်နိုင်တာ မဟုတ်ပါဘူး။ ဥပမာအားဖြင့် လူမမာကို ဆေးဆရာများက ဆေးပေးခြင်း, ဆေးနည်း သုံးဆောင်နေထိုင်နည်းများကို ညွှန် ကြားပေးခြင်းဖြင့် ကုသကြသလိုပါဘဲ၊ ဆေးဆရာက ညွှန် ကြားတဲ့အတိုင်း လိုက်နာတဲ့သူမှာ ကျန်းမာသွားသလိုပင် ဗုဒ္ဓ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း လိုက်နာပြီးကျင့်တဲ့သူဟာ အပါယ်ဆင်းရဲ သံသရာဆင်းရဲမှ လွတ်မြောက်တာဘဲ။ အဲဒီ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားက ဒီလိုဟောတော်မူပါတယ်။

## ဗုဒ္ဓဘုရားရှင်ကလဲ ဟောရုံသာစွမ်းနိုင်တယ်

တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

တုမှေဟိ-ငါဘုရား၏ တပည့်ဖြစ်သော သင်တို့သည်၊ အာ တပ္ပံ-သမ္မပ္ပဓာန်လုံ့လဖြင့် ပြုသင့်သော သီလ သမာဓိ ပညာ အကျင့်ကို၊ ကိစ္စံ-ပြုလုပ်အပ်၏၊ ပြုလုပ်ရမည်။ တထာဂတာ-ငါ ဘုရားတို့သည်၊ အက္ခာတာရော-အကျင့်မှန် နည်းမှန်ကို ဟောရုံ

သာ ဟောနိုင်ကြပေသည်။ ဈာယိနော- သမထနှင့် ဝိပဿနာ နှစ်ပြားသော ရှုခြင်းဖြင့် ရှုကုန်လျက်၊ ပဋိပန္နာ-ငါဟောသည့် အတိုင်းကျင့်သော ပုဂ္ဂိုလ်တို့သည်၊ မာရဗန္ဓနာ-ကိလေသမာရ်၏ အနှောင်အဖွဲ့မှ၊ မောက္ခန္တိ-လွတ်မြောက်ကြပေကုန်လတံ့-တဲ့။

ဘုရားဟောတဲ့ အကျင့်နည်းမှန်ကို ကြားနာပြီး ကျင့်သူတွေဟာ ကိလေသမာရ်၏ အချုပ်အနှောင်လို့ဆိုရတဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြမယ်တဲ့။အဲဒီ ဒေသနာအရ မကျင့်ယင်တော့ မလွတ်ဘူး၊ ကျင့်နည်းမှန်ကို မကြားရယင်လဲမကျင့်နိုင်တဲ့အတွက် မလွတ်ဘူး၊ ကျင့်နည်းမှန်ဆိုတာကလဲ ဘုရားရှင်များ ပွင့်ထွန်းတဲ့အခါမှ ကြားရတယ်၊ ဘုရားမပွင့်တဲ့ သာသနာပမှာဆိုယင် ကျင့်နည်းမရှိတာနဲ့ မကျင့်နိုင်လို့ ဆင်းရဲမှ မလွတ်နိုင်ကြဘူး၊ အဲဒီတော့ ကျင့်နည်းမှန်ကို မကြားရလို့ မကျင့်တတ်တဲ့ သတ္တဝါတွေမှာ ဘယ်သူ့ကိုမှ အားမကိုးရဘူး၊သံသရာဆင်းရဲမှ လွတ်မြောက်အောင် စောင့်ရှောက်သူ မရှိဘူး၊ အဲဒီလို စောင့်ရှောက်သူ မရှိတဲ့အတွက် သံသရာထဲမှာ တဝဲလယ်လယ်နဲ့ ဒုက္ခရောက်နေကြရတယ်ဆိုတာကို မြင်တော်မူပြီးတော့ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို သနားတော်မူပါတယ် တဲ့။ အဲဒီ မြတ်စွာဘုရားက သနားတော်မူသလိုပင် အိုနာသေခြင်း စသည် ကင်းအောင် စောင့်ရှောက်သူမရှိတဲ့ သတ္တဝါတွေကို အာရုံပြုပြီး ကရုဏာ ပွားကြရမယ်၊ လိုက်ဆိုကြ။

မအို မနာ မသေရအောင် စောင့်ရှောက်သူမရှိ၍ကိုးကွယ်ရာမဲ့ဖြစ်နေသောကြောင့် သံသရာထဲ၌ ဆင်းရဲနေကြသောသတ္တဝါ

တွေအားလုံး ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှလွတ်မြောက်ကြပါစေ။

## အားလုံးကိုစွန့်သွားကြရတာလဲ သနားစရာပဲ

အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယန္တိ
ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ
သြက္ကမတိ။

လောကော-သတ္တဝါအပေါင်းသည်၊ အဿကော-ကိုယ်ပိုင်ဥစ္စာ မရှိပါတကား၊ သဗ္ဗံ-အလုံးစုံကို၊ ပဟာယ-စွန့်လွှတ်၍၊ ဂမနီယံ-သွားရမှာချည်းပါတကား။ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက် ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာရယ်လို့ မရှိဘူး တဲ့၊ လောကအလိုအားဖြင့်တော့ ကိုယ်ပိုင်ပစ္စည်း ဆိုတာ အနဲနှင့် အများသာ ကွာခြားတယ်၊ ရှိတန်သလောက်တော့ ရှိနေကြတာပါဘဲ၊ ဘေးရန်အန္တရာယ်မရှိလို့ မပျက်စီး မဆုံးရှုံးသေးခင်တော့ ရှိနေကြပါတယ်။ ဒါပေမဲ့ (သမ္ပတ္တိ ဝိပတ္တိပရိယောသာနာ) သမ္ပတ္တိ-ပြည့်စုံခြင်းဟူသမျှသည်၊ ဝိပတ္တိပရိယောသာနာ - ပျက်စီးခြင်းလျှင် အဆုံးရှိပါသတဲ့၊ လောကမှာ ပြည့်စုံနေတာ ကြီးပွား

ချမ်းသာနေတာတွေ ဟူသမျှဟာ နောက်ဆုံး တချိန်ကျတော့ ပျက်စီးသွားတာချည်းဘဲ၊ ပျက်စီးခြင်းမှာ အဆုံးသတ်သွားတာ ချည်းဘဲတဲ့။ ပျက်စီးခြင်းလျှင် အဆုံးရှိတယ် ဆိုတာ တကယ် ဟုတ်တာဘဲ၊ အနာကင်းရှင်း ကျန်းမာခြင်းဟာ နာခြင်းမှာ အဆုံးသတ်သွားတာဘဲ၊ ပျိုမျစ်နုနယ် အရွယ်ကောင်းခြင်းဟာ လဲ အိုမင်းခြင်းမှာ အဆုံးသတ်သွားတာဘဲ၊ စောစောက ဘယ် လိုပင် ပြည့်စုံနေပေမယ်လို့ နောက်ဆုံး သေတဲ့အခါမှာ ဘာမှ ယူမသွားနိုင်ဘူး၊ အခြွေအရံများခြင်းဟာလဲ အခြွေအရံမဲ့ခြင်း မှာ အဆုံးသတ်သွားတာဘဲ၊ အသက်ရှင်နေခြင်းဟာလဲ သေ ခြင်းမှာ အဆုံးသတ်သွားတာဘဲ၊ လောကဘက်က ကောင်းတာ ဟူသမျှဟာ နောက်ဆုံးကျတော့ အကုန်လုံး ကင်းမဲ့သွားတော့ တာဘဲ။ အဲဒါကို သိရိဓမ္မာသောကမင်းကြီး၏ အတ္ထုပ္ပတ္တိဖြင့် ထင်ရှားသိနိုင်ပါတယ်။

## သိရိဓမ္မာသောကမင်းကြီး ဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၁၈-နှစ် လောက်မှာ အိန္ဒိယနိုင်ငံ၌ အသောကမင်းကြီးဆိုတာ ပေါ် ထွန်းခဲ့ပါတယ်၊ ဇမ္ဗူဒီပါတကျွန်းလုံးကို အစိုးရတယ်လို့ ဆိုပါ တယ်၊ ဟိုတုန်းက ဇမ္ဗူဒီပကျွန်း ဆိုတာ အဲဒီ အသောကမင်းကြီး ရေးထားခဲ့တဲ့ ကျောက်စာများအရအားဖြင့် ယခု အိန္ဒိယ လို့ ခေါ်နေတဲ့ နယ်ပယ်တဝိုက်ပါဘဲ၊ ဘာ့ကြောင့် ဒီလိုသိရသလဲ ဆိုတော့ သူ့ကျောက်စာထဲမှာ ယခု အိန္ဒိယနယ်ပယ်၏ အစွန်

ဖြစ်တဲ့ အရပ်များကို သူ့ပိုင်နက်၏ နယ်စပ်နိုင်ငံများအဖြစ်ဖြင့် ပြဆိုထားသောကြောင့်ပါဘဲ။ ယခုခေတ်အမြင်နဲ့ ဆိုယင်တော့ သိပ်မကျယ်သလို ဖြစ်နေပါတယ်၊ ဒါပေမဲ့ ဟိုရှေးခေတ်တုန်းကတော့ အလွန်ကျယ်တဲ့နိုင်ငံ အဖြစ်ဖြင့် ထင်ရှားခဲ့ပါတယ်၊ အလွန်လဲ ဘုန်းတန်ခိုးကြီးပါတယ်၊ အဋ္ဌကထာများ အဆိုအရ အားဖြင့် အထက်ကောင်းကင်မှာဘောင် တယူဇနာအထိ အစိုးရတယ်လို့ ဆိုပါတယ်။ အဲဒီလို အလွန် ဘုန်းတန်ခိုးကြီးတဲ့မင်း ဖြစ်သောကြောင့် ပစ္စည်းဥစ္စာတွေကလဲ အလွန်ပင် ပေါများပြည့်စုံခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး နတ်ရွာစံခါနီးအချိန်ကျတော့ ဆီးဖြူသီးတခြမ်းမျှကိုသာ ပိုင်ဆိုင်အစိုးရတော့တယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်၊ ပြဆိုပုံကတော့—

သကလံ မေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။

အဍ္ဎာမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော တဲ့။

သုခီ-လွန်ကဲသောစည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော၊အသော-ကော-အသောကမည်သောမင်းသည်၊ သကလံ မေဒိနိံ-ဇမ္ဗူဒိပ်ကျွန်းတွင် မြေတပြင်လုံးကို၊ ဘုတွာ - စိုးအုပ်သုံးဆောင်ပြီး၍၊ ကောဋိသတံ ဒတွာ - ကုဋေဘာရာ များစွာသောဥစ္စာကိုလည်း လှူပြီး၍၊ အန္တေ-အဆုံးစွန်ကျ နောက်ကာလ၌၊ အဍ္ဎာမလက-မတ္တဿ - ဆီးဖြူသီးတခြမ်းမျှကို၊ ဣဿရတံ-အစိုးရသောပိုင်ရှင်အဖြစ်သို့၊ ဂတော-ရောက်သွားရရှာလေတော့သည် တဲ့။

အသောကမင်းကြီးဟာ စောစောပိုင်းကတော့ အလွန်တန်ခိုးကြီးတဲ့မင်း ဖြစ်တယ်၊ ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရ

တယ်လို့လဲ ချီးကျူးရတယ်၊ ပစ္စည်းဥစ္စာတွေလဲ အလွန်မင် ပေါများ ပြည့်စုံခဲ့တယ်၊ တနေ့တည်းဖြင့် ၉၆-ကုဋေ့ဘောင် လှူခဲ့တယ်၊ အားလုံးတော့ ကုဋေတရာတောင် လှူခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ နောက်ဆုံး နတ်ရွာစံခါနီးကျတော့ ကျန်း မာရေးကလဲ ချို့တဲ့နေတယ်၊ မှူးကြီး အမတ်ကြီးတွေကလဲ ရှိသေမှုပေါ့သွားဟန်တူပါတယ်၊ ဒိဗျာဝဒါနကျမ်း မှာ အဲဒီ အကြောင်းအရာများကို ပြထားတာ ရှိပါတယ်၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်မှာ တော်တော် ပြည့်ပြည့်စုံစုံပြထားပြီး ရှိပါတယ်၊ ဒီမှာတော့ အကျဉ်းလောက် ပြောပြရမှာဘဲ။

အသောကမင်းကြီး မကျန်းမမာဖြစ်နေတဲ့အချိန်မှာ စားသုံး ဘွယ်များကို မူလက ဆက်သနေကျအတိုင်း ရွှေခွက်ဖြင့် ဆက်သ ကြတယ်၊ စားသုံးပြီးတဲ့အခါ မင်းကြီးက အဲဒီ ရွှေခွက်များကို ကုက္ကုဋာရာမကျောင်းသို့ ပို့လှူစေတယ်၊ အဲဒီကနောက် ငွေခွက် ဖြင့် ဆက်သကြတယ်၊ အဲဒီ ငွေခွက်များကိုလဲ ကုက္ကုဋာရာမ ကျောင်းသို့ ပို့လှူစေတယ်၊ အဲဒီလိုလှူဘာကလဲ သူ့ ရည်ရွယ်ချက် အတိုင်း ကုဋေတရာပြည့်ရန် ၄-ကုဋေ့လိုနေတဲ့အတွက် ပြည့် အောင်လှူတယ်လို့လဲ ဆိုပါတယ်။ အဲဒီကနောက်တော့ မှူးမတ် များက စားသုံးဘွယ်များကို မြေခွက်ဖြင့်သာ ဆက်သကြစေ တယ်လို့ ဆိုပါတယ်၊ အဲဒီအခါမှာ အသောကမင်းကြီး၏ လက် ထဲသို့ ဆီးဖြူသီးတခြမ်းမျှသာ ရောက်လာတဲ့အတွက် မင်းကြီးမှာ ထိတ်သန့်တုန်လှုပ်ပြီးတော့ မှူးမတ်တွေ နန်းတွင်းသားတွေကို စည်းဝေးစေတယ်၊ စည်းဝေးမိတဲ့အခါမှာ အသောကမင်းကြီး

က "ဒီနိုင်ငံမြေကို ဘယ်သူအစိုးရသလဲ"လို့မေးတယ်။ "အရှင်မင်းကြီး အစိုးရပါတယ်"လို့ အမတ်ကြီးက လျှောက်တယ်။

အဲဒီတော့ အသောကမင်းကြီးက "သင်အမတ်ကြီး ပြောတဲ့အတိုင်း မဟုတ်တော့ဘူး၊ ယခုအခါမှာတော့ ငါ့မှာ ဒီဆီးဖြူသီးတခြမ်းမျှသာ အစိုးပိုင်တော့တယ်"လို့ ပြောပြီးတော့ "ပြည့်စုံခြင်းဟူသမျှဟာ ပျက်စီးခြင်း အဆုံးရှိတယ်"လို့ ဟောတော်မူတဲ့ မြတ်စွာဘုရားစကားတော် မှန်ကန်ကြောင်းလဲ မြွက်ဆိုသွားပါသတဲ့။ အကျယ်သိချင်ယင်တော့ ဝိသုဒ္ဓိမဂ် မြန်မာပြန် ဒုတိယတွဲ (၂၁၇-စသည်)မှာ ကြည့်ရှုနိုင်ပါတယ်။

ဒါကြောင့် "သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာမရှိဘူး၊ သေတဲ့အခါ အားလုံးကို စွန့်လွှတ်သွားကြရမယ်"ဆိုတာဟာ သိပ်မှန်တာဘဲ၊ ငါ့ဟာ ငါ့ဟာနဲ့ အစွဲအလန်းကြီးနေကြပေမဲ့ သေတဲ့အခါကျတော့ အကုန်လုံးကို စွန့်လွှတ်သွားကြရတာချည်းဘဲ၊ ကိုယ်မှာဝတ်ဆင်ထားတဲ့ အဝတ်စသောပစ္စည်းတွေလဲ စွန့်လွှတ်သွားကြရတာဘဲ၊ မိမိတို့၏ ရုပ်ကိုယ်ကြီးကိုလဲ စွန့်လွှတ်သွားကြရတာဘဲ။ အဲဒီလို ဘဝတိုင်း စွန့်လွှတ်သွားကြရတာတွေကို မြင်တော်မူလို့ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို သနားတော်မူပါတယ် တဲ့။ မြတ်စွာဘုရား သနားတော်မူသလို ကိုယ်ပိုင်ဥစ္စာမရှိတဲ့ သတ္တဝါတွေကို အာရုံပြုပြီး ကရုဏာပွားကြရမယ်၊ လိုက်ဆိုကြ။

ကိုယ်ပိုင်ဥစ္စာမဟုတ်တာတွေကို ကိုယ်ပိုင်ဥစ္စာအနေဖြင့် ရှာမှီးသိမ်းပိုက်ပြီး ကိုယ်ရော့စိတ်ပါ ဆင်းရဲနေရှာ

ကြတဲ့သတ္တဝါတွေ သနားစရာကောင်းတယ်၊ဒါကြောင့် သတ္တဝါတွေအားလုံး အဲဒီလို ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ အဲဒီလို ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အဲဒီ ကိုယ်ပိုင်ဥစ္စာမရှိပုံနဲ့ စပ်ပြီး ဆောင်ပုဒ်ကိုတော့ "ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာသွားရမည်တကား" လို့ စီထားတယ် အဲဒါကိုလဲ ဆိုကြရမယ်။

ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာသွားရမည်တကား။

တဏှာ၏ ကျွန်ခံနေကြရတာလဲ သနားစရာပဲ

ဦနော လောကော အတိတ္တော တဏှာဒါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

လောကော-သတ္တဝါ အပေါင်းသည်၊ ဦနော-မပြည့်မဝ အစဉ အရာရာ လိုလျှက်သာရှိနေပါတကား၊အတိတ္တော-ရောင့်ရဲကင်းပ အားမရနိုင်ပဲသာရှိနေပါတကား၊ တဏှာ ဒါသော တဏှာ၏ ကျွန်ဖြစ်နေပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေမှာအစစအရာရာ ပြည့်ဝတယ်လို့မရှိဘူး၊တော်ပြီလို့ အားရရောင့်ရဲခြင်းလဲ မရှိဘူး တဲ့၊ ဒါလဲ သိပ်မှန်တာဘဲ၊ ဘာမျှမရှိသေးတဲ့ သူက နဲနဲလောက် စားနိုင်သုံးနိုင်ရုံလောက် ရယင် တော်ပါပြီလို့ ကြံစည်ထားပေမဲ့ ရည်မှန်းတဲ့အတိုင်း ရလာတဲ့အခါကျတော့ အဲဒါလောက်နဲ့ အားမရ မရောင့်ရဲနိုင်ပဲ ရှိနေတတ်တယ်၊ တကျပ်လောက်ရတဲ့ သူက နှစ်ကျပ် သုံးကျပ်လိုချင်တယ်၊ သုံးလေးကျပ်ရတဲ့သူက ငါးကျပ် တဆယ် ရချင်တယ်၊ တဆယ်လောက်ရတဲ့သူက တရာ တထောင်စသည် ရချင်တယ်၊ တရာ တထောင်စသည် ရပြန်ယင်လဲ တသောင်း တသိန်းစသည် ရချင်ပြန်တာဘဲ၊ ဘယ်လောက်ရလို့မှ အလို မပြည့်ဘူး အားမရ မရောင့်ရဲဘူး၊ ဒါကြောင့် ယခုကာလမှာ သိန်းသန်းကုဋေနဲ့ချီပြီး ကြွယ်ဝနေကြတဲ့ သေဌေးကြီးတွေက လဲ များသည်ထက်များအောင် ကြောင့်ကြစိုက်ထုတ်ပြုလုပ် နေကြရတာဘဲ။ အဲဒီလို အလိုမပြည့်ဝ အားမရနိုင်လို့ ရှာကြံ နေကြယင်း သေကုန်ကြရတာဘဲ၊သေသည်အထိလဲ အလိုမပြည့်ဝ အားမရနိုင်ကြဘူး။

ဥပမာအားဖြင့် ပင်လယ်ထဲမှာ မိုးရေတွေ မြစ်ရေတွေ ဘယ်လောက်ပဲ ကျလာဝင်လာစေကာမူ ပင်လယ်ကဘော့ ပြည့်လျှံသွားတယ်လို့ မရှိဘူး၊ တနည်း ဥပမာအားဖြင့် မီးပုံထဲမှာ လောင်စာတွေ ဘယ်လောက် ထည့်ထည့် ပြည့်ဝတယ်လို့ မရှိဘူး၊ လောင်စာ ထည့်တိုင်းထည့်တိုင်း တိုးတိုးပြီး လောင်နေတာဘဲ။ အဲဒီ ဥပမာများလိုပင် သတ္တဝါတွေမှာ ဘယ်တော့မှ

အလိုပြည့်ဝ အားရတယ်လို့ မရှိဘူး။ အဲဒီလို အားမရ မရောင့်ရဲတာလဲ တဏှာ၏အစွမ်းကြောင့်ပါဘဲ၊ တဏှာက စေခိုင်းတဲ့အတိုင်း ရှာကြံလုပ်ကိုင်နေကြရတယ်၊ အဲဒီတော့ တဏှာ၏ကျွန်ဖြစ်နေတာပေါ့။ အဲဒီလို တဏှာ၏ ကျွန်ဖြစ်ပြီးအလိုမပြည့်ဝ အားမရနိုင်ပဲ ရှာကြံနေကြတဲ့ သတ္တဝါတွေကို မြင်တော်မူလို့ မြတ်စွာဘုရားက သနားတော်မူပါတယ်၊ ဥပမာအားဖြင့်သနားညှာတာခြင်းမရှိပဲ ရက်ရက် စက်စက် စေခိုင်းတတ်တဲ့လူဆိုးကြီးခိုင်းသမျှကို ကြောက်တာနဲ့ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေကြရတဲ့ လူကလေးတွေကိုမြင်ယင် သနားတတ်တဲ့သူမှာ သနားသလိုပါဘဲ။ အဲဒါကို "လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား။

တဏှာမကင်းသေးတဲ့ သတ္တဝါတွေဟာ တဏှာက စေခိုင်းညွှန်ကြားသမျှတွေကို လုပ်နေကြရတယ်၊ ပုထုဇဉ်တွေ ဆိုယင်တဏှာက အသတ်ခိုင်းယင် သတ်ရတယ်၊ သတ်ပြီးလုပ်ကိုင်မှစီးပွားဖြစ်မယ် ကြီးပွားချမ်းသာမယ်လို့ ထင်ပြီး သတ်တာတွေဟာ တဏှာကခိုင်းလို့ သတ်တာတွေဘဲ၊ အဇာတသတ် မင်းကခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်တာဟာ မင်းစည်းစိမ်ကိုရလိုတဲ့ တဏှာ၏စေခိုင်းချက်အရ သတ်တာဘဲ။ အဲဒီလို တဏှာမကင်းသေးတဲ့ ပုထုဇဉ်တွေဟာ ပဉ္စာနန္တရိယ ကံကြီးတွေအထိပြုလုပ်ပြီး အပါယ်ဆင်းရဲစသည်တွေနဲ့ အတိဒုက္ခ ရောက်နေကြ

ရတယ်။ သောတာပန်မှာတော့ အပါယ် ကျရောက်စေနိုင်တဲ့ တဏှာကင်းသွားပြီ၊ ဒါကြောင့် အပါယ်ကျစေနိုင်တဲ့ သတ်ခြင်း ခိုးခြင်းစသော အကုသိုလ်ဒုစရိုက်တွေကိုတော့ မပြုဘူး၊ ဒါပေမဲ့ ကာမတဏှာက မကင်းသေးတဲ့အတွက် ကာမဂုဏ် အာရုံတွေ ခံစားရေးအတွက် တဏှာခိုင်းသမျှ ရှာကြံအားထုတ်ပြီး ဆင်းရဲ ဒုက္ခရောက်နေရသေးတာပါဘဲ၊ သကဒါဂါမ်မှာလဲ ကာမတဏှာ အနုစားတွေ ခိုင်းသမျှ လုပ်နေရသေးတာပါဘဲ။ အနာဂါမ်မှာ ကာမတဏှာကင်းပေမဲ့ ရူပတဏှာ အရူပတဏှာ စေခိုင်းတာကို လုပ်နေရသေးတာပါဘဲ၊ ဒါပေမဲ့ အဲဒီတဏှာကြောင့် ကိုယ် ဆင်းရဲ စိတ်ဆင်းရဲတော့ မရှိပါဘူး၊ သခ်ါရဆင်းရဲလောက်သာ ရှိပါတော့တယ်။ ရဟန္တာမှာတော့ တဏှာဟူသမျှ အကုန် ကင်းသွားပြီဖြစ်တဲ့အတွက် တဏှာ၏ကျွန်အဖြစ်မှ လွတ်မြောက် နေပါပြီ၊ ဒါကြောင့် တဏှာ၏ကျွန်အနေဖြင့် ခံစားရတဲ့ ဆင်းရဲ တွေကိုမြင်တော်မူပြီး သနားတော်မူတာဟာ တဏှာ မကင်းသေး တဲ့ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး သနားတော် မူတာပါဘဲ၊ အဲဒီ အထဲမှာလဲ ပုထုဇဉ်ကတော့ သနားစရာ အကောင်းဆုံးပါဘဲ။ ယခု မြတ်စွာဘုရား' သနားတော်မူပုံကို နည်းမှီပြီး ကရုဏာပွားကြရမယ်၊ လိုက်ဆိုကြ။

> တဏှာ၏ ကျွန်ဖြစ်လျက် အလိုမပြည့်ဝ အားမရနိုင်
> သဖြင့် ဆင်းရဲနေကြရသော သတ္တဝါတွေ အားလုံး
> တဏှာ၏ ကျွန်အဖြစ်မှလွတ်ကြ၍ ဆင်းရဲမှလွတ်မြောက်
> ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

မြန်မာပြည်တွင်းက သတ္တဝါတွေရော၊ တကမ္ဘာလုံးက သတ္တဝါတွေရော၊ ဒီစကြဝဠာအတွင်းက သတ္တဝါတွေရော၊ အနန္တစကြဝဠာတွေက သတ္တဝါတွေရော ယခုပြောခဲ့တဲ့ ဆင်းရဲ အမျိုးမျိုးနဲ့ တွေ့ကြုံ ခံစားနေကြရတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားနေကြရတာလဲ ရှိတယ်၊ ရှာကြံ အားထုတ်ရလို့ ပင်ပန်း ဆင်းရဲနေကြရတာလဲ ရှိတယ်၊ အကုသိုလ်ကံကြောင့် အပါယ်ကျရောက်ပြီး ခံစားရမည့် ဆင်းရဲလဲ ရှိတယ်၊ အိုခြင်း နာခြင်း သေခြင်းစသော သံသရာဝဋ်ဆင်းရဲတွေလဲ ရှိတယ်၊ အဲဒီ အမျိုးမျိုးသော ဆင်းရဲတွေမှ လွတ်မြောက်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ကရုဏာပွားကြရမယ်၊ နှလုံးသွင်းတိုင်း ရွတ်ဆိုတိုင်းလဲ နောက်ကလိုက်ပြီး ရှုမှတ်ကြရမယ်၊ လိုက်ဆိုကြ။

မြန်မာပြည်သူပြည်သားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ....။

တကမ္ဘာလုံးက သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ....။

ဤ စကြဝဠာ အတွင်းက သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ....။

အနန္တစကြဝဠာတို့မှ သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ....။

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒါက ပရိတ်ကြီးထဲက ကရုဏာပွားပုံ အာသီသဂါထာဘဲ၊ နှုတ်တက်ရနေကြတာဘဲ များပါလိမ့်မယ်။ အနက်ကတော့--

ဒုက္ခပ္ပတ္တာ- ဆင်းရဲရောက်နေ ကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော၊စ-သတ္တဝါတို့ သည်လည်း၊ နိဒ္ဒုက္ခာ-ဆင်းရဲကင်းကြသည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ- ဘေးသင့်နေကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနော စ-သတ္တဝါတို့ သည်လည်း၊ နိဗ္ဘယာ- ဘေးကင်းကြသည်၊ ဟောန္တု- ဖြစ်ကြပါစေ ကုန်သတည်း။သောကပ္ပတ္တာ-စိုးရိမ်ပူပန်နေကြကုန်သော၊သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနော စ-သတ္တဝါတို့သည်လည်း၊ နိဿောကာ-စိုးရိမ်ကင်းပ အေးချမ်းကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း-တဲ့။

ဒီဂါထာပါဋ္ဌိအနက်အရအားဖြင့် ကရုဏာပွားပုံ ပေါ်လွင်နေပါတယ်၊ ဆင်းရဲဒုက္ခရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ၊ ဘေးသင့်နေကြတဲ့ပုဂ္ဂိုလ်တွေ ဘေးဘယမှ လွတ်မြောက်ကြပါစေ၊ စိုးရိမ်ပူပန်နေကြတဲ့ ပုဂ္ဂိုလ်တွေ စိုးရိမ်ပူပန်ခြင်းမှ လွတ်မြောက်ကြ ပါစေ-လို့ နှလုံးသွင်းပြီး ကရုဏာပွားနိုင်ပါတယ်။ အဲဒီအဆိုဖြင့် ကရုဏာပွားကြရမယ်။

ဆင်းရဲဒုက္ခရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

ဘေးသင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဘေးဘယမှ လွတ်မြောက်ကြပါစေ။

စိုးရိမ်ပူပန်နေကြတဲ့ ပုဂ္ဂိုလ်တွေ စိုးရိမ်ပူပန်ခြင်းမှ လွတ်မြောက်ကြပါစေ။

မဟာကရုဏာ သမာပတ္တိဉာဏ်ဖြစ်ပုံနှင့် စပ်ပြီးတော့ သိမြင်သဘောကျပြီး ကရုဏာပွားပုံ တချို့တော့ ပြောချင်ပါသေးတယ်၊ အဲဒါ နောက်ရက်ကျမှ ဆက်ပြောရမှာဘဲ၊ ဒီကနေ့တော့ ဒီတွင်ပဲ ရပ်ပြီးတရားသိမ်းတော့မယ်။

ဤကရုဏာဘာဝနာ တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့သည် ကရုဏာဘာဝနာကိုလဲ စွမ်းနိုင်သမျှ ပွားများအားထုတ်ကြသည့်ပြင် ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်မှု ဝိပဿနာတရားကိုလဲ တိုးတက်ပွားများအားထုတ်နိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

ဗြဟ္မဝိဟာရ တရားတော် ပဥ္စမပိုင်းပြီး၏။

ဗြဟ္မဝိဟာရ တရားတော်

# ဆဋ္ဌမပိုင်း

၁၃၂၇-ခုနှစ် သီတင်းကျွတ်လဆန်း ၈-ရက်နေ့

ဟောသည်

---

## တရားအနုသန္ဓေ

တော်သလင်းလကွယ်နေ့က ကရုဏာပွားပုံကို ဟောခဲ့တယ်၊ ဘော်တော်စုံသွားပါပြီ။ ဒါပေမဲ့ မဟာကရုဏာဖြစ်ပုံ တချို့ကို ဟောချင်သေးတယ်၊ ဗဟုသုတလဲ ပွားရအောင်, ကြည်ညိုသဒ္ဓါလဲ ပွားရအောင်, ကရုဏာပွားရန်လဲ ပေါ်လွင်အောင်, ဝိပဿနာရှုပုံလဲ သရုပ်ပေါ်ပြရအောင် ဒီရည်ရွယ်ချက် ၄-ချက်အရ ဟောချင်တာပါဘဲ။ အဲဒီ မဟာကရုဏာဖြစ်ပုံများကို ဟောပြီးတော့မှ မုဒိတာဗြဟ္မဝိဟာရ ဖြစ်ပွားပုံလဲ ဟောရမယ်။

တနေ့က ဓမ္မဒ္ဒေသ ၄-ပါးဆိုင်ရာ မဟာကရုဏာဖြစ်ပုံကို တော့ ဟောပြီးပြီ၊ သတ္တဝါတွေမှာ မြွားစူးနေပုံ၊ ပိုက်ထဲမိနေပုံ၊ ရေယဉ်ကျောမျောနေရပုံ၊ မီးလောင်ခံနေရပုံများနဲ့စပ်ပြီး ကရုဏာတော်ဖြစ်ကြောင်းများ ဟောတိုပါဘဲ။ ရှေးဦးစွာ မြွားစူးနေပုံကို ဟောရမယ်။

## သတ္တဝါတွေ မြူးစူးနေတယ်

သသလ္လော လောကသန္နိဝါသော ဝိဒ္ဓေါ ပုထု
သလ္လေဟိ၊ နတ္ထညော ကောစိ သလ္လာနံ ဥဒ္ဓတာ
အညတြ မယာတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ
သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

လောကသန္နိဝါသော-သတ္တဝါအပေါင်းသည်၊ သသလ္လော-စူးဝင်နေသော မြူးတွေရှိနေပါတကား၊ ပုထုသလ္လေဟိ-များစွာသော မြူးတို့ဖြင့်၊ ဝိဒ္ဓေါ-စူးဝင်နေပါတကား၊ အညတြ မယာ—ငါဘုရားမှတပါး၊ သလ္လာနံ ဥဒ္ဓတာ-စူးဝင်နေသောမြူးတို့ကို နှုတ်ပေးနိုင်သော၊ အညော ကောစိ-အခြားသူ တစုံတယောက်မျှ၊ နတ္ထိတိ-မရှိပါတကားဟူ၍၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-ဆက်ရောက် ဖြစ်ပွားတော်မူပေ၏-တဲ့။

သလ္လဆိုတာ ငြောင့်နဲ့မြူးကိုဆိုတယ်၊ ဒီနေရာမှာ ငြောင့်ဆိုယင်လဲ သင့်ပါတယ်၊ ဒါပေမဲ့ အဋ္ဌကထာမှာ မြူးအနေဖြင့်ပြဆိုထားတယ်၊ ဒါကြောင့် မြူးစူးနေတဲ့ သတ္တဝါတွေကိုသနားပုံမျိုးအနေဖြင့် ဆင်ခြင်ကြည့်ဘို့ပါဘဲ၊ ယခုခေတ်မှာ စစ်တိုက်ကြရာ သေနတ်တွေနဲ့ ပစ်ကြတော့ သေနတ်ကျည်ဆံ အထိအမှန်ခံရတဲ့သူတွေမှာ ဆင်းရဲကြသလိုပင် ရှေးခေတ်တုန်းကလဲ

လေးမြှားနဲ့ ပစ်ကြလို့ မြှားမှန်ခံရတဲ့သူတွေမှာ ဆင်းရဲကြရပါတယ်၊ အဲဒီမြှားမှန်ခံရလို့ မြှားစူးခံရတဲ့သူလိုပဲ သတ္တဝါတွေမှာ မြှားတွေစူးဝင်နေကြပါတယ် တဲ့။ ဘယ်လိုမြှားတွေ စူးဝင်နေတာလဲဆိုတော့— ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ကိလေသာ ဒုစ္စရိုက်ဆိုတဲ့ ဒီအကုသိုလ်မြှားတွေ စူးဝင်နေတာပါဘဲ။ ရင်ဘတ်က ကျောအထိ ပေါက်အောင် မြှားခုနစ်ချောင်း စူးဝင်နေတယ်ဆိုယင် အင်မတန်အခံရခက်မှာပေါ့၊ အဲဒါလိုဘဲ သတ္တဝါတွေမှာ ရာဂ ဒေါသစသော မြှားခုနစ်ချောင်း စူးဝင်နေလို့ သနားစရာကောင်းပါတယ် တဲ့။

ဒါပေမဲ့ ပုထုဇဉ်တွေအနေနဲ့ ဆိုတော့ အဲဒီမြှားတွေ စူးဝင်နေတာကို ကြိုက်နေကြတယ်၊ ကာမဘုံက သတ္တဝါတွေဟာ ကာမဂုဏ်အာရုံတွေကို ခံစားပြီး ကာမရာဂ ဖြစ်နေတာကို ကြိုက်နေကြတယ်၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို ရနိုင်သမျှ ရှာကြံပြီး ကာမရာဂကို ပြုစုအားပေးနေကြတာဘဲ။ ဘုရားရဟန္တာတို့အမြင်အားဖြင့် ဆိုယင်တော့ ကာမရာဂ ဖြစ်နေတာဟာ မြှားစူးနေတာလို ပြောင့်စူးနေတာလို မခံသာတဲ့အနေအားဖြင့် မြင်တော်မူကြပါတယ်၊ရူပဘဝ အရူပဘဝကို တပ်မက်သာယာတဲ့ ရာဂလဲ ထိုအတူပင် မခံသာတဲ့သဘောပါဘဲ။ ဒေါသမြှား ပြောင့်စူးပုံက ပိုပြီးထင်ရှားတယ်၊ရွှင်ရွှင်ပျပျ ကြည်ကြည်လင်လင်ရှိနေရာထဲက ဒေါသ ဖြစ်လာယင် မျက်နှာ ရုပ်အဆင်းတွေဟာ တခါတည်း ညိုမဲ ညှိုးနွမ်းသွားတော့တာဘဲ၊ စိတ်ထဲမှာလဲ မနေသာ မထိုင်သာ ဖြစ်သွားတော့တာဘဲ။ ဒါပေမဲ့

စိတ်ဆိုးနေတဲ့သူကတော့ အဲဒီလို ဒေါသဖြစ်နေတာကိုပဲ အရသာရှိသလို ထင်နေတယ်၊ ဒါကြောင့် ဒေါသမပွားဘို့ ရန်ငြိုးမထားဘို့ သူတပါးက ငြိမ်းချမ်းရေးစကားကို ပြောလာယင် အဲဒီ ဒေါသ ဖြစ်နေသူက တယ်မကြိုက်တတ်ဘူး၊ ဟိုဘခြားဘက်က လိုက်ပြောတယ်လို့လဲ ထင်တတ်တယ်။

မောဟ ဆိုတာကတော့ အမှန်မသိပဲ အမှားသိတဲ့သဘောပါဘဲ၊ မမြဲတာတွေကို မြဲတယ်လို့ ထင်တယ်၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ ဆင်းရဲတရားတွေကို ချမ်းသာလို့ ထင်တယ်၊ အတ္တကောင် မဟုတ်တဲ့ ရုပ်နာမ်သဘောတရားတွေကို အတ္တကောင် ငါကောင် သတ္တဝါကောင်လို့ ထင်တယ်၊ ရာဂ ဒေါသ ဖြစ်ယင် ဒီအမှားသိမောဟလဲ ပါတော့တာဘဲ၊ အဲဒီ မောဟမြားငြောင့် စူးနေတဲ့အတွက်လဲ သတ္တဝါတွေဟာ ဒုက္ခရောက်နေကြရတယ်၊မောဟ ကအမှားတွေ အမှန်ထင်တဲ့အတွက် မတော်တာတွေကို ပြုတယ် ပြောတယ် ကြံတယ်၊ အဲဒီ ပြုမှု ပြောမှု ကြံမှုတွေကြောင့် မကောင်းကျိုးတွေရပြီး ဆင်းရဲနေကြရတယ်။

မာန ဆိုတဲ့ မြားငြောင့်ကြောင့်လဲ အထင်မကြီးသင့်တာတွေကို အထင်ကြီးပြီး ဒုက္ခရောက်ကြရတယ်။ ဒိဋ္ဌိ မြားငြောင့်စူးဝင်နေတဲ့အတွက် အယူမှားတွေကို စွဲသမ်းနေတယ်၊ မစွန့်လွှတ်နိုင်ဘူး၊ ကောင်းကျိုးရလိမ့်မယ် ထင်မှတ်ပြီး မပြုသင့်တာတွေကို ပြုနေတယ်၊ မပြောသင့်တာတွေကို ပြောနေတယ်၊ မကြံသင့်တာတွေကို ကြံနေတယ်၊ အဲဒီလို ပြုမှု စသည်ကြောင့် ဒုက္ခရောက်

နေကြရတယ်၊ ဘုရားလက်ထက်တော် ကာလတုန်းက ပုရာဏ ကဿပ အစရှိတဲ့ ဂိုဏ်းဆရာကြီး ၆-ဦးနဲ့ သူတို့၏ တပည့်တွေဟာ မတော်တာတွေ ပြုကြ ပြောကြတဲ့အတွက်လဲ အကုသိုလ်တွေ ပွားသွားကြတယ်၊ ဘုရားကို ပြစ်မှားတဲ့အတွက်လဲ ကြီးလေးတဲ့ အကုသိုလ်ကံတွေ ဖြစ်ပွားသွားကြတယ်၊ အဲဒီ အကုသိုလ်ကံ တွေကြောင့် ငရဲ စသည်ကို ကျရောက်ပြီးတော့ အကြီးအကျယ် ဆင်းရဲကြရတယ်၊ ယခုနေအခါလဲ အဲဒီလို ဒိဋ္ဌိ မြူးခြောင့် စူးနေလို့ ဒုက္ခရောက်နေကြရတဲ့သူတွေ များစွာရှိနေတာဘဲ။

ဝိစိကိစ္ဆာ အစရှိသော ကျန်တဲ့ကိလေသာမြူးခြောင့်တွေ စူးနေလို့ ဒုက္ခရောက်နေကြရတာတွေလဲ ရှိတာဘဲ။ ဝိစိကိစ္ဆာ ဆိုတာ ဘုရား တရား သံဃာ အစစ်အမှန်တွေကို ဟုတ်မှ ဟုတ်ပါ့ မလား စသည်ဖြင့် ယုံမှားတာပါဘဲ၊ သီလအကျင့် သမာဓိ အကျင့် ဝိပဿနာပညာအကျင့်ကို ကျင့်တဲ့အတွက် ကောင်းကျိုး ရတယ်, ချမ်းရတယ်, ဝိပဿနာဉာဏ်ဖြစ်တယ်, မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ရတယ် ဆိုတာ ဟုတ်မှ ဟုတ်ပါ့ မလားလို့ ယုံမှားတာလဲ ဝိစိကိစ္ဆာဘဲ၊ ကုသိုလ်ကံကြောင့် ကောင်းတဲ့ဘဝမှာ ဖြစ်ရတယ်, အကုသိုလ်ကံကြောင့် အပါယ် လေးပါးမှာ ဖြစ်ရတယ် ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားတာလဲ ဝိစိကိစ္ဆာဘဲ။ အဲဒီ ဝိစိကိစ္ဆာမြူးခြောင့် စူးဝင် နေကြတဲ့အတွက်လဲ လမ်းမှန်အကျင့်မှန်ကို မလိုက်နိုင် မကျင့်နိုင်ပဲ ရှိနေကြတယ်၊ ဒါကြောင့် သံသရာဝဋ်ဆင်းရဲတွေနဲ့ အမြဲ တွေ့ကြုံပြီး ခံစားနေကြရတယ်။

နောက်ပြီးတော့ ဒုစ္စရိုက်ဆိုတဲ့ မြှားငြောင့်ကတော့ ရာဂ ဒေါသ စသော ကိလေသာမြှားငြောင့်တွေနဲ့ တဆက်တည်း ပါဘဲ၊ ရာဂ စသည် အားကောင်းတဲ့အခါ သတ်ခြင်း ခိုးခြင်း လိမ်ခြင်း စသော ဒုစ္စရိုက်အကုသိုလ်ကံတွေ ဖြစ်ပွားတော့တာဘဲ၊ အဲဒီ ဒုစ္စရိုက် အကုသိုလ်ကံတွေကြောင့် အပါယ် လေးပါး ကျရောက်ပြီး ဆင်းရဲနေကြရတယ်။ မကြာမီမှာ အပါယ်လေးပါး ကျရောက်ပြီး ဆင်းရဲကြရမည့်ပုဂ္ဂိုလ်တွေလဲ များစွာ ရှိနေတယ်။

ဒါကြောင့် ရာဂ အစရှိသော အဲဒီမြှားငြောင့် စူးနေကြတဲ့ သတ္တဝါတွေကို မြင်တော်မူပြီး မြတ်စွာဘုရားက သနားတော် မူတယ်၊ သနားတော်မူတဲ့အတွက် ၄၅-နှစ် ကာလပတ်လုံး အငြိမ်းစား နေတော်မမူပဲနဲ့ တရားဒေသနာများကို နေ့ရော ညဉ့်ပါ အကြောင်းအားလျော်စွာ ဟောတော်မူခဲ့ပါတယ်။ အဲဒီ ဟောတော်မူတဲ့တရားတော်နှင့် အညီ ကျင့်သုံးအားထုတ် ကြတဲ့ ပုဂ္ဂိုလ်တွေမှာ ရာဂ အစရှိသော မြှားငြောင့်တွေ ကျွတ်လွတ် ကင်းကွာသွားကြတယ်၊ မြှား စူးနေတဲ့သူမှာ တချောင်း နှုတ်ပြီးယင် တချောင်းအတွက် သက်သာသလိုပင် တရား ကျင့်တဲ့သူမှာ ကိလေသာမြှားငြောင့်တွေ ကင်းကင်း သွားသလောက် ချမ်းသာခွင့် ရရသွားကြပါတယ်၊ အဲဒါကို တရားအားထုတ်ပုံနဲ့ စပ်ပြီး ပြောဦးမယ်။

## တရားရှုမှတ်၍ မြှားငြောင့်ကင်းပုံ

ယခု သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ဒွါရ ၆-ပါးမှ ဖြစ်ဆဲ ရုပ်နာမ်တွေကို မပြတ် ရှုမှတ်နေကြတဲ့ ယောဂီတွေမှာ

စိတ်ပျံ့လွင့်ခြင်းမရှိပဲ တည်ငြိမ်နေတဲ့အခါ နီဝရဏငါးပါးမှ ကင်းလွတ်စင်ကြယ်နေတယ်၊ အဲဒါဟာ စိတ္တဝိသုဒ္ဓိဘဲ။ အဲဒီလို နီဝရဏကင်းပြီး စိတ်စင်ကြယ်တည်ငြိမ်နေတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရတာက တခြား+ရှုသိတာက တခြား ကွဲပြားပြီး ထင်တယ်၊ ဖောင်းတယ်လို့ ရှုသိတဲ့အခါ ဖောင်းရုပ်က တခြား+ ရှုသိတဲ့စိတ်နာမ်က တခြား ကွဲပြားပြီး ထင်တယ်၊ ပိန်တယ် ကြွတယ် လှမ်းတယ် ချတယ် ကွေးတယ် စသည်ဖြင့် ရှုသိရာမှာလဲ နည်းတူပင် ကွဲပြားပြီး ထင်တယ်။အဲဒီလို ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိစရာနဲ့ သိတာ ဒီနှစ်ပါးသာ ကွဲပြားပြီး ထင်နေတော့ ဒီကိုယ် ထဲမှာ ရုပ်နဲ့ နာမ်-ဒီ၂-ပါးမျှသာ ရှိတယ်ဆိုတာကို ကောင်း ကောင်း သဘောကျ သိမြင်သွားတယ်၊အဲဒါဟာ ဒိဋ္ဌိမြွားခြောင့် ကင်းစာန်သလောက် ကင်းသွားတဲ့ ဒိဋ္ဌိဝိသုဒ္ဓိဘဲ။

အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေယင် ကွေးချင်တဲ့စိတ် ကြောင့် ကွေးရုပ်ဖြစ်တယ်၊ သွားချင်တဲ့စိတ်ကြောင့် သွားရုပ် ဖြစ်တယ်၊ သိစရာအာရုံရှိလို့ အသိစိတ် ဖြစ်တယ် စသည်ဖြင့် အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြားသိရတယ်၊ အဲဒီအခါ ကံခါ ဆိုတဲ့ ယုံမှားမှုမြွားခြောင့် ကင်းတန်သလောက် ကင်းသွားတယ်။ အဲဒီကနောက် ရှုမှတ်တိုင်း ရှုမှတ်တိုင်း အစပေါ်လာတဲ့အဖြစ်နဲ့ အဆုံး ပျောက်ကွယ်သွားတဲ့အပျက်ကိုလဲ တွေ့ရ သိရတယ်၊ ဖောင်းတယ်လို့ ရှုမှတ်ယင် တောင့်တင်းလှုပ်ရှားမှု ဖောင်းမှု ကလေးများကို အစနဲ့ အဆုံး, အဖြစ်နဲ့ အပျက်ဖြင့် ပိုင်းခြားပြီး သိရတယ်၊ ပိန်တယ် ကွေးတယ် ဆန့်တယ် ကြွတယ် လှမ်းတယ်

ချဘာယ် စသည်ဖြင့် ရှုမှတ်ရာမှာလဲ နည်းတူပင် အစနဲ့ အဆုံး, အဖြစ်နဲ့ အပျက်ဖြင့် ပိုင်းခြားပြီး သိရတယ်။ အဲဒီလို သိရတော့ မမြဲဘူး၊ ဆင်းရဲပဲ၊ အတ္တမဟုတ်တဲ့ အနတ္တသဘောတရားမျှဘဲလို့ သဘောကျသိမြင်သွားတယ်။

အဲဒီလို သိမြင်တော့ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ မမြဲတာ ချည်းဘဲ၊ ဆင်းရဲချည်းဘဲ၊ အနတ္တချည်းဘဲလို့ မြတ်စွာဘုရား ဟောတာ မှန်ပါပေသည်၊ မြတ်စွာဘုရားဟာ အလုံးစုံကိုသိတော် မူတာ မှန်ပါပေသည်စသည်ဖြင့် မြတ်စွာဘုရား အပေါ်မှာ ယုံကြည်မှု သဒ္ဓါတရား ခိုင်မြဲလာတယ်၊ ဘုရားဟောထားတဲ့ တရားဘော်လဲ တကယ်မှန်တာလို့ တရားတော် အပေါ်မှာလဲ ယုံကြည်မှု ခိုင်မြဲလာတယ်၊ မြတ်စွာဘုရား အဆုံးအမတော် အတိုင်း ကျင့်နေတဲ့ သံဃာတော် အပေါ်မှာလဲ ယုံကြည်မှု ခိုင်မြဲလာတယ်၊ ယုံကြည်မှု သဒ္ဓါ ခိုင်မြဲသလောက် ယုံမှားမှု ဝိစိကိစ္ဆာကလဲ ကင်းကင်းသွားတယ်။

အဲဒီကနောက် ဆက်ပြီးရှုမှတ်လို့ ဝိပဿနာဉာဏ်စဉ် ၁၁-ပါး အစဉ်အတိုင်းတက်ပြီးတော့ အရိယမဂ်ဉာဏ်ဖြင့် ရုပ်နာမ် ဆင်းရဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ပြီး သိရတယ်၊ အဲဒီအခါမှာ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ အတ္တကောင် ငါကောင်မရှိဘူးဆိုတာ ခိုင်ခိုင်မြဲမြဲ သိသွားတယ်၊ ဒါကြောင့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိမှစ၍ မိစ္ဆာဒိဋ္ဌိ အယူမှားဟူသမျှ အကုန် ကင်းငြိမ်းသွားတယ်၊ အဲဒါဟာ ဒိဋ္ဌိမြားငြောင့် ကျွတ်လွတ်ကင်း

ကွာသွားပုံပါဘဲ။ အဲဒီလို ဒိဋ္ဌိကင်းပုံကို “ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ”လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိပါ။

အဲဒါဟာသောတာပန်မှာ သက္ကာယဒိဋ္ဌိ ကင်းပုံပါဘဲ၊ ရှုမှတ်နေတဲ့အခါဖြစ်စေ၊ စဉ်းစား ဆင်ခြင်ကြည့်တဲ့အခါ ဖြစ်စေ၊ “ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစုမျှသာ ရှိတယ်၊ အတ္တကောင် ငါကောင်ရယ်လို့ မရှိဘူး”ဆိုတာ အသိဉာဏ်ရှင်းနေပါတယ်။ နောက်ပြီးတော့ ဘုရား တရား သံဃာနှင့်စပ်ပြီးတော့လဲ ယုံမှားမရှိတော့ဘူး၊ သီလ သမာဓိ ပညာဆိုတဲ့ အကျင့်သိက္ခာနှင့် စပ်ပြီးတော့လဲ ယုံမှားမရှိတော့ဘူး၊ “သီလ သမာဓိ ပညာဖြစ်အောင် ကျင့်မှ နိဗ္ဗာန်ကို ရောက်နိုင်တယ်၊ အထူးအားဖြင့် ဖြစ်ဆဲရုပ်နာမ်ကို မပြတ်ရှုပြီး အနိစ္စ စသည်ကို အမှန်အတိုင်း သိပါမှ နိဗ္ဗာန်ကို ရောက်နိုင်တယ်”ဆိုတာ ယုံမှားမရှိ သဒ္ဓါခိုင်မြဲသွားတယ်၊ အဲဒါကိုလဲ “ရတနာသုံးပါး၊ အကျင့်အား၊ ယုံမှားမရှိပါ”လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုလဲ ဆိုကြရမယ်။

ရတနာသုံးပါး၊ အကျင့်အား၊ ယုံမှားမရှိပါ။

အဲဒါဟာ ဘုရား, တရား, သံဃာ, အကျင့်သိက္ခာနှင့် စပ်ပြီး ယုံမှားမှု ဝိစိကိစ္ဆာ ကင်းပုံပါဘဲ၊ အဲဒါဟာ သောတာပန်မှာ ယုံမှားကင်းပုံပါဘဲ၊ ဒီ မဟာကရုဏာသမာပတ္တိ ဒေသနာတော်

အနေအားဖြင့် ဝိစိကိစ္ဆာမြှားငြောင့် ကျွတ်လွတ်ကင်းကွာသွားပုံပါဘဲ။

ယခုပြောခဲ့တဲ့ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းယင် အပါယ်လေးပါးကျစေတတ်တဲ့ ရာဂ ဒေါသ မောဟ မာနစသောအခြား ကိလေသာတွေလဲ ကင်းသွားတော့တာဘဲ။ အပါယ်ဘဝဖြစ်စေတတ်တဲ့ ဒုစ္စရိုက်အကုသိုလ်ကံတွေလဲ ကင်းသွားတာဘဲ။ ဒါကြောင့် ဝိပဿနာ ပညာအကျင့်ကို ကျင့်လို့ သောတာပန်ဖြစ်ယင် အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲစေတတ်တဲ့ မြှားငြောင့်တွေ ကင်းသွားတယ်၊ အဲဒီလို မြှားငြောင့် အဆိုးဆုံးတွေကင်းငြိမ်းကြရအောင်လို့ မြတ်စွာဘုရားက သနားခြင်းကြီးစွာ မဟာကရုဏာဖြင့် တရား ဒေသနာတော်များကို ဟောကြားတော်မူခဲ့တာပါဘဲ။ ဘုန်းကြီးတို့ကလဲ အဲဒီလို မြှားငြောင့်တွေကင်းငြိမ်းရေးအတွက် မြတ်စွာဘုရား၏ တရားတွေကို တဆင့်ကမ်းလှမ်းပြီး ဟောကြားနေတာပါဘဲ။

အတိုချုံးပြောကြစို့၊ သောတာပန်ဖြစ်ပြီးတဲ့နောက် ဆက်ပြီးရှုမှတ်သွားယင် သကဒါဂါမ် အနာဂါမ်ဖြစ်သွားတယ်၊ အဲဒီလို အနာဂါမ်ဖြစ်တဲ့အခါ ကာမရာဂနဲ့ ဗျာပါဒဆိုတဲ့ မြှားငြောင့်တွေ ထပ်ပြီး ကင်းသွားပြန်တယ်။ အဲဒီကနောက် ဆက်ပြီးရှုမှတ်နေယင် အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားတယ်၊ အဲဒီလို ရဟန္တာဖြစ်သွားတဲ့အခါ အနာဂါမ်၏ သန္တာန်မှာ မကင်းခဲ့သေးတဲ့ ရူပရာဂ အရူပရာဂ မာန အဝိဇ္ဇာဆိုတဲ့ မြှားငြောင့်တွေလဲ အကုန်ကင်းငြိမ်းသွားတယ်၊ ကိလေသာ အကု

သိုလ် မြွားပြောင့်တွေ အကုန်လုံးကင်းငြိမ်း ကျွတ်လွတ်သွားတာပါဘဲ။ ဒါကြောင့် ရဟန္တာအရှင်မြတ်တွေဟာ မြွားပြောင့်အားလုံး ကင်းရှင်းနေတဲ့အတွက် ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ဘယ်လို ရုပ်နာမ်သင်္ခါရဆင်းရဲမျှ မဖြစ်လာတော့ဘဲ အစဉ်ထာဝရ အမြဲတမ်းချမ်းသာသွားတယ်။

အဲဒီ ရဟန္တာအဖြစ်သို့ မရောက်သေးမီမှာတော့ အနာဂါမ်မှာလဲ ရူပရာဂ အရူပရာဂ စသော မြွားပြောင့်တွေစူးဝင်နေတဲ့အတွက် ရူပဘဝ အရူပဘဝရောက်ပြီး သင်္ခါရဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရသေးတာဘဲ၊ သောတာပန်သကဒါဂါမ်တွေမှာလဲ ကာမရာဂ အစရှိတဲ့ မြွားပြောင့်တွေ စူးဝင်နေတဲ့အတွက် လူ့ဘဝ နတ်ဘဝမှာဖြစ်ပြီး အိုခြင်း သေခြင်း စသော ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရသေးတာဘဲ။ အဲဒီမြွားပြောင့်တွေနဲ့ ဆင်းရဲဒုက္ခရောက်နေကြရတာတွေကို မြင်တော်မူလို့လဲ သနားတော်မူပြီး မြတ်စွာဘုရားက တရားတော်တွေကို အဆင်းရဲခံပြီး ဟောတော်မူခဲ့ပါတယ်။

အထူးအားဖြင့်တော့ ပုထုဇဉ်တွေမှာ အဲဒီမြွားပြောင့်တွေကြောင့် ဆင်းရဲဒုက္ခရောက်နေကြရတာ မြင်တော်မူလို့ ငါမှတပါး မြွားပြောင့်တွေကို နှုတ်ပေးနိုင်သူ မရှိဘူးလို့ ဆင်ခြင်တော်မူကာ သနားတော်မူပြီး ဟောကြားတော်မူတာပါဘဲ။ ဒါကြောင့်—

အညတြ မယာ-ငါ ဘုရားမှတပါး၊ သလ္လာနံ ဥဒ္ဓတာ-မြွားပြောင့်တို့ကိုနှုတ်ပေးနိုင်သော၊ အညော ကောစိ-အခြားသူ တစုံ

တယောက်မျှ၊ နတ္ထိတိ-မရှိပါတကားဟူ၍၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏-လို့ ပဋိသမ္ဘိဒါမဂ်ပါဠိမှာပြဆိုထားတာပါဘဲ။

မြတ်စွာဘုရားရှင်က သတ္တဝါတွေကို အဲဒီလို သနားရာမှာ ရင်းနှီးသူ စိမ်းကားသူရယ်လို့ ခွဲခြားခြင်းမရှိပဲ ညီတူညီမျှပင် သနားတော်မူပါတယ်၊ လူ့ဘဝတန်းကရခဲ့တဲ့ သားတော် ရာဟုလာကို သနားသလိုပင် အကျိုးမဲ့ကိုကြံစည်လုပ်ကိုင်နေတဲ့ အရှင်ဒေဝဒတ်ကိုလဲ ညီတူညီမျှပင် သနားတော်မူတယ်။ တခါက အရှင်ဒေဝဒတ်ဟာ အဇာတသတ်မင်းနဲ့ ပူးပေါင်းပြီး မြတ်စွာဘုရားအား သေရာသေကြောင်း ကြံစည်တယ်၊ နာဠာဂိရိဆိုတဲ့ မင်းစီးဆင်တော်ကြီးကို ဘုရားဆွမ်းခံကြွလာတဲ့လမ်းမှာလွှတ်စေခဲ့တယ်၊ အဲဒီ ဆင်ကြီးက အလွန်ကြမ်းတယ်၊ တွေ့ရာ လူတွေကို ထိုးကြိတ်နင်းပြီးသတ်တတ်တယ်၊ အရှင်ဒေဝဒတ်၏ ညွှန်ကြားချက်အရ ဆင်ထိန်းတွေက နာဠာဂိရိဆင်ကြီးကို အရက်တွေ အလွန်အကျွံတိုက်ပြီး မြတ်စွာဘုရား ဆွမ်းခံကြွလာတဲ့လမ်းမှာ လွှတ်လိုက်တယ်။

အဲဒီအခါ မြတ်စွာဘုရား၏ နောက်တော်မှ သံဃာတော်တွေလဲ များစွာပါလာပါတယ်၊ဆင်ကြီးက အရက်မူးပြီးထိုးမယ်လို့ မြတ်စွာဘုရားဆီသို့ အတင်းပြေးလာတယ်၊ အရက်မူးနေယင်

လူတောင်မှ မပြောသင့်တာတွေပြော၊ မပြုသင့်တာတွေပြုသေးတာဘဲ၊ တိရစ္ဆာန်ဖြစ်တဲ့ ဆင်ဆိုတော့ ဘယ်မှာပြောစရာရှိတော့မလဲ ထိုးမယ်လို့ အဘင်းပြေးလာတာပေါ့။အဲဒီအခါ ရဟန်းတော်များက စိုးရိမ်ကြတဲ့အတွက် နောက်သို့ဆုတ်ခွါ တိမ်းရှောင်ရန်မြတ်စွာဘုရားအား လျှောက်ကြပါတယ်။ မြတ်စွာဘုရားကဒီလို မိန့်ကြားတော်မူပါတယ်။

(အာဂစ္ဆထ ဘိက္ခဝေ)လာသာ လာကြပါ ရဟန်းတို့၊ (မာ ဘာယိတ္ထ) မကြောက်ကြပါလင့်၊ (အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊) မြတ်စွာဘုရားကို အခြားပုဂ္ဂိုလ်က လုပ်ကြံ အားထုတ်ခြင်းဖြင့် အသက်မှချခြင်း=သေစေနိုင်ခြင်း၏ အကြောင်းအခွင့်အရေးဆိုတာ မရှိပါဘူး ရဟန်းတို့၊ (အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊) မည်သို့မျှ လုပ်ကြံအားထုတ်မှုမရှိပဲ မြတ်စွာဘုရားတို့ဟာ ပရိနိဗ္ဗာန်စံကြမြဲ ဖြစ်ပါတယ်ရဟန်းတို့-လို့ မိန့်ကြားတော်မူပါတယ်၊ ရဟန်းတော်များကသုံးကြိမ်တိုင်တိုင် လျှောက်ကြပါတယ်၊ မြတ်စွာဘုရားကလဲသုံးကြိမ်လုံး အထက်ပါအတိုင်းပင် မိန့်ကြားတော်မူပါတယ်။

အဲဒီအခါ အရှင်အာနန္ဒာက စိုးရိမ်အားကြီးသောကြောင့် မြတ်စွာဘုရား၏ ကိုယ်စား ငါက အယင် အသေခံမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်နေပါသတဲ့။ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် အဖယ်ခိုင်းပေမဲ့ အရှင်

အာနန္ဒာက မဖယ်ပဲရှိနေတဲ့အတွက် မြတ်စွာဘုရားက တန်ခိုးတော်ဖြင့် ဖယ်ရှားတော်မူရပါသတဲ့၊

အရှင်အာနန္ဒာကို ဖယ်ရှားပြီးတော့ မြတ်စွာဘုရားက နာဠာဂိရိဆင်ကို (မေတ္တာယ ဖရိ) မေတ္တာဖြင့် ဖြန့်တော်မူပါတယ်၊ ဒါက မေတ္တာကို ပခာနပြုပြီး ပြုတော်မူတာပါဘဲ၊ စာစောင်းက မဟာကရုဏာသမာပတ်ဖြင့်ဖြန့်တော်မူခဲ့သလိုပင် သနားတော်မူတာလဲ အပ္ပဓာနအားဖြင့် ဖြစ်ပွားတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီအခါ မြတ်စွာဘုရား၏ မေတ္တာ ကရုဏာတော်ဖြင့် သွန်းဖြန်းခံရတဲ့ နာဠာဂိရိဆင်ကြီးမှာ မူးယစ်ခြင်းလဲ တခါတည်း ပြေငြိမ်းသွားတယ်၊ စိတ်လဲနူးညံ့သွားတယ်၊ ဘုရားကိုလဲ ကြည်ညိုလာတယ်၊ ဒါကြောင့် ထောင်ထားတဲ့ နှာမောင်းကြီးကို အောက်ချပြီး မြတ်စွာဘုရားထံ ရိုသေစွာ ချဉ်းကပ်လာပြီး ခြေတော်ရင်းမှာ ဝပ်နေပါသတဲ့။ အဲဒီအခါ မြတ်စွာဘုရားက နာဠာဂိရိဆင်ကြီး၏ ဦးကင်းကို လက်ျာလက်တော်ဖြင့် သုံးသပ်လျက် ဒီလို ဆုံးမတော်မူတယ်။

> နာဠာဂိရိ သင်ဟာ ငါကဲ့သို့သော ဘုရား (နာဂဆင်)ကို မပြစ်မှားနဲ့၊ ပြစ်မှားယင် ဒုက္ခရောက်သွားမယ်၊ မမူးယစ်နဲ့၊ မမေ့နဲ့၊ မေ့နေယင် ဘဝကောင်းကို မရောက်နိုင်ဘူး၊ ဘဝကောင်းရောက်ရအောင် သင်ကိုယ်တိုင်ပင် ပြုရမယ်—

စသည်ဖြင့် ဆုံးမတော်မူပါတယ်။ အဲဒီအခါကစပြီး နာဠာဂိရိဆင်ကြီးဟာ ငါးပါးသီလလုံခြုံပြီး သူတော်ကောင်းဖြစ်သွားပါ

သတဲ့၊ ရှေးတုန်းက လူတွေကို နင်းသတ်လေ့ရှိပေမယ့် အဲဒီအခါ ကစပြီး သတ်ခြင်းလဲမရှိတော့ဘူး၊ အရက်လဲ မသောက်တော့ဘူး တဲ့၊ အဲဒါဟာ မြတ်စွာဘုရားရှင်က မိမိကို ထိုးသတ်ဖို့လာတဲ့ ဆင်ကြီးကို ရာဟုလာသားတော်ကဲ့သို့ပင် ချမ်းသာစေလိုတဲ့ မေတ္တာ, သနားတဲ့ကရုဏာ ညီမျှစွာဖြင့် မိန့်ကြားဆုံးမတော်မူတာပါဘဲ။

## တဏှာပိုက်ထဲ မိနေတယ်၊ တဏှာရေကြောမျောနေတယ်

> တဏှာဇာလေန ဩတ္ထဋ္ဌော လောကသန္နိဝါသော
> တိ။ပ။ တဏှာ သောတေန ဝုယှတိ လောကသန္နိဝါ
> သောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု
> မဟာကရုဏာ ဩက္ကမတိ။

လောကသန္နိဝါသော-သတ္တဝါအပေါင်းကို၊ တဏှာဇာလေန ဩတ္ထဋ္ဌော-တဏှာတည်းဟူသော ပိုက်ကွန်ဖြင့် ဖုံးအုပ်လျက်-မိလျက်ရှိနေပါတကား။ တဏှာ သောတေန ဝုယှတိ-တဏှာတည်းဟူသော ရေယဉ်ကြောဖြင့် မျောနေပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

တဏှာ ဆိုတာ ဆာလောင်တယ်လို့ အနက်ရှိတယ်၊ အဆင်းကောင်းတွေကို ကြည့်မြင်ခံစားချင်တာ, ကြည့်မြင်ခံစားပြီး

အားမရနိုင်ပဲ သာယာနှစ်သက်နေတာဟာ အဆင်းကို ဆာတဲ့ တဏှာပဲ၊ အဆင်းကောင်းတွေကို ဘယ်လောက်ပဲ ကြည့်ရပေမဲ့ အဆာပြေတယ် အားရတယ်လို့ မရှိဘူး။ ထိုအတူ အသံကောင်းတွေကို ကြားချင်တာ, ကြားရလို့ အားမရနိုင်တာလဲ ဆာတဲ့ တဏှာဘဲ၊ အနံ့ကောင်းတွေကို နမ်းရှူလို့ အားမရနိုင်တာလဲ ဆာတဲ့ တဏှာဘဲ၊ အရသာကောင်း စားရလို့ အားမရနိုင်တာလဲ ဆာတဲ့ တဏှာဘဲ၊ အတွေ့ကောင်းတွေနဲ့ တွေ့ထိရလို့ အားမရနိုင်တာလဲ ဆာတဲ့ တဏှာဘဲ၊ စိတ်ကူးကြံစည်လို့ အားမရနိုင်တာလဲ ဆာတဲ့ တဏှာဘဲ။ အဲဒီ တဏှာဟာ မြင်ရာ ကြားရာ စသည်မှ မပြတ်ဖြစ်နေတယ်၊ နေရာတကာက ဖြစ်နေတယ်၊ အိပ်ရာမှ နိုးလာတယ် ဆိုယင် လိုချင်တာကို ကြံမိတော့တာဘဲ၊ ကိုယ့်ကိုယ်လဲ သာယာနှစ်သက်နေတယ်၊ သူတပါးကိုလဲ သာယာနှစ်သက်နေတယ်၊ အသုံးအဆောင်ပစ္စည်းတွေကိုလဲ သာယာနှစ်သက်နေတယ်၊ အဲဒီ သာယာနှစ်သက် ဆာလောင်နေတဲ့ တဏှာကြောင့် တဘဝပြီး တဘဝ မပြတ်ဖြစ်နေကြရတယ်၊ ဖြစ်ရာဘဝတိုင်းမှာ အိုကြရ နာကြရ သေကြရတယ်၊ အလိုရှိတာတွေ ရအောင် ရှာကြံရတဲ့အတွက်လဲ ဆင်းရဲရတယ်၊ ရပြီးတွေကို စောင့်ရှောက်နေရတဲ့အတွက်လဲ ဆင်းရဲရတယ်။

အဲဒီလို ဆင်းရဲရတာတွေဟာ ဘာကြောင့်လဲဆိုယင် သာယာနှစ်သက်ဆာလောင်တဲ့ တဏှာကြောင့်ဘဲ၊ အဲဒီ တဏှာမှ လွတ်မြောက်အောင်လဲ မထွက်မခွာနိုင်ဘူး၊ ဒါကြောင့် တဏှာဟာ သတ္တဝါတွေကို ဖုံးအုပ်ထားတဲ့ ပိုက်ကွန်ကြီးနဲ့ တူနေတယ်၊

ပိုက်ထဲမိနေတဲ့ အကောင်တွေဟာ ဘယ်မှ ထွက်ခွာမသွားနိုင်ဘူး၊ သေဘို့ရာပဲရှိတယ်၊ အဲဒါလိုဘဲ သတ္တဝါတွေလဲ တဏှာပိုက်ထဲမှာ မိနေတဲ့အတွက် ဘယ်ကိုမှ ထွက်မပြေးနိုင်ဘူး၊ ဘဝတိုင်း ဘဝတိုင်း အိုရ နာရ သေရ စသည်ဖြင့် ဆင်းရဲဒုက္ခ ရောက်နေကြရတယ်၊ အဲဒါကို မြင်တော်မူလို့ မြတ်စွာဘုရားက သတ္တဝါတွေအပေါ်မှာ သနားခြင်းကြီးစွာ မဟာကရုဏာ သက်တော်မူပါတယ် တဲ့။

နောက်ပြီးတော့ ရေယဉ်ကြောမှာ မျောနေရတဲ့သူဟာ ရေယဉ်ဆွဲဆောင်ရာ လိုက်ပါနေရတယ်၊ မကြာခင် နစ်မြုပ်ပြီး သေဘို့ရာသာရှိတယ်၊ အဲဒါလိုဘဲ သတ္တဝါတွေဟာလဲ တဏှာဆွဲဆောင်ရာ လိုက်ပါနေကြရတယ်၊ မကောင်းမှု အကုသိုလ်ကံတွေကို ပြုပြီး အပါယ်လေးပါးလဲ ရောက်နေကြရတယ်၊ တရံတခါ ကုသိုလ်ကံပြုမိ၍ လူ့ဘဝ နတ်ဘဝ ရောက်ရတယ်၊ အဲဒီလို လူ့ဘဝ နတ်ဘဝ ရောက်ရတဲ့အခါလဲ အိုရ နာရ သေရအစရှိတဲ့ ဆင်းရဲတွေနဲ့ တွေ့နေရတာဘဲ။ အဲဒီလို တဏှာရေယဉ်ကြော မျောပြီး ဒုက္ခရောက်နေကြရတာကို မြင်တော်မူလို့လဲ မြတ်စွာဘုရားက သနားတော်မူပါတယ် တဲ့။

### ဒိဋ္ဌိပိုက်ထဲ မိနေတယ်၊ ဒိဋ္ဌိရေကြော မျောနေတယ်

ဒိဋ္ဌိဇာလေန သဉ္ဆန္နော။ပ။ ဒိဋ္ဌိသောတေန ဝုယှတိ လောကသန္နိဝါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

လောကသန္နိဝါသော-သတ္တဝါအပေါင်းကို၊ ဒိဋ္ဌိဇာလေန ဩတ္ထဋ္ဌော-အမြင်မှား အယူမှားဟူသော ဒိဋ္ဌိပိုက်ကွန်ဖြင့် အုပ်မိလျက် ရှိနေပါတကား၊ ဒိဋ္ဌိသောတေန ဝုယှတိ-ဒိဋ္ဌိ ရေယဉ်ကြောဖြင့် မျောနေပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ ဩက္ကမတိ-သက်ရောက် ဖြစ်ပွားတော်မူပေ၏။

ဒိဋ္ဌိ ဆိုတာ မိစ္ဆာအယူ, အယူမှား အမြင်မှားဘဲ၊ မိမိတို့သန္တာန်မှာ ရုပ်နာမ်အစဉ်မျှသာ ရှိနေပါလျက် အသက်ရှင်နေတဲ့ အသက်ကောင် အတ္တကောင် ငါကောင် ရှိနေတယ်လို့ ထင်မြင်စွဲလမ်းနေတာဟာ အတ္တဒိဋ္ဌိဘဲ၊ သက္ကာယဒိဋ္ဌိလို့လဲ ခေါ်တယ်၊ သက္ကာယ ဆိုတာ ထင်ရှားရှိနေတဲ့ ရုပ်နာမ်အပေါင်းဘဲ၊ အဲဒီ ရုပ်နာမ်အပေါင်းကိုပင် အသက်ကောင် အတ္တကောင် ငါကောင်လို့ ထင်နေတာက ဒိဋ္ဌိဘဲ၊ အဲဒါဟာ ထင်ရှားရှိနေတဲ့ ရုပ်နာမ်အပေါင်းမှာ အမြင်မှား အယူမှား ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိ မည်တယ်။ ပုံစံတခု ထုတ်ပြရယင် မြင်ဆဲမှာ ကြည်လင်တဲ့ မျက်စိရုပ်လဲ ထင်ရှား ရှိတယ်၊ မြင်ရတဲ့အဆင်းလဲ ထင်ရှား ရှိတယ်၊ မြင်သိတာလဲ ထင်ရှား ရှိတယ်၊ မျက်စိနဲ့ အဆင်းက ရုပ်ပဲ၊ မြင်သိတာက နာမ်ပဲ၊ အဲဒီ ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှားရှိတယ်၊ ဒါပေမဲ့ သာမန်ပုဂ္ဂိုလ်တွေက မြင်သိတာကိုလဲ ငါလို့ ထင်နေကြတယ်၊ မျက်စိနဲ့ မြင်ရတဲ့ ကိုယ့်ကိုယ်ထဲက

အဆင်းရုပ်ကိုလဲ ငါလို့ဘဲ ထင်နေကြတယ်၊ အဲဒါ တကယ်အဟုတ်အမှန်အနေဖြင့် ထင်ယင် သက္ကာယဒိဋ္ဌိဘဲ၊ ကြားဆဲ စသည်မှာ ထင်ရှားတဲ့ ကြားသိမှု စသည်ကို ငါလို့ ထင်တာလဲ သက္ကာယဒိဋ္ဌိဘဲ။

အဲဒီ သက္ကာယဒိဋ္ဌိ အရင်းခံပြီးတော့ အတ္တကောင် ငါကောင်ဟာ အမြဲတမ်း တည်ရှိနေတယ်၊ သေပြီးတော့လဲ အခြားဘဝ အခြားကိုယ်မှာ တည်နေတာပဲလို့ ထင်ယင် သဿတဒိဋ္ဌိဘဲ။ သေပြီးတဲ့အခါ ဘာမျှမရှိတော့ဘူးလို့ ထင်ယင်လဲ ဥစ္ဆေဒဒိဋ္ဌိဘဲ။ ကုသိုလ်ကံ အကုသိုလ်ကံ မရှိဘူး၊ အဲဒီကံ၏ ကောင်းကျိုးဆိုးကျိုးလဲ မရှိဘူးလို့ ထင်ယင် ဒုစ္စရိုက်မိစ္ဆာဒိဋ္ဌိဘဲ၊ ဥစ္ဆေဒဒိဋ္ဌိရှိသူမှာ ဒီဒုစ္စရိုက်မိစ္ဆာဒိဋ္ဌိလဲ ဖြစ်တတ်တာပါဘဲ၊ ဒီဒုစ္စရိုက်မိစ္ဆာဒိဋ္ဌိက အင်မတန် အပြစ်ကြီးပါတယ်၊ အဲဒီ မိစ္ဆာဒိဋ္ဌိအယူရှိယင် အကုသိုလ်ကိုလဲ မရှောင်ဘူး၊ ကုသိုလ်ကိုလဲ မပြုဘူး၊ ဒါကြောင့် အဲဒီအယူရှိတဲ့သူဟာ သေသည်၏အခြားမဲ့၌ အပါယ်ငရဲကျရောက်ဖို့ပဲ ရှိပါတယ်။ နောက်ပြီးတော့ ဘုရားတု ဘုရားယောင်တွေကို ယုံကြည်ကိုးကွယ်တာလဲ မိစ္ဆာဒိဋ္ဌိတမျိုးပဲ။ အကျင့်လမ်းမှားတွေကို အကျင့်လမ်းမှန် အဖြစ်နဲ့ ယုံကြည်နေတာလဲ မိစ္ဆာဒိဋ္ဌိတမျိုးဘဲ၊ ပုံစံထုတ်ပြရယင် သတ္တဝါတွေကို သတ်ပြီးယဇ်ပူဇော်ခြင်းဖြင့် အကုသိုလ်တွေပပျောက်သွားတယ်၊ ကောင်းမှုဖြစ်တယ်လို့ ယုံကြည်ယူစွဲတာဟာ အကျင့်မှားကို အကျင့်မှန်အနေနဲ့ ယုံကြည်ယူစွဲတဲ့ မိစ္ဆာဒိဋ္ဌိတမျိုးဘဲ။

ဗုဒ္ဓဘုရားရှင်များ မပွင့်တဲ့အခါ၊ ပွင့်နေသော်လဲ ဗုဒ္ဓဘုရား၏ တရားမှန်ကို မကြားရတဲ့သူတွေမှာ၊ ကြားရသော်လဲ တရားမှန်ကို နားမလည်ကြတဲ့သူတွေမှာ ယခုပြောခဲ့တဲ့ မိစ္ဆာအယူ တမျိုးမျိုးကို ယုံကြည်စွဲလမ်းလျက် ရှိနေတာဘဲ။ ကမ္ဘာလောကကြီးကို ဖြန့်ကြည့်လိုက်ယင် မိစ္ဆာအယူ ရှိနေတဲ့သူတွေက များတာဘဲ၊ ဗုဒ္ဓတရားတော်ကို ကောင်းကောင်း မသိတဲ့သူတွေ ဆိုယင် ရုပ်နာမ်တွေကို အတ္တကောင် ငါကောင်အနေဖြင့် ထင်မြင်စွဲလမ်းတဲ့ အတ္တဒိဋ္ဌိကတော့ ရှိနေကြတာချည်းဘဲ။ ဒါကြောင့် "သတ္တဝါ အပေါင်းဟာ ဒိဋ္ဌိပိုက်ကွန်ထဲ မိနေတယ်၊ ဒိဋ္ဌိရေယဉ်ကြော မျောနေတယ်" ဆိုတာ တကယ်ဟုတ်တာဘဲ၊ အဲဒီ မိစ္ဆာအယူတွေ ထဲမှာ ဥစ္ဆေဒအယူနဲ့ ဒုစ္စရိုက်မိစ္ဆာအယူရှိနေကြတဲ့ သတ္တဝါတွေ ကတော့ အပါယ်လေးပါးမှာပဲ ကျရောက်နေဘို့ များပါတယ်။

သဿတအယူရှိသူမှာတော့ နောင်ဘဝ နောင်ကာလ၌ ကောင်းကျိုးချမ်းသာရဘို့အတွက် ပြုသင့်တာ မပြုသင့်တာရယ်လို့ ရှိသေးတဲ့အတွက် တချို့အကုသိုလ်မှ ကင်းတန်သလောက် ကင်းပြီးတော့ အချင်းချင်း ကူညီစောင့်ရှောက်မှု ပေးကမ်းမှု စသော ကုသိုလ်ကံများ ဖြစ်နိုင်ပါသေးတယ်၊ အဲဒီဖြစ်ပွားတဲ့ ကုသိုလ်ကံကြောင့် ဘဝကောင်း ဘဝမြတ်ရောက်ဖို့လဲ ရှိပါသေး တယ်။ ဒါပေမဲ့ သူတို့ အယူအရ ပြုသင့်တယ် ဆိုတာထဲမှာ အကုသိုလ်အလုပ်တွေလဲ ပါဝင်နေတတ်တယ်၊ ပါဠိအဋ္ဌကထာ တွေမှာ အဲဒီလို ကံမှားတွေကို ထုတ်ပြထားတာရှိပါတယ်၊ သတ္တဝါကို သတ်ပြီးယဇ်ပူဇော်တာတို့ ခရု ယောက်သွားစသည်တို့ကို

ရေပူဖြင့် ပြုတ်သတ်ပြီး ဝတ်ချတ်တာတို့ ဒီလို အမှုမျိုးတွေပါဘဲ၊ အဲဒါတွေဟာ သူတို့ အယူအရအားဖြင့် ကောင်းမှုထင်ပေမယ်လို့ သတ္တဝါတွေကို သတ်တာကတော့ ဘယ်နည်းနဲ့မျှ ကောင်းမှု မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သေရတဲ့ သတ္တဝါဘက်ကနေ ကြည့်ယင် သဘောတူဖွယ် ကျေနပ်ဖွယ် လုံးဝမရှိသောကြောင့်ပါဘဲ။

အဲဒီလို ကောင်းမှုထင်ပြီးပြုတဲ့မကောင်းမှုကံကြောင့် အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲဒုက္ခတွေကို များစွာခံစားသွားရဘွယ်ရှိပါတယ်။ နောက်ပြီးတော့ အဲဒီ သဿတအစွဲ အတ္တအယူအစွဲ ခိုင်မြဲနေတဲ့သူဟာ "အတ္တမရှိဘူး ရုပ်နာမ်အစဉ်မျှသာရှိတယ်၊ အကြောင်းကြောင့် ဖြစ်နေတဲ့ ရုပ်နာမ်အကျိုးမျှသာရှိတယ်၊ အကြောင်းကိလေသာငြိမ်းအောင် ကျင့်လို့ သမုဒယတဏှာချုပ်ငြိမ်းသွားယင် အကျိုးဒုက္ခ ရုပ်နာမ်အယဉ် ပြတ်စဲချုပ်ငြိမ်းသွားတယ်"ဆိုတဲ့ ဗုဒ္ဓတရားမှန်ကို လက်မခံနိုင်ဘူး၊ ဒါကြောင့် ဘဝသံသရာမှာ မပြတ်ဖြစ်ပြီး အိုရ နာရ သေရစသည်ဖြင့် သံသရာဝဋ္ဋဆင်းရဲတွေကို မပြတ်ခံစားသွားရမယ်။ အဲဒါဟာ ဒိဋ္ဌိပိုက်ထဲမိနေလို့ ဆင်းရဲငြိမ်းရာဌာနကို မသွားနိုင်တာဘဲ၊ ဒိဋ္ဌိရေစီးကြောင်းထဲ ယိုက်ပါနေရလို့ သံသရာဆင်းရဲတွေကို မပြတ်ခံစားနေရတာဘဲ။ ယခု ပြောခဲ့တဲ့ တဏှာရေစီးကြောင်းဆိုတာတွေက အများအားဖြင့် အပါယ်လေးပါးဆီ စီးဆင်းနေတဲ့ဘက်ကဘဲ များတယ်၊ ဒါကြောင့် တဏှာနဲ့ ဒိဋ္ဌိမကင်းသေးတဲ့ သတ္တဝါတွေဟာ အပါယ်လေးပါး ကျရောက်ပြီး

အကြီးအကျယ် ဆင်းရဲနေကြရတယ်၊ အဲဒါတွေကို မြင်တော်မူလို့ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို သနားတော်မူတာပါဘဲ။ အဲဒီ မြတ်စွာဘုရား သနားတော်မူပုံကို နည်းမှီပြီး ဘုန်းကြီးတို့ ရော ဒကာ ဒကာမတို့ရော အလိုရှိသူတွေလဲ သနားခြင်းကရုဏာ ကို ပွားစေနိုင်ပါတယ်။

## မီးလောင်ခံနေကြရသည်

> အာဒိတ္တော လောကသန္နိဝါသော ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ တဿ နတ္ထညော ကောစိ နိဗ္ဗာပေတာ အညတြ မယာတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

လောကသန္နိဝါသော-သတ္တဝါအပေါင်းကို။ ရာဂဂ္ဂိနာ-ရာဂ မီးက၊ အာဒိတ္တော-ရဲရဲပြောင်ပြောင် စွဲလောင်နေပါတကား၊ ဒေါသဂ္ဂိနာ-ဒေါသမီးက၊ မောဟဂ္ဂိနာ-မောဟမီးက၊ ဇာတိ ယာ-ဘဝအသစ်ဖြစ်မှု ဇာတိမီးက၊ ဇရာယ-အိုမင်းမှု ဇရာမီးက၊ မရဏေန-သေရမှု မရဏမီးက၊ သောကေဟိ- စိုးရိမ်ပူဆွေးရမှု သောကမီးတို့က၊ ပရိဒေဝေဟိ- ငိုကြွေးမြည်တမ်းရမှု ပရိဒေဝမီး တို့က၊ ဒုက္ခေဟိ-ကိုယ်ဆင်းရဲ ဒုက္ခမီးတို့က၊ ဒေါမနဿေဟိ-စိတ် နှလုံးမသာမှု စိတ်ဆင်းရဲမီးတို့က၊ ဥပါယာသေဟိ- ပြင်းစွာစိတ် ပူပန်မှု ဥပါယာသမီးတို့က၊ အာဒိတ္တော-ရဲရဲပြောင်ပြောင် စွဲ

-လောင်နေပါတကား-လို့ မြင်တော်မူပြီးတော့လဲ မြတ်စွာဘုရား က သတ္တဝါတွေကို သနားတော်မူပါတယ် တဲ့။

သတ္တဝါတွေဟာ တဆယ့်တသီးသော မီးတွေ အလောင်ခံနေရတယ် တဲ့။ အဲဒီမှာ ရာဂမီးဆိုတာ နှစ်သက်တပ်စွဲတာတဲ့ ရာဂပါဘဲ၊ တဏှာလို့ လောဘလို့ ဆိုတာလဲ ဒီရာဂပါဘဲ၊ ဘယ်လိုလောင်နေသလဲဆိုတော့ မျက်စိရယ် မြင်ရတဲ့ အဆင်းရယ် မြင်သိမှုရယ် ဒီလိုဟာတွေကို နှစ်သက်တပ်စွဲနေတာဟာ ရာဂမီးလောင်နေတာပါဘဲ၊ မြင်ရာကနေပြီး ကိုယ့်မျက်စိကလေးလဲ နှစ်သက်သာယာတယ်၊ မြင်ရတဲ့အဆင်းကောင်းကလေးတွေကိုလဲ နှစ်သက်သာယာတယ်၊ အမြင်ကောင်းကလေး တွေကိုလဲ နှစ်သက်သာယာတယ်၊ အထူးထင်ရှားတာကတော့ မြင်ရတဲ့ အဆင်းကို နှစ်သက်သာယာတာပါဘဲ၊ အဆင်းဆိုပေမဲ့ အဆင်းရုပ်ကလေးတခုတည်း မဟုတ်ပါဘူး၊ ချစ်စရာကောင်းတဲ့ မိန်းမယောကျ်ားတကိုယ်လုံးပါဘဲ။ အဲဒီလို မြင်ရာက ရတဲ့အာရုံကို နှစ်သက်သာယာတပ်စွဲနေတာဟာ ရာဂမီးလောင်နေတာဘဲ၊အဲဒီ နှစ်သက်တဲ့ အရာဝတ္ထုကို မရသေးခင်လဲ ရချင်တယ်၊ရဘို့ကြံစည်နေတယ်၊ မအိပ်နိုင် မစားနိုင်သည်အထိတောင်ပူလောင်နေတတ်သေးတယ်၊ ရပြီးသားကိုလဲ အစဉ်ထာဝရ တည်မြဲနေဘို့ကြံစည်နေတယ်၊ အဲဒီလို နှစ်သက်သာယာတဲ့ ရာဂဖြစ်နေတာဟာ ရာဂမီးလောင်နေတာပါဘဲ။

ဒါပေမဲ့ သာမန်လူတွေ အနေနဲ့ကတော့ အဲဒီ ရာဂမီးလောင်နေတာက ကောင်းသလိုလို ထင်နေကြတယ်၊ ဒါကြောင့် နှစ်

သက်တပ်မက်ပြီး ခံစားနေရအောင် အမြဲတမ်းကြောင့်ကြစိုက် နေကြတာဘဲ၊ အိမ်ထောင်ရေးနဲ့ဖြစ်စေ၊ စီးပွားရေးနဲ့ဖြစ်စေ၊ ဆက်ဆံရေးနဲ့ဖြစ်စေ အမြဲကြောင့်ကြစိုက်နေကြတယ်၊ အဲဒီလို ကြောင့်ကြစိုက်နေရတာကို ချမ်းသာသလိုလို ကောင်းသလိုလို ထင်နေကြတယ်။ ဒါပေမဲ့ အဲဒီလို ကောင်းတယ် ထင်နေတာ ဟာ ရာဂမီးလောင်နေလို့ပါဘဲ၊ အဲဒီ နှစ်သက်တပ်မက်တဲ့ ရာဂကို နှုတ်ပယ်ပစ်လိုက်ယင်တော့ အဲဒီလို ကြောင့်ကြစိုက်နေရတာ တွေ ကြံစည်နေရတာတွေဟာ မီးလောင်ခံနေရသလိုပင် အလွန် ပင်ပန်းဆင်းရဲနေတာတွေပဲလို့ ထင်ရှားပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ရာဂဂ္ဂိနာ-ရာဂမီးက ရဲရဲပြောင်ပြောင် စွဲလောင်နေ တယ်လို့ မြတ်စွာဘုရားက မြင်တော်မူတာပါဘဲ။

ထို့အတူပင် ကြားရာမှာလဲ နား အသံ ကြားသိမှုတွေကို နှစ်သက်တပ်မက်ပြီး ရာဂမီးလောင်နေတယ်၊ နံရာမှာလဲ နှာခေါင်း အနံ့ နံသိမှုတွေကို လောင်နေတယ်၊ စားရာမှာလဲ လျှာ အရသာ စားသိမှုတွေကို လောင်နေတယ်၊ တွေ့ထိရာမှာလဲ ကိုယ်အကြည် ရုပ် ထိသိရတဲ့ အတွေ့ရုပ် ထိသိမှုတွေကို လောင်နေတယ်၊ ကြံသိ ရာမှာလဲ နှလုံးကြံသိရတဲ့အာရုံ ကြံသိမှုတွေကို လောင်နေတယ်။ အတိုချုပ်ပြောရယင်တော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားပေါ်လာသမျှတွေကို နှစ်သက်တပ်မက်နေတာ ဟာ ရာဂမီးလောင်နေတာပါဘဲ၊ ထင်းတို့ ရေနံတို့ဆိုတဲ့ လောင် စာတွေကို မီးလောင်နေသလိုပင် ဒွါရ ၆-ပါးက ပေါ်လာ သမျှတွေကို စွဲမှီပြီး နှစ်သက်တပ်မက်မှု ရာဂမီးတွေဖြစ်ပေါ်နေ

တာပါဘဲ၊ လောင်စာကောင်းယင် မီးအားကောင်းသလိုပင် နှစ်သက်ဖွယ်ကောင်းလေလေ ရာဂမီး အားကောင်းလေလေဖြစ်နေတာပါဘဲ။

တို့အတူပင် ဒေါသမီးကလဲ လောင်နေတယ်၊ အဲဒါကတော့ စိတ်ဆိုးတဲ့အခါ စိတ်ပူလောင်ကြောင်း ဆင်းရဲပင်ပန်းကြောင်း ထင်ရှားပါတယ်၊ ဒါပေမဲ့ ဒေါသဖြစ်နေတဲ့သူကတော့ ဒေါသဖြစ်နေရတာကို ကောင်းသလိုလိုလဲ ထင်နေတတ်တယ်။ မောဟဆိုတာကတော့ အသိခက်တယ်၊ မြင်ရာကြားရာစသည်မှာ ထင်ရှားပေါ်လာတဲ့ အရာဟူသမျှကို မြဲတဲ့အနေ ချမ်းသာတဲ့အနေ ကောင်းတဲ့အနေ အတ္တကောင်အနေဖြင့် မိရိုးဖလာအတိုင်းသိနေတာ ထင်နေတာဟာ မောဟပါဘဲ၊ အတိုချုပ် ဆိုယင်တော့ အလွဲအမှားသိနေတာဟာ မောဟပါဘဲ။ ဒွါရ ၆-ပါးက ထင်ပေါ်လာသမျှကို အနိစ္စ ဒုက္ခ အနတ္တအနေဖြင့် အမှန်အတိုင်း မသိရအောင် အလွဲအမှား သိသိနေတာဟာ မောဟမီး လောင်နေတာပါဘဲ၊ အဲဒီမောဟမီး လောင်ပုံကိုတော့ သာမန်ပုဂ္ဂိုလ်တွေမှာ သိနားလည်ဘို့ ခက်ပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တ အမှန်ကိုသိတဲ့အခါကျမှ အဲဒီအမှားသိမောဟမီးလောင်နေပုံကို သိနိုင်ပါတယ်။ သူက အလွဲအမှားတွေ သိနေတဲ့အတွက် မကြံသင့်တာကို ကြံတယ်၊ မပြောသင့်တာ ပြောတယ်၊ မပြုသင့်တာ ပြုတယ်၊ အဲဒီလို မသင့်လျော်တာတွေကို ကြံမှု ပြောမှု ပြုမှုကြောင့် မျက်မှောက်မှာလဲ အကျိုးမဲ့တွေ ဖြစ်တယ်၊ သံသရာတလျှောက်မှာလဲ အပါယ်ဆင်းရဲစသည်ကို တွေ့ကြုံ ခံစားနေရ

တယ်၊ အဲဒါတွေဟာ မောဟမီးကြောင့် ပူလောင်ခံရပုံတွေပါဘဲ။

ယခုပြောခဲ့တဲ့ ရာဂ ဒေါသ မောဟဆိုတဲ့ မီးသုံးမျိုးကတော့ အကုသိုလ် ကိလေသာမီးတွေဘဲ၊ အဲဒီကနောက် ဇာတိမီးစသည်တို့ကတော့ သံသရာဝဋ်ဆင်းရဲမီးတွေဘဲ၊ အဲဒါတွေက (၈)ပါး ရှိတယ်။ အဲဒီ(၈)ပါးထဲမှာ ဇာတိ ဇရာ မရဏဆိုတဲ့ မီးသုံးပါးကတော့ ထင်ရှားပါတယ်။ ဒါပေမဲ့ ဘဝ အသစ် ဖြစ်တာက ဘယ်လိုပူလောင်သလဲလို့ ဇာတိမီးနဲ့စပ်ပြီး စဉ်းစားစရာ ရှိပါတယ်၊ အတိုချုပ် ပြောရမယ်ဆိုယင် ဘဝတိုင်း ဘဝတိုင်းမှာ တဘဝလုံး တဘဝလုံးအတွင်း တွေ့ကြုံခံစားရတဲ့ဆင်းရဲတွေဟာ အဲဒီ ဇာတိမီးကြောင့် ပူလောင်ရတာတွေဘဲ၊ ငရဲဆင်းရဲတွေဟာ ငရဲမှာဖြစ်မိလို့ ခံစားရတာဘဲ၊ ပြိတ္တာ ဆင်းရဲတွေ ခွေး ဝက် ကြက်ငှက်စသော တိရစ္ဆာန်ဆင်းရဲတွေ၊ ဒါတွေလဲ အဲဒီ ပြိတ္တာဘဝ တိရစ္ဆာန်ဘဝမှာဖြစ်မိလို့ ခံစားရတာဘဲ၊ ဆင်းရဲတဲ့ မိဘမျိုးမှ မွေးဖွားလာတဲ့ သူငယ်ကလေးကိုကြည့်လိုက်ယင် သူ့မိဘများလိုပင် တသက်လုံး ဆင်းရဲသွားရတော့မှာဘဲလို့ ခန့်မှန်းပြီး သိနိုင်ပါတယ်။ နတ်ဘဝ ဗြဟ္မာဘဝဖြစ်ရတဲ့ပုဂ္ဂိုလ်တွေလဲ သူတို့ဘဝနဲ့ဆိုင်တဲ့ ဆင်းရဲတွေကို ခံစားရတာဟာ အဲဒီဘဝမှာ ဖြစ်မိလို့ဘဲ။ အဲဒီပူလောင်မှု ဆင်းရဲတွေဟာ ဘယ်ကလာသလဲဆိုယင်-

အဲဒီဘဝကို ဖြစ်စေတတ်တဲ့ ကိလေသာနဲ့ကံမှ လာခဲ့တယ်၊ အဲဒီ ကိလေသာနဲ့ကံတွေဟာ ဘယ်မှလာခဲ့သလဲဆိုယင်၊ မြင်ရာ

ကြားရာ စသည်မှာ ထင်ရှားပေါ်ခဲ့တဲ့မျက်စိ အဆင်း မြင်သိမှု စသည်ကိုစွဲမှီပြီး ဖြစ်ပေါ်ခဲ့တာဘဲ၊ ဒါကြောင့် မြင်တိုင်း ကြားတိုင်းစသည်မှာ ထင်ရှားပေါ်လာတဲ့ မျက်စိ အဆင်းမြင်သိမှု စသည်ကို အသစ်ဖြစ်မည့် ဇာတိမီးက လောင်နေတယ်လို့ ဆိုရတယ်၊အပြောင့်ပြောရယင်တော့ အဲဒီမြင်မှုစသည်ကိုအကြောင်းပြုပြီးတော့ ကိလေသာနဲ့ကံ ဖြစ်လာခဲ့ရာမှ ဘဝအသစ်ဇာတိမီး ဖြစ်ပေါ်လာတာပါဘဲ၊ အဲဒီဇာတိမီးဟာ မြင်တိုင်း ကြားတိုင်း စသည်မှာ ဖြစ်ခွင့် ရနိုင်သောကြောင့် မြင်တိုင်း ကြားတိုင်း စသည်မှာ အဲဒီဇာတိမီးက လောင်နေတယ်လို့ ဆိုရတယ်။ ဇရာ မရဏမီးတွေ ဖြစ်ပေါ်ပုံ လောင်ပုံလဲ နည်းတူပါဘဲ၊ ထူးတာကတော့ အိုခြင်း သေခြင်းဆိုတာတွေက ဆိုးဝါးကြောင်း သူ့အလိုလိုပင် ထင်ရှားနေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဇာတိမီး စသည် လောင်ပုံကတော့ (စက္ခု အာဒိတ္တံ ရူပါ အာဒိတ္တာ စက္ခုဝိညာဏံ အာဒိတ္တံ- စသည်ဖြင့်) အာဒိတ္တသုတ်မှာ ဟောထားတဲ့အတိုင်း ပြဆိုချက်ပါဘဲ။ ဒီမဟာကရုဏာသမာပတ်အဖွင့်မှာတော့ လောကသန္နိ- ဝါသ ဆိုတဲ့ သတ္တဝါကို လောင်တယ်လို့ သာမည ပြဆိုထားတဲ့အတွက် ဖြစ်ရာ ဖြစ်ရာဘဝမှာပဲ ဇာတိမီး စသည်တို့က လောင်တယ်လိုလဲ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဘဝတိုင်း ဘဝတိုင်းမှာ စပြီး ဖြစ်မိတဲ့အတွက် အဲဒီ တဘဝလုံး တဘဝလုံး တွေ့ကြုံခံစားကြရတဲ့ ဆင်းရဲဟူသမျှတွေဟာ အဲဒီ စပြီးဖြစ်မိတဲ့ ဇာတိမီး၏ ပူလောင်ခြင်းပါဘဲ၊ အဲဒီ ဖြစ်ရာဘဝမှာ ဆံဖြူခြင်း မျက်စိ

မှုခြင်း နားထိုင်းခြင်း စသော အိုမင်းရတာဟာလဲ ဇရာမီး၏ ပူလောင်ခြင်းပါဘဲ၊ နောက်ဆုံး သေရတာလဲ မရဏမီး၏ ပူလောင်ခြင်းပါဘဲ။ ဘဝတိုင်း ဘဝတိုင်း ဒီဇရာမီး မရဏမီး လောင်ပုံတွေကတော့ အလွန်ပင် ထင်ရှားပါတယ်။

နောက်ပြီးတော့ ဆွေမျိုးတို့၏ ပျက်စီးခြင်း စီးပွားဥစ္စာ ပျက်စီးခြင်း စသည်ကြောင့် စိုးရိမ်ပူဆွေးရတယ် ငိုကြွေးရတယ် ဆိုတာတွေလဲ သောကမီး ပရိဒေဝမီး လောင်တာဘဲ။ နောက်ပြီးတော့ ဘဝတိုင်း ဘဝတိုင်း အများအားဖြင့် ကိုယ်ဆင်းရဲ အမျိုးမျိုးတွေကို ခံစားကြရတယ်၊ စိတ်နှလုံးမသာခြင်း စသော စိတ်ဆင်းရဲအမျိုးမျိုးတွေကို ခံစားကြရတယ်၊ စိတ်နှလုံး ပြင်းစွာ ပူပန်ခြင်းတွေကိုလဲ ခံစားကြရတယ်၊ အဲဒါတွေဟာ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ မီးတွေ အလောင်ခံနေကြရ တာဘဲ။ အဲဒီ ၁၁-ပါးသော မီးတွေ အလောင်ခံနေကြရလို့ အတိဒုက္ခရောက်နေကြရပုံကို မြင်တော်မူတဲ့အတွက် မြတ်စွာ ဘုရားက သနားတော်မူပုံကို ဒီလိုလဲ ဆက်ပြီးပြဆိုထားပါတယ်။

အညတြ မယာ-ငါဘုရားမှ တပါး၊ တဿ နိဗ္ဗာပေတာ-ထိုသောင်နေသော မီးအပေါင်းကို ငြိမ်းစေနိုင်သော၊ အညော ကောစိ-အခြားသူ တစုံတယောက်မျှ၊ နတ္ထိ-မရှိပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန် သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာ တော်သည်၊ ဩက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေကို ရာဂ စသော တဆယ့်တသီးသော မီးတွေ လောင်နေတယ်၊ အဲဒီမီးကို ငါဘုရားမှတပါး ငြိမ်းစေနိုင်သူ တစုံတယောက်မျှ မရှိဘူးလို့ မြင်တော်မူပြီးတော့ မြတ်စွာဘုရားရှင်မှာ သနားခြင်းကြီးစွာ မဟာကရုဏာ ဖြစ်တော်မူပါတယ် တဲ့။ ဟုတ်တယ်၊ တကယ်ကို သနားစရာပါဘဲ။ မီးတမျိုးတည်း လောင်နေတောင် အခံရခက်လှပါပြီ၊ မီး ၁၁-မျိုး လောင်နေတယ်ဆိုတော့ အင်မတန် အခံရခက်တာ ဆင်းရဲတာပေါ့၊ အဲဒီ မီးတွေကို ငြိမ်းအောင် ညွှန်ကြားပြသပေးနိုင်တဲ့ ပုဂ္ဂိုလ် ဆိုတာလဲ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားမှတပါး တဦးတယောက်မျှ မရှိဘူး၊ အဲဒီလို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူပြီးတော့ မဂ္ဂင်ရှစ်ပါး= သီလ သမာဓိ ပညာအကျင့်ဆိုတဲ့ မီးငြိမ်းရေးတရားတော်ကို ၄၅-ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါကို ဘုန်းကြီးတို့ကလဲ တဆင့်ကမ်းလှမ်းတဲ့အနေနဲ့ ဟောပြောညွှန်ပြနေရတာပါဘဲ။

မြတ်စွာဘုရား၏ မဟာကရုဏာတော် ဖြစ်ပုံကို ဗဟုသုတအဖြစ် မှတ်သားပြီးတော့ အဲဒီ သနားတော်မူပုံမှ နည်းယူပြီး ကရုဏာပွားကြရန် ဟောပြလာတာ တော်တော် များသွားပါပြီ။ ဒါကြောင့် သတ္တဝါတွေကို ရာဂ ဒေါသ စသော မြားတွေ စူးနေပုံ၊ ဒိဋ္ဌိ တဏှာ ဆိုတဲ့ ပိုက်တွေထဲမှာ မိနေပုံ၊ ဒိဋ္ဌိ တဏှာ ဆိုတဲ့ ရေယဉ်ကြောမှာ မျောနေကြရပုံ၊ ရာဂ စသော မီး ၁၁-မျိုးဖြင့် အလောင်ခံနေကြရပုံများကို ဆင်ခြင်ပြီးတော့

ကရုဏာတရား ပွားကြရမယ်၊ အဲဒီလို နှလုံးသွင်း ရွတ်ဆိုတာကိုလဲ နောက်ကလိုက်ပြီး ရွတ်ကြရမယ်၊ လိုက်ဆိုကြ။

သတ္တဝါတွေမှာ ရာဂစသော မြှားတွေလဲ စူးနေတယ်၊ ဒိဋ္ဌိ တဏှာပိုက်တွေထဲမှာလဲ မိနေတယ်၊ ဒိဋ္ဌိ တဏှာရေယဉ်ကြောသို့လဲ မျောနေတယ်၊ ရာဂစသော မီးတွေကလဲ လောင်နေတယ်၊ ဒါကြောင့် သနားစရာကောင်းတဲ့ သတ္တဝါတွေအားလုံး ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ယခု ပြောပြခဲ့တဲ့ ကရုဏာပွားပုံတွေကတော့ ပါရမီဖြစ်ကုသိုလ်ဖြစ်ပွားပုံတွေဘဲ၊ ဒါပေမဲ့ ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်ဆိုယင်တော့ အဲဒီလို ပွားနေယင်း အပ္ပနာစျာန်များကိုလဲ ရသွားနိုင်ပါတယ်။ ကရုဏာ စျာန်ရအောင် တမင် ပွားချင်ယင်တော့ မေတ္တာပွားပုံတုန်းကလိုပဲ ချစ်အပ်တဲ့သူ စသည်ကို အစပြုပြီး မပွားရဘူး၊ အဖိုအမလိင်ကွဲသူကိုလဲ စပြီး မပွားရဘူး၊ သေသူမှာလဲ မပွားရဘူး၊ အတိဒုက္ခရောက်နေတဲ့ သနားဘွယ်ပုဂ္ဂိုလ်ကို စပြီးတော့ ဤသူဟာ ဆင်းရဲမှ လွတ်ပါစေ၊ ဆင်းရဲမှ လွတ်ပါစေလို့ ပွားစေရတယ်။ အဲဒီလို ပွားလို့ စျာန်ရပြီးတဲ့အခါ ချစ်အပ်တဲ့ ပုဂ္ဂိုလ်မှာ ပွားစေရတယ်၊အဲဒီကနောက် အလယ်အလတ်ပုဂ္ဂိုလ်မှာ ပွားစေရတယ်၊ အဲဒီကနောက် ရန်သူမှာ ပွားစေရတယ်၊ ရန်သူကို ကရုဏာပွားနေယင်း ဒေါသဖြစ်လာယင် မေတ္တာအရာမှာ ပြခဲ့တဲ့ နည်းဖြင့် အဲဒီဒေါသကို ပြေငြိမ်းစေပြီးတော့ ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူ,

မိမိဆိုတဲ့ ဒီလေးဦးအပေါ်မှာ အညီအမျှ သနားသောအားဖြင့် သီမာသမ္ဘေဒကို ပြည့်စုံစေရတယ်၊ အဲဒီကနောက် တေ့ကွန်း အရ ကရုဏာစျာန်သုံးပါးလုံး ပြည့်စုံအောင် အားထုတ်သွားရတယ်။ ဒါလောက်ဆိုယင် ကရုဏာပွားစေပုံ ပြည့်စုံပါပြီ၊ ယခု မုဒိတာပွားစေပုံကို ပြောရမယ်။

## မုဒိတာပွားစေပုံ

မုဒိတာဆိုတာ ဝမ်းမြောက်ကြည်ဖြူတဲ့ သဘောပါဘဲ၊ သူတပါး ကြီးပွားချမ်းသာတာကို ကြည်ဖြူနှစ်ခြိုက်ပြီးဝမ်းမြောက်တဲ့ သဘောပါဘဲ။ တချို့က သူတပါး ကြီးပွားချမ်းသာ တိုးတက်အောင်မြင်တာကို မလိုလားကြဘူး၊ အဲဒါက မနာလိုတဲ့ သဘောဘဲ၊ ပါဠိမှာ ဣဿာလို့ ခေါ်တယ်၊ ဒီမုဒိတာက အဲဒီ မနာလိုတဲ့ ဣဿာနဲ့ ပြောင်းပြန်ဆန့်ကျင်ဘက်ပဲ၊ ဣဿာအားကြီးတဲ့သူက သူတပါး ကြီးပွားချမ်းသာတာကို အလိုမရှိဘူး၊ အခြွေအရံများတာ ရုပ်ရေအဆင်းလှပတာ ပညာတတ်တာ ဒီလိုဟာတွေလဲ အလိုမရှိဘူး၊ သူတပါး ရာထူးဌာနန္တရတိုးတက်တာလဲ အလိုမရှိဘူး။ မုဒိတာအားရှိတဲ့သူကတော့ အဲဒီလို သူတပါး ကြီးပွားကောင်းစားတာတွေကို မြင်ရ ကြားရယင် ဝမ်းမြောက်ကြည်ဖြူ သဘောတူတယ်၊ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေလို့ နှလုံးသွင်းနိုင်တယ်၊ အဲဒီလို နှလုံးသွင်းတာဟာ မုဒိတာပါဘဲ၊ အင်မတန် သန့်ရှင်းမွန်မြတ်တဲ့ သဘောတရားပါဘဲ။

အဲဒီ မုဒိတာပွားစေပုံကို ဝိသုဒ္ဓိမဂ်မှာ ဒီလို ပြထားပါတယ်။

ပြုံးရယ်ပြီး စကားပြောလေ့ရှိတဲ့ အလွန်ချစ်အပ်တဲ့ သူငယ်ချင်းမိတ်ဆွေကို ရှေးဦးစွာ ကြည်ဖြူဝမ်းမြောက်ခြင်း မုဒိတာဖြင့် ဖြန့်ရမည်၊ သို့မဟုတ် ချစ်အပ်တဲ့သူဟာ ချမ်းသာပြည့်စုံပြီး ကောင်းကောင်း ဝတ်စားဆင်ယင်လျက် ဝမ်းပန်းတသာဖြစ်နေတာကို မြင်ရကြားရတဲ့အခါ "(မောဒတိ ဝတာယံ သတ္တော၊ အဟော သာဓု အဟော သုဋ္ဌု) ဒီလူဟာ ဝမ်းမြောက်ပေစွ၊ ခြေဘ်ကောင်းပါပေစွ ကောင်းပါပေစွ"လို့ မုဒိတာ (ကြည်ဖြူဝမ်းမြောက်ခြင်း)ကို ဖြစ်စေရမယ်တဲ့။

အဲဒါဟာ ဝိသုဒ္ဓိမဂ်အဆို ဘာသာပြန်ပါဘဲ။ အဘိဓမ္မာဝိဘင်းပါဠိတော်မှာလဲ ဒီလို ဟောထားပါတယ်။

ဘိက္ခု-ရဟန်းသည်၊ မုဒိတာသဟဂတေန စေတသာ-မုဒိတာနှင့်တကွဖြစ်သော စိတ်ဖြင့်၊ ကထဉ္စ-အဘယ်သို့လျှင်၊ ဧကံ ဒိသံ ဖရိတွာ- တခုသော အရပ်မျက်နှာကို ဖြန့်၍၊ ဝိဟရတိ-နေပါသနည်း။ သေယျထာပိ နာမ-ဥပမာအားဖြင့် ပြရလျှင်၊ ပိယံ မနာပံ-ချစ်အပ် မြတ်နိုးအပ်သော၊ ဧကံ ပုဂ္ဂလံ-လူတယောက်ကို၊ ဒိသွာ-မြင်၍၊ မုဒိတော-ကြည်ဖြူဝမ်းမြောက်သည်၊ အဿ-ဖြစ်ရာ၏၊ ဧဝမေဝ-ဤအတူပင်လျှင်၊ သဗ္ဗသတ္တေ-အားလုံးသော သတ္တဝါတို့ကို၊ မုဒိတာယ ဖရတိ-မုဒိတာဖြင့် ဖြန့်၏-တဲ့။

ရှေးနားက ဝိသုဒ္ဓိမဂ်အဆိုထဲမှာ မုဒိတာပွားပုံကို "(အဟော သာဓု အဟော သဋ္ဌု) ကြော်.... ကောင်းပါပေစွ ကောင်းပါပေစွ"လို့ ဝမ်းမြောက်ပုံကိုသာ ပြထားတယ်၊ ယနေ့နေအခါ ရဟန်းရှင် လူ အများမှာ "(ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု) ရထားပြီး စည်းစိမ်ဟူသမျှမှ မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"လို့ နှုတ်တက်နေတဲ့အတိုင်းတော့ ပြဆိုထားတာ မရှိဘူး၊ ဒါပေမဲ့ ပြီးပြမ်း အဆုံးအဖြတ်ကို ပြရာကျတော့ (ကမ္မဿကာ သတ္တာ၊ တေ ကဿ ရုစိယာ။ ပ။ ပတ္တသမ္ပတ္တိတော ဝါ န ပရိဟာယိဿန္တီတိ ဧဝံ ပဝတ္တကမ္မဿကတာဒဿနပဒဋ္ဌာနာ)လို့ ပြဆိုထားတယ်၊ အဲဒီမှာ "သတ္တဝါတွေမှာ သူ့ကံနဲ့သူ အကျိုးပေးနေတဲ့အတွက် သူတို့ဟာ ရထားတဲ့စည်းစိမ်မှ ဘယ်သူ့အလိုဖြင့်မှ မဆုတ်ယုတ်ကုန်လတံ့နည်း=မဆုတ်ယုတ် မဆုံးရှုံးပဲ ရှိကြလိမ့်မည်နည်း"လို့ ဆိုထားတာနဲ့တော့ "မာ ဝိဂစ္ဆန္တု-မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"လို့ ဆိုတာဟာ ညီညွတ်နေပါတယ်။ ဒါကြောင့် မုဒိတာကို ပွားစေရာမှာ အဲဒီ အများနှုတ်တက်နေတဲ့အတိုင်းပဲ ပြဆိုသွားရမယ်။

စီးပွားချမ်းသာ စသည်ပြည့်စုံပြီး ချမ်းသာနေတဲ့သူကို မြင်ရကြားရယင် "အဲဒီလူဟာ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ် မဆုံးရှုံးပါစေနဲ့-ပြည့်စုံမြဲ ပြည့်စုံပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ"လို့ ဒီလို နှလုံးသွင်းပြီး ပွားများရမယ်၊ အများကို ဆိုယင်လဲ "ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ် မဆုံးရှုံးကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာ

ကြပါစေ” လို့ နှလုံးသွင်းပြီး ပွားများရပါတဲ့။ အဲဒီမှာ ပြည့်စုံတယ် ဆိုတာက အများကြီး ပြည့်စုံမှ မဟုတ်ပါဘူး၊ နေသာ ထိုင်သာ အသင့်အတင့် ပြည့်စုံတဲ့သူကိုလဲ အာရုံပြုပြီး မုဒိတာကို ပွားနိုင်ပါတယ်၊ အလွန်ပြည့်စုံချမ်းသာတဲ့သူ ဆိုယင် တော့ အထူး ပြောစရာမလိုပါဘူး၊ ကြည်ဖြူဝမ်းမြောက်မှု မုဒိတာကို ပွားစေရန် ပိုပြီးကောင်းတာပေါ့။ အဲဒီ အများကြီး ပြည့်စုံတဲ့သူတွေ, အတော်အသင့်ပြည့်စုံတဲ့သူတွေကို အာရုံပြုပြီး မုဒိတာပွားရအောင် လိုက်ဆိုကြရမယ်။

ပြည့်စုံချမ်းသာနေကြတဲ့လူတွေ ရပြီးချမ်းသာမှ မဆုတ်ယုတ် ကြပါစေနဲ့-ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြ ပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ။

ချမ်းသာနေကြတဲ့ သတ္တဝါတွေ အားလုံး ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

ဆင်းရဲဒုက္ခရောက်နေကြပါတယ် ဆိုတဲ့ သတ္တဝါတွေမှာလဲ အထိုက်အလျောက် ချမ်းသာမှုတော့ ရှိတတ်ကြပါတယ်၊ အမြဲ မပြတ် ငရဲမီးအလောင်ခံနေရတဲ့ သတ္တဝါတွေတောင် တန်ခိုးရှင် ဖြစ်တော်မူကြတဲ့ ဘုရား ရဟန္တာ အရှင်မြတ်များက ငရဲပြည်သို့ ကြွရောက်ပြီး တရားဟောတဲ့အခါများမှာ ငရဲမီးလောင်ခြင်းမှ သက်သာခွင့်ရကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အားလုံး သတ္တဝါတွေကိုလဲ အာရုံပြုပြီးတော့ မုဒိတာကို ပွားစေနိုင်ပါ

တယ်၊ အဲဒီပွားစေပုံကတော့ ကရုဏာပွားစေပုံတုန်းကလိုပါဘဲ။ ကဲ....လိုက်ဆိုပြီး ပွားကြရမယ်။

အားလုံး သတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အဲဒါက သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-ဆိုတဲ့ ပါဠိအရ မုဒိတာ ပွားပုံဘဲ။ နောက်ပြီးတော့ သဗ္ဗေ ပါဏာ-စသည် အရလဲ ရွတ်ဆိုပြီး ပွားကြရဦးမယ်။ လိုက်ဆိုကြ။

အားလုံး အသက်ရှုသူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး ထင်ရှားဖြစ်သူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး ပုဂ္ဂိုလ်တွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

ယခု ရွတ်ဆိုခဲ့ကြတဲ့ အပိုဒ်(၅)ခုက အပိုင်းအခြား အကန့်အသတ်မရှိပဲ သတ္တဝါအားလုံးအပေါ်မှာ ကြည်ဖြူဝမ်းမြောက်မှု မုဒိတာကို ပွားပုံ အနောဓိသမုဒိတာ(၅)ပါးဘဲ။ ယခု ဩဓိသမုဒိတာ(၇)ပါးကိုလဲ ရွတ်ဆိုပွားများကြရဦးမယ်။

အားလုံး အမျိုးသမီးတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး အမျိုးသားတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး အရိယာတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး ပုထုဇဉ်တွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး နတ်တွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး လူတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အားလုံး အပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

ဒါက ဩဓိသမုဒိတာ (၇)ပါး ပွားပုံဘဲ၊ အဲဒီ ဩဓိသ (၇)ပါးနှင့် ရှေ့နားက အနောဓိသ(၅)ပါးကို ပေါင်းလိုက်ယင် ၁၂-ပါးရတယ်၊ အဲဒါဟာ အရပ်မျက်နှာဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိတဲ့ ဒိသာအနောဓိသ မုဒိတာ ၁၂-ပါးပါဘဲ။ အရပ်မျက်နှာဖြင့် ပိုင်းခြားပြီး ပွားတဲ့အခါလဲ အရပ်မျက်နှာ တခု တခုမှာ နည်းတူပင် ၁၂-ပါးစီ ရတယ်၊ အရပ်မျက်နှာ ဆယ်ခု ဆိုတော့ ၁၂၀-ရတယ်။ အဲဒါက ဒိသာဩဓိသ မုဒိတာ ၁၂၀-တဲ့။ အဲဒီ ၁၂၀-ကိုလဲ အကျဉ်းချုပ် ရွတ်ဆိုပွားများကြရမယ်၊ လိုက် ဆိုကြ။

အရှေ့အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး အသက်ရှူသူတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး ထင်ရှားဖြစ်သူတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး ပုဂ္ဂိုလ်တွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး ခန္ဓာကိုယ်အတ္တဘောရှိသူတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး အမျိုးသမီးတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး အမျိုးသားတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး အရိယာတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး ပုထုဇဉ်တွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး နတ်တွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး လူတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

ဒါက အရှေ့အရပ်၌ ပွားပုံ ၁၂-ပါးဘဲ။ အနောက်အရပ် စသည်မှာလဲ နည်းတူပါဘဲ၊ အကျဉ်းချုပ် ရွတ်ဆိုပွားများကြ ရမယ်။

အနောက်အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အနောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြ ပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

မြောက်အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြ ပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

တောင်အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့တောင်အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အနောက်မြောက်အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အနောက်မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့ = ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့မြောက်အရပ်က အားလုံး သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အရှေ့မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အနောက်တောင်အရပ်က အားလုံး သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အနောက်တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့ = ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အောက်အရပ်က အားလုံး သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အထက်အရပ်က အားလုံး သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အထက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

ယခု ဆိုခဲ့ကြတာတွေဟာ ဒိသာသြဒိသ မုဒိတာ ၁၂ဝ–အကျဉ်းချုပ်ပါဘဲ၊ အဲဒါကို ရှေးနားက ဒိသာအနောဓိသ ၁၂-ပါးနှင့် ပေါင်းလိုက်ယင် မုဒိတာ ၁၃၂-ပါး ဖြစ်တယ်။ မုဒိတာပွားပုံကတော့ စုံသွားပါပြီ၊ စွမ်းနိုင်ယင်, အချိန်အခွင့်လဲ ရယင် အဲဒီ မုဒိတာ ၁၃၂-ပါးကို ပွားများကြရုံပါဘဲ။

အဲဒီလို တမင် မပွားနိုင်တောင်မှ ပြည့်စုံချမ်းသာနေတဲ့သူများကို တွေ့မြင်ရ ကြားသိရတိုင်း "ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ" လို့ ကြည်ဖြူဝမ်းမြောက်မှု–မုဒိတာကို ဖြစ်ပွားစေနိုင်ယင် မျက်မှောက်ဘဝမှာလဲ အကျိုးများတယ်၊ နောင်သံသရာဘဝတွေမှာလဲ အကျိုးများသွားမယ်။

လူတွေဟာ အများအားဖြင့် "ကိုယ့်ထက်သာ မနာလို"ဆိုတဲ့အတိုင်း ကိုယ့်ထက်သာတဲ့သူကို မနာလိုဖြစ်တတ်ကြတယ်၊ ယခုနေအခါ ဆိုယင် မနာလိုဖြစ်ရုံတွင်မဟုတ်ပဲ ပြည့်စုံချမ်းသာတဲ့သူတွေကို ပျက်စီးဆုံးရှုံးကုန်အောင်, ဆင်းရဲဒုက္ခရောက်ကုန်အောင် ကြံစည် ပြောဆို ပြုလုပ်နေကြတာတွေတောင် ရှိနေတယ်၊ အဲဒါဟာ မနာလိုမှု–ဣဿာ အကုသိုလ်တရား ပွားနေတာဘဲ၊ အဲဒီ မနာလိုမှု-ဣဿာများတဲ့သူဟာ မျက်မှောက်မှာလဲ ကူညီသူမရှိပဲ အကျိုးမဲ့ ဖြစ်တတ်တယ်၊ နောင်သံသရာဘဝတွေမှာလဲ အကူအညီ အခြေအရံမရှိပဲ ဆင်းရဲသွားဘို့ ရှိတာပါဘဲ၊ အဲဒီအကြောင်းအရာ များကို ဥပရိပဏ္ဏာသ စူဠကမ္မဝိဘင်္ဂသုတ်(၂၄၆)မှာ ဒီလို ပြဆိုထားပါတယ်။

ဣ္လ မာဏဝ ကေစ္စော ဣ္လတ္တိ ဝါ ပုရိသော ဝါ ဣ္လဿာ-မုနကော ဟောတိ-စသည်ဖြင့် ဟောထားပါတယ်။

မာဏဝ-သုဘလုလင်၊ (သုဘလုလင် အကြောင်းကိုတော့ နောက်သီတင်းကျမှ ပြောရမယ်) ဣ္လ-ဤလောက၌၊ ကေစ္စော ဣ္လတ္တိ ဝါ ပုရိသော`ဝါ-မိန်းမဖြစ်စေ၊ယောကျ်ားဖြစ်စေ အချို့သောသူသည်၊ ဣ္လဿာမနကော-မနာလိုစိတ်များသည်၊ဟောတိ-ဖြစ်၏၊ ပရလာဘသက္ကာရမာနနဝန္ဒနပူဇာသု - အခြားသူတို့မှာ စီးပွားဥစ္စာ ရခြင်း, အရိုအသေ ပေးကမ်းခြင်း, အလေးပြုခြင်း, မြတ်နိုးခြင်း,ရှိခိုးခြင်း,ပူဇော်ခြင်းတို့၌၊ ဣ္လဿတိ-မနာလိုစိတ်ဖြစ်၏၊ဥပဒုဿတိ-မလိုလားသဖြင့် ပြစ်မှား၏၊ ဣ္လဿံ ဗန္ဓတိ-မနာလိုမှုကို ဖွဲ့ချည်ဘားသကဲ့သို့စွဲသမ်းလျက်ရှိ၏၊သော-ထိုဝန်တိုသူသည်၊ တေန ကမ္မေန ဝေ့ံ သမတ္တေန သမာဒိန္နေန-ယခုပြောခဲ့တဲ့အတိုင်း ဆောက်တည် ပြီးမြောက်စေခဲ့သော ထိုမနာလိုမှုကံကြောင့်၊ ကာယဿ ဘေဒါ ပရံ မရဏာ-လက်ရှိ ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်၌၊ အပါယံ ဒုဂ္ဂတိံ-အပါယ် ဒုဂ္ဂတိဘုံသို့၊ ဝိနိပါတံ နိရယံ-လူ့ချမ်းသာမှ ပျက်စီး၍ ကျရောက်ရာငရဲဘုံသို့၊ ဥပပဇ္ဇတိ-ကပ်ရောက်၍ ဖြစ်၏၊ သစေ မနုဿတ္တံ အာဂစ္ဆတိ-အခြား ကုသိုလ်ကံကြောင့် လူ့အဖြစ်သို့ အကယ်၍ ရောက်လာငြားအံ့၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ-ထိုထိုဖြစ်ရာဘဝ၌၊ (မြန်မာစကားချောစေရန် ဆိုလိုသောအနက်ပြန်သည်) အပ္ပေသက္ခော ဟောတိ-အခြွေအရံမဲ့သူ ဖြစ်တတ်၏။ မာဏဝ - သုဘလုလင်၊ ဧသာ ပဋိပဒါ-ဤ မနာလိုသော အကျင့်သည်၊ အပ္ပေသက္ခသံဝတ္တနိကာ-အခြွေအရံမဲ့ခြင်းကို ဖြစ်စေတတ်သည် တဲ့။

အတိုချုပ်ပြောရယင် သူတပါး ကြီးပွားချမ်းသာတာ ဂုဏ်တက်တာကို မနာလိုတဲ့သူဟာ အဲဒီမနာလိုမှုအကုသိုလ်ကံကြောင့် အပါယ်လေးပါး ကျရောက်တတ်တယ်။ ငရဲ ကျရောက်တတ်တယ်၊ အပါယ်ငရဲမှလွတ်ပြီး အခြားကုသိုလ်ကြောင့် လူဖြစ်လာယင်လဲ အခြွေအရံ နည်းပါးတတ်တယ်၊ "လက်ပြတ်နေသူမှာ ရေသောက်ချင်ယင်တောင် ရေတိုက်ပေးမည့်သူမရှိအောင် အကူအညီ အခြွေအရံ မဲ့တတ်တယ်"လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

သူတပါး ကြီးပွား ချမ်းသာတာကို မုဒိတာဖြင့် ကြည်ဖြူဝမ်းမြောက်တဲ့သူကတော့ အဲဒီကြည်ဖြူဝမ်းမြောက်တဲ့ မုဒိတာကုသိုလ်ကံကြောင့် နတ်ပြည်သုဂတိသို့ ရောက်ရတယ်၊ လူ့ဘဝမှာ ဖြစ်ယင်လဲ ဖြစ်ရာဖြစ်ရာဘဝမှာ အခြွေအရံများပြီး ဘုန်းတန်ခိုးကြီးတယ် တဲ့။ ဒါကြောင့်–

မာဏဝ - သူဘလုလင်၊ သော ပဋိပဒါ-မနာလိုခြင်း မရှိပဲ ကြည်ဖြူဝမ်းမြောက်သော ဤအကျင့်သည်၊ မဟေသက္ခသံဝတ္တနိကာ–ဘုန်းတန်ခိုးကြီးခြင်းဟုဆိုအပ်သော အခြွေအရံများခြင်းကို ဖြစ်စေတတ်သည်-လို့ အတိုချုပ်လဲ ဟောတော်မူပါတယ်။ အဲဒီ အဆိုးအကောင်း အကျင့် ၂-ရပ် အကျိုးပေးပုံကို "မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်"လို့ ဆောင်ပုဒ် ရေးစီထားတယ်။ အဲဒါကို ဆိုကြရမယ်။

မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

အဲဒီတော့ ဖြစ်ရာဘဝတိုင်းမှာ အခြွေအရံတွေ များစွာနဲ့ ဘုန်းတန်ခိုးကြီးတဲ့သူ ဖြစ်ချင်ယင် သူတပါး ကြီးပွား ချမ်းသာ ဘာကို မနာလိုခြင်းမရှိပဲ ကြီးပွားမြဲကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရာထူးဌာနန္တရ တည်မြဲပါစေ စသည်ဖြင့် ကြည်ဖြူ ဝမ်းမြောက်တဲ့ မုဒိတာကို ပွားကြရုံပါဘဲ၊ ဒါက ပိုက်ဆံ တပြားတချပ်မျှ မကုန်ပဲနဲ့ ကုသိုလ်ဖြစ်ပွားတာ သိပ်နေရာကျ တာဘဲ။

ဒါကြောင့် တွေ့မြင်ရ ကြားသိရတဲ့ ပုဂ္ဂိုလ်တိုင်းကို ချမ်းသာပါစေလို့ မေတ္တာပွားသလိုပင် ရပြီး စီးပွားချမ်းသာမှမဆုတ်ယုတ်ပါစေနဲ့=ပြည့်စုံမြဲ ပြည့်စုံပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ကြီးပွားမြဲ ကြီးပွားပါစေလို့ မုဒိတာကိုလဲ ပွားကြရမယ်။ ဒီ မုဒိတာအရာမှာလဲ သီမာသမ္ဘေဒပြီးစီးအောင် ပွားပုံကို မေတ္တာ ကရုဏာပွားပုံများလိုပင် ဝိသုဒ္ဓိမဂ်၌ ပြထားပါတယ်။ စတုက္ကနည်းအားဖြင့် တတိယစျာန်အထိရအောင် ပွားပုံကိုလဲ နည်းတူပင်ပြထားပါတယ်။ ဒါကြောင့် ဒီ မုဒိတာဘာဝနာဖြင့်လဲ တတိယစျာန်ရအောင် ပွားများအားထုတ်နိုင်ပါတယ်။ မုဒိတာပွားပုံနှင့်စပ်ပြီး ပြောစရာကတော့ ပြည့်စုံသွားပါပြီ။ ဒါကြောင့် မေတ္တာ ကရုဏာ မုဒိတာပွားပုံများကို ရွတ်ဆိုပွားများပြီး ဒီကနေ့တရားပွဲကို သိမ်းရမယ်၊ အဲဒီလို ရွတ်ဆိုပွားများနေစဉ်မှာလဲ နှလုံးသွင်းရွတ်ဆိုတာကို ရှုမှတ်ပြီး ဝိပဿနာကိုလဲ ပွားစေကြရမယ်။ ကဲ လိုက်ဆိုကြ။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံးသတ္တဝါတွေ တွေ့ကြုံနေသဲ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

အားလုံးသတ္တဝါတွေ ရရှိပြီး စီးပွားချမ်းသာမှ မဆုတ်ယုတ်မပျက်စီးကြပါစေလင့်၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ကြီးပွားမြဲကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

ဤ မေတ္တာ ကရုဏာ မုဒိတာ ပြဟ္မစိုရ်တရားတော်ကို ရှိသေစွာနာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မေတ္တာ ကရုဏာ မုဒိတာ တရားတို့ကို ထိုက်သည်အားလျော်စွာ ပွားများနိုင်ကြသဖြင့် ရသင့်ရထိုက်သည့် ၁၁-ပါးသော အကျိုးတို့ကို ရကြပြီးလျှင် မတ်သိမှု ဝိပဿနာကိုလဲ တိုးတက်ပွားများ အားထုတ်နိုင်သည်ဖြစ်၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

ပြဟ္မဝိဟာရ တရားတော် ဆဋ္ဌမပိုင်းပြီး၏။

ဗြဟ္မဝိဟာရ တရားတော်

# သတ္တမပိုင်း

## ၁၃၂၇-ခုနှစ် သီတင်းကျွတ်-တန်ဆောင်မုန်း လပြည့် လကွယ်နေ့များ၌ ၄-ကြိမ် ဟောသည်

---

### တရားအနုသန္ဓေ

ဒီနှစ်ဝါတွင်း ဗြဟ္မဝိဟာရခေါ် ဗြဟ္မစိုရ်တရားကို ဟောလာခဲ့တာ ၁၂-သီတင်းရှိခဲ့ပြီ၊ မေတ္တာ ကရုဏာ မုဒိတာ ရှေးသုံးပါးတော့ ပြီးခဲ့ပါပြီ၊ သီတင်းကျွတ်လပြည့် ဒီကနေ့ကစပြီး ဥပေက္ခာကို ဟောရမယ်။

### ဥပေက္ခာဆိုတာ ဘာလဲ

ဥပေက္ခာဆိုတာ သဒ္ဒါနည်းအရအားဖြင့် ဥပပတ္တိတော ယုတ္တိတော-အသင့် အလျော် အားဖြင့်၊ ဣက္ခတိတိ- ရှုတတ်သောကြောင့်၊ဥပေက္ခာ-ဥပေက္ခာမည်၏-လို့ ဆိုတဲ့အတိုင်း ဟိုဘက် ဒီဘက်သို့ မလိုက်ပဲ အလယ်အလတ်အညီအမျှအသင့်အလျော်အားဖြင့် ရှုတာ နှလုံးသွင်းတာကို ဥပေက္ခာလို့ ခေါ်တယ်၊ ဒီဗြဟ္မဝိဟာရအရာမှာတော့ ချမ်းသာပါစေလို့ မေတ္တာဖြင့်ကြောင့်ကြစိုက်မှု, ဆင်းရဲမှ လွတ်ပါစေလို့ ကရုဏာဖြင့်ကြောင့်ကြစိုက်

မှု မဆုတ်ယုတ်ပဲ ချမ်းသာမြဲ ချမ်းသာပါစေလို့ မုဒိတာဖြင့် ကြောင့်ကြစိုက်မှုများကို ပယ်သောအားဖြင့် ကြောင့်ကြမပြု လျစ်လျူရှုတဲ့ သဘောကို ဥပေက္ခာလို့ဆိုပါတယ်။

မေတ္တာဘာဝနာကို ပွားစေတဲ့အခါမှာ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု-အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါ စေ-စသည်ဖြင့် သတ္တဝါတွေ ချမ်းသာကြစေရန် နှလုံးသွင်းရ တယ်၊ ကရုဏာဘာဝနာကို ပွားစေတဲ့အခါမှာလဲ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု-အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြ ပါစေလို့ သတ္တဝါတွေ ဆင်းရဲမှ လွတ်စေရန် နှလုံးသွင်းရတယ်၊ မုဒိတာဘာဝနာကို ပွားစေတဲ့ အခါမှာလဲ သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု-အားလုံး သတ္တဝါတွေ ရရှိပြီးစည်းစိမ်မှ မကင်းမကွာ မဆုတ်ယုတ် ကြပါစေလင့်-လို့ သတ္တဝါတွေ ရပြီးစည်းစိမ်မှ မဆုတ်ယုတ်ရန် နှလုံးသွင်းရတယ်၊ ဒီဥပေက္ခာကတော့ အဲဒီလိုနှလုံးသွင်းမှု သူတပါးအတွက်ကြောင့် ကြစိုက်မှုကို ပယ်ပြီးတော့ သဗ္ဗေ သတ္တာ ကမ္မဿကာ-အားလုံး သတ္တဝါတွေ ကိုယ်တိုင်ပြုလုပ်ထားတဲ့ ကိုယ့်အမှု ကိုယ့်ကံသာ လျှင် ချမ်းသာရန် ဆင်းရဲရန် ကိုယ်ပိုင်ဥစ္စာ ရှိနေကြတာဘဲ၊ သူ့ကံနဲ့ သူဘဲလို့ ဒီလို လျစ်လျူရှုရတယ်။

## သူများအကျိုးလျစ်လျူရှုတာ မကောင်းတဲ့သဘောမဟုတ်လား

ဒါကြောင့် ဥပေက္ခာဘာဝနာကို ပွားစေလိုတဲ့သူဟာ သူ တပါး ချမ်းသာ ဆင်းရဲတာကို ဂရုမစိုက်ပဲ သူ့ကံနဲ့သူဘဲလို့

လျစ်လျူရှုနေရုံပါဘဲ။ ဒီလို ဆိုတော့ ဒီဥပေက္ခာက သူတပါး အကျိုးကို မဆောင်ရွက်တဲ့အတွက် မကောင်းတဲ့ တရားဘဲလို့ ထင်ဘွယ်ရှိပါတယ်၊ ဒါပေမဲ့ အဲဒီလို မကောင်းတဲ့တရားတော့ လဲ မဟုတ်ပါဘူး၊ သူတပါးအတွက် အကျိုးရှိအောင် ဆောင် ရွက်နိုင်သမျှတော့ မေတ္တာ ကရုဏာဖြင့် ဆောင်ရွက်ရပါတယ်၊ သူတပါးအကျိုးဖြစ်အောင် ဘယ်နည်းနဲ့မျှ မဆောင်ရွက်နိုင်တဲ့ အခါကျတော့ ဒီဥပေက္ခာဖြင့် လျစ်လျူရှုရန်သာ သင့်ပါတယ်၊ လျစ်လျူရှုတာဟာ အကောင်းဆုံးပါဘဲ။ ဥပမာဖြင့် ပြရလျှင်- လူတယောက်ဟာ ရာဇဝတ်ပြစ်မှုဖြင့် အစွဲခံနေရတယ် ဆိုပါ တော့၊ အဲဒီအစွဲခံနေရတဲ့ သူ၏ လွတ်မြောက်ရေးအတွက် မေတ္တာ ကရုဏာဖြင့် အစွမ်းရှိသလောက် ရွက်ဆောင်သင့်ပါတယ်၊ ဒါ ပေမဲ့ သူ့အမှုအပြစ်က ထင်ရှားနေတဲ့ အတွက် ရုံးတော်မှ နောက်ဆုံးအနေဖြင့် ထောင်ဒဏ်, သေဒဏ်အမိန့်ချလိုက်တဲ့အခါ မှာ အဲဒီလူ၏ အပြစ်ဒဏ်မှလွတ်ရေးအတွက် ကြောင့်ကြစိုက်စရာ မရှိတော့ဘူး၊ ကြောင့်ကြစိုက်နေယင် ကိုယ်စိတ်ပင်ပန်းရုံမျှရှိမှာ ဘဲ၊ ကြောင့်ကြမစိုက်ပဲ လျစ်လျူပြုထားလိုက်မှ မိမိအတွက် သက်သာမယ်၊အဲဒါလိုပါဘဲ သူ့ကံနဲ့သူ ကောင်းကျိုး မကောင်း ကျိုးကို တွေ့ကြုံ ခံစားနေကြရတာဘဲလို့ နှလုံးသွင်းတာလဲ သဘာဝကျပါတယ်။

နောက်ပြီးတော့ စတုက္ကနည်းအရ ရူပါဝစရစတုတ္ထစျာန်ကို မေတ္တာ ကရုဏာ မုဒိတာ ဘာဝနာတို့ဖြင့် မရနိုင်ဘူး၊ ဥပေက္ခာ ဘာဝနာဖြင့်သာ ရနိုင်တယ်၊ ဒါကြောင့် မေတ္တာ ကရုဏာ

မုဒိတာတို့ဖြင့် တတိယစျာန်ကို ရပြီးဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ စတုတ္ထစျာန်ကို ရချင်ယင် ဒီဥပေက္ခာကိုပဲ ဖြစ်ပွားစေရပါတယ်၊ အခြားနည်းလမ်း မရှိဘူး။

## အပြစ်နှင့် အကျိုး ဆင်ခြင်ပုံ

ဒါကြောင့် မေတ္တာ ကရုဏာ မုဒိတာတို့ဖြင့် တတိယစျာန် ရပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ ရပြီးစျာန်ကို ကျေပြွန်အောင် လေ့လာရတယ်၊ အဲဒီ ကျေပြွန်နေတဲ့ တတိယစျာန်မှ ထပြီးတဲ့အခါ မေတ္တာစျာန်စသည်တို့၏ အပြစ်ကို ဆင်ခြင်ရမယ်၊ ဘယ်လိုလဲဆိုတော့-အဲဒီ စျာန်များဟာ ချမ်းသာကြပါစေ-စသည်ဖြင့် သတ္တဝါတို့၌ ခင်မင်ယုယမြတ်နိုးတဲ့ နှလုံးသွင်းမှုနဲ့ ယှဉ်တဲ့နေတယ်၊ ချစ်ခြင်း မုန်းခြင်းနှင့် နီးစပ်တယ်၊ ရွှင်လန်းခြင်းသောမနဿနှင့် ပူးတွဲနေသောကြောင့် ရုန့်ရင်းတယ်-လို့ ဆင်ခြင်ပြီး အပြစ်ကို မြင်ရမယ်၊ လျစ်လျူရှုတဲ့ ဥပေက္ခာစျာန်က သိမ်မွေ့တယ်လို့ ဥပေက္ခာ၏ အာနိသင်ဂုဏ်ကိုလဲ ဆင်ခြင်ပြီး မြင်ရမယ် တဲ့။

အဲဒီလို ဆင်ခြင်ပြီးတော့ ပကတိအားဖြင့် မချစ်မမုန်း အလယ်အလတ်ဖြစ်တဲ့သူကို လျစ်လျူရှုသောအားဖြင့် ဥပေက္ခာကို ဖြစ်ပွါးစေရမည် တဲ့။ လျစ်လျူရှုပွါးပုံကတော့ သဗ္ဗေသတ္တာ ကမ္မဿကာ-လို့ အများမှာ နှုတ်တက်ရနေကြတဲ့အတိုင်း ဒီလူမှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ သူ့ကံနဲ့ သူဘဲ-လို့ ဒီလို လျစ်လျူရှုရမယ်။ အဲဒီလို ရှုလို့ စတုတ္ထစျာန်ကို ရပြီးတဲ့

အခါ ချစ်တဲ့ပုဂ္ဂိုလ် အလွန်ချစ်တဲ့ သူငယ်ချင်းပုဂ္ဂိုလ် ရန်သူ ပုဂ္ဂိုလ်တို့၌လဲ ဥပေက္ခာကို ပွါးစေရမယ်၊ ရန်သူကို အာရုံပြု ပွါးစေတဲ့အခါ အမျက်ဒေါသစိတ် ဖြစ်ပေါ်လာယင် မေတ္တာ ပွါးပုံကို ပြရာမှာ ပြခဲ့တဲ့နည်းဖြင့် ပြေငြိမ်းစေရမယ်၊ အဲဒီလို ပြေငြိမ်းစေပြီးတော့ မိမိနှင့်တကွ လေးဦးသော ပုဂ္ဂိုလ်တို့၌ ညီတူညီမျှ လျစ်လျူရှုနိုင်သောအားဖြင့် သိမာသမ္ဘေဒကို ပြီးစေ ရမယ်၊ အဲဒီလိုပြီးစေပြီးတော့ စတုတ္ထစျာန်ဖြစ်ပေါ်ပါတယ် တဲ့၊ အဲဒါ ဝိသုဒ္ဓိမဂ်က ပြဆိုထားတာပါဘဲ။

## ဥပေက္ခာ၏ နီးသောအကြောင်း

ဒီ ဥပေက္ခာ၏ နီးသောအကြောင်းကို ပြရာမှာ— သတ္တာ- သတ္တဝါတို့သည်၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန် ၏၊ တေ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ထိုသတ္တဝါတို့သည်၊ ကဿ-အဘယ်သူ၏၊ ရုစိယာ- အလိုအားဖြင့်၊ သုခိတာ ဝါ- ချမ်းသာကြသည်မူလည်း၊ ဘဝိဿန္တိ-ဖြစ်ကုန်အံ့နည်း၊ (ချမ်းသာ ကြပါစေလို့ မေတ္တာပို့ပေမဲ့ အဲဒီမေတ္တာပို့သူ၏ အလိုအားဖြင့် ချမ်းသာကြတာလဲ ဖြစ်နိုင်ဘွယ်မရှိဘူး၊ သူ့ကံ အလျောက် သာလျှင် ဖြစ်ဘွယ်ရှိတယ်လို့ ဆိုလိုပါတယ်။) ဒုက္ခတော ဝါ- ဆင်းရဲမှုမူလည်း၊ မုစ္စိဿန္တိ-လွတ်ကုန်အံ့နည်း၊ (ကရုဏာပွါးသူ၏ အလိုအားဖြင့် ဆင်းရဲမှ လွတ်ကြတာလဲ ဖြစ်နိုင်ဘွယ်မရှိဘူး၊ သူ့ကံအလျောက်သာလျှင် ဖြစ်ဘွယ်ရှိတယ်လို့ ဆိုလိုပါတယ်။) ပတ္တသမ္ပတ္တိတော ဝါ- ရောက်ပြီး ရပြီးသော စည်းစိမ်မှုမူလည်း၊

နပရိဟာယိဿန္တိ- မဆုတ်ယုတ်ပဲ ရှိပါကုန်အံ့နည်း၊ (မုဒိတာပွါးသူ၏ အလိုအားဖြင့် ရပြီးမှု မဆုတ်ယုတ်ပဲ နေဘွယ်လဲ မရှိဘူး၊ သူ့ကံအလျောက်သာလျှင် ဖြစ်ဘွယ်ရှိတယ်လို့ ဆိုလိုပါတယ်။)ဣတိ-ဤသို့သော အခြင်းအရာအားဖြင့်၊ ပဝတ္တကမ္မဿကတာဒဿနာ - ဖြစ်သော (မြင်ခြင်းနှင့်စပ်ပါ) ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသည်၏ အဖြစ်ကို မြင်ခြင်းလျှင် နီးသောအကြောင်းရှိ၏-လို့ (ဝိသုဒ္ဓိ ပ၊၃၁၁-၂) ဖွင့်ပြထားတဲ့စကားရှိပါတယ်။

အဲဒီစကားဖြင့် အတိုချုပ်ဆိုလိုတာကတော့- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်လို့ သဘောကျသိမြင်တဲ့ဉာဏ်ဟာ ဥပေက္ခာဘာဝနာဖြစ်ပွားခြင်း၏ အနီးဆုံးအကြောင်းဖြစ်တယ်လို့ ဆိုလိုတာပါဘဲ။ အဲဒီမှာ စဉ်းစားစရာတခုရှိတယ်၊ ဘယ်လိုလဲဆိုတော့- မေတ္တာ ကရုဏာ မုဒိတာတို့ကို ပွားစေရာမှာတော့ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်, ဆင်းရဲမှုလွတ်စေချင်တဲ့ ကရုဏာစိတ်, ရပြီးမှု မဆုတ်ယုတ်စေလိုတဲ့ မုဒိတာစိတ်ဖြင့် စိတ်ပါလက်ပါ ပွားစေရသည် မဟုတ်ပါလား၊ ယခု ကမ္မဿကတာဖြင့် သိမြင်မှုကို ပြရာကျတော့ မေတ္တာစသည်ကို ပွားစေတဲ့သူ၏အလိုအတိုင်း မဖြစ်ဘူး၊ သူ့ကံအတိုင်းသာ ဖြစ်တယ်လို့ ဆိုတယ်၊ ဒီလိုဆိုတော့ မေတ္တာစသည်ကို ပွားစေရတာဟာ ဘာမျှအကျိုးမရှိဘူးလို့ ဆိုရာမရောက်ပေဘူးလားလို့ စဉ်းစားစရာ မေးမြန်းစရာရှိပါတယ်၊

အဖြေကတော့ ကြီးလေးတဲ့ အကုသိုလ်ကံ မရှိယင် မေတ္တာ စသည် အားရှိသလောက် အကျိုးကိုဖြစ်စေနိုင်ပါတယ်၊ ဒါပေမဲ့ အကုန်လုံးကိုတော့ အလိုအတိုင်း မဖြစ်စေနိုင်ဘူး။ ဘာလို့လဲ ဆိုယင် မိဘတွေက သားသမီးတွေကို ချမ်းသာစေလိုတဲ့အတွက် အဖက်ဖက်မှ စောင့်ရှောက် ထောက်ပံ့သော်လဲ မတော်မသင့် တာတွေ ပြုလုပ်တတ်တဲ့ သားသမီးတွေမှာ မိဘများက အလိုရှိ တဲ့အတိုင်း မဖြစ်ဘူး၊ သူ့အမှုကံအားလျော်စွာသာ ဖြစ်သလို ပါဘဲ။ အဲဒီမှာ သူ့အမှုအားလျော်စွာဖြစ်တဲ့အတွက် မိဘတွေ က သားသမီးတွေအတွက် မစောင့်ရှောက် မထောက်ပံ့သင့်ဘူး လို့တော့ မဆိုရဘူး၊ စောင့်ရှောက် ထောက်ပံ့သင့်တာ ပါဘဲ၊ အများအားဖြင့် အကျိုးလဲရှိတာပါဘဲ။

မေတ္တာ စသည်ကြောင့် အကျိုးဖြစ်ထွန်းရာမှာ မိဘများက စောင့်ရှောက်သလို အဲဒါလောက် အကျိုး မဖြစ်ထွန်းနိုင်ပေမဲ့ မေတ္တာစသည်ကို ဘာဝနာအနေဖြင့် ပွားသင့်တာပါဘဲ၊ မေတ္တာ ခံယူသူ စသည်မှာ ဘာဝနာရှင်၏ အလိုအတိုင်း မဖြစ်ငြားသော် လဲ မေတ္တာစသောဘာဝနာကုသိုလ်ကတော့ အောင်မြင်စွာဖြစ် ပါတယ်။ဒါပေမဲ့ ဥပေက္ခာကို ပွားစေရာမှာတော့ "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်၊ သူတို့ကံနဲ့ သူတို့ဘဲ" လို့ ဒီလိုလျှ လျှူ ရှုနိုင်မှ ဥပေက္ခာကဖြစ်တယ်၊ ဒါကြောင့် ဥပေက္ခာ၏ အနီးကပ် အကြောင်းဖြစ်တဲ့ ကမ္မဿကတာဉာဏ်ကို အခြေခံအဖြစ်ဖြင့် ဖြစ် စေဘို့ အရေးကြီးပါတယ်၊ အဲဒီလို အရေးကြီးတဲ့အတွက် "မည် သည့် ဘာဝနာရှင်၏ အလိုအတိုင်းမျှမဖြစ်ဘူး၊ သူတို့ ကံအတိုင်း

သာဖြစ်တယ်''ဆိုတာ နှလုံးသွင်းဘို့ ဖော်ပြတာပါဘဲ။ အဲဒီပြဆိုချက်အရ ကမ္မဿကတာဉာဏ် ဖြစ်ပွားစေရန် ဥပရိပဏ္ဏာသပါဠိတော်မှ စူဠကမ္မဝိဘင်္ဂသုတ်ကို အကျဉ်းချုပ် ထုတ်ပြီး ဟောပြရဦးမယ်။

## စူဠကမ္မဝိဘင်္ဂသုတ်

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက သာဝတ္ထိပြည်(မြို့)မှာ သုဘဆိုတဲ့ လုလင်ရှိခဲ့တယ်၊ သုဘဆိုတဲ့ ပါဠိက တင့်တယ်သည်လို့ အနက်ရှိတယ်၊ ဒါကြောင့် ဗမာလို ဆိုယင်တော့ မောင်တင့်တယ်လို့ ခေါ်ရမှာဘဲ။ သူ့ဖခင်ကတော့ တောဒေယျဆိုတဲ့ ပုဏ္ဏားကြီးဖြစ်တယ်၊ ပသေနဒီ ကောသလမင်းကြီး၏ ပရောဟိတ်ဆရာကြီးလဲ ဖြစ်တယ်၊ ပစ္စည်းဥစ္စာတွေကလဲ ၈၇-ကုဋေ ပေါများကြွယ်ဝသတဲ့၊ သူက အလွန်ပင် နှမြောတတ်တယ်၊ ပေးကမ်းယင် စီးပွားဥစ္စာ မကုန်တယ်လို့ မရှိဘူး၊ ကုန်တာချည်းဘဲလို့ ကြံတွေးပြီးတော့ ဘယ်သူ့ကိုမျှ ဘာကိုမျှ မပေးမလှူဘူးတဲ့။ သူက သူများအား ဒီလိုလဲ ညွှန်ကြားသင်ပြပါသတဲ့-

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ-တဲ့။

အဉ္ဇနာနံ-မျက်စဉ်းကျောက်တို့၏၊ ခယံ-သွေးဖန်များတော့ ကုန်သွားခြင်းကို၊ ဒိသွာ စ-ကြည့်ရှုဆင်ခြင်၍ရင်း၊ ဝမ္မိကာနံ-တောင်ပို့တို့၏၊ သဉ္စယံ-ခြကောင်ကလေးတို့က နဲနဲချင်း သယ်

ဆောင်လာခြင်းဖြင့် များစွာ စုမိခြင်းကို၊ ဒိသွာ စ-ကြည့်ရှုဆင်ခြင်၍ရှင်း၊ မစ္ဆုန်-ပျားရည်တို့၏၊ သမာဟာရံ-ပျားကောင်တို့က နှံနှံချင်း သယ်ဆောင်လာသဖြင့် စုမိခြင်းကို၊ ဒိသွာ စ-ကြည့်ရှုဆင်ခြင်၍ရှင်း၊ ပဏ္ဍိတော-စီးပွားရေးမြင်သိ ပညာရှိသည်၊ ဃရံ-အိမ်ကို၊ အာဝသေ-စောင့်ရှောက်ထိန်းချုပ် စိုးအုပ်နေထိုင်ရာ၏-တဲ့။

အဲဒါ တောဒေယျပုဏ္ဏားကြီးက သူ့သား စသည်ကို ညွှန်ကြားသင်ပြတဲ့ သြဝါဒစကားဘဲ။ မျက်စဉ်းကျောက်ဆိုတာ ဗမာပြည်မှာတော့ အသုံးမရှိပါဘူး၊ အိန္ဒိယမှာ သုံးတဲ့ပစ္စည်းပါဘဲ၊ အဲဒီမှာ မျက်စဉ်းဆိုတာက မျက်စိကျိန်းလို့ နာလို့ ခပ်တဲ့ ဆေးမျက်စဉ်း ပဟုတ်ပါဘူး၊ မျက်စိကို အလှကွင်းတဲ့ဟာပါဘဲ၊ ရဟန်းများမှာ အဲဒီလို မျက်စဉ်းဖြင့် မျက်စိ မကွင်းရဘူးလို့ ပညတ်ထားတဲ့ သိက္ခာပုဒ်လဲ ရှိပါတယ်။ အဲဒီ မျက်စဉ်းကျောက်ကို သွေးပြီး မျက်စိကို လိမ်းသုတ်တယ်၊ ကုလားတွေမျက်စိမှာ လိမ်းသုတ်ထားတဲ့ မဲမဲအကွက်ကို မြင်ဘူးကြမှာပေါ့၊ အဲဒါဟာ တခါ နှစ်ခါလောက် သွေးရုံနဲ့တော့ ကုန်သွားတာ မထင်ရှားပေဘူး၊ ဒါပေမဲ့ အကြိမ်ပေါင်း ရာထောင် စသည်ရှိတဲ့အခါကျတော့ သေးငယ် သေးငယ်ပြီး ကုန်သွားတာ ထင်ရှားနိုင်တယ်၊ အဲဒါလိုဘဲ ပေးကမ်းလှူဒါန်းယင် နှံနှံချင်းပေမဲ့ ကြာတော့ ကုန်သွားနိုင်တယ်၊ ပေးတိုင်း ပေးတိုင်းလဲ နှံနှံတော့ ကုန်ကုန်သွားတာဘဲ၊ အဲဒါကို ဆင်ခြင်ပြီး နှံနှံပေမဲ့ မပေးကမ်းရဘူးလို့ ဆိုလိုတာပါဘဲ။

နောက်ပြီးတော့ တောင်ပို့ဆိုတာ ခြကောင်ကလေးများက သဲမှုန်ကလေးများကိုသယ်ဆောင်လာပြီး စုပုံထားရာက ကြီးမား တဲ့ တောင်ပို့ကြီး ဖြစ်လာတယ်၊ အဲဒါကို ကြည့်ရှုဆင်ခြင်ပြီး ပစ္စည်းကို စုရမယ်၊ နဲနဲကလေး မပြောလောက်ဘူးလို့ အထင် သေးပြီး မစုပဲမနေနဲ့၊ တပြားတချပ်ပေမဲ့ စုရမယ်၊စုဖန်များတော့ စီးပွားဥစ္စာ များစွာ ဖြစ်လာနိုင်တယ်၊ ဒါကြောင့် ရသမျှကို မပျောက်စေဘဲ စုရမယ်လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ ပျားရည်ကို ပျားကောင်ကလေးများက သယ်ယူလာရာမှာ မများဘူး၊ နဲနဲကလေးဘဲ၊ ဒါပေမဲ့ သယ်ယူ လာဖန်များတော့ ပျားရည်များစွာ စုမိတယ်၊ အဲဒါကိုလဲ ကြည့်ရှုဆင်ခြင်ပြီး တပြားတချပ်မှစ၍ နဲနဲပေမဲ့ ရသမျှစုရမယ်လို့ ဆိုလိုတာပါဘဲ။

အတိုချုပ် ဆိုလိုတာကတော့ အိမ်ရှင်ဖြစ်သူဟာ ပေးကမ်း ခြင်း ဖြုန်းတီးခြင်းမရှိပဲ ရသမျှ သိမ်းဆည်း စုဆောင်းထားရ မယ်လို့ ဆိုလိုတာပါဘဲ။ အဲဒီအခါတုန်းက မြတ်စွာဘုရားက သက်တော် ထင်ရှားရှိပြီး အဲဒီ သာဝတ္ထိမြို့မှာဘဲ တရားဓမ္မ ဟောပြတော်မူလျက် ရှိတော်မူတယ်၊ မြတ်စွာဘုရား တပည့် သံဃာတော်များကလဲ ထင်ရှား ရှိနေတယ်၊ သဒ္ဓါတရားနှင့် ပြည့်စုံကြတဲ့လူတွေက သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓသာသနာ ဝင် ဖြစ်ကြတယ်၊ ငါးပါးသီလ ရှစ်ပါးသီလတို့ကို ဆောက် တည်ပြီး ကျင့်သုံးနေကြတယ်၊ ဘုရားအမှူးရှိသော သံဃာတော်

အား စွမ်းနိုင်သမျှ လှူဒါန်းကြတယ်၊ မြတ်စွာဘုရား၏ တရားကို နေ့စဉ် နာကြပြီးတော့ တရားကိုလဲ ကျင့်သုံး အားထုတ်ကြတယ်၊ တချို့က သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ကြတယ်၊ တချို့က ရဟန်းပြုပြီး တရား အားထုတ်ကြသဖြင့် အရဟတ္တ မဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်ကြတယ်၊ အင်မတန် ရခဲတဲ့ ဒုလ္လဘ ခေတ်ကောင်း ကာလကောင်းကြီးဘဲ။

အဲဒီလို ခေတ်ကာလကောင်းကြီးနဲ့ ကြုံနေပေမယ် လို့ တောဒေယျပုဏ္ဏားကြီးကတော့ မြတ်စွာဘုရားကို မကြည်ညို မယုံကြည်ဘူး၊ သူက ဗြာဟ္မဏဝါဒကို ယုံကြည်ကိုးကွယ်ထားပြီး ဖြစ်နေတယ်၊ ဒါကြောင့် နောက်မှ ပွင့်တော်မူလာတဲ့ ဗုဒ္ဓ မြတ်စွာဘုရားကို သူက အထင်မကြီးဘူး၊ သာမန် ရသေ့ရဟန်း တပါးလောက်ပဲ သူက ထင်မြင်တယ်၊ အထင်သေးတဲ့ သဘော ပါဘဲ၊ ဒါကြောင့် သူက ဘုရား၏ တရားကို နာရမှန်းတောင် မသိဘူး၊ ယာဂု တယောက်ချိုမျှ ဆွမ်း တဇွန်းမျှတောင် မလှူ ဘူးဘူး၊ မလှူဘူးရုံတင် မဟုတ်သေးဘူး၊ သူက မြတ်စွာဘုရားကို ဘော-ဘော-လို့ မရိုမသေလဲ ခေါ်ဝေါ်ပြောဆိုတယ်၊ ဘော-ကို အို-လို့ မြန်မာပြန်လေ့ ရှိကြတယ်၊ ဒါပေမဲ့ ယခုနေအခါမှာ လူတယောက်ကို အို-လို့ ခေါ်ဝေါ်ပြောဆိုတာတော့ မရှိဘူး၊ မောင်စိန် မောင်မြ စသည်ဖြင့် မောင်လို့သာ ပြောလေ့ ရှိကြ တယ်၊ ဒါကြောင့် မောင်ဂေါတမလို့ ဒီလိုပြောတာ ဖြစ်ပါ လိမ့်မယ်။ အဲဒီလို မရိုမသေပြောတာကလဲတကြောင်း၊ သူ့ပစ္စည်း ဥစ္စာတွေ တပ်မက်စွဲလမ်းနေတာကလဲတကြောင်း၊ ဒီအကြောင်း

များကြောင့် သေသွားတဲ့အခါ သူ့အိမ်မှာဘဲ ခွေးမကြီး ဝမ်းထဲမှာ ပဋိသန္ဓေနေရရှာသတဲ့။

ခွေးဆိုတော့ တလခွဲ နှစ်လလောက် ကြာတဲ့အခါ မွေးလာတာပေါ့၊ အဲဒီ တောဒေယျမှ ဖြစ်လာတဲ့ခွေးကလေးကို သုဘလုလင်က အင်မတန်ချစ်တယ်၊ သူစားတဲ့ ထမင်း ဟင်းကောင်းများကို ကျွေးတယ်၊ အိပ်ရာကောင်းပေါ်မှာ အိပ်စေတယ် တဲ့။ အဲဒါဟာ ရှေးဘဝက သူ့ဖခင်ဖြစ်မှန်းတော့ သိလို့မဟုတ်ဘူး၊ ဒါပေမဲ့ ရှေးဘဝကအတူနေဘူးယင် ဒီလို ချစ်ခင်တတ်ကြောင်း ဟောထားတဲ့ တရားဂါထာက ဒီလိုရှိပါတယ်။

ပုဗ္ဗေဝ သန္နိဝါသေန၊
ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ။
ဥပ္ပလံဝ ယထောဒကေ။

ပုဗ္ဗေ – ရှေးဘဝ၌၊ သန္နိဝါသေန ဝါ – အတူနေဘူးခြင်းကြောင့်ရင်း၊ ပစ္စုပ္ပန္နဟိတေန ဝါ-ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွါးပြုပေးခြင်းကြောင့်ရင်း၊ ဧဝံ-ဤသို့သော၊ တံ ပေမံ-ထိုထူးထူးခြားခြား ချစ်ခြင်းသည်၊ ဇာယတေ-ဖြစ်တတ်၏၊ ကိမိဝ-အဘယ်လိုပါနည်းဟူမူ၊ ယထောဒကေ-အကြင်မျှလောက်သောရေ၌၊ ဝါ-ရေရှိသလောက်၊ ဥပ္ပလံ-ကြာသည်၊ ဇာယတေ ဣဝ-သန့်စွမ်းကြာရှည် ဖြစ်တည်သကဲ့သို့ပင်တည်း။

ကြာများဟာ ရေရှိသလောက် သန့်သန့်စွမ်းစွမ်း ကြာရှည် စွာ ဖြစ်နေသလိုပင်၊ ရှေးဘဝက အတူနေခဲ့ဘူးခြင်းကြောင့်လဲ ချစ်ခင်တတ်တယ်၊ ကြာရှည်စွာ အတူနေဘူးယင် ပိုပြီးချစ်တတ် တယ်၊ ကုသိုလ်အတူပြုဘူးယင်တော့ အထူးပြောစရာမလိုပါဘူး၊ ယခုဘဝတွင်လဲ အကျိုးဆောင်ရွက်ပေးဘူးသောကြောင့် ချစ် ခင်တတ်တယ်၊ ဒါကတော့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေကြတာဘဲ၊ များများ အကျိုးဆောင်ဘူးယင် ပိုပြီး ချစ်ခင်တတ်ကြတာဘဲ။ ယခု တောဒေယျပုဏ္ဏားကြီးမှ ဖြစ်လာတဲ့ခွေးကိုတော့ သားအဖ အဖြစ်နဲ့ အယင်ဘဝက နေလာခဲ့တဲ့အတွက် သားဖြစ်သူ သုဘ သေဌေးသားက အလွန်ခင်မင်နေတာပါဘဲ။

တနေ့သောအခါ မြတ်စွာဘုရားက မဟာကရုဏာသမာပတ် ဝင်သွားရှိတဲ့ ဗုဒ္ဓဉာဏ်တော်ဖြင့် လောကကို ဖြန့်ပြီး ကြည့်တော် မူတယ်၊ မည်သူဟာ တရားနာနိုင်မလဲ၊ မည်သူဟာ တရားထူး ရမလဲ၊ မည်သူဟာ သရဏဂုံတည်မလဲ စသည်ဖြင့် ကြည့်ရှု ဆင်ခြင်တော်မူတဲ့အခါ သုဘလုလင်ကို မြင်တော်မူတယ်၊ ဒါ ကြောင့် အဲဒီနေ့နံနက်မှာ တပါးတည်း ဆွမ်းခံကြွတော်မူယင်း တောဒေယျပုဏ္ဏားကြီးအိမ်ဝင်းထဲ ဝင်တော်မူတယ်၊ အဲဒီအခါ တောဒေယျမှ ဖြစ်လာတဲ့ခွေးက အတင်းဟောင်ပြီး ဘုရားဆီ ပြေးလာတယ်၊ ဒီတော့ မြတ်စွာဘုရားက "ဟဲ့–တောဒေယျ၊ နင်ဟာလေ ရှေးလူ့ဘဝတုန်းက ငါ့ကို ဘော-ဘော (မောင် ဂေါတမ-မောင်ဂေါတမ)လို့ မရိုမသေပြောဆိုခဲ့တဲ့အတွက် နင် ယခု ခွေးဖြစ်နေပြီ၊ ခွေးဖြစ်ရကာနေပြီး ငါ့ကို ပြစ်မှားတဲ့စိတ်

ဖြင့် ဟောင်ပြန်လို့ရှိယင် နင်ဟာ အဝီစိငရဲ ကျလိမ့်မယ်”လို့ မိန့်တော်မူတယ်။ အဲဒီစကားကိုကြားရတဲ့အခါ “ငါ့အကြောင်းကို ရဟန်းဂေါတမက သိနေတယ်”လို့ ဆင်ခြင်ပြီး နှလုံးမသာဖြစ်တာနဲ့ အဲဒီခွေးဟာ ဖိုခနောက်ကြားပြာထဲမှာ သွားပြီးအိပ်နေပါသတဲ့။ လူတွေက သူ့ကိုပွေ့မပြီး အိပ်နေကျ အိပ်ရာကောင်းပေါ် တင်ပို့လို့လဲ မရဘူး တဲ့။

သုဘလုလင်က အပြင်မှ ပြန်လာတဲ့အခါ “ခွေးကို သူ့အိပ်ရာမှ ဘယ်သူက ချလိုက်သလဲ”လို့ မေးတယ်။ ဘယ်သူကမှ မချပါဘူး လို့ ပြောပြီး အကြောင်းအရာ အလုံးစုံကို ပြန်မြွေကြတယ်။အဲဒီတော့ သုဘလုလင်က စဉ်းစားတယ်၊ “တောဒေယျဆိုတာ ငါ့အဖေဘဲ၊ ရဟန်းဂေါတမ က ခွေးကို တောဒေယျလို့ခေါ်တာဟာ ငါ့အဖေကို ဒီခွေးဖြစ်နေတယ်လို့ ဆိုတာဘဲ၊ အမှန်ကတော့ ငါ့အဖေဟာ ဗြဟ္မာ့ပြည် ရောက်နေတာဘဲ၊ အရှင်ဂေါတမ က နှုတ်တက်ရာ ပြောသွားတာဘဲ”စသည်ဖြင့် ဆင်ခြင်စဉ်းစားပြီး သုဘလုလင်က စိတ်ဆိုးတယ်၊ မြတ်စွာဘုရားကို မုသာဝါဒဖြင့် စွပ်စွဲရန် ကြံစည်ပြီး သူက မြတ်စွာဘုရားထံလာတယ်။

အဲဒီမှာ သုဘလုလင်က သူ့အဖေကို ဗြဟ္မာ့ပြည် ရောက်နေတယ် လို့ ယုံကြည်ယူဆတာဟာ သူတို့၏ရိုးရာ ဗြာဟ္မဏဘာသာဝါဒအရပါဘဲ၊ သူတို့ဘာသာတရားအတိုင်း ကျင့်ယင်သေတဲ့အခါ ဗြဟ္မာ့ပြည် ရောက်တယ်လို့ ဆိုထားတဲ့အတိုင်း

ယုံကြည်ကြတယ်။ တခါက မဟာဒတ္တ ဆိုတဲ့ သေနာပတိ စစ်ဗိုလ်ချုပ်ကြီးဟာ ဗြာဟ္မဏ ဝါဒကို ယုံကြည်ကိုးကွယ်ပြီး ဗြာဟ္မဏဘတ် ဆိုတဲ့ ယဇ်ပူဇော်ခြင်းကို ငွေအမြောက်အမြား အကုန်အကျခံပြီး ပြုခဲ့တယ်၊ အဲဒီ မဟာဒတ္တ မှာ သေခါနီး ကျတော့ ငရဲဂတိနိမိတ် ထင်နေပါသတဲ့၊ ဗြာဟ္မဏဆရာတွေက ဘာကို မြင်သလဲလို့ မေးတော့ သူက (လောဟိတဃရ) နီနီရဲရဲ မီးအိမ်ကို မြင်နေတယ်လို့ ပြောတယ်။ အဲဒါဟာ ဗြဟ္မလောက ဘဲလို့ ဗြာဟ္မဏဆရာတွေက ဆိုကြတယ်။ ဗြဟ္မလောက ဆိုတာ ဘယ်အရပ်မှာလဲ အထက်မှာလား အောက်မှာလားလို့ သူက မေးတယ်။အထက်အရပ်မှာလို့ ဆရာများက ဖြေတယ်။ကျွန်ုပ်မှာ ယခု ထင်နေတာကတော့ အောက်မှာဘဲလို့ သူက ပြောတယ်။ အောက်မှာ ထင်ပေမယ်လို့ အထက်မှာပါဘဲလို့ ဗြာဟ္မဏဆရာ များက ပြောကြတယ်။ မဟာဒတ္တ-ဟာ အဲဒီနိမိတ်ကို အာရုံပြု နေယင်း သေပြီးတော့ ငရဲမှာ ဖြစ်သွားပါသတဲ့။ (မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ နှာ ၃၀၃) ဘာသာရေးဟာ မှုမမှန်ပြီ ဆိုယင် ကြောက်စရာဘဲ။ ယခုခေတ်မှာလဲ တိရစ္ဆာန်သတ္တဝါတွေကို သတ်ပြီး ပူဇော်ခြင်း ပေးကမ်းခြင်းဖြင့် ကောင်းမြတ်ရာ ရောက် တယ်လို့ ယုံကြည်တဲ့သူတွေက သေခါနီး လူမမာအား အဲဒီလို သတ်ပြီးလှူခဲ့ဘူးတဲ့ သတ္တဝါတွေကို အာရုံပြုဘို့ သတိပေးပေး ကြတယ် ဆိုတာ ကြားဘူးတယ်၊ ဒါလဲ ကြောက်စရာဘဲ။

သုဘလုလင်က မြတ်စွာဘုရားထံ ရောက်လာတဲ့အခါ မြတ်စွာ ဘုရားက သူ့အိမ်သို့ ကြွရောက်လာပြီးတော့ မိန့်ကြားတော်

မှုခဲ့ပုံများကို မေးလျှောက်တယ်၊ မြတ်စွာဘုရားက သူကြားခဲ့ရတဲ့အတိုင်း ဟုတ်မှန်ကြောင်းကို မိန့်တော်မူပြီးတော့ ကေန်ယုံကြည်ဆုံးဖြတ်နိုင်ရန်အတွက် "သုဘလုလင် သင့်အဖေက မပြောကြားခဲ့တဲ့ ပစ္စည်းတွေ ရှိတယ်မဟုတ်လား"လို့ မေးတော်မူတယ်။ "ရှိပါတယ်၊ တသိန်းစီထိုက်တန်တဲ့ ရွှေပန်းကုံးရယ်၊ ရွှေဘိနပ်ရယ်၊ ရွှေခွက်ရယ်-ဒီပစ္စည်း သုံးမျိုးနဲ့ ငွေက တသိန်း၊ ပေါင်းလေးသိန်းတန် ပစ္စည်းတွေကို ဘယ်မှာထားခဲ့မှန်း မသိပါ၊ အဲဒါတွေဟာ စာရင်းထဲမှာသာရှိပြီး ရှာလို့ မတွေ့ရပါဘူး"လို့ လျှောက်တယ်။ ကဲ....ဒါဖြင့် အိမ်ပြန်သွားပေတော့၊ အိမ်ရောက်တဲ့အခါ အဲဒီခွေးကို နို့ထမင်းကောင်း အစာကောင်းတွေကျွေးပြီး အိပ်ရာမှာ သိပ်ထား၊ အိပ်ပျော်လုနီး ခပ်မှေးမှေးဖြစ်နေတဲ့အခါ မေးကြည့်ပါ၊ အဲဒီခွေးက အားလုံးကို ပြောပြပါလိမ့်မယ်လို့ မိန့်တော်မူလိုက်ပါတယ်။

အဲဒီတော့ သုဘလုလင်က စဉ်းစားတယ်၊ အရှင်ဂေါတမပြောတဲ့အတိုင်း မှန်ယင်လဲ ပစ္စည်းဥစ္စာတွေကို ရမှာဘဲ၊ မမှန်ယင်လဲ မုသာဝါဒဖြင့် ဖိနှိပ်စွပ်စွဲရမှာဘဲလို့ စဉ်းစားပြီး ၂-မျိုးလုံးဖြင့်ပင် သဘောကျတဲ့အတွက် စာရား မိန့်ကြားလိုက်တဲ့အတိုင်း ပြုလုပ်တယ်၊ ခွေးကို နို့ထမင်း အစာကောင်းတွေ ကျွေးပြီးတော့ အိပ်ရာမှာ အိပ်စေတယ်၊ အိပ်ပျော်ခါနီး ခပ်မှေးမှေးဖြစ်တဲ့အခါမှာ "ဖေဖေ—ဒီပစ္စည်း ဒီပစ္စည်းတွေဟာ စာရင်းထဲမှာသာရှိတယ်၊ ဘယ်မှာထားခဲ့တုံး၊ အရှင်ဂေါတမက ဖေဖေသိတယ်လို့ ပြောပါတယ်၊ အဲဒီပစ္စည်းတွေကို ပြပေးပါအုံး"လို့

သုဘလုလင်က မေးတယ်။ အဲဒီတော့ ခွေးက "ငါ့အကြောင်းတွေ အကုန် သိကုန်ပြီ၊ ဖုံးကွယ်ထားလို့ မဖြစ်တော့ဘူး"လို့ ကြံတွေး မိပြီးတော့ ဟုံဟုံလို့ ငိုယိုမြည်တမ်းပြီး ပစ္စည်း မြှုပ်နှံထားရာ တွေကို လက်ဖြင့် ယက်လျက် ပြပါသတဲ့။ အဲဒီ ပြတဲ့နေရာမှာ တူးဖော်ကြည့်တော့ ပျောက်နေတဲ့ သိန်းလေးရပ် ပစ္စည်းတွေ အကုန်ရပါသတဲ့။

အဲဒီတော့မှ သုဘလုလင်က မြတ်စွာဘုရားကို ယုံကြည်လာ တယ်၊ ငါ့အဖေက သေပြီး ခွေးဖြစ်တယ်ဆိုတာလဲ ဟုတ်တာဘဲ၊ ဘာကြောင့်လဲဆိုယင် အဖေက သူမြှုပ်နှံထားခဲ့တဲ့ပစ္စည်းတွေကို ဒီခွေးက ပြပေးလိမ့်မယ် ဆိုတဲ့အတိုင်း ပြပေးတယ်၊ ပြပေးတဲ့ အတိုင်း ပစ္စည်းတွေကိုရတယ်၊ ဒါကြောင့် အရှင်ဂေါတမဟာ ဘဝအကြောင်းတွေကို သိတယ်ဆိုတာလဲ ဟုတ်မှာဘဲ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အလုံးစုံကို သိတယ် ဆိုတာလဲ ဟုတ်မှာဘဲလို့ ယုံကြည်လာတယ်။ ပြောပြချက်ကို ကိုယ်တိုင်တွေ့တော့ ယုံရ တာပေါ့။

ဘာသာအယူ အမျိုးမျိုးအသီးအသီး ရှိနေကြတဲ့ သူတွေဟာ အခြားဘာသာက ပြဆိုချက်တွေကို ကိုယ့်အယူနှင့်မတူယင် မယုံ ကြဘူး၊ ဒါကတော့ ဓမ္မတာဘဲ။ တချို့ဘာသာမှာ လူ့ဘဝမှ သေယင် ဘာမှမဖြစ်တော့ဘူး၊ ယခုတဘဝထဲ ရှိတယ်လို့ ဆိုတယ်၊ အဲဒါဟာ ကိုယ်တိုင်ဉာဏ်ဖြင့် သိတာတော့ မဟုတ်ဘူး၊ တွေး ဆပြီး မိမိတို့ယုံကြည်ချက်အတိုင်း ယူဆထားတာပါဘဲ။ တချို့

ဘာသာမှာတော့ လူ့ဘဝမှ သေယင် ထာဝရ ငရဲကျတာနဲ့ သို့မဟုတ် ကောင်းကင်ဘုံရောက်တာ ဒီ ၂-မျိုးထဲက တမျိုးမျိုးသာ ရှိတယ်လို့ ဆိုတယ်၊ အဲဒါကိုလဲ ကိုယ်တိုင်တွေ့ သိပါတယ်လို့ ဝန်ခံနိုင်တဲ့သူရယ်လို့ မရှိပါဘူး၊ မိန်းဖလာ အစဉ်အဆက် ယုံကြည်ချက်မျှပါဘဲ။ တချို့ဘာသာမှာတော့ သေပြီးနောက် ကံအားလျော်စွာ လူယောင်လဲ ပြန်ဖြစ်တယ်၊ နတ်ယင်လဲ ဖြစ်တယ်၊ တိရစ္ဆာန်စသည် တမျိုးမျိုးယင်လဲ ဖြစ်တယ်လို့ ဆိုတယ်။ အဲဒါကတော့ အကြားအမြင်စသည်ရတဲ့ ပုဂ္ဂိုလ်ထူးတွေက သူတို့ကိုယ်တိုင် တွေ့ရ သိရတယ်လို့ ဝန်ခံပြောဆိုသူတွေ ရှိပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော် အရအားဖြင့် နှစ်သက်သာယာတဲ့ တဏှာမကင်းသေးယင် ကံအားလျော်စွာ တဘဝပြီး တဘဝ ရုပ်နာမ်အစဉ်ဟာ အဆက်မပြတ် ဖြစ်နေတယ်၊ အဲဒါကို လောကဝေါဟာရအားဖြင့် လူက နတ်ဖြစ်တယ်၊ နတ်က လူဖြစ်လာတယ်၊ လူက တိရစ္ဆာန်စသည်ဖြစ်တယ်၊ တိရစ္ဆာန်စသည်က လူဖြစ်လာတယ် စသည်ဖြင့် ပြောဆိုကြရတယ်၊ ဒါပေမဲ့ အမှန်ကတော့ ရုပ်နာမ်အစဉ် အဆက်ဆက် ဖြစ်သွားတဲ့ သဘောမျှပါဘဲ၊ဝိပဿနာရှုလို့ အရဟတ္တဖိုလ်ရောက်ပြီး နှစ်သက်သာယာမှု တဏှာ လုံးဝကင်းသွားယင်တော့ ပရိနိဗ္ဗာန်လို့ခေါ်ရတဲ့ စုတိစိတ်နောက်၌ ရုပ်နာမ်အစဉ်မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားတယ်၊ အဲဒါကို ပရိနိဗ္ဗာန်စံတယ်လို့ ခေါ်ရတယ်။ ဒါက ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်အရဘဲ၊ ဒီအဆိုကိုတော့ ဗုဒ္ဓမြတ်စွာဘုရား

ကလဲ ကိုယ်တိုင်ဉာဏ်ဖြင့် တွေ့သိတယ်လို့ ဝန်ခံတော်မူပါတယ်၊ ရဟန္တာ အရှင်မြတ် တွေကလဲ ကိုယ်တိုင်ဉာဏ်ဖြင့် တွေ့သိတယ် လို့ဘဲ ဝန်ခံတော်မူကြပါတယ်၊ ယခု ရှုမှတ်အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလဲ သိသင့်သမျှ သိတယ်လို့ ဝန်ခံနိုင်ကြပါတယ်။

အဲဒီဘဝဖြစ်ပုံတွေကို ယခုပြောခဲ့တဲ့ တောဒေယျ ခွေးဝတ္ထု စသည်တို့ဖြင့်လဲ ထောက်ခံလျက်ရှိနေပါတယ်၊ ဗုဒ္ဓတရားစာေ ထဲမှာ ဒီလိုသက်သေခံဝတ္ထုတွေ ရာပေါင်းများစွာရှိနေပါတယ်၊ ယခုခေတ် ပစ္စုပ္ပန် ဝတ္ထုတွေလဲ ရှိတာပါဘဲ။ ယခု ပြောခဲ့တဲ့ တောဒေယျဝတ္ထုမျိုးကို သုဘလုလင်လို ကိုယ်တိုင်လဲ တွေ့ရမယ် အယူလဲ မသည်းဘူး ဆိုယင်တော့ ကိုယ်တွေ့အမှန်ကို ယုံကြည် နိုင်မှာပါဘဲ၊ အယူသည်းယင်တော့ တကယ့်အဖြစ်မှန်ကို တွေ့ရ ပေမဲ့ သူ့ အယူအစွဲကို ခိုင်မြဲစေချင်တာနဲ့ မျက်မြင်မဟုတ်တဲ့ ကြံဆချက်ဖြင့် ဆင်ခြေကန်ပြီး မယုံကြည်တာလဲ ရှိတတ်သေး တယ်၊ ဘယ်လိုလဲဆိုတော့— ဒါဟာ မာရ်နတ်က လှည့်စား တာဘဲ စသည်ဖြင့် အမှန်ကို ချေဖျက်ပစ်တတ်တယ်။ အဲဒီလို ဆင်ခြေကန်ချက်ကို စဉ်းစားစရာကတော့ မရ်နတ်ဆိုတာ အပြော မျှဘဲ၊ ဘယ်သူမှ တွေ့ဘူးတာမဟုတ်ဘူး၊ မာရ်နတ်က ပြုလုပ် တာကို တကယ်သိမြင်သူ ရှိဘို့ကတော့ သာပြီးဝေးတာဘဲ၊ ဒါကြောင့် ကိုယ်တွေ့မျက်မြင်အမှန်ကို မယုံကြည်နိုင်တာဟာ အယူသည်းလို့ဘဲ ဆိုတာ ထင်ရှားပါတယ်။

ယခု ပြောနေတဲ့ သုဘလုလင်ကတော့ အဲဒီလို အယူမသည်း ပါဘူး၊ ယုံကြည်သင့်တဲ့အကြောင်းအရာကို မျက်မြင်ကိုယ်တွေ့

ဖြစ်ဘော့ တခါတည်း ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်။ ဒါကြောင့် သူသိချင်တဲ့ အချက်များကို မေးမြန်းလျှောက်ထားရန် မြတ်စွာဘုရားထံ ဒုတိယအကြိမ် တဖန်လာရောက် ပြန်ပါတယ်၊ လာရောက်ပြီးတော့ ဒီလိုမေးလျှောက်ပါတယ်။

## သုဘလုလင်၏ မေးလျှောက်ချက်များ

အရှင်ဂေါတမ၊ လူတွေမှာ လူအဖြစ်ချင်းတူနေကြပါလျက်၊ အယုတ် အမြတ် ကွဲပြားနေတာဟာ ဘာကြောင့်ပါလဲ။

(၁) တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ။
(၂) တချို့က အနာများတယ်၊ တချို့က ကျန်းမာတယ်၊ ဘာကြောင့်ပါလဲ။
(၃) တချို့က အရုပ်ဆိုးတယ်၊ တချို့က အဆင်းလှတယ် ဘာကြောင့်ပါလဲ။
(၄) တချို့က အခြွေအရံ နည်းတယ်၊ တချို့က အခြွေအရံ များတယ်၊ ဘာကြောင့်ပါလဲ။
(၅) တချို့က ဆင်းရဲနွမ်းပါးတယ်၊ တချို့က ပစ္စည်းပေါများတယ်၊ ဘာကြောင့်ပါလဲ။
(၆) တချို့က အမျိုးညံ့တယ်၊ တချို့က အမျိုးမြတ်တယ်၊ ဘာကြောင့်ပါလဲ။
(၇) တချို့က ပညာနည်းတယ်၊ တချို့က ပညာကြီးတယ်၊ ဘာကြောင့်ပါလဲ-လို့ မေးလျှောက်ပါတယ်။

အင်း- စဉ်းစားစရာ အချက်တွေဘဲ၊ တချို့များ အမိအဖတူ ညီအစ်ကို အရင်းဘဲ၊ တချို့ကတော့ အမှာမွေးတောင် ဖြစ်နေကြတယ်၊ ဗေဒင်ကိန်းခန်းအရ နာရီ မိနစ် စက္ကန့် အချိန်တူလဲ ရှိတယ်၊ ဒါပေမဲ့ အကျိုးပေးချင်းကတော့ မတူကြဘူး၊ ကျန်းမာရေးတို့၊ အသက်အတိုအရှည်တို့၊ အခြွေအရံတို့၊ စီးပွါးရေးတို့၊ အသိအလိမ္မာပညာရေးတို့ ဒီလိုဟာတွေက တဦးနဲ့တဦး မတူပဲ ကွဲပြားခြားနားနေကြတယ်၊ တန်ခိုးရှင်က ဖန်ဆင်းတယ် ဆိုယင် ဒီလို မကွဲပြားသင့်ဘူး၊ ကွဲပြားအောင် ဖန်ဆင်းယင်လဲ ဘာ့ကြောင့် ဒီလိုဖန်ဆင်းရသလဲ စသည်ဖြင့် စဉ်းစားစရာတွေဘဲ၊ ဒါကြောင့် ဒီသုဘလုလင်ရဲ့ မေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းပါဘဲ။ အဲဒါကို မြတ်စွာဘုရားက ဒီလို အကျဉ်းချုပ် ဖြေကြားတော်မူပါတယ်။

## မြတ်စွာဘုရားရှင်၏ အဖြေတော်

ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။

မာဏဝ-သုဘလုလင်၊ သတ္တာ-သတ္တဝါတို့သည်၊ (သုဘလုလင်က လူတွေရဲ့ အကြောင်းကိုသာ မေးတယ်၊ ဒါပေမဲ့ မြတ်စွာဘုရားက သိသင့်သိထိုက်တဲ့ သတ္တဝါအားလုံးအကြောင်းကို ဖြေကြားတော်မူပါတယ်။)ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။

သတ္တဝါတွေမှာ ကိုယ်တိုင်ပြုထားတဲ့ အမှု-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတယ်တဲ့၊ ရွှေငွေစသော အပြင်ပ ပစ္စည်းတွေကတော့ ကိုယ့် လက်ထဲ ရှိတဲ့အခါ ကိုယ့်ဥစ္စာလို့ ဆိုရပေမဲ့ အကြောင်း အားလျော်စွာ သူတပါးလက်ထဲ ရောက်သွားယင် ကိုယ့်ဥစ္စာမဟုတ်တော့ဘူး၊ တသက်ပတ်လုံး မပျက်စီးဘဲ ကိုယ့်ကိုယ်ပိုင် ဖြစ်နေပေမယ်လို့ သေသွားတဲ့အခါကျတော့ အဲဒီဥစ္စာတွေကို အကုန်စွန့်သွားရတော့တာဘဲ၊ ကိုယ့်ဥစ္စာ မဟုတ်တော့ဘူး။ ကိုယ်ပြုထားတဲ့အမှုကတော့ လောကဘက်က စီးပွားရေးအမှုဖြစ်ဖြစ်၊ သံသရာဘက်က ဒါန သီလ စသော ကုသိုလ်ရေး၊ ပါဏာတိပါတစသော အကုသိုလ်ရေး အမှုဖြစ်ဖြစ် သူတပါးနဲ့ မဆိုင်ဘူး၊ ကိုယ်နဲ့သာဆိုင်တယ်၊ စီးပွားရေးအမှုကလဲ ကြိုးစားအားထုတ်ယင် အားထုတ်သလောက် အကျိုးဖြစ်ထွန်း စေနိုင်တယ်၊ ကုသိုလ်ရေးအမှုကလဲ သံသရာတလျှောက်လုံး အစွမ်းရှိသလောက် ကောင်းကျိုး ပေးသွားတတ်တယ်၊ အကုသိုလ်ရေးအမှုကလည်း နည်းတူပင် မကောင်းကျိုးကို ပေးသွားတတ်တယ်။ ယခုလူတွေ ချမ်းသာနေကြတာ ဆင်းရဲနေကြတာတွေဟာ အဲဒီ လောကရေး အလုပ်အကိုင် အမှုကံ၊ သံသရာရေး-ကုသိုလ် အကုသိုလ် ကံကြောင့်ပါဘဲ၊ ကိုယ်တိုင် ပြုလုပ်ထားတဲ့ အမှုကံ အားလျော်စွာ ချမ်းသာကြရ ဆင်းရဲကြရတာဘဲ။ ဒါကြောင့် ဒီ ကမ္မဿကာ- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ် ဆိုတဲ့ပုဒ်ဟာ ဒီဥပေက္ခာဘာဝနာနဲ့ အသက်ဆိုင်ဆုံးပါဘဲ။

နောက်ပြီးတော့ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မဒါယာဒါ-ကိုယ်တိုင် ပြုထားသည့် ကိုယ့်အမှုကံ၏ အမွေကို ခံယူရကုန်၏၊

တဲ့။ မိဘများ၏အမွေကို သားသမီးများက ခံယူကြရသလိုပင် ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံ၏ ကောင်းမွေ ဆိုးမွေကို ခံယူကြရတယ်တဲ့၊ လောကဘက်က စီးပွားဖြစ်စေနိုင်တဲ့ အလုပ်ကောင်းကို လုပ်ထားတဲ့သူဟာ စီးပွါးဥစ္စာ ကောင်းကျိုးကို ရတယ်၊ မလုပ်သင့်တဲ့ ရာဇဝတ်မှုစသည်ကို ပြုလုပ်ယင် ရာဇဝတ်ဖြစ်ဒဏ်စသော မကောင်းကျိုးကို ရတယ်၊ မူးယစ်သောက်စားလောင်းကစားအမှုမျိုးကို ပြုလုပ်ယင် စီးပွားပျက်ခြင်း စသော မကောင်းကျိုးကို ရတယ်၊ အယုတ်ဆုံးအားဖြင့် ကျန်းမာရေးပျက်ခြင်း, အကဲ့ရဲ့ခံရခြင်း, အတူနေ အချင်းချင်း မညီညွတ်ပဲ ဆင်းရဲခြင်းစသော မကောင်းကျိုး အမွေတွေကို ခံယူရတယ်။ ထို့အတူပင် သံသရာဘက်က ဒါန သီလ စသော ကုသိုလ်အမှုကို ပြုလုပ်ထားယင် မျက်မှောက်ဘဝမှာ အပြစ်ကင်းစင်ခြင်း ဘေးရန်အန္တရာယ်ကင်းခြင်း ကျန်းမာခြင်း အသက်ရှည်ခြင်း စသော အကျိုး အမွေ ကောင်းတွေကို ခံယူရတယ်၊ သံသရာ ဘဝတလျှောက်မှာလဲ လူ့ချမ်းသာ နတ်ချမ်းသာကို ရသွားတယ်၊ နောက်ဆုံး၌ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန် ချမ်းသာကိုလဲ ရနိုင်တယ်၊ သတ်ခြင်း ခိုးယူခြင်း စသောအကုသိုလ်အမှုကို ပြုလုပ်ထားယင်တော့ မျက်မှောက်ဘဝမှာလဲ မကောင်းကျိုးတွေကို ရတတ်သည့်ပြင် သံသရာ ဘဝတလျှောက်လုံးမှာလဲ အပါယ်ဆင်းရဲစသည်ကို ရသွားမယ်၊ အဲဒီလို ကောင်းမွေဆိုးမွေတွေကို ခံယူရပါတယ် တဲ့။ ဒီအနက်ကို အင်္ဂုတ္တရ ပဉ္စကနိပါတ် အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ် အကျယ်ပြဆိုရာ (၆၆)မှာ ဒီလိုလဲ ဖွင့်ပြထားပါတယ်။

ကလျာဏံ ဝါ-ကောင်းသည်မူလည်းဖြစ်သော၊ ပါပကံဝါ-မကောင်းသည်မူလည်းဖြစ်သော၊ ယံ ကမ္မံ-အကြင်အမှုကို၊ ကရိဿန္တိ-ပြုကုန်လတံ့၊ တဿ-ထိုကောင်းမှု မကောင်းမှု၏၊ ဒါယာဒါ-ကောင်းမွေ့ ဆိုးမွေ့ကို ခံယူရကုန်သည်၊ ဘဝိဿန္တိ-ဖြစ်ကုန်လတံ့ တဲ့။

ဒီ ကမ္မဒါယာဒါ ဆိုတဲ့ပုဒ်လဲ ကမ္မဿကာ-ပုဒ်နဲ့ အရတူပါဘဲ၊ ကမ္မဿကာ-ပုဒ်၏ အဖွင့်သဘော ရှိတာပါဘဲ။ နောက်ပြီးတော့- သတ္တာ- သတ္တဝါတို့သည်၊ ကမ္မယောနီ- ကံသာလျှင် အကြောင်းရှိကုန်၏ တဲ့။ သတ္တဝါတွေ ချမ်းသာဘို့ ဆင်းရဲဘို့ရာအတွက် မိမိတို့ ကိုယ်တိုင်ပြုထားတဲ့ ကံသာလျှင် အကြောင်းရှိတယ်၊ ကောင်းတဲ့အမှုကံရှိယင် ကောင်းကျိုးချမ်းသာ ရမယ်၊ မကောင်းတဲ့အမှုကံရှိယင် မကောင်းဆိုးဝါးတဲ့အကျိုးကို ရမယ်လို့ ဆိုလိုပါတယ်၊ ဒါလဲ ကမ္မဿကာ-ပုဒ်၏ အဖွင့်ပါဘဲ။

ကမ္မဗန္ဓူ-ကံသာလျှင် ဆွေမျိုးမိတ်ဆွေရှိကုန်၏-တဲ့။ ဆွေမျိုးမိတ်ဆွေကောင်းရှိယင် အဲဒီ ဆွေကောင်းမိတ်ကောင်းကို မှီပြီး ကောင်းကျိုးချမ်းသာကို ရနိုင်တယ်၊ ဆွေကောင်း မိတ်ကောင်း မရှိယင်တော့ အားကိုးစရာ မရှိဘူး၊ အဲဒါလိုဘဲ ကောင်းမှုကံက ဆွေကောင်းမိတ်ကောင်းလိုပင် အားကိုးရတယ်၊ ကောင်းမှုကံကို မှီပြီး ကောင်းကျိုးကိုရတယ်၊ ကောင်းမှုကံမရှိယင် အားကိုးစရာ မရှိဘူး၊ မကောင်းမှုကံ ရှိနေယင်တော့ ဆွေတု မိတ်တု ရန်သူလိုပင် သူက မကောင်းကျိုးတွေ ပေးလိမ့်မယ်လို့ ဆိုလိုပါတယ်၊ ဒါလဲ ကမ္မဿကာ-ပုဒ်၏ အဖွင့်ပါဘဲ။

ကမ္မပ္ပဋိသရဏာ-ကံသာလျှင်အားကိုးရာရှိကုန်၏တဲ့။ လောက ဘက်ကနေကြည့်ယင် စီးပွားရေး အလုပ်အကိုင် အမှုတွေဟာ အားကိုးစရာတွေဘဲ၊ အဲဒါလိုပင် ကောင်းမှုကုသိုလ်ကံကို အား ကိုးကြရတယ်၊ မကောင်းမှုကတော့ မရှိတဲ့အနေ ကင်းတဲ့အနေ ဖြင့်သာအားကိုးရတယ်၊မကောင်းမှုကံကင်းလေလေ ဆင်းရဲဒုက္ခ ကင်းလေလေဘဲ၊ ဒါကြောင့် မကောင်းမှုကံကင်းအောင် ပြုကျင့် တဲ့ကောင်းမှုကံဟာ အားကိုးရာအစစ်ပဲ။ ဒီပုဒ်လဲ ကမ္မဿကာ- ပုဒ်၏ အဖွင့်ပါဘဲ။

ကမ္မံ-ကောင်းမှု မကောင်းမှုကံက၊ သတ္တေ-သတ္တဝါတို့ကို၊ ယဒိဒံ ဟီနပ္ပဏီတတာယ-အယုတ်အမြတ်၏ အဖြစ်ဖြင့်။ (ဗမာ စကားချောစေရန် ယဒိဒံ-၏ အနက်ကို ချန်ထားသည်)ဝိဘဇတိ- ခွဲခြားသည် တဲ့။ မကောင်းမှုကံက အယုတ် အညံ့စား ဖြစ်စေ တယ်၊ ကောင်းမှုကံက အမြင့်အမြတ်စား ဖြစ်စေတယ်၊ အယုတ် အညံ့စားဖြစ်ခြင်း, အကောင်းအမြတ်စား ဖြစ်ခြင်းဆိုတဲ့ ဒီ ၂- မျိုးဖြင့် သတ္တဝါတွေကို မိမိတို့ပြုထားတဲ့ကံက ခွဲခြားတယ်လို့ ဆိုလိုပါတယ်။ အဲဒါကို ဗမာလိုအတိုချုပ်ပြန်ယင် "သတ္တဝါ တွေဟာ ကံသာ ကိုယ်ပိုင်ဥစ္စာ ရှိကြသည်၊ ကံ၏အမွေကို ခံယူ ကြရသည်၊ ကံသာ အကြောင်း ရှိကြသည်၊ ကံသာ ဆွေမျိုး မိတ်ဆွေ ရှိကြသည်၊ ကံသာ အားကိုးရာရှိကြသည်၊ သတ္တဝါ တွေကို အယုတ်အမြတ်ဖြစ်အောင် ကံက စီမံခွဲခြားသည်"လို့ ဖြစ်တယ်။ အဲဒါကို ဆိုကြရမယ်။

> သတ္တဝါတွေဟာ ကံသာ ကိုယ်ပိုင်ဥစ္စာ ရှိကြသည်။ ကံ၏အမွေကို ခံယူကြရသည်၊ ကံသာ အကြောင်းရှိကြသည်၊ ကံသာ ဆွေမျိုးရှိကြသည်၊ ကံသာ အားကိုးရာရှိကြသည်၊ သတ္တဝါတွေကို အယုတ်အမြတ်ဖြစ်အောင် ကံက စီမံခွဲခြားသည်။

ဒါဟာ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ဘဲ၊ သတ္တဝါတွေ အယုတ်အညံ့ဖြစ်နေကြရတာ ဆင်းရဲဒုက္ခရောက်နေကြရတာလဲ မိမိတို့ကိုယ်တိုင် ပြုထားတဲ့ကံက စီမံဖန်တီးပေးတာဘဲ၊ အမြင့်အမြတ် ဖြစ်နေကြရတာ ချမ်းသာနေကြရတာလဲ ကံက စီမံဖန်တီးပေးတာဘဲတဲ့။ ဖန်ဆင်းဝါဒအရဆိုယင်တော့ ချမ်းသာအောင်လဲ ဘုရားသခင်ကဖန်ဆင်းတယ်၊ ဆင်းရဲအောင်လဲ ဘုရားသခင်က ဖန်ဆင်းတယ်လို့ ဆိုရလိမ့်မယ်၊ ဒီလိုဆိုတော့ ဆင်းရဲနေတဲ့သူတွေက ငါတို့ကို ဆင်းရဲအောင် ဘာကြောင့် ဖန်ဆင်းပါလိမ့်မလဲလို့ စဉ်းစားပြီး မကျေနပ်စရာ ရှိပါတယ်၊ ကမ္ဘာပေါ်မှာ ဆင်းရဲတဲ့လူတွေကများနေတော့ မကျေနပ်တဲ့လူတွေက များနေဘွယ်ရှိပါတယ်။ ဗုဒ္ဓတရားတော်အရကတော့ ချမ်းသာတာလဲ ကိုယ့်အမှုကံကြောင့်ဘဲ၊ ဆင်းရဲတာလဲ ကိုယ့်အမှုကံကြောင့်ဘဲလို့ ဆိုတော့ ဘယ်သူ့ကိုမှ မကျေနပ်စရာ မရှိဘူး၊ နောင်ရေးအတွက် ကိုယ့်အမှုကံကိုသာ ကောင်းအောင်ဂရုစိုက်သွားဘို့ လိုတယ်။ အဲဒီ ဒေသနာတော်အရ "ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။ ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံ-စံကြရသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။

ဆိုးတဲ့မကောင်းမှုကို ပြုယင် ဆိုးဝါးတဲ့ မကောင်းကျိုးကို ရမယ်၊ ကောင်းတဲ့ ကုသိုလ်အမှုကိုပြုမှ ကောင်းကျိုးချမ်းသာကို ရမယ်-လို့ ဆိုလိုပါတယ်။ ဥပမာအားဖြင့် သရက် ပိန္နဲစတဲ့ အချို မျိုးစေ့ကိုစိုက်ယင် အချိုသီး သီးတယ်၊ အချိုသီးကိုစားရတယ်၊ ရှောက် သမ္ဘာရာအစရှိတဲ့ အချဉ်မျိုးစေ့ကို စိုက်ယင် အချဉ်သီးကို စားရတယ်၊ အဲဒါလိုပါဘဲ။ ဒုတိယဆောင်ပုဒ်ကို ဆိုကြရမယ်။

ဆိုး-ကောင်း နှစ်တန်၊ ကံ စီမံ၊ ခံ-စံကြရသည်။

အဆိုးအယုတ်အညံ့ဖြစ်အောင်, အကောင်းအမြတ်ဖြစ်အောင် ဒီနှစ်မျိုးကို မိမိတို့ကိုယ်တိုင် ပြုထားတဲ့ ကံက စီမံဖန်တီးတယ်၊ အဲဒီကံကစီမံဖန်တီးပေးတဲ့ဆိုးကျိုးကောင်းကျိုး=ဆင်းရဲနဲ့ ချမ်းသာကိုခံစား စံစားနေကြရတယ်လို့ ဆိုလိုပါတယ်။

အဲဒီ အကျဉ်းချုပ်ဖြေကြားချက်ကို သုဘလုလင်က အသေးစိပ် အကျယ်အားဖြင့် နားမလယ်သေးသောကြောင့် အကျယ် ဝေဘန်ပြီး ဟောကြားဘို့ လျှောက်တောင်းပန်တယ်။ အဲဒီတော့ မြတ်စွာဘုရားက ဒီလို အကျယ်ဝေဘန်ပြီး ဟောကြားတော်မူပါတယ်။

## အသက်တိုခြင်း အသက်ရှည်ခြင်း၏ အကြောင်းကံ

(၁-က) မာဏဝ- သုဘလုလင်၊ ဣဓ-ဤလောက၌၊ ဧကစ္စော ဝါ-မိန်းမဖြစ်စေ၊ ပုရိသော ဝါ-ယောကျ်ားဖြစ်စေ၊ ကေစ္စော-

အချို့သောသူသည်၊ ပါဏာတိပါတီ-သတ္တဝါကို သတ်လေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ (သတ်တယ်ဆိုတာ မသနားတတ်လို့ ရက်စက်ကြမ်းကြုတ်လို့ဘဲ၊ အဲဒီဂုဏ်ပုဒ်တွေလဲ ပါဠိမှာ ဟော ထားပါသေးတယ်၊ ဒါပေမဲ့ မကျယ်စေလိုတဲ့အတွက် ဒီမှာ ချန် ထားပါတယ်။) သော-ထိုသတ်သောသူသည်၊ တေန ကမ္မေန-ထိုသတ်မှုကံကြောင့်၊ ပရံ မရဏာ-သေသည်မှနောက်၌(ဒီမှာလဲ အချို့ပုဒ်တွေကို ချန်ထားပါတယ်) အပါယံ- အပါယ်ဘုံသို့၊ ဒုဂ္ဂတိ-မကောင်းမှု ရှိသူတို့၏လားရောက်ရာဘုံသို့၊ ဝိနိပါတံ နိရယံ-ချမ်းသာမှု ပျက်စီး၍ လျောကျရာငရဲဘုံသို့၊ ဥပပဇ္ဇတိ- ကပ်ရောက်၍ ဖြစ်ရ၏။ မနုဿတ္တံ-လူ့ဘဝသို့၊ သစေ အာဂစ္ဆတိ-အကယ်၍ ပြန်လာငြားအံ့၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ-ဖြစ်ရာဖြစ်ရာဘဝ၌၊ (မြန်မာစကားချောစေရန် ဆိုလိုသော အနက်ပြန်သည်) အပ္ပါယုကော-အသက်တိုသည်၊ ဟောတိ-ဖြစ်၏-တဲ့။

အတိုချုပ် ဆိုလိုတာကတော့-သတ္တဝါကိုသတ်ယင် သေပြီးတဲ့ အခါ အဲဒီအကုသိုလ်ကံကြောင့် အပါယ်လေးပါး၌ ငရဲ၌ဖြစ်ရ တတ်တယ်၊လူဖြစ်ပြန်ယင် အသက်တိုတတ်တယ်လို့ဆိုလိုပါတယ်။ အဲဒီအတိုချုပ်ကိုလဲ ဒီလိုဟောတော်မူပါသေးတယ်။

အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ၊ ယဒိဒံ ပါဏာတိပါတီ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယော အယံ-ဤကြင်သူသည်၊ ပါဏာတိပါတီ-ဟောတိ- သတ္တဝါကို သတ်လေ့ရှိ၏၊ တဿ-

ထိုသူ၏၊ သော ပဋိပဒါ- သတ်သောဤအကျင့် အပြုအမူသည်၊ အပ္ပါယုကသံဝတ္တနိကာ-အသက်တိုခြင်းကို ဖြစ်စေတတ်သည်တဲ့။ အဲဒါကို "သူ့ကို သတ်ဖြတ်၊ သက်တိုတတ်" လို့ ဆောင်ပုဒ် စီထားတယ်၊နောက်ပြီးတော့ အသက်ရှည်ခြင်း၏ အကြောင်းကို လဲ ဒီလိုဟောထားပါတယ်၊ အတိုချုပ်ပြရမှာဘဲ။

(၁-ခ) ကေစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူသည်၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ-သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်၏၊ သော-ထိုသူသည်၊ တေန ကမ္မေန-သတ္တဝါကို သတ်ခြင်းမှကြဉ် ရှောင်သော ထိုကုသိုလ်ကံကြောင့်၊ ပရံ မရဏာ-သေသည်မှ နောက်၌၊သုဂတိံ-ကောင်းမှုရှိသူတို့၏ လားရောက်ရာဖြစ်သော၊ သဂ္ဂံ လောကံ-နတ်ပြည်လောကသို့၊ ဥပပဇ္ဇတိ-ကပ်ရောက်၍ဖြစ် ရ၏။ သစေ မနုဿတ္တံ အာဂစ္ဆတိ-အကယ်၍ လူ့ဘဝသို့ရောက် လာငြားအံ့၊ ဒီဃာယုကော ဟောတိ-ဖြစ်ရာဖြစ်ရာဘဝ၌ အသက် ရှည်ရ၏။ မာဏဝ-သုဘလုလင်၊ ယဒိဒံ ပါဏာတိပါတာ ပဋိ-ဝိရတော ဟောတိ-သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်သော ထိုသူ၏၊ (သဒ္ဒါနောက်မလိုက်ပဲ မြန်မာစကားချော်စေရန် ဆိုလို ရင်းအနက်ပြန်သည်) သော ပဋိပဒါ-သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်သော ဤအကျင့်သည်၊ ဒီဃာယုက သံဝတ္တနိကာ-အသက်ရှည်ခြင်းကို ဖြစ်စေတတ်သည် တဲ့။

အတိုချုပ် ဆိုလိုတာကတော့-သတ္တဝါ သတ်ခြင်းမှ ကြဉ် ရှောင်သူဟာ သေပြီးတဲ့အခါ အဲဒီကုသိုလ်ကံကြောင့် နတ်ပြည်

ရောက်တတ်တယ်၊ လူဖြစ်ယင်လဲ အသက်ရှည်တယ်၊ သတ္တဝါ မသတ်တဲ့ အကျင့်ဟာ အသက်ရှည်စေတတ်တယ်-လို့ ဆိုလိုတာပါဘဲ။ အဲဒါကို ဆောင်ပုဒ်မှာ "မသတ် အသက်ရှည်"လို့ နောက်ပိုင်းအဖြစ် စီထားတယ်၊ အဲဒါကို ရှေ့ပိုင်းပါ ဆက်စပ်ပြီး ဆိုကြရမယ်။

(၁) သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။

အဲဒါဟာ "တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ"ဆိုတဲ့ ပဌမမေးခွန်းရဲ့ အဖြေပါဘဲ။ ဒီဆောင်ပုဒ်လောက် ရွတ်ပြီး ဟောယင်လဲ သိနားလည်နိုင်ပါတယ်၊ ဒါပေမဲ့ ဆောင်ပုဒ်၏မှီရာ ဘုရားဟော စကားရပ်တချို့ကိုလဲ ကြည်ညိုကြရအောင် ရွတ်ပြီး ဟောရတယ်၊ အဲဒီလို ပါဠိရွတ်ပြတာဟာ ဘုရားဟော ပါဠိနဲ့ အညီ ဟောကြောင်း သိနားလည်ပြီး ခိုင်ခိုင်မြဲမြဲ မှတ်ထားဘို့၊ အဲဒီအတိုင်း လိုက်နာပြီး ကျင့်သုံးသွားကြဘို့ပါဘဲ။

အဲဒီမှာ "သူ့ကိုသတ်ဖြတ်"ဆိုတဲ့ စကားဖြင့် "သူတပါးကို သတ်ယင်"လို့ ဆိုလိုပါတယ်၊ သူတပါးဆိုတာ လူဖြစ်ဖြစ်၊ သန်းကြမ်းပိုး ပုရွက်ဆိတ် သားငါး စသော တိရစ္ဆာန်ဖြစ်ဖြစ် မိမိမှတပါးသော သက်ရှိသတ္တဝါဟူသမျှကို ဆိုပါတယ်၊ ဒါကြောင့် သန်းဥ ကြမ်းပိုးဥမှ စ၍ မိမိမှတပါး အခြားသူလို့ဆိုရတဲ့ သတ္တဝါကို သတ်ယင် နောက်ဘဝများမှာ အသက်တိုတတ်တယ်လို့ ဆိုလိုပါတယ်။ တချို့မှာ အမိဝမ်းထဲမှ မမွေးသေးခင်သေရ

တယ်၊ တချို့က မွေးပြီးခါစ သေရတယ်၊ တချို့က တလ နှစ်လ စသည် လ-ပိုင်းအတွင်း သေရတယ်၊ တချို့က ဆယ်နှစ်အတွင်း အနှစ်နှစ်ဆယ် သုံးဆယ်အတွင်း စသည်မှာ သေရတယ်၊ အသက်တမ်းမပြည့်ခင် ခပ်စောစောပိုင်းက ပစ္စုပ္ပန်အကြောင်းထူး မရှိပဲ သေရတာတွေဟာ အများအားဖြင့် သူတပါးသတ်ခဲ့တဲ့ ဒီအကုသိုလ်ကံကြောင့်ဘဲလို့ ဆိုနိုင်ပါတယ်။

ဒါကြောင့် "မွေးပြီးခါစ ကလေးသူငယ်များသေတာ ဘာကြောင့်လဲ"ဆိုတဲ့ အမေးပြဿနာကို ဗုဒ္ဓတရားတော် အရသာ ပြေလည်အောင် ဖြေရှင်းနိုင်တဲ့အကြောင်း၊ ဖန်ဆင်းဝါဒအရ အားဖြင့် မပြေလည်နိုင်တဲ့အကြောင်း သိရိလင်္ကာ(သီဟိုဠ်)ဆရာတော် အရှင်နာရဒက တရားဟောရာမှာ ထည့်သွင်းဟောကြားပါတယ်၊ ဟောပုံကတော့ မွေးပြီးခါစ ကလေးသေတာဟာ လူမျိုးတိုင်း ဘာသာဝင်တိုင်းမှာရှိတယ်၊ မိဘဘိုးဘွား အဆက်ဆက်က ဖန်ဆင်းသူ တန်ခိုးရှင်ကို ကိုးကွယ်လာခဲ့တဲ့ အိမ်ထောင်စုမှာလဲ ရှိဘတ်ဘာဘဲ၊ အဲဒီ ကလေးကို ဘာကြောင့် ဒါလောက် အသက်တိုအောင် ဖန်ဆင်းရသလဲ ဆိုတာ ဖြေရှင်းဘို့ မလွယ်ဘူး၊ အဲဒီကလေးဟာ ဖန်ဆင်းသူအား မရိုသေမှု ပြစ်မှားမှုလဲ ရှိမှာ မဟုတ်ဘူး၊ ဒါကြောင့် ထာဝရဘုရားရဲ့ချဲ့ဘို့ရာအကြောင်းလဲ ရှိမှာမဟုတ်ပေဘူး၊ ဖန်ဆင်းသူ၏ အလိုအကြိုက်ကို ပြုတာလဲ ရှိမှာ မဟုတ်သောကြောင့် ကောင်းကင်ဘုံ ကယ်တင်ဘို့ရာ အကြောင်းလဲ ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် မွေးပြီးခါစကလေး သေတာနဲ့စပ်ပြီး ဖန်ဆင်းဝါဒအရ မပြေလည်ကြောင်း၊ သတ်မှု

ကံကြောင့် အသက်တိုရတယ်ဆိုတဲ့ ဒီဗုဒ္ဓတရားတော်အရသာလျှင် ပြေလည်ကြောင်း အရှင်နာရဒမထေရ်က ဟောကြားပါတယ်။ နောက်ပြီးတော့ အသက်တိုတဲ့ အဲဒီကလေးရဲ့ မိဘများဟာလဲ သူတပါးက သတ်ဖြတ်ရာမှာ ဝမ်းမြောက်သဘောတူခဲ့တဲ့အတွက် စိတ်ဆင်းရဲဒုက္ခကို ခံစားရကြောင်းကို ဟောထားတဲ့တရားတော် ရှိပါတယ်။

သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်ရာမှာ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ=သတ္တဝါကို သတ်ခြင်းမှကြဉ် ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏-လို့ ဆောက်တည်ဆဲမှာ သီလကုသိုလ်စေတနာဖြင်တယ်၊ သတ်စရာ အကြောင်းရှိတဲ့အခါ မသတ်ပဲ ကြဉ်ရှောင်တာက ဝိရတိကုသိုလ် ဖြစ်တယ်၊ အဲဒီ ဝိရတိဟာ မူလက မဆောက်တည်ပဲ ကြဉ်ရှောင် တာဖြစ်ယင် သမ္ပတ္တဝိရတိခေါ်တယ်၊ ဆောက်တည်ထားတဲ့ အတိုင်း ကြဉ်ရှောင်ယင် သမာဒါနဝိရတိခေါ်တယ်၊ သောတာ ပတ္တိမဂ်ခဏမှာ ပါဝင်တဲ့ ဝိရတိကတော့ သမုစ္ဆေဒဝိရတိခေါ် တယ်၊ အဲဒီ သုံးပါးထဲမှာ သမုစ္ဆေဒဝိရတိက ကာယကံ ဝစီကံ ဒုစရိုက်ဟူသမျှကို အမြစ်ပြတ်ကင်းငြိမ်းစေတယ်၊ အပါယ်လေး ပါးမှလဲ အစဉ်ထာဝရ လွတ်စေတယ်။ သမ္ပတ္တဝိရတိ သမာဒါန ဝိရတိနဲ့ သမာဒါနကုသိုလ် စေတနာများကတော့ သုဂတိသို့ ရောက်စေတယ်၊အသက်ရှည်စေတတ်တယ်၊ "မသတ်ယင် အသက် ရှည်တယ်" လို့ ဒီဆောင်ပုဒ်အရ ဆိုတာဟာ အဲဒီ သမ္ပတ္တ· သမာဒါနဝိရတိနဲ့ သမာဒါနကုသိုလ်တို့၏ အစွမ်းသတ္တိအကျိုးကို

ပြောတာပါဘဲ။ ပဉ္စမမေးခွန်း အဖြေကတော့ နားလည်လောက်ပါပြီ၊ ဒုတိယမေးခွန်း၏ အဖြေကို ဟောရမယ်။

## အနာများခြင်း, ကျန်းမာခြင်း၏ အကြောင်းကံ

(၂-က) မာဏဝ-သုဘလုလင်၊ ဣဓ-ဤလောက၌၊ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သော သူသည်၊ သတ္တာနံ-သတ္တဝါတို့ကို၊ ဝိဟေဌကဇာတိကော-လက်ဖြင့် ခဲ-ဒုတ်-လက်နက်တို့ဖြင့် ညှဉ်းဆဲတတ်သည်၊ ဟောတိ-ဖြစ်၏၊ သော-ထိုသူသည်၊ တေန ကမ္မေန-ထိုညှဉ်းဆဲမှုကံကြောင့်၊ ပရံ မရဏာ-သေသည်မှ နောက်၌၊ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ-အပါယ်, ဒုဂ္ဂတိ ငရဲဘုံသို့၊ ဥပပဇ္ဇတိ-ကပ်ရောက်၍ ဖြစ်ရ၏၊ သစေ မနုဿတ္တံ အာဂစ္ဆတိ-အကယ်၍ လူ့ဘဝသို့ ပြန်လာငြားအံ့၊ ဗဟွါဗာဓော ဟောတိ-ဖြစ်ရာရာဘဝ၌ အနာရောဂါများတတ်၏။ မာဏဝ-သုဘလုလင်၊ ဧသာ ပဋိပဒါ-သတ္တဝါတို့ကို ညှဉ်းဆဲသော ဤအကျင့်သည်၊ ဗဟွါဗာဓသံဝတ္တနိကာ-အနာရောဂါများခြင်းကို ဖြစ်စေတတ်သည် တဲ့။

လက်ဖြင့်ဖြစ်စေ၊ ခဲတို့ ဒုတ်တို့ လက်နက်တို့ဖြင့်ဖြစ်စေ သတ္တဝါကို နာကျင်အောင် နှိပ်စက်ယင် အဲဒီအကုသိုလ်ကံကြောင့် အပါယ်ငရဲ ကျရောက်တတ်တယ်၊ လူ့ဘဝ ရောက်လာယင်လဲ အနာရောဂါများတတ်တယ်၊ ညှဉ်းဆဲတဲ့အကျင့်ဟာ အနာရောဂါများခြင်းကို ဖြစ်စေတတ်တယ်-လို့ ဆိုလိုတာပါဘဲ။ အဲဒါကို ပေါ်လွင်ထင်ရှားအောင် ပူတိဂတ္တတိဿမထေရ်ဝတ္ထုကို ထုတ်ပြဦးမယ်။

## ပူတိဂတ္တတိဿမထေရ်ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလက ပူတိဂတ္တတိဿမထေရ် ဆိုတာရှိခဲ့တယ်၊ မူလကတော့ သာဝတ္ထိမြို့က တိဿဆိုတဲ့ လူပါဘဲ၊ သာသနာတော်မှာ ရဟန်းပြုပြီးတဲ့နောက် တိဿမထေရ်လို့ သူ့ကိုခေါ်ကြတယ်၊ နောက်ကာလကျတော့ သူ့ကိုယ်မှာ မုန်ညင်းစေ့လောက် အဖုကလေးတွေ ဖြစ်ပေါ်လာတယ်၊ အဲဒီအဖုကလေးများက တဖြည်းဖြည်း ကြီးကြီးလာကြတယ်၊ ပဲနောက်လောက် ကုလားပဲလောက် ဆီးစေ့လောက် ဆီးဖြူသီးလောက် ဥသျှစ်ကင်းလောက် ဥသျှစ်သီးလောက် ဖြစ်လာပြီး ပေါက်ကွဲကုန်တယ်၊ တကိုယ်လုံးမှာ အပေါက်အပေါက်တွေ ဖြစ်နေတယ်၊ ဒါကြောင့် သူ့ကို ပူတိဂတ္တ-ပုပ်သောကိုယ်ရှိတယ်ဆိုတဲ့ ဝိသေသနပုဒ်နှင့်တကွ ပူတိဂတ္တတိဿမထေရ်လို့ ခေါ်ကြတယ်။ နောက်တော့ အရိုးတွေလဲ ကြိုးကုန်တယ်၊ ပြုစုစောင့်ရှောက်မည့်သူလဲ မရှိပဲ ဖြစ်နေတယ်၊ အဝတ်သင်္ကန်းတွေမှာ သွေးပုပ် ပြည်ပုပ်တွေ လူးလဲပေရေနေတယ်၊ သူ့တပည့်ရင်းတွေကလဲ မပြုစု မသုတ်သင်နိုင်လို့ လက်လွှတ်သွားကြတယ်၊ အားကိုးရာမဲ့ဖြစ်ပြီးတော့ အိပ်ရာပေါ်မှာသာ လျောင်းအိပ်နေရပါသတဲ့။

အဲဒီအခါ မြတ်စွာဘုရားက တရားထူးရနိုင်မည့်သူကို ဆင်ခြင်ကြည့်ရှုတော်မူတယ်၊ ကြည့်ရှုလိုက်တော့ ပူတိဂတ္တတိဿမထေရ် ရဟန္တာဖြစ်မည့်အရေးကို မြင်တော်မူတယ်၊ ပြုစုမည့်သူလဲမရှိ ငါဘုရားမှတပါး အားကိုးရာ မရှိဘူးဆိုတာကို သိတော်မူတဲ့အတွက် ကျောင်းစဉ်လှည့်ကြည့်တဲ့ အနေဖြင့် ကြွသွားတယ်၊ ပူတိဂတ္တ

တိဿမထေရ်ရှိရာ အနီးအပါးရောက်တော့ ထမင်းချက် အိုးကြီးကို မြတ်စွာဘုရားက ကိုယ်တိုင် ဆေးကြောပြီးတော့ ရေထည့်ပြီး မီးဖိုပေါ်မှာတင်လျက် ရေနွေးကျိုပါသတဲ့၊ ရေနွေးပူလာတဲ့အခါ ပူတိဂတ္တတိဿမထေရ်၏ ခုတင်ကို ရွှေ့ဘို့ကိုင်ပါသတဲ့၊ မြတ်စွာဘုရား၏ မဟာကရုဏာဖြင့် သနားတော်မူပုံကို ဆင်ခြင်ကြည့်ယင် အင်မတန် အံ့သြဘွယ် ကြည်ညိုဘွယ်ပါဘဲ။

အဲဒီအခါကျတော့ ရဟန်းတော်များက လာရောက်ကြပြီးတော့ "ဖယ်တော်မူပါဘုရား၊ တပည့်တော်တို့ ယူဆောင်ခဲ့ပါမယ်"လို့ လျှောက်ပြီး ခုတင်ကို မီးဖိုတဲဆီသို့ မ-ယူလာကြတယ်၊ မြတ်စွာဘုရားက ခွက်ဖြင့် ရေနွေးကို ခပ်ယူပြီး ဆွတ်ဖြန်းသွန်းလောင်းပေးတယ်၊ရဟန်းတော်များက သူ့ကေသီကို ယူပြီးတော့ ရေနွေးဖြင့် ဖွပ်လျှော်ပြီး နေပူမှာလှမ်းကြတယ်၊မြတ်စွာဘုရားက ပူတိဂတ္တတိဿ၏ ကိုယ်ကို ရေနွေးဖြင့် ဆေးကြောသုတ်သင်ခိုင်းတယ်၊ ရဟန်းများက သုတ်သင်ပေးကြတယ်၊ ကေသီ ခြောက်တဲ့အခါ အဲဒီ ကေသီဖြင့် ခါးမှာဝတ်စေပြီးတော့ သင်းပိုင်ကို ဖွပ်လျှော်စေတယ်၊ သင်းပိုင်ခြောက်တဲ့ အခါကျတော့ အဲဒီ သင်းပိုင်ကို ခါးမှာဝတ်စေပြီးတော့ ကေသီဖြင့် ကိုယ်ကိုရုံပေးစေပါသတဲ့၊ အဲဒါကို ဆင်ခြင်ကြည့်ယင် ဟိုတုန်းက သင်္ကန်းရှားပါးပုံ သင်္ကန်းအပို မထားကြဘဲ အလိုနည်းကြပုံဟာ ကြည်ညိုစရာပါဘဲ။ပူတိဂတ္တတိဿမထေရ် အရဟတ္တမဂ်ဖိုလ်ရရေးအတွက် မြတ်စွာဘုရားကိုယ်တော်တိုင် သူနာပြုအလုပ်ကို လုပ်တာလဲ အင်မတန် အံ့သြစရာ ကြည်ညိုစရာပါဘဲ။ အဲဒီလို

မြတ်စွာဘုရားက ကြပ်မတ်ပြီးတော့ ပြုစုပြီးတဲ့အခါ ပူတိဂတ္တတိဿ မထေရ်လဲ တော်တော်နေသာထိုင်သာ ရှိသွားတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူတယ်။

အစိရံ ဝတ’ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကာလိင်္ဂရံ။

ဘိက္ခု-ပူတိဂတ္တတိဿရဟန်း၊ တေ-သင်၏၊ အယံ ကာယော-ဤကိုယ်သည်၊ အစိရံ-မကြာမီပင်၊ ဝတ-စင်စစ်၊ ပထဝိံ အဓိသေဿတိ-မြေပြင်ပေါ်၌ လဲလျောင်း အိပ်ရတော့မည်၊ (သင့်ကိုယ်ကြီးဟာ မကြာခင် အလောင်းကောင်ကြီးဖြစ်ပြီး သင်းချိုင်းမြေပေါ်မှာ တုံးလုံးပက်လက် အိပ်နေရတော့မယ် တဲ့) အပေတဝိညာဏော-အသိစိတ်မရှိတော့ပဲ အသေကောင်ကြီးဖြစ်နေသောကြောင့်၊ ဆုဒ္ဓေါ-စပ်ဆိုင်သူတို့က စွန့်ပစ်အပ်သည်ဖြစ်၍၊ ပထဝိံ အဓိသေဿတိ-သင်းချိုင်းမြေပြင်၌ လဲလျောင်းအိပ်နေရချေတော့မည်၊ (ဘာလိုလဲ ဆိုတော့) နိရတ္ထံ-အသုံးမဝင်သော၊ ကာလိင်္ဂရံ ဣဝ-သစ်သား အနုတ်အဖျင်းကဲ့သို့ပင် အိပ်နေရချေတော့မည် တဲ့။

ဘာမျှ အသုံးမကျတဲ့ သစ်သား အနုတ်အဖျင်းများဟာ တောအရပ်မြေပေါ်မှာ စွန့်ပစ်ထားတဲ့အတိုင်း တည်နေသလိုပင် သင်၏ ဒီရုပ်ကိုယ်ကြီးဟာလဲ မကြာမီပင် အသက်ဝိညာဏ်ကင်း၍ စွန့်ပစ်ထားကြသဖြင့် သင်းချိုင်းမြေပြင်မှာ တုံးလုံးပက်လက် အိပ်လျက် နေရချေတော့မယ်လို့ ဆိုလိုပါတယ်။ ဟိုတုန်းက

အလောင်းကို မြေကြီးထဲ မမြှုပ်ပဲ သင်းချိုင်းမှာ စွန့်ပစ်ထားတဲ့ အလေ့ရှိပုံရပါတယ်။ အဲဒီ ဂါထာတပုဒ် တရားကိုနာရတာနဲ့ ပူတိဂတ္တတိဿမထေရ်ဟာ ရဟန္တာဖြစ်ပြီးတော့ မကြာခင်ပဲ ပရိနိဗ္ဗာန်ပြုသွားပါသတဲ့။

အဲဒီ ပူတိဂတ္တတိဿမထေရ်ဟာ ကဿပဘုရား လက်ထက်တော်ကာလတုန်းက ငှက်မုဆိုးဖြစ်ခဲ့တယ်၊ ငှက်တွေကို ခြေတို့ အတောင်တို့ကို ချိုးပြီးစုထားတယ်၊ နောက်တနေ့ကျတော့မှ အဲဒီ ငှက်တွေကို ရောင်းစားတယ်၊ မိမိအတွက်လဲ ချက်စားတယ်၊ အဲဒီလို ညှဉ်းဆဲခဲ့တဲ့ အကုသိုလ်ကံကြောင့် အဖုအလုံး အနာရောဂါ အကြီးအကျယ်ဖြစ်ပြီး တကိုယ်လုံးပုပ်ရပါသတဲ့၊ အဲဒီဘဝတုန်းကပင် ရဟန္တာမထေရ်တပါး ဆွမ်းခံကြွလာရာမှာ ငှက်သားဟင်းနှင့် ဆွမ်းကိုကပ်လှူပြီး မဂ်ဖိုလ်ရရန် ဆုမွန်ကောင်းတောင်းခဲ့တဲ့အတွက် ရဟန္တာလဲဖြစ်ရပါသတဲ့။

ဒီ ပူတိဂတ္တတိဿမထေရ်ဝတ္ထုဖြင့် သူတပါးကို ညှဉ်းဆဲယင် အနာရောဂါများတတ်ကြောင်း သိရတယ်။အဲဒီအနက်ကို "ညှဉ်းဆဲသူကား၊ အနာများ"လို့ ဆောင်ပုဒ်တပိုင်း စီထားတယ်။ ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်ယင် ကျန်းမာတယ်၊ အဲဒီ အနက်ကို ဒီလို အတိုချုပ်ဟောထားတယ်။

(၂-ခ) အပ္ပါဗာဓသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ သတ္တာနံ အဝိဟေဌကဇာတိကော ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယောအယံ- အကြင်သူသည်၊ သတ္တာနံ-သတ္တဝါတို့ကို၊အဝိဟေဌကဇာတိကော-မညှဉ်းဆဲတတ်သော သဘောရှိသည်၊ ဟောတိ-ဖြစ်၏၊ တဿ-ထိုသူ၏၊ သော ပဋိပဒါ-သတ္တဝါတို့ကို မညှဉ်းဆဲသော ဤအကျင့်သည်၊ အပ္ပါဗာဓသံဝတ္တနိကာ-အနာနည်းခြင်း ကျန်းမာခြင်းကို ဖြစ်စေတတ်သည် တဲ့။

အဲဒီအနက်ကို ဆောင်ပုဒ်မှာ "သနား ကျန်းမာသည်လို့" နောက်ပိုင်းအဖြစ် စီထားတယ်။ အဲဒီမှာ သနားယင် ကျန်းမာတတ်တယ်လို့ ဆိုခြင်းဖြင့် မညှဉ်းဆဲယင် ကျန်းမာတတ်တယ်ဆိုတဲ့ အနက်ကို သိစေပါတယ်၊ သနားတယ်ဆိုယင် မညှဉ်းဆဲတတ်ဘူး ဆိုတာ ထင်ရှားပါတယ်။ အဲဒီ ဆောင်ပုဒ်နောက်ပိုင်းကို ရှေ့ပိုင်းနဲ့ ဆက်စပ်ပြီး ဆိုကြရမယ်။

(၂) ညှဉ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်။

မသနားမညှာတာပဲ သူတပါးကို ညှဉ်းဆဲတဲ့သူမှာ အနာရောဂါများတတ်တယ်၊ ယခု အနာရောဂါများပြီး မကျန်းမာတဲ့သူတွေဟာ ညှဉ်းဆဲခဲ့ဘူးလို့ဘဲလို့ မှတ်ရမယ်၊ သူတပါးကို သနားညှာတာသောအားဖြင့် မညှဉ်းဆဲတဲ့သူဟာ အနာရောဂါနည်းပါးပြီး ကျန်းမာတတ်တယ်၊ ယခုအနာရောဂါနည်းပါးပြီး ကျန်းမာမှုများနေတဲ့သူတွေဟာ ညှဉ်းဆဲမှုကင်းခဲ့လို့ဘဲလို့ မှတ်ရမယ်။ ယခု တတိယမေးခွန်း၏ အဖြေကို ဟောရမယ်၊ ပါဠိတော့ အတိုချုပ်ပဲ ပြရမယ်။

## အရုပ်ဆိုးခြင်း, အဆင်းလှခြင်း၏အကြောင်းကံ

(၃-က) ဒေါသကြီး၍ အမျက်ထွက်ပြီး ဒေါသအလျောက် ပြောဆိုပြုမူလျှင် အပါယ်ငရဲသို့ ကျရောက်တတ်သည်၊ လူ့ဘဝ ရောက်လာလျှင်လဲ အဆင်းမလှ အရုပ်ဆိုးတတ်သည်။အဲဒီအနက်ကို ဒီလို အကျဉ်းချုပ်ဟောထားပါတယ်။

ဒုဗ္ဗဏ္ဏသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ကောဓနော ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယော အယံ-အကြင်သူသည်၊ ကောဓနော-အမျက်ဒေါသကြီးသည်၊ ဟောတိ-ဖြစ်၏၊ တဿ-ထိုသူ၏၊ ဧသာ ပဋိပဒါ- အမျက်ဒေါသကြီးသော ဤအကျင့်သည်၊ ဒုဗ္ဗဏ္ဏသံဝတ္တနိကာ - အဆင်းမလှခြင်း - အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်သည် တဲ့။

အမျက်ထွက်စိတ်ဆိုးယင် ချက်ခြင်းပင်မျက်နှာအနေအထား တွေပျက်ပြီး အရုပ်ဆိုးသွားတော့တာဘဲ၊ နောင်ဘဝသံသရာ၌ လူ့ဘဝပြန်ဖြစ်ယင် အရုပ်ဆိုးတတ်တယ် တဲ့။ အဲဒါကို "ဒေါသ မီးလျှံ၊အကျည်းတန်" လို့ ဆောင်ပုဒ်ရှေပိုင်းအဖြစ် စီထားတယ်။ သူတပါးက မခံသာအောင်ပြောပေမဲ့ စိတ်မဆိုးပဲ သည်းခံနေ ယင်တော့ နောက်ဘဝမှာ နတ်ရွာသုဂတိလဲ ရောက်တတ်တယ်၊ လူ့ဘဝရောက်လာပြန်ယင်လဲ အရုပ်အဆင်း လှပတင့်တယ်တတ်တယ်တဲ့။ အဲဒါကိုလဲ ဒီလို အကျဉ်းချုပ် ဟောထားပါတယ်။

(၃-ခ) ပါသာဒိကာသံဝတ္တနိကာ သော မာဏဝ ပင်္ဂိယပဒါ ယဒိဒံ အက္ကောဓနော ဟောတိ။

မာဏဝ-သူဘလုလင်၊ ယဒိဒံ=ယော အယံ-အကြင်သူသည်၊ အက္ကောဓနော-အမျက်မထွက်ပဲ သည်းခံတတ်သည်၊ ဟောတိ-ဖြစ်၏။ တဿ-ထိုသူ၏၊ သော ပဋိပဒါ-အမျက်မထွက်ပဲသည်းခံတတ်သော ဤအကျင့်သည်၊ ပါသာဒိကာသံဝတ္တနိကာ-ကြည်ညိုဘွယ်လှပခြင်းကို ဖြစ်စေတတ်သည် တဲ့။ အဲဒါကို "သည်းခံလှပသည်" လို့ ဆောင်ပုဒ် နောက်ပိုင်းအဖြစ် စီထားတယ်၊ အဲဒါကို ရှေ့ပိုင်းနဲ့ ဆက်စပ်ပြီး ဆိုကြရမယ်။

ဒေါသမီးလျှို၊ အကျည်းတန်၊ သည်းခံလှပသည်။

အဲဒီတော့ ရုပ်ရေအဆင်း လှပချင်ယင် စိတ်မဆိုးပဲ သည်းခံနေနိုင်အောင် ကြိုးစားလေ့ကျင့်ဘို့ ရှိတာဘဲ။ ယခု စတုတ္ထမေးခွန်း၏ အဖြေကို ဟောဘို့ အလှည့်ရောက်လာပြီ၊ အဲဒီအဖြေပါဠိအနက်ကိုတော့ ဆဋ္ဌမပိုင်း (နှာ ၃၃၅)မှာ ပြခဲ့ပါပြီ။ ဒါကြောင့် ဒီနေရာမှာ အစီစဉ် ပြည့်စုံရုံမျှအတွက် ဆောင်ပုဒ်လောက်ဆိုယင် တော်လောက်ပါပြီ၊ ဆိုကြရမယ်။

## အခြွေအရံ နဲခြင်း, များခြင်း၏ အကြောင်းကံ

(၄) မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံ စည်။

သူတပါးကောင်းစားချမ်းသာတာ ကြီးပွားတာကို မနာလိုယင် အပါယ်ငရဲလဲ ကျရောက်တတ်တယ်၊ လူ့ဘဝရောက်လာ

ယင်လဲ အခြေအရံ နည်းပါးတတ်တယ်၊ မနာလိုခြင်းမရှိပဲ ကြည်သာဝမ်းမြောက်မှု-မုဒိတာကို ဖြစ်စေတဲ့သူကတော့ နတ်ရွာသုဂလဲ ရောက်တတ်တယ်၊ လူ့ဘဝ ရောက်လာပြန်ယင်လဲ အခြေအရံ များတတ်တယ် တဲ့။ ယခု ပဥ္စမမေးခွန်း၏ အဖြေကို ဟောရမယ်။

## ဆင်းရဲနွမ်းပါးခြင်း, ပေါများကြွယ်ဝခြင်း၏အကြောင်းကံ

(၅-က) ထမင်း,နို့အဖျော်, အဝတ်, ယာဉ်, ပန်း,နံ့သာ, နံ့သာပျောင်း, အိပ်ရာ, အဆောက်အအုံ, ဆီမီး ဆိုတဲ့ ဒါနဝတ္ထု ၁၀-ပါးကို ရဟန်းသူမြတ်တို့အား ပေးလှူခြင်းမရှိယင်၊ သူများပေးလှူသည်ကို နှောင့်ယှက်တားမြစ်ယင် အပါယ်ငရဲလဲ ကျရောက်တတ်တယ်၊ လူ့ဘဝရောက်ပြန်ယင်လဲ ဥစ္စာမရှိပဲ ဆင်းရဲနွမ်းပါးတတ်တယ်၊ အဲဒီအနက်ကို ဒီလို အကျဉ်းချုပ် ဟောထားပါတယ်။

အပ္ပဘောဂသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ
ယဒိဒံ န ဒါတာ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ န ဒါတာ-မပေးမလှူတတ်သည်။ ဟောတိ-ဖြစ်၏၊ တဿ- ထိုသူ၏၊ သော ပဋိပဒါ-မပေးမလှူတတ်သော ဤ အကျင့်သည်၊ အပ္ပဘောဂသံဝတ္တနိကာ-ပစ္စည်းဥစ္စာနဲပါးခြင်း, ဆင်းရဲနွမ်းပါး

ခြင်းကို ဖြစ်စေတတ်သည် တဲ့။ အဲဒါကို "မပေးလှူက မွဲပြာကျ" လို့ ဆောင်ပုဒ်တပိုင်း စီထားတယ်။ ပေးလှူယင် နတ်ရွာသုဂတိ ရောက်တတ်တယ်၊ လူ့ဘဝ ရောက်လာပြန်ယင်လဲ ပေါများ ကြွယ်ဝတတ်တယ်၊ အဲဒါကိုလဲ ဒီလို အကျဉ်းချုပ် ဟောထားပါတယ်။

(၅-ခ) မဟာဘောဂသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ ဒါတာ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယော အယံ၊ အကြင်သူသည်၊ ဒါတာ-ပေးလှူတတ်သည်၊ ဟောတိ-ဖြစ်၏၊တဿ-ထိုသူ၏၊သော ပဋိပဒါ-ပေးလှူတတ်သော ဤအကျင့်သည်၊ မဟာဘောဂ သံဝတ္တနိကာ-ပစ္စည်းဥစ္စာ ပေါများကြွယ်ဝခြင်းကို ဖြစ်စေတတ် သည် တဲ့။ အဲဒါကို "လှူမှ ပေါကြွယ်သည်"လို့ ဆောင်ပုဒ် နောက်ပိုင်းအဖြစ် စီထားတယ်၊ အဲဒါကို ရှေ့ပိုင်းနဲ့ဆက်စပ်ပြီး ဆိုကြရမယ်။

(၅) မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါကြွယ် သည်။

ဒါကတော့ ဒါနကထာ အနုမောဒနာတရားတွေကို မကြာ ခဏ ကြားနေကြရလို့ ထင်ရှားနေပါပြီ။ ဒါပေမဲ့ မပေးမလှူ ယင် မွဲပြာကျတတ်တယ် ဆိုတဲ့စကားအရ အာနန္ဒသေဋ္ဌေးကြီး ဝတ္ထုကို ထုတ်ပြရဦးမယ်။

## အာနန္ဒသေဋ္ဌေးကြီးဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက သာဝတ္ထိမြို့မှာ အာနန္ဒဆိုတဲ့ သေဋ္ဌေးကြီးရှိခဲ့တယ်၊ ကုဋေ ၄၀-ပေါများကြွယ်ဝတယ်၊ အလှူဒါန်တို့နှမြောတတ်တယ်၊ သူက ၁၅-ရက်တကြိမ် ဆွေမျိုးတွေကို စည်းဝေးစေပြီး သူ့သားဖြစ်သူ မူလသိရီကို ဒီလို ဩဝါဒပေးပါသတဲ့။ ငါတို့မှာရှိနေတဲ့ ကုဋေ လေးဆယ် သော ဥစ္စာကို များလှပြီလို့မထင်မှတ်နဲ့၊ ရှိဆဲဥစ္စာကို မပေးကမ်း ရဘူး၊ ဥစ္စာအသစ်ကိုသာ ဖြစ်စေရမယ်၊ တကျပ် တကျပ်ကို တောင် ပေးကမ်းယင် ကုန်သွားတာဘဲ။ ဒါကြောင့်—

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဥပစိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။

ဒီ ဂါထာကတော့ (၃၄၆)မှာ ပြခဲ့တဲ့ တောဒေယျ၏ ဩဝါဒဂါထာနဲ့ အတူတူပါဘဲ၊ ဝမ္မိကာနံ-တောင်ပို့တို့၏-လို့ ရှိခဲ့ရာမှာ ဥပစိကာနံ-ခြကောင်တို့၏-လို့ ရှိတာလောက်ပဲ ကွဲပါ တယ်။ အဲဒီမှာ ဥပစိကာနံ-ခြကောင်တို့၏၊ သဉ္စယံ-ဆောင်ယူ လာသည့် မြေမှုန့်အစုကို-လို့ အနက်ပြန်ရုံပါဘဲ။ အဲဒီလို ဩဝါဒ ပေးပြီးနောက် အခါတပါးကျတော့ သေဆုံးသွားတယ်၊ ရွှေငွေ အိုးငါးလုံး မြှုပ်နှံထားခဲ့တာကို သူ့သားအား မပြောကြားခဲ့ ဘူး၊ အဲဒီလို သေသွားတဲ့အခါ မြို့၏ တံခါးတခုအနီးက ဒွန်း စဏ္ဍားရွာ၌ ဒွန်းစဏ္ဍားမတဦး၏ဝမ်းမှာ ပဋိသန္ဓေနေရပါသတဲ့။ အဲဒီရွာက အိမ်ခြေတထောင်ရှိတယ်၊ အာနန္ဒသေဋ္ဌေး ပဋိသန္ဓေ နေတဲ့အခါမှစပြီး အဲဒီရွာကလူတွေမှာ စားဝတ်နေရေးအတွက်

အလုပ်အကိုင် အဆင်မပြေပဲရှိနေပါသတဲ့၊ နေဝ ဘတိံ လဘတိ-လုပ်ခကိုလဲ အခါတိုင်းလို မရဘူးတဲ့၊ န ယာပနမတ္တတော မရံ ဘတ္တပိဏ္ဍမ္ပိ-မျှတနိုင်ရုံထက် အပိုအလျှံ ထမင်းကိုလဲ မရဘူးတဲ့။ ဒါကြောင့် အဲဒီရွာသားတွေက စဉ်းစားကြတယ်၊ ငါတို့ရွာမှာ ကာလကဏ္ဏိခေါ် သူယုတ်မာရှိနေဟန်တူတယ်၊ နှစ်ပိုင်းခွဲကြစို့ ဆိုပြီး ရွာကိုခွဲလိုက်ကြတယ်၊ အာနန္ဒသေဋ္ဌေး၏ မိခင်ပါတဲ့ဘက်မှာ လူတွေက ဆင်းရဲမြဲ ဆင်းရဲနေကြသတဲ့၊ ဒါကြောင့် အဲဒီအပိုင်းကလဲ ထပ်ပြီး ခွဲပြန်တယ်၊ ဒီပုံ ဒီနည်းဖြင့် ထပ်ထပ်ပြီး ခွဲလိုက်ကြတာ နောက်ဆုံးကျတော့ အာနန္ဒသေဋ္ဌေးမိခင် တဦးတည်း ဆင်းရဲဒုက္ခ ရောက်တဲ့အပိုင်း ဖြစ်သွားသတဲ့။ ဒါပေမဲ့ မိခင်ဖြစ်သူမှာတော့ ဆင်းဆင်းရဲရဲနဲ့ ကြိတ်မှိတ်ပြီး သည်းခံနေရှတယ်၊ သူ့ကို မွေးပြီးတဲ့နောက်လဲ ဆင်းဆင်းရဲရဲနဲ့ ကလေးကို မွေးမြူရပါသတဲ့။

နောက်ဆုံး ခွက်လက်စွဲပြီး တောင်းစားနိုင်လောက်တဲ့အရွယ် ရောက်တော့ မိခင်ကလဲ သည်းမခံနိုင်တော့ဘူး၊ အဲဒီသားငယ်အား တောင်းစားဘို့ ခွက်တခုပေးပြီး စွန့်လွှတ်လိုက်ပါသတဲ့။ အဲဒီအခါ အာနန္ဒသေဋ္ဌေးက ဖြစ်လာတဲ့ သူငယ်ကလေးဟာ အိမ်စဉ်လှည့်ပြီး တောင်းရမ်းနေယင်း ရှေးဘ၀သူနေခဲ့တဲ့အိမ်ကို ရောက်သွားတယ်၊ ရှေးဘ၀ကအကြောင်းအရာတွေကို မှတ်မိတဲ့ ဇာတိဿရဉာဏ် ရတာနဲ့ ငါ့အိမ်ပဲ ဆိုတဲ့အနေနဲ့ အဲဒီ သူငယ်ကလေးက တံခါးပေါက်က ဝင်သွားတယ်။ မူလ သိရိရဲ့ သားတွေက သူ့ကိုမြင်တော့ ကြောက်လန့်ပြီး ငိုကြသတဲ့၊ ကြောက်

လန့်ခြင်း၏ အကြောင်းကတော့ အဲဒီသူငယ်ကလေးရဲ့ လက်တို့ ခြေတို့ နားနှာခေါင်းတို့ ပါးစပ်မျက်နှာတို့ တည်နေပုံက အချိုး မကျဘူး၊ တစ္ဆေရုပ်ပုံမျိုး ဖြစ်နေပါသတဲ့။

အဲဒီငိုကြတဲ့ကလေးတွေဆိုတာလဲ တခြားသူတွေမဟုတ်ဘူး၊ မူလသိရီ၏ သားတွေဆိုတော့ အာနန္ဒသူငယ်၏ မြေးတွေပေါ့၊ အဲဒီလို ကလေးတွေငိုတဲ့အခါ ကလေးထိန်းတွေက ကြည့်လိုက်တော့ အဲဒီ အလှန်အရုပ်ဆိုးတဲ့ အာနန္ဒသူငယ်ကို တွေ့ကြတယ်၊ အဲဒီတော့ "ဟဲ့-သူယုတ်မာ ထွက်သွားဟဲ့" ဆိုပြီးတော့ ရိုက်နှက်ပြီး အမှိုက်ပုံမှာ တင်ထားကြသတဲ့၊ အမှိုက်လို့ သဘောထားကြတာပေါ့။ အဲဒီအခါ မြတ်စွာဘုရားက နောက်ပါအရှင်အာနန္ဒာနှင့်တကွ ဆွမ်းခံကြွတော်မူယင်း အဲဒီနေရာ ရောက်သွားတော်မူတယ်။ အရှင်အာနန္ဒာက မေးလျှောက်လို့ မြတ်စွာဘုရားက အကြောင်းအရာအလုံးစုံကို မိန့်ကြားတော်မူတယ်။

အဲဒီတော့ အရှင်အာနန္ဒာက မူလသိရီကို ခေါ်စေတယ်၊ လူအများကလဲ အဲဒီနေရာမှာ လာရောက် စုဝေး နေကြတယ်။ မြတ်စွာဘုရားက မူလသိရီကို "ဒီကလေး သိရဲ့လား" လို့ မေးတော်မူတည်။ မသိပါ-လို့ လျှောက်တယ်။ သင့်ဖခင် အာနန္ဒသေဌေးဘဲ-လို့ မိန့်ကြားတော်မူတယ်။ မူလသိရီက မယုံဘူး-လို့ ဆိုတယ်။ ဒီတော့ မြတ်စွာဘုရားက "ဟဲ့-အာနန္ဒသေဌေး သင်မြှုပ်နှံ သိမ်းဆည်းထားခဲ့တဲ့ ရွှေငွေအိုးကြီး ငါးလုံးကို သင့်သားအား ပြောလိုက်" လို့ မိန့်တော်မူတယ်။ အဲဒီသူငယ်က ရွှေငွေအိုးတွေ မြှုပ်ထားရာဌာနပြပေးလို့ အဲဒီရတနာအိုးတွေ တူးဖော်

ရရှိတဲ့အခါ မူလသိရိဟာ မြတ်စွာဘုရားကို ကြည်ညိုတဲ့ သဒ္ဓါ ဖြစ်ပြီးတော့ သရဏဂုံ ဆောက်တည်ပြီး ဗုဒ္ဓ သာသနာဝင် ဖြစ်လာပါသတဲ့။ အဲဒီအခါ မြတ်စွာဘုရားက ဂါထာတပုဒ် တရားကို ဒီလို ဟောကြားတော်မူပါတယ်။

> ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ၊
> ဣတိ ဗာလော ဝိဟညတိ။
> အတ္တာ ဟိ အတ္တနော နတ္ထိ၊
> ကုတော ပုတ္တာ ကုတော ဓနံ။

မေ-ငါ့မှာ၊ ပုတ္တာ အတ္ထိ-သား သမီးတွေရှိကြသည်၊ မေ-ငါ့မှာ၊ ဓနံအတ္ထိ-ရွှေငွေစသော ဥစ္စာရှိသည်၊ ဣတိ-ဤသို့ ထင်မှတ်လျက်၊ ဗာလော-သံသရာအရေးကို မြှော်တွေးမြင်သိတဲ့ ပညာမရှိသော လူမိုက်သည်၊ ဝိဟညတိ-သား သမီး ဥစ္စာတို့နှင့် စပ်၍ ပင်ပန်းလျက် ရှိချေသည်။

သားသမီးတွေ ဥစ္စာတွေဟာ မိမိကိုယ်ပိုင် တကယ်အားကိုးရာတွေပဲလို့ ထင်ပြီး အဲဒါတွေနဲ့စပ်ပြီး ပူပန်ကြောင့်ကြနေတယ်၊ ပျက်စီးခဲ့ဘူးတာရှိယင်လဲ စိုးရိမ်ပူဆွေးနေတယ်၊ ပျက်စီးမည့် အရေးကို မြှော်တွေးပြီးတော့ ပူပန်ကြောင့်ကြနေတယ်၊ပျက်စီး နေဆဲအတွက် ကိုယ်စိတ် ဆင်းရဲတာကိုတော့ အထူးပြောစရာ မလိုပါဘူး၊ မရသေးတဲ့ စီးပွားဥစ္စာတွေကို ရအောင် အားထုတ် လုပ်ကိုင်ပြီးတော့လဲ ပင်ပန်းနေရတယ်၊ သားသမီးတွေ ကျွေး မွေးပြုစုနေရတဲ့အတွက်လဲ ပင်ပန်း ဆင်းရဲနေရတယ်လို့ ဆိုလိုပါ တယ်။ ဒါပေမဲ—

အတ္တာ ဟိ-မိမိကိုယ်သည်ပင်၊ အတ္တနော-မိမိမှာ၊ နတ္ထိ-ဘကယ် အားကိုးရာအဖြစ်ဖြင့် မရှိချေ။ သေရတော့မယ်ဆိုတဲ့အခါမျိုးကျတော့ မိမိကိုယ်တောင်မှ အားမကိုးရတော့ဘူးလို့ ဆိုလိုပါတယ်၊ သေပြီးတဲ့အခါလဲ အပါယ်မကျရအောင်၊ မဆင်းရဲမဒွမ်းပါးရအောင် မိမိကိုယ်တောင်မှ အားမကိုးရဘူးလို့ ဆိုလိုပါတယ်။ ပုတ္တာ-သားသမီးတို့သည်၊ ကုတော-တကယ်အားကိုးရာအနေဖြင့် ရှိသည်ဟု အဘယ်မှာ ဆိုဘွယ်ရာ ရှိအံ့နည်း။ ကုတော ဓနံ-တကယ်အားကိုးရာ ဥစ္စာရှိသည်ဟု ဘယ်မှာဆိုဘွယ်ရာ ရှိအံ့နည်း။

ယခုပြောခဲ့တဲ့ အာနန္ဒသေဌေးကြီးဟာ သေသည်နှင့် တပြိုင်နက် ဆင်းရဲဒုက္ခရောက်သွားရရှာတယ်၊ ပေးလှူမှုဒါနကုသိုလ်ကို အားမကိုးပဲ သားနှင့် ပစ္စည်းကိုသာ အားကိုးမိတဲ့အတွက် အတိဒုက္ခ ရောက်သွားရရှာတာဘဲ။ ပေးလှူလို့ ချမ်းသာကြွယ်ဝတဲ့ဝတ္ထုကြောင်းတွေကတော့ များစွာရှိပါတယ်၊ ရာဇဂြိုဟ်မြို့ကဗ္ဗန္ဒကဆိုတဲ့လူဟာ အရှင်အနုရုဒ္ဓါမထေရ်အား ဆွမ်းတဇွန်းပေးလှူတာနဲ့ နတ်ပြည်ရောက်ပြီး ဘုန်းတန်ခိုးကြီးတဲ့ နတ်ဖြစ်ရဘယ်၊ အဲဒါကို ခဏ ခဏ ပြောနေကျပါဘဲ။ ဒါကြောင့် "မပေးလှူက၊ မွဲပြာကျ၊ လှူမှုပေါ်ကြွယ်သည်" ဆိုတဲ့ ဒိတရားဟာ သိလဲ သိထားဘို့၊ သိပြီးတော့ ကျင့်လဲ ကျင့်ဘို့ အလွန်ပင် အရေးကြီးပါတယ်၊ ဒါပေမဲ့ ဗုဒ္ဓသာသနာဝင် မြန်မာပြည်သူပြည်သားတွေကတော့ ပေးလှူတဲ့ကိစ္စမှာ လိုတာ မရှိပါဘူး၊ အများအားဖြင့် ပြည့်စုံနေကြတာချည်းပါဘဲ။

## အမျိုးယုတ်, အမျိုးမြတ်ဖြစ်ခြင်း၏ အကြောင်းကံ

(၆-က) ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ရှိခိုးထိုက်သူကို ရှိမခိုးယင်၊ ရိုသေထိုက်သူကို မရိုသေယင် အပါယ်ငရဲကျရောက်တတ်တယ်၊ လူ့ဘဝရောက်လာယင်လဲ ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်တတ်တယ်၊ အဲဒီအနက်ကို ဒီလို အကျဉ်းချုပ် ဟောထားပါတယ်။

> နီစကုလီနသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ ထဒ္ဓေါ ဟောတိ အတိမာနီ အဘိဝါဒေတဗ္ဗံ န အဘိဝါဒေတိ-စသည်။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယော အယံ-အကြင်သူသည်၊ ထဒ္ဓေါ-မရိုသေ မကိုင်းညွတ် နိုင်လောက်အောင် မာနဖြင့် တောင့်မာလျက်ရှိသည်၊ အတိမာနီ-မိမိကိုယ်ကို အထင်ကြီးလျက် သူတပါးကို အထင်သေးသည်၊ ဟောတိ-ဖြစ်၏၊ အဘိဝါဒေတဗ္ဗံ-ရှိခိုးထိုက်သောသူကို၊ န အဘိဝါဒေတိ-ရှိမခိုးချေ၊(နေရာမှထ၍ အရိုအသေပြုသင့်သူကို အရိုအသေမပြု၊ နေရာဖယ်ပေးသင့်သူကို နေရာဖယ်မပေး၊ လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်မပေး၊ ရိုသေသင့်သူကို မရိုသေ၊အလေးပြုသင့်သူကို အလေးမပြု၊ မြတ်နိုးသင့်သူကို မမြတ်နိုး၊ ပူဇော်သင့်သူကို မပူဇော်။) တဿ-ထိုသူ၏၊ သော ပဋိပဒါ-မရိုသေမကိုင်းညွတ်နိုင်အောင် မာန်ထောင် တောင့်တင်းသော ဤအကျင့်သည်၊ နီစကုလီနသံဝတ္တနိကာ-အမျိုးယုတ် အမျိုးညံ့၌ ဖြစ်ခြင်းကို ဖြစ်စေတတ်သည်တဲ့။

ရှိခိုးထိုက် ရိုသေထိုက်သူဆိုတာ မိဘ စသည် အသက်ကြီး သောသူ သီလစသည်နှင့် ပြည့်စုံသော ရှင်ရဟန်းစသော သူတို ပင် ဖြစ်တယ်၊ အသက်ကြီးတဲ့ မိဘ ဘိုးဘွားစသည်ကို ရှိခိုး သင့် ရှိခိုးထိုက်တယ်၊ ရှိမခိုးတောင် အရိုအသေတော့ ပြုထိုက် တာဘဲ၊ မိမိထက် သီလစသည် ပြည့်စုံတဲ့ ရှင်ရဟန်း စသည်ကို ရှိခိုးထိုက်တယ်၊ ဘုရားစစ် ဘုရားမှန် သံဃာအစစ်အမှန်တို့ကို ရှိခိုး ထိုက်တယ်၊ ရိုသေထိုက်တယ်၊ အဲဒီ ရှိခိုးထိုက် ရိုသေထိုက် သူတွေကို မာနဖြင့် မရှိမသေပြုလျှင် ငရဲလဲ ကျတတ်တယ်၊ လူဖြစ်လာယင်လဲ အမျိုးယုတ် အမျိုးညံ့ထဲမှာ ဖြစ်ရတတ်တယ် တဲ့။ အဲဒါကို "မရှိမသေ၊ မျိုးယုတ်ချေ" လို့ ဆောင်ပုဒ်တစိတ် စီထားတယ်။

(၆-ခ) မန်မာနမထားဘဲ ရှိခိုးထိုက်သူကို ရှိခိုးယင်၊ ရိုသေ ထိုက်သူကို ရိုသေယင် နတ်ရွာသုဂတိရောက်ဘတ်တယ်၊ လူဖြစ် လာယင်လဲ အမျိုးမြတ်ထဲ၌ ဖြစ်ရတယ်။ အဲဒါကိုလဲ ဒီလို အကျဉ်းချုပ် ဟောထားပါတယ်။

> ဥစ္စာကုလီနသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ အတ္တဒ္ဓေါ ဟောတိ အနတိမာနီ အဘိဝါဒေ တဗ္ဗံ အဘိဝါဒေတိ-စသည်။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယော အယံ-အကြင်သူသည်၊ အတ္ထဒ္ဓေါ-မာနဖြင့် မတောင့်တင်းပဲ နူးညံ့ပျော့ပျောင်းသည်၊ အနတိမာနီ-မိမိကိုယ်ကို အလွန်အထင်မကြီးသည်၊ ဟောတိ-

ဖြစ်၏၊ အဘိဝ·ါဒေတဗ္ဗံ အဘိဝါဒေတိ-ရှိခိုးထိုက်သူကို ရှိခိုး၏။ (နေရာမှ ထပေးခြင်း ရိုသေခြင်းစသည်ကို ပြု၏) တဿ-ထိုသူ၏၊ သော ပဒ္ဓိဒါ-မန်မာနမကြီးပဲ ရှိခိုးခြင်းစသည်ကို ပြုသော ဤအကျင့်သည်၊ ဥစ္စာကုလီနသံဝတ္တနိကာ-အမျိုးမြတ်ထဲ၌ ဖြစ်ခြင်းကို ဖြစ်စေတတ်သည် တဲ့။ အဲဒါကိုလဲ "ရိုသေမျိုးမြတ်သည်"လို့ နောက်ပိုင်းဆောင်ပုဒ်အဖြစ် စီထားတယ်၊ အဲဒါကို ရှေ့ပိုင်းနဲ့ ဆက်စပ်ပြီး ဆိုကြရမယ်။

(၆) မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေမျိုးမြတ်သည်။

ဒီထိအောင် အကျိုးပေးကွဲပြားပုံ ခြောက်မျိုးဟာ ဆင်းရဲချမ်းသာအနေဖြင့် အထူးထင်ရှားတယ်၊ အသက်တိုယင်, အနာများယင်, အရုပ်ဆိုးယင်, အခြွေအရံနဲ့ယင်, ပစ္စည်းမရှိယင်, အမျိုးယုတ်ညံ့ယင် ဆင်းရဲတာဘဲ၊ အသက်ရှည်ယင်, အနာကင်းယင်, အဆင်းလှယင်, အခြွေအရံများယင်, ပေါများကြွယ်ဝယင်,အမျိုးမြတ်ယင် ချမ်းသာတယ်လို့ ဆိုရတာဘဲ။ဒါကြောင့် ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ မဆုတ်ယုတ်ပဲ ချမ်းသာမြဲချမ်းသာကြပါစေ-လို့ မေတ္တာ ကရုဏာ မုဒိတာကို ပွားစေတာဟာ ဒီ ၆-မျိုးနဲ့ပိုပြီး သက်ဆိုင်တယ်၊ ထို့အတူပင် ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်လို့ ဥပေက္ခာကို ပွားစေတာလဲ ဒီ ၆-မျိုးနဲ့ပိုပြီး ဆိုင်တာပါဘဲ။ ဆိုင်ပုံကတော့- ချမ်းသာကြပါစေ- စသည်ဖြင့် မေတ္တာ ကရုဏာ မုဒိတာတို့ကို ပွားစေခြင်းကြောင့် သတ္တဝါတွေမှာ အသက်ရှည်ခြင်း အနာကင်းခြင်း စသော အကျိုးကို လိုသလောက်

မပြီးစေနိုင်ဘူး၊ အသက်ရှည်စေတတ်သောကံ ကျန်းမာစေတတ်သောကံ စသည်ရှိမှသာလျှင် လိုသလောက် ပြည့်စုံနိုင်တယ်၊ ဒါကြောင့် ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်လို့ နှလုံးသွင်းရတဲ့ ဥပေက္ခာနှင့် ဒီ ၆-မျိုးပိုပြီးဆိုင်တယ်၊ ပိုပြီးဆိုင်တဲ့အတွက် ဒီနေရာမှာ မေတ္တာစသည်ကို ရွတ်ဆိုပွားများပြီးတော့ ဥပေက္ခာကိုလဲ ရွတ်ဆိုပွားများကြရမယ်။

အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

အားလုံးသတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ.... လွတ်မြောက်ကြပါစေ။

အားလုံးသတ္တဝါတွေ ရရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ငဲ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ....

## ဥပေက္ခာ ၁၃၂-ပါး ပွားပုံ

အားလုံးသတ္တဝါတွေ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်၊ ကံအားလျော်စွာ ဖြစ်နေကြရသည်။

ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှုကောင်းစားသည်။
ဆိုးကောင်းနှင့်တန်၊ ကံစီမံ၊ ခံ-စံကြရသည်။

အားလုံးအသက်ရှူသူတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်။

အားလုံး ထင်ရှားဖြစ်သူတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်။

အားလုံး ပုဂ္ဂိုလ်တွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်။

ယခု ရွတ်ဆိုပွားများခဲ့တဲ့ ငါးပုဒ်က အပိုင်းအခြား အကန့်အသတ်မရှိတဲ့ သတ္တဝါတွေကို လျှစ်လျူရှုတဲ့ အနောဓိသဥပေက္ခာ (၅)ပါးဘဲ။ ယခု သြဓိသဥပေက္ခာ (၇) ပါးကိုလဲ ရွတ်ဆိုပွားများကြရဦးမယ်။

အားလုံး အမျိုးသမီးတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အားလုံး အမျိုးသားတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အားလုံး အရိယာတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အားလုံး ပုထုဇဉ်တွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အားလုံး နတ်တွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အားလုံး လူတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

ဒါက သြဓိသဥပေက္ခာ (၇)ပါးပွားပုံဘဲ။ အဲဒီ သြဓိသ (၇)ပါးနှင့် ရှေ့နားက အနောဓိသ (၅)ပါးကို ပေါင်းလိုက်ယင် ၁၂-ပါးရတယ်၊ အဲဒါဟာ အရပ်မျက်နှာဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိတဲ့ ဒိသာအနောဓိသဥပေက္ခာ ၁၂-ပါးဘဲ။

အရပ်နှာဖြင့်ပိုင်းခြားကန့်သတ်ပြီး ပွားတဲ့အခါလဲ အရပ်မျက်နှာ တခု တခုမှာ နည်းတူပင် ၁၂-ပါးစီ ရတယ်၊ အရပ်မျက်နှာ ဆယ်ခုဆိုတော့ ၁၂၀-ရတယ်၊ အဲဒါက ဒိသာဩဓိသဥပေက္ခာ ၁၂၀-တဲ့၊ အဲဒီ ၁၂၀-ကိုလဲ အကျဉ်းချုပ် ရွတ်ဆိုပွားများကြရမယ်။ လိုက်ဆိုကြ။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အရှေ့အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်အရပ်က အားလုံး သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

မြောက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

တောင်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အရှေ့တောင်အရပ်က အားလုံး သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အရှေ့တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်မြောက်အရပ်က အားလုံး သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်မြောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အရှေ့မြောက်အရပ်က အားလုံး သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အရှေ့မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်တောင်အရပ်က အားလုံး သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်တောင်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အောက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အောက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အထက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အထက်အရပ်က အားလုံး အပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

ယခု ရွတ်ဆိုခဲ့ကြတာတွေဟာ ဒိသာညြိမိသဉပေက္ခာ ၁၂၀ အကျဉ်းချုပ်ပါဘဲ၊ အဲဒါတွေကို ရှေးနားက ဆိုခဲ့တဲ့ ဒိသာ အဇနောဓိသ ၁၂-ပါးနှင့် ပေါင်းလိုက်ယင် ဥပေက္ခာ ၁၃၂-ပါး ဖြစ်တယ်။ ဥပေက္ခာပွားပုံကတော့ စုံသွားပြီ၊ ဒါပေမဲ့ သုဘ လုလင်၏ အမေးကို ဖြေကြားတဲ့ အဖြေ(၇)ပါးထဲက နောက်ဆုံး အဖြေကို ပြောဘို့ ကျန်နေသေးတယ်၊ အဲဒါကို ယခုဆက်ဟောရမယ်။

## အသိဉာဏ်နည်းခြင်းနှင့် ကြီးခြင်း၏ အကြောင်းကံ

(၇-က) ဣဓ မာဏဝ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ န ပရိပုစ္ဆိတာ ဟောတိ "ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ၊ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ၊ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ၊ ကိံ မေ ကရိယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရိယမာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတီ"တိ။

မာဃဝ-သုဘလုလင်၊ ဣမ-ဤလောက၌၊ ကေစ္စ ဣတ္ထိ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူသည်၊ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ-ရဟန်းကိုဖြစ်စေ သူမြတ်ကိုဖြစ်စေ ချဉ်းကပ်၍၊ န ပရိပုစ္ဆိတာ ဟောတိ-မမေးတတ်ချေ၊ (ဘယ်လို မေးသင့်သလဲ ဆိုတော့) ဘန္တေ-အရှင်ဘုရား၊ ကိံ ကုသလံ ကိံ အကုသလံ၊ ကုသိုလ်က ဘယ်ဟာပါလဲ အကုသိုလ်က ဘယ်ဟာပါလဲ၊ ကိံ သာဝဇ္ဇံ ကိံ အနဝဇ္ဇံ-ဘယ်ဟာက အပြစ်ရှိပါသလဲ ဘယ်ဟာက အပြစ်မရှိပါသလဲ၊ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ-ဘယ်ဟာကို မှီဝဲသင့်ပါသလဲ ဘယ်ဟာကို မမှီဝဲသင့်ပါသလဲ၊ ကိံ ကရိယမာနံ-ဘယ်ဟာကို ပြုလုပ်လျှင်၊ မေ-အကျွန်ုပ်မှာ၊ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ-ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားမဲ့အလို့ငှါ ဆင်းရဲရန်အလို့ငှါ ဖြစ်ပါသလဲ၊ ဝါပန-ထို့မှတပါး၊ ကိံ ကရိယမာနံ-ဘယ်ဟာကိုပြုလျှင်၊ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ-ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားအလို့ငှါ ချမ်းသာရန်အလို့ငှါ ဖြစ်ပါသလဲ၊ ဣတိ-ဤသို့ မမေးတတ်ချေ-မမေးပဲ နေချေသည်။

တချို့လူက တတ်သိနားလည်တဲ့သူထံ ချဉ်းကပ်ပြီး မမေးတတ်ဘူး၊ မသိနားမလည်တာကို မေးသင့်တာဘဲ၊ "မသိ မေး, မစင် ဆေး"ဆိုတဲ့ ဗမာစကားပုံအရ မသိယင် မေးသင့်တာဘဲ၊ ဒါပေမဲ့ တချို့လူက မေးမြန်းခြင်းမရှိပဲ ပုံတော်သလိုနေနေဘယ်၊ အဲဒါဟာ ပြုသင့်တဲ့ကျင့်ဝတ် ချို့ယွင်းနေတာဘဲ။ လောကမှာ

စီးပွားရေးရာနှင့်စပ်ပြီး မသိနားမလည်တာကို သိနားလည်အောင် မေးဘန်မေးရတယ်၊ သင်ကြားသင့်တာဆိုယင်လဲ သင်ကြားလေ့လာရတယ်၊ အဲဒီလို မေးသင့်တာမေးပြီးတော့ သင်ကြားသင့်တာကို သင်ကြားလေ့လာပါမှ တတ်သိနားလည်ပြီး စီးပွားဖြစ်အောင် လုပ်ကိုင်နိုင်တယ်။ အဲဒါလိုဘဲ သံသရာရေးနဲ့ စပ်ပြီးတော့လဲ မသိနားမလည်တာကို မေးသင့်တာဘဲ၊ ကုသိုလ်ဆိုတာ ဘယ်လိုဟာလဲ၊ ဘယ်လိုဟာကို ကုသိုလ်ခေါ်ပါသလဲ၊ အကုသိုလ်ဆိုတာ ဘယ်လိုဟာလဲ၊ ဘယ်လိုဟာကို အကုသိုလ်ခေါ်ပါသလဲ၊ ဘယ်လိုအမှုက အပြစ်ရှိပါသလဲ၊ ဘယ်လိုအမှုက အပြစ်ကင်းပါသလဲ၊ ဘယ်လိုဟာကို မှီဝဲသင့်-ပြုလုပ်သင့်ပါသလဲ၊ ဘယ်လိုဟာကို မမှီဝဲသင့်-ရှောင်သင့်ပါသလဲ၊ ဘယ်လိုအမှုကိုပြုယင် ရှည်စွာသော ကာလပတ်လုံး အကျိုးမဲ့ဆင်းရဲဘို့ ဖြစ်ပါသလဲ၊ ဘယ်လိုအမှုပြုယင်တော့ အကျိုးများဘို့ ချမ်းသာဘို့ ဖြစ်ပါသလဲ-လို့မေးသင့်တယ်၊ ဒါပေမဲ့ အသိအလိမ္မာပညာဘက်မှာ စိတ်မဝင်စားတဲ့လူက အဲဒီလို စုံစမ်းမေးမြန်းခြင်း မပြုပဲ မိမွေးတိုင်း ဖမွေးတိုင်း ပုံတော်သလို နေနေတယ် တဲ့။

အဲဒီလို မမေးတော့ မသိဘူး၊ မသိတော့ မတော်မသင့်တာတွေလဲ ပြုမိတာပေါ့။ ဒါကြောင့် အဲဒီလို ကုသိုလ်ရေးနဲ့စပ်ပြီး မမေးမြန်း မလေ့လာတဲ့သူဟာ မတော်တာကို ပြုမိတဲ့အတွက် သေပြီးတဲ့အခါ အပါယ်ငရဲ ကျရောက်တတ်တယ်၊ လူ့ဘဝ ရောက်လာပြန်ယင်လဲ ကုသိုလ် ပညာရေးဘက်မှာ မမေးမြန်း မလေ့လာခဲ့သောကြောင့် အသိဉာဏ်ကင်းမဲ့ဘဲ လူဘုလ လူမိုက်

ဖြစ်တတ်ပါတယ် တဲ့။ အဲဒီအကြောင်းကို ဒီလိုအကျဉ်းချုပ်လဲ ဟောထားပါသေးတယ်။

> ဒုပ္ပညံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ န ပရိပုစ္ဆိတာ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ=ယော အယံ-အကြင်သူသည်၊ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ-ရဟန်းကို ဖြစ်စေ၊ သူမြတ်ကိုဖြစ်စေ ချဉ်းကပ်၍၊ န ပရိပုစ္ဆိတာ ဟောတိ-မမေးမြန်းပဲ ရှိ၏၊ တဿ-ထိုသူ၏၊ သော ပဋိပဒါ-မမေးမြန်းပဲနေသော ဤအကျင့်သည်၊ ဒုပ္ပညံဝတ္တနိကာ-အသိအလိမ္မာဉာဏ် ပညာကင်းမဲ့ခြင်းကို ဖြစ်စေတတ်သည်တဲ့။ အဲဒီအနက်ကို "မမေး မမြန်း၊ ဉာဏ်မြင်ကန်း" လို့ ဆောင်ပုဒ် တစိတ်စီထားတယ်။

(၇-ခ) မသိနားမလည်တာကို မေးမြန်းစုံစမ်းယင် သင်ကြားလေ့လာယင်တော့ တတ်သိနားလည်တယ်၊ တတ်သိနားလည်တဲ့အလျောက် မသင့်မတော်တာကို မပြုဘူး၊ သင့်တော်တဲ့အမှုကိုသာပြုတယ်၊ ဒါကြောင့် သေပြီးတဲ့အခါ နတ်ရွာသုဂတိကို ရောက်ရတယ်၊ လူဖြစ်လာယင်လဲ ရှေးက အသိအလိမ္မာပညာဘက်မှာ မေးမြန်း သင်ကြား လေ့လာခဲ့သောကြောင့် ဉာဏ်ပညာကြီးသူ ဉာဏ်ပညာထက်မြက်သူ ဖြစ်ပါတယ် တဲ့။ အဲဒီအနက်လဲ ဒီလို အကျဉ်းချုပ် ဟောထားပါတယ်။

မဟာပညသံဝတ္တနိကာ ဧသော မာဏာဝ ပဋိပဒါ ယဒိဒံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ ပရိပုစ္ဆိတာ ဟောတိ။

မာဏဝ- သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ- ရဟန်းကိုဖြစ်စေ သူမြတ်ကိုဖြစ်စေ ချဉ်းကပ်၍၊ ပရိပုစ္ဆိတာ ဟောတိ- မေးမြန်းစုံစမ်းတတ်၏၊ တဿ-ထိုသူ၏၊ ဧသော ပဋိပဒါ- မေးမြန်းစုံစမ်းသော ဤအကျင့်သည်၊ မဟာပညသံဝတ္တနိကာ- အသိအလိမ္မာ ဉာဏ်ပညာကြီးခြင်းကို ဖြစ်စေတတ်သည် တဲ့။ အဲဒါကို "စုံစမ်းဉာဏ်ကြီးသည်"လို့ ဆောင်ပုဒ်နောက်ပိုင်းအဖြစ် စီထားတယ်၊ အဲဒါကို ရှေ့ပိုင်းနဲ့ ဆက်စပ်ပြီး ဆိုကြရမယ်။

(၇) မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်းဉာဏ်ကြီးသည်။

မေးမြန်းယင် ဉာဏ်ကြီးတယ် တဲ့။ ဘယ်လို မေးရမှာလဲ ဆိုတော့ ကုသိုလ်က ဘယ်ဟာလဲ ဘယ်ဟာက ကုသိုလ်လဲ စသည်ဖြင့် မေးဘို့ပါဘဲ၊ ကုသိုလ်ဆိုတာ ကောင်းတဲ့တရားဘဲ၊ အနဝဇ္ဇလို့ ဆိုရတဲ့ အပြစ်ကင်းတဲ့တရားဘဲ၊ သေဝိတဗ္ဗလို့ ဆိုရတဲ့ မှီဝဲသင့်တဲ့တရားဘဲ၊ မှီဝဲသင့်ယင် ပြုလုပ်သင့်တာဘဲ၊ အဲဒီကုသိုလ်တရားကို ပြုလုပ်ယင် ယခုမျက်မှောက်မှာရော နောင်သံသရာ တလျှောက်လုံးမှာရော အကျိုးများဘို့ ချမ်းသာသွားဘို့ ဖြစ်တယ်။ အကုသိုလ်ဆိုတာကတော့ မကောင်းတဲ့တရား၊ မကောင်းကျိုးပေးတတ်လို့အပြစ်ရှိတဲ့တရား၊ မမှီဝဲသင့်မပြုသင့်တဲ့တရားဘဲ၊ ပြုလို့ရှိယင် ယခုမျက်မှောက်မှာရော နောင်သံသရာ တလျှောက်

လုံးမှာရော အပါယ်ငရဲစသည်ကို ကျရောက်ပြီး အကျိုးမဲ့ဖြစ်စေ တတ်တဲ့တရားဆိုး, ဆင်းရဲဒုက္ခ ရောက်စေတတ်တဲ့ တရားဆိုးဘဲ။ အဲဒီ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲခြားပြီး သိနားလည်ထားဘို့ လိုပါတယ်။ ယခု ဒီမှာ တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ သိနားလည်ပြီးတွေပဲ များပါလိမ့်မယ်၊ ဒါပေမဲ့အဲဒီအကုသိုလ်နဲ့ ကုသိုလ်ကိုဟောဘို့ အကြောင်းကို ရောက်နေတော့ အဲဒါကို·အကျဉ်း ချုပ်လောက်တော့ ခွဲခြားပြီး ဟောရဦးမှာဘဲ။

## မမှီဝဲသင့်- မပြုသင့်တဲ့ အကုသိုလ်

အကုသိုလ်ဆိုတာ အကျဉ်းချုပ်အားဖြင့် ဒုစရိုက် ၁၀-ပါး ပါဘဲ၊ ဘာတွေလဲဆိုယင်- (၁) ပါဏာတိပါတ- သူတပါးကို သတ်ခြင်း၊ (၂) အဒိန္နာဒါန- ပိုင်ရှင်ကမပေးတဲ့ သူတပါး ဥစ္စာကို လုယက်ခိုးယူခြင်း၊ (၃) ကာမေသုမိစ္ဆာစာရ- မပိုင်ဆိုင် သော ကာမဂုဏ်တို့၌ ကျူးလွန်မှားယွင်းခြင်းဆိုတဲ့ ဒီကာယကံ က(၃)ပါး။ (၁) မုသာဝါဒ-မဟုတ်မမှန်တာကို အဟုတ်အမှန် အနေဖြင့် လိမ်ပြောခြင်း၊ (၂) ပိသုဏာဝါစာ- ဂုံးတိုက်ပြောဆို ခြင်း၊ (၃) ဖရုသဝါစာ- ဆဲရေးခြင်း၊ (၄) သမ္ဖပ္ပလာပ- အကျိုးရှိပုံပြင်စသော အနှစ်မဲ့စကားကို ပြောဆိုခြင်းဆိုတဲ့ ဒီ ဝစီကံက (၄)ပါး။ (၁) အဘိဇ္ဈာ- သူတပါးစည်းစိမ်ကို မိမိ ပိုင်ဖြစ်အောင် မတရားကြံခြင်း၊ (၂) ဗျာပါဒ- သူတပါးကို သေပျက်စေရန်ကြံခြင်း၊ (၃) မိစ္ဆာဒိဋ္ဌိ-ကံနှင့် ကံ၏အကျိုးမရှိ ဟု ယူဆသော မိစ္ဆာဒိဋ္ဌိဆိုတဲ့ ဒီမနောကံက (၃)ပါး=ဒီဒုစရိုက်

၁၀-ပါးဟာ မမှီဝဲသင့် မပြုသင့်တဲ့ အကုသိုလ်ပါဘဲ။ ဒီဒုစရိုက် ၁၀-ပါး အကြောင်းအရာအကျယ်ကို သိချင်ယင်တော့ သလ္လေခသုတ်တရားတော် စသည်မှာ ကြည့်ရှုနိုင်ပါတယ်။ အကျဉ်းချုပ် ပြောရယင်တော့ သူတပါးအား အကျိုးမဲ့ဖြစ်အောင် ဆင်းရဲဒုက္ခရောက်အောင် ကြံမှု ပြောမှု ပြုမှုဟူသမျှဟာ မမှီဝဲသင့် မပြုသင့်တဲ့ အကုသိုလ်ချည်းပါဘဲ။

## မှီဝဲသင့်- ပြုသင့်တဲ့ကုသိုလ်

ကုသိုလ်ဆိုတာ အကျဉ်းချုပ်အားဖြင့် သုစရိုက် ၁၀-ပါး ပါဘဲ၊ ကာယကံ ဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်ယင် ကာယသုစရိုက် ၃-ပါးဖြစ်တယ်။ ဝစီကံ ဒုစရိုက် ၄-ပါးမှ ကြဉ်ရှောင်ယင် ဝစီသုစရိုက် ၄-ပါးဖြစ်တယ်၊ မနောကံ ဒုစရိုက် ၃-ပါးကို ပယ်စွန့်ယင် မနောသုစရိုက် ၃-ပါးဖြစ်တယ်။ အဲဒါတွေလဲ သလ္လေခသုတ် တရားတော်မှာ ကြည့်ရှုနိုင်ပါတယ်။

တနည်းအားဖြင့် ကုသိုလ်ဆိုတာ ဒါန သီလ ဘာဝနာ ဒီသုံးပါးပါဘဲ။ ဒါနဆိုတာ အများက သိနားလည်ပြီး ဖြစ်နေလို့ ပြောစရာ မလိုပါဘူး၊ သီလဆိုတာ မတော်မသင့်ပြုတဲ့ ပြောတဲ့ ကိုယ်အမှု နှုတ်အမှုမှ ကြဉ်ရှောင်ခြင်းပါဘဲ၊ သရုပ်အားဖြင့် ဖော်ပြရလျှင် ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ကြဉ်ရှောင်ဘို့ပါဘဲ။ ဘာဝနာဆိုတာကတော့ စိတ်တည်ငြိမ်အောင် အားထုတ်ရတဲ့ သမထဘာဝနာနဲ့ သစ္စာလေးပါးကို အမှန်အတိုင်းသိအောင် အားထုတ်ရတဲ့ ဝိပဿနာဘာဝနာလို့ ၂-မျိုးရှိတယ်။

သမထဘာဝနာဆိုတာကို ဝိသုဒ္ဓိမဂ်စသည်မှာ အမျိုးပေါင်း ၄၀-ခွဲခြားပြီး ပြထားတယ်။ အဲဒီ ၄၀-ထဲမှာ ယခုဟောနေတဲ့ ပြဟ္မဝိဟာရ ၄-ပါးလဲ ပါဝင်တယ်၊ ဒိပြင် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အရူပကမ္မဋ္ဌာန်းက ၄-ပါး၊ အာဟာရေပဋိကူလသညာက ၁-ပါး၊ စတုဓာတုဝဝတ္ထာန်က ၁-ပါး၊ အဲဒီ ၃၆-ပါးကိုလဲ သမထကမ္မဋ္ဌာန်း အဖြစ်ဖြင့် ပြထားပါတယ်။ အဲဒီ ၄၀-ထဲက စတုဓာတုဝဝတ္ထာန်ဆိုတာကတော့ ဝိပဿနာနဲ့လဲ ဆိုင်ပါတယ်။ အဲဒီ သမထကမ္မဋ္ဌာန်း ၄၀-ထဲမှ မိမိနှင့် သင့်လျော်တဲ့ ကမ္မဋ္ဌာန်း တပါးဖြစ်စေ၊ နှစ်ပါး သုံးပါး လေးပါးဖြစ်စေ တတ်သိနားလည်အောင် မေးမြန်းထားသင့်ပါတယ်။ ဒါပေမဲ့ ယခုလို တရားနာနေယင်၊ သို့မဟုတ် သက်ဆိုင်ရာ စာအုပ်များကို ကြည့်ရှုလေ့လာနေယင်လဲ မေးခြင်းကိစ္စ ပြီးပါတယ်၊ ဉာဏ်ပညာကြီးခြင်း၏ အကြောင်းဖြစ်ပါတယ်။

သာပြီးတော့ သိနားလည်ဘို့ အရေးကြီးတာကတော့ ဝိပဿနာကုသိုလ်ပါဘဲ၊ ဝိပဿနာကုသိုလ်ဖြစ်အောင် ဘယ်လို ရှုရ အားထုတ်ရပါသလဲဆိုတာ တကယ် တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်ထံမှာ မေးသင့်ပါတယ်၊ ဒါပေမဲ့ ယခုလို ဝိပဿနာတရား ကို ရိုရိုသေသေ လိုလိုချင်ချင် နာယူနေယင်လဲ မေးခြင်းကိစ္စပြီး ပါတယ်၊ ဉာဏ်ပညာကြီးခြင်း၏ အကြောင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ဝိပဿနာရှုပုံ ရှုနည်းကို တိကျမှန်ကန်စွာ ဖော်ပြထားတဲ့ ကျမ်းစာအုပ်ကို ကြည့်ရှုလေ့လာယင်လဲ မေးခြင်း

ကိစ္စ ပြီးပါတယ်၊ ဉာဏ်ပညာကြီးခြင်း၏ အကြောင်းဖြစ်ပါတယ်။

အကောင်းဆုံးကတော့ ကိုယ်တိုင် ဝိပဿနာအလုပ်ကို ကျကျနန အားထုတ်ပြီးတော့ ညွှန်ကြားသင်ပြနေတဲ့ ဆရာထံမှာ နည်းခံပြီးတော့ အစစ်အဆေး အမေးလဲခံပြီး ကျကျနန အားထုတ်တာကတော့ အကောင်းဆုံးပါဘဲ။ ဒီ ဝိပဿနာရှုပုံ ရှုနည်းအကြောင်းကလဲ ဘုန်းကြီးက မကြာ မကြာ ဟောနေတာမို့ ရိုးနေပါပြီ၊ အလွန်လဲ ထင်ရှားနေပါပြီ။ ဒါပေမဲ့ ဟောဘို့ အစဉ်ကျနေတဲ့အတွက် အကျဉ်းချုပ်လောက်တော့ ဟောပြရဦးမှာဘဲ။

## ဝိပဿနာကုသိုလ်ဖြစ်အောင် အားထုတ်ပုံ

ယခုလူတွေမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ထင်ရှားပေါ်လာတာတွေကို စွဲမှီပြီး လောဘ ဒေါသစသော အကုသိုလ်တွေ ဖြစ်နေကြတယ်၊ အဲဒါဟာ မြင်ဆဲ စသည်မှာ ထင်ရှားပေါ်လာတဲ့ သဘောတရားတွေကို အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိလို့ပါဘဲ။ ဒါကြောင့် ဝိပဿနာ ရှုရတယ်ဆိုတာ အဲဒီလို ဖြစ်တတ်တဲ့ လောဘစသည်တွေကို ဖြစ် ခွင့်မရအောင် ရှုရတာဘဲ၊ အနိစ္စ ဒုက္ခ အနတ္တအနေဖြင့် အမှန် အတိုင်းသိယင် အဲဒီသိရတဲ့ တရားတွေနဲ့စပ်ပြီး လောဘ ဒေါသ စသည် ဖြစ်ခွင့်မရှိတော့ဘူး၊ အဲဒီလို ဖြစ်ခွင့်မရှိတာ မဖြစ်နိုင် တာဟာ ဝိပဿနာကုသိုလ်၏ အစွမ်းကြောင့်ဘဲ။ ရုပ်နာမ် ပရမတ္ထတရားတွေ ဆိုတာ ဖြစ်ဆဲပစ္စုပ္ပန် ခဏမှာသာ ထင်ရှား

ရှိတယ်၊ ဒါကြောင့် သူတို့ဖြစ်နေဆဲ ရှိနေဆဲမှာ ရှုရတယ်၊ အဲဒီလို ဖြစ်ဆဲ ဖြစ်ခိုက် ရှုမှ သဘောသဘာဝအမှန်ကို သိနိုင်တယ်၊ အဲဒါကို ဘုန်းကြီးက တိုတိုနဲ့ မှတ်ထားရအောင် ဆောင်ပုဒ် စီထားတယ်၊ "ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်" တဲ့။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချ သိနိုင်သည်။

ဥပမာအားဖြင့် လျှပ်ရောင်ဆိုတာ လက်နေဆဲမှာသာရှိတယ်၊ ဒါကြောင့် လျှပ်ရောင်ကို မြင်ချင်ယင် လျှပ်လက်နေတုံးကြည့် ရတယ်၊ လက်ပြီးတဲ့နောက်မှ ကြည့်ယင်လဲ မမြင်နိုင်ဘူး၊ မလက် ခင်က မှန်းဆပြီးကြည့်လို့လဲ မမြင်နိုင်ဘူး၊ အဲဒီလိုဘဲ ပရမတ် ရုပ်နာမ်အစစ်တွေက ဖြစ်နေတုန်းဆဲဆဲမှာသာ ရှိတယ်၊ ဖြစ်ပြီး နောက်ချုပ်သွားတဲ့အခါကျတော့လဲ မရှိတော့ဘူး၊ မဖြစ်ခင်က လဲ မရှိသေးဘူး၊ ဒါကြောင့် ချုပ်ပျောက်သွားပြီး တရားကို ရှုလို့ လဲ အမှန်အတိုင်း မသိနိုင်ဘူး၊ မဖြစ်သေးခင်က မှန်းဆရှုလို့လဲ အမှန်အတိုင်း မသိနိုင်ဘူး၊ ဖြစ်ဆဲရှုမှ သူ့ပင်ကိုရင်း သဘောမှန် ကို သိနိုင်တယ်။ အဲဒီလို သဘောမှန်ကိုသိပြီးမှ အဲဒီ သဘော တရား၏ အစဖြစ်ပေါ်လာပုံ အဆုံးပျောက်ကွယ်သွားပုံကိုလဲ သိရတယ်၊ အဲဒါကိုလဲ "သဘောသိမှ၊ ဥဒယ၊ ဝယ မြင်နိုင်သည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။

ဥဒယဆိုတာဖြစ်ခြင်းဘဲ၊ ဝယဆိုတာ ပျက်ခြင်းဘဲ၊ အဲဒီ ဖြစ်ခြင်းပျက်ခြင်းကို အဖြစ်အပျက်=ဖြစ်ပျက်-လို့ ပြောနေကြ

တာဘဲ။ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဖြစ်တိုင်း ပျက်တိုင်း လိုက်ရှုလို့ အသိဉာဏ်လျင်မြန်ထက်မြက်လာတဲ့ အခါကျမှ ပရမတ်ရုပ်နာမ်အစစ်တွေ၏ အဲဒီ အစဖြစ်လာပုံ အဆုံးပျောက်ပျက်သွားပုံကို ဉာဏ်ဖြင့် ထင်ရှားတွေ့ရတယ်၊ ဖြစ်ပျက် ဖြစ်ပျက်လို့ ဆိုနေရုံနဲ့တော့ အဲဒီ အဖြစ်အပျက်ကို မမြင်နိုင်ဘူး၊ သဘောသဘာဝတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ရှုလို့ ပိုင်ပိုင်နိုင်နိုင် သိတဲ့အခါကျမှ အဲဒီ အဖြစ်အပျက်ကို အမှန်အတိုင်း သိရတယ်၊ အဲဒီလို သိပါမှ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲဘူးဆိုတာကို ကိုယ်တိုင် ဒိဋ္ဌသိနိုင်တယ်၊ အဲဒါကိုလဲ "ဖြစ်ပျက်မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌ သိနိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပျက်မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌ သိနိုင်သည်။

အနိစ္စကို သိမြင်ယင် ဒုက္ခ အနတ္တတွေကိုလဲ သိမြင်တော့တာပါဘဲ။ အဲဒီ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် ရုပ်နာမ်တရားတွေကို ရှုတာဟာ ဝိပဿနာအစစ်ပဲ။ ဒါကြောင့် အဲဒီ ဝိပဿနာဉာဏ်အစစ် ဖြစ်ပွားရအောင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဖြစ်ဆဲရုပ်နာမ်ကို မပြတ်ရှုမှတ်နေရတယ်၊ အဲဒီလို ရှုမှတ်နေတာကို ဝိပဿနာရှုတယ်လို့ ဆိုရတာဘဲ။

## မြင်ဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ

ရှုပုံကတော့ (ဂစ္ဆန္တော ဝါ-သွားသည် ရှိသော်မူလည်း၊ ဝါ-သွားနေဆဲ သွားနေတုန်းမူလည်း၊ ဂစ္ဆာမိတိ-သွားသည်

ဟူ၍၊ ပဇာနာတိ-သိ၏-စသည်ဖြင့် ဟောထားတဲ့အတိုင်း) မြင် လျှင် မြင်တယ် မြင်တယ်လို့ ရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်နေ ယင် မြင်ခိုက်မှာ ထင်ရှားပေါ်လာတဲ့ ပရမတ်ရုပ်နာမ် အစစ် တွေကို အမှန်အတိုင်း သိရတယ်။ မြင်ခိုက်၌ ထင်ရှားပေါ်လာ တဲ့ ရုပ်နာမ်တွေကို ကျမ်းဂန်အရ ပြောရယင်=

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ။

စက္ခုဉ္စ-မျက်စိကိုလဲ၊ ပဋိစ္စ-စွဲမှီ၍၊ ရူပေ စ-အဆင်းတို့ကိုလဲ၊ ပဋိစ္စ-စွဲမှီ၍၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ တိဏ္ဏံ သင်္ဂတိ-မျက်စိအဆင်း မြင်သိစိတ် ဟူသော သုံးပါးတို့၏ပေါင်းဆုံမိခြင်းကြောင့်၊ ဖဿော-အာရုံကို တွေ့မှု-ဖဿ ဖြစ်ပေါ်၏၊ ဖဿပစ္စယာ-တွေ့မှုဟူသော အကြောင်း ကြောင့်၊ ဝေဒနာ-ခံစားမှုဝေဒနာ ဖြစ်ပေါ်၏။

ကြည်လင်တဲ့မျက်စိနဲ့ အဆင်းဆိုတဲ့ ဒီ ၂-ပါးကိုမှီပြီး မြင်သိ စိတ် ဖြစ်ပေါ်လာတယ်တဲ့။ မြင်တယ် ဆိုယင် ကြည်လင်တဲ့ မျက်စိရုပ်ကလဲ ရှိလို့၊ မြင်စရာ အဆင်းရုပ်ကလဲရှိလို့ မြင်တာဘဲ၊ အဲဒီတော့ မြင်ဆဲခဏမှာ မျက်စိရုပ်လဲ ထင်ရှားရှိတယ်၊ မြင်ရတဲ့ အဆင်းရုပ်လဲ ထင်ရှားရှိတယ်၊ မြင်သိစိတ်လဲ ထင်ရှား ရှိတယ်၊ ဝိပဿနာဉာဏ်မရှိတဲ့ ပကတိ ပုဂ္ဂိုလ်တို့ အနေအားဖြင့် အဲဒီ မြင်တာကို ငါလို့လဲ ထင်နေကြတယ်၊ အမြဲရှိနေတယ်လို့လဲ ထင် နေကြတယ်၊ အကောင်းတွေကို မြင်ရတဲ့အခါ ချမ်းသာတယ်၊

ကောင်းတယ်လို့လဲ ထင်နေကြတယ်။ ထိုအတူပင် မျက်စိနှင့်တကွ တကိုယ်လုံးကိုလဲ မြဲတဲ့အနေ ချမ်းသာတဲ့အနေ ငါကောင်အနေနဲ့ ထင်နေကြတယ်၊ မြင်ရတာကိုလဲ မြဲတဲ့အနေ ကောင်းတဲ့အနေ အသက်ရှိ အတ္တကောင်အနေနဲ့ ထင်နေကြတယ်၊ ဒါက သက်ရှိ အာရုံကိုမြင်တဲ့အခါ စွဲလမ်းပုံဘဲ၊ သက်မဲ့အာရုံကို မြင်တဲ့အခါ ကျတော့ ပညတ်အထည်ဝတ္ထုအနေနဲ့ ထင်နေကြပါတယ်။

မြင်တိုင်း မြင်တိုင်း မပြတ် ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ်အား ရှိနေတဲ့အခါဆိုယင် မျက်စိနဲ့ အဆင်းရုပ်ဇာ တခြား, မြင်သိတာက တခြား, ရှုသိတာက တခြား-ဒီလိုလဲ ပိုင်းခြား သိတယ်၊ မျက်စိရော မြင်သိတာရော မြင်ရတာရော ရှုသိတာရော သိပြီးပြီးချင်း ကွယ်ပျောက် ကုန်ဆုံး သွား တယ်၊ ဒါကြောင့် မမြဲဘူးလို့လဲ သိရတယ်၊ မမြဲတဲ့အတွက် အားကိုးဖွယ် နှစ်သက်ဖွယ်မရှိတဲ့ ဆင်းရဲဘဲလို့လဲ သိရတယ်၊ ငါကောင် အတ္တ ကောင် မဟုတ်တဲ့ သဘောတရားမျှဘဲ လို့လဲ သိရတယ်။ ဉာဏ် ထက်တဲ့သူမှာ ဆိုယင် မြင်တွေ့တာ မြင်လို့ကောင်းတာ မကောင်း တာကိုလဲ နည်းတူပင် မမြဲဘူး ဆင်းရဲဘဲ အနတ္တဘဲလို့ သိရတယ်။

အဲဒါဟာ မြင်တိုင်းမြင်တိုင်း ရှုမှတ်ပြီး အနိစ္စစသော အခြင်း အရာတို့ဖြင့် သိမြင်တဲ့ ဝိပဿနာဉာဏ် အစစ်ပါဘဲ။ ဒါကြောင့် ဝိပဿနာဆိုတဲ့ပုဒ်ကို အဋ္ဌကထာများမှာ "အနိစ္စာဒိဝသေန- အနိစ္စစသည်တို့၏ အလိုအားဖြင့်၊ ဝိဝိဓေန အာကာရေန-အမျိုး မျိုးသော အခြင်းအရာ အားဖြင့်၊ ပဿတိတိ-ရှုမြင်တတ်သော

ကြောင့်၊ ဝိပဿနာ-ဝိပဿနာမည်သည်’’လို့ ဖွင့်ပြထားကြပါတယ်။ အဲဒီလို သိပုံအကျဉ်းချုပ်ကို လိုက်ဆိုကြရမယ်။

မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက အာရုံမသိတတ်တဲ့ရုပ်၊ မြင်သိတာကနာမ်၊ ရှုသိတာကလဲ နာမ်၊ မြင်သိပြီးရှုသိပြီးလျှင် ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တ သဘောတရားမျှသာ။

## ကြားဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ

ကြားတိုင်းကြားတိုင်းလဲ ပကတိပုဂ္ဂိုလ်တွေမှာကြားတာရော နားရှင်ရော ကြားရတာရော အဲဒါတွေကို မြဲတဲ့အနေ ချမ်းသာတဲ့-ကောင်းတဲ့အနေ အတ္တကောင်အနေဖြင့် ထင်မှတ်နေကြတယ်၊ အဲဒါဟာ အမှန်အတိုင်းမသိတဲ့အဝိဇ္ဇာဘဲ၊ အဲဒီအဝိဇ္ဇာက အခြေခံပြီးတော့လဲ သင်္ခါရ ဝိညာဏ်စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွားနေတာဘဲ။

ကြားတိုင်း ကြားတိုင်း ကြားတယ် ကြားတယ်လို့ ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိနေတဲ့အခါ ဆိုယင်နားနဲ့ အသံရုပ်က တခြား, ကြားသိတာက တခြား, ရှုသိတာက တခြား- ဒီလိုလဲ ပိုင်းခြားသိတယ်၊ နားရော ကြားသိတာရော ကြားရတာရော ရှုသိတာရော သိပြီးပြီးချင်း ကုန်ဆုံးချုပ်ပျောက်သွားတယ်၊ ဒါကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲလို့လဲ သိတယ်၊ အဲဒါဟာ အနိစ္စစသော အခြင်းအရာဖြင့် အမှန်

အတိုင်းသိမြင်တဲ့ ဝိပဿနာ ဉာဏ်အစစ်ပါဘဲ။ အဲဒီလိုသိမြင်ပုံ ကို လိုက်ဆိုကြရမယ်။

> ကြားဆဲခဏ၌ နားနဲ့ အသံက အာရုံမသိတတ်တဲ့ရုပ်၊ ကြားသိတာက နာမ်၊ ရှုသိတာကလဲ နာမ်၊ ကြားသိပြီး ရှုသိပြီးလျှင် ချက်ချင်းပင် ကုန်ဆုံးချုပ်ပျက် သွားသော ကြောင့် မမြဲ ဆင်းရဲ အနတ္တ သဘောတရားမျှဘဲ။

## နံ့ဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ

နံ့တိုင်း နံ့တိုင်းလဲ ပကတိပုဂ္ဂိုလ်တွေမှာ နံ့သိတာရော, နား ရုပ်ရော, ကြားရတာရော အဲဒါတွေကို မြဲတဲ့အနေ ချမ်းသာတဲ့ ကောင်းတဲ့အနေ အတ္တကောင် အနေဖြင့် ထင်မှတ်နေကြတယ်၊ အဲဒါဟာ အမှန်အတိုင်းမသိတဲ့ အဝိဇ္ဇာဘဲ၊ အဲဒီ အဝိဇ္ဇာက အခြေခံပြီးတော့လဲ သင်္ခါရ ဝိညာဏ်စသော ဝဋ်ဆင်းရဲတွေ ဖြစ် ပွားနေတာဘဲ။

နံ့တိုင်း နံ့တိုင်း နံ့တယ် နံ့တယ်လို့ရှုမှတ်နေတဲ့ယောဂီမှာမတော့ သမာဓိဉာဏ် အားရှိနေတဲ့အခါဆိုယင် နှာခေါင်းနဲ့ အနံ့ရုပ်က တခြား, နံ့တာက တခြား, ရှုသိတာက တခြား-ဒီလိုလဲ ပိုင်းခြား သိတယ်၊ နှာခေါင်းရော နံ့တာရော အနံ့ရော ရှုသိတာရော သိပြီးပြီးချင်း ကုန်ဆုံးချုပ်ပျောက်သွားတယ်၊ ဒါကြောင့် မမြဲ ဆင်းရဲ အနတ္တ သဘောတရားမျှဘဲလို့လဲ သိတယ်၊ အဲဒါဟာ အနိစ္စစသော အခြင်းအရာဖြင့် အမှန်အတိုင်း သိမြင်တဲ့

ဝိပဿနာဉာဏ် အစစ်ပါဘဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

နံ့ဆဲခဏ၌ နှာခေါင်းနဲ့ အနံ့က အာရုံမသိတတ်တဲ့ ရုပ်၊ နံ့သိတာက နာမ်၊ ရှုသိတာကလဲ နာမ်၊ နံ့သိပြီး ရှုသိပြီး ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက် သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲ။

## စားဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ

စားဆဲခဏ ဆိုတာ အရသာသိဆဲကို ဆိုတာဘဲ၊ စားစရာကို ကြည့်တာ မြင်တာက မြင်ဆဲနဲ့ဆိုင်တယ်၊ စားစရာကို ကိုင်တာ ယူတာ ပါးစပ်ထဲ ထည့်တာ ဝါးတာတွေကတော့ ထိဆဲနဲ့ဆိုင်တယ်၊ အဲဒီလို ဝါးစားနေယင်း လျှာထဲက အရသာကို သိသိ သွားတာဟာ စားသိတာပါဘဲ၊ အဲဒီလို စားသိ တိုင်းလဲ ပကတိ ပုဂ္ဂိုလ်တွေမှာ အရသာသိတာရော လျှာရုပ်ရော အရသာရော အဲဒါတွေကို မြဲတဲ့အနေ ချမ်းသာတဲ့-ကောင်းတဲ့အနေ အတ္တကောင်အနေဖြင့် ထင်မှတ်နေကြတယ်၊အဲဒါဟာ အဝိဇ္ဇာဘဲ၊ အဲဒီ အဝိဇ္ဇာက အခြေခံပြီးတော့လဲ သင်္ခါရ ဝိညာဏ်စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွားနေတာဘဲ။

အရသာ သိတိုင်း သိတယ်လို့ ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိနေတဲ့အခါ ဆိုယင် လျှာနဲ့ အရသာရုပ်က တခြား, အရသာ သိတာက တခြား, ရှုသိတာက တခြား-ဒီလိုလဲ ပိုင်းခြားသိတယ်၊ လျှာရော အရသာသိတာရော အရ

သာရော ရှုသိတာရော သိပြီးပြီးချင်း ကုန်ဆုံးချုပ်ပျောက်သွားတယ်၊ ဒါကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲလို့လဲ သိတယ်၊ အဲဒါဟာ အနိစ္စစသော အခြင်းအရာဖြင့် အမှန်အတိုင်း သိမြင်တဲ့ ဝိပဿနာဉာဏ်အစစ်ပါဘဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

စားသိဆဲခဏ၌ လျှာနဲ့အရသာက အာရုံ မသိတတ်တဲ့ရုပ်၊ စားသိတာက နာမ်၊ ရှုသိတာကလဲ နာမ်၊ စားသိပြီး ရှုသိပြီးလျှင် ချက်ခြင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲ။

## ထိသိဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ

ထိဆဲခဏ ဆိုတာကတော့ အလွန် ကျယ်ပြန့်ပါတယ်၊ မြင်တာကို မမြင်အောင် မျက်စိမှိတ်ထားယင် ရတယ်၊ ကြားတာကိုလဲ မကြားအောင် အသံမရှိရာသွားနေယင် ရတယ်၊ နံသိတာ စားသိတာတွေကတော့ တရံတခါမှ ကြုံပါတယ်၊ ဒီ ထိသိတာကတော့ ကိုယ်ထဲမှာ နှလုံးသွင်းကြည့်လိုက်ယင် နေရာတကာက လိုပင် ထင်ရှားနေတာဘဲ၊ အထူးနှလုံးမသွင်းပဲ အလိုလိုလဲ ထင်ရှားနေတာတွေ ရှိနေတာဘဲ။ ထိုင်နေယင် အောက်ပိုင်းကိုယ်က ထိသိမှုတွေ ထင်ရှားတယ်၊ အဝတ်နဲ့ကိုယ်ထိနေတာလဲ ထင်ရှားတယ်၊ ပါးစပ်ထဲက လျှာနဲ့သွား စသည် ထိနေတာလဲ ထင်ရှားတယ်၊ ကိုယ်ထဲက အသားအသွေး စသည်တွေ ထိနေတာလဲ ထင်ရှားတယ်။ သွားတဲ့အခါ လှုပ်ရှားပြုပြင်တဲ့ အခါတွေမှာ လှုပ်ရှားပြုပြင်တဲ့ ကိုယ် အစိတ်အပိုင်းထဲက ထိမှု ထင်ရှားတယ်၊

အသက်ရှူတိုင်း နှာခေါင်းထဲကရော ဝမ်းဗိုက်ထဲကရော တွန်းကန်လှုပ်ရှားမှု ထိမှု ထင်ရှားတယ်၊ အပူ အအေးစသည်နှင့် ထိမှုလဲ ထင်ရှားတာဘဲ။

ပကတိပုဂ္ဂိုလ်တွေက အဲဒီ ထိမှုနှင့်စပ်ပြီး ငါလို့လဲ ထင်နေကြတယ်၊ အမြဲ ထိသိနေတယ်လို့လဲ ထင်နေကြတယ်၊ အတွေ့ကောင်းကလေးများနဲ့ တွေ့ထိရတဲ့အခါ ချမ်းသာတယ် ကောင်းတယ်လို့လဲ ထင်နေကြတယ်၊ အဲဒါတွေဟာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို နိစ္စ သုခ အတ္တ အနေဖြင့် အသိမှားတွေဘဲ၊ အဝိဇ္ဇာ တွေဘဲ၊ အဲဒီ အဝိဇ္ဇာက အခြေခံပြီးတော့လဲ သင်္ခါရ ဝိညာဏ်စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွားနေတာဘဲ။

ယောဂီကတော့ အဲဒီလိုအတွေ့အထိတွေကို ထိတယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေရတယ်၊ အထူးအားဖြင့် သွားနေတဲ့အခါ သွားတယ် သွားတယ်၊ ညာလှမ်းတယ် ဗယ်လှမ်းတယ်၊ ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် မပြတ်လိုက်ပြီး ရှုမှတ်နေရတယ်၊ အဲဒါဟာ(ဂစ္ဆန္တော ဝါ-သွားသည်ရှိသော်မူလည်း၊. ဝါ-သွားနေဆဲ သွားနေတုန်းမူလည်း၊ ဂစ္ဆာမိတိ-သွားသည်ဟူ၍၊ ပဇာနာတိ-သိ၏-စသည်ဖြင့် ဟောတော်မူတဲ့)မဟာသတိပဋ္ဌာနသုတ်ပါဠိတော်နှင့်အညီ ရှုသိနေတာပါဘဲ။ အဲဒီမှာ ရှုသိပုံကို "သွားသည်ဟူ၍ သိ၏"လို့ အရပ်သုံး စကားဖြင့် ပြဆိုထားတာကို အထူး သတိပြုကြရမယ်။ ရုပ်ဟု သိရမယ်၊ ဝါယောဓာတ်ဟု သိရမယ်လို့ ပရမတ်အမည်ဖြင့် ရှုသိဘို့ ပြမထားဘူး။ ဒါပေမဲ့

သွားတယ် သွားတယ်·စသည်ဖြင့် အရပ်သုံးစကားနဲ့ ရှုမှတ်နေယင်းပင် ယောဂီက တောင့်တင်းတွန်းကန် လှုပ်ရှားတဲ့သဘောတရားကို သိသိသွားတာပါဘဲ။ ရပ်တဲ့အခါစသည်မှာလဲ ရပ်တယ် ထိုင်တယ် အိပ်တယ် ကွေးတယ် ဆန့်တယ် လှုပ်တယ် ပြုပြင်တယ် စသည်ဖြင့် အရပ်သုံးစကားနဲ့ ရှုမှတ်နေယင်းပင် အဲဒီတောင့်တင်းတွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်သဘောမှန်ကို သိသိသွားတာပါဘဲ။

နောက်ပြီးတော့ ဝမ်းဗိုက်က ဖောင်းတိုင်း ပိန်တိုင်း ဖောင်းတယ် ပိန်တယ်လို့ အရပ်သုံးစကားနဲ့ ရှုမှတ်နေယင်းလဲ အဲဒီတောင့်တင်း တွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်၏ သဘောမှန်ကို သိသိသွားတာပါဘဲ။ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်ရာမှာ ထူးခြားတဲ့ အချက်တခုလဲ ရှိပါတယ်၊ အဲဒါက ဘာလဲဆိုယင် ဖောင်းတာဆုံးယင် ပိန်ကျတယ်၊ ပိန်တာဆုံးယင်လဲ ဖောင်းတက်တယ်၊ ထိုင်တယ်, ထိတယ်လို့ မှတ်တာများလို ရပ်နားနေရမည့် အချိန်ရယ်လို့ မရှိဘူး၊ ဖောင်းတာပြီးယင် ပိန်တယ်လို့ ရှုမှတ်ရတယ်၊ ပိန်တာပြီးယင်လဲ ဖောင်းတယ်လို့ ရှုမှတ်ရတယ်၊ အဲဒီလို မပြတ်ရှုမှတ်နေရတော့၊ ရှေ့သတိနဲ့ နောက်သတိ, ရှေ့သမာဓိနဲ့ နောက်သမာဓိ တစပ်တည်း ဆက်စပ်နေသောကြောင့် သမာဓိ ဖြစ်လွယ်တယ်၊ သမာဓိဖြစ်တော့ ဝိပဿနာဉာဏ် ဖြစ်တယ်၊ အဲဒါဟာ အဖောင်းအပိန် ရှုမှတ်ရာမှာ ထူးခြားတဲ့ အချက်ပဲ။ ဒါပေမဲ့ ဖောင်းတာနဲ့ ပိန်တာ ဒီ ၂-ခုတည်းကိုသာ ရှုမှတ်ရတာ တော့ မဟုတ်ပါဘူး၊ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေယင်း

စိတ်ကူးကြံစည်ယင် အဲဒီစိတ်ကူးကြံစည်တာကိုလဲ ရှုမှတ်ရတာ ဘဲ၊ ညောင်းတာ ပူတာ နာတာ ထင်ရှားပေါ်လာယင် အဲဒါ ကိုလဲ ရှုမှတ်ရတာဘဲ၊ ကိုယ်လက်လှုပ်ရှား ပြုပြင်ယင် အဲဒါကိုလဲ ရှုမှတ်ရတာဘဲ၊ ကြားယင် မြင်ယင် အဲဒါကိုလဲ ရှုမှတ်ရတာဘဲ၊ ဘာမှ အထူး ရှုမှတ်စရာမရှိယင်တော့ ဖောင်းတာနဲ့ ပိန်တာကို သာ ရှုမှတ်နေရတယ်။

အဲဒီလို ရှုမှတ်နေရာမှာ တောင့်တာ တင်းတာ တွန်းကန်တာ လှုပ်ရှားတာက ဝါယောဓာတ်ပဲ၊ အဲဒါကို ထိသိတာက ကာယ ဝိညာဏ်ပဲ၊ အဲဒီထိသိမှု၏တည်ရာက ကာယပသာဒရုပ်ပဲ၊ ဖောင်း တယ် ပိန်တယ်လို့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီတောင့်တာ တင်း တာ လျော့တာ တွန်းကန်တာ လှုပ်တာကိုဖြစ်စေ၊ ထိသိတာကို ဖြစ်စေ၊ ကိုယ်အကြည်ရုပ်ကိုဖြစ်စေ သိသိသွားတယ်၊ သမာဓိ ဉာဏ်၏ အားရှိလာတဲ့အခါကျတော့ ဖောင်းရုပ်ကတခြား, ရှုသိ တာက တခြား၊ ပိန်ရုပ်က တခြား, ရှုသိတာကတခြား ခွဲခြားပြီး သိတယ်။

ဒါကြောင့် ထိသိဆဲခဏမှာ ကိုယ်နဲ့ထိသိရတာက ရုပ်၊ ထိသိ တာ ရှုသိတာက နာမ်-လို့ ဒီလို ခွဲခြားသိတယ်၊ ထို့အတူပင် သွားဆဲ ခြေလှမ်းဆဲခဏမှာ ကိုယ်နဲ့ လှုပ်ရှားတာက ရုပ်၊ ထိသိ တာ ရှုသိတာက နာမ်-ဒီလိုလဲ ခွဲခြားသိတယ်၊ ကွေးဆဲ ဆန့်ဆဲ ခဏမှာ ကိုယ်နဲ့ တောင့်တင်း လှုပ်ရှားတာက ရုပ်၊ ထိသိတာ ရှုသိတာက နာမ်-ဒီလိုလဲ ခွဲခြားသိတယ်၊ ဖောင်းတယ် ပိန်တယ်

လို့ မှတ်ဆဲခဏမှာ ကိုယ်နဲ့ တင်းတာ လှုပ်ရှားတာက ရုပ်၊ ထိသိတာ ရှုသိတာက နာမ်-လို့ ဒီလိုလဲ ခွဲခြားသိတယ်။ သမာဓိဉာဏ် အထူးကောင်းလာတဲ့အခါကျတော့ အဲဒီ သိရတာရော သိတာရော သိပြီးပြီးချင်း ကုန်ဆုံး ချုပ်ပျောက် သွားတာကိုလဲ သိရတယ်၊ ဒါကြောင့် မမြဲဘူး ဆင်းရဲတဲ့ အနတ္တ သဘောတရားမျှဘဲလို့လဲ သိရတယ်၊ အဲဒါဟာ အနိစ္စ-စသော အခြင်းအရာဖြင့် အမှန်အတိုင်းသိမြင်တဲ့ ဝိပဿနာဉာဏ်အစစ်ပဲ။ အဲဒီလို သိမြင်ပုံတွေကို လိုက်ဆိုကြရမယ်။

ထိသိဆဲခဏ၌ ကိုယ်နှဲ့ ထိ သိ ရတာက အာရုံမသိတတ်တဲ့ ရုပ်၊ ထိသိတာ နာမ်၊ ရှုသိတာကလဲ နာမ်၊ ထိသိပြီးရှုသိပြီးလျှင်ချက်ခြင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တ သဘောတရားမျှဘဲ။

သွားဆဲခဏ၌ ကိုယ်နဲ့ လှုပ်ရှားတာက အာရုံမသိတတ်တဲ့ ရုပ်၊ ထိသိတာ ရှုသိတာက နာမ်၊ ထိသိ ရှုသိပြီးလျှင် ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက် သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲ။

ဖောင်းဆဲ ပိန်ဆဲခဏ၌ ကိုယ်နဲ့လှုပ်ရှားတာက အာရုံမသိတတ်တဲ့ရုပ်၊ ထိသိတာ ရှုသိတာက နာမ်၊ ထိသိရှုသိပြီးလျှင် ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲ။

## ကြံသိဆဲ၌ ရှုမှတ်ပုံ သိမြင်ပုံ

စိတ်ကူးကြံစည်နေတာကိုတော့ ငါကောင်အနေဖြင့် အထင်မှတ်ဆုံး အစွဲလမ်းဆုံးပါဘဲ၊ အဲဒီကြံသိတာကို တသက်ပတ်လုံး အမြဲတည်နေတယ်လို့ ထင်မှတ်နေကြတယ်၊ အလိုရှိတိုင်း ကြံနေရတာကို ကောင်းတယ် ချမ်းသာတယ်လို့လဲ ထင်မှတ်နေကြတယ်၊ အဲဒါဟာ နိစ္စ သုခ အတ္တအနေဖြင့် မှားယွင်းစွာသိတဲ့ အဝိဇ္ဇာဘဲ၊ အဲဒီ အဝိဇ္ဇာက အခြေခံပြီးတော့လဲ သင်္ခါရ ဝိညာဏ် စသော ဝဋ္ဋ်ဆင်းရဲတွေ ဖြစ်ပွားနေတာဘဲ။

အဲဒီ အဝိဇ္ဇာကို ပယ်နိုင်အောင် စိတ်ကူး ကြံသိမှု ဖြစ်တိုင်း ရှုမှတ်ရတယ်၊ ''ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ရှုမှတ်နေယင်း စိတ်ကူးကြံစည်မှုဖြစ်ပေါ်ယင် စိတ်ကူးတယ် ကြံစည်တယ်စသည်ဖြင့် ရှုမှတ်ရတယ်''ဆိုတာဟာ ဒီကြံသိမှုကို ရှုမှတ်ဖို့ ပြောတာပါဘဲ။ အဲဒီလို ကြံသိမှုဖြစ်တိုင်း ရှုမှတ်လို့ သမာဓိဉာဏ် အားရှိလာတဲ့အခါမှာ တည်ရာကိုယ်ရုပ်က တခြား, ကြံသိမှုက တခြား, ရှုသိမှုက တခြား–ဒီလိုလဲ ပိုင်းခြားသိတယ်၊ ကြံသိရတဲ့ အာရုံကတော့ ရုပ်လဲ ရှိတယ်၊ စိတ် စေတသိက် နာမ်တရားလဲ ရှိတယ်၊ အမည် ပုံသဏ္ဍာန်စသော ပညတ်လဲ ရှိတယ်၊ ဒါကြောင့် အဲဒီ သိရတဲ့အာရုံကိုတော့ ရုပ်ရယ်လို့အတိအကျမဆိုရဘူး။ နောက်ပြီးတော့ ကိုယ်ရုပ်ရော ကြံသိတာရော ရှုသိတာရော သိပြီးပြီးချင်း ကုန်ဆုံး ချုပ်ပျောက်သွားတယ်၊ ဒါကြောင့် မမြဲ ဆင်းရဲ အနတ္တ သဘောတရားမျှဘဲလို့လဲ သိတယ်၊ အဲဒါဟာ အနိစ္စ စသော

အခြင်းအရာဖြင့် အမှန်အတိုင်းသိမြင်တဲ့ ဝိပဿနာဉာဏ်အစစ်ပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

> ကြုံသိဆဲခဏ၌ ကြုံသိမှု၏ တည်ရာမှီရာက ရုပ်၊ ကြုံသိတာ ရှုသိတာက နာမ်၊ ဒီ ရုပ် နာမ် ၂-ပါးမျှသာ ရှိသည်၊ ဒီ ၂-ပါးဟာ ကြုံသိ ရှုသိပြီးလျှင် ချက်ခြင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ ဆင်းရဲ အနတ္တ သဘောတရားမျှသာ။

ယခု တရားနာနေယင်း အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ-လို့ ရွတ်ဆိုပြီး မေတ္တာပွားတိုင်း ရှုပြီးသိတာလဲ ကြုံသိဆဲ ခဏ၌ ထင်ရှားတဲ့တရားတွေကို ရှုသိတဲ့ ဝိပဿနာဉာဏ်ဘဲ၊ အဲဒီ လို ရွတ်တဲ့အခါ နှလုံးသွင်းတာနဲ့ ရွတ်ဆိုချင်တာက နာမ်တရားဘဲ၊ ရွတ်ဆိုတာနဲ့ အသံက ရုပ်တရားဘဲ၊ ရှုသိတာကလဲ နာမ်တရားဘဲ၊ အဲဒီ ရုပ်နာမ်တွေဟာ နှလုံးသွင်း ရွတ်ဆိုနေယင်း ရှုသိနေယင်း ကုန်ဆုံး ချုပ်ပျောက်သွားကြတယ်၊ အဲဒီလို ကုန်ဆုံးချုပ်ပျောက် သွားလို့ မမြဲဘူး ဆင်းရဲဘဲ အနတ္တသဘောတရားမျှဘဲလို့ သိသိ သွားတာက အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် အမှန်အတိုင်း သိတဲ့ ဝိပဿနာဉာဏ်အစစ်ပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြ ရမယ်။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါ စေ၊ ချမ်းသာကြပါစေ၊ ချမ်းသာစေချင်တာ ရွတ်ဆိုချင်တာက နာမ်၊ ရွတ်ဆိုတာနဲ့ အသံကရုပ်၊ အဲဒါကို ရှုမှတ်တာကလဲ နာမ်၊ ဒီရုပ်နာမ်မျှသာ ရှိသည်၊ ဒီရုပ်နာမ်တွေဟာ ချက်ခြင်းပင် ကုန်

ဆုံး ချုပ်ပျက်သွားကြသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘော တရားမျှသာ။

ယခု ဆိုခဲ့ကြတာက မေတ္တာပွားပုံနှင့် ဝိပဿနာရှုပုံ သိမြင်ပုံဘဲ၊ ယခု တဖန် ကရုဏာပွားပုံနှင့် ဝိပဿနာ ရှုပုံ သိမြင်ပုံကို လိုက်ဆိုကြရမယ်။

အားလုံးသတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်စေချင်တာ ရွတ်ဆိုချင်တာက နာမ်၊ ရွတ်ဆိုတာနဲ့ အသံက ရုပ်၊ အဲဒါကို ရှုမှတ်တာကလဲ နာမ်၊ ဒီ ရုပ်နာမ်မျှသာရှိသည်၊ ဒီ ရုပ်နာမ်တွေဟာ ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက်သွားကြသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘော တရားမျှသာ။

ယခု မုဒိတာ ပွားပုံနှင့် ဝိပဿနာရှုပုံ သိမြင်ပုံကို လိုက်ဆိုကြရမယ်။

အားလုံးသတ္တဝါတွေ ရရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ဝမ်းမြောက်ကြည်ဖြူတာ ရွတ်ဆိုချင်တာက နာမ်၊ ရွတ်ဆိုတာနဲ့ အသံကရုပ်၊ အဲဒါကို ရှုမှတ်တာကလဲ နာမ်၊ ဒီ ရုပ်နာမ်မျှသာ ရှိသည်၊ ဒီရုပ်နာမ်တွေဟာ ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက် သွားကြသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှသာ။

## မှီဝဲသင့်-ပြုသင့်တဲ့ကုသိုလ်အဆက်

ယခု ပြောခဲ့တာတွေဟာ မေးမြန်းသင့်တဲ့ ကုသိုလ် တရားတွေဘဲ၊ အဲဒီ ကုသိုလ်တွေထဲကလဲ မေတ္တာ ကရုဏာ မုဒိတာ ခေါ်တဲ့သမထဘာဝနာကုသိုလ်နဲ့ ဝိပဿနာကုသိုလ်ဖြစ်ပုံတွေဘဲ၊ ယခု တရားနာပုဂ္ဂိုလ်တွေဟာ မေးသင့်တဲ့ အကုသိုလ်အကြောင်း, ကုသိုလ် အကြောင်းတွေကို ကြားနာရတဲ့အတွက် ဉာဏ်ပညာ ကြီးကြောင်း ကုသိုလ်တွေအများကြီးဖြစ်ပွားသွားပါပြီ၊ မေတ္တာ ကရုဏာ မုဒိတာ ကုသိုလ်တွေကိုရော ဝိပဿနာ ကုသိုလ်တွေကို ရော ကြားနာရုံမျှမဟုတ်ပဲ ကိုယ်တွေ့အားဖြင့်လဲ သိနားလည်ကြ ရပြီ၊ ယခုလဲ အသိပညာတွေ ပွားသွားပြီ၊ နောင်လဲ ဉာဏ်ပညာ တွေ ကြီးမား ထက်မြက် သွားမယ်။ အဲဒီလို အကျိုးများပုံကို မြတ်စွာဘုရားက—

မာဏဝ-သုဘလုလင်၊ သော ပဋိပဒါ-အကုသိုလ်က ဘယ်ဟာလဲ၊ ကုသိုလ်က ဘယ်ဟာလဲ-စသည်ဖြင့် မေးမြန်းနာကြား၍ မှတ်သားသော ဤအကျင့်သည်၊ မဟာပညသံဝတ္တနိကာ-အသိ အလိမ္မာ ဉာဏ်ပညာ ကြီးခြင်းကို ဖြစ် စေ တတ် ပေ သည်-လို့ ဟောထားပါတယ်၊ အဲဒီ ဒေသနာနှင့် စပ်ဆိုင်တဲ့ အမှတ်(၇) ဆောင်ပုဒ်ကို ထပ်ပြီးဆိုကြရမယ်။

(၇) မမေး မမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ် ကြီးသည်။

(၁) သတ္တဝါကို သတ်ယင် အသက်တိုတတ်တယ်၊ မသတ်ပဲ ကြဉ်ရှောင်ယင် အသက်ရှည်တတ်တယ်။

(၂) ညှဉ်းဆဲယင် အနာရောဂါ များတတ်တယ်၊ မညှဉ်းဆဲ ယင် ကျန်းမာတတ်တယ်။

(၃) ဒေါသကြီးယင် အရုပ်ဆိုးတတ်တယ်၊ စိတ်မဆိုးပဲ သည်းခံယင် လှပတတ်တယ်။

(၄) သူတပါးကို မနာလိုယင် အခြွေအရံ နည်းတတ်တယ်၊ သူတပါး ချမ်းသာတာကို ကြည်ဖြူ ဝမ်းမြောက်ယင် အခြွေအရံ များတတ်တယ်။

(၅) ဝန်တိုပြီး မပေးမလှူယင် ဆင်းရဲ နွမ်းပါးတတ်တယ်၊ ပေးလှူယင် ပေါများ ကြွယ်ဝတတ်တယ်။

(၆) မာနကြီးယင် အမျိုးညံ့ဒ္ဒ ဖြစ်တတ်တယ်၊ ရိုသေ ကိုင်း ညွတ်ယင် အမျိုးမြတ်ဒ္ဒ ဖြစ်တတ်တယ်။

(၇) မမေးမမြန်းမလေ့လာယင် အသိဉာဏ်နည်းတတ်တယ်၊ မေးမြန်းလေ့လာယင် ဉာဏ်ပညာ ကြီးမားထက်မြက် တတ်တယ်။

အဲဒီ(၇)မျိုး၊ အကျယ်အားဖြင့် (၁၄)မျိုးဟာ သတ္တဝါ တွေ ကိုယ်တိုင်ပြုခဲ့တဲ့ အကုသိုလ်ကံနဲ့ ကုသိုလ်ကံအားလျော်စွာ ဖြစ်နေတဲ့ ဆိုးကျိုး ကောင်းကျိုးတွေဘဲ၊ ဘယ်သူကမျှ ဖန်ဆင်း ပြုလုပ်ပေးလို့ဖြစ်နေတာ မဟုတ်ဘူး၊ အဲဒါက ရှေးဘဝကပြုခဲ့ တဲ့ကံများအရ ပြဆိုချက်တွေပါဘဲ။ ယခုမျက်မှောက်ကံအရ ဖော်ပြရမယ်ဆိုယင်တော့—

## ယခုမျက်မှောက်ကံအရဖော်ပြချက်

(၂) ကျန်းမာရေးကို မလေ့လာမလိုက်စားယင်, မသင့် တော်တဲ့ အစာစသည်ကို မှီဝဲယင် အနာရောဂါများတတ်တယ်၊ ကျန်းမာရေး လေ့လာလိုက်စားပြီး မသင့်တာကို ရှောင်ယင် သင့်တာကို မှီဝဲယင် ကျန်းမာတတ်တယ်။ အဲဒါကလဲ ရှေး အကုသိုလ်ကံ အကြီးအကျယ်မရှိပါမှ ဖြစ်နိုင်မယ်။

(၄) ပေးကမ်းခြင်း (၁)၊ ချစ်ဖွယ်ချိုသာစွာပြောဆိုခြင်း (၂)၊ သူတပါးကိုစွ အကျိုးစီးပွါးကို ဆောင်ရွက်ပေးခြင်း(၃)၊ မိမိနှင့် တန်းတူထား၍ ဆက်ဆံခြင်း (၄)၊ ဒီအကျင့် ၄-ပါးကို အခြွေအရံများခြင်း၏ ပစ္စုပ္ပန်အကြောင်း အဖြစ်ဖြင့် မြတ်စွာဘုရားက ဟောထားပါတယ်၊ အဲဒီ အကျင့် ၄-ပါး သင်္ဂဟတရားကို ပြည့်စုံစွာကျင့်ယင် မိတ်ဆွေအခြွေအရံ များ တတ်ပါတယ်၊ အဲဒီ သင်္ဂဟတရားတွေ ပျက်ကွက်ယင်တော့ မိတ်ဆွေအခြွေအရံ နည်းတတ်တယ်။

(၅) ပစ္စည်းဥစ္စာ ပြည့်စုံကြောင်း အကျင့်ကို သမ္ပဒါ(၄) ပါးဖြင့် မြတ်စွာဘုရားက ဖော်ပြထားပါတယ်၊ (၁) ဥဋ္ဌာန သမ္ပဒါ-စီးပွါးရေး အလုပ်အကိုင်ကို တတ်သိနားလည်မြီးတော့ ထကြွကြွ အားထုတ်လုပ်ကိုင်ခြင်း၊ (၂) အာရက္ခသမ္ပဒါ-ရပြီးစီးပွါးကို မပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၃) ကလျာဏမိတ္တတာ-မိတ်ဆွေကောင်းရှိခြင်း၊ (၄) သမဇီဝိတာ-အသုံးက အရထက်မပိုလွန်စေပဲ ညီမျှစွာအသက်မွေးခြင်း၊ ဒီသမ္ပဒါ ၄-ပါးနှင့်အညီ နေထိုင်ယင် ပစ္စည်းဥစ္စာပေါများနိုင်တယ်၊ အလွန်မပေါများတောင်မှ အတော်အသင့်တော့ ပြည့်စုံနိုင်တယ်။ ဒီသမ္ပဒါ ၄-ပါးနှင့် ဆန့်ကျင်ယင်တော့ ဆင်းရဲနွမ်းပါးဘို့ သေချာပါတယ်။

(၇) ပညာနည်းခြင်းနဲ့ ပညာကြီးခြင်း၏ ပစ္စုပ္ပန်အကြောင်းများကတော့ ပြောခဲ့ပြီးထဲမှာ ပါဝင်သွားပါပြီ။ (၁) အသက်တိုခြင်း, အသက်ရှည်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကတော့ (၂) အရ အနာများခြင်း ကျန်းမာခြင်း အကြောင်းထဲမှာ ထိုက်သည်အားလျော်စွာ ပါဝင်သွားပါပြီ။ (၃) အရ အရုပ်ဆိုး

ခြင်း, လှပခြင်း၏ ပစ္စုပ္ပန်အကြောင်းကတော့ ပြောလောက်အောင် ရှိပုံမရပါဘူး။ (၆) အရ အမျိုးညံ့ခြင်း, အမျိုးမြတ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကတော့ မရှိဘူးလို့ ဆိုရမှာဘဲ။ ဒါပေမဲ့ ခေတ်ကာလအားလျော်စွာ ပစ္စည်းအင်အား, အပေါင်းအသင်းအင်အား, ဉာဏ်ပညာအင်အားများဖြင့် မိမိအမျိုးကို အများက လေးစားအောင် အားထုတ်ယင်တော့ ဖြစ်တန်သလောက် ဖြစ်ဖို့ရှိပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း သတ္တဝါတွေမှာ မိမိတို့ကိုယ်တိုင်ပြုထားတဲ့ ရှေးကံနှင့် ပစ္စုပ္ပန်ကံ အားလျော်စွာ ဆိုးကျိုးကောင်းကျိုးတွေကို တွေ့ကြုံခံစားနေကြရတယ်၊ မည်သူကမျှ မည်သို့ဖြစ်စေလို့ မပြုပြင်နိုင် မဖန်ဆင်းနိုင်ဘူး၊ ဒါကြောင့်—

ကံနှင့် ကံ၏အကျိုး- ဝေဘန်ချက် နိဂုံးချုပ်

သဗ္ဗေ သတ္တာ-အလုံးစုံသော သတ္တဝါတို့သည်၊ ကမ္မဿကာ-မိမိတို့ကိုယ်တိုင် ပြုထားတဲ့အမှု-ကံလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏-လို့ မြတ်စွာဘုရားက ဟောတော်မူတာပါဘဲ။ အဲဒါကို "ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။ ဆိုး, ကောင်း နှစ်တန်၊ ကံစီမံ၊ ခံ-စံကြရသည်" လို့ ဆောင်ပုဒ်စီထားတယ်၊ ရှေ့ပိုင်းကလဲ ဆိုခဲ့ကြပါပြီ၊ ယခုလဲ ထပ်ဆိုကြရဦးမယ်။

ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။
ဆိုး, ကောင်း နှစ်တန်၊ ကံစီမံ၊ ခံ-စံကြရသည်။

အဲဒီဒေသနာကို ကြားနာပြီးတော့ သုဘလုလင်ဟာ သရဏဂုဏ်တည်တဲ့ ဗုဒ္ဓသာသနာဝင် ဖြစ်သွားပါသတဲ့။ ယခု ဒီဥပေက္ခာဘာဝနာအရာမှာ သိဘို့ လိုရင်းကတော့ ဆင်းရဲ ချမ်းသာ, ဆိုးကျိုး ကောင်းကျိုးတွေကို ဘယ်သူကမှ ပြုပြင်ဖန်ဆင်းမပေး

နိုင်ဘူး၊ မိမိတို့၏ ကံအားလျော်စွာ ဖြစ်နေတာဘဲ၊ သူ့ကံနဲ့သူ ကိုယ့်ကံနဲ့ကိုယ်ဘဲ·လို့ လျစ်လျူရှုဘို့ပါဘဲ၊ သူတပါးအား ချမ်းသာအောင်, ဆင်းရဲမှ လွတ်အောင်, ချမ်းသာမြဲ ချမ်းသာနေအောင် နှလုံးသွင်းဘို့ မလိုဘူး၊ ကြောင့်ကြစိုက်ဘို့ မလိုဘူး၊ ကြောင့်ကြစိုက်နေယင် ပင်ပန်းရုံမျှဘဲ၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်၊ ကံအားလျော်စွာ ဖြစ်နေကြတယ်လို့ လျစ်လျူရှုဘို့ပါဘဲ။ အဲဒီလို လျစ်လျူရှုမှု-ဥပေက္ခာကို ပွါးများကြရအောင် လိုက်ဆိုကြရမယ်၊ အဲဒီလို နှလုံးသွင်းရွတ်ဆိုတာကို ရှုမှတ်ပြီးသိပုံရော တဆက်တည်း ဆိုကြရမယ်။

အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်၊ ကံအားလျော်စွာ ဖြစ်နေကြသည်။ အဲဒီလို လျစ်လျူရှုတာနဲ့ ရွတ်ဆိုချင်တာက နာမ်၊ ရွတ်ဆိုတာနဲ့ အသံက ရုပ်၊ အဲဒါကို ရှုမှတ်တာကလဲ နာမ်၊ ဒီရုပ်နာမ်မျှသာ ရှိသည်၊ ဒီရုပ်နာမ်တွေဟာ ချက်ခြင်းပင် ကုန်ဆုံး ချုပ်ပျက်သွားကြသောကြောင့် မမြဲ ဆင်းရဲ အနတ္တသဘောတရားမျှဘဲ။

ချမ်းသာတာလဲ ကံကြောင့်ဘဲ၊ ဆင်းရဲတာလဲ ကံကြောင့်ဘဲ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ သူ့ကံနဲ့သူဘဲ၊ ကိုယ့်ကံနဲ့ ကိုယ်ဘဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုတာဟာ ဆင်းရဲဒုက္ခရောက်နေတဲ့အခါမှာ စိတ်သက်သာခွင့်-ချမ်းသာခွင့်ကို ရစေတတ်ပါတယ်၊ အဲဒီလို ကံကို အကြောင်းရင်းအဖြစ် နှလုံးသွင်းတာဟာ ယခုမျက်မှောက်မှာလဲ သက်သာခွင့်ရပြီး အပြစ်ကင်းပါတယ်၊ နောင်သံသရာမှာ အားကိုးစရာရအောင် အကုသိုလ်ကို ကြဉ်ရှောင်ပြီး ကုသိုလ်ကံကို စွမ်းနိုင်သမျှ ပြုလုပ်အားထုတ်သွားတဲ့ အတွက် နောင်သံသရာမှာလဲ ကြီးပွါးချမ်းသာသွားနိုင်ပါတယ်။

အဲဒီလို ကံကို အကြောင်းရင်းအဖြစ် နှလုံးမသွင်းပဲ နေယင်တော့ မည်သူတွေကြောင့် ဆင်းရဲရတယ် စသည်ဖြင့် သူတပါး အပေါ်မှာ အပြစ်ဖို့ပြီး ဒေါသအကုသိုလ်တွေနဲ့ စိတ်ဆင်းရဲတွေ ပွါးနေတတ်တယ်။ ဒါကြောင့် ဆင်းရဲဒုက္ခရောက်နေတဲ့အခါမှာ ကမ္မဿကာ-ဆိုတဲ့ ဒေသနာအရ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ရှေးက ကိုယ်တိုင်ပြုမှားမိခဲ့တဲ့ အကုသိုလ်ကံကြောင့် ယခုဆင်းရဲနေရတာဘဲ၊ ကိုယ့်ကံနဲ့ ကိုယ်ဘဲလို့ နှလုံးသွင်းပြီး ဖြေဖျောက်တာဟာ မှန်လဲ မှန်တယ်၊ ကောင်းလဲ အကောင်းဆုံး ပါဘဲ။

ဥပေက္ခာဘာဝနာ ပွါးပုံကတော့ စုံသွားပါပြီ၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည် ဆိုတဲ့ ဒေသနာတော်အရ ဆောင်ပုဒ်များကို ဆိုပြီး တရားသိမ်းရမယ်။

(၁) သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။
(၂) ညှဉ်းဆဲသူကား၊ အနာများ၊ ယနား ကျန်းမာသည်။
(၃) ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်။
(၄) မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။
(၅) မပေးလှူကာ၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။
(၆) မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။
(၇) မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။
(၈) ဆိုးတာပြုက၊ဆိုးတာရ၊ကောင်းမှ ကောင်းစားသည်။
(၉) ဆိုး, ကောင်း နှစ်တန်၊ ကံစီမံ၊ ခံ-စံကြရသည်။

အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်၊ ကံအားလျော်စွာ ဆင်းရဲကြရ ချမ်းသာကြရသည်။

အဲဒီလို လျစ်လျူရှုမှု-ဥပေက္ခာကို ပွါးစေခြင်းဖြင့် (တတိယဈာန်ရပြီး ပုဂ္ဂိုလ်မှာ) ဥပေက္ခာနှင့်ယှဉ်တဲ့ စတုတ္ထဈာန်ကို ရနိုင်ကြောင်း အစနားပိုင်းကပြောခဲ့ပါပြီ၊ ဘာဈာန်ကိုမှ မရသေးတဲ့ သာမန်ပုဂ္ဂိုလ်မှာလဲ မိမိကိုယ်တိုင် ဆင်းရဲဒုက္ခရောက်နေတဲ့အခါ ဖြစ်စေ၊ မိမိနဲ့ ရင်းနှီးစပ်ဆိုင်တဲ့သူတွေ ဆင်းရဲဒုက္ခရောက်နေကြတဲ့အခါ ဖြစ်စေ (သဗ္ဗေ သတ္တာ ကမ္မဿကာ-ဆိုတဲ့ ဒေသနာတော်နှင့်အညီ)အားလုံးသတ္တဝါတွေဟာမိမိတို့ကိုယ်တိုင်ပြုထားတဲ့ အမှု-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတာဘဲ၊ ကိုယ့်ကံနဲ့ကိုယ်ဘဲ၊ သူတို့ကံနဲ့သူတို့ဘဲ၊ ယခုလို ဆင်းရဲဒုက္ခရောက်နေတာဟာ ရှေးက မကောင်းမှုကို ပြုခဲ့လို့ဘဲ၊ အနာရောဂါများတာ, အနှိပ်စက်ခံရတာဟာ ရှေးက သူများကို မညှာမတာ နှိပ်စက်ခဲ့လို့ဘဲ၊ အခြွေအရံ ပျက်စီးတာ, နည်းတာဟာ သူများကို မနာလိုခဲ့လို့ဘဲ၊ ပစ္စည်းဥစ္စာ ပျက်တာ, မပြည့်စုံတာဟာ ရှေးက သူများပစ္စည်းကို မတရားပြုခဲ့လို့ မပေးမလှူခဲ့လို့ဘဲ၊ အမျိုးယုတ်ညံ့တာ, မထိမဲ့မြင် အပြုခံရတာဟာ ရိုသေထိုက်သူကို မရိုသေပဲ မာနကြီးခဲ့လို့ဘဲ-စသည်ဖြင့် ကံကို အကြောင်းရင်း အဖြစ်ဖြင့် ဆင်ခြင်ယင် စိတ်သက်သာခွင့်တော့ ရမှာ သေချာပါတယ်။

၁၃၂၇-ခု ဝါဆိုလပြည့်နေ့မှ စပြီး ဒီ ဗြဟ္မဝိဟာရတရားကို ဟောလာခဲ့တာ ၁၆-ကြိမ် ရှိပြီ၊ ကြားထဲမှာ ၃-သီတင်းတော့ ဒီတရားကို မဟောခဲ့ရဘူး၊ ယခု တန်ဆောင်မုန်းလကွယ်နေ့မှာ ဗြဟ္မဝိဟာရလေးပါးလုံး ဟောလို့ ပြီးစီးပြည့်စုံသွားပါပြီ၊ ဒါကြောင့် ဒီ ဗြဟ္မဝိဟာရ ၄-ပါး ပွါးပုံကို ရွတ်ဆိုပွါးများပြီး တရားသိမ်းရမယ်။

(၁) အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

(၂) အားလုံးသတ္တဝါတွေ တွေ့ကြုံနေရဆဲ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၃) အားလုံးသတ္တဝါတွေ ရရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့။ ကြီးပွါးမြဲ ကြီးပွါးကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

(၄) အားလုံးသတ္တဝါတွေ မိမိတို့ပြုထားတဲ့ ကောင်းမှုကံ မကောင်းမှုကံလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

ဤ ဗြဟ္မဝိဟာရ တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝန ကုသိုလ်စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ မိမိသန္တာန်၌ ဖြစ်ဆဲ ရုပ်နာမ်တရားတို့ကိုလဲ အမှန်အတိုင်းသိအောင် ရှုမှတ်ပွါးများ အားထုတ်နိုင်ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

ဗြဟ္မဝိဟာရတရားတော် ပြီး၏။

## မေတ္တာအကျိုး ဆောင်ပုဒ်များ

တနေ့ သုံးခါ၊ အိုးတရာဖြင့်၊ ချက်ကာ ထမင်း၊ ကျွေးလှူခြင်းထက်၊ မယွင်း စင်စစ်၊ နို့တညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာ ပွားများ၊ ကျိုး ကြီးမားသည်၊ ဘုရား မြွက်စွာ မိန့်ခွန်းတည်း။

အိပ်, နိုး-ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျက် လူ,နတ်၊ စောင့်လတ် နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှား ကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရွှင်ကြည် မျက်နှာ၊ သေကာ မတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

## ကံနှင့် ကံ၏အကျိုး ဝေဘန်ချက်

၁။ သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။

၂။ ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။

၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်။

၄။ မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

၅။ မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။

၆။ မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။

၇။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။

၈။ ဆိုးတာ ပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစား သည်။

၉။ ဆိုး, ကောင်း နှစ်တန်၊ ကံစီမံ၊ ခံ-စံကြရသည်။